www.burmeseclassic.com






BURMESE CLASSIC .com

# ဗိုလ်ချုပ်အောင်ဆန်း နှင့် လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်း

## တက္ကသိုလ် နေဝင်း



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း

တက္ကသိုလ်နေဝင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၀၇၀၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၇၉၁၁၀၈

❒

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

ဇန်နဝါရီလ၊ ၂၀၀၉၊ တကောင်းစာအုပ်တိုက်

❒

**ထုတ်ဝေသူ**

ဦးဝင်းကျော်ထွန်း၊ မုံရွေးစာအုပ်တိုက်
အမှတ် ၈၀ (ခ)၊ သိလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

❒

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးကျော်လှိုင် (စေတနာပုံနှိပ်တိုက်)
အမှတ် ၅၉၊ ၁၉ လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

❒

**အုပ်ရေ**

၁၀၀၀

❒

**မျက်နှာဖုံး**

ဇော်မောင်

❒

**တန်ဖိုး**

၄၅၀၀ ကျပ်

BURMESE CLASSIC .com



ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် မိခင် အရေးပိုင် ဦးဘိုရင်နှင့် မိခင် ဒေါ်အမာတို့မှ ၁၉၁၈၊ မေလ ၂၅ ရက်နေ့က မွေးဖွားသည်။ အမည်ရင်းမှာ ဦးထွန်းလှဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲတာဝန်ကို ထမ်းဆောင်ရာမှ ဗိုလ်ထွန်းလှဟု တွင်သည်။

တက္ကသိုလ် နေဝင်းသည် စစ်ကြိုခေတ်က ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၃၆ ခုနှစ် ဒဂုန်မဂ္ဂဇင်းတွင် "အမြွာညီနောင်"အမည်ရှိ ဝတ္ထုတိုဖြင့် စာပေလောကသို့ ရောက်ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာအသင်းကြီးမှ ကြီးမှူးကျင်းပသော ဝတ္ထုတိုပြိုင်ပွဲ ပထမဆု ရရှိခဲ့သည်။

တက္ကသိုလ်နေဝင်းသည် စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်၊ စစ်ပြီးခေတ် အိုးဝေသတင်းစာ အယ်ဒီတာချုပ်၊ နေရှင်း (အင်္ဂလိပ်) သတင်းစာနှင့် နိုင်ငံသစ်သတင်းစာများတွင် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်နေဝင်းသည် ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံမှစ၍ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အဆင့်ဆင့်တွင် ပါဝင်ခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးချိန်အထိ အမှုထမ်းခဲ့သည်။

တက္ကသိုလ်နေဝင်းသည် မြန်မာ့လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ခဲ့ကြသော မြန်မာ့ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးအဖြစ် လိုက်ပါသွားခဲ့သည်။ ထို့ပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြေပြန့်မှ ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

တက္ကသိုလ်နေဝင်းသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုများတွင်ပါဝင်ခဲ့သောကြောင့် နိုင်ငံတော်မှ ၁၉၈၀ ပြည့်နှစ်က နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခဲ့သည်။

တ႔္ကသိုလ်နေဝင်းသည် ရှုမဝ၊ မြဝတီ၊ သွေးသောက်နှင့် အခြားမဂ္ဂဇင်းစာစောင်ႃများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး အမြောက်အမြား ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၀၀ ကျော် ရေးသားပြုစုခဲ့ပြီး ဘာသာပြန်စာအုပ်များမှာ အရေအတွက် အများဆုံးဖြစ်သည်။

တက္ကသိုလ်နေဝင်းသည် စာပေနယ်သာမက ရုပ်ရှင်လောကတွင်လည်း ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်အဖြစ် ကျင်လည်ခဲ့သည်။ ဒါရိုက်တာမင်းသား ကျော်ဆွေနှင့် "မြတ်နိုးသူရယ်"၊ မန္တလေးရုပ်ရှင်နှင့် "ရေမြေဆုံးတိုင်"၊ စကြဝဠာရုပ်ရှင်နှင့် "နွေဦးချစ်သူ"စသော ဇာတ်ကားများမှာ တက္ကသိုလ်နေဝင်း ဇာတ်ညွှန်းရေးသားပေးခဲ့သော ဇာတ်ကားများဖြစ်ပြီး ၁၉၆၂ က ၎င်း၏ပင်ကိုရေးလုံးချင်းဝတ္ထု "မေတ္တာရေလှိုင်း"ကို မြင့်မြင့်ခင်၊ မောင်သင်၊ သီသီနှင့် ရိုက်ကူးခဲ့ပြီး ထိုဝတ္ထုကို ထပ်မံ၍ ၁၉၈၇ ခုနှစ်က ဒါရိုက်တာ သက်မောင်မောင်က နေအောင်၊ ထွန်းထွန်းနိုင်၊ မေဆွိတို့နှင့် ပြန်လည်ဆန်းစစ်ရိုက်ကူးခဲ့သည်။

တက္ကသိုလ်နေဝင်းသည် ဂီတပညာကိုလည်း ငယ်စဉ်ကပင် ဝါသနာပါပြီး ဆရာကြီး ဒီးဒုတ်ဦးဘချို၊ မန္တလေးရွှေပြည်ဦးဘတင်၊ ညွှန်ကြားရေးဝန်ဦးခင်ဇော်တို့ထံတွင် မြန်မာ့ဂီတ အနုပညာကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ သီချင်းခံ့စသည်တို့ကို လေ့လာဆည်းပူးခဲ့သည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား ကျွမ်းကျင်သောကြောင့် သံရုံးများမှ သံတမန်များအား မြန်မာ့အနုပညာအကြောင်း သီချင်းကြီးများအကြောင်း ဟောပြောတတ်သည်။

တက္ကသိုလ်နေဝင်းသည် ၁၉၉၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ရန်အောင် လမ်းသွယ် (၉)၊ ရန်ကင်းမြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်ညိမ်းနှင့်အတူ သမီး (၂) ယောက်၊ သား (၁) ယောက် ကျန်ရစ်ခဲ့သည်။

## မာတိကာ


| | | |
|---|---|---|
| ၁။ | လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၉ |
| ၂။ | ပြည်ထောင်စုဖိသုကာ ဗိုလ်ချုပ်အောင်ဆန်း | ၁၇၅ |
| ○ | ပထမပင်လုံညီလာခံ | ၁၇၉ |
| ○ | ပင်လုံရှုခင်း (၁၉၇၄) | ၁၈၅ |
| ○ | ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေးစွမ်းရည် | ၁၉၁ |
| ○ | ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်တော်လှန်ရေးနိဒါန်း | ၁၉၈ |
| ○ | ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်တော်လှန်ရေး | ၂၀၇ |
| ○ | ဗိုလ်တေ့ဇနှင့် ဗိုလ်မိုးကြိုး | ၂၁၈ |
| ○ | ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်း | ၂၂၈ |
| ○ | ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးရှုလိုင် | ၂၃၉ |
| ○ | ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာနေရူး | ၂၄၆ |
| ○ | ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများ | ၂၅၆ |
| ○ | အစ်မက လိမ်ပြောတာကိုးဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်း | ၂၆၅ |
| ○ | ကားပျက်၍ ခြေလျင်လျှောက်ခဲ့သော ဗိုလ်ချုပ် | ၂၇၁ |
| ○ | ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း | ၂၇၉ |
| ○ | အတိတ်မှ အရိပ်များ | ၂၈၉ |
| ○ | နှစ် (၅၀) က နယ်ချဲ့တို့၏ "ဝှက်ဖဲ" | ၂၉၄ |


www.burmeseclassic.com

www.burmeseclassic.com

၃။ အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း ၃၀၁
○ ငါးမူးတန်းမှ ရုပ်ရှင်ကြည့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ၃၀၅
○ အဆောင်အယောင် ပကာသနစက်ဆုပ်သူ ဗိုလ်ချုပ်အောင်ဆန်း ၃၁၄
○ စာရေးဆရာဖြစ်ချင်သော ဗိုလ်ချုပ်အောင်ဆန်း ၃၂၅
○ နှလုံးသားရှိသော ဗိုလ်ချုပ်အောင်ဆန်း ၃၃၇
○ ဗိုလ်ချုပ်အောင်ဆန်းအပေါ် နိုင်ငံခြားသားတို့အမြင် ၃၅၁
○ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဗိုလ်ချုပ်များ ၃၆၁
○ သမိုင်းတစ်ခေတ်မှာ ပေါ်ထွက်ခဲ့သောခေါင်းဆောင် ၃၇၂
○ ဗိုလ်ချုပ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ၃၈၄
○ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းလုံးရေးကြိုးပမ်းမှု ၃၉၆
○ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်စစ်ဘက်အကြီးအကဲများ ၄၀၉
○ ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလိပ်စာ ၄၁၉
○ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုယ်သဘာဝစရိုက် ၄၃၁

BURMESE CLASSIC .com



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီး ဒေါ်ခင်ကြည်

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း (၁၉၄၃)





ဗိုလ်ချုပ်အောင်ဆန်းအား မိသားစုနှင့်အတူ တွေ့ရစဉ် (၁၉၄၃-ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်း နှင့် အက်တလီ လန်ဒန်၌ တွေ့ဆုံစဉ်



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခုနှစ်က ညောင်ရွှေ၌
(ဝဲမှယာ) ဦးဖေခင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ညောင်ရွှေစော်ဘွား၊ မိုင်းပွန်စော်ဘွား




တောင်တန်း-ပြည်မပူးပေါင်း၍ လွတ်လပ်ရေးကိုရယူရန် ပင်လုံစာချုပ်ကြီးကို
သဘောတူလက်မှတ်ရေးထိုးနေကြသောတိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ




၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းအား အင်းလေးကန်အတွင်း ပွဲရစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်
ခရီးထွက်လှုံ့ဆော်ရင်း ကပ္ပလီရွာအရောက် ကရင်အမျိုးသားဝတ်စုံဖြင့်
ကရင်အမျိုးသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာတွေ့ရစဉ်



တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားသို့ ရောက်ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပင်လုံတွင် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ နေ့လယ်စာ စားရင်း ဆွေးနွေးနေကြစဉ်



ပင်လုံညီလာခံတွင် ဖဆပလ၏ သဘောထားကို တိုင်းရင်းသားကိုယ်စားလှယ်တို့အား ဗိုလ်ချုပ်အောင်ဆန်းက တင်ပြစဉ်

www.burmeseclassic.com




ပင်လုံညီလာခံကျင်းပရာ မဏ္ဍပ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာ ဘော့တွမ်လေတို့ စကားလက်ဆုံကျနေစဉ်



အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် လန်ဒန်သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိစဉ်

www.burmeseclassic.com
www.burmeseclassic.com




(ရှေ့တန်း ဝဲမှယာ) သခင်ဗစိန်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဆာဟူးဘတ်ရန့်စ်၊ ဦးဘဖေ၊ ဦးတင်ထွဋ်
(နောက်တန်း ဝဲမှယာ) သခင်မြ၊ ဦးအောင်ဇေဝ၊ သခင်သိန်းဖေ



ဂျပန်သံအမတ်ကြီးက သခင်မြအား ဆုတံဆိပ်ချီးမြှင့်စဉ်
(နောက်တန်း ဝဲမှ-ယာ) ဦးထွန်းအောင်၊ ဦးဘဝင်း၊ ဦးလှဖေ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗန္ဓုလဦးစိန်၊ ဦးမြဘူး

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခုနှစ်က တောင်ကြီးမြို့တွင် စော်ဘွားများနှင့်အတူတွေ့ရစဉ် ။ နောက်တန်း(ဝဲမှယာ)ဦးဖေခင်၊ ဗိုလ်ထွန်းလှ(စာရေးသူတက္ကသိုလ်နေဝင်း)
ရှေ့တန်း(ဝဲမှယာ)သာမိုင်းခမ်းစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ ဗိုလ်ချုပ်အောင်ဆန်း၊ ညောင်ရွှေစော်ဘွားနှင့် အခြားနှစ်ဦး




ရှေ့တန်း (ဝဲမှယာ) စောသိန်း၊ စင်လဝီ၊ စောရွှေ၊ ဦးစိန်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအေးမြလေး၊ ဦးဘဖေ၊ သိုင်းဘဟန်၊ စောဇိန်၊ ဦးမြ
အလယ်တန်း(ဝဲမှယာ) သခင်ဝတင်၊ ဦးလှိုင်း၊ စောစီခဝါ၊ ဦးဗဂျမ်း၊ ဦးတင်၊ မန်းဘခိုင်၊ သခင်သန်းထွန်း၊ ဦးတင်၊ ဦးဘသောင်း၊ ဦးဖေခင်၊ သခင်ချစ်
နောက်တန်း(ဝဲမှယာ) ဦးကျော်မြင့်၊ ဦးအောင်ဝင်း၊ ဦးဘဆိုင်၊ ဦးအောင်ဇံဝေ၊ ဦးညိမ်း၊ ဦးသိမ်းအောင်၊ စောဘဦးကြီး၊ ဦးထွန်းလှ၊ စောခလူလယ်၊ ဦးတင်မောင်

www.burmeseclassic.com

www.burmeseclassic.com




၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို
အောင်မြင်စွာချုပ်ဆိုခဲ့သည့် အထိမ်းအမှတ် ကျောက်တိုင်



THE PANGLONG AGREEMENT, 1947.

Dated Panglong, the 12th, February 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, [illegible] is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the [illegible] of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.


9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive [illegible] the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

| Shan Committee. | Kachin Committee. | Burmese Government. |
|---|---|---|
| Saohpalong of Tawngpeng State. | (Sinwa Nawng, Myitkyina) | Aung San 12-2-47 |
| Saohpalong of Yawnghwe State. | (Zau Rip, Myitkyina) | |
| Saohpalong of North Hsenwi State. | (Dinra Tang, Myitkyina) | |
| Saohpalong of Laihka State. | (Zau La, Bhamo.) | |
| Saohpalong of Mong Pawn State. | (Zau Lawn, Bhamo) | |
| Saohpalong of Hsamonghkam State. | (Labang Grong, Bhamo) | |
| Representative of Hsahtung Saohpalong. | Chin Committee. | |
| Hkun Pung | (U Hlur Hmung, [illegible]) | |
| (U Tin E) (U [illegible]) | (U Thawng [illegible]) | |
| (U Kya Bu) (Hkun Saw). | | |
| ([illegible]) (Khun Htee) | (U Kio Mang, [illegible]) | |



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးသည် မြန်မာတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိခဲ့သည်

# ဗိုလ်ချုပ်အောင်ဆန်း၏
# လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



၁

## နိဒါန်း

မြန်မာ့လွတ်လပ်ရေး ဗိသုကာဟု တင်စားခေါ်ဝေါ်ခြင်း ခံရသူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တကယ်ပင် လွတ်လပ်ရေးကို အခက်အခဲ အမျိုးမျိုးကြားမှ ရယူဆောင်ကျဉ်းလာခဲ့သူ ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော 'အောင်ဆန်း-အက်တလီစာချုပ်'သည် မြန်မာနိုင်ငံအား တစ်နှစ်အတွင်း လွတ်လပ်ရေး ပေးပါမည်ဟု ဗြိတိသျှအစိုးရက ကတိဝန်ခံချက် ပေးခဲ့သည့် စာချုပ်ပင် ဖြစ်ပါသည်။

ယင်းစာချုပ် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူကား ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါသည်။ သို့ရာတွင် 'အောင်ဆန်း-အက်တလီစာချုပ်' မဖြစ်မြောက်မီ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ပြီးဆုံးသည့်ကာလမှ ၁၉၄၇ ခု အချိန်အထိ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှုဆောင်ရွက်ချက်များသည် အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။

နောင်လာလတ္တံ့သော ခေတ်အဆက်ဆက်မှ မျိုးချစ်ပုဂ္ဂိုလ်များ၊ သမိုင်းသုတေသီများအဖို့ ဗိုလ်ချုပ်၏ 'လွတ်လပ်ရေး ကြိုးပမ်းမှုမှတ်တမ်း'သည် အလွန်အရေးပါသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာလိမ့်မည်ဟု ဆိုနိုင်ပါသည်။

အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး အသစ်ပြန်လည် ဖွဲ့စည်းလတ္တံ့သော (ဗြိတိသျှတို့ ကွပ်ကဲမည့်) ဗမာ့တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းအား 'ဘရိဂေးဒီးယား-ဂျင်နရယ်လ်'ခေါ် ဗိုလ်မှူးချုပ်ရာထူး တိုက်ရိုက်ယူပြီး တပ်ကို ဦးစီးရန် အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ် တပ်ပေါင်းစု သေနာပတိချုပ်

www.burmeseclassic.com

www.burmeseclassic.com



'လော့ဒ်မောင့်ဘက်တန်'က ကမ်းလှမ်းသည်ကို ဗိုလ်ချုပ်က ငြင်းပယ်ခဲ့ပြီးနောက် မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးမရမချင်း မနားမနေ လုပ်သွားမည်ဟု ခိုင်မာစွာ အဓိဋ္ဌာန်ပြုကာ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်လျက် ယင်း အမျိုးသားညီညွတ်မှု အင်အားကိုပင် အဓိကလက်နက်အဖြစ် အသုံးချလျက် ဗိုလ်ချုပ်က လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ပုံများသည် မျက်မှောက်ခေတ် မြန်မာနိုင်ငံသမိုင်းတွင် မှတ်တမ်းတင်ထားသင့်သည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် 'အောင်ဆန်း–အက်တလီစာချုပ်'နှင့် ပင်းနှင့် မရေးမနှောင်း အကောင်အထည်ပေါ်လာသော 'ပင်လုံညီညွတ်ရေးစာချုပ် (၁၂–၂–၄၇)တို့၏ ပဏာမ ရေ့ပြေးဖြစ်ရပ်များကို 'ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှုမှတ်တမ်း'ဟူ၍ များပြည်သူတို့ (အထူးသဖြင့် လူငယ်လူရွယ်များ) မှတ်သား ဗဟုသုတရစေရန် ရည်ရွယ်လျက် ဤစာအုပ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသတည်း။

တက္ကသိုလ်နေဝင်း



## စကားချီး

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ 'လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်း'ဟု ပြည့်ပြည့်စုံစုံ ရေးရသည်ရှိသော် ဗိုလ်ချုပ်ကို မြန်မာ့နိုင်ငံရေး စင်မြင့်ပေါ်သို့ တင်ပေးခဲ့သည့် ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကြီးမှ စ၍ ရေးရမည် ဖြစ်ပါသည်။

သို့ရာတွင် သူ၏နိုင်ငံရေးလုပ်ရှားမှု သမိုင်းတစ်လျှောက်လုံးကို ရေးရမည်ဆိုပါက စာအုပ်တစ်အုပ်နှင့် ပြီးနိုင်ဖွယ်ရာ မရှိသောကြောင့် တစ်ကြောင်း၊ နိုင်ငံ့သမိုင်း သုတေသနဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိအပြည့်အစုံကို စနစ်တကျ သုတေသနပြုကာ ရေးသားပြုစုနေသည် ဖြစ်သည့်က တစ်ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရချိန်နှင့် အနီးစပ်ဆုံးကာလ (တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံး အဆင့်ကို ဗိုလ်ချုပ်က စွမ်းစွမ်းတမံ ကြိုးပမ်းကွပ်ကဲသည့်ကာလ) ကိုသာ ဤစာအုပ်ဖြင့် အဓိကထားတင်ပြရန် ရည်ရွယ်လျက် ဤမှတ်တမ်းကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ်မှစ၍ (ဖ–ဆ–ပ–လ) အမျိုးသားတပ်ဦးကြီး၏ ဦးစီးခေါင်းဆောင်အဖြစ် ရှုပ်ရှုပ်ချုံချုံ တာဝန်ယူ ထမ်းဆောင်ခဲ့ရာ၌ ပထမဆုံးအောင်မြင်မှုကို ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရရှိခဲ့ ပါသည်။

ယင်းအောင်မြင်မှုကား ဗိုလ်ချုပ်သည် ဗြိတိသျှအစိုးရ၏ ကမ်းလှမ်းချက်အရ အစိုးရအဖွဲ့အာဏာကို ရရှိခဲ့သည်။ တစ်နည်းအားဖြင့် ဝန်ကြီးအဖွဲ့ခေါင်းဆောင်နေရာကို ရရှိခဲ့ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရအဖွဲ့ခေါင်းဆောင် ဖြစ်လာသည်နှင့် ဗိုလ်ချုပ်သည် ရရှိသမျှ အဆောင်အယောင် အခွင့်အရေးများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာ၌ အများဆုံး အသုံးချခဲ့ပါသည်။

အစိုးရကပေးသော လေယာဉ်ပျံ၊ မော်တော်ကား၊ မီးသင်္ဘော စသည့် ယာဉ်မျိုးစုံ အသုံးပြုလျက် သူသည် တောင်တန်းဒေသ ပြည်နယ်အသီးသီးသို့ ခရီးတွက်ကာ ဖနားမနေ စည်းရုံးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ယခု ရေးသားတင်ပြလတ္တံ့သော အကြောင်းအရာ၊ အဖြစ်အပျက်များမှာ ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့ဝင် ခေါင်းဆောင်အဖြစ် ရာထူးလက်ခံပြီး နောက် ပြည်နယ်များသို့ ခရီးလှည့်လည်ရာမှသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ လွတ်လပ်ရေး၏ အာမခံချက်ဟု ဆိုနိုင်သော 'အောင်ဆန်း–အက်တလီ'စာချုပ် လက်မှတ်ရေးထိုးပြီးသည့် အချိန်အထိ ဖြစ်ရပ်များ ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားခြင်းပင် ဖြစ်ပါသတည်း။

**တက္ကသိုလ်နေဝင်း**



[ ၁ ]

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်သို့ သွားရောက်၍ ဝန်ကြီးချုပ် မစ္စတာအက်တလီ ခေါင်းဆောင်သော 'လေဘာ'အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့လေသည်။

ဆွေးနွေးကြသည့် အကြောင်းကတော့ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်ကိစ္စပင်ဖြစ်သည်။

ဗိုလ်ချုပ်နှင့်အတူ (ထိုစဉ်က ဘုရင်ခံ၏ အတိုင်ပင်ခံ အစိုးရအဖွဲ့ဝင်) ဝန်ကြီး သခင်မြ၊ ဦးဘဖေ၊ သခင်ဗစိန်၊ ဂဠုန်ဦးစောတို့ ပါဝင်ပြီး အကြံပေးပုဂ္ဂိုလ်များအဖြစ် ဗိုလ်ချုပ်တို့ဘက်မှ ဦးကျော်ငြိမ်း၊ ဗိုလ်စကြာတို့ကို ခေါ်သလို သခင်ဗစိန်က သခင်ချစ်၊ ဦးစောက ဦးဘရင်တို့ကို ခေါ်သွားကြသည်။

ယင်း ဆွေးနွေးပွဲ၏ အဆုံးသတ်ရလဒ်ကား 'အောင်ဆန်း–အက်တလီ စာချုပ်'ပင် ဖြစ်သည်။ ၎င်းစာချုပ်အရ မြန်မာနိုင်ငံအား လွတ်လပ်သောအချုပ်အခြာ အာဏာပိုင်နိုင်ငံ ဖြစ်လာရန် လုံးဝလွတ်လပ်ရေးကို တစ်နှစ်အတွင်း ပေးပါမည်ဟု ဗြိတိသျှအစိုးရက ကတိပြုခဲ့သည်။

ထို့ကြောင့်ပင် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်'ဟူ၍ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာမြေပုံပေါ်တွင် ဖြစ်ပေါ်လာခဲ့ရပေသည်။

ဤကား မြန်မာလွတ်လပ်ရေးသမိုင်း၏ နောက်ဆုံးအခန်းကဏ္ဍသို့ မဟုတ် သမိုင်းမှတ်တိုင်ပင် ဖြစ်သည်။ သို့သော် ယင်းသို့ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ မျိုးချစ် မြန်မာလူငယ်များ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းခဲ့ခြင်း အမြောက်အများ ရှိခဲ့သည်ကိုလည်း မေ့ချန်ထား၍ မဖြစ်ပေ။ အထူးသဖြင့် ၁၉၂၀– ပြည့်နှစ် ရန်ကုန်ကောလိပ်သပိတ်၊ ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း)နှင့် နောက်ပိုင်း ဂျီစီဘီအေ အသင်းကြီးတို့၏ နိုင်ငံ့ဂုဏ်အဝှမ်း အမျိုးသားလှုပ်ရှားမှုများကို အလေးအနက်ထား၍ မှတ်တမ်းကောင်းရမည်။ လေ့လာကြရမည် ဖြစ်သည်။

တစ်ဖန် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၏ နောက်ဆုံးအခန်းကဏ္ဍ ဖြစ်သော ၁၉၄၅– ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်မှသည် လွတ်လပ်ရေးရသည် အထိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းစွမ်းဆောင်မှုများကို လေ့လာကြည့်လျှင် အထူးစိတ်ဝင်စားဖွယ် ကောင်းပေသည်။

နိုင်ငံသမိုင်း လေ့လာသူမှန်သမျှ အဆိုပါအခန်းကဏ္ဍကို အထူးတလည် လေ့လာကြရမည် ဖြစ်ပေသည်။

အကြောင်းမှာကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် မည်သည့်ခေါင်းဆောင်ကမှ မစွမ်းဆောင်နိုင်သော အောင်မြင်မှုများကို ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းရယူနိုင်ခဲ့သောကြောင့်ပင်တည်း။

ဆောင်းပါးအစတွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စတင်ထွက်ခွာပြီး ဘိလပ်သို့ သွားခဲ့ရာ လန်ဒန်ထိအောင် တိုက်ရိုက်မသွားဘဲ အိန္ဒိယပြည် နယူးဒေလီမြို့တော်သို့ ၂ ရက်မျှ ဝင်နားခဲ့သေး၏။ ရည်ရွယ်ချက်ကား ဗြိတိသျှအစိုးရနှင့် စကားမပြောမီ အိမ်နီးချင်းနိုင်ငံ အိန္ဒိယပြည်မှ ခေါင်းဆောင်ကြီး ဂျဝါဟာလာလ် နေရူးနှင့် ရင်းရင်းနှီးနှီး ကြိုတင်တိုင်ပင် ဆွေးနွေးလိုသောကြောင့်ပင် ဖြစ်သည်။

ဗိုလ်ချုပ်တို့ဘိလပ်သွား၍ လွတ်လပ်ရေးရရှိရန် အရေးဆိုခြင်း အကြောင်းကို ရေးရလျှင် အဆိုပါ ဇန်နဝါရီလ ၂ ရက်နေ့မှ စတင်ရေးရမည်ဖြစ်သော်လည်း စင်စစ်အားဖြင့် သမိုင်းကြောင်း အပြည့်အစုံကို လေ့လာမည်ဆိုလျှင် ၁၉၄၅ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီးပြီးခါစ မြန်မာနိုင်ငံတွင် ဂျပန်တပ်များ လက်နက်ချ အညံ့ခံ၍ စစ်ပွဲကြီးပြေငြိမ်းသည့် ကာလမှစတင်၍ နိုင်ငံရေးအခြေအနေကိုပါ စတင်လေ့လာရမည် ဖြစ်ပေသည်။



သို့မှသာ ဗိုလ်ချုပ်တို့၏ လွတ်လပ်ရေး အရေးဆိုရန် ဘိလပ်သွားသည့်ကိစ္စ ပင်ရင်းဇစ်မြစ် သို့မဟုတ် မူလအစကို ရေလည်စွာ ခြုံငုံမိမည်ဖြစ်သည်။

၁၉၄၅ ခု၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံ စစ်မျက်နှာ၌ ဒုတိယကမ္ဘာစစ်ကြီးသည် တရားဝင်ပြီးဆုံး၍ စစ်ပြေငြိမ်းမှု ကြေညာခဲ့လေသည်။

စစ်ကြီးပြီးသွားပြီဆိုသည်နှင့် ‘ပီဘီအက်ဖ်’ခေါ် ဗိုလ်ချုပ်အောင်ဆန်း ကွပ်ကဲသော မျိုးချစ်ဗမာ့တပ်မတော်ကိုလည်း ဖျက်သိမ်းလိုက်ရတော့သည်။

ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုခင်းကား အောက်ပါအတိုင်း ရှိခဲ့သည်။

ဗြိတိသျှအုပ်ချုပ်ရေးကို ‘ကက်စ်ဘီ’ခေါ် စစ်အုပ်ချုပ်ရေးအဖြစ် ထားရှိပြီး အဆိုပါ အဖွဲ့အနေဖြင့် ဆာပေါ်ထွန်းခေါင်းဆောင်သော ဗြိတိသျှ အလိုတော်ရိ အစိုးရအဖွဲ့က အုပ်ချုပ်ရေးအာဏာ ရရှိနေခဲ့သည်။ မြန်မာနိုင်ငံ၏ တရားဝင် အာဏာပိုင် ဘုရင်ခံကား ၁၉၄၂ ခုနှစ်က ဘုရင်ခံအဖြစ် အမှုထမ်းနေခဲ့သူ ဆာဒေါမန်စမစ်ပင် ဖြစ်သည်။

စစ်အတွင်း ဂျပန်ခေတ်က စစ်ဝန်ကြီး ဗမာ့တပ်မတော်ဦး သေနာပတိ ဖြစ်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် ယခု ၁၉၄၇ ခု၊ ဩဂုတ်လတွင် ဘာရာထူးမှ မရှိတော့။ သာမန်အရပ်သား တစ်ယောက်သာ ဖြစ်လာလေသည်။

သို့သော် နိုင်ငံရေးအသင်းအဖွဲ့နှင့် ခေါင်းဆောင်မျိုးစုံ ပါဝင်ဖွဲ့စည်းထားသော ‘ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်’ အမည်ရှိအမျိုးသားတပ်ဦးကြီး၏ခေါင်းဆောင် (ဥက္ကဋ္ဌ)ဖြစ်လာလေသည်။

သူ၏အဖွဲ့တွင် ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဟံသာဝတီဦးမြ၊ ပျော်ဘွယ်ဦးမြ၊ မြန်မာ့အလင်းဦးတင်၊ သခင်ချစ်၊ သခင်သန်းထွန်း၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေ၊ ဦးအောင်ဇေယျ၊ ဦးဇဂျမ်း စသော ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်လေသည်။ ထို့အပြင် ကရင်လူငယ်များ အစည်းအရုံး၊ မြန်မာမွတ်စလင်အဖွဲ့ချုပ်၊ အာရှလူငယ်များ အစည်းအရုံး၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့စသော လူထုလူတန်းစား အသင်းပေါင်းစုံတို့၏ ထောက်ခံအားပေးမှုကိုလည်း ရရှိထားပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုမျှနှင့် ကျေနပ်အားရခြင်း မရှိသေးဘဲ တောင်တန်းဒေသမှ တိုင်းရင်းသား လူမျိုးစုများကိုပါ ဆက်လက် စည်းရုံးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၀-၁-၄၆)နေ့ ကျင်းပမည့် ရွှေတိဂုံအလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံကြီးအတွက် ပြင်ဆင်နေသည့်ကာလ (သူကိုယ်တိုင် ပြည်လုံးကျွတ် ညီလာခံကြီးတွင် မိန့်ကြားရသည့် သဘာပတိမိန့်ခွန်းရှည်ကြီးကို ကြိုးစားရေးသားနေခိုက်) မြစ်ကြီးနားရှိ 'ဆမားဒူးဝါး ဆင်ဝါးနော်' အမည်ရှိသော ကချင်ခေါင်းဆောင်တစ်ဦးထံ ဆက်သားလွှတ်စာရေးမိတ်ဆက်ပြီး ကချင်အမျိုးသားများအား စည်းရုံးရေးလုပ်ငန်း စတင်ခဲ့၏။ ထို့အပြင် ၁၉၄၆ ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်သည် ရခိုင်ခေါင်းဆောင် ဦးအောင်ဇံဝေ (နောက်တော့ ကျန်းမာရေးဝန်ကြီး) ဟသ်္သာတဦးမြ၊ သခင်မြ စသော ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့ကို ခေါင်းဆောင်လျက် ရခိုင်ပြည်ဘက်သို့ နယ်လှည့်စည်းရုံးခဲ့၏။

**မှတ်ချက်။** ။ ထိုစဉ်က ဗိုလ်ချုပ်မှာ ဝန်ကြီးလည်းမဟုတ်၊ အာဏာလက်မဲ့ 'အတိုက်အခံ' ခေါင်းဆောင်တစ်ဦးသာဖြစ်၍ အဆောင်အယောင် အခွင့်အရေး ဆို၍ ဘာမှ မရှိသေးသောကြောင့် အလွန်ဆင်းရဲပင်ပန်းစွာ ခရီးသွားခဲ့ရင်း ရခိုင်ပြည်ဘက်သို့ တောင်ကုတ်လမ်းမှ မော်တော်ကား စုတ်တစ်စီးဖြင့်သွားပြီး ရခိုင်ရောက်တော့လည်း လှည်း၊ လှေ၊ စက်ဘီး တို့ဖြင့် ဖြစ်သလို ခရီးသွားကာ စည်းရုံးရေးလုပ်ငန်း ကြိုးစားလုပ်ကိုင်ခဲ့ပေသည်။

၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့ နောက်ပိုင်း သူ အစိုးရအဖွဲ့ခေါင်းဆောင်ဝန်ကြီး ဖြစ်လာသောအခါ၌ကား ဗိုလ်ချုပ်သည် ခရီးသွားလာရာ၌ လေယာဉ်၊ သင်္ဘော၊ မော်တော်ယာဉ်စသော အစိုးရ အဆောင်အယောင် အခွင့်အရေးများ ရလာသဖြင့် သူ၏ နယ်လှည့် စည်းရုံးရေး လုပ်ငန်းကို ပို၍ ထိရောက်စွာ လုပ်နိုင်ခဲ့ပေသည်။

ဥပမာ ကချင်ပြည်နယ်သို့ စည်းရုံးရေး ထွက်ရာတွင် ရန်ကုန်မှ မြစ်ကြီးနားသို့ အစိုးရလေယာဉ် (ဗြိတိသျှလေတပ်မတော်ပိုင် 'ဒါကိုတာ' လေယာဉ်)ဖြင့် လျင်မြန်စွာ သွားရောက်နိုင်ခဲ့၏။

အလားတူပင် ရှမ်းကုန်းမြင့်ဒေသသို့ ခရီးထွက်ရာတွင် အစိုးရ မော်တော်ယာဉ် (ဖို့ဒ်စတေရှင်ဝက်ဂွန်း)ကားဖြင့် လွယ်လွယ်ကူကူ ထွက်နိုင်ခဲ့ပေသည်။

□



[၂]

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့ လွိုင်ကော်မြို့တွင် ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နှင့် ကယားပြည်နယ်များသို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် စည်းရုံးနိုင်လိမ့်မည်ဟု တွက်လျက် လက်ခံခဲ့လေသည်။

သို့နှင့်ပင် ဗိုလ်ချုပ်တို့အဖွဲ့သည် ၂၃-၁၂-၄၆ ရက်နေ့ညနေဘက်တွင် လွိုင်ကော်မြို့သို့မော်တော်ယာဉ်များဖြင့် ရောက်သွားကြလေသည်။

အဆိုပါ ကရင်အမျိုးသားများ၏နှစ်သစ်ကူးပွဲတော်သို့ ဖိတ်ကြားခံကြရသူများမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာနိုင်ငံရေးခေါင်းဆောင်အချို့သာ ပါပြီး မျက်နှာဖြူအင်္ဂလိပ်လူမျိုးဟူ၍ တစ်ဦးတစ်ယောက်မျှ မဖိတ်ခဲ့ကြောင်း ကျွန်တော်တို့ သိထားခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့လူစု လွိုင်ကော်ရောက်သွားချိန် ထိုစဉ်က ဗြိတိသျှအစိုးရ၏ တောင်တန်းဒေသ အုပ်ချုပ်ရေးဌာန (Frontier Area Administration)အရာရှိ မစ္စတာစတီဗင်ဆင်ဆိုသူကို တွေ့လိုက်ရသဖြင့် အံ့အားသင့်နေမိပါသည်။ လွိုက်ကော်မှ ရင်းနှီးသော မိတ်ဆွေအချို့ထံ စုံစမ်းကြည့်သောအခါ စတီဗင်ဆင်သည် ဒီဇင်ဘာလ ၂၂ ရက်နေ့ကပင် ကြိုတင်ရောက်ရှိနေကြောင်း သိရပါသည်။

အမှန်တော့ နယ်ခြားဒေသရှိ စတီဗင်ဆင်သည် လွိုက်ကော်မြို့သို့ အကြံနှင့်လာခြင်း ဖြစ်သည်။ ပြည်မမှ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လွိုက်ကော်မြို့သို့လာပါက တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ဖြစ်မြောက်အောင် မြင်တော့မည်ဟု ကြိုတင်တွက်မိသဖြင့် သူ့အနေဖြင့် ဟန့်တားနှောင့်ယှက်ရန် လာခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဗိုလ်ချုပ်နှင့် ကယား (ကရင်နီ) တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ မဖြစ်မြောက်စေအောင် ကြံစည် 'ခြေထိုး'ပုံကား ဗိုလ်ချုပ်နှင့် တွေ့ရန် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဒီဇင်ဘာ ၂၃ ရက်နေ့တွင်ပင် 'ကယား'ခေါင်းဆောင်များကို အစိုးရအာဏာဖြင့် ဖိတ်ခေါ်၍ အစည်းအဝေး တစ်ရပ် လုပ်နေလိုက်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်ရောက်သွားသောအချိန် (ည ၈ နာရီခန့်)တွင် ကယားခေါင်းဆောင်များ၊ စော်ဘွားများ လုံးဝမတွေ့ရဘဲ ရှမ်းပြည်မှ လိုက်ပါလာသူညောင်ရွှေစော်ဘွားကြီး၊ မိုင်ပွန်စော်ဘွားကြီး(အာဏနည် ခေါင်းဆောင် စဝ်စံထွန်း)တို့နှင့် လွိုင်ကော်မှ ကယားလူထုခေါင်းဆောင် ဦးစိန်တို့လောက်သာ ရှိနေလေသည်။

သို့ရာတွင် ဗိုလ်ချုပ်သည် မည်သို့မျှ စိတ်ဓာတ်မကျဘဲ၊ အားငယ်ချင်း မရှိဘဲ ညမတွေ့ရလျှင် မနက်ကျတော့ တွေ့ရမှာပေါ့ဟုဆိုကာ ခရီးရာလည်း ပန်းလာသဖြင့် လွိုင်ကော်တွင် စိတ်အေးအေးပင် ညအိပ်လိုက်တော့သည်။

ဒီဇင်ဘာ ၂၄ ရက်နေ့ နံနက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကယား ခေါင်းဆောင်များ၊ စော်ဘွားများနှင့် တွေ့ဆုံပြီး သူ မကြာမီ အင်္ဂလိပ်သို့သွား၍ မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆိုတော့မည်ဖြစ်ကြောင်း၊ ကယား (ကရင်နီ) ပြည်သူပြည်သားများကိုလည်း မြန်မာပြည်မနှင့်အတူ လွတ်လပ်စေလိုကြောင်း စသည်ဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု အင်အား၏ တန်ဖိုးကို အသေးစိတ် ရှင်းလင်းပြောကြားရာ အစည်းအဝေး တက်ရောက်သူ ပြည်နယ် ခေါင်းဆောင်အားလုံးကပင် သဘောတူ လက်ခံခဲ့ပါသည်။

၁၉၄၆ ခု ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှာ ဗြိတိသျှအရာရှိ စတီဗင်ဆင်သည် လွိုင်ကော်မြို့မှ ပြန်ကာနီး ဗိုလ်ချုပ်အောင်ဆန်းထံ လာ ရောက်နှုတ်ဆက်ခဲ့၏။

(ဤသည်မှာလည်း ဗိုလ်ချုပ်က ဗြိတိသျှဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့ အကြီးအကဲဖြစ်နေ၍ အစိုးရဝန်ထမ်းတို့၏ တာဝန်ဝတ္တရား အရ ဝတ်ကျေဝတ်ကုန် လာရောက်နှုတ်ဆက်ခြင်းသာ ဖြစ်ပါသည်။ စာရေးသူ)

စတီဗင်ဆင်သည် ဗိုလ်ချုပ်အား နှုတ်ဆက်ပြီး ပြန်ကာနီးတွင် ပြုံး၍– 'လွိုင်ကော်မြို့ကို ဘယ်လိုအကြောင်းကိစ္စနဲ့ လာပါသလဲ'ဟု အင်္ဂလိပ် စကားဖြင့် တောက်ကြည့်လေသည်။



ဤတွင် ဗိုလ်ချုပ်က သူ၏ ဝါသနာအတိုင်း သွယ်ဝိုက်၍ပြောမနေတော့ဘဲ– 'ကျုပ် ဒီကိုလာတာ အင်္ဂလိပ်တွေနဲ့ ကယားအမျိုးသားတွေကို ခွဲထုတ် ဖို့ လာတာပဲ'ဟု ဘုကျကျပင် အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်လေသည်။

(ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ဘာသာနှင့် စာပေကို ကျွမ်းကျင် နိုင်နင်းကြောင်း အကျယ်သိလိုပါလျှင် ၁၉၇၈ ခုနှစ် ရှုလိုင်လထုတ် သွေးသောက်မှ ကျွန်တော်၏ အာဇာနည်နေ့ ဆောင်းပါး ကို လေ့လာပါရန်)

ထိုနေ့ (၂၄–၁၂–၄၆)နေ့ နံနက်မှာပင် ဗိုလ်ချုပ်အောင်ဆန်းသည် လွိုင်ကော်မြို့ ဈေးအနီး၌ ကျင်းပသော လူထုစည်းဝေးပွဲကြီးတွင်လည်း မြန်မာ့ လွတ်လပ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုတို့ ကံကြမ္မာ ဒွန်တွဲနေပုံကို အကျယ်တဝင့် ဟောပြောခဲ့ပါသေးသည်။

တောင်တန်းဒေသ အုပ်ချုပ်ရေးအရာရှိ မစ္စတာစတီဗင်ဆင်၏ လုပ်ရပ်ကို ဗိုလ်ချုပ်သည် မမေ့ဘဲ စိတ်ထဲမှမြဲစွာ မှတ်သားခဲ့ကြောင်း ကျွန်တော်တို့က နောက်မှပင် သိရပါသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း မြန်မာကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်လျက် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်သို့ 'မြန်မာ့လွတ်လပ်ရေးအတွက်' အရေးဆိုရန် ထွက်ခွာသွားရလေရာ အင်္ဂလိပ်ရောက် ပြီး ဆွေးနွေးပွဲများ စတင်သည့် ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ပင် သူ့အား ခင်မင်ရင်းနှီးစွာဆက်ဆံသူ ဗြိတိသျှလေဘာအစိုးရခေါင်းဆောင် နန်းရင်းဝန်ကြီး မစ္စတာအက်တလီအား မြန်မာပြည်မှ ဗြိတိသျှအရာရှိ စတီဗင်ဆင်၏ ကယား ပြည်နယ်တွင် ခြေထိုးခဲ့ပုံအကြောင်း ပြောပြလိုက်လေသည်။

ယင်းသို့ ပြောပြခြင်း၏ အကျိုးသက်ရောက်မှုကတော့ စတီဗင်ဆင်အား ဗြိတိသျှအစိုးရက ရက်သတ္တတစ်ပတ်အတွင်း လန်ဒန်မြို့သို့ ပြန်လည်ခေါ်ယူ လိုက်ခြင်းပင် ဖြစ်ပါသတည်း။

*

ဤသို့လျှင် ၁၉၄၆ ခု၊ ဒီဇင်ဘာလက ကရင်နီ(ကယား)ပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ စည်းရုံးခဲ့သော ဗိုလ်ချုပ်၏အောင်မြင်မှုကို နောက်များမကြာမီ လက်တွေ့နိုင်လုံစွာ ထင်ရှားလာပါသည်။

ဗြိတိသျှအစိုးရသည် တောင်တန်းဒေသမှ တိုင်းရင်းသားခေါင်းဆောင် များ၏ ဆန္ဒသဘောထားများကို ယူလိုပါသေးသည်ဟုဆိုကာ 'တောင်တန်းဒေသ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရေးကော်မရှင်'ဟူ၍ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းကာ မေမြို့ (ယခု ပြင်ဦးလွင်) တွင် ရုံးစိုက်လျက် ပြည်နယ်ခေါင်းဆောင် အသီးသီးအား ခေါ်ယူစစ်မေးခဲ့လေသည်။

ထိုအခါ ကရင်နီ (ကယားပြည်နယ်) ခေါင်းဆောင်များနှင့် မိုးဖြိုဒေသ တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ ပြည်နယ်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် စည်းလုံးညီညွတ်စွာ ပါဝင်လိုကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါ်ယူကျင်းပမည့် တိုင်းပြုပြည်ပြု လွှတ်တော်သို့ ကိုယ်စားလှယ် စေလွှတ်ရန်လည်း သဘောတူကြောင်းကို ပွင့်လင်းစွာပင် ထွက်ဆို အစစ်ခံခဲ့ကြလေသည်။

လွိုင်ကော်မြို့၌ ကရင်နီ (ကယားပြည်နယ်) ခေါင်းဆောင်များနှင့် တကွ ပြည်သူလူထုအား ရင်းနှီးစွာ တွေ့ဆုံပြီးနောက် ဗိုလ်ချုပ်သည် ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မှ တောင်ကြီးသို့ ပြန်လာခဲ့လေသည်။

□



[ ၃ ]

တောင်တွင်းကြီးမြို့တွင် ရုံးစိုက်နေထိုင်သော ဗြိတိသျှအစိုးရ တောင်တန်းဒေသ အရေးပိုင် (ခရိုင်ဝန်) မစ္စတာဘာရိတ်ကီဆိုသူသည် ဗိုလ်ချုပ်တို့ လွိုင်ကော်မြို့တွင် ရှိစဉ်ကပင် တောင်ကြီးရောက်လျှင် သူ့နေအိမ်တွင် တည်းခိုရန်နှင့် ညစာစားပွဲ တစ်ရပ် တည်ခင်းဧည့်ခံလိုကြောင်း ကြေးနန်းရိုက် ဖိတ်ကြားလေသည်။

အဆိုပါ ကြေးနန်းကို ကျွန်တော်က တင်ပြသောအခါ ဗိုလ်ချုပ်က–

'သူ့အိမ်မှာတော့ မတည်းလိုဘူး၊ ဒါပေမဲ့ ၂၄ ရက်နေ့ည ညစာတော့ စားမယ်လို့ အကြောင်းပြန်လိုက်'ဟု အမိန့်ပေးသဖြင့် ကျွန်တော်လည်း ထို အတိုင်းပင် အင်္ဂလိပ်ဘာသာဖြင့် တောင်ကြီးသို့ ကြေးနန်းရိုက်လိုက်ရပါသည်။

သို့နှင့်ပင် ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ ညတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသ အရေးပိုင် မစ္စတာ 'ဘာရိတ်ကီ'တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့လေသည်။

ထိုညက ဖိတ်ကြားထားသော ဧည့်သည်များက စုံလှပါသည်။ ရှမ်းပြည်နယ်ရှင် စော်ဘွားကြီးများနှင့် မဟာဒေဝီများအပြင် တောင်တန်းဒေသ အရာရှိ မစ္စတာစတီဗင်ဆင်အမှူးပြုသော အင်္ဂလိပ်အရာရှိများလည်း ပါဝင်ပေသည်။

ညစာစားပြီး အလ္လာပသလ္လာပစကား ပြောနေကြစဉ် မဟာဒေဝီတစ်ဦးက ဗိုလ်ချုပ်အား သူတို့ရှမ်းပြည်နယ်မှ တိုင်းရင်းသားများသည် မျက်စိမပွင့်ကြသေး၍ နယ်အနှံ့သို့ လှည့်လည်ဟောပြောရန် ပြောလေရာ ဗိုလ်ချုပ်သည် စတီဗင်ဆင်အား ညွှန်ပြရင်း–

'ဒါကတော့ သူတို့ကပြောတာ ဖြစ်မှာပါဗျာ'ဟု ခပ်တည်တည် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်က–

'သူတို့လက်အောက်မှာ အနှစ် ၆၀ လုံးလုံး ကျွန်အဖြစ်နေခဲ့ရလို့ ပြည်နယ်သားတွေကို ရိုင်းတယ်လို့ အဆိုခံနေရတာပါ။ သူတို့ထွက်သွားတဲ့ အခါကျတော့ ချက်ချင်း ယဉ်ကျေးလာအောင် ကျုပ် လုပ်ပြပါမယ်'ဟု ပြောလိုက်ပြန်သည်။

ဗိုလ်ချုပ်က ယင်းသို့ ပွင့်လင်းစွာ ပြောလိုက်သည်ကို ရှမ်းစော်ဘွားများနှင့် မဟာဒေဝီများ အတွက် အထူးဝမ်းမြောက်အားရကြသလောက် စတီဗင်ဆင်တို့ အနေဖြင့် မျက်စိမျက်နှာပျက်လောက်အောင် အောင့်သက်သက် ဖြစ်သွားခဲ့ရလေသည်။

*

မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်သို့သွားရောက်အရေးဆိုရမည့်အချိန်ကား ရက်ပိုင်းမျှသာ လိုတော့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးစုအား စည်းရုံးရေးကိုသာလျှင် သဲသဲမဲမဲ ကြိုးပမ်းနေခဲ့ဖြစ်လေသည်။

'မစ္စတာဘာရိုတ်ကီ'၏ ညစာစားပွဲအပြီး နောက်တစ်နေ့ ၁၉၄၆–ခု၊ ဒီဇင်ဘာ ၂၅ ရက် (ခရစ်စမတ်)နေ့တွင် ဗိုလ်ချုပ်သည် တောင်ကြီးမြို့ လူထုစည်းဝေးပွဲကြီး၌ ညီညွတ်ရေးတရား ဟောခဲ့သေးသည်။

ယင်း လူထုစည်းဝေးပွဲကြီး၌ ဗိုလ်ချုပ်က ရှမ်းပြည်တွင် သွားရောက်နေထိုင်ကြသူ မြန်မာအမျိုးသားများအား အောက်ပါအတိုင်း သတိပေးခဲ့လေသည်။

"ရှမ်းပြည်မှာလာနေပြီး ရောင်းဝယ်ဖောက်ကားနေတဲ့ ဗမာတွေကိုလည်း သတိပေးချင်ပါတယ်။ ခင်ဗျားတို့အနေနဲ့ ရှမ်းအမျိုးသားတွေအပေါ်မှာ အထင်မသေးရဘူး။ သွေးချင်းသားချင်းအဖြစ် ရင်းရင်းချာချာ သဘောထားရမယ်။ ဆက်ဆံရမယ်။ သူတို့ရဲ့ ဓလေ့ထုံးစံများကိုလည်း မလေးမခံမြင် မလုပ်ရဘူး။ ခင်ဗျားတို့ကို အထူးသတိပေးလိုတဲ့ အချက်ကတော့ ရှမ်းလူမျိုးများနဲ့ ဆက်ဆံရာမှာ အရင်းတွေကို ခေါင်းပုံဖြတ်အမြတ်ထုတ်တဲ့ အမှေ့ဝါဒမျိုး မလုပ်ရဘူး။ တကယ်လို့ ကျုပ် သတိပေးတဲ့အတိုင်း မလိုက်နာကြဘဲ အရင်းရှင်ဝါဒသမားတွေလို ထင်ရာလုပ်နေကြမယ်ဆိုရင်တော့ ကျုပ်တို့က ခင်ဗျားတို့အပေါ် လျစ်လျူရှုနေမှာ မဟုတ်ဘူး"

ဗိုလ်ချုပ်က ဤသို့ သတိပေးစကား ပြောကြားခဲ့ခြင်းမှာ အဓိပ္ပာယ်ရှိပေသည်။ 'လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံထူထောင်သည့်အခါ တောင်တန်းဒေသနေ တိုင်းရင်းသား လူမျိုးစုများကိုလည်း ပြည်မမှ မြန်မာတို့နှင့် ကျောသားရင်သားမခွဲခြားဘဲ တန်းတူအခွင့်အရေးများ ရရှိစေမည်'ဟု အာမခံချက် အခိုင်အမာပေးလိုသည့် သဘောပင် ဖြစ်လေသည်။



ထို့ကြောင့် ဗိုလ်ချုပ်၏ဟောပြောချက်ကို လူထုစည်းဝေးပွဲ တက်ရောက်လာသော ရှမ်းအမျိုးသား ပရိသတ်က အထူးပင် နှစ်ထောင်းအားရ ဖြစ်ခဲ့ကြလေသည်။

အထက်ပါ လူထုစည်းဝေးပွဲမှာ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့တွင် ကျင်းပခဲ့ရာ ထိုနေ့ ညနေဘက်တွင် ဗိုလ်ချုပ်သည် ညောင်ရွှေမြို့သို့ ခရီးဆက်ထွက်ခဲ့လေသည်။

ခရီးရောက်မဆိုက်မှာပင် ညောင်ရွှေစော်ဘွားကြီး၏ ဟော်၌ ရှမ်းစော်ဘွားများနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့လေသည်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် (ခရစ်စမတ်)နေ့ ညဘက်ဖြစ်လေသည်။

ယင်း ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်က အောက်ပါအတိုင်း ပွင့်လင်းစွာ ပြောခဲ့သည်။

'ဘိလပ်အစိုးရက ကျွန်တော့်ကို ဗမာပြည်အရေး ဆွေးနွေးဖို့ဆိုပြီး ဖိတ်ခေါ်ထားပါတယ်။ ဘိလပ်ရောက်သွားရင် တောင်တန်းဒေသကိစ္စကိုပါ ပြောရလိမ့်မယ်။ ရှမ်းပြည်နယ်အကျိုးအတွက် ကျွန်တော်ညွှန်ကြားထားတဲ့အတိုင်း သဘောတူ လက်မှတ်ထိုးပေးလိုက်ရင်တော့ အကောင်းဆုံးပါပဲ'

စော်ဘွားကြီးများကကည်း ဗိုလ်ချုပ်၏စေတနာကို ကောင်းစွာ ယုံကြည်ပါကြောင်း၊ ယခု အကြံပေးချက်မှာလည်း လျော်ကန် သင့်မြတ်လှကြောင်း၊ သို့သော် ယင်းအစည်းအဝေးတွင် ရှမ်းပြည်တောင်ပိုင်းမှ စော်ဘွားများသာပါဝင်ပြီး မြောက်ပိုင်းစော်ဘွားများ မပါသေးသဖြင့် မကြာမီ စော်ဘွားအားလုံးစုံညီသည့် ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်၍ ဗိုလ်ချုပ်ထံ အမြန်ဆက်သွယ် အကြောင်းကြားပါမည်ဟု ကတိပေးခဲ့ကြလေသည်။

ယင်းသို့ နယ်ရှင်စော်ဘွားများနှင့် ရင်းနှီးစွာ ဆွေးနွေးပြီးနောက် ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၆ရက်နေ့ နံနက် ညောင်ရွှေမြို့၌ ကျင်းပသည့် လူထုစည်းဝေးပွဲကြီးတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် လူထုပရိသတ်အား ဤသို့ပွင့်လင်းစွာ ဟောပြောခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗမာနိုင်ငံဟာ မကြာမီ လွတ်လပ်ရေးရပါတော့မယ်။ ရှမ်းပြည်ကိုတော့ အင်္ဂလိပ်အစိုးရက ခြေကုပ်ယူထားပြီး အရေးကြီးတဲ့ အခွင့်အရေးတွေကို သူတို့လက်ထဲ ဆက်ထားဖို့ စိတ်ကူးနေကြတယ်။ ကမ္ဘာ့သမိုင်းမှာ တိုင်းပြည်တစ်ပြည်က အခြားတိုင်းပြည်တစ်ပြည်ကို သိမ်းပိုက်ထားတယ်ဆိုတာ စေတနာရှိလို့ မဟုတ်ဘူး၊ လိုချင်လို့သာ သိမ်းပိုက်ထားခြင်း ဖြစ်တယ်။ ပြီးတော့လည်း ပြန်လက်မလွှတ်ချင်ကြဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဗမာပြည်ကို လက်မလွှတ်ရင် မဖြစ်တဲ့ အခြေအနေရောက်နေပါပြီ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့အချိန်က စပြီး နိုင်ငံတကာရဲ့ အခြေအနေတွေဟာ ပြောင်းလဲနေပါတယ်။ ဘုရင်စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့ အီတလီနိုင်ငံတွေဟာ ဒီမိုကရေစီစနစ်အရ သမ္မတအုပ်ချုပ်တဲ့ နိုင်ငံများ ဖြစ်လာကြရတယ်။ စာပေကျမ်းဂန်များမှာ ပါတဲ့အတိုင်း ရှေးအခါက တိုင်းသူပြည်သားများက သူတို့ကို အုပ်ချုပ်တဲ့ သမ္မတမင်းကို တင်မြှောက်ကြရပါတယ်။ ဒီသမ္မတကလည်း မင်းကျင့်တရား ဆယ်ပါးနဲ့အညီ လိုက်နာကျင့်ကြံရတယ်။ မင်းကျင့်တရားနဲ့ ဆန့်ကျင်ရင်တော့ တိုင်းပြည်ကပေးတဲ့ အပြစ်ဒဏ်ကို ခံရတယ်။ ဥပမာ–ဝေဿန္တရာမင်းကြီးဟာ တိုင်းသူပြည်သားတွေရဲ့ အဆိုနဲ့ ဆန့်ကျင်တဲ့အတွက် တိုင်းပြည်က နှင်ထုတ်ခြင်း ခံခဲ့ရပါတယ်။ အခုအခါမှာလည်း အဲဒီခေတ်မျိုး ပြန်ရောက်လာပါတယ်'

'ကျွန်တော်တို့အနေနဲ့ ရှမ်းပြည်ကိုလည်း လွတ်လပ်စေချင်တယ်။ လွတ်လပ်တယ်ဆိုတာဟာလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တိုင်းတစ်ပါးက နိုင်ငံခြားအစိုးရက ချုပ်ခြယ်ထားတာမျိုး မရှိတဲ့ လွတ်လပ်ရေးမျိုးကို ဆိုလိုပါတယ်။ လွတ်လပ်စွာ ဟောပြောရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်များလည်း ရှိရမယ်၊ ရှမ်းလူမျိုးအစိုးရ၊ ရှမ်းအမျိုးသား အရာရှိများနဲ့ ရှမ်းပြည်ကို လွတ်လပ်စွာ အုပ်ချုပ်နိုင်ခွင့် ရှိရမယ်။ အခုတော့ ရှမ်းပြည်ကို ဘုရင်ခံလက်မှာထားပြီး အင်္ဂလိပ်တွေကသာ ခြယ်လှယ်နေတယ်။ ကျွန်တော်တို့ကတော့ အင်္ဂလိပ်ဘုရင်ခံက တိုက်ရိုက်မအုပ်ချုပ်ဘဲ ရှမ်းဝန်ကြီးတစ်ဦး ခန့်ထားအုပ်ချုပ်စေဖို့ လိုလားပါတယ်။ အဲဒီအတိုင်း ဖြစ်လာဖို့လည်း ဘိလပ်အစိုးရထံတောင်းဆိုထားပြီးပါပြီ။ နောက်တစ်ခုက ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာ ရှမ်းပြည်ကို ရှမ်းအမျိုးသားများက အုပ်ချုပ်ပြီး နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ စီးပွားရေးစတဲ့ အရေးကြီးတဲ့ ကိစ္စမျိုးတွေကို ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။



အခုအချိန်အခါမျိုးမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ဖို့ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား အချင်းချင်းသာမက အာရှတိုက်က နိုင်ငံအချင်းချင်းတောင် ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်လို့ ဆိုရပါမယ်'

*

ဤသို့လျှင် ညောင်ရွှေလူထုအစည်းအဝေးပွဲကြီး၌ စည်းလုံးညီညွတ်ရေးတရား ဟောပြောခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့တွင်ပင် ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ ပြန်ခဲ့လေသည်။

မြန်မာ့လွတ်လပ်ရေးတွက် လန်ဒန်မြို့သို့ ခရီးထွက်ရန် ခြောက်ရက်မျှသာ လိုတော့ပေသည်။

*

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်သို့သွား၍ ဗြိတိသျှအစိုးရနှင့် မြန်မာ့လွတ်လပ်ရေးကိစ္စ အသေးစိတ် ဆွေးနွေးရန် အစီအစဉ်များသည် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အားလုံးအဆင်သင့် ဖြစ်နေပေပြီ။

ဆွေးနွေးပွဲများကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကြရန် ကြိုတင်ညှိနှိုင်းထားပြီးဖြစ်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့သို့ ဇန်နဝါရီလ ၁၀ ရက်နေ့ အရောက်သွားကြရမည် ဖြစ်သည်။

ဗိုလ်ချုပ်သည် ဘိလပ်အစိုးရနှင့် ထိပ်တိုက်တွေ့ဆုံဆွေးနွေးခြင်း မပြုမီ သူနှင့် ခင်မင်ရင်းနှီးသော အိန္ဒိယခေါင်းဆောင်ကြီး 'ဂျဝါဟာလာလ်နေရူး'နှင့် ပွင့်လင်းရင်းနှီးစွာ တိုင်ပင်လိုသည့်ဆန္ဒ ဖြစ်ပေါ်မိလေသည်။

ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တစ်မျိုး ညှိနှိုင်းစီစဉ်ရပြန်လေသည်။

ဗိုလ်ချုပ်က မစ္စတာနေရူးနှင့် ဆွေးနွေးတိုင်ပင်ရန် ရန်ကုန်မြို့မှ ခပ်စောစော ကြိုတင်၍ အိန္ဒိယပြည် နယူးဒေလီမြို့သို့ သွားနှင့်ပြီး သခင်မြ (အာဇာနည်ခေါင်းဆောင်) အမှူးပြုသော ကျန်မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ဇန်နဝါရီလ ၇ ရက်နေ့မှ ထွက်လာကြရန် ဖြစ်သည်။ ဗိုလ်ချုပ်က နယူးဒေလီမှ တစ်ဆင့် ကရာချိမြို့ (ထိုအချိန်က ပါကစ္စတန် မဖြစ်သေး)သို့ လာ၍ သခင်မြတို့အဖွဲ့နှင့်ဆုံပြီးမှ လန်ဒန်သို့ ခရီးဆက်ရန် စီစဉ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်မြို့မှ စတင်ခရီးထွက်သည့်နေ့ကား ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့ပင် ဖြစ်သည်။ အိန္ဒိယပြည်သို့ ကြိုတင်သွားရန် အတွက် ဗိုလ်ချုပ်အောင်ဆန်းအား ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ကူညီသဖြင့် အာ–အေ–အက်ဖ် ဗြိတိသျှလေတပ်မှ 'ဒါကိုတာ' အမျိုးအစား လေယာဉ်တစ်စင်း ရရှိခဲ့လေသည်။

သို့နှင့်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆိုရန် ပထမ ခရီးတစ်ထောက်ဖြစ်သော အိန္ဒိယပြည်သို့ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၇ နာရီတိတိ တွင် မင်္ဂလာဒုံလေဆိပ်မှ စတင်ထွက်ခွာသွားလေသည်။

စစ်အတွင်းက အရေးပေါ်သုံးခဲ့သည့် 'ဒါကိုတာ' လေယာဉ်မှာ ယခုခေတ် 'ဘိုအင်းဂျက်' လေယာဉ်ကြီးများလို မမြန်လှဘဲ ခပ်မှန်မှန်ပင် ပျံသန်းခုတ်မောင်း သွားရာ နံနက် ၁၀ နာရီခွဲခန့်တွင် အိန္ဒိယပြည် ကာလကတ္တားမြို့ပြင်ဘက် 'ဒမ်ဒမ်'လေဆိပ်သို့ ခေတ္တဆင်းသက် ရပ်နားလေသည်။ လေယာဉ်ကွင်း၌ ကျွန်တော်တို့ မမျှော်လင့်မိသော ဖြစ်ရပ်တစ်ခုကား အိန္ဒိယအမျိုးသားတစ်စုက ဗိုလ်ချုပ်အောင်ဆန်းအား နှုတ်ဆက် ခရီးဦးကြို ပြုနေကြခြင်းပင်ဖြစ်သည်။

စစ်အတွင်းက အိန္ဒိယ လွတ်လပ်ရေးကို ပြင်ပမှကြိုးပမ်းခဲ့သူ 'ဆုဘတ်စ် ချန္ဒရာဘို့စ်'၏အစ်ကို 'ဆာရတ်ချန္ဒရာဘို့စ်'၏သားက သူ့ဖခင်ကြီး ကောင်းစွာ မကျန်းမာသဖြင့် အိန္ဒိယအမျိုးသားများကို ခေါင်းဆောင်ကာ ဗိုလ်ချုပ်အောင်ဆန်း အား ကာလကတ္တားလေဆိပ်မှ ဆီးကြိုနှုတ်ဆက်၍ လန်ဒန်သွား အရေးတော်ပုံ အောင်ပါစေဟု ဆုမွန်တောင်းရင်း အိန္ဒိယ ယဉ်ကျေးမှု အစဉ်အလာအရ ပန်းကုံးများစွပ်၍ ဂုဏ်ပြုလေသည်။ ဗိုလ်ချုပ်ကလည်း အိန္ဒိယအမျိုးသားများ နှင့် ရင်းနှီးဖွယ် အလွှာပသလ္လာပ စကားများပြောပြီးနောက် ခရီးဆက်ချိန်ရောက် သဖြင့် နံနက် ၁၁ နာရီခွဲတွင် ကာလကတ္တားမှ ပြန်ထွက်ကြလေသည်။

ဒေလီမြို့သွား လေယာဉ်လမ်းကြောင်းမှာ ဂင်္ဂါမြစ်ဝှမ်းအတိုင်း အနောက် ရူးရူးသို့ သွားရမည်ဖြစ်ရာ ကောင်းကင်မှ ငုံ့ကြည့်၍ မြင်ရသော ရှုခင်းမှာ အထူးပင် လှပကြည်ညိုကောင်းနေပေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များမှတစ်ဆင့် ကျွန်တော်တို့နှင့် နီးစပ်ရင်းနှီးနေပြီဖြစ်သော ဂင်္ဂါမြစ် ကြီးနှင့်တကွ ပတ်ဝန်းကျင် ရှုခင်းများမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။



ဗိုလ်ချုပ်သည် ခရီးသွားလျှင် စကားများများ ပြောလေ့မရှိ၊ သူ့အတွေး နှင့်သူ ငြိမ်နေတတ်သော်လည်း ထိုနေ့က ကျွန်တော်၏ပခုံးကို လှမ်းပုတ်၍–

'ဟောကောင်... အောက်မယ်... မြင်ရဲ့လား၊ သေသေချာချာ ကြည့်စမ်း၊ အဲဒါပေါ့ကွ၊ နာမည်ကျော် ဂင်္ဂါမြစ်ကြီးဆိုတာ'ဟု ပြောပါသည်။

အမှန်တော့ ဗိုလ်ချုပ်သည် စစ်မဖြစ်မီက အိန္ဒိယပြည်သို့ ရောက်ခဲ့ဖူးပြီး မရောက်သေးသူ ကျွန်တော့်အား 'ရွှေကြို' သို့မဟုတ် 'တိုးရစ်–ဂိုက်' လုပ်၍ ပြောပြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ကလည်း...

'ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ကြားဖူးနေတဲ့ ဂင်္ဂါမြစ်ကို ခုမှပဲ မြင်ဖူးတော့တယ်'ဟု ပြောလိုက်ရပါသည်။

သို့နှင့်ပင် လေယာဉ်က ဆက်လက်ပျံသန်းသွားရာ ညနေ ၄ နာရီ၊ မိနစ် ၄၀ တွင် နယူးဒေလီမြို့ ဆင်ခြေဖုံးရှိ 'ဝယ်လင်တန်' လေဆိပ်သို့ ရောက်သွားကြသည်။

ယင်းလေဆိပ်မှာ ကွင်းငယ်တစ်ခုသာဖြစ်၍ ခရီးသည်တင် အင်ဂျင် လေးလုံးတပ် လေယာဉ်ကြီးများ ဆင်း၍မရပေ။ ကျွန်တော်တို့၏ 'ဒါကိုတာ' က လေယာဉ်ငယ်တစ်စီးဖြစ်၍သာ ဆင်းနိုင်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း လာရောက်ကြိုဆိုနေသူများအနက် ထိပ်ဆုံးမှ တွေ့ရသူကား အိန္ဒိယခေါင်းဆောင်ကြီး 'ပဏ္ဍစ်ဂျဝါဟာလာလ်နေရူး' ပင် ဖြစ်သည်။ အိန္ဒိယအစိုးရ ပြည်ပရေးရာဌာနမှ အရာရှိများ၊ ကွန်ဂရက် ခေါင်းဆောင်ကြီးများအပြင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီး(နောက်တော့ သံအမတ်ကြီး) ဒေါက်တာရောဖ်ကိုလည်း လာကြိုသူများထဲတွင် တွေ့ရသည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်၏ အိန္ဒိယခရီးစဉ်ကို ဒေါက်တာရောဖ်၏ အကူအညီဖြင့် ကြိုတင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တွင်ရှိစဉ်က အိန္ဒိယ မဟာမင်းကြီး ဒေါက်တာရောဖ်၏ ရုံးမှ တစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် လန်ဒန်သို့အသွားတွင် ခေါင်းဆောင် ကြီး မစ္စတာနေရူးနှင့် ခေတ္တတွေ့ဆုံ တိုင်ပင်ဆွေးနွေးလိုကြောင်း အကြောင်း ကြားခဲ့သည်။ မစ္စတာ နေရူးကလည်း 'အောင်ဆန်းကသာ လာပါစေ၊ ကျွန်ုပ် လက်ခံတွေ့ဆုံပါမည်'ဟု ချက်ချင်း အကြောင်းကြားခဲ့သဖြင့် အစစအရာရာ

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေ ချောမောခဲ့ခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ် လေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် အိန္ဒိယခေါင်းဆောင်ကြီး နေရူးသည် ရွှင်ပြုံးစွာဖြင့်…

'ဟဲလို… အောင်ဆန်း'ဟု ဖက်လှဲတကင်း ရင်းနှီးစွာ နှုတ်ဆက်လေတော့သည်။

ထိုအခိုက် 'သခင်မျိုးဟော့ တို့ဗမာ'ဟု မြန်မာဘာသာဖြင့် ပီပီသသ ကြွေးကြော်သံကို ကြားလိုက်ရသဖြင့် ဗိုလ်ချုပ်နှင့် ကျွန်တော်တို့မှာ အံ့အားသင့်စွာဖြင့် အသံကြားရာဘက်သို့ လှည့်ကြည့်ရာ မြန်မာအမျိုးသား ၁၅ ယောက်ခန့် လေဆိပ်တွင် လာကြိုနေကြောင်း တွေ့ရပါသည်။ သူတို့သည်ကား နယူးဒေလီမြို့ 'အောလ်အင်ဒီးယားရေဒီယို' အသံလွှင့်ဌာန မြန်မာပိုင်းဆိုင်ရာ အစီအစဉ်မှ အမှုထမ်းများဖြစ်ကြောင်း သိရပါသည်။ သူတို့၏ခေါင်းဆောင်မှာ စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာ နည်းပြဆရာမ မစွက်ခင်ဖော်ပင် ဖြစ်သည်။ သူတို့အနေဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်သွားအရေးဆိုမည့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား လေးစားစွာ အားပေးဂုဏ်ပြုလို၍ ယခုလို လာရောက်ကြိုဆို နှုတ်ဆက်ကြခြင်းဖြစ်သည်။

'သခင်မျိုးဟော့ တို့ဗမာ'ဟူသော အသံကို ကြားလိုက်ရချိန်၌ တစ်ချိန်က တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သူ ဗိုလ်ချုပ်၏မျက်လုံးများ စူးရှတောက်ပြောင်လာကာ မျက်နှာထားကလည်း ပြုံးလိုက်ပါသည်။

နယူးဒေလီလေဆိပ်၌ သတင်းစာဆရာများ၊ ဓာတ်ပုံနှင့် သတင်းထောက်များကလည်း စုံလင်စွာ ရောက်ရှိနေသဖြင့် ဓာတ်ပုံနှင့် သတင်းရုပ်ရှင်တွေ ရိုက်ကြသလို သတင်းစာဆရာများကလည်း ဗိုလ်ချုပ်အနားသို့ အတင်းတိုး၍ မေးခွန်းမျိုးစုံ မေးကြရာ ဗိုလ်ချုပ်က စကားများများမပြောဘဲ မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်အစိုးရထံ သွားရောက်အရေးဆိုပါမည်၊ အခြေအနေ မည်သို့ဖြစ်လာမည်ဟု မပြောနိုင်သေးဟုသာ တိုတိုတုတ်တုတ် ဖြေကြားလိုက်သည်။

အိန္ဒိယခေါင်းဆောင်ကြီး နေရူးသည် ဗိုလ်ချုပ်နှင့် လွတ်လပ်စွာတိုင်ပင်ဆွေးနွေးနိုင်ရန်အတွက် ဟိုတယ်၌ မတည်းခိုစေဘဲ သူ၏ နေအိမ်တွင်ပင် တည်းခိုစေခဲ့လေသည်။

သူ၏ချစ်သမီး အင်ဒီရာဂန္ဒီကိုယ်တိုင် အိမ်ရှင်မအဖြစ် လိုလေသေးမရှိ ဧည့်ခံပြုစုရန်လည်း စီစဉ်ထားပါသည်။



သို့နှင့်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့ညမှစ၍ ၆ ရက်နေ့အထိ နယူးဒေလီမြို့တွင် လေးရက်ကြာနေထိုင်ကာ အိန္ဒိယခေါင်းဆောင်ကြီး နေရူးနှင့် နိုင်ငံရေး ပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခဲ့ပါသတည်း။

❒

(၃)

www.burmeseclassic.com



[ ၄ ]

ဗိုလ်ချုပ်အောင်ဆန်းသည် ဘိလပ်သို့အသွား အိန္ဒိယပြည်သို့ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့က ထွက်ခွာခဲ့ရာ ထိုနေ့ညနေဘက် နယူးဒေလီမြို့သို့ ရောက်ပြီး အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူး၏အိမ်မှာပင် တည်းခိုခဲ့သည်။ ခရီးပန်းလာသဖြင့် ထိုနေ့အဖို့ မည်သည့်အစီအစဉ်မှ မလုပ်တော့ဘဲ နားနေရင်း မစ္စတာနေရူးနှင့် စကားပြောဆို ဆွေးနွေးကြလေသည်။

နှစ်ယောက်သား အထွေထွေ နိုင်ငံရေး အခြေအနေများအကြောင်း ပြောဆိုရင်း မစ္စတာနေရူးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ဗိုလ်ချုပ်၏ လက်မောင်းကို ရင်းနှီးစွာ ပုတ်လိုက်သည်။

'ဒါထက် အောင်ဆန်း မင်း ရောက်လာတာနဲ့ အတော်ပဲ၊ နက်ဖြန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သိပ္ပံပညာ ကွန်ဂရက် (Indian Science Congress) အစည်းအဝေးကြီးရှိတယ်၊ လူစုံလည်း တွေ့ရမယ်၊ မင်း စိတ်ဝင်စားမှာပါပဲ၊ အဲဒီ သိပ္ပံကွန်ဂရက်မှာ ငါ ဥက္ကဋ္ဌပဲကွ၊ နက်ဖြန် တစ်ခါတည်း လိုက်ခဲ့ပေတော့"

နေရူးက အားရပါးရပြောသဖြင့် ဗိုလ်ချုပ်ကလည်း လိုက်ခဲ့ပါမည်ဟု ကတိပေးလိုက်ပါသည်။

ထိုအချိန် (၁၉၄၇ ခု)ကပင် အိန္ဒိယနိုင်ငံရှိ သိပ္ပံပညာရှင်များ၏ အရည်အသွေးက အတော်ပင် ခရီးရောက်နေပြီဖြစ်ရာ ယခုကျင်းပသော 'သိပ္ပံပညာ ကွန်ဂရက်'မှာ ၃၄ ကြိမ်မြောက် ဖြစ်ကြောင်းကိုလည်း သိရပါသည်။

သို့နှင့်ပင် နောက်တစ်နေ့ (ဇန်နဝါရီလ ၃ ရက်) မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်သည် အိန္ဒိယခေါင်းဆောင်ကြီး နေရူးနှင့်အတူ အိန္ဒိယသိပ္ပံပညာ ကွန်ဂရက် အစည်းအဝေးကြီးသို့ တက်ရောက်ခဲ့ပါသည်။



မစ္စတာနေရူး ကိုယ်တိုင်က သိပ္ပံပညာ တိုးတက်ထွန်းကားရေးကို အထူး စိတ်ဝင်စားပြီး အားပေးသမှု ပြုခဲ့၍လည်း 'အိန္ဒိယ သိပ္ပံပညာ ကွန်ဂရက်'မှာ နိုင်ငံခြားသို့တိုင်အောင် ထင်ရှားကျော်ကြားသည့်အထိ အောင်မြင်ခဲ့ရခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါ ကွန်ဂရက် ညီလာခံကြီးသို့ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံများမှ သိပ္ပံပညာရှင်များ အပါအဝင် ကိုယ်စားလှယ် ၁၂၀၀ ကျော်ခန့် တက်ရောက်သဖြင့် ခမ်းနားသိုက်မြိုက်လှပါသည်။

ညီလာခံတွင် သိပ္ပံပညာ ကွန်ဂရက်ဥက္ကဋ္ဌအဖြစ် မစ္စတာနေရူးက မိန့်ခွန်း ပြောကြားရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်း သိပ္ပံပညာထွန်းကား တိုးတက်မှု အရှိန်အဟုန်သည် မကြုံဖူးအောင် ထွန်းကားတိုးတက်လာမည့် အလားအလာ ရှိကြောင်းနှင့်တကွ ကမ္ဘာ့သိပ္ပံ ပညာရှင်ကြီးများ၏ ကြိုးပမ်းတီထွင်မှုများကို အိန္ဒိယသိပ္ပံပညာရှင်များကလည်း ရင်ဘောင်တန်းလိုက်နိုင်အောင် ကြိုးစားကြရန် တိုက်တွန်းရင်း အဏုမြူ (နျူကလီးယား) စွမ်းအင် သုတေသနလုပ်ငန်း၌ အထူးခရီးရောက်နေပြီဖြစ်သော အိန္ဒိယအမျိုးသားလူငယ် သိပ္ပံပညာရှင် 'ဒေါက်တာဘာဘာ'ဆိုသူ၏ စွမ်းရည်ကိုပါ ထည့်သွင်းချီးကျူးသွားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ယင်းအိန္ဒိယသိပ္ပံပညာ ကွန်ဂရက် ညီလာခံကို အထူးပင် စိတ်ဝင်စားခဲ့ပါသည်။

သိပ္ပံပညာ ကွန်ဂရက်အပြီးတွင် အာရှနိုင်ငံများ စည်းလုံးညီညွတ်ရေးကို လိုလားသူများက စုပေါင်းစီစဉ်သော လက်ဖက်ရည်ပွဲတစ်ခုသို့ တက်ရောက်ရပါသေးသည်။ လက်ဖက်ရည်ပွဲတွင် စီစဉ်သူ အိန္ဒိယ အမျိုးသားများအပြင် အာရှညီညွတ်ရေးကို လိုလားသော တရုတ်၊ ပြင်သစ်၊ အမေရိကန် လူမျိုးများနှင့် ဗီယက်နမ်မှ ကိုယ်စားလှယ်အချို့ပါ တွေ့ရပါသည်။ ဧည့်ခံသူများက ထိုပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အားလုံးနှင့် ရင်းနှီးစွာ စကားပြောဆို ဆွေးနွေးခဲ့ပါသည်။

ထိုနေ့ (ဇန်နဝါရီလ ၃ ရက်) ညစာစားပွဲကိုကား အိန္ဒိယနိုင်ငံ အစိုးရက တရားဝင် ဂုဏ်ပြုဧည့်ခံသည့်အနေဖြင့် နာမည်ကြီး 'အင်ပီးရီးယယ်လ်' ဟိုတယ်ကြီးတွင် တခမ်းတနား တည်ခင်းဧည့်ခံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲသို့ ထိုအချိန်က အိန္ဒိယနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံး တက်ရောက်ကြသည့်အပြင် အိန္ဒိယ လက်နက်ကိုင်တပ်ပေါင်းစုသေနာပတိချုပ် ဗိုလ်မှူးချုပ် 'လော့ဒ်အော့ချင်လက်'ပါ တက်ရောက်သဖြင့် ဗိုလ်ချုပ်နှင့် မိတ်ဆက်ပေးပြီး ရင်းနှီးစွာ စကားပြောခွင့် ရခဲ့ပါသည်။

ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ဗိုလ်ချုပ်သည် အပြင်ဘက်မထွက်ဘဲ အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမာဂန္ဓီနှင့်ပင် စကားစမြည် ပြောဆိုဆွေးနွေးနေပြီး နံနက် ၁၁ နာရီထိုးမှ နယူးဒေလီမြို့ရှိ အိန္ဒိယပြည် စစ်ဦးစီးဗဟိုဌာနချုပ် (ဂျီ-အိပ်ချ်ကျူ)သို့ သွားရောက်ကြည့်ရှုပါသည်။

အိန္ဒိယ တစ်နိုင်ငံလုံးရှိ လက်နက်ကိုင်တပ်အားလုံးကို ကြီးကိုင်ကွပ်ကဲအုပ်ချုပ်ရသော ဌာနဖြစ်၍ ဌာနခွဲပေါင်းများစွာနှင့် အလွန်ကြီးကျယ်သောရုံးကြီးပင်တည်း။

အိန္ဒိယပြည်ရှိ တပ်များကို ဗြိတိသျှတို့က စတင်ဖွဲ့စည်း အုပ်ချုပ်ခဲ့သည့်အတိုင်း ယခု စစ်ဌာနချုပ်ကိုလည်း ဗြိတိသျှတပ်များ ပုံစံအတိုင်း စနစ်တကျကွပ်ကဲကြီးကြပ်ရန် ဌာနခွဲများ အသီးသီးဖန်တီးထားလေရာ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဌာနချုပ် ဖွဲ့စည်းပုံများကို အထူး စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုပါသည်။

'တို့ လွတ်လပ်ရေး ရပြီးတော့လည်း လတ်တလော တပ်ဖွဲ့စည်းပုံကို ဒီပုံစံမျိုးပဲ ထားရဦးမှာပဲ"

စစ်ဌာနချုပ်မှ အပြန်လမ်းတွင် ဗိုလ်ချုပ်က ဤသို့ မှတ်ချက်ချခဲ့ပါသည်။

**မှတ်ချက်**။ ။ ၁၉၄၈ ခုနှစ်၊ မြန်မာ့လွတ်လပ်ရေးရပြီးနောက် ရန်ကုန်စစ်ရုံးချုပ်ဖွဲ့စည်းပုံကို ဗြိတိသျှ စစ်မစ်ရှင်၏ အကြံပေးချက်ဖြင့် ဗိုလ်ချုပ်ပြောခဲ့သည့်အတိုင်းပင် ဗြိတိသျှ တပ်ပုံစံကဲ့သို့ ဖွဲ့စည်းခဲ့ပါသည်။

**စာရေးသူ**

ထိုနေ့ နေ့လယ် တစ်နာရီခွဲတွင် အိန္ဒိယ ဘုရင်ခံချုပ် ဗိုင်းကောင့် (မြို့စားကြီး) ဝေဗယ်လ်၏ ဖိတ်ကြားချက်အရ ဘုရင်ခံချုပ် အိမ်တော်၌ နေ့လယ်စာ စားရပါသည်။

တိုက်ဆိုင်မှုတစ်ခုကား ဗြိတိသျှအစိုးရ အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီးမစ္စတာ 'ဟင်ဒါဆင်'သည်လည်း နယူးဒေလီမြို့သို့ ရောက်နေသဖြင့် ဗိုလ်ချုပ်



အောင်ဆန်းနှင့် ဝန်ကြီးဟင်ဒါဆင်တို့ ဘုရင်ခံချုပ်၏ နေ့လယ်စာ စားပွဲတွင် တွေ့ဆုံရခြင်းပင် ဖြစ်သည်။

ဘုရင်ခံချုပ် ဝေဗယ်လ်သည် နိုင်ငံရေးသမားတစ်ယောက် မဟုတ်ဘဲ ဗြိတိသျှစစ်တပ်မှ ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်လေရာ နေ့လယ်စာစားပွဲ၌ နိုင်ငံရေးစကား များများမပြောချေ။ ဗိုလ်ချုပ်အောင်ဆန်းအား လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမခေါင်းဆောင် ဖြစ်လာမည့်သူဟု တစ်ထစ်ချတွက်လျက် ရည်မွန်ယဉ်ကျေးစွာ အလွှာပသလ္လာပ စကားများကိုသာ ပြောကြားပါသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းကမူ ဗြိတိသျှဝန်ကြီး ဟင်ဒါဆန် ရှိနေခြင်းကို အကွက်ကောင်းဟု ယူဆလျက် မြန်မာလူမျိုးတို့၏ သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် လွတ်လပ်ရေး မရ,ရအောင် ကြိုးပမ်းခဲ့ပုံများကို အားရပါးရ ပြောကြားလေသည်။

ထိုနေ့က နေ့လယ်စာ စားပွဲတွင် နယူးဒေလီမြို့ရှိ ထိပ်သီးမျက်နှာကြီးမျက်နှာဖြူလူမျိုး ယောက်ျား၊ မိန်းမ ပရိသတ်စုံလင်စွာ ရှိနေသည့်ကြား၌ ဗိုလ်ချုပ်က သူ၏ နိုင်ငံရေး အယူအဆများကို ရဲတင်းပွင့်လင်းစွာ ပြောလိုက်ခြင်းကိုပင် ဘုရင်ခံချုပ် ဝေဗယ်လ်က ဗိုလ်ချုပ်၏ စိတ်ဓာတ်နှင့် ဗျတ္တိအပေါ် လေးစားသွားမိကြောင်း နောက်တစ်နေ့ကျတော့ မစ္စတာနေရူးထံမှ တစ်ဆင့် သိရပါသည်။

ဇန်နဝါရီလ ၄ ရက်နေ့ ညနေ လေးနာရီခွဲတွင် အိန္ဒိယအစိုးရ ကာကွယ်ရေးဝန်ကြီး ဆာဒါ-ဘာလ်ဒေးဗ်ဆင်းက သူ၏နေအိမ်သို့ ဗိုလ်ချုပ်အား ဖိတ်ကြား၍ လက်ဖက်ရည်ပွဲ တည်ခင်းဧည့်ခံရာ ယင်းလက်ဖက်ရည်ပွဲ၌ စစ်သေနာပတိချုပ် ဗိုလ်ချုပ်မှူး 'အော့ချင်လက်'ပါ ဖိတ်ကြားထားသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် လက်နက်ကိုင်တပ်များ ဖွဲ့စည်းကွပ်ကဲပုံအကြောင်းကို အချိန်ယူ၍ ပြောဆိုဆွေးနွေးခဲ့ပါသည်။

ဇန်နဝါရီလ ၄ ရက်နေ့ ညဘက် ဗိုလ်ချုပ်သည် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးနှင့် ဆက်လက်၍ ပြောဆိုဆွေးနွေးကြပါသည်။

နေရူးသည် သူ မှာကြားလိုသော အချက်များကို ပြောဆိုပြီးနောက် ဗိုလ်ချုပ်အား မေးခွန်းတစ်ခု မေးပါသည်။

"ဒါထက် အောင်ဆန်း၊ မင်း အင်္ဂလန်ပြည်ရောက်ရင် ဘာအဝတ်အစားဝတ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဗိုလ်ချုပ်သည် မည်သို့မှ ပြန်မပြောဘဲ သူ ဝတ်ထားသော ကာကီဇင်ယူနီဖောင်း တစ်ပတ်နွမ်းကို ပြန်ငုံ့ကြည့်ရင်း ပြုံးနေလိုက်သည်။

သည်တော့ နေရူးသည် သဘောပေါက်သွားပြီး အံ့သြနေပုံ ရပါသည်။

'ဟာ... မင်းရဲ့ ဒီအဝတ်အစားမျိုးနဲ့ အလွန်အေးတဲ့ လန်ဒန်မြို့ ဆောင်းရာသီမှာ ဘယ်ဝတ်လို့ ဖြစ်မလဲကွယ်၊ ပြီးတော့ ဟိုကျရင် မင်းကို ဂျော့ဘုရင်မင်းမြတ်က ဘတ်ကင်ဟမ် နန်းတော်မှာ ပွဲတော်တည်ဖို့ ဖိတ်ချင် ဖိတ်နေမှာ၊ အဆောင်အယောင် ပကာသန အလွန်ကြိုက်တာ၊ ဗြိတိသျှလူမျိုး ပရိသတ်အလယ်မှာ မင်းက အဝတ်အစား ပြည့်ပြည့်စုံစုံမပါရင် ခက်နေပါဦးမယ်၊ မဖြစ်ပါဘူး၊ ကြည့်လုပ်ပေးလိုက်ဦးမှပဲ'

ပြောပြောဆိုဆို မစ္စတာနေရူးသည် သူ၏အတွင်းဝန်တစ်ဦးအား ချက်ချင်း ခေါ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တပည့်ဖြစ်သူ ကျွန်တော့်အတွက်ပါ သင့်လျော်မည့် ဝတ်စုံများ ချုပ်ပေးရန် ညွှန်ကြားလိုက်ပါသည်။

ညတွင်းချင်းပင် အပ်ချုပ်ပညာသည်များ ရောက်လာပြီး စနစ်တကျ ကိုယ်တိုင်းများ ယူသွားကြပြီးနောက် ၂၄ နာရီအတွင်း (နောက်တစ်နေ့ ညနေ ဘက်) ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်အတွက် အနွေးထည် သိုးမွေး သက္ကလပ်ဖြင့်ပြီးသော စစ်ဝတ်စုံ၊ ရှပ်အင်္ကျီ၊ နက်ကတိုင်လည်စီး၊ ကက်ဦးထုပ် မှစ၍ အပြည့်အစုံ ရရှိခဲ့ပါတော့သည်။

ဤနည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် နယူးဒေလီမှ ခရီးဆက် သောအခါ၌ ပုံပမ်းကျနသပ်ရပ်စွာသော သက္ကလပ်စစ်ဝတ်စုံ ယူနီဖောင်းဝတ် ပြီး ထွက်နိုင်ခဲ့ပါသည်။

ယနေ့ ပြည်သူအများ သိနေသော ဗိုလ်ချုပ်၏ ဘိလပ်သွား ဓာတ်ပုံ ထဲမှ သက္ကလပ် စစ်ဝတ်စုံ ယူနီဖောင်းမှာ သူကိုယ်တိုင် မြန်မာပြည်မှ ချုပ်ယူ သွားခြင်းမဟုတ်၊ အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးက ဗိုလ်ချုပ် ဘိလပ် အသွား လမ်းခုလပ်မှ အမြင်မတော်၍ ဆင်ပေးလိုက်သော လက်ဆောင်ပင် ဖြစ်ပါသတည်း။

❐



[၅]

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် ဘိလပ် သို့အသွား ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်မှ ၆ ရက်နေ့အထိ အိန္ဒိယပြည် နယူးဒေလီမြို့၌ ခရီးတစ်ထောက် ဝင်နားခဲ့လေ သည်။

ဗိုလ်ချုပ်၏ အဓိက ရည်ရွယ်ချက်ကား ဘိလပ်သို့ မသွားမီ အိန္ဒိယ ခေါင်းဆောင်ကြီး ဂျဝါဟာလာလ်နေရူးနှင့် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေး ရန်ပင် ဖြစ်သည်။

ထိုအချိန်က အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေး မရသေး။ အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နှစ်နိုင်ငံ ပိုင်းခြားမှုကလည်း မလုပ်ရသေးချေ။

ယင်းအခြေအနေတွင် မစ္စတာနေရူး၏ ကွန်ဂရက်ပါတီနှင့် စင်ပြိုင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်လိဂ် (မွတ်ဆလင်အဖွဲ့ချုပ်)သည်လည်း အင်အားနှင့်သြဇာ ကြီးမားစွာဖြင့် နယူးဒေလီမြို့တွင်ပင် ဌာနချုပ် ပြုလုပ်ထား လေသည်။

မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာချိန်တွင် မွတ်ဆလင် နိုင်ငံရေး ခေါင်းဆောင်များကလည်း တွေ့ဆုံလိုကြောင်း ကမ်းလှမ်း တောင်းဆိုလာကြသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံ ခွဲခြားဖြစ်ပေါ်လာရန် သေချာသလောက် ဖြစ်နေချိန်တွင် နှစ်နိုင်ငံလုံးအား အိမ်နီးချင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရန် လိုအပ်ကြောင်း တွက်မိသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကလည်း မွတ်ဆလင် ခေါင်းဆောင်တို့၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ ညနေဘက် မွတ်ဆလင်လိဂ် (အဖွဲ့ချုပ်)၏ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ လီယာကတ်အလီ၏နေအိမ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ ဗိုလ်ချုပ်သည် တက်ရောက်ခဲ့လေသည်။

မစ္စတာ လီယာကွတ်အလီသည် ထိုအချိန်က အိန္ဒိယပြည် ဗဟိုအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးလည်း ဖြစ်နေသည်။ အိန္ဒိယပြည်ရှိ သန်းပေါင်းများစွာသော မွတ်ဆလင်မ် လူထုအပေါ် ဩဇာညောင်းရာ၌ ဥက္ကဋ္ဌ 'မိုဟာမက် အလီဂျင်နား' ပြီးလျှင် သူက ဒုတိယအရေးပါဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။

သူက ဗိုလ်ချုပ်အောင်ဆန်းအား တည်ခင်းဧည့်ခံသော ညစာစားပွဲ၌ မွတ်ဆလင်မ် နိုင်ငံရေးလောက၌ ဩဇာတိက္ကမရှိသူ ပုဂ္ဂိုလ်များ စုံညီစွာ တွေ့ရလေသည်။ (ဥက္ကဋ္ဌကြီး မစ္စတာဂျင်နား တစ်ယောက်သာလျှင် ကရာချိမြို့၌ ရှိနေ၍ ညစာစားပွဲ မတက်ရောက်နိုင်ချေ။)

မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ကြား၍ ညစာစားပွဲ တည်ခင်းဧည့်ခံခြင်း၏ ရည်ရွယ်ချက်ကား ဗိုလ်ချုပ်သည် ကွန်ဂရက်ခေါင်းဆောင် နေရူးနှင့် ခင်မင်ရင်းနှီးမှန်းသိသဖြင့် (ထိုအချိန်က ဖြစ်ပွားနေသော ဟိန္ဒူ–မွတ်ဆလင် ပဋိပက္ခမှုနှင့် ပတ်သက်ပြီး) သူတို့ မွတ်ဆလင်ဘက်မှ အမြင်နှင့် သဘောထားကို ရှင်းလင်းတင်ပြလိုသောကြောင့်ပင် ဖြစ်သည်။

ယင်းအချက်ကို ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း ကြိုတင်ရိပ်မိခဲ့လေသည်။

ထင်သည့်အတိုင်းပင် ဖော်ပြပါ ဇန်နဝါရီလ ၄ ရက်နေ့က ညစာစားပွဲ၌ မွတ်ဆလင်မ် ခေါင်းဆောင်များက သူတို့အပေါ်တွင် ကွန်ဂရက်ပါတီနှင့် ဟိန္ဒူတို့၏ ပြုမူပုံများကို ရင်ဖွင့်ပြောကြလေတော့သည်။

အထူးသဖြင့် ကျွန်တော်တို့ ရောက်မသွားမီက ဖြစ်ပွားခဲ့သော 'ဘီဟာ' ပြည်နယ် လူမျိုးရေး အဓိကရုဏ်းတွင် မွတ်ဆလင်လူမျိုး အမြောက်အမြား သေကြေရပုံကို နာကျည်းကြေကွဲစွာဖြင့် တင်ပြကြလေသည်။

ထိုအချိန်က အိန္ဒိယပြည်၏ နိုင်ငံရေး အခြေအနေမှာ ဟိန္ဒူ မွတ်ဆလင် သဘောထား ကွဲလွဲမှုကို မည်သို့မျှ စေ့စပ်ရင်ကြားစေ၍ မရတော့ဘဲ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံ ခွဲခြားလိုက်မှ ဖြစ်တော့မည်ဟု ဗြိတိသျှအစိုးရကပင် သဘောပေါက် ဆုံးဖြတ်ပြီး ဖြစ်လေသည်။



ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ သဘောထား အာဘော်ကို လုံးဝ မပြောဘဲ မွတ်ဆလင် ခေါင်းဆောင်များ၏ တင်ပြချက်များကိုသာ နားထောင်နေခဲ့လေသည်။

ထိုနေ့ညက မွတ်ဆလင် ခေါင်းဆောင်များ၏ အထူးမေတ္တာရပ်ခံချက် တစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် လန်ဒန်သို့အသွား 'ကရာချိ'မြို့တွင် ခေတ္တနားနိုက် သူတို့၏ခေါင်းဆောင်ကြီး မစ္စတာ'ဂျင်နား'နှင့် မပျက်မကွက် ဝင်ရောက်တွေ့ဆုံရန်ပင် ဖြစ်လေသည်။

ဗိုလ်ချုပ်ကလည်း လိုက်လျောသည့်အနေဖြင့် မစ္စတာဂျင်နားနှင့် ဝင်တွေ့ပါမည်ဟု ကတိပေးလိုက်သည်။

•

၁၉၄၇ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၈ နာရီတိတိတွင် ဗိုလ်ချုပ်သည် နယူးဒေလီမှ ကရာချိမြို့သို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့လေသည်။

လေဆိပ်သို့ အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာ နေရူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဖထမဆုံး အိန္ဒိယသံအမတ်ကြီး ဒေါက်တာရော့ဖ်တို့အပြင် အိန္ဒိယအစိုးရ အရာရှိများ စုံညီစွာ ပို့ဆောင်နှုတ်ဆက်ကြလေသည်။

ရန်ကုန်မြို့မှ ဗိုလ်ချုပ်တို့ ထွက်လာစဉ်က ဗြိတိသျှလေတပ် (အာ–အေ–အက်ဖ်)မှ လေယာဉ်ဖြစ်သော်လည်း ယခု နယူးဒေလီမှ ကရာချိသို့ သွားရာတွင်မူ 'အိုင်–အင်–အေ'ခေါ် အိန္ဒိယ အမျိုးသား လေကြောင်းပို့ဆောင်ရေး ကုမ္ပဏီပိုင် 'ဒါကိုတာ' လေယာဉ် ဖြစ်လေသည်။

ယင်းလေယာဉ်သည် လမ်းခုလပ်ရှိ 'ဂျော့ဒ်ပူရ်'မြို့ လေဆိပ်၌ ခေတ္တဆင်းနားပြီးနောက် ဆက်လက်၍ ပျံသန်းရာ မွန်းလွဲ ၂ နာရီသာသာတွင် 'ကရာချိ'မြို့သို့ ချောမောစွာ ရောက်ရှိသွားလေသည်။

လေဆိပ်သို့ ရောက်ရောက်ချင်း ဗိုလ်ချုပ်သည် ပြဿနာ တစ်ခုကို ရင်ဆိုင်ရလေသည်။

လာရောက်ကြိုဆိုသူများတွင် မွတ်ဆလင်လိဂ် (အဖွဲ့ချုပ်) ခေါင်းဆောင်များအပြင် ကရာချိမြို့ ကွန်ဂရက်ပါတီ ခေါင်းဆောင်များလည်း ပါရှိနေသည်။ နယူးဒေလီတုန်းက ဗိုလ်ချုပ်က 'မစ္စတာနေရူး'အိမ်တွင် တည်းခိုသလို ကရာချိမြို့ကျတော့ မွတ်ဆလင် ခေါင်းဆောင်တစ်ဦး၏ နေအိမ်တွင် တည်းခိုစေချင်ကြလေသည်။ သို့သော် ကရာချိမြို့ရှိ အိန္ဒိယ ကွန်ဂရက်ပါတီကလည်း သူတို့ စီစဉ်ထားသောအိမ်တွင် တည်းခိုရန် ပြောကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှ ကရာချိမြို့တွင်းသို့ အသွားတွင်ပင် ဗိုလ်ချုပ်အား မွတ်ဆလင်နှင့် ဟိန္ဒူခေါင်းဆောင်များက သူတို့ကားနှင့်သွားပါဟု အလုအယက် ခေါ်နေကြလေသည်။

ဗိုလ်ချုပ်သည် ခေတ္တမျှ စဉ်းစားပြီးနောက် ကျွန်တော့်အား သူ့အနီးသို့ ခေါ်၍ ခပ်တိုးတိုး ညွှန်ကြားပါသည်။

"ဟော့... ငါတို့က နှစ်ဖက်စလုံးကို စိတ်မငြိုငြင်စေချင်ဘူး၊ ဒီတော့ မြို့ထဲကိုဒ သွားမှာ နှစ်ဖက်စလုံးက ကားတွေပေါ်ပစ္စည်းတွေ မျှတင်လိုက်ပေတော့၊ ဒါပေမဲ့ ငါတို့က ဘယ်သူ့အိမ်မှာမှ မတည်းဘူး၊ ဟိုတယ်တစ်ခုမှာပဲ တည်းမယ်"

ဤသို့ ဗိုလ်ချုပ်က ဆုံးဖြတ်လိုက်သဖြင့် ကျွန်တော်လည်း အစီအစဉ်များ မြှုလုပ်ရလေရာ ပစ္စည်းများကို မွတ်ဆလင် ခေါင်းဆောင်များ၏ ကားပေါ်တွင်တင်၍ ကျွန်တော်ပါ လိုက်ပါစီးနင်း၍ ဗိုလ်ချုပ်ကတော့ ကွန်ဂရက်ပါတီ ခေါင်းဆောင်တစ်ဦး၏ ကားပေါ်တက်လိုက်သွားလေသည်။

တည်းခိုရေး ကိစ္စကိုလည်း ဗိုလ်ချုပ် ညွှန်ကြားသည့်အတိုင်း စီစဉ်၍ ကရာချိမြို့ 'ပဲလေ့စ်ဟိုတယ်'တွင် တည်းခိုကြပါသည်။

*

ဗိုလ်ချုပ်သည် နယူးဒေလီမြို့တွင် မွတ်ဆလင် ခေါင်းဆောင်များအား ကတိပေးခဲ့သည့်အတိုင်း မွတ်ဆလင်လိဂ် အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး (ပါကစ္စတန်နိုင်ငံ၏ ပထမဆုံး ဘုရင်ခံချုပ်) မိုဟာမက် အလီဂျင်နားနှင့် တွေ့ဆုံရန် စီစဉ်နိုင်းသဖြင့် ကရာချိမြို့သို့ ရောက်သွားသည့်နေ့ (၇-၁-၄၇) ညနေ ၆ နာရီ အချိန်တွင် လူမျင်းတွေ့ဆုံကြလေသည်။

ပါကစ္စတန်နိုင်ငံ၏ ဖခင်ကြီးဟု တင်စားခေါ်ဝေါ်ခြင်းခံရသူ မစ္စတာဂျင်နားသည် အသက် ၇၁ နှစ်အရွယ် ရှိနေပြီဖြစ်သော်လည်း သူ့ကို ကြည့်ရသည်မှာ အသက် ၆၀ ခန့်သာ ရှိဦးမည်ဟု ထင်ရပါသည်။ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေရှိပြီး စကားပြောရာတွင်လည်း အလွန်ရှင်းလင်း ပြတ်သားစွာ ပြောတတ်သူဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ ဝတ်လုံဘွဲ့ ဆွတ်ခူးခဲ့သူဖြစ်၍လည်း အင်္ဂလိပ်စကားပြောရာ၌ အလွန်ကောင်းသူဖြစ်သည်။ (သူသည် နိုင်ငံရေးမလုပ်ခင် ဝတ်လုံလိုက်စဉ်က ဘုံဘေမြို့တွင် အလွန်ထူးချွန်သော ရှေ့နေကြီးအဖြစ် နာမည်ကျော်ကြားခဲ့သူ ဖြစ်သည်။)



လူချင်း ဆုံမိ၍ လက်ဆွဲနှုတ်ဆက်ကြစဉ် ဗိုလ်ချုပ်ကပြုံးလျက်...

'လူကိုယ်တိုင် အခုမှတွေ့ဆုံကြရပေမယ့် ခေါင်းဆောင်ကြီးရဲ့ အကြောင်းတွေကို ကျွန်တော်တို့ လေ့လာသိရှိထားပါတယ်၊ ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများမှာ ထူးချွန်ထက်မြက်စွာ ပါဝင်စွမ်းဆောင်ခဲ့တာကိုလည်း ကျွန်တော် ကြားသိနေရပါတယ်"ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလေရာ မစ္စတာ ဂျင်နားကလည်း...

'ဒါကတော့ ဒီလိုပါပဲ မစ္စတာအောင်ဆန်း၊ ကျုပ်တို့ကလဲ မစ္စတာအောင်ဆန်းရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှု သတင်းတွေကို မကြာခဏ ကြားနေရတာပါပဲ၊ လွတ်လပ်ရေးရအောင် ကြိုးစားနေကြတဲ့ လူအချင်းချင်းအနေနဲ့ အပြန်အလှန် လေးစားမှု ရှိကြပါတယ်'ဟု ပြန်ပြောပါသည်။

ထို့နောက် နှစ်ယောက်သားထိုင်၍ တစ်နာရီခန့် စကားပြောကြရာ မစ္စတာဂျင်နားက အိန္ဒိယနိုင်ငံမှ 'ပါကစ္စတန်' ဟူသော နိုင်ငံတစ်ခု ဘာကြောင့် သီးခြားခွဲထုတ်ရကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောပြပါသည်။

အဓိကအားဖြင့် သူတို့ မွတ်ဆလင်ဘာသာ ယုံကြည်ကိုးကွယ်သူများအနေဖြင့် ဟိန္ဒူလူမျိုးများနှင့် ဘာသာရေးတွင် သာမက ယဉ်ကျေးမှု ဓလေ့ထုံးစံများမှစ၍ လုံးဝ ကွဲပြားခြားနားနေသောကြောင့် လွတ်လပ်ရေး ရသောအခါ သီးခြားမွတ်ဆလင်နိုင်ငံ မထူထောင်လျှင် မဖြစ်ကြောင်းကို အကျယ်တဝင့် ရှင်းပြလေသည်။

မစ္စတာဂျင်နား၏ ပြောပြချက်ကို ဂရုစိုက်နားထောင်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းကလည်း မြန်မာနိုင်ငံရေး အခြေအနေနှင့်တကွ သူတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုများအကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ပါသည်။

နှစ်ယောက်သား စကားပြောနေရင်း မြန်မာနှင့် ပါကစ္စတန် ကိစ္စတစ်ခုအကြောင်း ပါဝင်လာလေသည်။

ရခိုင်ပြည် ဘူးသီးတောင်နှင့် မောင်တောနယ်များကို အရှေ့ပါကစ္စတန် ဖြစ်လာမည့် (ယခု ဘင်္ဂလားဒေ့ရှ်) ပြည်နယ်ထဲသို့ သွင်းပေးရန်ဖြစ်ကြောင်း၊ ယင်းမြို့ရှိ မွတ်ဆလင်အချို့က တောင်းဆိုနေခြင်းနှင့် ပတ်သက်၍ မစ္စတာဂျင်နားက ယင်းကိစ္စမှာ မြန်မာနိုင်ငံ၏ လွတ်လပ်သော အချုပ်အချာအာဏာကို ထိပါးစေမည့် ကိစ္စမျိုးဖြစ်နေ၍ သူ့အနေဖြင့် မလိုလားကြောင်း၊ မွတ်ဆလင်လူနည်းစုက တောင်းဆိုချက်ကိုလည်း ဂရုစိုက် လိုက်လျောမည် မဟုတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အနိုင်အမာ ကတိပေးသဖြင့် ဗိုလ်ချုပ်ကလည်း ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်ပါသည်။

ဗိုလ်ချုပ်က နှုတ်ဆက်၍ ပြန်ခါနီးတွင် မစ္စတာဂျင်နားက...

'နိုင်ငံရေး အယူအဆတွေ ဘယ်လိုပဲဖြစ်နေနေ ပါကစ္စတန်နိုင်ငံက မြန်မာနိုင်ငံကို အိမ်နီးချင်းနိုင်ငံအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမယ်ဆိုတာကို အခိုင်အမာ ကတိပေးပါတယ်၊ အခု မစ္စတာအောင်ဆန်း လန်ဒန်မြို့ကို သွားအရေးဆိုမည့်ကိစ္စလည်း ချောမောအောင်မြင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်"ဟု ပြောလိုက်ပါသည်။

ထိုနေ့ (၁၉၄၇ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့) ညဘက်တွင် အာဇာနည်သခင်မြ အမှူးပြုသော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ ကရာချိမြို့သို့ စုံညီစွာ ရောက်ရှိလာကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကရာချိမှ လန်ဒန်သို့ ခရီးဆက်ရန်ဖြစ်သော်လည်း ဗိုလ်ချုပ်တို့ စီးရမည့် လေယာဉ်က ဓာတ်ဆီတိုင်ကို စိမ့်ယိုနေသဖြင့် စက်ပြင်ဌာနမှ စက်ဘာပူရှိ ဗြိတိသျှလေတပ်မှ လေယာဉ်တစ်စင်းကို ထပ်မံ မှာယူနေရသောကြောင့် အချိန်နှောင့်နှေးသွားခဲ့ရပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့ ည ၉ နာရီခွဲအချိန်တွင် ကရာချိမြို့မှ လန်ဒန်သို့ ခရီးဆက်လက် ထွက်ခွာသွားကြလေသည်။

▢



## [၆]

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့ညက (ယခု ပါကစ္စတန်နိုင်ငံ) ကရာချိမြို့မှ လေယာဉ်ဖြင့် ခရီးဆက်ကြသောအခါ ညအချိန်ဖြစ်၍ လေယာဉ်ကွင်းမှ စထွက်ချိန်၌ ကောင်းကင်ပြင်တစ်ခုလုံး မှောင်မည်းနေပါတော့သည်။

အမှန်က ထိုညသည် လသာသောညဖြစ်လျက် ကောင်းကင်၌ တိမ်တိုက်များ ထူထပ်နေ၍ မှောင်နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လေယာဉ်က မြေပြင်မှ တဖြည်းဖြည်း မြင့်တက်လာပြီး အမြင့်ပေ ၈၀၀၀ ကျော်သို့ တက်မိသောအခါ၌မူ တိမ်တိုက်များအပေါ်သို့ ထိုးဖောက်ကျော်လွှားမိသဖြင့် နက်ပြာရောင် ကတ္တီပါ နောက်ခံကားသဖွယ်ရှိသည့် ကောင်းကင်ပြင်ဝယ် ကြယ်တာရာအပေါင်း ခြံရံလျက် ထိန်ထိန်သာနေသော လမင်းကြီးကို မြင်ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ခရီးသွားလာနေစဉ် အတတ်နိုင်ဆုံး အနားယူတတ်သည့်အတိုင်း လေယာဉ်ပေါ်တွင် အသာမှိန်း၍ လိုက်ပါလာပါသည်။ အိပ်ပျော်ဟန်တော့မတူ၊ အနားယူခြင်းသာ ဖြစ်သည်။ လန်ဒန်သို့ရောက်သည်နှင့် နားချိန်မရလောက်အောင် အလုပ်များတော့မည်ကို ကြိုတင်တွက်ပြီး ရနိုင်သမျှသော အချိန်တွင် အနားယူခြင်း ဖြစ်ပါသည်။

လေယာဉ်ကြီးကလည်း တောက်လျှောက်ပျံသန်းသွားရာ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့ နံနက် လေးနာရီအချိန်တွင် အီရတ်နိုင်ငံ 'ဘဂ္ဂဒက်' မြို့တော်အနီး 'ဟီဗားနီးယား' လေဆိပ်သို့ ရောက်ပြီး ခေတ္တဆင်းသက်လိုက်ပါသည်။ လေယာဉ်စက်များကို မြေပြင် အင်ဂျင်နီယာများက စစ်ဆေးပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်တို့ကို ပြင်ဆင်ပြုပြင်မှုများ ပြုလုပ်နေခိုက် ဗိုလ်ချုပ်တို့အဖွဲ့က လေဆိပ်စားသောက်ဆိုင်ခန်းတွင် 'ဘရိတ်ဖတ်စ်'ခေါ် နံနက်စာအဖြစ် လက်ဖက်ရည်နှင့် ပေါင်မုန့်များ စားသောက်ကြရပါသည်။

ယခု တစ်ကြိမ်ထွက်လျှင် လေယာဉ်သည် မြေထဲပင်လယ်တွင်းရှိ ဖော်လ်တာကျွန်းတွင် ခေတ္တရပ်နားပြီးနောက် ဖော်လ်တာမှ လန်ဒန်သို့ တိုက်ရိုက်ပျံသန်းသွားမည်ဖြစ်ကြောင်း လေယာဉ်မှူးက ပြောပြ၍ သိကြရပါသည်။

အားလုံး ကိစ္စပြီး၍ 'ဟီဗားနီးယား' လေဆိပ်မှ ပြန်ထွက်သောအခါ အချိန်မှာ နံနက် ငါးနာရီခွဲ ရှိနေပြီဖြစ်ပါသည်။

လေယာဉ်ထွက်ခါစ ပတ်ဝန်းကျင်ရှုခင်းများ မှောင်မည်းလျက်ရှိသေးသော်လည်း ခဏမျှအကြာ အရှေ့ကျဉ်း၍ နေမင်း၏အလင်းရောင် ထွက်လာချိန်တွင်မူ လေယာဉ်သည် ကျယ်ပြန့်စွာသော အာရှေဗျူ သဲကန္တာရကြီးပေါ်မှ ဖြတ်သန်း ခုတ်မောင်းလျက်ရှိကြောင်း တွေ့ရပါသည်။

အနောက်ရူးရူးသို့ ဆက်လက်ပျံသန်းသွားရင်း မကြာမီ မြေထဲပင်လယ်၏ ရေပြင်ကြီးကို မြင်လာရပြန်သည်။ ပင်လယ်ရေပြင်တွင် ခုတ်မောင်းသွားလာလျက်ရှိသော မီးသင်္ဘောများ၏ သဏ္ဌာန်ကိုလည်း လေယာဉ်ပေါ်မှ မှုန်မွားမွား မြင်နေရပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ညဦးပိုင်းကလိုထိုင်ခုံတွင် မှီနံမနေတော့ဘဲ လန်းဆန်းရွှင်ပျစွာဖြင့် ရှုခင်းများကို အကဲခတ်ကြည့်နေပါသည်။

ထိုအချိန်အထိ ရာသီဥတုက သိသိသာသာ ထူးခြားပြောင်းလဲမှု မရှိသေး။ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအနေဖြင့် မခံမရပ်နိုင်လောက်အောင် ရာသီဥတုက အေးမြခြင်း မရှိသေးပေ။

ရာသီဥတုက သာယာသည်နှင့်အမျှ တင့်တယ်လှပသော ပြာလဲ့လဲ့အဆင်းရှိ မြေထဲပင်လယ် ရေပြင်ကြီးမှာလည်း ကောင်းကင်မှ အလွန်ကြည့်ကောင်းနေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့၏ လေယာဉ်သည် ဆက်လက်ပျံသန်းသွားရင်း 'ဂရင်းနစ်' (ဗြိတိသျှ) စံတော်ချိန် ၁၂ နာရီတွင် 'ဖော်လ်တာကျွန်း'သို့ ဆိုက်ရောက်သွားပါသည်။



ဖော်လ်တာကျွန်းကား စစ်ရေး မဟာဗျူဟာအရ ဗြိတိသျှတို့အတွက် အလွန်အရေးပါသော နေရာတစ်ခု ဖြစ်သည့်အပြင် ဗြိတိသျှ ရေတပ်မတော်စခန်းလည်း ဖြစ်သည့်အတိုင်း ဗြိတိသျှ ဘုရင်ခံတစ်ဦးက အုပ်ချုပ်လျက်ရှိပါသည်။

လှပတင့်တယ်သော လူနေအိမ်ခြေ၊ တိုက်တာ အဆောက်အအုံများ၊ သင်္ဘောဆိပ်ကြီးများကို သပ်ရပ်စွာ ဆောက်ထားသဖြင့် လေဆိပ်သို့ ချဉ်းကပ်မိချိန်တွင် ဗိုလ်ချုပ်က...

'အင်း... ဖော်လ်တာက ဘယ်ဆိုးလို့လဲကွ၊ နာမည်ကြီးသလောက် ခမ်းနားသပ်ရပ်သားပဲ'ဟု မှတ်ချက်ချလိုက်ပါသေးသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ဗြိတိသျှ ဘုရင်ခံ မစ္စတာ ဒေါက်ကလပ်နှင့် ဘုရင့်လေတပ်မတော် ဗိုလ်ချုပ်တစ်ဦး ခေါင်းဆောင်လျက် လေဆိပ်သို့လာကြိုဆိုကြပြီးနောက် စစ်တပ်အရာရှိများ ရိပ်သာသို့ ခေါ်ဆောင်သွား၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါသည်။

ဖော်လ်တာကျွန်း၌ အစားအသောက် ပေါပဟန်တူပါသည်။ နေ့လယ်စာစားပွဲ၌ ကြက်သား၊ ငါးကြော်၊ စွပ်ပြုတ်ဟင်းချိုနှင့် အရသာရှိသော သစ်သီးမျိုးစုံကို လိုလေသေးမရှိ စားချင်သလောက် စားပါဟု စကားပလ္လင်ခံပြီး တည်ခင်းဧည့်ခံလေရာ ဗိုလ်ချုပ် အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များကလည်း အားပါးတရ မြိန်ရေယှက်ရေ စားသောက်ကြပါသည်။

ဧည့်ခံသူများထံ စုံစမ်းမေးမြန်းကြည့်၍ သိရသည်ကား ဖော်လ်တာကျွန်းသည် ရာသီဥတု အပူအအေး မျှတသလောက် မြေဩဇာလည်း အလွန်ကောင်းသဖြင့် ဂျုံ၊ ဆန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးမျိုးစုံ စသော သီးနှံများ အထူးအထွက်ကောင်းသည်ဟု ဆိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှဘုရင်ခံ မစ္စတာဒေါက်ကလပ်နှင့် စကားစမြည်ပြောရင်း သူနှင့် စစ်အတွင်းက သိကျွမ်းရင်းနှီးခဲ့သော ဗြိတိသျှရေတပ် ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန် အကြောင်းနှင့် မိမိတို့က မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ပုံများကို ရှင်းလင်းပြောပြပါသည်။

နေ့လယ်စာ စားသောက်ပြီး၍ ဗိုလ်ချုပ်တို့ လေယာဉ် ဖော်လ်တာကျွန်းမှ ပြန်ထွက်လာသောအခါ အချိန်မှာ မွန်းလွဲ ၂ နာရီ ရှိနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာစောပိုင်းက သာယာကောင်းမွန်နေသော ရာသီဥတု အခြေအနေကလည်း သိသိသာသာ ပြောင်းလဲလာပြီ ဖြစ်သည်။

အနောက်မြောက်စူးစူးသို့ တူရူပျံသန်းနေသော လေယာဉ်သည် ဥရောပတိုက်၏ ရာသီဥတု ဇုန်နယ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်၍ အပူရှိန် သိသိသာသာကျကာ အေးစပြုလာပြီ ဖြစ်ပါသည်။

ကောင်းကင်ပြင်ကြီးမှာလည်း ကြည်လင်သာယာခြင်း မရှိဘဲ တိမ်ထုကြီးများ ဖုံးအုပ်ကာဆီးနေသဖြင့် လေယာဉ်ပေါ်မှ အပြင်ဘက်ကိုကြည့်လျှင်ဘာကိုမှ မမြင်ရတော့ချေ။

ဥရောပ နိုင်ငံများ၌ ဆောင်းရာသီကျလျှင် နေ့တာအလွန်တိုပြီး နေဝင်စောသည်ဟု ကြားဖူးသည့်အတိုင်း ညနေလေးနာရီခွဲသာသာတွင် နေရောင်လုံးလုံး ပျောက်ကွယ်သွားပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရာသီဥတု အေးလာသည်ကို သတိပြုမိဟန်ဖြင့် အိန္ဒိယခေါင်းဆောင် မစ္စတာနေရူး၏ မေတ္တာလက်ဆောင် အနွေးထည်ကုတ်အင်္ကျီ အရှည်ကြီးကို ဝတ်ထားကာ ခပ်ကုပ်ကုပ်ကလေး ထိုင်လိုက်ပါလာပါသည်။

လေယာဉ်ပေါ်မှကြည့်၍ ဘာမှမမြင်ရသော်လည်း မကြာမီ လေယာဉ်မှူး (ကပ္ပတိန်)၏ ပြောပြချက်အရ လေယာဉ်သည် ပြင်သစ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်၍ ပျံသန်းနေကြောင်း သိရပါသည်။

ထိုအချိန်၌ ရာသီဥတု အခြေအနေ သိသိသာသာဆိုးလာကာ ဆီးနှင်းများ ထူထပ်စွာ ကျရောက်နေပြီဖြစ်သည်။ ယင်းအခြေအနေကြောင့်ပင် လေယာဉ်သည် အမြင့်ပေ ၁၅၀၀၀ ကျော်အောင်တက်၍ ပျံသန်းရလေရာ လေထုဖိအားအခြေအနေက လျော့ပါးလာသဖြင့် လေယာဉ်မှူး၏ ညွှန်ကြားချက်အရ ခရီးသည်အားလုံးသည် အောက်ဆီဂျင် ဓာတ်ငွေ့ပိုက်ပါသော မျက်နှာဖုံးများ စွပ်ထားလိုက်ရပါသည်။

စိတ်ဝင်စားဖွယ် တစ်ချက်ကား တိမ်တိုက်များနှင့် ဆီးနှင်းထုကိုကျော်လွန်ပြီး အပေါ်ယံသို့ လေယာဉ်ရောက်သွားသောအခါ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့၏ လမင်းကြီးက ကောင်းကင်တွင် သာမြဲတိုင်း သာနေသည်ကို တွေ့မြင်ရခြင်းပင်တည်း။



သို့နှင့်ပင် ဗိုလ်ချုပ်တို့၏ လေယာဉ်သည် ည ၉ နာရီခန့်တွင် အင်္ဂလိပ်ရေလက်ကြား ပင်လယ်ပြင်ကို ဖြတ်ကျော်ပြီးနောက် များမကြာမီ အချိန်အတွင်း လန်ဒန်မြို့၏ ရောင်စုံ 'နီယွန်း' လျှပ်စစ်မီးများကို ဆီးနှင်းများကြားမှပင် မြင်ရပါလေတော့သည်။

'လန်ဒန် ရောက်ပလားဟေ့'

ဗိုလ်ချုပ်က လှမ်းမေးလျှင် ဘဏ္ဍာရေး ဝန်ကြီး၏ အတွင်းဝန် ဗိုလ်ကျော်ထွန်းက…

'ဟုတ်ကဲ့၊ အခုမြင်နေရတဲ့ မီးတွေက လန်ဒန်မြို့ကြီးပါပဲ'ဟု ပြန်ဖြေလိုက်သည်။

လန်ဒန်မြို့မှ မြောက်ဘက် ၁၂ မိုင်အကွာ 'နော့သ်ဟို့' လေဆိပ်သို့ ဗိုလ်ချုပ်အောင်ဆန်းတို့ လေယာဉ် ဆင်းသက်မိသောအခါ ည ၉ နာရီ၊ မိနစ် ၄၀ တိတိ ရှိနေပြီ ဖြစ်ပါသတည်း။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၏ လေယာဉ်ကြီးသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ည၊ ၉ နာရီ ၄၀ မိနစ် အချိန်တွင် လန်ဒန်လေဆိပ်သို့ ချောမောစွာ ရောက်ရှိ ဆင်းသက်သွားပါသည်။

အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီကား ကြိုတင်ကြားဖူးထားသည့်အတိုင်း နိုက်နိုက်တုန်အောင် အေးလှကြောင်းကို မြန်မာ ခေါင်းဆောင်များသည် လေယာဉ်ပေါ်မှ ဆင်းဆင်းချင်းပင် လက်တွေ့ခံစား သိရှိရလေတော့သည်။

ဗိုလ်ချုပ်တို့အား လေဆိပ်မှ စောင့်ကြိုနေသူ ပရိသတ်မှာ လူငါးဆယ်ကျော်ခန့်ရှိပြီး ၎င်းတို့ကို ခေါင်းဆောင်လာသူက မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှဝန်ကြီး လော့ဒ်ပက်သစ်လောရင်း ဖြစ်ပါသည်။ သူနှင့်အတူ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံသို့ လာဖူးသူ) ဆာဂီးလ်ဘတ်လိတ်သိဝိတ် ဆိုသူလည်း ပါလာပါသည်။

လန်ဒန်မြို့၏ မြေသို့ နင်းမိမိချင်း မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် အားတက်ဝမ်းမြောက်ဖွယ်ကောင်းသော အချက်တစ်ချက်ကား လေဆိပ်သို့ လာရောက် ကြိုဆိုသူများအနက် ဘိလပ်ရောက် မြန်မာအမျိုးသား တစ်စုလည်း ပါဝင်နေခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအုပ်စုကို ခေါင်းဆောင်လာသူကတော့ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီကပင် ဘိလပ်သို့ ရောက်ရှိနေသူ ၁၉၃၉ ခု၊ တက္ကသိုလ် သပိတ်မှောက် ခေါင်းဆောင်ဟောင်း ကိုအုန်း (နောက်ပိုင်း ဝန်ကြီးနှင့် သံအမတ်ကြီး ဦးအုန်း) ဖြစ်ပါသည်။

ထို့ပြင် လာကြိုသူများတွင် လန်ဒန်မြို့၏ နာမည်ကြီး 'ဘီ-ဘီ-စီ' ဗြိတိသျှ အသံလွှင့်ဌာန၊ မြန်မာပိုင်း အစီအစဉ်မှ မြန်မာအမှုထမ်းများလည်း ပါလာပြီ၊ သူတို့၏ စီစဉ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းအား လေဆိပ်၌ စကား အနည်းငယ်ပြောပါရန် အသံဖမ်း မိုက်ခရိုဖုန်း ဓာတ်ခွက်တစ်ခု ယူလာပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ဘိလပ်ရောက်ရောက်ချင်း ပြောဆိုချက်ကို လေဆိပ်မှ တိုက်ရိုက် အသံလွှင့်နည်းဖြင့် ဖြန့်ချိထုတ်လွှင့်ရန် စီစဉ် ချက်ပင် ဖြစ်လေသည်။

ဗိုလ်ချုပ်လည်း မနေသာဘဲ အသံဖမ်း မိုက်ခရိုဖုန်းရှေ့သို့ ဝင်၍ လမ်းခရီးတစ်လျှောက် သာယာအဆင်ပြေ၍ မည်သည့်အနှောင့်အယှက်မှ မရှိ ကြောင်း၊ ယခု လန်ဒန်မြို့သို့ ချောမောစွာ ရောက်ရှိပြီဖြစ်၍ ဝမ်းမြောက် ကျေးဇူးတင်ကြောင်းကို တိုတိုတုတ်တုတ်ပင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာစလုံး ဖြင့် ပြောလိုက်ပါသည်။

ဗြိတိသျှဝန်ကြီး လော့ဒ်ပက်သစ်လောရင်းသည် ဗိုလ်ချုပ်အောင်ဆန်း အား ခရီးဦးကြိုပြု၍ လက်ဆွဲနှုတ်ဆက်ပြီးနောက် သူနှင့်အတူ လာကြိုသူများ နှင့် မိတ်ဆက်ပေးပါသည်။ ဗိုလ်ချုပ်ကလည်း မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် များနှင့် မိတ်ဆက်ပေးပါသည်။

ထို့နောက် ဗြိတိသျှအစိုးရက စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် ဗိုလ်ချုပ်တို့အဖွဲ့အား လန်ဒန်မြို့လယ်ရှိ နာမည်ကြီး 'ဒေါချက်စတာဟိုတယ်' သို့ ပို့ပေးပါသည်။

'ဒေါချက်စတာဟိုတယ်'ကြီးမှာ လန်ဒန်မြို့၏ မျက်နှာဖုံး 'မေဖဲယား ရပ်ကွက်'တွင် တည်ရှိပြီး ကမ္ဘာကျော် 'ဟိုက်ဒ်ပတ်ခ်' ဥယျာဉ်ကြီးကို မျက်နှာစာ ပြု တည်ဆောက်ထားပါသည်။

နောက်ပိုင်း ဘိလပ်ရောက် မြန်မာအမျိုးသားများ၏ ပြောပြချက်အရ 'ဒေါချက်စတာ'သည် လန်ဒန်မြို့တွင် ထိပ်တန်းဟိုတယ်တစ်ခု ဖြစ်သည်သာ မက သာမန် ဗြိတိသျှလူမျိုးများကိုပင်လျှင် သွားလာဝင်ထွက်မှုအား မပေးဘဲ



ဗြိတိသျှ လူ့အဖွဲ့အစည်း အထက်တန်းလွှာများသာ ကျက်စားလေ့ရှိကြောင်း သိရပါသည်။ ဗြိတိသျှခေါင်းဆောင်ကြီး ဆာဝင်စတန်ချာချီနှင့် ဘုရင်မ အယ်လစ်ဇဘက် မင်းသမီးဘဝက ဝင်ထွက်စားသောက်လေ့ရှိသဖြင့် အလွန် ကိန်းခန်းကြီးသော ဟိုတယ်တစ်ခုလည်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သာမန် ကမ္ဘာလှည့် ခရီးသည်များ လွယ်လင့်တကူ ဝင်ရောက် တည်းခိုခွင့်ရသော ဟိုတယ်မျိုး မဟုတ်ပါချေ။

ဗြိတိသျှအစိုးရက ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့အား ထိုမျှ ကြီးကျယ် ခမ်းနားသော ဟိုတယ်ကြီး၌ တည်းခိုရန် စီစဉ်ပေးခြင်းမှာ မြန်မာကိုယ်စားလှယ် အဖွဲ့အား သိမ်းသွင်းစည်းရုံးသည့် သဘောများလားဟု ထင်စရာရှိပါသည်။

သို့သော် မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကား ဟိုတယ် ခမ်းနား ကြီးကျယ်ခြင်းကြောင့် သာယာ သဘောကျသည့်ဟန်မျိုး လုံးဝမရှိ။ သူ၏ ပင်ကိုယ်ဝါသနာအတိုင်း မျက်နှာထား ခပ်တည်တည်ဖြင့်ပင် နေလိုက် ပါသည်။

လန်ဒန်မြို့၏ ရာသီဥတုမှာ ခိုက်ခိုက်တုန်အောင် အေးမြနေသော်လည်း ဒေါချက်စတာ ဟိုတယ်အတွင်း၌မူ လျှပ်စစ်ဓာတ်အားဖြင့် ပူနွေးနေအောင် ဖန်တီးထားလေရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘိလပ်သို့ရောက်သည့် ပထမညတွင် အအေးဒဏ်ကို လုံးဝမခံရဘဲ ချမ်းသာစွာ အိပ်နိုင်ခဲ့ကြပါသည်။

ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်း မိုးသောက်သည်နှင့် ဟိုတယ် အိပ်ခန်း အသီးသီးသို့ နာမည်ကြီး 'လန်ဒန်တိုင်း' သတင်းစာ တစ်စောင်စီ ရောက်လာပါတော့သည်။ ဟိုတယ်၌ တည်းခိုသူအားလုံးအား နေ့စဉ် သတင်းစာ တစ်စောင် အခမဲ့ပေးလေ့ရှိကြောင်း သိရပါသည်။

'လန်ဒန်တိုင်း'သည် အင်္ဂလန်ပြည်တွင် စောင်ရေအများဆုံး ထုတ်ရသော သတင်းစာ မဟုတ်လင့်ကစား သြဇာအရှိန်အဝါ အကြီးမားဆုံး 'သတင်းစာ' ဖြစ်ပါသည်။ 'လန်ဒန်တိုင်း' သတင်းစာ၏ အာဘော်ကို တစ်ကမ္ဘာလုံးကပင် လေးစားအသိအမှတ် ပြုရသည်ဟုပင် အဆိုရှိပါသည်။

အဆိုပါ လန်ဒန်တိုင်း ဇန်နဝါရီ ၁၀ ရက်နေ့ထုတ် သတင်းစာခေါင်းကြီး ပိုင်းတွင် 'မြန်မာနိုင်ငံ'ဟူသော ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ ယမန်နေ့ညပိုင်းက ရောက်ရှိခဲ့မှု က အစချီကာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ရရှိရေးအတွက် ဗြိတိသျှအစိုးရ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးညှိနှိုင်းချက်များ အောင်မြင်ရျောမော ဖွယ်ရာရှိကြောင်း စသည်ဖြင့် အကျယ်တဝင့် ရေးသားထားပုံမှာ အတော်ပင် အားရကျေနပ်ဖွယ် ကောင်းပါသည်။

ဗြိတိသျှအစိုးရနှင့် တရားဝင် ဆွေးနွေးပွဲများ မစတင်သေးသော်လည်း ယင်းဆွေးနွေးပွဲအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အချင်းချင်း ညှိနှိုင်းရခြင်း၊ ဗြိတိသျှ နိုင်ငံခြားရေးဌာနမှ အရာရှိများနှင့် ဆက်နွှယ်ညှိနှိုင်းရခြင်း စသော ကြိုတင်ပြင်ဆင်မှုများ ကြိုတင်ပြုလုပ်ရရာ ဗိုလ်ချုပ်အောင်ဆန်းတို့မှာ ဇန်နဝါရီ ၁၀ ရက်နေ့ တစ်နေ့လုံးလိုလို ဟိုတယ်၌ပင် အလုပ်များနေကြပါ သည်။

ထိုနေ့ညနေပိုင်းကျမှပင် ဗြိတိသျှဆက်သွယ်ရေး အရာရှိများ၏ စီစဉ် ချက်အရ ဗိုလ်ချုပ်အောင်ဆန်းသည် နန်းရင်းဝန်ကြီး မစ္စတာအက်တလီနှင့် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှဝန်ကြီး လော့ဒ်ပက်သစ်လောရင်း နှင့်လည်းကောင်း ခေတ္တမျှ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ပါသည်။

ဤကား ဧည့်သည်တော်များ၏ ဝတ္တရားအရ ခရီးရောက်မဆိုက် တွေ့ဆုံ နှုတ်ဆက်ခြင်းသာဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲ မဟုတ်သောကြောင့် အလွှာပ သလွှာပ စကားများသာ ပြောခဲ့ပါသည်။

တရားဝင် ဆွေးနွေးပွဲများကိုမူ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္လာနေ့ နံနက်မှ စတင်ရန် စီစဉ်သတ်မှတ်ထားပြီး ဖြစ်ပါသည်။

ဆောင်းရာသီဖြစ်၍ အေးရသည့်အထဲ ထိုနေ့က မိုးတဖွဲဖွဲ ရွာလျက်ရှိရာ ဟိုတယ်အပြင်ဘက် ထွက်ရန်ပင် စိတ်ပျက်ဖွယ် ကောင်းနေပါတော့သည်။

ဗြိ..သျှ အင်ပါယာ၏ ဗဟိုမြို့တော်ဖြစ်သော လန်ဒန်မြို့ကြီးကား နာမည်ကျော်ကြားသလောက် ယခု စစ်ပြီးခေတ် အခြေအနေမှာ အစစအရာရာ အလွန်ရှားပါး ဈေးကြီးနေပြီး လူတွေအဖို့ ကျပ်တည်းလျက် ရှိနေပါသည်။

စားကုန်သောက်ကုန်များ (အထူးသဖြင့် ကြက်ဥ၊ နွားနို့၊ ထောပတ်၊ သားငါးများ) အလွန် ဈေးနှုန်းကြီးမြင့်နေ၍ ဗြိတိသျှလူမျိုး အများစုမှာ အာဟာရ ပြည့်ဝသော အစားအစာများကို ဝဝလင်လင် မစားနိုင်ကြသည့် အခြေအနေမျိုး ဖြစ်နေပါသည်။

ကျွန်တော်က ဟိုတယ်ဝန်ထမ်းများနှင့် စကားလက်ဆုံကျရင်း စုံစမ်း သိရှိရသည့်အတိုင်း အင်္ဂလန်ပြည်တွင် အဝတ်အစား ပင်မင်းပေးလျှင် ရက်



သတ္တ နှစ်ပတ်ခန့်ကြာပြီး အင်္ကျီ၊ ဘောင်းဘီ ချုပ်လျှင်လည်း အနည်းဆုံး သုံးလ ကြာသည်ဟု သိရကြောင်း လက်ဖက်ရည်သောက်ချိန်၌ ဗိုလ်ချုပ်အား ပြောပြရာ ဗိုလ်ချုပ်က ပြုံး၍...

"ဟ... ဒီလိုဆိုရင် ငါတို့ ဗမာပြည်ကမှ တော်သေးတာပေါ့ကွ"ဟု မှတ်ချက်ချခဲ့ပါသည်။

*

ဇန်နဝါရီလ ၁၁ ရက်၊ စနေနေ့ နံနက်ပိုင်း ရုံးများဖွင့်ချိန်တွင် မြန်မာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တနင်္လာနေ့ စတင်မည့် ဆွေးနွေးပွဲအတွက် အပြီးသတ် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့်ပင် အချိန်ကုန်ခဲ့ကြပါသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့က စိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခုကား မြန်မာကိုယ်စားလှယ် အဖွဲ့အကြောင်း သတင်းရုပ်ရှင်ကား ရိုက်ကူးလိုပါသည် ဟု နာမည်ကျော် ဗြိတိသျှ ပါသီရုပ်ရှင် ကုမ္ပဏီမှ လာရောက်ကမ်းလှမ်းခြင်း ပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းထံ တင်ပြခွင့်တောင်းရာ သဘောတူသဖြင့် ဗိုလ်ချုပ် အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အားလုံးသည် ဒေါ်ချက်စတာဟိုတယ် အောက်ဆုံးထပ် ခန်းမဆောင်ကြီးသို့ ဆင်း၍ ရုပ်ရှင်အရိုက်ခံကြပါသည်။

သတင်းရုပ်ရှင်အဖွဲ့က မြန်မာအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အား အင်္ဂလိပ် ဘာသာဖြင့် စကားအနည်းငယ်ပြောရန် တောင်းပန်သဖြင့် ဗိုလ်ချုပ်လည်း မိမိတို့ ဆွေးနွေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို တနင်္လာနေ့ နံနက်မှစ၍ ဗြိတိသျှ နန်းရင်းဝန်ကြီး၏နေအိမ် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း တွင် ပြုလုပ်မည်ဖြစ်ကြောင်း တိုတိုတုတ်တုတ်ပင် ပြောလိုက်ပါသည်။

အဆိုပါ သတင်းရုပ်ရှင်ကားကို ရက်သတ္တပတ်အတွင်း လန်ဒန်မြို့ရှိ ရုပ်ရှင်ရုံအသီးသီးတွင် ရုံတင်ပြသခဲ့ပါသည်။

ထိုနေ့ နေ့လယ် ၁၂ နာရီအချိန်တွင် ဗြိတိသျှ ရှေ့တိုက်စိုးဝန်ကြီး 'ဆာစတက်ဖို့ခရစ်'သည် ဒေါ်ချက်စတာဟိုတယ်သို့ လာရောက်၍ ဗိုလ်ချုပ် အား တွေ့ဆုံနှုတ်ဆက်ပါသည်။

မွန်းလွဲ သုံးနာရီတွင်မူ ဗိုလ်ချုပ်နှင့် သခင်မြတို့သည် ကမ္ဘာကျော် ဗြိတိသျှ ပါလီမန် အဆောက်အအုံများဆီသို့ သွား၍ လေ့လာကြည့်ရှုခဲ့ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

ဗိုလ်ချုပ်အောင်ဆန်းအား လန်ဒန်မြို့ ဗြိတိသျှ ပါလီမန် အဆောက်အအုံ တစ်ခုလုံးနှံ့အောင် စိတ်ရှည်လက်ရှည် လိုက်ပြပေးသူမှာ ၁၉၄၆ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးသူ ပါလီမန်အမတ် ကာနယ် (ဗိုလ်မှူးကြီး) ရီးစ်ဝီလျံဆိုသူ ဖြစ်ပါသည်။ သူသည် ဗြိတိသျှ 'လေဘာ' အစိုးရ၏ ယုံကြည်စိတ်ချခြင်း ခံရသူတစ်ဦး ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ နယ်စပ်များရှိ တိုင်းရင်းသား လူမျိုးအသီးသီး၏ ဆန္ဒသဘောထားကို ဗြိတိသျှအစိုးရအနေနှင့် လေ့လာတီးခေါက်ကြည့်ရန် 'တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်' အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းစေလွှတ်စဉ်က ကော်မရှင် ဥက္ကဋ္ဌအဖြစ် လာရောက်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ပြင် သူသည် ဆိုရှယ်လစ် အတွေးအခေါ် ရှိသင့်လောက်ရှိသူဖြစ်၍ ရန်ကုန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိတ်ဆက်တွေ့ဆုံပြီးနောက် ဗိုလ်ချုပ်အား အထူးခင်မင် လေးစားသွားခဲ့ဟန် တူပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့ ဘိလပ်ရောက်သောအခါ ကာနယ်ရီးစ်ဝီလျံသည် အိမ်ရှင်တစ်ဦးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ပါလီမန်အဆောက်အအုံကို လိုက်လံပြသရုံမက လန်ဒန်မြို့ရှိ တိုးတက်သော နိုင်ငံရေး အတွေးအခေါ်ရှိသူ သတင်းစာဆရာများ၊ စာရေးဆရာများနှင့်လည်း ဗိုလ်ချုပ်အား မိတ်ဆက်ပေးခဲ့ပါသည်။

*

ဗိုလ်ချုပ်အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအဖို့ လန်ဒန်မြို့၏ ဆောင်းရာသီ အခြေအနေမှာ အတော်စိတ်ပျက်ဖွယ် ကောင်းနေပါသည်။



နံနက် ၁၁ နာရီကျော်မှသာ ကောင်းကင်တွင် နေရောင်သန်းပြီး ညနေ လေးနာရီခွဲဆိုလျှင် လုံးဝ နေဝင်သွားတတ်လျက် ဆောင်းရာသီ ထုံးစံအတိုင်း 'စနိုး'ခေါ် မိုးပွင့်တွေက ထုထဲစွာ ကျရောက်နေခြင်းကလည်း သာယာကြည်လင်သော မြန်မာဆောင်းရာသီနှင့် ကွာခြားလှသဖြင့် စိတ်ဓာတ်ကျဖွယ်ရာ ဖြစ်နေပါတော့သည်။

သို့ဖြစ်လင့်ကစား ဗိုလ်ချုပ်တို့လူစုမှာ ရာသီဥတု အခြေအနေကို အာရုံမစိုက်နိုင်ဘဲ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပြောဆိုရမည့် ကိစ္စများကိုသာ ကြိုးစားပြင်ဆင် နေကြရပါသည်။

၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္လာနေ့တွင် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲများ စတင်ရန် အတိအကျ စီစဉ်သတ်မှတ်ထားပြီး ဖြစ်ပါသည်။

ဇန်နဝါရီလ ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် ခါတိုင်းထက်စောပြီး နံနက် ၁၀ နာရီခန့် နေထွက်လာသဖြင့် 'ဒေါ်ချက်စတာ' ဟိုတယ် အပြင်ဘက် ပတ်ဝန်းကျင်ရှုခင်းများ သာယာတောက်ပြောင်သလို ရှိလာပါသည်။

အပြင်ဘက်တွင် လည်ပတ်ရန်ကောင်းသော်လည်း မြန်မာခေါင်းဆောင်များအနေဖြင့် လည်ပတ်ရန် အချိန်မရ ဖြစ်နေပါသည်။ အကြောင်းကား နောက်တစ်နေ့နံနက် ဆွေးနွေးပွဲ အဖွင့်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားရမည့် မိန့်ခွန်းအတွက် အပြီးသတ် ပြင်ဆင်နေရသောကြောင့်ပင်တည်း။

ဗြိတိသျှ အစိုးရနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့တို့၏ ဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်တွင် ဗြိတိသျှ နန်းရင်းဝန်ကြီး မစ္စတာအက်တလီက စတင်နှုတ်ခွန်းဆက် မိန့်ခွန်းပြောပြီးနောက် မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ပြန်ကြားချက် မိန့်ခွန်းတစ်ရပ် ပြောရမည် ဖြစ်ပါသည်။

ယင်းပြန်ကြားချက်မိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့၏ သဘောထား၊ အာဘော်နှင့် ရည်မှန်းချက်၊ မျှော်ခေါ်ချက်များ ပါရှိရမည်ဖြစ်၍ အလွန်အရေးကြီးသည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်းသည် မိန့်ခွန်းမူကြမ်း ကြိုတင်ရေးသား ပြုစုရာ၌ အလွန်ဂရုစိုက်ပြီး ရေးသားပါသည်။

မိန့်ခွန်းကို သူတစ်ယောက်တည်း သဘောနှင့်လည်း မရေးခဲ့ပါ။ သခင်မြ အမှူးပြုသော ကျန်မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား သူ၏ ဧည့်ခန်းတွင် ခေါ်ယူစည်းဝေး၍ သူ၏ တင်ပြချက်များကို အားလုံး၏ဆန္ဒ သဘောထားနှင့် ကျေလည်စွာ ညှိနှိုင်းပြီးမှ အပြီးသတ်မိန့်ခွန်းကို ရေးသားပြုစုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်း မိုးသောက်ချိန်၌ လန်ဒန်မြို့၏ ရာသီဥတုမှာ ခါတိုင်းထက် အနည်းငယ် အအေးပေါ့ပြီး နေသာထိုင်သာ ရှိနေပါသည်။

ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဟိုတယ်၌ 'ဘရိုဟ်ဖတ်စ်'ခေါ် အင်္ဂလိပ် နံနက်စာ စားပြီးချိန်မှစ၍ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲသို့ သွားရန်အတွက် ပြင်ဆင်ကြရပါတော့သည်။

ဗိုလ်ချုပ်တို့ တည်းခိုရာ 'ဒေါ်ချက်စတာ' ဟိုတယ်မှ ဆွေးနွေးပွဲကျင်းပမည့် အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ နန်းရင်းဝန်ရုံးသို့ သွားရန်အတွက် နိုင်ငံခြားရေးရုံးမှ 'ဟမ်းဘား' အမျိုးအစား မော်တော်ယာဉ်များဖြင့် လာရောက်ကြိုဆိုသဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းမော်တော်ယာဉ်များဖြင့်ပင် သွားရပါသည်။

ဆွေးနွေးပွဲ စတင်သည့် အချိန်ကား မနေ့လယ် ၁၂ နာရီတိတိ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့၏ မော်တော်ယာဉ်များ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းသို့ ရောက်သည်နှင့် အသင့်စောင့်ကြိုနေသော သတင်းစာဆရာများ၊ ဓာတ်ပုံသတင်းထောက်များ ဝိုင်းအုံလာကြပါတော့သည်။ သတင်းစာ ဆရာများက မြန်မာခေါင်းဆောင်များအား ချဉ်းကပ်မေးမြန်းကြသော်လည်း ဆွေးနွေးပွဲမစမီ ဘာမျှပြောစရာ မရှိသေးကြောင်းဖြင့် ငြင်းဆိုလိုက်ပြီး ဓာတ်ပုံသတင်းထောက်များ ဓာတ်ပုံရိုက်ယူခြင်းကိုတော့ ခွင့်ပြုလိုက်ပါသည်။

(ယခု ပြန်ကြားရေး ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ဖြန့်ချိသည့် ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ အုပ်စုလိုက်ဓာတ်ပုံမှာ ထိုနေ့နံနက် '၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်'က အမှတ် ၁၀၊ ဒေါင်းနင်းလမ်းတွင် ရိုက်ကူးခဲ့သောပုံပင် ဖြစ်ပါသည်။)

ဆွေးနွေးပွဲတွင် မြန်မာဘက်မှ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ခေါင်းဆောင်ပြီး ဗြိတိသျှ အစိုးရဘက်မှ နန်းရင်းဝန် မစ္စတာအက်တလီက ခေါင်းဆောင်ပါသည်။ ဆွေးနွေးပွဲ၏ ပထမနေ့မှာ အခမ်းအနား ဖွင့်လှစ်ပြီး နှစ်ဖက်ခေါင်းဆောင်များက မိန့်ခွန်းပြောကြားရန်သာ အစီအစဉ် ရှိပါသည်။

နန်းရင်းဝန်ကြီး မစ္စတာ အက်တလီသည် ဗိုလ်ချုပ် အမှူးပြုသော မြန်မာခေါင်းဆောင်များအား ခရီးဦးကြိုပြုကာ တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ပြီးနောက် နေရာယူစေပါသည်။ ထို့နောက် သူ၏ အဖွင့်မိန့်ခွန်း စတင်ပြောကြားပါသည်။



မစ္စတာ အက်တလီက ပြောကြားရာတွင် မိမိတို့အစိုးရ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအား လွတ်လပ်ရေး ပန်းတိုင်သို့ရောက်အောင် ကူညီရန်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဓနသဟာယ နိုင်ငံတစ်ခုအဖြစ် ဗြိတိသျှအင်ပါယာအတွင်း နေထိုင်ရန် ဆန္ဒရှိသည်၊ မရှိသည်ကို မိမိတို့က မည်သို့မျှ မပြောလိုဘဲ မြန်မာတို့ကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ (ဗြိတိသျှအစိုးရ)အနေဖြင့် တိုက်တွန်းခြင်း၊ အကျပ်ကိုင်ခြင်းလုပ်ရန် လုံးဝ ရည်ရွယ်ချက်မရှိကြောင်း၊ ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က မိမိ (အင်္ဂလန်)ကကိုယ်တိုင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဗြိတိသျှပါလီမန် လွှတ်တော်တွင် အတိအလင်း ကြေညာပြောဆိုခဲ့ပြီးဖြစ်ရာ ယခုတစ်ဖန် ထိုအတိုင်းပင် ထပ်လောင်းပြောဆိုလိုပါကြောင်း၊ အရေးကြီးသော မိမိဆန္ဒတစ်ခုကတော့ ဗြိတိန်နှင့် မြန်မာနိုင်ငံကို အရှည်သဖြင့် ချစ်ကြည်ရင်းနှီးစွာ မိတ်ဆွေနိုင်ငံများအဖြစ် ဆက်ဆံသွားနိုင်ရေးပင်ဖြစ်ကြောင်း စသည်ဖြင့် ရင်းနှီးစွာ ပြောကြားသွားပါသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုယ်စား ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းက ပြန်ကြားချက်မိန့်ခွန်းကို ပြောကြားပါသည်။

ဗိုလ်ချုပ် ပြောကြားသော မိန့်ခွန်းမှ အဓိက အချက်များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရနှင့် ဈေးစပ်ဆွေးနွေးရာတွင် နှစ်ဦးနှစ်ဖက် ကျေနပ်လောက်သည်အထိ ချောမောအောင်မြင်လိမ့်မည်ဟု အလေးအနက် ယုံကြည်၍ ယခု လန်ဒန်မြို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် မြန်မာပြည်သူ လူထုတစ်ရပ်လုံးအား ကိုယ်စားပြု၍ လာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာပြည်သူတို့၏ လိုလားချက်ကတော့ လုံးဝလွတ်လပ်ရေး ရရှိရန်ပင်ဖြစ်ကြောင်း၊ လုံးဝလွတ်လပ်ရေး ဆိုသည်မှာလည်း မြန်မာပြည်မ တစ်ခုတည်းသာမဟုတ် ရှမ်း၊ ချင်း၊ ကချင်၊ ကယား စသော တောင်တန်းဒေသများအားလုံးပါ တစ်ပြိုင်နက် လွတ်လပ်ရေးရခြင်းကို ဆိုလိုကြောင်း၊ ပွင့်လင်းစွာပြောရလျှင် ယခုအချိန်မှစ၍ တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး လိုချင်ကြောင်း၊ နန်းရင်းဝန်ကြီးက ဗြိတိသျှ ဓနသဟာယ နိုင်ငံများအတွင်း နေရေးနှင့် ပတ်သက်၍ မြန်မာတို့ကသာ ဆုံးဖြတ်ပါဟု ပြောခြင်းကို အထူး

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက် ကျေနပ်မိပါကြောင်း စသည်ဖြင့် ပြောကြားပြီးနောက် ဗိုလ်ချုပ်က မြန်မာကိုယ်စားလှယ် အဖွဲ့အား လိုလေးသေးမရှိ ညီညွတ်ကျေပွန်စွာ ပြုစုဆောင်ရွက်ခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြား၍ နိဂုံးချုပ်လိုက်သည်။

အင်္ဂလိပ်ဘာသာဖြင့် ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတွင် မြန်မာနိုင်ငံသည် တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး လိုချင်ပါသည်ဟူသောအ ျက်ကို ထင်ရှားစွာ ပေါ်လွင်အောင် ရေးသားထားပါသည်။

ကိုမျှနှင့်ပင် ပထမနေ့ ဆွေးနွေးပွဲ အခမ်းအနားကို ရုတ်သိမ်းလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်းဝန် မစ္စတာအက်တလီ ခေါင်းဆောင်သည့် ဗြိတိသျှအစိုးရတို့ ဆွေးနွေးပွဲကို ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီးနောက် ဒုတိယနေ့ ဆွေးနွေးပွဲကို နောက်တစ်နေ့ (ဇန်နဝါရီလ ၁၄ ရက်)တွင် ဆက်လက်ပြုလုပ်ရန် နှစ်ဖက်ညှိနှိုင်း၍ စီစဉ်သတ်မှတ်ခဲ့ကြပါသည်။

ထိုအတောအတွင်း အင်္ဂလန်နိုင်ငံရှိ သတင်းစာများနှင့် ရေဒီယိုမှတစ်ဆင့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ သဘောထားကို ဖော်ထုတ်တင်ပြမည့် 'ပေါ်လစီ' ကြေညာချက်တစ်စောင် ထုတ်ပြရန် လိုအပ်လာပါသည်။

ထို့ကြောင့်ပင် ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်စာ စားသောက်ပြီးသည်နှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် 'ဒေါ်ချက်စတာ'ဟိုတယ် ဗိုလ်ချုပ်၏ အခန်း၌ စုရုံး၍ ကိုင်ပင်ဆွေးနွေးကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ နိုင်ငံရေးရာ လှုပ်ရှားခဲ့မှု သမိုင်းတစ်လျှောက် ပြောကြားခဲ့သော မိန့်ခွန်းအားလုံးကို သူကိုယ်တိုင်ပင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားလေ့ရှိပါသည်။ အင်္ဂလိပ်စာ အရေးအသားတွင် အထူးကျွမ်းကျင်သူလည်း ဖြစ်၍ သူ၏မိန့်ခွန်းများမှ စာလုံးများသည် လေးနက်ပြောင်မြောက်လှပါသည်။

ယခု လန်ဒန်မြို့သို့ ရောက်ရှိနေခိုက် မြန်မာကိုယ်စားလှယ်အဖွဲ့၏ သဘောထား ကြေညာချက်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုရမည်ဖြစ်ရာ ဗိုလ်ချုပ်တစ်ယောက်တည်း ရေးလိုက်ရုံနှင့် ပြီးနိုင်ပါသည်။ သို့ရာတွင် မြန်မာပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုအပ်သော ဘီလပ်ရောက် မြန်မာ



ကိုယ်စားလှယ်အဖွဲ့၏ အာဘော်ဖြစ်နေခြင်းကြောင့် ဗိုလ်ချုပ်သည် သူတစ်ယောက်တည်း သူ့သဘောနှင့်သူ မရေးချင်ပါ။ ထို့ကြောင့် ကိုယ်စားလှယ်အဖွဲ့ဝင်အားလုံးကို ခေါ်ယူတိုင်ပင် ဆွေးနွေးညှိနှိုင်းခြင်းပင် ဖြစ်ပါသည်။

ယင်းသို့ ဆွေးနွေးညှိနှိုင်းကြရာတွင် ဗိုလ်ချုပ်က သူ အကြမ်းမှတ်ထားသော အချက်အလက်များကို ကျန်ကိုယ်စားလှယ် အဖွဲ့ဝင်များထံ တင်ပြ၍ အကျေအလည် ဆွေးနွေးပါသည်။ အာဇာနည် သခင်မြ အစရှိသော မြန်မာခေါင်းဆောင်များကလည်း ပြန်လည်အကြံပေးခြင်း၊ စကားလုံး အသုံးအနှုန်းများကို ပြင်ဆင်ခြင်း၊ ထပ်မံ၍ ဖြည့်စွက်ခြင်းများ ပြုလုပ်ကြပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ သဘောထား ကြေညာချက်ကို ထုတ်ပြန်လိုက်သည်နှင့် ကမ္ဘာပရိသတ်က လေ့လာကြည့်ရှုပြီး ထောက်ခံအားပေးသူများရှိသလို ဝေဖန်သူများလည်း ရှိမည်ဖြစ်၍ ဗိုလ်ချုပ်တို့မှာ ကြေညာချက်ကို တစ်ပိုဒ်ချင်း၊ စာကြောင်းတစ်ကြောင်းချင်း အသေးစိတ် ဂရုစိုက် ဆွေးနွေးကြရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအား လုံးဝ လွတ်လပ်ရေးပေးခြင်းကို မလိုလားသူ ဗြိတိန်နိုင်ငံရေး အုပ်စုများလည်း ရှိနေသေးသဖြင့် ယင်းအုပ်စုက ဝေဖန်ထောက်ပြစရာ ချွတ်ယွင်းချက်၊ အားနည်းချက်၊ ဟာကွက်များ၊ မရှိရလေအောင် မြန်မာခေါင်းဆောင်တို့အနေဖြင့် အထူးဂရုစိုက်၍ ရေးသားပြုစုကြရပါသည်။

ထိုနေ့က မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ စိတ်ပါတက်ကြွ တိုင်ပင်ဆွေးနွေးရင်း ကြေညာချက်စာတမ်း ရေးဆွဲပြုစုကြပုံကို မြင်ရသောအခါ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် အရေးကြီးသော ကိစ္စများတွင် တစ်ဦးတစ်ယောက်သဘောနှင့် မဟုတ်ဘဲ စုပေါင်းခေါင်းဆောင်မှု၊ ညှိနှိုင်းတိုင်ပင်မှု စနစ်ကို ကျင့်သုံးနေကြောင်း ထင်ရှားပေါ်လွင် နေပါတော့သည်။

သို့နှင့်ပင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် အချိန်ယူ၍ တိုင်ပင်ညှိနှိုင်းပြီး ကြေညာချက်မူကြမ်းကို ပြင်ဆင်ရေးဆွဲကြရာ နေ့လယ်စာစားချိန် ရောက်တော့မှပင် ပြီးစီးသွားတော့သည်။

မွန်းလွဲ သုံးနာရီထိုးလတ်သော် ဗြိတိသျှအစိုးရနှင့် ဆက်လက်ဆွေးနွေးရန်အတွက် အမှတ် ၁၀၊ ဒေါင်းနင်းလမ်းသို့ သွားကြရပြန်ပါသည်။

ဗြိတိသျှနိုင်ငံရေးသမိုင်းတွင် အရေးပါသလောက် ထင်ရှားကျော်ကြားသော လန်ဒန်မြို့၊ ဒေါင်းနင်းလမ်း ဆိုသည်မှာ ခေတ်မီ လမ်းကျယ်ကြီးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်ငါးပေခန့်သာရှိသည့် လမ်းကျဉ်းလေးတစ်ခုသာ ဖြစ်ပါသည်။ သို့သော် အစဉ်အဆက်အားဖြင့် ဗြိတိသျှနန်းရင်းဝန်ကြီး၏ တရားဝင် နေထိုင်ရာဌာန ဖြစ်၍ ကမ္ဘာနှင့်အဝှမ်း ထင်ရှားကျော်ကြားနေခြင်း ဖြစ်ပါသည်။

ဒေါင်းနင်းလမ်း၊ အမှတ် ၁၀ ရှိ နေအိမ်ကား အပြင်ဘက်မှကြည့်လျှင် ထူးထူးခြားခြား ထည်ဝါ ခန့်ညားခြင်း မရှိလှပါ။ အင်္ဂလိပ် ဗိသုကာတို့၏ လက်ရာဆန်သော သာမန် တိုက်ကြီးတစ်ခုနှင့်သာ တူပါသည်။ သို့ရာတွင် တံခါးမကြီးမှနေ၍ ဝင်လိုက်မိသည်နှင့် အတွင်းဘက်၌မူ အတော်ပင် ခမ်းခမ်းနားနား ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ ခန်းလုံးပြည့်ခင်းထားသော ကော်ဇောကြီးများက ခမ်းနားလှပသလောက် အခန်းနံရံများတွင် ဗြိတိသျှ ပါလီမန်လွှတ်တော်နှင့် နိုင်ငံရေးသမိုင်းနှင့် ပတ်သက်သော ပန်းချီကားချပ်ကြီးများနှင့် ဓာတ်ပုံများ ချိတ်ဆွဲထားပါသည်။

အထူးသဖြင့် ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များ ဆွေးနွေးကျင်းပသည့် စည်းဝေးခန်းမကြီးက ခမ်းနားသပ်ရပ်လှပါသည်။ စားပွဲ၊ ကုလားထိုင်၊ ပရိဘောဂများကလည်း ခေတ်မီ ပုံသစ်ပုံဆန်းများ မဟုတ်ဘဲ ဝိတိုရိယ ဘုရင်မခေတ် ပရိဘောဂ အသုံးအဆောင်များဖြစ်ရာ ထုထည်အားဖြင့် ခိုင်ခံ့သလောက် လက်ရာမြောက်လှသည်ဟု ဆိုရပါမည်။

ထိုနေ့က ဆွေးနွေးပွဲကို အချိန်နှစ်နာရီလောက် ကြာအောင်ပြုလုပ်ရာ မြန်မာ့လွတ်လပ်ရေးရရှိရေး၊ လွတ်လပ်ရေးရပြီးနောက် မြန်မာနှင့် ဗြိတိန်နိုင်ငံ ဆက်ဆံရေး ကိစ္စများကို အသေးစိတ် ဆွေးနွေးကြပါသည်။

အချို့ အချက်အလက်များနှင့် ပတ်သက်ပြီး ဗြိတိသျှ နန်းရင်းဝန် မစ္စတာ အက်တလီက မေးမြန်းသည်ကို ဗိုလ်ချုပ်အောင်ဆန်းက စိတ်ရှည်လက်ရှည် ကျေလည်သည်အထိ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထိုနေ့ (ဇန်နဝါရီလ ၁၄ ရက်နေ့)က မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအဖို့ အနည်းငယ် အနှောင့်အယှက် ဖြစ်ခဲ့ရသည်ကား ညနေပိုင်းထုတ် သတင်းစာများ၌ ရန်ကုန်မြို့ အတွင်းဝန်များရုံးကို အလံနီ ကွန်မြူနစ်များ ဝိုင်း၍ ဆန္ဒပြကြကြောင်း သတင်းတစ်ရပ် ပါလာခြင်းပင် ဖြစ်ပါသည်။

အမှန်တော့ ယင်းကိစ္စမှာ လူနည်းစုအချို့၏ အဖျက်လုပ်ငန်းတစ်ခုသာ ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် စိတ်ထိခိုက် တုန်လှုပ်ခြင်း လုံးဝမရှိခဲ့ချေ။



သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ မသိမသာ နိုင်ငံရေး ခြေထိုးမှုတစ်ခု ကြုံခဲ့ရပါသည်။

အမှတ် ၁၀၊ ဒေါင်းနင်းလမ်းမှ အပြန်တွင် 'ဒေါချက်စတာ' ဟိုတယ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရန် ဧည့်သည်တစ်ဦး စောင့်နေကြောင်း တွေ့ရပါသည်။ ဧည့်သည်က သူသည် ကြေးနန်းသတင်းဖြန့်ချိရေး ဌာနတစ်ခုမှ နိုင်ငံရေးသတင်းထောက်ဖြစ်ကြောင်း၊ သူ့ကိုယ်သူ မိတ်ဆက်ရင်း မြန်မာအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံလိုကြောင်း ပြောပါသည်။

ကျွန်တော်၏ တာဝန်ဝတ္တရားတစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခွင့်တောင်းသူများအား မေးမြန်းစိစစ်ရန်ပင် ဖြစ်သည့်အတိုင်း အဆိုပါနိုင်ငံရေး သတင်းထောက်ဆိုသူအား ဘာကိစ္စ ဗိုလ်ချုပ်နှင့် တွေ့လိုပါသနည်းဟု မေးကြည့်ပါသည်။ ထိုသူကလည်း ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲ ကိစ္စအကြောင်း မေးမြန်းစရာ ရှိပါသည်ဟုသာ ဖြေပါသည်။

ယင်းအဖြေကို ကျွန်တော်က မကျေနပ်သဖြင့် ထပ်မေးသောအခါ ထိုသူက ဗိုလ်ချုပ်နှင့် ဗြိတိသျှအစိုးရတို့ ဆွေးနွေးရာ၌ ပြေလည်ချောမောခြင်း မရှိဘဲ ထစ်ငေါ့နေသည်ဟု သတင်း ထွက်ပေါ်နေပါ၍ မေးမြန်းလိုကြောင်း ဖွင့်ပြောပါသည်။

'ဘာကြောင့် ဆွေးနွေးပွဲ ထစ်ငေါ့နေတယ်လို့ ထင်တာလဲ' ဟု ကျွန်တော်က ထပ်မံ မေးခွန်းထုတ်လိုက်သောအခါ ထိုလူက သူ၏လက်တွင် ပါလာသော သတင်းစာကို ညွှန်ပြလျက် ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ဝိုင်း၍ ဆန္ဒပြခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာပြည်သူ လူထုတစ်ရပ်လုံးက မထောက်ခံသည့်သဘော ဖြစ်သည်ဟု လန်ဒန်မြို့ နိုင်ငံရေးရပ်ကွက်က ယူဆကြောင်း ပြောပါသည်။

သူ၏ပြောစကားအရ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုသော ခေါင်းဆောင် မဟုတ်သယောင်နှင့် ယင်းကြောင့်ပင်လျှင် ဗြိတိသျှ အစိုးရနှင့် လွတ်လပ်ရေး ဆွေးနွေးပွဲ ထစ်ငေါ့နေလေပြီဟု သတင်းစာများတွင် ရေးသားရန် ရည်ရွယ်ကြောင်း ထင်ရှားပါသည်။

ကျွန်တော်ကလည်း ချက်ချင်းပင် ရန်ကုန်မြို့မှ အခြေအနေနှင့်တကွ မြန်မာနိုင်ငံရှိ ကွန်မြူနစ်အင်အားသည် ပြောပလောက်အောင် မရှိကြောင်း၊ ပြည်သူကလည်း လုံးဝ လက်မခံကြောင်းကို ရှင်းပြလိုက်ပါသည်။ ထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်က ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်နှင့် တွေ့ဆုံမေးမြန်းလိုပါသေးသည်ဟု ဆိုလာသဖြင့် ပို့ရှင်းသွားစေရန် ဗိုလ်ချုပ်နှင့် တွေ့ဆုံရန် စီစဉ်ပေးလိုက်ပါသည်။

ဗိုလ်ချုပ်သည် ခပ်တည်တည် ခပ်ပြတ်ပြတ်ပင် စကားပြောပါသည်။ မိမိတို့ ကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်းဝန် မစ္စတာအက်တလီ ခေါင်းဆောင်သော ဗြိတိသျှအစိုးရတို့ ဆက်ဆံရေးပြေလည်သလို မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးရာတွင်လည်း လုံးဝ ထစ်ငေါ့ခြင်းမရှိဘဲ အာဏာလွှဲပြောင်းပေးရေး အစီအစဉ် အသေးစိတ်များကိုသာ နှစ်ဦးနှစ်ဖက် ညှိနှိုင်းနေကြကြောင်း၊ အစစအရာရာ အဆင်ပြေ၍ မကြာမီရက်အတွင်း နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးရန်ပင် သေချာနေပြီဖြစ်ကြောင်း ခပ်တည်တည် ပြောဆိုလိုက်ပါသည်၊

နိုင်ငံရေး သတင်းထောက် ဆိုသူလည်း နောက်ထပ် ဘာမေးခွန်းမှ မမေးနိုင်တော့ဘဲ နှုတ်ဆက်ပြီး ပြန်သွားပါတော့သည်။

အမှန်က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် မလိုလားသော ဗြိတိသျှနိုင်ငံရေးအုပ်စု၏ လှည့်ကွက်၊ သို့မဟုတ် ခြေထိုးချက် တစ်ခုသာဖြစ်ကြောင်း ထင်ရှားနေပါသည်။ အင်္ဂလိပ်နိုင်ငံ၌ သတင်းစာများ လွတ်လပ်စွာ ရေးသားခွင့်ရှိရာတွင် အတိုက်အခံများဘက်မှလည်း သူတို့ အာဘော်များကို ထုတ်ဖော်ရေးသားသည့် သတင်းစာများ ရှိနေခြင်းကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရ ဆွေးနွေးပွဲ ထစ်ငေါ့ပြီး ပျက်ပြားတော့မလောက် ရေးသားလို၍ နိုင်ငံရေး သတင်းထောက်ဆိုသူက ရေလာမြောင်းပေး စကားလာနှိုက်ခြင်း ဖြစ်ပါသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းက ပြတ်ပြတ်သားသား ဖွင့်ဟပြောလိုက်ခြင်းအားဖြင့် အဆိုပါ လှည့်ကွက်ကို အပြီးတိုင် ချေဖျက်လိုက်ခဲ့ပါသတည်း။

❑



[၈]

မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်သို့ သွားရောက် အရေးဆိုခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္လာနေ့ မွန်းတည့် ၁၂ နာရီ အချိန်မှစတင်၍ ဗြိတိသျှ အစိုးရနှင့် လန်ဒန်မြို့တွင် ဆွေးနွေးကြရာ ဒုတိယနေ့ အစည်းအဝေးကို ဇန်နဝါရီလ ၁၄ ရက်နေ့ ဆက်လက်ပြုလုပ်ကြပြီးနောက် တတိယမြောက် အစည်းအဝေးကိုမူ နောက်တစ်နေ့ (ဇန်နဝါရီလ ၁၅ ရက်နေ့) မွန်းလွဲလေးနာရီမှ ပြုလုပ်ကြရန် နှစ်ဦးနှစ်ဖက် သဘောတူ သတ်မှတ်လိုက်ကြပါသည်။

ယင်းသို့ဆွေးနွေးပွဲများကို နံနက်စောစောပိုင်းတွင် မပြုလုပ်ဘဲ မွန်းလွဲပိုင်းကျမှ ပြုလုပ်ကြခြင်း အကြောင်းရင်းကား နှစ်ဖက်စလုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအနေဖြင့် ပထမနေ့ အစည်းအဝေးမှ အပြန်အလှန် ဆွေးနွေးချက်များကို အစည်းအဝေးမှ အစီအစဉ်များ (အာဂျင်ဒါ)အပေါ် အဖွဲ့ဝင်အချင်းချင်း ကြိုတင်ညှိနှိုင်း တိုင်ပင်နိုင်ရေးအတွက် အချိန်ရစေရန်ပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက အာဇာနည် သခင်မြ အမှူးပြုသော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ဆွေးနွေးချက်များကို အသေးစိတ် ညှိနှိုင်းတိုင်ပင်သကဲ့သို့ တစ်ဖက်မှ ဗြိတိသျှနန်းရင်းဝန် မစ္စတာ အက်တလီကလည်း သူ၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် နေ့စဉ် တိုင်ပင်ဆွေးနွေးပြီးမှ အစည်းအဝေးကို ပြုလုပ်လေ့ရှိကြောင်း သိရပါသည်။

နိုင်ငံရေး ဆွေးနွေးပွဲကိစ္စကို အသာထား၍ ဗြိတိသျှအစိုးရ၏ အိမ်ရှင်ကောင်းပီပီ ဧည့်ဝတ်ကျေပွန်စွာဖြင့် မြန်မာကိုယ်စားလှယ်ကြီးများအား ဧည့်ခံပြုစုပုံနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့အပေါ် ဒါလောက် စည့်ဝတ်ကျေတာတော့ သူတို့ကို ချီးကျူးထိုက်တယ်ကွ'ဟု ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်က ဟိုတယ်၌ နံနက်စာစားရင်း မှတ်ချက်ချခဲ့ပါသည်။

သူဆိုလိုသည့် သဘောကတော့ လွတ်လပ်ရေးကိစ္စ ဆွေးနွေးပွဲ ချောမောပြေပြစ်မှုရှိခြင်း၊ မရှိခြင်းကို အပထား၍ ဧည့်သည်များအပေါ် အိမ်ရှင်က ဧည့်ဝတ်ကျေပွန်ပုံကို ဖွင့်ဟဝန်ခံသည့် သဘောပင် ဖြစ်ပါသည်။ ဤသည်မှာလည်း ဗိုလ်ချုပ်၏ အရာရာတွင် ပွင့်လင်းစွာ ဖွင့်ဟပြောတတ်သည့် ဝါသနာစရိုက်ကို ထင်ရှားစေသည့် အချက်ပင်ဖြစ်ပါသည်။

အထက်ပါ ဗိုလ်ချုပ်၏ မှတ်ချက်ချပုံကို မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တွဲ၍ ဆက်သွယ်ရေး အရာရှိအဖြစ် တာဝန်ချထားခြင်းခံရသူ ဗြိတိသျှနိုင်ငံခြားရေးရုံးမှ လက်ထောက်အတွင်းဝန်အား ကျွန်တော်က တစ်ဆင့် ပြောပြမိရာ ထိုအရာရှိက ပြုံးလျက်...

'ဂျင်နရယ်အောင်ဆန်းက ဒီလိုပြောတယ်ဆိုရင် ကျုပ်တို့ ဝမ်းသာလို့ မဆုံးပါဘူး"ဟု ပြန်ပြောပါသည်။

ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲကို ညနေလေးနာရီမှ ပြုလုပ်မည်ဖြစ်၍ နေ့လယ်ပိုင်း အားလပ်ချိန်တွင် မြန်မာကိုယ်စားလှယ်တော်များ အင်္ဂလန်ပြည်၏ နာမည်ကြီး ဘောလုံးပွဲတစ်ပွဲကြည့်ရန် ဖိတ်ကြားခဲ့ပါသည်။

ဘောလုံးပွဲကလည်း ကမ္ဘာကျော်အောင် နာမည်ကြီးသည့် ဗြိတိသျှဘောလုံးအသင်း နှစ်သင်းဖြစ်သော 'အာဆင်နယ်လ်'နှင့် 'ချယ်လ်ဆီး'အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည့် ပွဲကြီးပွဲကောင်းတစ်ခုပင် ဖြစ်ပါသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းမှာ ဗြိတိသျှအစိုးရနှင့် မကြာမီ ချုပ်ဆိုလက်မှတ်ထိုးရမည့် စာချုပ်ကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်လေ့လာနေရခြင်းကြောင့် မအားလပ်သဖြင့် ဘောလုံးပွဲသို့ မသွားခဲ့ပါ။ မြန်မာဝန်ကြီးထဲမှ သခင်မြ တစ်ယောက်သာလျှင် အင်္ဂလန်ဘောလုံးပွဲ ကြည့်ဖူးသည်ရှိအောင် ကြည့်ဦးမည်ဟုဆိုကာ ရုံးအဖွဲ့ဝင် လူငယ်အချို့နှင့် သွားရောက်ကြည့်ခဲ့ပါသည်။

ညနေ လေးနာရီထိုးသော် ဗိုလ်ချုပ်တို့အဖွဲ့သည် လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှနန်းရင်းဝန်ကြီး နေအိမ်သို့ သွား၍ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ကြပါသည်။



၁၉၄၈ ခု နှစ်ဦးတွင် အကောင်အထည်ပေါ်လာမည့် မြန်မာ့လွတ်လပ်ရေး၏ ရှေ့ပြေးဖြစ်သော သမိုင်းဝင် 'အောင်ဆန်း-အက်တလီ' စာချုပ်ကြီး၏ အခြေခံ အချက်အလက်များ ရုပ်လုံးပေါ်လာစပြုပြီ ဖြစ်ပါသည်။

ထိုနေ့က ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးချက်များ ပြေလည်ချောမောခဲ့ပါသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင်လည်း ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲကို မွန်းလွဲ သုံးနာရီအချိန်မှ ပြုလုပ်ရန် စီစဉ်ထားသဖြင့် နံနက်ပိုင်း အချိန်ရခိုက် ဗိုလ်ချုပ်အောင်ဆန်းသည် သူ အဓိက လေ့လာကြည့်ရှုချင်သော နေရာသို့ သွားရောက်ခဲ့ပါသည်။

ထိုနေရာကား ဗြိတိသျှ ဗဟိုစစ်ဌာနချုပ်ရုံးပင် ဖြစ်သည်။

ဗြိတိသျှ အင်ပါယာ တစ်ခုလုံး၏ စစ်ရေးစစ်ရာ အဝဝကို ဦးစီးကွပ်ကဲရသော ဌာနဖြစ်၍ အလွန်အရေးပါလှသည့် ရုံးကြီးတစ်ရုံးပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်၏ သေနာပတိနှင့် စစ်ဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဖွင့်လှစ်ရမည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ရုံးချုပ် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ အထောက်အကူဖြစ်စေရန် ဗြိတိသျှ စစ်ဌာနချုပ်ရုံးကို စိတ်ပါဝင်စားစွာ သွားရောက်လေ့လာ ကြည့်ရှုခဲ့ခြင်း ဖြစ်ပါသည်။

စစ်ဌာနချုပ်၌ ဗိုလ်ချုပ်အောင်ဆန်းအား ဆီးကြိုနှုတ်ဆက်၍ ဧည့်ခံသူကား 'စီ-အိုင်-ဂျီ-အက်စ်'ခေါ် ဗြိတိသျှ အင်ပါယာလုံးဆိုင်ရာ စစ်ဦးစီးအဖွဲ့မှူး ဖီးလ်မာရှယ် (ဗိုလ်ချုပ်မှူး) လော့ဒ်မောင်ဂိုမာရီပင် ဖြစ်ပါသည်။

ဗြိတိသျှစစ်ဘက်တွင် အမြင့်ဆုံး၊ အကြီးဆုံး ထိပ်သီးရာထူးပင် ဖြစ်သည်။

'လော့ဒ် မောင်ဂိုမာရီ'မှာ ဒုတိယ ကမ္ဘာစစ်အတွင်းက အာဖရိကတိုက်စစ်မျက်နှာတွင် ဂျာမန်တပ်များနှင့် တိုက်ခိုက်ရာ၌ ထူးချွန်စွာ အောင်မြင်၍ နာမည်ကြီးခဲ့သူ တပ်မှူးကြီးတစ်ဦး ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှစစ်တပ် ဖွဲ့စည်းပုံ၊ အုပ်ချုပ်ကွပ်ကဲပုံများနှင့် ပတ်သက်၍ မေးမြန်းသော မေးခွန်းပုံစံမျိုးစုံကို 'လော့ဒ်မောင်ဂိုမာရီ'က စိတ်ရှည်လက်ရှည် ဖြေကြားပြီးနောက် စစ်ဌာနချုပ်ရုံးရှိ ဌာနခွဲအသီးသီးသို့လည်း လိုက်လံပြသပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်း၏ တည်ကြည်ဖြောင့်မတ်မှု၊ မျိုးချစ်စိတ်ဓာတ် ပြင်းထန်တက်ကြွပုံနှင့် ပတ်သက်၍ မြန်မာနိုင်ငံရောက် ဗြိတိသျှ အမှတ် ၁၄ စစ်တပ်ကြီး၏ သေနာပတိချုပ်ကြီး ဆာဝီလျံစလင်း ထံမှတစ်ဆင့် ကြားသိထားပြီး ဖြစ်သောကြောင့် 'လော့ဒ်မောင်ဂိုမာရီ'သည် ဗိုလ်ချုပ်အား ခင်မင်လေးစားခြင်းဖြစ်ကြောင်း သိရပါသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်သွား၍ အရေးဆိုခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲကို ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့က စတင်ခဲ့ရာ စုတုတ္ထနေ့မြောက် ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေ သုံးနာရီ အချိန်၌ လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်း၌ပင် ဆက်လက်ပြုလုပ်ခဲ့ကြပါသည်။

ထိုနေ့ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် ကိစ္စနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို တင်ပြဆွေးနွေးကြရာ နှစ်ဖက်ကိုယ်စားလှယ်ကြီးများက အထူးစိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးကြပါသည်။

ဗြိတိသျှ အစိုးရဘက်မှ မရှင်းမလင်း၍ မေးသောအချက်များကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသည် ညနေ ငါးနာရီခွဲအချိန့်တွင် ပြီးဆုံးခဲ့ပါသည်။

နှစ်ဦးနှစ်ဖက် ဆွေးနွေးကြရာ၌ ကျေလည်ကြသည် ဆိုသော်လည်း ဆုံးဖြတ်ချက် အတိအကျ မချမှတ်သေးဘဲ နောက်တစ်နေ့ အစည်းအဝေးကျမှ ထပ်မံဆွေးနွေးပြီး ဆုံးဖြတ်ကြရန် နှစ်ဦးနှစ်ဖက် သဘောတူလိုက်ကြပါသည်။

ထို့ပြင် ဆွေးနွေးချက်များကို နှစ်ဖက်စလုံးမှ ပြန်လည်စဉ်းစားသုံးသပ်နိုင်ရန် အချိန်ယူလိုကြသည်ဆိုပြီး နောက်တစ်နေ့ (ဇန်နဝါရီ ၁၇ ရက်)တွင် ဆွေးနွေးပွဲမလုပ်ဘဲ တနင်္လာနေ့ (ဇန်နဝါရီလ ၂၀ ရက်နေ့)မှ ဆက်လက်ပြုလုပ်ကြရန် ရွှေ့ဆိုင်းလိုက်ကြပါသည်။

ထိုအတောအတွင်း ဗြိတိသျှ နိုင်ငံခြားရေးရုံးမှ ဆက်သွယ်ရေးအရာရှိက မြန်မာကိုယ်စားလှယ်အဖွဲ့များ စိတ်ဝင်စားပါက ထိုနေ့တွင် လန်ဒန်'တိုင်း' သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာနိုင်ရန် စီစဉ်ထားကြောင်း ကြိုတင်ပြောပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်မဖြစ်မီခေတ် (တက္ကသိုလ်ကျောင်းမှ ထွက်ပြီး ဂျပန်ပြည်သို့ မသွားမီကာလ)က မြန်မာ့အလင်း သတင်းစာနှင့်



'နယူးဘားမား' အင်္ဂလိပ်သတင်းစာများတွင် သတင်းဆောင်းပါးများ ရေးသားခဲ့သူဖြစ်၍ သတင်းစာလုပ်ငန်းကို အထူးပင် စိတ်ဝင်စားခဲ့ပါသည်။

ထို့ကြောင့် ကမ္ဘာကျော် လန်ဒန်'တိုင်း' သတင်းစာတိုက်သို့ သွားရောက်လေ့လာခွင့်ရမည်ဟု သိရသောအခါ ချက်ချင်းပင် လိုက်ကြည့်မည်ဟု သဘောတူလိုက်ပါသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့၊ ည ၈ နာရီခွဲခန့်တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗြိတိသျှ ဆက်သွယ်ရေးအရာရှိ လိုက်ပါလျက် လန်ဒန်'တိုင်း' သတင်းစာတိုက်ကြီးသို့ သွားရောက်ကြည့်ရှုခဲ့ကြပါသည်။

ထိုသတင်းစာကို ခရစ်သက္ကရာဇ် ၁၇၈၈ ခုနှစ်က စတင်ထုတ်ဝေခဲ့သဖြင့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၆၀ ခန့်ရှိနေပြီး အင်္ဂလန်နိုင်ငံတွင် ရှေးအကျဆုံး၊ သမ္မာအရင့်ဆုံး သတင်းစာကြီးတစ်စောင်ဖြစ်ကြောင်း သိရပါသည်။

ပို၍ ထူးခြားသည်ကား စာဖတ်ပရိသတ် အများပြည်သူတို့၏ အတွေးအခေါ် အယူအဆများကို ဆွဲဆောင်ပုံလောင်းနိုင်လောက်အောင် ဩဇာအရှိဆုံး သတင်းစာလည်းဖြစ်၍ လန်ဒန်'တိုင်း'သည် ကမ္ဘာကျော်အောင် နာမည်ကြီးနေခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်တို့အဖွဲ့ ရောက်သွားချိန်မှာ ညဘက်ဖြစ်သော်လည်း 'တိုင်း' သတင်းစာတိုက် တစ်ခုလုံး၏ ဌာနခွဲအသီးသီးမှာ လုပ်သားများ အပြည့်အစုံဖြင့် အချိန်ပြည့် အလုပ်လုပ်နေကြသည်ကို တွေ့ရပါသည်။

'တိုင်း'သတင်းစာ၏ အယ်ဒီတာဌာန၊ အုပ်ချုပ်မှုဌာန၊ ကြော်ငြာဌာန၊ သုတေသနဌာန စသည်ဖြင့် ဌာနခွဲအသီးသီး၌ အမှုထမ်းဦးရေမှာ ၁၂၀၀ ကျော်ရှိနေသဖြင့် သာမန်အစိုးရဌာန သို့မဟုတ် ရုံးတစ်ရုံးထက်ပင် လူအင်အားပိုများနေသည်ဟု ဆိုရပါမည်။

စက်ခန်းရှိ ခေတ်အမီဆုံး 'အော်တိုမက်တစ်' ပုံနှိပ်စက်ကြီးများသည် ရပ်နားသည့် အချိန်ဟူ၍ မရှိသလောက် တစ်နေ့လျှင် ၂၄ နာရီလုံးလုံး လည်ပတ်ရိုက်နှိပ်နေရပါသည်။

အထူးသဖြင့် စာစီသည့်အဆင့်မှ ရိုက်ပြီး သတင်းစာ ထွက်လာသည့်အဆင့်အထိ ခေတ်မီအလိုအလျောက် (အော်တိုမက်တစ်) စက်များ အသုံးပြုထားသဖြင့် လျင်မြန်လှခြင်းမှာ အံ့သြဖွယ်ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တို့ ရောက်သွားချိန်တွင် 'တိုင်း'သတင်းစာ၏ 'ပထမနှိပ်ခြင်း' ကို ပြင်ဆင်စီစဉ်နေကြရာ သတင်းစာတိုက်မှ တာဝန်ရှိသူများက အသေးစိတ် လိုက်လံပြရင်း ရှင်းလင်းပြောပြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ဗိုလ်ချုပ်တို့လူစု စာစီဌာနတွင် စာစီနေပုံကိုကြည့်ပြီး နာရီဝက်ခန့် အကြာတွင် တာဝန်ခံအယ်ဒီတာက ရိုက်နှိပ်ပြီး သတင်းစာများ ထွက်ကျလာသည့်နေရာသို့ ခေါ်သွားပါသည်။

အယ်ဒီတာသည် မျက်နှာထား ခပ်ပြုံးပြုံးဖြင့် ထွက်လာသော သတင်းစာ တစ်စောင်ကို ဆွဲယူပြီး ဗိုလ်ချုပ်အောင်ဆန်းအား လှမ်းပေးလိုက်သည်။

ထိုသတင်းစာ၏ မျက်နှာဖုံးစာမျက်နှာ တစ်နေရာ၌ 'မြန်မာကိုယ်စား လှယ်တော်များ တိုင်းသတင်းစာတိုက်သို့ လာရောက်ကြည့်ရှုခြင်း' ခေါင်းစဉ် ဖြင့် သတင်းတစ်ပိုဒ် ပါလာသဖြင့် ဗိုလ်ချုပ်နှင့်တကွ မြန်မာခေါင်းဆောင်များ မှာ အံ့ဩနေမိကြပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သတင်းစာလုပ်ငန်းကို ဝါသနာပါသူ့နည်းတူ စာအုပ်ထုတ်ဝေရေး လုပ်ငန်းကိုလည်း အထူးစိတ်ဝင်စားသူ ဖြစ်ပါသည်။ ငယ်စဉ်က စ၍ စာဖတ်အလွန်ဝါသနာပါပြီး အချိန်ရတိုင်း စာအုပ်များ ဖတ်ရှု လေ့လာခြင်းဖြင့် အချိန်ကုန်လွန်လေ့ရှိကြောင်းကို သူနှင့် ရင်းနှီးသူ မှန်သမျှက သိကြပါသည်။

ဘိလပ်သို့ မသွားမီ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့က ရှမ်း ပြည်နယ် တောင်ပိုင်းဘက် ခရီးထွက်ရင်း ညောင်ရွှေမြို့ ဟောပြောပွဲ၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအကြောင်း ဟောပြောအပြီး ညောင်ရွှေ စော်ဘွားကြီး၏ 'ဟော်'တွင် ခေတ္တနားနေခိုက် ဗိုလ်ချုပ်က...

'ဒါတော့ လန်ဒန်ရောက်ရင် စာအုပ်ဆိုင်ကြီးတွေကို ရောက်အောင် သွားကြည့်မှ ဖြစ်မယ်ကွ၊ လန်ဒန်မြို့ဆိုတာ ကမ္ဘာပေါ်မှာ စာအုပ်စာတမ်းမျိုးစုံ စောင်ရေအများဆုံး ထုတ်ဝေတဲ့ မြို့ရယ်လို့ ကျော်ကြားနေတာ အလကား မဟုတ်ဘူး'ဟု ပြောခဲ့ဖူးပါသည်။

အထက်ပါ သူ၏စကားကို ပြန်လည် သတိရစေသည်ကား ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲများ ရပ်နားထားစဉ် ဗိုလ်ချုပ်သည် လန်ဒန်မြို့၏ ကမ္ဘာကျော် စာအုပ်ဆိုင်များ ရပ်ကွက်သို့ သွားရောက် လေ့လာကြည့်ရှုခြင်းကြောင့်ပင် ဖြစ်သည်။



နံနက်စာ စားသောက်ကြပြီးသည်နှင့် ဗိုလ်ချုပ်သည် 'ဒေါ်ချက်စတာ' ဟိုတယ်မှ ထွက်၍ လန်ဒန်မြို့ စာအုပ်ဆိုင်များဆီသို့ သွားပါတော့သည်။ ထိုနေ့က လန်ဒန်မြို့သို့ အကြိမ်ကြိမ်ရောက်ဖူး၍ ကျွမ်းကျင်နှံ့စပ်နေသူ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွဋ်က ဗိုလ်ချုပ်တို့လူစုအား ခေါင်းဆောင်ခေါ်သွား ပါသည်။

စာအုပ်ဆိုင်များသို့ရောက်လျှင် လိုချင်စရာ၊ ဖတ်ချင်စရာ စာအုပ်တွေ မလွဲမသွေ ဝယ်ယူတော့မည်ဟု ဗိုလ်ချုပ်၏ဆန္ဒကို ကြိုတင်တွက်မိသဖြင့် ကျွန်တော်လည်း ရှိသမျှ အင်္ဂလိပ်ငွေ (စတာလင်ပေါင်)များ အသင့်ဆောင်၍ လိုက်ပါသွားခဲ့ရပါသည်။

လန်ဒန်မြို့၏ စာအုပ်ဆိုင်ကြီးများကလည်း ကျော်ကြားသလောက် ခမ်းနား... ...ယ်ကြပါသည်။ ပုံ၍သာ ထားလိုက်လျှင် တောင်ပုံရာပုံဖြစ်နေမည့် စာအုပ်များကို စာအုပ်စင်ကြီးများဖြင့် စနစ်တကျစီပြီး တင်ပြထားပုံ အခင်း အကျင်းကအစ ချီးကျူးဖွယ် ကောင်းနေပါသည်။

စာအုပ်ဆိုင်မှ အမှုထမ်းများကလည်း ဝင်လာသမျှ ပရိသတ်များအား ညှို့ဝတ်ပျူငှာ ဆီးကြိုနှုတ်ဆက်၍ စာအုပ်များကို စိတ်ရှည်လက်ရှည် လိုက်လံ ပြပုံကပင်လျှင် မဝယ်ချင်ဝယ်ချင်အောင် ဆက်ဆံစည်းရုံး နည်းကောင်းတစ်ခုဟု ဆိုရပါမည်။

ကျွန်တော် ကြိုတင်တွက်ထားမိသည့်အတိုင်း ဗိုလ်ချုပ်သည် ပထမဆုံး စာအုပ်ဆိုင်တစ်ဆိုင်သို့ ဝင်မိချိန်မှစ၍ သူ သဘောကျသော စာအုပ်တွေ ဝယ်ပါ လေတော့သည်။ ထိုအချိန်၌ လန်ဒန်မြို့က စာအုပ်ဈေးနှုန်းများ ယခုလောက် မများသော်လည်း ဗိုလ်ချုပ်သည် ပထမ ဆိုင်တစ်ဆိုင်ထဲမှာပင် စတာလင်ပေါင် သုံးပေါင်နှင့် ဆယ်သျှီလင်ဖိုး (မြန်မာငွေ ကျပ်ငါးဆယ်ဖိုးခန့်) ဝယ်ယူခဲ့ကြ ပါသည်။

သူဝယ်သော စာအုပ်များ၏ ခေါင်းစဉ်ကို ဖတ်ကြည့်ရာ နိုင်ငံရေး၊ စီးပွားရေး (ဘောဂဗေဒ)ဆိုင်ရာ စာအုပ်များ ဖြစ်နေကြောင်း တွေ့ရပါသည်။

ဗိုလ်ချုပ်က သူ ဝါသနာပါသော ဘာသာရပ်ဆိုင်ရာ စာအုပ်များကိုသာ ရွေးဝယ်ခြင်းဖြစ်ရာ လန်ဒန်မြို့၏ စာအုပ်ဆိုင်ကြီးများတွင် မည်သည့်ဘာသာ ရပ်ဆိုင်ရာ စာအုပ်မဆို စုံလင်အောင် ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း စာအုပ်ဆိုင်လေးဆိုင်သို့ ဆက်တိုက်ဝင်ပြီး သူလိုချင်သော စာအုပ်များကို ဝယ်ယူပါသည်။ အမှန်တော့ သူ့အနေဖြင့် ထိုထက်မက စာအုပ်တွေ အများကြီး ဝယ်ချင်ရှာပါသည်။ သို့သော် ကျွန်တော်တို့တွင်ရှိသော အင်္ဂလိပ်ငွေက နည်းနေသဖြင့် အရေးကြီးဆုံး စာအုပ်အချို့သာ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။

စာအုပ်ဆိုင်များရှိ ဖတ်ချင်စရာ စာအုပ်တွေ လျှောက်ကြည့်ရင်း နေ့လယ်စာစားချိန် ရောက်သဖြင့် လိုက်ပို့သူ ဝန်ကြီး ဦးတင်ထွဋ်က ဗိုလ်ချုပ်အား ဟိုတယ်သို့ ပြန်မစားဘဲ တရုတ်အစားအစာစားလျှင် မကောင်းပါလားဟု အကြံပေးရာ ဗိုလ်ချုပ်ကလည်း 'ကောင်းသားပဲ'ဟု သဘောတူလိုက်သဖြင့် ဦးတင်ထွဋ်ကပင် ရှေ့ဆောင်လမ်းပြလျက် လန်ဒန်မြို့၏ နာမည်ကြီး တရုတ်စားသောက်ဆိုင်တစ်ဆိုင်သို့ သွားကြပါသည်။



(၉)

တရုတ်ဆိုင်ဆိုသော်လည်း အလွန်ခမ်းနား သပ်ရပ်ပြီး စားပွဲထိုးတရုတ် အမျိုးသားများက ဥရောပတိုက်ဝတ်စုံဖြင့် ကျနစွာ ဝတ်စားထားကာ အင်္ဂလိပ် စကားကိုလည်း ရေလည်စွာ ပြောနိုင်ကြပါသည်။

မြန်မာခေါင်းဆောင်များသည် နေ့စဉ်နှင့်အမျှ အင်္ဂလိပ် အစားအစာချည်း စားရ၍ ငြီးငွေ့နေချိန်တွင် ခေါက်ဆွဲကြော်၊ အစိမ်းကြော် စသော စားနေကျ စားသောက်ဖွယ်များ စားသောက်ကြရသဖြင့် အထူးပင် မြိန်ရေယှက်ရေ စားသောက်ကြပါသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲ မရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက်ပိုင်း၌ လန်ဒန်မြို့ရှိ စာအုပ်ဆိုင်ကြီးများသို့ သွားရောက်ခဲ့ကြပြီးနောက် မွန်းလွဲပိုင်း အားလပ်၍ 'ဒေါချက်စတာ' ဟိုတယ်သို့ ပြန်အနားယူနေကြပါသည်။

မြန်မာခေါင်းဆောင် အများစုအဖို့ အနားယူနိုင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းမှာမူ ယမန်နေ့ (ဇန်နဝါရီလ ၁၆ ရက်)က ဆွေးနွေးခဲ့သည့် အချက်အလက်များကို ပြန်လည်လေ့လာ သုံးသပ်နေရ၍ အလုပ်များနေပြန်ပါသည်။ အရေးထဲ မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံမေးမြန်းလိုပါသည်ဟုဆိုကာ လာရောက်ကြသော သတင်းစာဆရာ အယ်ဒီတာများကလည်း လက်မခံနိုင်လောက်အောင် များပြားနေသဖြင့် ကျွန်တော်တို့ လူငယ်များကပင် ပြေလည်အောင် တောင်းပန်လွှတ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဗိုလ်ချုပ်ကိုယ်တိုင်က လက်ခံတွေ့ဆုံရန် ကြိုတင်သဘော တူထားသူ ဧည့်သည်တစ်ဦးကိုတော့ ထိုနေ့က တွေ့ဆုံခွင့်ပေးရန် စီစဉ်ပေးရ ပါသည်။

ထိုပုဂ္ဂိုလ်ကား ဗြိတိသျှ ကွန်မြူနစ်ခေါင်းဆောင် 'မစ္စတာပမ်းဒတ်တ်' ဆိုသူပင် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်အား ဗိုလ်ချုပ်က လက်ခံတွေ့ဆုံခြင်းမှာလည်း အကြောင်း ရှိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် နိုင်ငံခြားမှ တိုးတက်သော နိုင်ငံရေး အတွေးအခေါ်ရှိသူ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးလိုသည့်ဆန္ဒ နဂိုက ရှိခဲ့ပါသည်။ အထူးသဖြင့် နယ်ချဲ့အရင်းရှင်စနစ်ကို တိုက်ဖျက်ပြီး အလုပ်သမား၊ လယ်သမား၊ လူတန်းစားတို့၏ ဘဝ တိုးတက်မြင့်မားရေးကို ကြိုးပမ်းနေသူ ခေါင်းဆောင်များနှင့် တွေ့ဆုံချင်စိတ် ရှိခဲ့ပါသည်။

၁၉၄၆ ခု၊ ဇန်နဝါရီလ ရွှေတိဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံကြီး၌ ဗိုလ်ချုပ် ပြောကြားခဲ့သော သဘာပတိ မိန့်ခွန်းကို ပြန်ကြည့်လျှင် တရုတ်ပြည် (ထိုစဉ်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မဖြစ်သေး)မှ ကွန်မြူနစ် ခေါင်းဆောင်ကြီးများဖြစ်သူ မော်စီတုန်း၊ ချူတေးနှင့် ချူအင်လိုင်းတို့ကို ဂုဏ်ပြု ထားချက်များ ပါရှိကြောင်း တွေ့ရမည် ဖြစ်ပါသည်။

ထို့ပြင် သူသည် 'စီ-ပီ-ဂျီ-ဘီ' ခေါ် ဗြိတိသျှ ကွန်မြူနစ်ပါတီ၏ လုပ်ဆောင်ချက်နှင့် လှုပ်ရှားမှုများကို စိတ်ဝင်စားခဲ့ပါသည်။

**မှတ်ချက်။** ။ ထိုအချိန်က ဗိုလ်ချုပ်သည် ဗမာပြည် ကွန်မြူနစ် ပါတီနှင့် နိုင်ငံရေး သဘောကွဲလွဲနေပြီဖြစ်သော်လည်း အင်္ဂလန်နိုင်ငံ၌ ကျင်းပသည့် ကွန်မြူနစ် ပါတီများ ညီလာခံသို့ မြန်မာ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်နိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ်များ ရရှိအောင် သူကိုယ်တိုင် ကူညီဆောင်ရွက်ပေးခဲ့သည်မှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

မစ္စတာပမ်းဒတ်တ်ဆိုသူမှာ ထိုအချိန်က နာမည်ကြီးသော အပြည်ပြည် ဆိုင်ရာ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦး ဖြစ်နေ၍ ဗိုလ်ချုပ်က လက်ခံ တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။



လူချင်း တွေ့ဆုံကြသောအခါ ဗိုလ်ချုပ်သည် ဗြိတိသျှ ကွန်မြူနစ်ပါတီ အကြောင်း လေ့လာမေးမြန်းပြီး မိမိတို့မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုများကို အသေးစိတ် ရှင်းလင်းတင်ပြရင်း ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ဘာကြောင့် သဘောထား ကွဲလွဲရပုံကိုပါ ရှင်းလင်းပြောပြခဲ့ပါသည်။

မစ္စတာ ပမ်းဒတ်တ်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားပွင့်လင်းစွာ ဆွေးနွေးချက်ကို သဘောကျပြီး လေးစားသွားပုံ ရပါသည်။

*

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲ မရှိသဖြင့် နံနက်ပိုင်း အချိန်ရခိုက် မြန်မာ ကိုယ်စားလှယ်များသည် နောက်တစ်ကြိမ် ဆွေးနွေးရမည့် အချက်အလက်များနှင့် ပတ်သက်၍ အချင်းချင်း ညှိနှိုင်းတိုင်ပင် ကြပါသည်။

လန်ဒန်မြို့၏ ရာသီဥတုကား မိုးဖွဲကလေး အနည်းငယ် ရွာနေသည်မှ အပ ထိုနေ့က အတော်ကလေး ကောင်းမွန်နေပါသည်။ 'စနိုး'ခေါ် မိုးပွင့်များ အကြီးအကျယ် မကျတော့သဖြင့် ရံဖန်ရံခါ နေရောင်ကိုပင် မြင်ရပါသည်။

ထိုနေ့ (ဇန်နဝါရီလ ၁၈ ရက်) နေ့လယ်စာ 'လန့်ချ်'ကို ဗြိတိသျှ နန်းရင်းဝန်ကြီး မစ္စတာအက်တလီက ဖိတ်ကြားတည်ခင်း ဧည့်ခံသဖြင့် ဗိုလ်ချုပ် နှင့်တကွ မြန်မာ ကိုယ်စားလှယ်တော်ကြီးများလည်း နေ့လယ် ၁ နာရီ အရောက် မစ္စတာ အက်တလီအိမ်သို့ သွားပြီး နေ့လယ်စာ စားကြပါသည်။

နန်းရင်းဝန်ကြီး၏ အိမ်ဖြစ်၍ ကျွမ်းကျင်သော စားတော်ကဲများက အကောင်းဆုံး အစားအစာများကို ချက်ပြုတ်ကျွေးမွေးပါသော်လည်း မြန်မာ ခေါင်းဆောင်များအဖို့ စားနေကျမဟုတ်သော အင်္ဂလိပ် အစားအစာများကို ကောင်းစွာ စားမမြိန်ကြပါ။ ဧည့်သည်တို့၏ ဝတ္တရားအတိုင်းသာ တစ်ခွက်ပြီး တစ်ခွက် လာချပေးသော စွပ်ပြုတ်၊ ငါးကြော်၊ အသားဟင်း စသည်တို့ကို မှန်မှန်စားသောက်ကြပါသည်။

ထမင်းစားပွဲ၏ ထူးခြားချက်ကား နန်းရင်းဝန် မစ္စတာအက်တလီနှင့် တကွ သူ ဖိတ်ကြားထားသော ဗြိတိသျှဝန်ကြီးများက နိုင်ငံရေးစကား လုံးဝ မပြောကြခြင်းပင် ဖြစ်ပါသည်။ နေ့လယ်စာ စားပွဲမှာ လူမှုရေး (ဆိုရှယ်)အရ တွေ့ဆုံပွဲ သဘောဖြစ်၍ လုပ်ငန်းသဘော သက်ရောက်သည့် နိုင်ငံရေးအကြောင်း လုံးဝ စကားမစပ် မပြောမိအောင် အထူးသတိထားလေ့ရှိသော ဗြိတိသျှလူမျိုး တို့၏ အစဉ်အလာကို ထိန်းသိမ်းကျင့်သုံးကြခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးစကား မပြောသော်လည်း အခြား အလ္လာပသလ္လာပ စကားများကိုတော့ ပြောကြားပါသည်။ မစ္စတာအက်တလီက မြန်မာလူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုအကြောင်း၊ ဓလေ့ထုံးစံများအကြောင်း မေးမြန်းဆွေးနွေးသလို ဗိုလ်ချုပ်အောင်ဆန်းကလည်း သူ လေ့လာထားသော အင်္ဂလန်နိုင်ငံသမိုင်းမှ ဖြစ်ရပ်အချို့အကြောင်း မေးမြန်းဆွေးနွေးခဲ့ပါသည်။ အာဇာနည် သခင်မြကမူ ဘီအယ်လ်ဘွဲ့ရ ဥပဒေပညာရှင် ဖြစ်သည့်အတိုင်း သူ၏ဘေးနားရှိ ဗြိတိသျှ ဝန်ကြီး ဝ.ေ◌်ႈ◌ှုႈနှင့် အင်္ဂလန်နိုင်ငံ၏ ရှေးဟောင်း တရားဥပဒေအကြောင်း ဆွေးနွေးပြောဆိုခဲ့ပါသည်။

နေ့လယ်စာ စားပွဲမှအပြန် ဟိုတယ်၌ နားနေချိန်တွင် ရန်ကုန်မှ သတင်းစာအချို့ ရောက်ရှိလာသဖြင့် မြန်မာခေါင်းဆောင်များသည် မြန်မာနိုင်ငံမှ သတင်းများကို အထူးစိတ်ဝင်စားစွာဖြင့် ဖတ်ရှုကြရပါသည်။

အထူးသဖြင့် ဗိုလ်ချုပ်တို့ ဘိလပ်ရောက်နေခိုက် မြန်မာနိုင်ငံတွင် 'လုံးဝလွတ်လပ်ရေး လိုချင်သည်'ဟု ကြွေးကြော်လျက် လူထုဆန္ဒပြပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပကြပုံ သတင်းများကို ဖတ်ရပါသည်။

တစ်နည်းအားဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူတစ်ရပ်လုံးက ထောက်ခံအားပေးလျက်ရှိကြောင်း ဆန္ဒပေးနေသည့် သဘောဖြစ်၍ ဗိုလ်ချုပ်တို့ လွတ်လပ်ရေးအတွက် အရေးဆိုခြင်းကို အထောက်အကူ ဖြစ်စေခဲ့ပါသည်။

ယင်းလူထုဆန္ဒပြပွဲများအကြောင်း သတင်းကို ရန်ကုန်ရှိ ဗြိတိသျှဘုရင်ခံ၏ အစီရင်ခံချက်အရ ဗြိတိသျှ အစိုးရကလည်း သိရှိနေပြီဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူတစ်ရပ်လုံးက ထောက်ခံသော ခေါင်းဆောင်အဖြစ် လေးစားလာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အဆောင်အယောင် ပကာသနကို အလွန်စက်ဆုပ်မုန်းတီးသူ ဖြစ်သည့်အလျောက် ဧည့်သည်အဖြစ် သူများအိမ်တွင် ထမင်းစားသွားရလျှင် အကြီးအကျယ် စိတ်ပျက်တတ်ပါသည်။

ဖိတ်ကြားသူ မရှိ၍ မိမိတည်းခိုရာ ဟိုတယ်၌ စားရလျှင် စားစရာက မကောင်းလှသော်လည်း အဝတ်အစားကျကျနန ဝတ်ဆင်ရန်မလိုဘဲ လွတ်လပ်စွာ စားနိုင်သဖြင့် ဗိုလ်ချုပ်အဖို့ နေသာထိုင်သာ ရှိတတ်ပါသည်။

ထို့ကြောင့် ထိုနေ့ညနေဘက် ဗိုလ်ချုပ်သည် သူ၏ ဟိုတယ်ခန်း၌ အဝတ်အစားများ ချွတ်လဲပြီး သက်တောင့်သက်သာနေကာ စာအုပ်ဖတ်နေစဉ်



ကျွန်တော်က သွားရောက်နှိုးဆော် သတိပေးသောအခါ စိတ်ပျက်လက်ပျက် ညည်းရှာသည်။

'ကိုင်း... ဗိုလ်ချုပ် အဝတ်အစားလဲဖို့ အချိန်တော်ပြီလေ'

'ဘာဖြစ်လို့ ဝတ်ရမှာလဲကွ'

ဗိုလ်ချုပ်က ဖတ်နေသော စာအုပ်ကို လက်ကမချဘဲ ပြန်ပြောပါသည်။

'သွားစရာရှိလို့ပေါ့၊ ဒီနေ့ည 'ဒင်နာ'ကို ဆာစတက်ဖို့ခရစ်တို့ ဇနီးမောင်နှံက ဖိတ်ထားတယ်လေ၊ ကျွန်တော် ဗိုလ်ချုပ်ကို မနေ့ကတည်းက ပြောထားပြီးသားပဲ'

(ဆာစတက်ဖို့ခရစ်ဆိုသူမှာ ထိုစဉ်က ဗြိတိသျှ ရှေ့တိုက်စိုး ဝန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံအပေါ် သံယောဇဉ်ရှိသူ ဗြိတိသျှ လေဘာပါတီ ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။)

'ဟော... ဟုတ်လား၊ ဥက္ကာပဲကွာ၊ ငါက ဒီည အေးအေးဆေးဆေး နေရတော့မယ် မှတ်တာ၊ ဘာလဲ အဝတ်အစား အပြည့်အစုံ ဝတ်ရမှာလား'

'ဒါတော့ ဝတ်ရမှာပေါ့ ဗိုလ်ချုပ်၊ အင်္ဂလိပ်လူမျိုးတို့ရဲ့ ထုံးစံအရ ညစာ(ဒင်နာ)ဖိတ်ရင် အဝတ်အစား အပြည့်အစုံ ဝတ်ရလိမ့်မယ်'

'ဟုတ်လား၊ ငါတော့ ဒီအဝတ်အစား ဝတ်ရတာလောက် စိတ်ပျက်တာ မရှိဘူး၊ သိပ်ပြီး နေရထိုင်ရ ကျဉ်းကျပ်တယ်ကွ၊ မင်းတို့ လူယဉ်ကျေးတွေရဲ့ အဆောင်အယောင်တွေကို ငါ နည်းနည်းမှ သဘောမကျဘူး၊ နေရထိုင်ရတာလည်း မလွတ်လပ်ဘူး၊ ဒါပေမဲ့ ဆာစတက်ဖို့ခရစ် ဖိတ်တယ်ဆိုတော့လည်း သွားရမှာပဲ၊ မတတ်နိုင်ဘူး၊ ကိုင်း... မင်းပဲ ကြည့်လုပ်ပေတော့"

ဗိုလ်ချုပ်က ထိုသို့ ညည်းညည်းညူညူနှင့်ပင် သဘောတူလိုက်တော့မှ ကျွန်တော်လည်း သူ့အတွက် ဝတ်စုံများ ရွေးချယ်ထုတ်ပေးလျက် ဝတ်ဆင်စေရာတွင် လည်ပင်းမှ 'နက်ကတိုင်' (လည်စည်း) စည်းခြင်းမှစ၍ သပ်သပ်ရပ်ရပ်ဖြစ်အောင် ကူညီစည်းပေးလိုက်ရပါသည်။

ဟိုတယ်မှအထွက်တွင် ဗိုလ်ချုပ်၏ မျက်နှာထား မှုန်တေတေ ဖြစ်နေသော်လည်း ညစာ ဖိတ်ကြားသည့် 'ဆာစတက်ဖို့ခရစ်'၏ အိမ်သို့ ရောက်သွားသည့်နှင့် ကြည်လင်ရွှင်လန်းသွားပါသည်။

အိမ်ရှင် 'ဆာစတက်ဖို့ခရစ်' ကိုယ်တိုင် ခရီးဦးကြိုပြု နှုတ်ဆက်နေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မျက်နှာထားမှာ ပြုံးရွှင်နေပြီ ဖြစ်ပါသည်။

www.burmeseclassic.com



ဗြိတိသျှ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်သူ 'ဆာစတက်ဖို့'သည် မြန်မာနိုင်ငံအပေါ် သံယောဇဉ်ရှိရုံမက ဗိုလ်ချုပ်တို့ မြန်မာလူငယ်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှုကိုလည်း လေးစားသူတစ်ဦး ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မျက်နှာစုံညီ ဆွေးနွေးရသည့် ဗြိတိသျှ အဖွဲ့တွင်လည်း 'ဆာစတက်ဖို့'သည် တစ်ဦးအပါအဝင် ဖြစ်လေရာ ဆွေးနွေးပွဲပြင်ပ၌ ရင်းနှီးပွင့်လင်းစွာ ပြောဆို၍ရသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းမှာ လွတ်လွတ်လပ်လပ် စကားပြောနိုင်လိမ့်မည်ဟုတွက်လျက် စိတ်ကြည်လင် ရွှင်လန်းနေခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်လူမျိုးတို့သည် အစဉ်အလာအားဖြင့် 'ဒင်နာ'ခေါ် ညစာစားပွဲ တည်ခင်းဧည့်ခံသည့်အခါ 'ဖော်မယ်လ်'ခေါ် အဆောင်အယောင် ပကာသန စည်းကမ်းများကို အလွန်တိကျစွာ လိုက်နာကျင့်သုံးရသော အခမ်းအနားတစ်ခု သဖွယ် သဘောထားလေ့ ရှိကြပါသည်။ စာရင်းသောက်ရင်း စကားပြောရင်း ဟန်ဆောင်နေရသည်ကိုပင် သူတို့အဖို့ ဂုဏ်ယူကြဟန် တူပါသည်။

သို့သော် ထိုနေ့က ဗြိတိသျှဝန်ကြီး 'ဆာစတက်ဖို့ခရစ်'၏ ညစာစားပွဲ ကတော့ သမားရိုးကျ အင်္ဂလိပ်လူမျိုးတို့၏ ဖော်မယ်လ် ဒင်နာ ပကာသန လွှမ်းသည့် ညစာစားပွဲမျိုး မဟုတ်ဘဲ အထူး ရင်းနှီးလွတ်လပ်စွာ နေထိုင်ပြောဆို နိုင်သော မိတ်ဆွေရင်းချင်း မိတ်ဆုံစားပွဲမျိုး ဖြစ်နေပါသည်။

ဗိုလ်ချုပ် မျှော်လင့်ထားသည့်အတိုင်း လွတ်လပ်စွာ စကားပြောခွင့်လည်း ရလေရာ မြန်မာ့လွတ်လပ်ရေးနှင့် မြန်မာပြည်သူ အများစု၏ လိုလားချက်ဆန္ဒ အစစ်အမှန်ကို ဗိုလ်ချုပ်က ညစာစားရင်း ပွင့်ပွင့်လင်းလင်းပင် ပြောပါလေတော့ သည်။

အိမ်ရှင် ဆာစတက်ဖို့ခရစ်ကလည်း ဗိုလ်ချုပ်သည် မိမိ ယုံကြည်ချက် အတိုင်း ရိုးသားပွင့်လင်းစွာ ဖွင့်ပြောတတ်သူ မြန်မာလူငယ် နိုင်ငံရေးသမား တစ်ယောက်ဟူ၍ နားလည်မှု အပြည့်အဝရှိလေရာ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်များကို ပြုံးရွှင်စွာဖြင့် စိတ်ရှည်လက်ရှည် နားထောင်နေပါသည်။

သူ သိလိုသောအချက် အချို့ကိုလည်း ပြန်လည်မေးမြန်းရာ ဗိုလ်ချုပ် ကလည်း အတတ်နိုင်ဆုံး ကြိုးစား၍ ရှင်းလင်းဖြေကြားခဲ့ပါသည်။

ဗိုလ်ချုပ်သည် သူ ပြောချင်တာတွေကို အားရပါးရ ပြောခွင့်ရသဖြင့် ကျေနပ်သဘောကျ၍ပဲလား မပြောတတ်။ ဟိုတယ်မှာ ရှိစဉ်က ညစာစားပွဲ



သွားရမည်ကို ညည်းညူခဲ့သည့်ပုံမျိုး မဟုတ်တော့ဘဲ မြိန်ရေယှက်ရေ စား သောက်နေပါသည်။

အိမ်ရှင်ဖြစ်သူ ဆာစတက်ဖို့ခရစ်သည်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောဆိုရ၍ ကျေနပ်သဘောကျနေဟန် တူပါသည်။ အမှန်တော့ အဘိုးကြီး (ဆာစတက်ဖို့)သည် မြန်မာပြည်သူတို့ ဆန္ဒသဘောထား အမှန်ကို သိလို၍ မြန်မာလူထု၏ ယုံကြည်ထောက်ခံမှု အများဆုံးရထားသူ ဗိုလ်ချုပ်အား ထိုနေ့က တစ်ဦးတည်း ညစာစားပွဲ ဖိတ်ကြားတည်ခင်းခဲ့ခြင်း ဖြစ်ပါသည်။

ဗြိတိသျှ လေဘာအစိုးရအဖွဲ့တွင် အရေးပါဆုံး ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် 'ဆာစတက်ဖို့ခရစ်'သည် မြန်မာလူမျိုးတို့၏ ဆန္ဒအမှန်ကို လေ့လာတီးခေါက် ကြည့်ခြင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ယင်းတီးခေါက်ချက်ကို ဖြေကြားသည့် အနေဖြင့် မိမိတို့အဖို့ တောင်တန်းဒေသ ပြည်နယ်များ အပါအဝင် မြန်မာပြည် တစ်ခုလုံးကို တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေးမပေးလျှင် မဖြစ်ကြောင်း ကို ခပ်ဘွင်းဘွင်းပင် ပြောလိုက်ပါသည်။

ဤတွင် တပြုံးပြုံးနှင့် နားထောင်နေသူ အိမ်ရှင် 'ဆာစတက်ဖို့ခရစ်' သည် နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြပါသည်။

ဗြိတိသျှ လေဘာအစိုးရအဖွဲ့တွင် အရေးပါဆုံး ဝန်ကြီးတစ်ဦးဖြစ်သူ 'ဆာစတက်ဖို့ခရစ်'အနေဖြင့် မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားအမှန်ကို ပြည်သူအားလုံးအတွက် ကိုယ်စားပြုပြောလိုက်သော ဗိုလ်ချုပ်အောင်ဆန်းမှ တစ်ဆင့် ကောင်းစွာ သဘောပေါက်သွားပြီ ဖြစ်ပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲများ မရှိပါ။

သို့သော် ရာသီဥတု အခြေအနေက မကောင်းသဖြင့် မြန်မာခေါင်းဆောင် များမှာ ဟိုတယ်အပြင်ဘက်သို့ ထွက်လည်ခြင်း မပြုနိုင်ဘဲ ဖြစ်နေကြပါသည်။

'စနိုး'ခေါ် မိုးပွင့်တွေ တဖွဲဖွဲ ကျနေသဖြင့် လန်ဒန်မြို့ တစ်မြို့လုံး မြူတွေဆိုင်းကာ မှုန်မှိုင်းလျက် လမ်းမပေါ်၌ပင် ဘာမှသဲသဲကွဲကွဲ မမြင်ရသော အခြေအနေမျိုး ဖြစ်နေပါသည်။ အထူးသဖြင့် နံနက်ပိုင်း ရာသီဥတု အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေက အလွန်ဆိုးနေသဖြင့် မော်တော်ယာဉ် အသွားအလာပင် မရှိသလောက် နည်းပါးနေပါသည်။

ထိုနေ့နံနက်က လန်ဒန်လေဆိပ်၌ လေယာဉ် အဝင်အထွက်အားလုံး ခေတ္တ ရပ်ဆိုင်းထားရသည်ဟုလည်း သိရပါသည်။

ဗိုလ်ချုပ်အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် 'ဒေါ်ချက်စတာ' ဟိုတယ်၌ပင် အနားယူရင်း ယမန်နေ့က ရရှိခဲ့သော မြန်မာပြည်မှ သတင်းစာများကို ပြန်လည်ဖတ်ရှု နေကြပါသည်။

အထူးသဖြင့် 'လုံးဝလွတ်လပ်ရေးပေး' ဟူသော ကြွေးကြော်သံဖြင့် လူထုစည်းဝေးပွဲများ အောင်မြင်စွာ ကျင်းပခဲ့ပုံကို မြန်မာခေါင်းဆောင်များက စိတ်ဝင်စားခဲ့ကြပါသည်။

ထိုနေ့က ရာသီဥတု အခြေအနေ မကောင်းသဖြင့် တစ်နေ့လုံး အပြင်ဘက် မထွက်ဘဲ နေချင်ကြသော်လည်း မြန်မာခေါင်းဆောင်များအဖို့ မထွက်လျှင် မဖြစ်သော အကြောင်းတစ်ရပ် ရှိနေပါသည်။

အကြောင်းမှုကား ဗြိတိသျှ ရှေ့တိုက်စိုးဝန်ကြီး 'ဆာစတက်ဖို့ခရစ်' က ထိုနေ့ (ဇန်နဝါရီလ ၁၉ ရက်) နေ့လယ်စာ လန့်ချ်ကို မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် အားလုံးတို့အား ဖိတ်ကြား၍ တည်ခင်းဧည့်ခံသောကြောင့်ပင်တည်း။

ယင်းသို့ နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံခြင်းမှာ အဓိပ္ပာယ် ရှိပါသည်။

ဗြိတိသျှဝန်ကြီး ဆာစတက်ဖို့ခရစ်သည် ယမန်နေ့ (ဇန်နဝါရီလ ၁၈ ရက်)က ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းအား သူ၏နေအိမ်သို့ ဖိတ်ခေါ်၍ ညစာစားပွဲ (ဒင်နာ) တည်ခင်းဧည့်ခံခဲ့ပြီးဖြစ်သည်။ မြန်မာပြည်သူ တစ်ရပ်လုံးအား ကိုယ်စားပြုရသည်ဟု ယူဆရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် နှစ်ယောက်ချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကာ သဘောထား တီးခေါက်ကြည့်လို၍ ညစာ ဖိတ်ကျွေးခဲ့ခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးပြီးနောက် ဆာစတက်ဖို့ ခရစ်သည် မြန်မာတို့၏ ဆန္ဒသဘောထားအမှန်ကို နားလည်သိရှိ ဘဝင်ကျ သွားပြီးဖြစ်၍ နောက်တစ်နေ့ (ဇန်နဝါရီ ၁၉)တွင် မြန်မာခေါင်းဆောင်အားလုံး ဖိတ်ခေါ်၍ နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံခြင်း ဖြစ်ပါသည်။

အဆိုပါ နေ့လယ်စာစားပွဲမှာ အဆောင်အယောင် ပကာသနတွေနှင့် 'ဖော်မယ်လ်လန့်ချ်' မဟုတ်ဘဲ ရင်းရင်းနှီးနှီး မိတ်ဆွေများ၊ သို့မဟုတ် မိသားစု



များ တပျော်တပါး စုဝေးစားသောက်ကြသည့် ပျော်ပွဲစား အသွင်မျိုးဖြစ်၍ အိမ်ရှင်ရော ဧည့်သည်များပါ လွတ်လပ်ပျော်ရွှင် နေကြပါသည်။

သည်တစ်ခါတော့ နန်းရင်းဝန်နှင့် အပြန်အလှန် ဆွေးနွေးကြသည့် နိုင်ငံရေး စကားတွေကို မည်သူမှ မပြောကြတော့။ ရောက်တတ်ရာရာ အလွှာပ သလ္လာပ စကားတွေကိုသာ ရင်းရင်းနှီးနှီး ပြောဆိုကြပါသည်။

တစ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံတွင် လာရောက် အုပ်ချုပ်သော ကိုလိုနီခေတ် ဗြိတိသျှ အရာရှိများ၏ ခက်ထန်မောက်မာပုံ၊ မြန်မာတွေအပေါ် အထင်သေးစွာဖြင့် ဆက်ဆံပုံများကို ဖေဖန်ရင်း 'ဆာစတက်ဖို့ခရစ်' လို ပုဂ္ဂိုလ်လို လူမျိုးက အလွန်ရှားလှကြောင်း ပြောလေရာ အိမ်ရှင် အဘိုးကြီး 'ဆာစတက်ဖို့ခရစ်' ဇနီးမောင်နှံ နှစ်ဦးစလုံးက အလွန်သဘောကျ သွားပါသည်။

အိမ်ရှင်အဘွားကြီး 'လေဒီခရစ်' ကလည်း အလွန်ဖော်ရွေပြီး ဧည့်သည် အားလုံးကို တစ်ယောက်စီ နှုတ်ဆက်၍ ရင်းရင်းနှီးနှီး ဧည့်ခံစကားပြောသဖြင့် မြန်မာခေါင်းဆောင်များမှာ နေသာထိုင်သာရှိလျက် ပျော်ရွှင်ကျေနပ် နေကြပါသည်။ ထိုသို့ နေသာထိုင်သာရှိ၍လည်း မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် တပျော်တပါး စားရင်းသောက်ရင်း စကားတွေ ဖောင်လောက်အောင် မြှောနေကြလေရာ အချိန်ကုန်မှန်း မသိ ကုန်သွားပါသည်။ စင်စစ်အားဖြင့် နေ့လယ်စာကို နေ့လယ် ၁၁ နာရီတွင် စားကြရာ ၂ နာရီကျော်လျှင် နှုတ်ဆက် ပြန်ကြရန် ဖြစ်သော်လည်း အိမ်ရှင်ရော ဧည့်သည်များပါ စကားကောင်းပြီး ဖြတ်မရသဖြင့် ညနေ ၄ နာရီ ထိုးသွားပါသည်။

အိမ်ရှင်အဘိုးကြီး လင်မယားကလည်း 'ဒီနေ့ အစည်းအဝေးမှ မရှိဘဲ အေးအေးဆေးဆေးနေကြပါ'ဟု ဆွဲထားရင်း ညနေပိုင်း (အင်္ဂလိပ်လူမျိုးတို့ ထုံးစံအရ) လက်ဖက်ရည် တိုက်ပါသည်။ လက်ဖက်ရည် သောက်ပြီးသည့် တိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းကအစ အားလုံး စကားဖြတ်၍မရဘဲ ဖြစ်နေ ကြပါသည်။ သို့နှင့်ပင် ည ၇ နာရီကျော်သွားပြန်ရာ 'ဆာစတက်ဖို့ခရစ်' ဇနီးမောင်နှံက–

'မထူးပါဘူး၊ မစ္စတာအောင်ဆန်းတို့ ဒင်နာ (ညစာ)ပါ စားသွားကြပါ' ဟု ပြောပြီး ဇနီးဖြစ်သူ 'လေဒီခရစ်'ကလည်း ချက်ချင်း အစီအစဉ်များလုပ်ကာ ညစာကိုပါ ဆက်ကျွေးမွေးပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နေ့လယ်စာစားရန် ဟိုတယ်မှ ထွက်လာခဲ့ကြသော မြန်မာခေါင်းဆောင်များသည် ည ၁၀ နာရီခွဲမှပင် 'ဒေါချက်စတာ'သို့ ပြန်နိုင်ကြပါတော့သည်။

❐



[ ၁၀ ]

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရနှင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ကြရာ ရက်သတ္တပတ် တစ်ပတ်အကြာ (ဇန်နဝါရီလ ၂၀ ရက်နေ့)အထိ လုံးဝ လွတ်လပ်ရေးရရှိရေးကိစ္စက တိကျပြတ်သားသော အဖြေမပေါ်သေးသဖြင့် ထိုနေ့ (ဇန်နဝါရီလ ၂၀)က ဆွေးနွေးမှု မလုပ်ဘဲ မြန်မာခေါင်းဆောင်များ အချင်းချင်း ညှိနှိုင်းတိုင်ပင် ခဲ့ကြရပါသည်။

အထူးသဖြင့် တောင်တန်းဒေသ ပြည်နယ်များ အပါအဝင် မြန်မာနိုင်ငံတဝှမ်းလုံးကို တစ်ပြိုင်နက် လုံးဝ လွတ်လပ်ရေးပေးရေးအတွက် ဘိလပ်အစိုးရက သဘောတူ လက်ခံနိုင်အောင် အဆိုပြု တင်ပြရမည့် အချက်အလက်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေး ကြရပါသည်။

နန်းရင်းဝန် မစ္စတာအက်တလီ ခေါင်းဆောင်သော ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲကိုမူ ဇန်နဝါရီလ ၂၂ ရက်နေ့ကျမှ ဆက်လက်ပြုလုပ်ကြရန်လည်း နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ စီစဉ်သတ်မှတ်ထားပါသည်။ ထိုနေ့ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ်အဖွဲ့က ညှိနှိုင်းစီစဉ်ထားသော အဆိုပြုချက်များကို ဗြိတိသျှအစိုးရထံ တင်ပြရန်လည်း စီစဉ်ထားပါသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့က ဆွေးနွေးပွဲ မရှိသော်လည်း ဗြိတိသျှအစိုးရအနေဖြင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အားလုံးကို 'လန်ချ်'ခေါ် နေ့လယ်စာ တည်ခင်းဧည့်ခံပါသည်။

ယင်းနေ့လယ်စာ စားပွဲ၌ ဗြိတိသျှ နန်းရင်းဝန်ကြီး မစ္စတာအက်တလီကိုယ်တိုင် အိမ်ရှင်အဖြစ် ဂရုတစိုက် ခရီးဦးကြိုပြုကာ ဧည့်ခံခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဗြိတိသျှလူမျိုးတို့၏ အစဉ်အလာ ထုံးစံအရ နေ့လယ်စာစားပွဲ၌ နိုင်ငံရေးအကြောင်း၊ တရားဝင် ဆွေးနွေးပွဲမှ အချက်အလက်များအကြောင်းကို မပြောခဲ့ပါ။

ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက်တွင်ကား ဘီလပ်အစိုးရနှင့် ဆွေးနွေးပွဲမရှိသည့်ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် စည်းဝေးညှိနှိုင်းရန်လည်း မရှိသဖြင့် အားလပ်နေကြပါသည်။ မြန်မာခေါင်းဆောင်များသည် လူစုခွဲ၍ လေ့လာရေးထွက်ကြရာ ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်မြို့ အနောက်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော 'ပတ်ဆင်ဟန်' အရပ်ရှိ ဗြိတိသျှ အင်ပါယာ ဗဟိုလေကြောင်း အတတ်သင်ကျောင်းသို့ သွားရောက်လေ့လာခဲ့ပါသည်။

အဆိုပါ လေ့လာရေးအတွက် 'အာ–အေ–အက်ဖ်'ခေါ် ဗြိတိသျှ ဘုရင့်လေတပ် ဦးစီးဌာနချုပ်မှ စီစဉ်ပေးပါသည်။ ဗိုလ်ချုပ်အား လိုက်လံပြသရန်အတွက် လေတပ်အရာရှိနှစ်ဦးကို တာဝန်ပေးသည့်အတိုင်း ထိုအရာရှိနှစ်ဦးက 'ဒေါ်ချက်စတာ' ဟိုတယ်သို့ လာရောက် ကြိုဆိုကြပါသည်။

မိုင် ၉၀ ကွာဝေးသော 'ပတ်ဆင်ဟန်'သို့ သွားရောက်ရာတွင် လန်ဒန်မြို့ နာမည်ကျော် 'ပက်ဒင်တန်' ဘူတာမှ မီးရထားဖြင့် သွားရပါသည်။

လေတပ်အရာရှိများက ဗိုလ်ချုပ်အောင်ဆန်းအား ပထမတန်း (အထက်တန်း) တွဲတစ်တွဲတွင် စီးနင်းလိုက်ပါရန် စီစဉ်ပေးပါသည်။

'ဒီရထားတွဲက ဖတ်စ်ကလပ်စ် ပထမတန်းသာဆိုတယ် ဘာမှလည်း ထူးထူးခြားခြား မကောင်းပါလားကွ၊ ညစ်ပတ်တာကလည်း တို့ဗမာပြည်က ရထားတွဲတွေနဲ့ မထူးပါဘူး၊ စစ်ပြီးခါစခေတ်မို့ သူတို့လည်း ကောင်းကောင်း မပြုပြင်နိုင်ဘူးနဲ့တူတယ်"

ဗိုလ်ချုပ်က လေတပ်အရာရှိများ နားမလည်အောင် ကျွန်တော့်ဘက်သို့လှည့်၍ ခပ်တိုးတိုး မှတ်ချက်ချပါသည်။

သို့သော် မိနစ်လေးဆယ်ခန့်ကြာ၍ လန်ဒန်မြို့ပြင်ဘက် အင်္ဂလိပ်ကျေးလက်ရှုခင်းများဆီသို့ ရထားကြီး ရောက်သွားသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် စိတ်ကြည်လင်လာဟန်ဖြင့် ပြတင်းမှ ငေးမျှော်ကြည့်နေပါသည်။

အင်္ဂလန်နိုင်ငံ၏ ကျေးလက်ဒေသရှုခင်းမှာ ဟင်းသီးဟင်းရွက်ခင်းကြီးများနှင့် ဆေးသုတ်သန့်ရှင်းသော ယူနေအိမ်ငယ်များဖြင့်ပြီး၍ မျက်စိအာရုံတွင် ကြည်လင်ကြည်နူးဖွယ် ကောင်းနေပါသည်။



မီးရထား ခုတ်မောင်းသွားသည့် မိုင်နှုန်းက လျင်မြန်လှသဖြင့် မကြာမီပင် 'ပတ်ဆင်ဟန်'ဘူတာသို့ ဆိုက်ရောက်သွားကြရာ လန်ဒန်မှ ကြိုတင်အကြောင်းကြားထားသည့်အတိုင်း ဗဟိုလေကြောင်း အတတ်သင်ကျောင်းမှ ကျောင်းအုပ် (တပ်မှူးကြီး)နှင့် အရာရှိများ လာရောက် ကြိုဆိုနေကြပါသည်။

ဘူတာရုံမှတစ်ဆင့် သင်တန်းကျောင်းနှင့် လေယာဉ်ကွင်းရှိရာသို့ နှစ်မိုင်ခန့်ခရီးကို မော်တော်ကားဖြင့် ဆက်လက်သွားကြရပါသည်။

အင်ပါယာ ဗဟိုလေကြောင်း အတတ်သင်ကျောင်းမှာ ဗြိတိသျှအင်ပါယာ တစ်ဝန်းလုံးတွင် အကြီးဆုံး၊ အဆင့်အတန်း အမြင့်ဆုံး လေကြောင်းပညာသင်ကျောင်းကြီး ဖြစ်ပါသည်။ လေကြောင်းအတတ်ပညာဆိုင်ရာ စက်ကိရိယာ ယန္တရားများနှင့် လေယာဉ်အမျိုးအစားတွေက ခေတ်မီစုံလင်လှပါသည်။

ကျောင်းအုပ် (တပ်မှူးကြီး)၏ ပြောပြချက်အရ ထိုကျောင်းသို့ ဗြိတိသျှအင်ပါယာအတွင်း နိုင်ငံများ (ယခု ဓနသဟာယ နိုင်ငံများ)မှ အထက်တန်းလေတပ်အရာရှိများ တက်ရောက်သင်ကြားရသည်ဟု သိရပါသည်။ အဆင့်မြင့်ဆုံး လေကြောင်းပညာများ သင်ကြားပို့ချပေးသည့်ကျောင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ရောက်သွားချိန်တွင်မူ ဗြိတိသျှ အင်ပါယာ နိုင်ငံများမှ သင်တန်းသားများအပြင် အမေရိကန် ပြင်သစ်နှင့် တရုတ်လေတပ်မှ အရာရှိအချို့ကိုပါ တွေ့ရသဖြင့် မေးမြန်းကြည့်ရာ ဗြိတိသျှလေကြောင်းပညာ အဆင့်အတန်း မြင့်မား၍ မိတ်ဆွေနိုင်ငံများအနေဖြင့် အထူးအစီအစဉ် ပြုလုပ်ကာ လာရောက် သင်ကြားနေကြခြင်းဖြစ်ကြောင်း သိရပါသည်။

ထိုနေ့က ဗဟိုလေကြောင်း အတတ်သင်ကျောင်းမှ လက်ရွေးစင်လေသူရဲများက 'မီတီယော်' အမည်ရှိ တိုက်လေယာဉ်ဖြင့် တစ်နာရီလျှင် မိုင် ၆၀၀ နှုန်း ပျံသန်းရင်း ကောင်းကင်တွင် အတီးအရှောင်၊ အဆင်းအတက် စစ်ရေးလှုပ်ရှားမှုများကို ကျွမ်းကျင်စွာပြသည်ကို ဗိုလ်ချုပ်သည် အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုပါသည်။

'အင်း... တစ်နေ့ကျရင် လွတ်လပ်တဲ့ ငါတို့မြန်မာပြည်က လေတပ်မှာလည်း ဒီလိုခေတ်မီတဲ့ လေယာဉ်တွေ ရှိလာရမှာပေါ့ကွာ'ဟု ဗိုလ်ချုပ်က ကျွန်တော့်ကို ထိုနေ့က ပြောခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်နိုင်ငံများက နာဇီနှင့် ဖက်ဆစ်ရန်သူများကို ချေမှုန်းနိုင်ခဲ့ရာတွင် မဟာမိတ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



လေတပ်အင်အား သာလွန်မှုက အဓိက အကြောင်းရင်းတစ်ခု ဖြစ်သည်ဟု သုံးသပ်ခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးလျှင် နိုင်ငံတော် ကာကွယ်ရေးအတွက် ခေတ်မီပြီး တိုက်အားထက်မြက်သော 'လေတပ်မတော်ကြီး' ဖြစ်အောင် တည်ဆောက်ရန် ရည်မှန်းချက် ရှိသဖြင့် အထက်ပါအတိုင်း မှတ်ချက်ချခဲ့ခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် သင်တန်းကျောင်းကြီး၌ ဌာနခွဲ အသီးသီးသို့ အချိန်ယူ လေ့လာကြည့်ရှုခဲ့ရာ လေကြောင်းပျံသန်းမှုအတွက် မိုးလေဝသ ရာသီဥတု ခန့်မှန်းတိုင်းထွာရေး ဌာနနှင့် ရေဒီယို အဆက်အသွယ် ဌာနများကို အသေးစိတ် လေ့လာခဲ့ပါသည်။

တစ်နေ့ကုန်နီးပါး အချိန်ကုန်ခံ ကြည့်ရှုပြီးနောက် မွန်းလွဲ ၃ နာရီခွဲ ကျော်မှပင် လန်ဒန်မြို့သို့ ပြန်လာခဲ့ပါသည်။

ခရီးပန်းလာသဖြင့် ညနေဖက် အနားယူရမည် ဖြစ်သော်လည်း ဗိုလ်ချုပ် အဖို့ ထိုနေ့က အနားမယူနိုင်လောက်အောင် အကြောင်း ဖြစ်ပေါ်လာပြန်ပါသည်။

လန်ဒန်မြို့ရှိ နာမည်ကြီး (East India Association) 'အရှေ့အိန္ဒိယ အသင်းကြီး'က ဗိုလ်ချုပ်တို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့လုံးအား ဖိတ်ကြား၍ မိတ်ဆက်ညစာစားပွဲတစ်ရပ်ဖြင့် တည်ခင်းဂုဏ်ပြုသည့် အစီအစဉ် ရှိနေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မငြင်းသာသဖြင့် မိတ်ဆက် ညစာစားပွဲသို့ တက်ခဲ့ရပါသည်။

ဂုဏ်ပြုညစာစားပွဲတွင် အိန္ဒိယပြည်နှင့် ပတ်သက်သူတွေ အများဆုံး တွေ့ရသော်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို စိတ်ဝင်စားစွာ လေ့လာသူများ၊ အထူးသဖြင့် ဆိုရှယ်လစ် အတွေးအခေါ်ရှိသောသတင်းစာ ဆရာများကိုပါ တွေ့ရပါသည်။

သတင်းစာဆရာတစ်ဦး၏ မေးခွန်းကို ဖြေကြားရာတွင် ဗိုလ်ချုပ်က

'အိန္ဒိယ ပြည်ကြီးဟာလည်း ဗမာနိုင်ငံနည်းတူ မရှေးမနှောင်းမှာပဲ လွတ်လပ်ရေး ရတော့မှာ သေချာနေလို့ ဝမ်းမြောက်မိပါတယ်'ဟု ဖြေကြားခဲ့ပါသည်။

*



ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက်တွင် လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်း၌ ဆက်လက်ပြုလုပ်ကြပါသည်။

မြန်မာခေါင်းဆောင်များဘက်မှ အဆိုပြု တင်ပြချက်များကို ဗြိတိသျှ ခေါင်းဆောင်များက ပြန်လည်မေးခွန်းထုတ်ရင်း အကျေအလည် ဆွေးနွေးကြသဖြင့် ဗိုလ်ချုပ်တို့၏ ရည်မှန်းချက်အတိုင်း ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်ချောမောသွားပြီဟု ဆိုနိုင်ပါသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲများအကြောင်းကို ဗြိတိသျှ သတင်းစာများကလည်း အသားပေးရေးသား ဖော်ပြနေကြသဖြင့် လန်ဒန်ရောက် ဗိုလ်ချုပ်တို့အဖွဲ့မှာ အတော်ပင် လူသိများနေပြီ ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ထိုနေ့ (ဇန်နဝါရီလ ၂၂) ညနေပိုင်းတွင် ဗြိတိသျှ ပါလီမန်မှ တသီးပုဂ္ဂလ အမတ်များက စု၍ ဗိုလ်ချုပ်တို့အဖွဲ့အား သီးသန့် ဖိတ်ကြားကာ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းညှိခံခဲ့ပါသည်။

ဗြိတိန်နိုင်ငံတွင် နန်းရင်းဝန် မစ္စတာအက်တလီ၏ 'လေဘာပါတီ' နှင့် မစ္စတာချာချီတို့၏ 'ကွန်ဆာဗေးတစ်' ပါတီတို့မှာ အင်အားအကြီးဆုံး နိုင်ငံရေးပါတီနှစ်ခု ဖြစ်သော်လည်း ယင်းပါတီနှစ်ခုတွင် မပါသော တသီးပုဂ္ဂလ ပါလီမန် အမတ်များသည်လည်း နိုင်ငံရေးဩဇာ အသင့်အတင့်ရှိသောကြောင့် သူတို့၏ ဖိတ်ကြားချက်ကို ဗိုလ်ချုပ်က လက်ခံခဲ့ပါသည်။

တို့ပြင် အစိုးရနှင့် အတိုက်အခံဖြစ်သော 'ကွန်ဆာဗေးတစ်' ပါတီကြီးကလည်း ထိုနေ့မှပင် ညနေ ခြောက်နာရီအချိန် မိတ်ဆက်ညစာစားပွဲတစ်ခုသို့ ဖိတ်ကြား၍ ညှိခံခဲ့ပြန်ပါသည်။

'ဒီညစာစားပွဲတွေ ဖိတ်တာကို ဝမ်းသာစရာ ကောင်းပေမယ့် ငါတော့ နားချိန်မရှိလို့ တယ်ပြီး ပင်ပန်းတာပဲကွာ'

ညစာစားပွဲမှအပြန် ကားပေါ်၌ ဗိုလ်ချုပ်က ညည်းတွားခဲ့ပါသည်။

*

ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့၊ မွန်းလွဲ ၃ နာရီခွဲမှ ကျင်းပရန်ရှိသဖြင့် ထိုနေ့ နံနက်ပိုင်းက ဗိုလ်ချုပ်တို့အဖို့ အားလပ်နေရာ ထိုအချိန်က အစည်းအဝေး ပြုလုပ်ချိန်နှင့် ကြုံကြိုက်နေသော ဗြိတိသျှ ပါလီမန်လွှတ်တော်သို့ သွားရောက် လေ့လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှ ပါလီမန်တွင် အောက်လွှတ်တော် (House of Commons) နှင့် အထက်လွှတ်တော် (House of Lords)ဟု နှစ်ရပ်ရှိရာ ထိုနေ့က ဗိုလ်ချုပ်တို့ သွားလေ့လာခဲ့သည်မှာ အောက်လွှတ်တော် ပါလီမန် ဖြစ်ပါသည်။

သို့သော် အစည်းအဝေး ကျင်းပရာ ခန်းမဆောင်ကြီးသည် မူလက အထက်လွှတ်တော် (ဗြိတိသျှမြို့စား၊ နယ်စားဘွဲ့ရပုဂ္ဂိုလ်များ၏ လွှတ်တော်) ဖြစ်ကြောင်း သိရပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်လေတပ်က လန်ဒန်မြို့ကို ဗုံးကြဲတိုက်ခိုက်ရာတွင် ပါလီမန် အောက်လွှတ်တော် အဆောက်အအုံ တစ်စိတ်တစ်ဒေသ ပျက်စီးသွားခဲ့သဖြင့် ယခု စစ်ပြီးခေတ်၌ အထက်လွှတ်တော်နေရာကို အောက်လွှတ်တော် (ပြည်သူ့ ကိုယ်စားလှယ်များ) အစည်းအဝေး ကျင်းပရန် ယာယီအသုံးပြုနေခြင်း ဖြစ်ပါသည်။

ဗြိတိသျှ ပါလီမန်၌ ပြည်သူ့ကိုယ်စားလှယ်များက စကားပြောဆွေးနွေးကြပုံ၊ အစိုးရ အဖွဲ့ဝင် အမတ်၏ ရှင်းလင်းတင်ပြချက်ကို အတိုက်အခံ (ကွန်ဆာဗေးတစ်) ပါတီအမတ်များက မကြာခဏ ဝေဖန်ကန့်ကွက်ခြင်း၊ မေးခွန်းထုတ်ခြင်း စသည်ဖြင့် အကြိတ်အနယ် ပြောဆိုကြပုံများကို ဗိုလ်ချုပ်အောင်ဆန်းသည် အထူးစိတ်ပါဝင်စားစွာ လေ့လာခဲ့ပါသည်။

ပါလီမန်လွှတ်တော်မှ ဒေါ်ချက်စတာ ဟိုတယ်သို့ပြန်၍ နေ့လယ်စာ စားသောက်ပြီးသောအခါ ခေတ္တမျှ နားချိန်ရပါသည်။ သို့သော် မွန်းလွဲသုံးနာရီ ထိုးသည်နှင့် ဗိုလ်ချုပ်တို့အဖွဲ့သည် အမှတ် (၁၀) ဒေါင်းနင်းလမ်းသို့သွား၍ ဆွေးနွေးပွဲ တက်ကြရပါသည်။

ထိုနေ့ ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးချုပ်ဆိုရန် ၌ စာချုပ်ပါ အချက်အလက်များကို အပြန်အလှန် ဆွေးနွေးကြပြီးနောက် အချက်အလက် အတော်များများ ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံမှ ခရီးမထွက်မီကပင် လန်ဒန်ရောက်သောအခါ အထူးတွေ့ဆုံ ဆွေးနွေးလိုသူ ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်ကား ဗြိတိသျှ ကမ္ဘာကျော် စာရေးဆရာ၊ စီးပွားရေး၊ နိုင်ငံရေး သိပ္ပံပါရဂူ ပရော်ဖက်ဆာ (ပါမောက္ခ) လက်စ်တီး ဆိုသူပင် ဖြစ်ပါသည်။



ထို့ကြောင့် ဘိလပ်သို့ ရောက်ပြီးနောက် ပါမောက္ခ လက်စ်တီးနှင့် တွေ့ဆုံရန် ကြိုးစားစီစဉ်ခဲ့ရာ လန်ဒန်ရှိ မိတ်ဆွေသတင်းစာဆရာ အချို့၏ အကူအညီဖြင့် အဆက်အသွယ် ရရှိခဲ့ပါသည်။

ဤတွင် ဗိုလ်ချုပ်က ပါမောက္ခကြီးအား ဖိတ်ကြား၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရန် ပြောသဖြင့် ထိုပုဂ္ဂိုလ်ကြီး အားလပ်မည့်နေ့ရက်ကို ရွေးချယ်ကြရင်း ဇန်နဝါရီလ ၂၃ ရက်နေ့ကို သတ်မှတ်လိုက်ကြသည်။

ထို့ကြောင့် ဒေါင်းနင်းလမ်း ဆွေးနွေးပွဲမှအပြန် ဒေါ်ချက်စတာဟိုတယ်၌ပင် ပါမောက္ခ လက်စ်တီးအား ညစာစားပွဲဖြင့် ဧည့်ခံရန် အစီအစဉ်များ ပြုလုပ်ကြရပါသည်။

အင်္ဂလိပ်လူမျိုးတို့ ထုံးစံအရ ညစာစားပွဲ အချိန်ကို ညရှစ်နာရီဟု သတ်မှတ်ထားသော်လည်း ဧည့်သည်တော် ပါမောက္ခလက်စ်တီးကိုယ်တိုင်က ဗိုလ်ချုပ်အောင်ဆန်းနှင့် စကားများများ ပြောချိန်ရရန်ဆိုပြီး တစ်နာရီခန့်စော၍ ရောက်လာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပါမောက္ခကြီးအား ဝမ်းသာအားရစွာဖြင့် ဆီးကြိုနှုတ်ဆက်ပြီးနောက် ကျန်မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပါသည်။ သို့သော် နောက်ပိုင်း ညစာစားပြီး ကြသည်အထိ ဗိုလ်ချုပ် တစ်ယောက်တည်းလိုလို ပါမောက္ခ လက်စ်တီးနှင့် အားပါးတရ စကားပြောနေခဲ့ပါသည်။

ဗိုလ်ချုပ်က သူဖတ်ဖူးသော ပရော်ဖက်ဆာ လက်စ်တီး၏ စာအုပ်များ အကြောင်းပြောရင်း နိုင်ငံရေးနှင့် ဘောဂဗေဒဆိုင်ရာ အတွေးအခေါ်များနှင့် ပတ်သက်၍ သူ၏ယူဆချက်များကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုလိုက်သည်။

ပါမောက္ခကြီးကလည်း စိတ်ပါဝင်စားစွာ နားထောင်ရင်း ပြန်လည်ဝေဖန် ဆွေးနွေးပါသည်။ ပရော်ဖက်ဆာ လက်စ်တီးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသား ပွင့်လင်းပုံ၊ ယုံကြည်ချက် ပြင်းထန်မှုကို အထူးလေးစားသွားမိကြောင်း နောက်တစ်နေ့ ဗြိတိသျှ အယ်ဒီတာ တစ်ဦးအား ဖွင့်ဟပြောဆိုခဲ့ကြောင်း သိရသည်။

*

ထိုအတောအတွင်း မြန်မာကိုယ်စားလှယ် အဖွဲ့အတွက် ထူးခြားသော သတင်းတစ်ရပ် ကြားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကား ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ကိုယ်စားလှယ်အဖွဲ့အား ဗြိတိသျှအင်ပါယာ၏ ဧကရာဇ် မင်းမြတ်ဖြစ်သူ ဆဋ္ဌမမြောက် ဂျော့ဘုရင်နှင့် ကြင်ယာတော် မိဖုရားကြီးတို့က ဘတ်ကင်ဟမ် နန်းတော်သို့ နေ့လယ်စာစား ဖိတ်ထားကြောင်း သတင်းပင် ဖြစ်ပါသည်။

ဖိတ်ကြားထားသည့်နေ့မှာ နောက်တစ်နေ့ (ဇန်နဝါရီလ ၂၄ ရက်) ပင် ဖြစ်သည်၊ ထိုနေ့က ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲကို မွန်းလွဲ သုံးနာရီခွဲမှ ကျင်းပရန်[illegible]လည်း အဆင်ပြေနေပါသည်။

ဗြိတိသျှ လူမျိုးတို့၏ ရှေးထုံးတမ်းအစဉ်အလာနှင့် မင်းခမ်းမင်းနား ကိစ္စရပ်များ ရှေးမူမပျက်အောင် ယနေ့ခေတ်အထိ ထိန်းသိမ်းတတ်ခြင်း အလေ့အထကို အဆိုပါ နေ့လယ်စာစားပွဲ ဖိတ်ကြားစာတွင် တွေ့မြင်ရခြင်းကလည်း စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ဗိုလ်ချုပ်တို့အား နိုင်ငံရေးသဘောအရ နေ့လယ်စာစားပွဲ ဖိတ်ကြားတည်ခင်းခြင်းဖြစ်သော်လည်း ဗြိတိသျှအင်ပါယာ ဧကရာဇ်မင်းမြတ်ဖြစ်သူ ဆဋ္ဌမမြောက် ဂျော့ဘုရင်အနေဖြင့် သာမန်အရပ်သားများဖြစ်သော ဗိုလ်ချုပ်တို့အဖွဲ့ကို တိုက်ရိုက်ဖိတ်မန္တကပြုရလျှင် ရာဇဝလ္လန္တြေ ထိခိုက်မည်စိုးဟန်ဖြင့် ကြားလူမှတစ်ဆင့် ဖိတ်ကြားခဲ့ပါသည်။

'ကြားလူ'ဆိုသည်မှာ ဘတ်ကင်ဟမ် နန်းတော်မှ လူမှုရေးကိစ္စများ ဆောင်ရွက်သူ 'အိမ်တော်ဝန်'ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့ထံသို့ ရောက်လာသော ဖောင်းကြွရွှေစာလုံးများနှင့် ရိုက်နှိပ်ထားသည့် ဖိတ်ကြားစာတွင် အောက်ပါအတိုင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားပါသည်။

'ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့က အိမ်တော်ဝန်အား အမိန့်တော် ချမှတ်လိုက်ပါသည်။

'ဦးအောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် လူကြီးမင်းများအား ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၄ ရက်၊ သောကြာနေ့ မွန်းလွဲ တစ်နာရီအချိန် ဘတ်ကင်ဟမ်နန်းတော်သို့ နေ့လယ်စာစား ကြွရောက်ပါရန် ဖိတ်ကြားစေ'ဟု အမိန့်တော် ချမှတ်လိုက်ပါသည်။

ဖိတ်ကြားစာက ထိုမျှသာ ဖြစ်ပါသည်။

*



အစီပွာယ်ကတော့ ဗိုလ်ချုပ်တို့အဖွဲ့အား နေ့လယ်စာ စားပွဲဖိတ်ရန် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့က အမိန့်တော် ချမှတ်လိုက်ကြောင်းကို အိမ်တော်ဝန်ကတစ်ဆင့် အကြောင်းကြားလိုက်ခြင်းပင် ဖြစ်သည်။

အဆိုပါစာကို ဖတ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းက ရယ်ကာမောကာဖြင့်…

"အင်း… ဒီအင်္ဂလိပ်လူမျိုးတွေကတော့ မင်းခမ်းမင်းနား အဆောင်အယောင် ပကာသနတွေကို သာယာတပ်မက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူးကွ၊ ငါတို့ကို ဂျော့ဘုရင်က တိုက်ရိုက်ဖိတ်လို့ မဖြစ်ရင်လည်း လုံးလုံးမဖိတ်ဘဲ ထားလိုက် ပြီးရောပေါ့၊ ဖိတ်စာထဲ ဘယ်လိုပဲရေးရေး အရေးကြီးတာက ကျုပ်တို့တတွေ 'ဘတ်ကင်ဟမ်' နန်းတော်ထဲ ရောက်ဖူးတယ် ရှိကြမယ့်အပြင် ဘုရင်မင်းမြတ်နဲ့အတူ ပွဲတော်တည်ရမှာက ကျုပ်တို့အတွက် အမြတ်ပဲ မဟုတ်လားဗျ"

ဟု ရယ်သွမ်းကာ ပြောလိုက်ပါသတည်း။

မြန်မာ့လွတ်လပ်ရေးအတွက် လန်ဒန်သို့သွား၍ ဗြိတိသျှ အစိုးရနှင့် ဆွေးနွေး ညှိနှိုင်းကြသော ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစပြီး လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းတွင် ဆွေးနွေးခဲ့ရာ ဇန်နဝါရီလ ၂၄ ရက်နေ့၊ မွန်းလွဲ ၃ နာရီခွဲအချိန် ကျင်းပသည့် အစည်းအဝေး၌ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်များ ရရှိခဲ့ပါသည်။

ထိုနေ့ညနေမှာပင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် ကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရ၏ သဘောထားကို ဖော်ပြသော ကြေညာချက်တစ်စောင် ထွက်လာပါသည်။ ယင်းကြေညာချက်၏ ဆိုလိုရင်း အကျဉ်းချုပ်က 'မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် ဗြိတိသျှ အစိုးရအနေဖြင့် မူအားဖြင့် သဘောတူညီပါပြီ' ဟူ၍ပင် ဖြစ်ပါသည်။

ယင်းဆွေးနွေးပွဲမှာပင် နှစ်ဖက်ကိုယ်စားလှယ် အပြီးသတ် ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်ရန်နှင့် နှစ်ဖက်သဘောတူစာချုပ်ကို ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးကြရန် သတ်မှတ်လိုက်ပါသည်။

ထိုစာချုပ်က မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါလှသော '၁၉၄၇ ခုနှစ်၊ အောင်ဆန်း-အက်တလီစာချုပ်'ပင် ဖြစ်ပါသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါစာအချုပ် မချုပ်ဆိုမီ ဗြိတိသျှအစိုးရနှင့် ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ပူးပေါင်းသဘောထားကို ဖော်ထုတ်တင်ပြမည့် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ရန်ကိုလည်း ဇန်နဝါရီလ ၂၄ ရက်နေ့ အစည်းအဝေးတွင်ပင် ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့က တစ်နေ့လုံး မြန်မာခေါင်းဆောင်များသည် အဆိုပါ ပူးတွဲကြေညာချက် မူကြမ်းကို စဉ်းစားရေးဆွဲကြရပါသည်။

ပူးတွဲကြေညာချက်တွင် နှစ်ဖက်စလုံးမှ သဘောတူညီချက်များ ပါဝင်ရမည်ဖြစ်၍ မူလဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံအပေါ် သဘောထားကို အခြေခံကာ မြန်မာနိုင်ငံ၏ အနာဂတ်ကာလ ကံကြမ္မာနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာခေါင်းဆောင်များက မည်သို့သဘောတူကြသည်ဆိုသော အချက်များ ပါဝင်ရမည် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ပူးတွဲကြေညာချက်သည် 'အောင်ဆန်း-အက်တလီစာချုပ်'ကြီးတွင် ပါဝင်သည့် အချက်အလက်များကို ခြုံငုံကာ အကျဉ်းချုပ်သဘော ဖော်ပြသည့် စာတမ်းတစ်စောင်ပင် ဖြစ်ပါသည်။

ဒေါ်ချက်စဟာဟိုတယ်ရှိ ဗိုလ်ချုပ်၏ ညှိခန်းမှာပင် ခေါင်းဆောင်များစုဝေး၍ ဗြိတိသျှ-မြန်မာ ကြေညာချက်ကို အပြန်ပြန်အလှန်လှန် စဉ်းစားကာ အချိန်ယူဆွေးနွေးခြင်း၊ ပြင်ဆင်ချက်များ ဖြည့်စွက်ခြင်း စသည်ဖြင့် တစ်နေကုန် အလုပ်များနေခဲ့ကြပါသည်။

ဗိုလ်ချုပ် အပါအဝင် မြန်မာခေါင်းဆောင်များအနေဖြင့် မြန်မာပြည်သူတစ်ရပ်လုံး (ပြည်နယ်မှ တိုင်းရင်းသားများပါမကျန်) ကိုယ်စားပြု၍ ဗြိတိသျှအစိုးရနှင့် ချုပ်ဆိုရမည့် စာချုပ်သည် လက်တစ်ဆုပ်မျှသာ ခေါင်းဆောင်တစ်စုဆန္ဒသဘော မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့် ကိုက်ညီအံဝင်မည့် စာချုပ်ဖြစ်ရန် အရေးကြီးလှသောကြောင့် ဗိုလ်ချုပ်တို့က ရှုထောင့်အမျိုးမျိုးမှ လှေ့လာသုံးသပ်၍ ပြင်ဆင်ကြရခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် ဗိုလ်ချုပ်တို့ အစိုးရအဖွဲ့နှင့် အတိုက်အခံဖြစ်နေသော ဗမာပြည်ကွန်မြူနစ်ပါတီသည် တရားဝင် အတိုက်အခံဖြစ်နေသော ပါတီတစ်ခု ဖြစ်နေသေး၍ ချုပ်ဆိုလတ္တံ့သော 'အောင်ဆန်း-အက်တလီစာချုပ်'ကို ကွန်မြူနစ်ပါတီက ပြည်သူတွေ နားယောင်အောင် ဝေဖန်အပြစ်ပြောမည့် အရေးကိုပါ ထည့်စဉ်းစားရပါသည်။



သို့နှင့်ပင် ဗိုလ်ချုပ်သည် ဇန်နဝါရီလ ၂၄ ရက်နေ့က တစ်နေကုန် အချိန်ယူကာ ပူးတွဲကြေညာချက်ကို စဉ်းစားညှိနှိုင်းကြရာ ညနေစောင်းမှပင် ပြီးသွားပါတော့သည်။

နောက်တစ်နေ့ (ဇန်နဝါရီလ ၂၆ ရက်)သည်ကား ဗြိတိသျှနှင့် မြန်မာခေါင်းဆောင်များ အပြီးသတ် ဆွေးနွေးညှိနှိုင်းကြရန် သတ်မှတ်ထားသည့်နေ့ပင် ဖြစ်ပါသည်။

အစည်းအဝေးကို ဗြိတိသျှ နန်းရင်းဝန်ကြီး နေအိမ် အမှတ် ၁၀၊ ဒေါင်းနင်းလမ်းတွင် ဇန်နဝါရီလ ၂၆ ရက်နေ့၊ ညနေ ၅ နာရီတွင် ပြုလုပ်ရာ နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန် မေးခွန်းထုတ်ခြင်း၊ မရှင်းလင်းသည့် အချက်များကို ပြန်လည်ပြုပြင်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ချက်များ ပယ်ဖျက်ဖြတ်ချခြင်းများ ပြုလုပ်ခြင်း စသည့်ဖြင့် အချိန်ယူဆောင်ရွက်ရသောကြောင့် ည ၈ နာရီ ထိုးသွားသည့်တိုင် မပြီးပြတ်ဘဲ ဖြစ်နေရပါသည်။

ထို့ကြောင့် ညစာစားရန်ဆိုပြီး ၈ နာရီသာသာတွင် အစည်းအဝေး ခေတ္တရပ်နားလိုက်ပါသည်။

ညစာစားပြီးကြသော အချိန်မှာ ကိုးနာရီခွဲ ကျော်သွားပြီးဖြစ်၍ ည ဆယ်နာရီကျော်မှပင် အစည်းအဝေးကို ဆက်လက်ကျင်းပကြပါသည်။

ယင်းအစည်းအဝေး၌ ဗြိတိသျှ-မြန်မာ ပူးတွဲကြေညာချက်နှင့်တကွ ဆွေးနွေးညှိနှိုင်းကြရာ သန်းခေါင်ယံ အချိန်ကျမှပင် ပြီးပြတ်သွားပါသည်။ သည်အစည်းအဝေးများအနက် အဆိုပါ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေအစည်းအဝေးသည် အရေးအကြီးဆုံး၊ အဓိကအကျဆုံးပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ အနာဂတ် ကံကြမ္မာကို တိကျသဲကွဲစွာ ဖန်တီးပေးမည့် အခြေအနေသည် ယင်း ဇန်နဝါရီလ ၂၆ ရက်နေ့ည အစည်းအဝေးကျမှပင် ကြည်လင်ပြတ်သားစွာ ပေါ်လွင်လာသောကြောင့်ပင်တည်း။

စာချုပ်ချုပ်ဆိုရန် အားလုံး အဆင်သင့် ဖြစ်သွားပြီးနောက် တရားဝင်လက်မှတ်ရေးထိုးကြရန် နောက်တစ်နေ့ (ဇန်နဝါရီလ ၂၇ ရက်)ကို သတ်မှတ်လိုက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နန်းရင်းဝန် မစ္စတာအက်တလီနှင့် ဗြိတိသျှဝန်ကြီး အချို့က နံနက်ပိုင်းတွင် အရေးကြီးသော အစည်းအဝေးတစ်ခု ရှိနေ၍ မြန်မာကိုယ်စားလှယ်များနှင့် တွေ့ဆုံစာချုပ်ချုပ်ရန် အချိန်ကို မွန်းလွဲ ၃ နာရီခွဲဟူ၍ နှစ်ဖက်သဘောတူ သတ်မှတ်ခဲ့ကြပါသည်။

ထို့ကြောင့် ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာခေါင်းဆောင်များအဖို့ အားလပ်နေကြရာ ဗိုလ်ချုပ်အောင်ဆန်းက သူ အထူးစိတ်ဝင်စားသော စစ်ဦးစီးအရာရှိ တက္ကသိုလ် (Staff College)နှင့် 'ဆင်းဟတ်စ်' စစ်တက္ကသိုလ်များသို့ သွားရောက်လေ့လာရန် စီစဉ်ခိုင်းပါသည်။

ဗြိတိသျှအစိုးရကလည်း ချက်ချင်းပင် ကူညီစီစဉ်ပေးသဖြင့် ဗိုလ်ချုပ်သည် ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် လန်ဒန်မြို့မှ မော်တော်ယာဉ်ဖြင့် တစ်နာရီသာသာ သွားရသော 'ကိန်ဘာလီ'အရပ်ရှိ စစ်ဦးစီး အတတ်သင်ကျောင်းသို့ သွားရောက်လေ့လာခဲ့ပါသည်။

**မှတ်ချက်။** ။ ယခု ရှမ်းပြည်နယ် ဗထူးမြို့၌ရှိသော ဗမာ့တပ်မတော် စစ်ဦးစီးတက္ကသိုလ်သည်လည်း အဆိုပါ ဗြိတိသျှစစ်ဦးစီး အတတ်သင်ကျောင်းပုံစံမျိုးသဘော ဖန်တီးဖွင့်လှစ်ထားသည့် စစ်ပညာ သင်တန်းကျောင်းပင် ဖြစ်ပါသည်။

ဗြိတိသျှ စစ်ဦးစီး တက္ကသိုလ်ကျောင်းကို ကွပ်ကဲအုပ်ချုပ်သူ ကျောင်းအုပ်ကြီး မေဂျာဂျင်နရယ်လ် (ဗိုလ်ချုပ်) ဟားလ်ဆိုသူကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်းအား စစ်ဦးစီးပညာရပ်များ မည်သို့မည်ပုံ သင်ကြားပို့ချသည်ကို အသေးစိတ်လိုက်လံရှင်းလင်း ပြသရာ ဗိုလ်ချုပ်သည် အထူးစိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဗမာ့တပ်မတော်ကြီး ခေတ်မီတိုးတက်လာစေရန်အတွက် အလားတူ စစ်ဦးစီးတက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်ရန် အရေးတကြီး လိုအပ်သည်ဟု ယူဆ၍လည်း ဗိုလ်ချုပ်က အထူးစိတ်ပါဝင်စားစွာ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုမှတစ်ဆင့် မလှမ်းမကမ်းတွင်ရှိသော ကမ္ဘာကျော် 'ဆင်းဟတ်စ်' စစ်တက္ကသိုလ် ကျောင်းကြီးသို့လည်း ဗိုလ်ချုပ်သည် သွားရောက်လေ့လာပါသေးသည်။



တစ်နေကုန်နီးပါး အချိန်ကုန် လေ့လာပြီးနောက် မွန်းလွဲ ၃ နာရီခန့်ကျမှပင် လန်ဒန်သို့ ပြန်ခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်မြို့သို့ ပြန်ရောက်ပြီး ဟိုတယ်၌ အပန်းဖြေ အနားယူချိန်ပင် မရတော့ဘဲ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းသို့ ဆက်သွားရပါသည်။

အစည်းအဝေးဆိုသော်လည်း စကားပြော ဆွေးနွေးစရာဟူ၍ မရှိတော့ဘဲ စာချုပ် လက်မှတ်ရေးထိုးရန် လာခြင်းသာ ဖြစ်ပါသည်။

သို့နှင့်ပင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ မွန်းလွဲ ၃ နာရီ ၅၀ မိနစ်တွင် 'အောင်ဆန်း–အက်တလီစာချုပ်'ကို အောင်မြင်စွာ လက်မှတ်ရေးထိုးကြပါသည်။

စာချုပ် လက်မှတ်ရေးထိုးချိန်၌ လန်ဒန်မြို့၏ ရာသီဥတုမှာ သိသိသာသာ အေးလာကာ 'စနိုး'ခေါ် မိုးပွင့်များလည်း အဆက်မပြတ် ကျနေပါသည်။ ထို့ကြောင့် ဟိုတယ်သို့ ပြန်ရောက်ပြီးနောက် ကျွန်တော်က အာဇာနည် သခင်မြအား…

'ဆရာ စာချုပ်လက်မှတ်ထိုးချိန်မှာ ရာသီဥတုက အလွန်အေးနေပုံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကြီး အေးချမ်းသာယာမယ့် နိမိတ်လို့ မဆိုနိုင်ဘူးလား'ဟု ပြောကြည့်ရာ သခင်မြက ရယ်ကာမောကာဖြင့်…

'ဒါတော့ တို့လည်း ဒါမျိုးတွေ နားမလည်လို့ မပြောတတ်ဘူး၊ မင်းသိချင်ရင် ရန်ကုန်ပြန်ရောက်မှ ဆရာ ဦးဘချိုကိုသာ မေးကြည့်ပေတော့'ဟု နက္ခတ်ဗေဒင် စသော လောကီပညာများ၌ နှံ့စပ်ကျွမ်းကျင်သူ (အာဇာနည်) ဝန်ကြီး ဒီးဒုတ်ဦးဘချိုအား မေးရန် အကြံပေးခဲ့ပါသည်။

'အောင်ဆန်း–အက်တလီစာချုပ်'တွင် မြန်မာဘက်မှ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်အဖြစ် လက်မှတ်ရေးထိုးရပြီး ကျန်မြန်မာကိုယ်စားလှယ်များကပါ လက်မှတ်ရေးထိုးရပါသည်။

ထိုအခါ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နှစ်ဦးဖြစ်သူ သခင်ဗစိန်နှင့် ဂျွန်ဦးစောတို့က လက်မှတ်ရေးထိုးရန် ငြင်းပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီတို့ သဘောတူသည့် အချက်များကို သူတို့က လက်မခံနိုင်ဟု တမင်သက်သက် အရွဲ့တိုက်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်က ဘိလပ်သွား မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ဦးစောနှင့် သခင်ဗစိန်တို့အား ဗိုလ်ချုပ်က ရွေးချယ်ခေါ်ယူသွားခြင်း မဟုတ်၊ ဗြိတိသျှ ဘုရင်ခံက သူ၏သဘောဖြင့် သူတို့နှစ်ယောက်အား ဇွတ်ထည့်လိုက်ခြင်းဖြစ်သည်။ ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့တွင် သူတို့နှစ်ဦးက ဝန်ကြီးများ ဖြစ်နေ၍ ဘုရင်ခံက ထည့်လိုက်ခြင်း ဖြစ်ပါသည်။

သူတို့ ဘာကြောင့် စာချုပ်လက်မှတ်ရေးထိုးရန် ငြင်းလိုကြောင်းကို လည်း ဗြိတိသျှအစိုးရက ရိပ်မိဟန်တူပါသည်။

ထို့ကြောင့် လက်မှတ်တော့ထိုးပါ။ သဘောမတူလျှင် မတူကြောင်း မှတ်ချက်ရေး၍ ထိုးပါဟု ပြောတော့မှ ဦးစောနှင့် သခင်ဗစိန်တို့က 'သဘောမတူကြောင်း မှတ်ချက်ဖြင့် လက်မှတ်ထိုးပါသည်'ဟု ရေးထားသောစာတမ်း အောက်တွင် လက်မှတ်ထိုးကြပါသည်။

သမိုင်းဝင် 'အောင်ဆန်း–အက်တလီစာချုပ်'ကို ယနေ့ပြန်ကြည့်ပါလျှင် စာချုပ်၏ နောက်ဆက်တွဲ၌ အင်္ဂလိပ်ဘာသာဖြင့် 'Note of dissent by U Saw and Thakin Ba Sein.' 'ဦးစောနှင့် သခင်ဗစိန်တို့၏ သဘောမတူကြောင်း မှတ်ချက်' စာပိုဒ်တစ်ပိုဒ်ကို တွေ့ရမည် ဖြစ်ပါသည်။

သို့ရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် သူတို့နှစ်ဦးက လူနည်းစု ဖြစ်ပြီး ဗိုလ်ချုပ်ကသာ လူများစုဖြစ်သည့်ပြင် မြန်မာပြည်သူ အများစုကို ကိုယ်စားပြုနိုင်သော ခေါင်းဆောင်က ဗိုလ်ချုပ်အောင်ဆန်းသာ ဖြစ်ကြောင်း ဗြိတိသျှအစိုးရကလည်း သိရှိပြီးဖြစ်၍ ဦးစောနှင့် သခင်ဗစိန်တို့၏ ကန့်ကွက်ချက်က မည်သို့မှ အရေးမပါသဖြင့် 'အောင်ဆန်း–အက်တလီစာချုပ်' လက်တွေ့ အကောင်အထည်ဖော်ရာ၌ ပြဿနာ အခက်အခဲ မရှိကြောင်းကို သမိုင်းက သက်သေပြခဲ့ပြီ ဖြစ်ပါသည်။

*

ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲပြီးချိန်မှစ၍ သီပေါမင်း ပါတော်မူချိန် (၁၈၈၅ ခုနှစ်)အထိ တစ်စစ ဗြိတိသျှ နယ်ချဲ့စနစ်လက်အောက် ကျွန်သဘောက် အဖြစ် ရောက်ခဲ့ရသော မြန်မာနိုင်ငံတွင် ကျွန်ခေတ်သမိုင်း အခန်းကဏ္ဍကို 'အောင်ဆန်း–အက်တလီစာချုပ် (၁၉၄၇ ခု)က ပြည်ဖုံးကား ချလိုက်သည်ဟု ဆိုနိုင်ပါသည်။



အကြောင်းမှုကား ယင်းစာချုပ်၏ အဓိက အနှစ်သာရက မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးပါတော့မည်ဟု ဗြိတိသျှအစိုးရက အခိုင်အမာဝန်ခံချက် ပေးလိုက်ခြင်းကြောင့်ပင်တည်း။

ဤနေရာတွင် ဗြိတိသျှတို့၏ နိုင်ငံရေး ပရိယာယ်ကြွယ်ပုံ၊ သံတမန် ဆက်ဆံနည်းအရ မိမိလိုရာကို သိမ်မွေ့ပါးနပ်စွာ မသိမသာ 'ဆွယ်ပုံ'မှာလည်း စိတ်ဝင်စားဖွယ် ကောင်းပါသည်။

မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးပါမည်ဟု ကတိပေးပုံကလျှင်မှ 'အောင်ဆန်း–အက်တလီစာချုပ်'၌ ...

'မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ဗြိတိသျှ ဓနသဟာယ နိုင်ငံများ အဖွဲ့အစည်းအတွင်း၊ သို့မဟုတ် နေသဟာယ ပြင်ပတွင် လွတ်လပ်ရေးကို ရယူပိုင်ခွင့်ရှိသည်'ဟု ရေးသားဖော်ပြထားပါသည်။

တစ်နည်းအားဖြင့်ဆိုသော် 'အောင်ဆန်း–အက်တလီစာချုပ်' အရ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးပါမည်၊ လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ဗြိတိသျှ ဓနသဟာယနိုင်ငံများ အဖွဲ့အစည်းအတွင်း နေလိုက နေနိုင်ပါသည် ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဗြိတိသျှတို့၏ သံတမန်ရေးရာနှင့် နိုင်ငံရေး ပရိယာယ် ကြွယ်ဝပုံကို သိပြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအချက်ကို မည်သို့မှ အရေးဆို စောဒကတက်ခြင်း မပြုတော့ဘဲ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံအဖြစ် မြန်မာနိုင်ငံသည် (အိန္ဒိယ၊ ပါကစ္စတန်တို့လို) ဓနသဟာယနိုင်ငံ အဖွဲ့အတွင်း မနေဘဲ သီးခြား လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်သွားရန် ထိုစဉ် (၁၉၄၇)ကပင် ဗိုလ်ချုပ်တို့က တိကျပြတ်သားစွာ ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

*

'အောင်ဆန်း–အက်တလီစာချုပ်'နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အချက်တစ်ချက် ရှိပါသေးသည်။

ယင်းကား တောင်တန်းပြည်နယ်ဒေသများ အရေးကိစ္စပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှအစိုးရနှင့် ဆွေးနွေးစဉ်က တောင်တန်း ဒေသပြည်နယ်များ အပါအဝင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအား လုံးဝလွတ်လပ်ရေး ပေးပါဟု အရေးဆိုခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရသည် ဗိုလ်ချုပ် အရေးဆိုသည့်အတိုင်း လွတ်လပ်ရေး ပေးမှ ဖြစ်တော့မည်ဟူ၍ နားလည်သဘောပေါက်သော်လည်း ဖြစ်နိုင်ပါက ရလိုရငြား 'ဈေးဆစ်'လိုသည့်သဘောလည်း တစ်ဖက်က ရှိနေပါသည်။

ထို့ကြောင့် တောင်တန်းပြည်နယ်များနှင့် ပတ်သက်၍ 'အောင်ဆန်း-အက်တလီစာချုပ်' အပိုဒ်(၈)၊ အပိုဒ်ခွဲ(ခ)တွင်...

'နယ်ခြားဒေသရှိ တိုင်းရင်းသားများ၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား ၎င်းတို့၏ ဆန္ဒသဘောထားကို ရှေးဦးစွာ မေးမြန်းရမည်။

'ယင်းသို့ ဆန္ဒသဘောထား မေးမြန်းခြင်းကို ရှေ့လ (ဖေဖော်ဝါရီလ ၁၉၄၇ ခုနှစ်) ပင်လုံမြို့၌ ကျင်းပမည့် အစည်းအဝေးတွင်ဖြစ်စေ၊ ယင်းကိစ္စအတွက် သီးသန့်ခေါ်ယူ ကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ မေးမြန်း၍ ဆန္ဒသဘောထား ရယူရမည်။

'မေးမြန်းရမည့်အချက်ကား တောင်တန်းဒေသ ပြည်နယ်များအနေဖြင့် မြန်မာနိုင်ငံ အစိုးရနှင့် ဆက်ဆံရေးကို မည်သည့်ပုံစံမျိုးဖြင့် ဆက်ဆံလိုကြောင်း၊ ၎င်းတို့၏ ဆန္ဒသဘောထားကို မေးမြန်းရန်ပင် ဖြစ်သည်'ဟူ၍ ဖော်ပြပါရှိပါသည်။

ယင်းစာပိုဒ်အဓိပ္ပာယ်က ဗိုလ်ချုပ်တို့ အလိုရှိသော တစ်နိုင်ငံလုံး (ပြည်နယ်များအပါအဝင်) လုံးဝလွတ်လပ်ရေး ရရှိရန်မှာ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များက အကြွင်းမဲ့ သဘောတူညီကြောင်း သီသန့်ကွန်ဖရင့် (ညီလာခံ) တစ်ခု၌ တရားဝင် အခိုင်အမာ မေးကြရန် လိုအပ်သည်ဟူ၍ပင် ဖြစ်ပါသည်။

ဤသို့လျှင် ဗြိတိသျှအစိုးရက 'ဈေးဆစ်'သည့် သဘော စာပိုဒ်တစ်ပိုဒ် ထည့်သွင်းထားခြင်း၏ ရည်ရွယ်ချက်ကို သိသော်လည်း ဗိုလ်ချုပ်သည် မည်သို့မှ စိုးရိမ်ကြောင့်ကြခြင်း မရှိဘဲ 'အောင်ဆန်း-အက်တလီစာချုပ်'ကို ရဲရဲကြီး လက်မှတ်ရေးထိုးခဲ့ပါသတည်း။

❐



[၁၁]

မြန်မာ့လွတ်လပ်ရေး သမိုင်းတွင် အရေးအကြီးဆုံး၊ အဓိကအကျဆုံး သမိုင်းမှတ်တိုင် တစ်ခုဖြစ်သော 'အောင်ဆန်း-အက်တလီစာချုပ်'ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ နန်းရင်းဝန်ကြီးနေအိမ်တွင် လက်မှတ်ရေးထိုး လိုက်ချိန်မှစ၍ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အချာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာရန် သေချာသွားပြီဖြစ်၍ ဗိုလ်ချုပ်အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် စိတ်ပေါ့ပါး ကြည်လင်သာယာ လာကြလေသည်။

မြန်မာခေါင်းဆောင်များ ဘိလပ်မှ မြန်မာနိုင်ငံသို့ ပြန်ကြရန် ရက်ကိုလည်း ဇန်နဝါရီလ ၃၀ ရက်နေ့ ပြန်ထွက်ကြမည်ဟု ထိုနေ့ညမှာပင် သတ်မှတ်လိုက်ကြပါသည်။

မြန်မာနှင့် ဗြိတိသျှခေါင်းဆောင်များ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသော 'အောင်ဆန်း-အက်တလီ' စာချုပ်အကြောင်း သတင်းကို ညတွင်းချင်း ကမ္ဘာအရပ်ရပ်သို့ ရောက်အောင် လန်ဒန်ရှိ 'ရိုက်တာ' စသော နိုင်ငံခြားကြေးနန်း သတင်းကိုယ်စားလှယ်များက ဖြန့်ချိထုတ်ပြန်လိုက်သဖြင့် မြန်မာနိုင်ငံသို့လည်း ရောက်ရှိသွားမည်ဖြစ်ကြောင်း မြန်မာခေါင်းဆောင်များက သိရှိပြီး ဖြစ်ပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ 'ဒေါ်ချက်စတာ' ဟိုတယ် ပြန်ရောက်ပြီး ညစာစားကြစဉ် စကားစပ် ပြောဆိုကြရာဝယ် ဗိုလ်ချုပ်မှလွဲ၍ ကျန်မြန်မာခေါင်းဆောင်များက စာချုပ်ထဲတွင် ဗြိတိသျှတို့က

www.burmeseclassic.com

www.burmeseclassic.com



'မြုပ်ကွက်' လုပ်ထားသောအချက်နှင့် ပတ်သက်ပြီး ကောင်းစွာ ကျေလည်ခြင်း မရှိဘဲ ဘဝင်မကျကြောင်း ဝေဖန်ပြောဆိုကြပါသည်။

ယင်းအချက်ကား 'အောင်ဆန်း–အက်တလီစာချုပ်' အပိုဒ် (၈)၊ အပိုင်ခွဲ (ခ) မှ တောင်တန်းဒေသ ပြည်နယ်များ အရေးကိစ္စပင် ဖြစ်ပါသည်။

ပြည်နယ်အသီးသီးမှ လူမျိုးစုခေါင်းဆောင်များက မိမိတို့သည်လည်း မြန်မာပြည်မနှင့် အေးအတူပူအမျှ လုံးဝလွတ်လပ်ရေး ရယူချင်ပါသည်ဟု ဆန္ဒသဘောထား တိကျပြတ်သားစွာပေးရန် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပင်လုံညီလာခံ၌ မေးမြန်းဆန္ဒယူရမည်ဟု စာချုပ်ထဲ ပါရှိနေခြင်းသည် 'လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ'ဟူ၍ အကောင်အထည် ပေါ်လာရေးကို ဟန့်တားနှောင့်ယှက်သည့် အချက်တစ်ချက်ဖြစ်သည်ဟု ဝိုင်း၍ ဝေဖန်ပြောဆိုကြပါသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကမူ လုံးဝ စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ ညစာစားပွဲတွင် အားရပါးရ စားသောက်နေပါသည်။

'ဤကိစ္စအတွက် ဘာမှမပူကြပါနဲ့၊ ပင်လုံကျရင် ကြည့်ပါ၊ အင်္ဂလိပ်တွေ မျှော်လင့်သလို မဖြစ်ပါဘူး၊ ကျွန်တော်တို့ပဲ အနိုင်ရမှာပါ'

ဤသို့လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသ ပြည်နယ်များမှ တိုင်းရင်းသား လူထု၏ ထောက်ခံမှုကို မလွဲမသွေ ရရှိလိမ့်မည်ဟု ယုံကြည်စိတ်ချစွာဖြင့် ထိုနေ့ညက ပြောဆိုခဲ့ပါသေးသည်။

*

ဗိုလ်ချုပ်တို့ လန်ဒန်မြို့သို့ ရောက်ရှိနေချိန်က 'ဘီဘီစီ'ခေါ် ဗြိတိသျှ အသံလွှင့် ဌာနကြီး၌ မြန်မာပိုင်း အစီအစဉ်တွင် အမှုထမ်း နေသူများအနက် မြန်မာအမျိုးသား ဦးတင်မောင် (ဦးလေးကြီး ဗုံးသီးဟင်းခါး)သည် အချိန်ရတိုင်း ဒေါ်ချက်စတာ ဟိုတယ်သို့လာရောက်ကာ ဗိုလ်ချုပ်အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား လိုအပ်သော အကူအညီများ ပေးလေ့ရှိသည်။

ဦးတင်မောင်ကိုယ်တိုင်က ဗိုလ်ချုပ်အား ပုဂ္ဂိုလ်ရေးအရ အလွန်လေးစား ကြည်ညိုသည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် သေချာသလောက် ဖြစ်သည့် 'အောင်ဆန်း–အက်တလီစာချုပ်'ကြီး အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုပြီးကြောင်း ကြားသိရသည်တွင် ဘိလပ်ရောက် မျိုးချစ်မြန်မာအမျိုးသား တစ်ယောက်အနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါသည်။



ထို့ကြောင့် သူသည် စာချုပ် လက်မှတ်ရေးထိုးပြီး နောက်တစ်နေ့ (၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)တွင် ဗိုလ်ချုပ်ကိုယ်တိုင် 'ဘီဘီစီ' အသံလွှင့်ဌာနကြီးမှ နေ၍ မြန်မာနိုင်ငံသို့ လွတ်လပ်ရေးအကြောင်း အသံလွှင့် ပြောကြားရန် ကြိုးစားစီစဉ်ခဲ့ပါသည်။

'ဘီဘီစီ' အသံလွှင့်ဌာနမှာ နာမည်ကြီးသလောက် ကြီးကြပ်အုပ်ချုပ်မှု အပိုင်း၌ 'ကြိုးနီစနစ်'ကို ကျင့်သုံးရာတွင် စာအုပ်ကြီးအတိုင်း တိကျစွာလိုက်နာသော အစဉ်အလာရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်း အသံလွှင့်မိန့်ခွန်း ပြောခွင့်ရရန် ဦးတင်မောင်နှင့်တကွ အလားတူ မြန်မာအမျိုးသား ဘီဘီစီအမှုထမ်းများ ဖြစ်သူ ဦးသောင်းခင် (နောက်ပိုင်း ရန်ကုန်မြို့၊ အမေရိကန် ပြန်ကြားရေးဌာန)၊ ဦးအောင်ခင် (ဘိလပ်ရောက် ဦးမင်း) တို့သည် 'ဘီဘီစီ' အုပ်ချုပ်ရေးပိုင်း အကြီးအကဲများနှင့် အကြိမ်ကြိမ် ညှိနှိုင်းစီစဉ် ခဲ့ရသည်ဟု သိရပါသည်။

သူတို့တတွေ မနားမနေ ကြိုးစားစီစဉ်ချက်ကြောင့် နောက်ဆုံး ဗိုလ်ချုပ် အောင်ဆန်း အသံလွှင့်မိန့်ခွန်း ပြောကြားခွင့် ရခဲ့လေရာ ဗိုလ်ချုပ်လည်း မြန်မာ နိုင်ငံသူ နိုင်ငံသားများအား ဘိလပ်မှနေ၍ ပူပူနွေးနွေး မင်္ဂလာသတင်းကောင်း လက်ဆောင်ပါးရန်အတွက် သူ၏ အသံလွှင့်မိန့်ခွန်း မူကြမ်းကို ကိုယ်တိုင် ကြိုးစားပမ်းစား ရေးသားပြုစုပါလေတော့သည်။

ယင်းသို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းကို ကြိုတင်ရေးသားရသည့် အခြားအကြောင်း တစ်ရပ်လည်း ရှိပါသေးသည်။

'ဘီဘီစီ' အသံလွှင့်ဌာန၏ အစဉ်အလာ စည်းကမ်းတစ်ခုက အသံလွှင့် ပြောကြားချက် အားလုံးကို ကြိုတင်ရေးသား၍ သက်ဆိုင်ရာသို့ စိစစ်ခွင့်ပြုချက် ရရေးအတွက် တင်ပြရခြင်းပင်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ 'မြန်မာနိုင်ငံသို့ သဝဏ်လွှာ' မိန့်ခွန်းကိုလည်း ထုံးစံအတိုင်း သက်ဆိုင်ရာ အာဏာပိုင်များထံ တင်ပြရမည်ဖြစ်သောကြောင့် ကြိုတင်ရေးသားရခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် သူ၏မိန့်ခွန်းကို အကောင်းဆုံးဖြစ်အောင် ကြိုးစား ရေးသားပြီးနောက် လက်နှိပ်စက်ရိုက်စေကာ ဦးလေးကြီး ဦးတင်မောင်မှတစ်ဆင့် 'ဘီဘီစီ'သို့ ပို့ခိုင်းလိုက်ပါသည်။

အသံလွှင့်ရန် စီစဉ်ထားသည့်အချိန်မှာ ဇန်နဝါရီလ ၂၈ ရက်နေ့၊ မွန်းလွဲ တစ်နာရီ အချိန်ဖြစ်၍ ဗိုလ်ချုပ်သည် ဒေါ်ချက်စတာ ဟိုတယ်၌ နေ့လယ်စာ စားပြီးမှပင် ဘီဘီစီ အသံလွှင့်ဌာနသို့ သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် 'ဘီဘီစီ' အသံလွှင့်ဌာန အဆောက်အအုံသို့ ရောက်သွားသည်နှင့် မြန်မာအမျိုးသား အမှုထမ်းများဖြစ်သူ ဦးတင်မောင်၊ ဦးသောင်းခင်နှင့် ဦးအောင်မင်းတို့မှာ မျက်စိမျက်နှာ ပျက်နေကြကြောင်း တွေ့ရပါသည်။

အကျိုးအကြောင်း မေးကြည့်တော့မှ ဗိုလ်ချုပ်၏ အသံလွှင့်မိန့်ခွန်းစာမူကို သက်ဆိုင်ရာက စိစစ်ပြီးနောက် အချက်အလက်အချို့ ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ကြောင်း သိရှိရပါသည်။

'ဘီဘီစီ' အကြီးအကဲများ၏ အကြောင်းပြချက်က ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်မိန့်ခွန်းတွင် သူတို့ 'ဘီဘီစီ'၏ မူဝါဒနှင့် ဆန့်ကျင်သော ပါတီနိုင်ငံရေးကိစ္စတွေ ပါဝင်နေသဖြင့် မူရင်းအတိုင်း အသံလွှင့်ရန် ခွင့်မပြုနိုင်ဟု ဆိုပါသည်။

အမှန်က ဗိုလ်ချုပ်၏ မိန့်ခွန်းမှာ မြန်မာ့လွတ်လပ်ရေး ရရှိရေးကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းပြီး ရရှိသော သဘောတူညီချက်များနှင့်တကွ 'အောင်ဆန်း–အက်တလီစာချုပ်'ပါ အချက်အလက်များ၏ အနှစ်သာရကို 'ဘီဘီစီ' အသံလွှင့်ဌာနမှ တစ်ဆင့် မြန်မာပြည်သူတို့အား အရင်းအတိုင်း ဖောက်သည်ချထားခြင်းသာ ဖြစ်ပါသည်။

သို့သော် ယင်းသို့ အမှန်အတိုင်း (အပိုအလိုမပါ) ဖော်ထုတ်ရေးသားထားသော မိန့်ခွန်းကို 'ဘီဘီစီ' အာဏာပိုင်တို့က တစ်စိတ်တစ်ဒေသ ဖြတ်တောက်မည်၊ ပြန်လည်ပြင်ဆင်ရမည်ဟု ဆိုလာသောအခါ ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် လက်မခံနိုင်ပါချေ။

ဦးဟင်မောင် အစရှိသော 'ဘီဘီစီ'မှ မြန်မာအမှုထမ်းများက အသံလွှင့်အစီအစဉ် ပျက်မသွားစေလိုသဖြင့် ဗိုလ်ချုပ်အား မိန့်ခွန်းကို ပြန်လည်ပြင်ဆင်ရေးသားပြီး အသံလွှင့်ရန် ပြောသော်လည်း ဗိုလ်ချုပ်က သူ၏ ဝါသနာစရိုက်အတိုင်း ပြတ်ပြတ်သားသားပင် ငြင်းပါသည်။

'ကျုပ်ရဲ့မိန့်ခွန်းကို မူရင်းအတိုင်း အသံလွှင့်ရရင်တော့ အသံလွှင့်ပြောမယ်၊ မိန့်ခွန်းကို နည်းနည်းကလေးဖြစ်ဖြစ် ဖြတ်တောက်မယ်၊ ပြင်ဆင်မယ်ဆိုရင်တော့ ကျုပ် လက်မခံနိုင်ဘူး၊ အသံလွှင့်ခွင့် မရဘူးဆိုရင် မလွှင့်ဘဲ ပြန်သွားရုံပေါ့၊ ကျုပ်ကတော့ ရှင်းရှင်းပဲ'

ဤသို့ ပြောလိုက်ခြင်းဖြင့် ကိစ္စပြတ်သွားကာ ဗိုလ်ချုပ်သည် အသံလွှင့်ရန် အစီအစဉ်ကိုဖျက်ပြီး ချက်ချင်းပြန်လာခဲ့ပါသည်။



ဤသို့လျှင် နာမည်ကျော် 'ဘီဘီစီ' အသံလွှင့်ဌာနကြီးမှ ဗိုလ်ချုပ်အောင်ဆန်း အသံလွှင့်ပြောကြားရန် အစီအစဉ်သည် ပျက်သွားခဲ့ရပါသည်။

*

ထိုအချိန်က လန်ဒန်မြို့တွင် (Burma Association) ခေါ် 'မြန်မာအသင်း' အမည်ရှိ အဖွဲ့အစည်းတစ်ခု ရှိပါသည်။

အဆိုပါ 'မြန်မာအသင်း'က ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့အားမိတ်ဆက် လက်ဖက်ရည်ပွဲတစ်ခုဖြင့် တည်ခင်းဧည့်ခံလိုကြောင်း ကမ်းလှမ်းသဖြင့် ယင်းလက်ဖက်ရည်ပွဲကို ဇန်နဝါရီလ ၂၈ ရက်နေ့ ညနေ သုံးနာရီခွဲတွင် ကျင်းပပါသည်။

'ဘီဘီစီ' ဗြိတိသျှ အသံလွှင့်ဌာနမှ မြန်မာနိုင်ငံသို့ အသံလွှင့်မိန့်ခွန်းပြောကြားရန် အစီအစဉ် ပျက်သွားသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် မည်သို့မျှ စိတ်ပျက်အားလျော့ပုံမရဘဲ လန်ဒန်မြို့ 'မြန်မာအသင်း'၏ မိတ်ဆက်လက်ဖက်ရည်ပွဲသို့ ကြည်လင်ရွှင်လန်းစွာနှင့်ပင် တက်ခဲ့ပါသည်။

လက်ဖက်ရည်ပွဲတွင်ကား လန်ဒန်မြို့ရှိ မြန်မာအမျိုးသား အားလုံးလိုလို ရောက်ရှိနေရာ ဘိလပ်ရောက် မြန်မာလူမျိုးဦးရေ မနည်းလှကြောင်း ထိုနေ့မှပင် သိရပါတော့သည်။

အကြောင်းအမျိုးမျိုး၊ အလုပ်တာဝန် အမျိုးမျိုးဖြင့် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိနေကြသူ မြန်မာ အမျိုးသားများမှာ မြန်မာ့လွတ်လပ်ရေးအတွက် လာရောက်အရေးဆိုကြသည့် ဗိုလ်ချုပ်အပါအဝင် မြန်မာခေါင်းဆောင်များကို မြင်ရလျှင် အထူးပင် အားတက်ဝမ်းမြောက်ကြလျက် သူတို့၏ မျက်နှာအမူအရာများသည်လည်း အလွန် ရွှင်လန်း တက်ကြွနေကြပါသည်။

အထူးသဖြင့် ဗိုလ်ချုပ်တို့ လက်မှတ်ရေးထိုးပြီးစီးသွားသော 'အောင်ဆန်း–အက်တလီ' စာချုပ်အရ မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးရရန် သေချာသွားပြီဖြစ်ကြောင်းသိရ၍ ထိုနေ့ လက်ဖက်ရည်ပွဲတွင် ရောက်ရှိနေကြသူများ ပျော်ရွှင်ဝမ်းမြောက် နေကြပါသည်။

ဗိုလ်ချုပ်သည် ဘိလပ်ရောက် မြန်မာအမျိုးသားများ၏ အင်အားကို ကြည့်ပြီး...

'တို့ဗမာလူမျိုးတွေ အခုလို နိုင်ငံခြားထွက်လာတာကို ငါတော့ သဘောကျမိတယ်၊ ရှေ့လျှောက်လည်း ငါတို့လူမျိုးတွေ နိုင်ငံခြား ခရီးသွားတဲ့အလေ့ပိုများလာအောင် အားပေးရမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ပွဲသို့ ရောက်ရောက်ချင်း မှတ်ချက်ချခဲ့ပါသည်။

လန်ဒန်မြို့ 'မြန်မာအသင်း'က ကျင်းပသည့် လက်ဖက်ရည်ပွဲခံဆိုသော်လည်း ဧည့်သည်တော်များအဖြစ် ဖိတ်ကြားခံရ၍ တက်ရောက်လာသူများထဲတွင် အင်္ဂလိပ်လူမျိုး၊ အိန္ဒိယလူမျိုး၊ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများလည်း ပါဝင်ပါသည်။

ဧည့်ခံပွဲသို့ ထုံးစံအတိုင်း ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် မိန့်ခွန်းစကား အနည်းငယ် ပြောကြားပေးပါရန် မေတ္တာရပ်ခံသဖြင့် ဗိုလ်ချုပ်လည်း မနေသာဘဲ ထပြီး မိန့်ခွန်းပြောရပါသည်။

မိမိတို့ အဖွဲ့အနေဖြင့် ယခုကဲ့သို့ ဖိတ်ကြား၍ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံ ဂုဏ်ပြုခြင်းကို ဝမ်းမြောက်ကျေးဇူးတင်ကြောင်း၊ နိုင်ငံခြားရှိ မြန်မာ အမျိုးသားများ စည်းလုံးညီညွတ်စွာ ရှိနေသည်ကို မြင်ရ၍လည်း ဝမ်းမြောက်အားရမိကြောင်း စသည်ဖြင့် ပဏာမ ပြောကြားပြီးနောက် ဗိုလ်ချုပ်က

'မကြာခင် လွတ်လပ်ရေးရတော့မယ်၊ ကျုပ်တို့ ဗမာနိုင်ငံကို ကမ္ဘာက သိအောင် များများလုပ်ပေးဖို့လိုတယ်၊ ဒီလိုလုပ်ဖို့အတွက် ဗမာတွေ နိုင်ငံခြားကို များများ သွားပေးရမယ်၊ အခုအချိန်အထိတော့ ဗမာ အမျိုးသားထဲက နိုင်ငံခြားလွတ်တဲ့ လူဦးရေ အလွန်နည်းနေတယ်၊ အဲဒီလို လွှတ်တဲ့အထဲက တချို့ဗမာတွေဟာ ကိုယ်မိခင်နိုင်ငံကို မေ့နေသလို ဖြစ်နေတာမျိုးကလည်း မလိုလားအပ်ဘူး၊ လက်ရှိအခြေအနေအရ ဗမာနိုင်ငံဟာ နိုင်ငံခြားနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံရလိမ့်မယ်၊ အထူးသဖြင့် အရှေ့တောင်အာရှ နိုင်ငံများနဲ့ ပိုမိုချစ်ကြည်ရင်းနှီးအောင် ဆက်ဆံသွားဖို့ လိုအပ်တယ်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်ကော၊ အစည်းအဝေးကြီးတွေမှာလည်း ဗမာတွေ ဝင်တိုးဖို့ အချိန်ရောက်နေပြီလို့ ပြောချင်ပါတယ်'ဟု သူ၏ စိတ်ထဲရှိသော ဆန္ဒသဘောထားကို ပွင့်လင်းစွာပင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

*

ဇန်နဝါရီလ ၂၈ ရက်နေ့မှာပင် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် သူ အလွန်တွေ့ချင်နေသော အင်္ဂလိပ်လူမျိုးတစ်ဦးနှင့် တွေ့ဆုံခွင့် ရခဲ့ပါသည်။

ထိုပုဂ္ဂိုလ်ကား စစ်ကြိုခေတ်က မြန်မာနိုင်ငံအကြောင်း (အင်္ဂလိပ်ဘာသာဖြင့်) စာအုပ်များရေးသား၍ နာမည်ကြီးသူ အင်္ဂလိပ် အရေးပိုင်ဟောင်း 'မစ္စတာ မောရစ်ကောလစ်'ပင် ဖြစ်ပါသည်။



ဗိုလ်ချုပ်သည် 'မောရစ်ကောလစ်' ရေးသားခဲ့သည့် စာအုပ်အားလုံးကို ဖတ်ရှုပြီးဖြစ်ရာ 'မြန်မာပြည် မှုခင်းများ' (Trials in Burma) စာအုပ်ကို အထူးနှစ်သက်ခဲ့ပါသည်။ ယင်းစာအုပ်၌ စာရေးသူ မစ္စတာမောရစ်ကောလစ်၏ အတွေးအခေါ် အယူအဆများ ပေါ်လွင်နေပုံမှာ မြန်မာနိုင်ငံ၏ မျက်နှာဖြူ အင်္ဂလိပ်များက မြန်မာတို့အပေါ် တစ်ဖက်သတ် 'နှိမ်'ခြင်းကို မနှစ်မြို့သည့် သဘောများ ပါရှိသဖြင့် ဗိုလ်ချုပ်က 'မောရစ်ကောလစ်'အား မြန်မာနိုင်ငံအပေါ် သဘောထားမှန်သော အင်္ဂလိပ် လူမျိုးတစ်ဦးဟု လေးစားခဲ့ပါသည်။

ထို့ကြောင့် လန်ဒန်မြို့သို့ ရောက်ရှိနေခိုက် ဗိုလ်ချုပ်သည် ဖြစ်နိုင်ပါက မစ္စတာ မောရစ်ကောလစ်နှင့် တွေ့ဆုံလိုကြောင်း ပြောခဲ့ပါသည်။

ရန်ကုန်အရေးပိုင်ဟောင်း မစ္စတာ မောရစ်ကောလစ်ကို ဇန်နဝါရီလ ၂၈ ရက်နေ့ ညဘက် ဒေါချက်စတာဟိုတယ်သို့ ဗိုလ်ချုပ်တို့နှင့်အတူ ညစာစားရင်း ရင်းနှီးစွာ စကားပြောခွင့်ရရန် ဖိတ်ခေါ်နိုင်ခဲ့ပါသည်။

ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ညစာစားရင်း တွေ့ဆုံခွင့်ရရန် ဖိတ်ကြားခဲ့သည်ကိုပင် မစ္စတာမောရစ်ကောလစ်သည် အထူးပင် ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ဗိုလ်ချုပ်နှင့် လက်ဆွဲနှုတ်ဆက်ရင်း ဖွင့်ပြောပါသည်။

ထို့နောက် ဗိုလ်ချုပ်က မစ္စတာ မောရစ်ကောလစ်အား ကျန်မြန်မာ ခေါင်းဆောင်များနှင့် မိတ်ဆက်ပေးပြီးနောက် ညစာ အတူစားကြပါသည်။

ဗိုလ်ချုပ်က မစ္စတာ မောရစ်ကောလစ်အား မြန်မာနိုင်ငံ နောက်ကျောခံ စာအုပ်အားလုံးကို ဖတ်ရှုပြီး၍ အထူးလေးစားမိကြောင်း ပြောသောအခါ အဘိုးကြီး 'မောရစ်လောကစ်'ကလည်း သူကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာလူငယ်တို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် မျိုးချစ်စိတ်ထက်သန်တက်ကြွမှုကို စိတ်ဝင်စားနေမိသဖြင့် ယခုကဲ့သို့ ရင်းနှီးစွာ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်၍ မဆုံးကြောင်း ပြောပြပါသည်။

ထို့ပြင် မောရစ်ကောလစ်က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် သံယောဇဉ်ရှိပုံ၊ မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုပါ စိတ်ပါဝင်စား၍ လေ့လာခဲ့ပုံ၊ အထူးသဖြင့် အတိတ်ကာလ မြန်မာနိုင်ငံသမိုင်းကို စိတ်ဝင်စား၍ လေ့လာပြီး သမိုင်းနောက်ကျောခံ (She was a Queen) စာအုပ်ကို ရေးသားခဲ့ပုံများကို ပြောပြရာ ဗိုလ်ချုပ်အပါအဝင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အားလုံးတို့သည် စိတ်ဝင်စားစွာ နားထောင်နေခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။ အမှန်က မစ္စတာ မောရစ်ကောလစ်သည် 'အိုင်စီအက်စ်' ပဋိညာဉ်ခံဝန်ထမ်း အင်္ဂလိပ် အရာရှိကြီးတစ်ဦး ဖြစ်ခဲ့လင့်ကစား စာရေးဆရာစိတ်က ပိုမိုထက်သန်သဖြင့် သူ မကြာမီ ရေးသားလတ္တံ့သော စာအုပ်၏ အဓိကဇာတ်ကောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းအား အနီးကပ် လေ့လာအကဲခတ်နေခြင်း ဖြစ်ပါသည်။ ယင်းအချက်ကို ပေါ်လွင်ထင်ရှားစေသည်ကား နောက်ပိုင်း သူ၏လက်ရာ (Last and First in Burma) ခေါ် မြန်မာနိုင်ငံအကြောင်း စာအုပ်မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားချက်များပင် ဖြစ်ပါသည်။

မစ္စတာမောရစ်ကောလစ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သူ၏ ဗမာ့တပ်မတော်အကြောင်းကို ဗြိတိသျှ စစ်ဘက်ထောက်လှမ်းရေး အစီရင်ခံစာများမှတစ်ဆင့် သိသင့်သလောက် သိရှိပြီးဖြစ်သော်လည်း စာရေးဆရာ၏ ညဉ်အရ ရှုထောင့်အစုံမှ သိလိုသဖြင့် ဗိုလ်ချုပ်ကိုယ်တိုင် ဖွင့်ဟပြောဆိုပြချက်ကို လေ့လာခွင့်ရရန် ဒေါ်ချက်စတာဟိုတယ်သို့ လာရောက်တွေ့ဆုံခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်ကလည်း ယင်းအချက်ကို အခွင့်ကောင်းယူကာ မြန်မာလူငယ်တို့၏ လွတ်လပ်ရေးရရှိရန် မျှော်ခေါ်ချက်နှင့် အတွေးအခေါ်များအကြောင်းကို ထိုနေ့ည ထမင်းစားပွဲတွင် အားရပါးရ ပြောပြလိုက်ပါသည်။

အထူးသဖြင့် ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီးနောက် ယင်းနိုင်ငံတကာ အခြေအနေကို အခွင့်ကောင်းယူကာ မြန်မာလူငယ်တို့က လွတ်လပ်ရေးရရှိရန် ကြိုးပမ်းလှုပ်ရှားခဲ့ပုံ၊ ၁၉၄၀ ပြည့်နှစ် ဗမာ့ထွက်ရပ်ဂိုဏ်းကြီး ဖွဲ့စည်းတည်ထောင်ရာမှ လွတ်လပ်ရေးရရှိရန် ပြည်ပအကူအညီယူရန် ဆုံးဖြတ်ခဲ့ပုံ၊ ထိုအတောအတွင်း မမျှော်လင့်ဘဲ ဂျပန်တို့နှင့် ဆက်သွယ်မိပုံ၊ 'ရဲဘော်သုံးကျိပ်' ဖြစ်ပေါ်လာပုံများနှင့် ယင်းသို့ ဂျပန်မှာ ပူးပေါင်းခဲ့ခြင်းမှာ ဗိုလ်ချုပ်တို့အနေဖြင့် ဖက်ဆစ်ဝါဒကို လိုလားနှစ်သက်၍ မဟုတ်ဘဲ အခြေအနေအရ ယာယီသာ ပူးပေါင်းခဲ့ပုံ၊ ဂျပန်ကို တော်လှန်ရန် အကြိမ်ကြိမ်ကြံစည်ခဲ့ပုံများကအစ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ဖြစ်မြောက်လာသည်အထိ မြန်မာ့လွတ်လပ်ရေး သမိုင်းကြောင်းကို ဗိုလ်ချုပ်က အသေးစိတ် ရှင်းလင်းပြောပြလိုက်ပါသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ အဓိကရည်ရွယ်ချက်မှာ ၁၉၄၂ ခုနှစ်က ဗမာ့လွတ်လပ်ရေး တပ်မတော်အနေဖြင့် ဂျပန်နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များအား တိုက်ခိုက်ခဲ့ပြီးနောက် တစ်ဖန် ၁၉၄၅ ခုနှစ်ကျတော့ မဟာမိတ် (ဗြိတိသျှ)နှင့် ဆက်သွယ်ပူးပေါင်းကာ ဂျပန်အား ပြန်တိုက်ခြင်း၏ နိုင်ငံရေး အဓိပ္ပာယ်ကို ကမ္ဘာက သိစေလို၍ပင် ဖြစ်ပါသည်။

ယင်းရည်ရွယ်ချက် အောင်မြင်ရန် အထိရောက်ဆုံးသောနည်းကလည်း မစ္စတာ မောရစ်ကောလစ်လို ကမ္ဘာကျော် စာရေးဆရာတစ်ဦးအား နားလည်သဘောပေါက်အောင် ရှင်းလင်းတင်ပြခြင်းပင် ဖြစ်သည်ဟုတွက်လျက် ဗိုလ်ချုပ်သည် ဒေါ်ချက်စတာဟိုတယ် ညစာစားပွဲ၌ အချိန်ယူကာ အသေးစိတ် ပြောပြလိုက်ခြင်းပင် ဖြစ်ပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com



# [ ၁၂ ]

မြန်မာ့လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရရှိစေပါမည် ဟူ၍ အာမခံချက် အနိုင်အမာ ရလေပြီဟု ဆိုနိုင်လောက်သော သမိုင်းဝင် 'အောက်ဆန်း-အက်တလီ' စာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုပြီးပြီဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လန်ဒန်မြို့မှ မြန်မာနိုင်ငံသို့ ပြန်ကြရန် စီစဉ်သတ်မှတ်လိုက်ကြပါသည်။

ထို့ကြောင့် ပြည်တော်ပြန် ခရီးမထွက်မီ တစ်ရက် (၃၀-၁-၄၇)နေ့တွင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရသမျှအချိန်အတွင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရင်း လူတိုင်းလိုလို အလုပ်များနေကြပါသည်။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အနေဖြင့် လန်ဒန်ရှိ သတင်းစာဆရာများနှင့် တွေ့ဆုံပြီး သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ရန်အတွက် ပြင်ဆင်နေရသောကြောင့် ပို၍ အလုပ်များနေပါသည်။

သတင်းစာ ရှင်းလင်းပွဲကို နံနက် ၁၀ နာရီတိတိတွင် လန်ဒန်မြို့ ဒေါ်ချက်စတာဟိုတယ် အောက်ထပ်ရှိ ခန်းမဆောင်ကြီး၌ပင် ကျင်းပပါသည်။

ဗြိတိသျှ အင်ပါယာအတွင်းရှိ လက်အောက်ခံ နိုင်ငံများအနက် 'ဒိုမီနီယံ' အဆင့်၊ သို့မဟုတ် ဗြိတိသျှ ဓနသဟာယနိုင်ငံ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် မနေလိုဘဲ လုံးဝလွတ်လပ်ရေး လိုချင်ပါသည်ဟု ဗြိတိသျှအစိုးရနှင့် တိုက်ရိုက် အရေးဆို ဆွေးနွေးသည်မှာ မြန်မာနိုင်ငံသည် ပထမဆုံးနိုင်ငံ ဖြစ်နေခြင်းကြောင့် ဗြိတိသျှ သတင်းစာလောကမှ အထူး စိတ်ဝင်စားနေလေရာ ရှင်းလင်းပွဲသို့ အင်တိုက်အားတိုက် တက်ရောက်လာကြပါသည်။



ကမ္ဘာကျော် လန်ဒန်'တိုင်း'၊ ဒေလီးမေးလ်၊ မန်ချက်စတာ၊ ဂါဒီယံ၊ ဆန်းဒေးတိုင်း စသော နာမည်ကြီး ဗြိတိသျှ သတင်းစာများ၊ ဆိုရှယ်လစ်ဝါဒ ကြွေးကြော်သော 'နယူးစတိတ်မင်း' သတင်းစာနှင့် ဗြိတိသျှ ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သော 'အော်ဒေးလီဂါကာ' သတင်းစာတို့မှ အယ်ဒီတာများ၊ နိုင်ငံရေး သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များနှင့် ကမ္ဘာကြေးနန်း သတင်းကိုယ်စားလှယ် ဌာနကြီးများဖြစ်သော ရိုက်တာ၊ အေပီ၊ ယူပီ၊ အေအက်ဖ်ပီ စသော နိုင်ငံခြား သတင်းဌာနမှ အယ်ဒီတာများ၊ သတင်းထောက်များပါ စုံညီစွာ တက်ရောက်ကြသဖြင့် ဒေါ်ချက်စတာဟိုတယ် ခန်းမဆောင်တစ်ခုလုံး ပြည့်ကျပ်နေပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ ရှင်းလင်းတင်ပြမည့် အချက်များနှင့် ပတ်သက်၍ အာဇာနည် သခင်မြ စသော ကျန်ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ကြိုတင်ဆွေးနွေးတင်ပြကာ အကြံပေးချက်များ ရယူထားပြီး ဖြစ်သည့်အတိုင်း နံနက်ဆယ်နာရီ သတင်းစာရှင်းလင်းပွဲ စတင်ချိန်တွင် သူ့အနေဖြင့် အဆင်သင့် ဖြစ်နေပြီ ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံရေး အချက်အချာ ဗဟိုမြို့တော်ဟု တင်စားခေါ်လေ့ရှိကြသည့် လန်ဒန်မြို့ရှိ သတင်းစာဆရာများ၊ အယ်ဒီတာများသည် အတွေ့အကြုံ ဝါရင့်သလောက် အကင်းပါးသူများလည်း ဖြစ်လေရာ ခန်းမဆောင်ထဲသို့ ဝင်လာသူ ဗိုလ်ချုပ်အောင်ဆန်း၏ မျက်နှာထားကို အကဲခတ်ကြည့်လိုက်ရုံနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးရာ၌ ကျေနပ်လောက်သော သဘောတူညီချက်များ ရရှိခဲ့ပြီဟု ကြိုတင်ခန့်မှန်း၍ ရကြောင်း 'ရိုက်တာ' ကြေးနန်းသတင်းဌာနမှ လူငယ် သတင်းထောက်တစ်ဦးက ကျွန်တော့်အား ပြောပြပါသည်။

ဗိုလ်ချုပ်သည် သတင်းစာရှင်းလင်းပွဲ စတင်ဖွင့်လှစ်သည်နှင့် စကားကို ရှည်ရှည်ဝေးဝေး သွယ်ဝိုက်ပြောမနေတော့ဘဲ သူ၏ ရှင်းလင်းတင်ပြချက်ကို တိုက်ရိုက်ပင် ပြောလိုက်ပါသည်။

ရှည်ရှည်ဝေးဝေး မပြောဟု ဆိုရလင့်ကစား မြန်မာကိုယ်စားလှယ်အဖွဲ့အား ဗြိတိသျှအစိုးရက လန်ဒန်မြို့သို့ လာရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့ခြင်းမှအစ နန်းရင်းဝန်ကြီး မစ္စတာအက်တလီ ခေါင်းဆောင်သော ဗြိတိသျှ အစိုးရနှင့် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း နေအိမ်တွင် ဆွေးနွေးခဲ့ရပုံများကို ဗိုလ်ချုပ်က အတော်ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယ၊ ပါကစ္စတန် စသော အခြားဗြိတိသျှ အင်ပါယာဝင် နိုင်ငံများကဲ့သို့ ဓနသဟာယနိုင်ငံ အဖွဲ့အစည်းအတွင်း မနေဘဲ လုံးဝလွတ်လပ်သော အချုပ်အချာ အာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်သွားလိုကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက အကျယ်တဝင့် ရှင်းလင်းတင်ပြသွားပါသည်။ သူ့တင်ပြချက်များ၏ အဓိကအချက်ကား ယခု လန်ဒန်သို့ လာရောက်ဆွေးနွေးရာတွင် 'လုံးဝ လွတ်လပ်ရေးရအောင်သာ အရေးဆိုခဲ့ပါ' ဟု မြန်မာပြည်သူ တစ်ရပ်လုံးက တစ်ခဲနက် ဆန္ဒပေးလိုက်သဖြင့် သူ့အနေဖြင့် ပြည်သူအများစု၏ ဆန္ဒအရ ဆွေးနွေးအရေးဆိုခဲ့ပါသည်ဟူသော အချက်ပင် ဖြစ်ပါသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော 'အောင်ဆန်း-အက်တလီစာချုပ်'ပါ အချက်အလက်များကိုလည်း ဗိုလ်ချုပ်က ရှင်းလင်းတင်ပြကာ သတင်းစာဆရာအချို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီးနောက် သတင်းစာ ကွန်ဖရင့်ကို ရုတ်သိမ်းလိုက်ပါသည်။

*

၁၉၄၇ ခုနှစ်က လန်ဒန်မြို့တွင် ရှိနေခဲ့သော တရုတ်သံရုံးမှာ (ထိုစဉ်က 'တရုတ်ပြည်သူ့ သမ္မတနိုင်ငံ'ဟူ၍ မဖြစ်သေးသဖြင့်) ချန်ကေရှိတ်အစိုးရ၏ (Republic of China) 'တရုတ်သမ္မတနိုင်ငံ' သို့မဟုတ် တရုတ်ဖြူအစိုးရ၏ သံရုံးဖြစ်ပါသည်။

(ထိုစဉ်က ရန်ကုန်မြို့တွင်လည်း အလားတူ တရုတ်ဖြူသံရုံး ရှိခဲ့ပါသည်။)

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နေ့လယ်စာစားရန် လန်ဒန်မြို့ရှိ တရုတ်သံအမတ်ကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား ဖိတ်ကြားသဖြင့် ဗိုလ်ချုပ်အပါအဝင် မြန်မာခေါင်းဆောင်များသည် တရုတ်သံရုံး နေ့လယ်စား စားပွဲသို့ သွားရောက်ကြပါသည်။

သံရုံးညှိခံပွဲ ဖြစ်၍ပဲလား မပြောတတ်၊ ထိုနေ့က တည်ခင်းကျွေးမွေးသော အစားအသောက်များမှာ အထူးအရသာရှိသော တရုတ်အစားအစာများဖြစ်ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအနေဖြင့် လန်ဒန်မြို့တွင် တစ်လလုံးလုံး အင်္ဂလိပ် အစားအစာတွေချည်း စားခဲ့ရ၍ ငြီးငွေ့နေသဖြင့် တရုတ်အစားအစာများကို မြိန်ရေယှက်ရေ စားသောက်ကြပါသည်။



ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း အားရပါးရ စားသောက်ရုံမက နေ့လယ်စာ စားပွဲမှအပြန် ကားပေါ်တွင်...

'ဘာပဲပြောပြော ဗမာပြည်က ထွက်လာတဲ့ အချိန်ကစပြီး ထမင်းစားရတာ ဒီတစ်ခါ အမြိန်ဆုံးပဲကွ'ဟု မှတ်ချက်ချခဲ့ပါသည်။

တရုတ်သံအမတ်ကြီး၏ နေ့လယ်စာစားပွဲတွင် အနည်းငယ် အရုပ်ဆိုးသည်ဟု ဆိုနိုင်သည့် အဖြစ်တစ်ခု ကြုံခဲ့ရပါသည်။

'အောင်ဆန်း-အက်တလီစာချုပ်' လက်မှတ်ရေးထိုးရာတွင် 'သဘောမတူကြောင်း' (Note of Dissent) မှတ်ချက်ဖြင့် လက်မှတ်ရေးထိုးခဲ့သူ နှစ်ဦးမှာ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သခင်ဗစိန်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီတို့ နှစ်ဦးနှစ်ဖက် နားလည်မှုရပြီး သဘောတူစာချုပ် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်ကို အတော်ပင် မကျေမချမ်းဖြစ်နေရာ ထိုနေ့က တရုတ်သံအမတ်ကြီး၏ နေ့လယ်စာ စားပွဲ၌ အရက်တွေမူးအောင် သောက်ရင်းက ထ၍ ရင်ဖွင့်ပါလေတော့သည်။

သခင်ဗစိန်က မြန်မာ့လွတ်လပ်ရေးကို သူသာလျှင် အလိုချင်ဆုံးဖြစ်သယောင် ကိုယ်ရည်သွေးကာပြောရင်း မြန်မာပြည် နိုင်ငံရေးတွင် အရာမရောက်သူတစ်စု ဝင်ရှုပ်နေသည်ကို နာကျည်းကြောင်း စသည်ဖြင့် သွယ်ဝိုက်ပုတ်ခတ်ပြောသွားပါသည်။

သို့သော် သူသည် အရက်မူးပြီး ပြောနေခြင်းဖြစ်ကြောင်းကို အားလုံးကသိနေရာ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် မည်သို့မျှ စိတ်ထိခိုက်ပုံ မရဘဲ ခပ်အေးအေးနေသလို အိမ်ရှင်တရုတ် သံအမတ်ကြီးတို့ အဖွဲ့ကလည်း ရယ်မောကာ နေလိုက်သဖြင့် အခြေအနေမှာ အေးဆေးစွာပင် ဖြစ်သွားခဲ့ပါသည်။

*

နောက်တစ်နေ့ (ဇန်နဝါရီလ ၃၁ ရက်)တွင် မြန်မာနိုင်ငံသို့ ပြန်ကြရန် စီစဉ်ပြီးသား ဖြစ်နေလင့်ကစား ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် သူ တွေ့ဆုံစကားပြောလိုသော ပုဂ္ဂိုလ်တစ်ဦး ကျန်နေသေးသောကြောင့် ဇန်နဝါရီလ ၃၁ ရက်နေ့မှာပင် တွေ့ဆုံနိုင်ရန် အစီအစဉ် ပြုလုပ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့ဆုံလိုသော ပုဂ္ဂိုလ်ကား 'အာ–အေ–အက်ဖ်'ခေါ် ဘုရင့်လေတပ်မတော် လေတပ်ဗိုလ်ချုပ်ကြီး 'လော့ဒ်တက်ဒါ'ပင် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်နှင့် နေ့လယ်စာစားပြီးချိန် တွေ့ဆုံဆွေးနွေးရန် စီစဉ်ကြရာ အဆင်ပြေသဖြင့် တရုတ်သံအမတ်ကြီး၏ ညစာခံပွဲအပြီး မွန်းလွဲသုံးနာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် လေတပ်ဗိုလ်ချုပ်ကြီး 'လော့ဒ်တက်ဒါ'အားငင်း၏ရုံးခန်းတွင် သွားရောက်တွေ့ဆုံပါသည်။

'လော့ဒ်တက်ဒါ'၏ ရာထူးအဆင့်မှာ ကက်ဘိနက်အဖွဲ့တွင် ဝန်ကြီးအဆင့်ရှိပြီး အင်္ဂလိပ်ဘာသာအားဖြင့် (Marshal of the R.A.F.) 'ဘုရင့်လေတပ်မတော်၏ သေနာပတိ'ဟု ခေါ်ပါသည်။

'လော့ဒ်တက်ဒါ'သည် ဗိုလ်ချုပ်အောင်ဆန်း ရောက်သွားသွားချင်း လိုက်လှဲစွာ ခရီးဦးကြို နှုတ်ဆက်ပြီးနောက် နေရာထိုင်ခင်းပေးကာ ရင်းရင်းနှီးနှီးပင် စကားပြောပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဇန်နဝါရီလ ၂၁ ရက်နေ့က 'ပက်ဆင်ဟန်' အရပ်ရှိ အင်ပိုင်ယာ လေကြောင်းအတတ်သင်ကျောင်းသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ရာတွင် အလွန်စိတ်ဝင်စားခဲ့ကြောင်း၊ နောက်ဆုံးပေါ် တိုက်လေယာဉ်များ၏ စွမ်းပကားကိုလည်း မြင်ခဲ့ရ၍ ချီးကျူးမိကြောင်း အစရှိကာ မိမိတို့မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးလျှင် ခေတ်မီလေတပ်ကြီးရှိလာအောင် ကြိုးစားထူထောင်ရန် ရည်ရွယ်ပါကြောင်း စသည်ဖြင့် ပြောပါသည်။ ထို့ပြင် လော့ဒ်တက်ဒါက မေးသဖြင့် ဗိုလ်ချုပ်က သူကိုယ်တိုင် ဒုတိယ ကမ္ဘာစစ်ပွဲကိုလေ့လာခဲ့ရာ၌ စစ်၏ အနိုင်အရှုံးကို လေတပ်အင်အားက အဆုံးအဖြတ် ပေးသွားသည်ဟု မိမိအနေဖြင့် ကောက်ချက်ချမိကြောင်း ပြန်ပြောလိုက်ပါသည်။

ထို့နောက် ဗိုလ်ချုပ်နှစ်ဦးသည် လေတပ်ဖွဲ့စည်းပုံအကြောင်း၊ လေတပ်တွင် ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ် အမျိုးအစား မည်မျှ သတ်မှတ်ခြင်းသည် အကောင်းဆုံးဟု ယူဆကြောင်း အပြန်အလှန် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းလည်း ညနေ လေးနာရီခွဲတွင် ဒေါ်ချက်စတာ ဟိုတယ်သို့ ပြန်လာခဲ့ပါသည်။

*

သံတမန်ဆက်ဆံရေး၏ အစဉ်အလာ ထုံးစံတစ်ခုမှာ လာရောက်သော ဧည့်သည်အား အိမ်ရှင်က ဧည့်ခံသလို ဧည့်သည်ကလည်း အိမ်ရှင်အား ကျေးဇူး



တုံ့ပြန်သည့်အနေဖြင့် ပြန်ခါနီး ဂုဏ်ပြုညစာခံပွဲ တည်ခင်းကျွေးမွေးခြင်းပင် ဖြစ်ပါသည်။

ယင်းအစဉ်အလာအရ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဗြိတိသျှအစိုးရအဖွဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တို့အား ပြန်လည် ဂုဏ်ပြုညစာခံပွဲတစ်ရပ်ကို ဇန်နဝါရီလ ၃၀ ရက်နေ့ ညနေ ၆ နာရီခွဲအချိန်တွင် ဒေါ်ချက်စတာ ဟိုတယ်၌ပင် တည်ခင်းကျွေးခဲ့ပါသည်။

ဖိတ်ကြားသော ဧည့်သည်များတွင် ဗြိတိသျှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ အရာရှိကြီးများ၊ နိုင်ငံခြားသံတမန်များ၊ သတင်းစာဆရာများ၊ နိုင်ငံခြား ကြေးနန်းသတင်းကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့တွင် ရှိစဉ်က အဘက်ဘက်မှ ကူညီခဲ့သူ မိတ်ဆွေများ ပါဝင်လေရာ ထိုညစာခံပွဲမှာ အထူးပင် စည်ကားသိုက်မြိုက်လှပါသည်။

ယင်းညစာခံပွဲသို့ တက်ရောက်လာသူများအနက် ထူးခြားသော ဧည့်သည်တော်တစ်ဦးကား လန်ဒန်မြို့ရှိ 'ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ'မှ ကိုယ်စားလှယ်ပင် ဖြစ်ပါသည်။

ထူးခြားသည်ဟု ဆိုရခြင်းမှာ ထိုအချိန်က ဗီယက်နမ်သည် တရားဝင် ကမ္ဘာက အသိအမှတ်ပြုထားသည့် လွတ်လပ်သောနိုင်ငံ မဟုတ်သေး။ ပြင်သစ်လက်အောက်ခံ ကိုလိုနီအဖြစ်သာ ရှိနေဆဲဖြစ်၍ ယင်းနိုင်ငံ၏ ကိုယ်စားလှယ်အား လန်ဒန်မြို့တွင် သံတမန် အဖွဲ့ဝင်အဖြစ် တရားဝင် ဆက်ဆံခွင့် မရှိသေးသော်လည်း ဗိုလ်ချုပ်အောင်ဆန်းက...

'ဟေ့... ဘယ်သူဘာပြောပြော ငါတို့ကတော့ ဟိုချီမင်းရဲ့ ဒီမိုကရက်တစ် ဗီယက်နမ် သမ္မတနိုင်ငံကို အသိအမှတ်ပြုတယ်ကွာ၊ ဗီယက်နမ်ကိုယ်စားလှယ်ကို ထည့်သာဖိတ်လိုက်'ဟု ခပ်ပြတ်ပြတ်ပြောသဖြင့် ထိုနေ့ည ညစာခံပွဲကို ဗီယက်နမ် ကိုယ်စားလှယ်တော် တက်ရောက်လာခြင်းပင် ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အပေါ် လန်ဒန်မြို့၏ အရေးပါသော ပုဂ္ဂိုလ်များ မည်မျှ စိတ်ဝင်စားနေကြကြောင်းကို အဆိုပါ ညစာခံပွဲသို့ ဖိတ်ကြားခံရသူအားလုံးလိုလို မပျက်မကွက် တက်ရောက်လာခြင်းဖြင့် သိသာထင်ရှားနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပွဲက စားပွဲကုလားထိုင်များနှင့် ထိုင်စားရသော ညစာစားပွဲမျိုး မဟုတ်ဘဲ 'ကောက်တေးလ်'ခေါ် အဖျော်ယမကာ ဖန်ခွက်ကိုယ်စီကိုင်ပြီး မတ်တတ်ရပ်ကာ လူတကာနှင့် အလှည့်ကျ စကားစမြည် ပြောရသော ပွဲမျိုး ဖြစ်ရာ 'ဒေါချက်စတာ' ဟိုတယ် ခန်းမကြီးတစ်ခုလုံး ပြည့်ကျပ်နေအောင် ညှော်ပရိသတ် စည်ကားလှပါသည်။

'အခုလာတဲ့ ညှော်သည်တွေထဲမှာ ခင်ဗျားတို့ခေါင်းဆောင် ဂျင်နရယ်လ်အောင်ဆန်းကို စိတ်ဝင်စားပြီး တွေ့ဖူးမြင်ဖူးချင်လို့ လာတဲ့လူတွေက အတော်များများပါတယ်'

ကျွန်တော်နှင့် ခင်မင်ရင်းနှီးခဲ့သူ ဗြိတိသျှ နိုင်ငံခြားရေးရုံးမှ သံတမန်ဆက်သွယ်ရေး အရာရှိတစ်ဦးက ဤသို့ ပြောခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း လာသမျှ ညှော်သည်အားလုံး နီးပါး လူစေ့အောင် ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောပါသည်။

ဒေါချက်စတာ ဟိုတယ်ခန်းမဆောင်တွင် လန်ဒန်မြို့၏ အထက်တန်းလွှာတို့က အလားတူညှော်ခံပွဲ (ကောက်တေးလ်ပါတီ)များ ကျင်းပလေ့ရှိသော်လည်း ထိုနေ့က မြန်မာကိုယ်စားလှယ်အဖွဲ့၏ မိတ်ဆက်ညှော်ခံပွဲမှာ အခြားအခြားသော ညှော်ခံပွဲများနှင့် မတူအောင် ထူးခြားချက်တစ်ခု ရှိနေခြင်းပင် ဖြစ်ပါသည်။

ပို၍ ပြည့်စုံသွားပုံကတော့ 'ဘီဘီစီ' ဗြိတိသျှ အသံလွှင့်ဌာန ဝန်ထမ်းတစ်ဦးဖြစ်သူ ဆရာဦးတင်မောင်က 'စိန်ခြူးကြာညောင်' ဘောလယ်သီချင်း ဖြစ်ပေါ်လာပုံ သမိုင်းနှင့်တကွ သီချင်းစာသား၏ အဓိပ္ပာယ်ကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောပြသဖြင့် ပရိသတ်က အထူးစိတ်ဝင်စားကာ သဘောကျသွားခြင်းပင် ဖြစ်ပါသတည်း။

ညှော်ခံပွဲသို့ ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံးလိုလို တက်ရောက်လာကြသည့်ပြင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုများကို စိတ်ဝင်စားကြကုန်သော သတင်းစာဆရာများ၊ နိုင်ငံရေးသမားများ၊ လန်ဒန်ရောက် အိန္ဒိယအမျိုးသား နိုင်ငံရေးသမားများပါ စုံညီစွာ တက်ရောက်လာကြသည်ကို ဗိုလ်ချုပ်အောင်ဆန်းသည် အလွန်ဝမ်းမြောက် အားတက်မိလျက် ညှော်သည်များအား ပြုံးရွှင်ဖော်ရွေစွာ တစ်ဦးချင်းစီ လက်ဆွဲနှုတ်ဆက်ပါသည်။



'မစ္စတာအောင်ဆန်း ဗမာပြည် လွတ်လပ်ရေးရပြီးတော့လည်း လန်ဒန်မြို့ကို တစ်ခေါက်လာပါဦး'

ဗြိတိသျှ ရွှေတုက်စိုးကြီး 'ဆာစတက်ဖို့ခရစ်'က ရယ်ကာမောကာဖြင့် ဖိတ်ခေါ်သည်ကို ဗိုလ်ချုပ်ကလည်း ပြုံး၍...

'စိတ်ချပါ၊ လာခဲ့ပါမယ်၊ ဒီတစ်ခေါက်တည်းနဲ့ လန်ဒန်မြို့ကို ကျွန်တော်နှံ့အောင် မလည်ရသေးဘူး'ဟု ပြန်ပြောခဲ့ပါသည်။

ဤသို့ ပြန်ပြောခဲ့ပါသော်လည်း နောက်ခြောက်လမျှအကြာ ၁၉၄၇ ခု၊ ဇူလိုင်လတွင် လူမသမာတို့ လက်ချက်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်း ခံရမည်ဟူသော သူ၏ ကံကြမ္မာကိုမူ ဗိုလ်ချုပ်ခမျာ ထိုအချိန်က လုံးဝ မသိရှာပါချေ။

□

www.burmeseclassic.com

www.burmeseclassic.com



## [ ၁၃ ]

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အင်္ဂလန်ပြည်၏ ရာသီဥတုမှာ အထူးပင်အေးလျက် ရှိရုံမက 'စနိုး'ခေါ် မိုးပွင့်များ လန်ဒန်မြို့ တစ်မြို့လုံးကို လွှမ်းခြုံဖုံးအုပ်ထားသဖြင့် ပတ်ဝန်းကျင် ရှုခင်းအားလုံး ဖြူဖွေး၍နေသည်မှာ မျက်စိတစ်ဆုံးပင် ဖြစ်၍ နေပါတော့သည်။

ရာသီဥတု အခြေအနေက မည်မျှအေးနေစေကာမူ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုနေ့ (ဇန်နဝါရီလ ၃၁ ရက်)တွင် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် စီစဉ်သတ်မှတ်ထားပြီးဖြစ်၍ အဖွဲ့သားအားလုံး နံနက်စောစော အိပ်ရာမှထကာ အပြန်ခရီးအတွက် ပြင်ဆင်ကြရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အဝတ်အစားများနှင့် သူ လန်ဒန်၌ ဝယ်ယူခဲ့သော စာအုပ်များကို ညပိုင်းကပင် ကျွန်တော်က ကြိုတင်သိမ်းဆည်း ထုပ်ပိုးထားပြီးဖြစ်၍ နံနက်ကျတော့ ဗိုလ်ချုပ်တို့အဖို့ အထူးပြင်ဆင်စရာ မရှိတော့ဘဲ အဝတ်အစား လဲဝတ်ရန်လောက်သာ ရှိပါတော့သည်။

ထုံးစံအတိုင်း ကျွန်တော်က သူ၏ 'နက်ခတိုင်'လည်စည်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ချည်ပေးနေစဉ် ဗိုလ်ချုပ်က...

'မင်းတို့ လူယဉ်ကျေးတွေရဲ့ ပကာသန အဆောင်အယောင်တွေကို လိုက်နာနေရတဲ့ဝဋ်က ဘယ်တော့များမှ ကျွတ်မလဲ မသိပါဘူးကွာ'ဟု ညည်းညူသလို ပြောပါသေးသည်။

ကျွန်တော်က ဘာမှမပြောဘဲ လုပ်စရာ ရှိတာကိုသာ ဆက်လုပ်၍ သူ၏သက္ကလပ် ကုတ်အင်္ကျီ ဝတ်ပေးသည်ကို ဗိုလ်ချုပ်သည် ကျေနပ်ပုံမရချေ။



'ဟောကောင် ဒီနေ့က တို့ ဗမာပြည် ပြန်မယ့်ဥစ္စာပဲ၊ 'နက်ခတိုင်' တွေ ဘာတွေ စည်းမသွားရင် မဖြစ်ဘူးလားကွ'

'မဖြစ်ဘူး ဗိုလ်ချုပ်၊ ပြည်တော်ပြန်ခရီး ဆိုပေမယ့် လေဆိပ်ကျတော့ ဗြိတိသျှဝန်ကြီးအဖွဲ့က လိုက်ပို့နှုတ်ဆက်ဦးမယ် မဟုတ်လား၊ လေယာဉ်ပျံမထွက်မချင်း ကျွန်တော်တို့ဟာ သူတို့ရဲ့ဧည့်သည်တွေအဖြစ် နေရမှာမို့ အဝတ်အစားတော့ ဟန်ကျပန်ကျ ဝတ်ထားဖို့ လိုတယ်၊ လေယာဉ်ပေါ်ကျတော့မှ ဗိုလ်ချုပ် ဒါတွေချွတ်ပစ်ချင် ချွတ်ပစ်ပေတော့၊ အခု လောလောဆယ်တော့ ထုံးစံအတိုင်း ဝတ်စုံပြည့်နဲ့ စမတ်ကျကျ ဝတ်ထားမှဖြစ်မယ်'

ကျွန်တော်က အကျိုးအကြောင်း ပြန်ပြောလိုက်သောအခါ ဗိုလ်ချုပ်သည် ဘာမှပြန်မပြောသာတော့ဘဲ ငြိမ်သွားပါသည်။ သို့သော် သူ၏မျက်နှာထားကတော့ ဘဝင်မကျသလို သုန်မှုန်နေပါသည်။

ဗြိတိသျှအစိုးရ၏ စီစဉ်ချက်အရ ဟိုတယ်မှ နံနက် ၈ နာရီတိတိ ထွက်ခွာကြရမည်ဟု ဆိုထားသဖြင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် 'ဘရိတ်ဖတ်စ်'ခေါ် အင်္ဂလိပ်ထုံးစံ နံနက်စာကို ဒေါ်ချက်စတာ ဟိုတယ်၌ပင် ၈ နာရီ မထိုးမီ ပြီးစီးအောင် စားကြရပါသည်။

ဗိုလ်ချုပ်တို့ လန်ဒန်သို့ ရောက်ရှိစဉ်က မြို့၏မြောက်ဘက် ၁၂ မိုင်ကွာ 'နော့သ်ဟို့' လေဆိပ်တွင် ဗြိတိသျှလေတပ်လေယာဉ်ဖြင့် ဆင်းခဲ့ကြသော်လည်း ယခု အပြန်ခရီးတွင်မူ လန်ဒန်မှ မိုင် ၅၀ ခန့် ကွာဝေးသည့် 'ဘက်ဆင်ဘုန်း' လေဆိပ်မှ လေယာဉ်စီးကြရန် သက်ဆိုင်ရာက စီစဉ်ထားသောကြောင့် ဟိုတယ်မှ စောစောကြိုထွက်ရခြင်းဖြစ်ကြောင်း ဗြိတိသျှ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဆက်သွယ်ရေး အရာရှိက ပြောပြ၍ သိရပါသည်။

ရှစ်နာရီ မထိုးမီပင် မြန်မာခေါင်းဆောင်အားလုံး နံနက်စာ စားသောက်ပြီးစီးသဖြင့် ဒေါ်ချက်စတာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် လေဆိပ်သို့ ထွက်ခွာသွားကြပါသည်။

ထိုနေ့က ရာသီဥတုမှာ ခါတိုင်းထက် ပိုအေးနေကြောင်းကို လျှပ်စစ်အနွေးဓာတ်ပေးထားသော ဟိုတယ်တွင်းမှ မော်တော်ယာဉ်များ အပေါ်သို့ တက်ချိန်တွင် အလွန်သိသာလှသည်။ မကြာမီ လန်ဒန်မြို့မှ မြောက်ရူးရူးသို့ ဦးတည်သွားသော မော်တော်ကားလမ်းမပေါ် ရောက်သွားကြရာ မြို့၏ ဆင်ခြေဖုံး ရှုခင်းများမှာ ဆွတ်ဆွတ်ဖြူသည့် စနိုး(မိုးပွင့်)တွေကြောင့် မျက်စိပသာဒတွင် တစ်မျိုးလှပ ကြည့်ကောင်းနေသည်ဟု ထင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်သို့ ဗြိတိသျှအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးရုံးမှ ဌာနကြီးမှူးများအပြင် လန်ဒန်မြို့ရှိ မြန်မာအမျိုးသားများနှင့် အိန္ဒိယလူမျိုးများကပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လေယာဉ်ပေါ်သို့ မတက်မီ လိုက်ပို့သူအားလုံးကို တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်မှ မြန်မာနိုင်ငံသို့ ပြန်ပို့ရန်အတွက် ဗြိတိသျှအစိုးရက စီစဉ်ပေးသော လေယာဉ်မှာ 'ဗိုင်းကောင့်' အမျိုးအစား ဗြိတိသျှ ဘုရင့်လေတပ်မတော်မှ လေယာဉ် ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်တော်များ အားလုံး လေယာဉ်ပေါ် တက်ကြပြီးသောအခါ အချိန်မှာ နံနက် ၁၀ နာရီခွဲနေပြီဖြစ်၍ 'ဗိုင်းလော့' လေယာဉ်မှူးက စတင်ထွက်ခွာရန် အချိန်ကျပြီဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းထံ လာသတင်းပို့ပါသည်။

ဗိုလ်ချုပ်ကလည်း ထွက်ခွာရန် သဘောတူကြောင်း ပြန်ပြောလိုက်ပြီးနောက် တစ်မိနစ်အတွင်း လေယာဉ်ကြီးသည် စတင်ထွက်ခွာပါတော့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အားလုံး အနွေးထည်များ ထူထပ်စွာဝတ်ထားသော်လည်း အချမ်းမလုံသဖြင့် လေယာဉ်မောင်းအဖွဲ့ (ဗြိတိသျှ လေတပ်သားများ)က သက္ကလပ်စောင်ကြီးတွေ တစ်ထည်စီ လာပေးရာ လူတိုင်းပင် စောင်များ ခြုံထားရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သက္ကလပ်ဝတ်စုံ ယူနီဖောင်းပေါ်မှ 'ဂရိတ်ကုတ်'ခေါ် ဧယ်တပ်သုံး သက္ကလပ် ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားသော်လည်း သက္ကလပ်စောင်ပါ ထပ်ခြုံပြီးမှ နေသာထိုင်သာ ရှိသွားဟန်ဖြင့် လေယာဉ်ထိုင်ခုံတွင် ခြေပစ်လက်ပစ်ထိုင်ကာ အသာမှိန်း၍ လိုက်ပါလာပါသည်။ လေယာဉ်ပေါ်မှနေ၍ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ မိုးပွင့် ဖြူဖြူဖွေးဖွေးတွေ လွှမ်းနေသည့် အင်္ဂလန်ပြည်၏ ကျေးလက်ရှုခင်းမှာ အလွန်လှပနေကြောင်း တွေ့ရပါသည်။

အရှေ့တောင်ဘက်ဆီသို့ ပျံသန်းနေကြောင်း တွေ့ရပါသည်။ အင်္ဂလိပ်ရေလက်ကြား ပင်လယ်ပြင်ကို ဖြတ်ကျော်ပြီးနောက် ပြင်သစ်နိုင်ငံပေါ်သို့ ရောက်သွားပါသည်။ ပြင်သစ်ပြည်တွင်လည်း မိုးပွင့်တွေ ထူထဲစွာ ကျရောက်နေသည်ကို တွေ့ရပါသည်။



တစ်နေ့ရာသို့အရောက်တွင် အောက်သို့ ငုံ့ကြည့်သောအခါ အိမ်ခြေတိုက်တာများစွာဖြင့် မြို့ကြီးတစ်မြို့ကို မြင်ရသဖြင့် လေယာဉ်မှူး အမှုထမ်းတစ်ဦးအား မေးကြည့်ရာ ပြင်သစ်ပြည်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော 'မာဆေးလ်'မြို့ဖြစ်ကြောင်း ပြောပြပါသည်။

'မာဆေးလ်'မြို့ ကျော်လွန်သောအခါ ရာသီဥတု အခြေအနေသည် အတော်ဆိုးလာသဖြင့် လေယာဉ်မှူးက ပေတစ်သောင်းငါးထောင်ကျော် မြင့်သည်အထိ လေယာဉ်ကို ပျံတက်ပြီး မောင်းရပါသည်။

ထိုအချိန်၌ လေယာဉ်ကြီးသည် မြေထဲပင်လယ်ပေါ်သို့ ရောက်ရှိလျက်ဆက်လက် ပျံသန်းနေပါသည်။

ပင်လယ်ရေပြင်မှ ပေတစ်သောင်းငါးထောင်ကျော်မြင့်သော ကောင်းကင်တွင် 'အောက်ဆီဂျင်' နည်းပါးလာပြီဖြစ်ရာ လေယာဉ်မောင်းအဖွဲ့က မြန်မာကိုယ်စားလှယ်များအား 'အောက်ဆီဂျင်' ဓာတ်ငွေ့ပိုက်တပ်ထားသော မျက်နှာဖုံးတစ်ခုစီ လာပေးပါသည်။ ယင်းမျက်နှာဖုံးများ စွပ်ထားလိုက်မှ အသက်ရှူ၍ရပါသည်။

တဖြည်းဖြည်းနှင့် ညနေစောင်းလာပြီး ည ၇ နာရီခွဲ အချိန်ခန့်တွင် မြေထဲပင်လယ်တွင်းရှိ 'မော်လ်တာ'ကျွန်းသို့ ဆိုက်ရောက်သွားပါသည်။

ထိုနေ့ (ဇန်နဝါရီလ ၃၁ ရက်)ည 'မော်လ်တာ'ကျွန်းမှာပင် အားလုံး တစ်ညရပ်နားပြီး အိပ်ကြရပါသည်။

'မော်လ်တာ'၏ ရာသီဥတုမှာ အင်္ဂလန်နိုင်ငံထက်စာလျှင် အတော်ကလေး နေသာထိုင်သာရှိသဖြင့် မြန်မာခေါင်းဆောင်ကြီးများသည် ထိုညအဖို့ နှစ်ခြိုက်စွာ အိပ်နိုင်ခဲ့ကြပါသည်။

*

နောက်တစ်နေ့နံနက် ၈ နာရီ အချိန်တွင် ဗိုလ်ချုပ်တို့၏ လေယာဉ်သည် မော်လ်တာကျွန်းမှ ထွက်ခွာ ခရီးဆက်ပြန်ပါသည်။ လေယာဉ်ထွက်လျှင်ထွက်ချင်း လေယာဉ်မှူးက ယခု အပြန်ခရီးတွင် မြန်မာနိုင်ငံမှ လာခဲ့စဉ်ကနှင့် မတူသည့် ခရီးစဉ်ဖြစ်အောင် အီဂျစ်နိုင်ငံ 'ကိုင်ရို'မြို့သို့ ခေတ္တဝင်နားမည်ဖြစ်ကြောင်း ပြောပြသည်။

မြေထဲပင်လယ်ကို ဖြတ်ကျော်ပျံသန်းပြီးနောက် မွန်းလွဲ ၁ နာရီအချိန်တွင် ကိုင်ရိုမြို့၏ အပြင်ဘက် 'အဲလ်မာဇာ'လေဆိပ်သို့ ဆိုက်ရောက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးသော အရပ်သို့ ရောက်ရှိခြင်းကို ဝမ်းမြောက်ဖွယ်ကောင်းသော်လည်း 'ကိုင်ရို'မြို့သို့ လေယာဉ်ဆိုက်ဆိုက်ချင်း ဗိုလ်ချုပ်တို့အဖွဲ့အနေဖြင့် စိတ်အနှောင့်အယှက် ဖြစ်စရာနှင့် ကြုံခဲ့ရပါသေးသည်။ ယင်းကား 'အာလ်မာဇာ' လေဆိပ်ရှိ အီဂျစ်အကောက်ခွန်ဌာနက ဝင်လာသမျှ ခရီးသည်များအား အဝတ်အစား သေတ္တာရများကို တရကြမ်း မွှေနှောက် ရှာဖွေကြခြင်းပင် ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား 'ကိုင်ရို'မြို့တွင် ခေတ္တဝင်နားပြီး လေ့လာကြည့်ရှုရန် ဗြိတိသျှ အစိုးရက စီစဉ်ထားပြီးဖြစ်၍ ပစ္စည်းများကို လေယာဉ်ပေါ်မှ သယ်ချရန်ရှိသော်လည်း လေယာဉ်မှူး၏ အကြံပေးချက်အရ မြန်မာခေါင်းဆောင်များ၏ အဝတ်အစားနှင့် အသုံးအဆောင် သေတ္တာများကို လေယာဉ်ပေါ်တွင်ပင်ထားလျက် လိုအပ်မည့်ပစ္စည်း အနည်းငယ်စီသာ ယူဆင်းခဲ့မိသောကြောင့်သာ တော်သေးသည်ဟု ဆိုရပါသည်။

သို့ဖြစ်လင့်ကစား 'အာလ်မာဇာ' လေဆိပ်မှ အကောက်ခွန် အရာရှိများက မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အားလုံးကို တန်းစီခိုင်းပြီး ပါလာသမျှ လက်ဆွဲအိတ်၊ လွယ်အိတ်ကအစ အကုန်ဖွင့်၍ မွှေနှောက်ရှာဖွေကြပါလေတော့သည်။

အကယ်၍သာ လေယာဉ်ပေါ်မှ သေတ္တာအားလုံး ယူသွားမိပါက ပါသမျှ ပစ္စည်းအသုံးအဆောင် အဝတ်အစားနှင့် ဖိနပ်ကအစ အသစ်ဆိုလျှင် အကောက်ခွန်စည်းကြပ် တောင်းခံမည်ဟု သိရပါသည်။

အမှန်က ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့သည် သာမန်ဗြိတိသျှ နိုင်ငံကူး လက်မှတ် (ပတ်စပို့)များသာ ကိုင်ဆောင်ခဲ့ရပြီး 'သံတမန်ပတ်စပို့' များ မဟုတ်သောကြောင့် ယင်းကဲ့သို့ လေဆိပ်၌ ရှာဖွေခြင်းခံရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး မရသေးသဖြင့် မြန်မာခေါင်းဆောင်ကြီးများ 'သံတမန် အခွင့်အရေး' မရရှိခဲ့သည့် သဘောပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်တို့ အဖွဲ့ဝင်များ ယူဆောင်သွားသည့် ပစ္စည်းအနည်းငယ်မှာ အကောက်ခွန်ပေးရမည့် ပစ္စည်းမပါရှိသဖြင့် အဆင်ပြေသွားခဲ့ပါသည်။

ကိုင်ရိုမြို့တွင်းသို့ ရောက်သောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ဗြိတိသျှလေတပ်အရာရှိများ တည်းခိုရန် သီးသန့်ထားသော 'ဟီလီယိုပိုလစ္စ' ဟိုတယ်၌ တည်းခိုရပါသည်။ လန်ဒန်မြို့ ဒေါ်ချက်စတာ ဟိုတယ်လောက်



ကြီးကျယ်ခမ်းနားခြင်း မရှိသော်လည်း အိပ်ခန်းများက အတော်ပင် သပ်ရပ်သားနားပြီး တည်းခိုနေထိုင်ရသည်မှာ စိတ်ချမ်းသာဖွယ် ကောင်းပါသည်။

ဟိုတယ်၌ နေသားတကျ ရှိသွားပြီးသောအခါ အီဂျစ်ပြည်ရှိ ဗြိတိသျှ လေတပ်၏ စီစဉ်ချက်ဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား 'ကိုင်ရို'မြို့တွင်း လှည့်ပတ်လေ့လာ ကြည့်ရှုစေပါသည်။

အရှေ့အလယ်ပိုင်းဒေသတွင် နာမည်ကြီး မြို့တစ်မြို့ဖြစ်သော အီဂျစ်ပြည်၏မြို့တော် 'ကိုင်ရို'မြို့ကား စစ်မက်ဖြစ်ပွားခြင်း ဒဏ်ကို မခံရသဖြင့် ရန်ကုန်မြို့လို အဆောက်အအုံပျက်များ လုံးဝမရှိဘဲ ခေတ်မီတိုက်တာကြီးများဖြင့် အထူးပင် သာယာတင့်တယ် လှပနေပါသည်။

အထူးသဖြင့် ဆည်းဆာချိန်တွင် နီယွန်းလျှပ်စစ်မီးများ ထိန်ထိန်ညီးနေသည့်ရှုခင်းက အလွန်လှပ ကြည့်ကောင်းပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြို့တွင်း လှည့်ပတ်ကြည့်ရင်း ဈေးဆိုင်အချို့သို့ ဝင်ကြည့်ကြရာ ဆိုင်အမှုထမ်းက နိုင်ငံခြားသားများဟု သိသဖြင့် သူတို့ တတ်ကျွမ်းသော 'ပြင်သစ်'ဘာသာဖြင့် ဆီးကြိုနှုတ်ဆက်ကြပါသည်။

မြန်မာအဖွဲ့တွင် ပြင်သစ်ဘာသာစကား တတ်ကျွမ်းသူ တစ်ဦးတစ်ယောက်မှ မပါလေရာ ဗိုလ်ချုပ်အောင်ဆန်းက ဆိုင်တစ်ဆိုင်မှ အထွက်တွင်

'ဟော့… ငါတို့တိုင်းပြည် လွတ်လပ်ရေးရပြီးရင် ပြင်သစ်ဘာသာလို နိုင်ငံခြားဘာသာတွေ တို့တတွေ တတ်အောင် သင်ရမယ်ကွ၊ အင်္ဂလိပ်လိုဝေ့ာ တို့က အတော်ကလေး တတ်နေပေမယ့် တခြားဘာသာတွေပါ လေ့လာကြရမယ်ကွ'ဟု ပြောခဲ့ပါသည်။

**မှတ်ချက်။** ။ ယနေ့ ရန်ကုန်မြို့၌ စနစ်တကျ ဖွင့်လှစ်သင်ကြား ပို့ချပေးနေသော 'နိုင်ငံခြားဘာသာ သိပ္ပံကျောင်း'ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း တောင့်တခဲ့သည့် မျှော်မှန်းချက်တစ်ခုပင် ဖြစ်ပါသည်။

မြို့တွင်းသို့ လှည့်ပတ်ကြည့်ရှုပြီးနောက် တည်းခိုရာ 'ဟီလီယိုပိုလစ္စ' ဟိုတယ်သို့ပြန်၍ ညစာစားပြီးသော် မြန်မာခေါင်းဆောင်များအား လေယာဉ်မှူးက ညလုံးပေါက်အိပ်၍ မဖြစ်ကြောင်း၊ သန်းခေါင်ကျော် နှစ်ချက်တီးအချိန်တွင် လေယာဉ်ထွက်မည်ဖြစ်ကြောင်း ပြောပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့မှာ ဟိုတယ်၌ စိတ်ချလက်ချ မအိပ်နိုင်ဘဲ ခေတ္တမျှ လဲလျောင်းနားနေကြရင်းနှင့် အချိန်ကုန်သွားကာ သန်းခေါင်ကျော် ၁ နာရီတွင် ဟိုတယ်မှ လေဆိပ်သို့ ထွက်ကြရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြောထားခဲ့သည့်အတိုင်းပင် လေယာဉ်သည် 'အာလ်မာဇာ' လေဆိပ်မှ နံနက် ၂ နာရီတိတိတွင် ထွက်ခွာခဲ့ပါသည်။

ညဘက် မှောင်မည်းနေ၍ ဘာမှမမြင်ရသော်လည်း လေယာဉ်မှူးက ယခု မိမိတို့ အရှေ့စူးစူးသို့ ပျံသန်းမည်ဖြစ်ရာ ကမ္ဘာကျော် အာရေဗျသဲကန္တာရကို ဖြတ်သန်း၍ ပျံသန်းမည်ဖြစ်ကြောင်း ပြောပါသည်။

ရာသီဥတု အခြေအနေကောင်းသဖြင့် လေယာဉ်ကြီးသည် အမြန်ပျံသန်းလေရာ 'ဂျက်'လေယာဉ်ခေတ် မဟုတ်သေးသော်လည်း ၁ နာရီလျှင် မိုင် ၃၂၀ နှုန်းဖြင့် လျှင်မြန်စွာသွားနေခိုက် ဗိုလ်ချုပ်အောင်ဆန်းသည် ပင်ပန်းနွမ်းနယ်လွန်းသဖြင့် လေယာဉ်ထွက်ပြီး မကြာမီပင် အိပ်ပျော်သွားပါတော့သည်။

◻



[ ၁၄ ]

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ နားပြီး ခရီးဆက်လက် ထွက်ခွာခဲ့ကြရာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်မိုးသောက်သော် အာရေဗျ သဲကန္တာရကြီးအလယ်ရှိ 'ရှိုင်ဘာ' လေယာဉ်ကွင်းသို့ ခေတ္တဆင်းကြရပြန်လေသည်။

အကြောင်းကား ဗိုလ်ချုပ်တို့ လိုက်ပါလာသော ဗြိတိသျှလေတပ်မှ 'ဗိုင်းကောင့်' အမျိုးအစား လေယာဉ်က ဓာတ်ဆီ အမြောက်အမြားထည့်၍ မရသဖြင့် အဆိုပါ လေယာဉ်ကွင်းသို့ ခေတ္တ ဆင်းနားပြီး ဓာတ်ဆီ ထပ်မံဖြည့်တင်းရသောကြောင့်ပင်တည်း။

မြန်မာနိုင်ငံသို့ အပြန်ခရီး၏ ထူးခြားချက်တစ်ခုမှာ ရာသီဥတု အခြေအနေ သာယာကောင်းမွန်သဖြင့် လေယာဉ်သည် အထူးလျှင်မြန်သောနှုန်းဖြင့် ပျံသန်းလာခြင်းပင် ဖြစ်သည်။

ထိုအချိန်က 'ဂျက်'လေယာဉ်ခေတ် မဟုတ်သေး၍ ယနေ့ 'ဘိုးအင်း' ဂျက်များလို တစ်နာရီ မိုင်ငါးရာ၊ ခြောက်ရာနှုန်း မပျံသန်းလင့်ကစား ဗိုလ်ချုပ်တို့၏ 'ဗိုင်းကောင့်' လေယာဉ်မှူး၏ ကျွမ်းကျင်မှုကြောင့် တစ်နာရီမိုင် ၃၂၀ ကျော်နှုန်းဖြင့် ပျံသန်းနိုင်ခဲ့ရာ ထိုခေတ် ထိုလေယာဉ်မျိုးအနေဖြင့် အလွန်မြန်သည်ဟု ဆိုရပါမည်။

လေယာဉ်ပေါ်တွင်ကား ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် မြန်မာခေါင်းဆောင်များမှာ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် အသွားတုန်းကလို အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ဖောင်လောက်အောင် မပြောနိုင်ကြတော့ဘဲ ထိုင်ခုံအသီးသီးတွင် မှိန်းသုမှိန်း၊ အိပ်သူအိပ်နှင့် ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြပါသည်။

'ဗိုင်းကောင့်' လေယာဉ်ကြီးကား ကြည်လင်သော ကောင်းကင်ပြင်တွင် လျင်မြန်စွာ တောက်လျှောက်ပျံသန်းလျက် ရှိပါသည်။

သို့နှင့်ပင် ညနေ လေးနာရီသာသာတွင် 'ကရာချိ'မြို့ပြင် 'မော်ရိပူရ်' လေဆိပ်သို့ ချောမောစွာ ဆင်းသက်မိပါသည်။

**မှတ်ချက်။** ။ 'ကရာချိ'မြို့သည် ဘိလပ် အသွားခရီးတွင် ဗိုလ်ချုပ်နှင့် မွတ်ဆလင် ခေါင်းဆောင်ကြီး မိုဟာမက်ဂျင်နားတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် မြို့ပင်ဖြစ်သည်။ နောက်ပိုင်း 'ပါကစ္စတန်' နိုင်ငံဟူ၍ ဖြစ်လာချိန်၌ 'ကရာချိ'သည်ပင်လျှင် ပါကစ္စတန်နိုင်ငံ၏ မြို့တော် ဖြစ်လာခဲ့ပါသည်။

'မော်ရိပူရ်'လေဆိပ်သို့ ကရာချိမှ အစိုးရ အတွင်းဝန်ချုပ်နှင့် 'မွတ်ဆလင်လိဂ်' အဖွဲ့ချုပ်မှ ခေါင်းဆောင်များက ဗိုလ်ချုပ်တို့အား လာရောက်ကြိုဆိုကြပြီးနောက် ရန်ကုန်မှ ထွက်လာစဉ် ပထမအကြိမ် တည်းခိုခဲ့ရသည့် 'ပဲလေ့စ်' ဟိုတယ်မှာပင် မြန်မာ ကိုယ်စားလှယ်အဖွဲ့ တစ်ညတာ ရပ်နား တည်းခိုရန် စီစဉ်ပေးပါသည်။

*

ကရာချိမြို့ 'မွတ်ဆလင်လိဂ်' အဖွဲ့ချုပ်မှ မိတ်ဆွေများမှာ ရန်ကုန်မှ လန်ဒန်အသွား ခေတ္တဝင်ရောက်ခဲ့စဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းအား အထူးခင်မင် လေးစားနေကြပြီဖြစ်၍ ယခု ဒုတိယအကြိမ် ပြန်ရောက်လာသောအခါ ထိုနေ့ (၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁ ရက်) ညစာကို ဟိုတယ်၌ မစားဘဲ သူတို့အနေဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲ တည်ခင်းဂုဏ်ပြုပါရစေဟု ဖိတ်မန္တက ပြုလာပါသည်။

ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်အား ခေါ်မေးပါသည်။

'ဟေ့… တို့ကို ဒင်နာ (ညစာ) ကျွေးမယ်ဆိုတာ လန်ဒန်မှာလိုပဲ အင်္ဂလိပ်စာတွေ ကျွေးမှာလားကွ'

'မဟုတ်ဘူး ဗိုလ်ချုပ်၊ ကျွန်တော်နဲ့သိတဲ့ မစ္စတာ 'ယူစွပ်'ကိုမေးကြည့်တော့ သူတို့ မွတ်ဆလင်အစာ ထမင်းဟင်း ကျွေးမယ်လို့ပြောတယ်၊ ဒန်ပေါက်ထမင်းလည်း ဖြစ်ဖို့များတယ်တဲ့'



'ဟေ….ဟုတ်လား၊ ဒါဖြင့် ဟန်ကျတာပဲ၊ ငါတော့ ဘိလပ်မှာ ဘိုစာတွေစားရတာ ငြီးငွေ့လှတယ်၊ ထမင်းနဲ့ဟင်းနဲ့ ကောင်းကောင်းစားချင်တယ်၊ အခုည ဒင်နာကို လက်ခံလိုက်'

ဤသို့ အမိန့်ပေးသဖြင့် ကျွန်တော်လည်း မွတ်ဆလင် အဖွဲ့ချုပ်မှ မိတ်ဆွေများအား ဗိုလ်ချုပ်အောင်ဆန်းတို့သည် ညစာတည်ခင်း ဧည့်ခံခြင်းကို ကျေးဇူးတင်စွာ လက်ခံပါကြောင်း ပြောလိုက်ရပါသည်။

ကရာချိမြို့ မွတ်ဆလင်မိတ်ဆွေများ တည်ခင်းဧည့်ခံသော ညစာစားပွဲသည်ကား မျှော်လင့်ထားသည်ထက်ပင် အထူးကောင်းမွန် နေပါတော့သည်။

ဒန်ပေါက်ထမင်း (ယနေ့ ရန်ကုန်မြို့တွင် မှိုလိုပေါက်နေသော ဆိုင်များမှ ဘုရားစူးပါစေ့ 'ဒန်ပေါက်'မျိုး မဟုတ်) အထူးအကောင်းစား ကြက်သားဆီပြန်ဟင်း၊ ဆိတ်သား 'ခပတ်'ကြော်၊ ငါးကြော်၊ ခရမ်းချဉ်သီး 'ချက်တနီ' စသည်ဖြင့် ဖွယ်ဖွယ်ရာရာ တည်ခင်းကျွေးမွေးသည့် အစားအစာများမှာ ဗိုလ်ချုပ်အပါအဝင် မြန်မာခေါင်းဆောင်များ အားလုံးအဖို့ အထူးအရသာ ရှိသဖြင့် မြိန်ရေယှက်ရေ စားသောက်ကြသလောက် အိမ်ရှင်မွတ်ဆလင် မိတ်ဆွေများကလည်း အလွန် ကျေနပ်ဝမ်းမြောက်ပုံ ရပါသည်။

ညစာစားပြီးနောက် ဟိုတယ်သို့ ပြန်ကြသောအခါ မြန်မာခေါင်းဆောင်များသည် ခါတိုင်းလို ဝိုင်းထိုင်စကားပြောကြခြင်းပင် မပြုနိုင်ကြတော့ဘဲ အိပ်ရာဝင်ကြပါတော့သည်။

လသာသောည ဖြစ်၍ ကရာချိမြို့ကြီး၏ ရှုခင်းသည် အလွန်လှပတင့်တယ်ကာ ငြိမ်းချမ်းသာယာမှု အသွင်ကို ဆောင်နေပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်စောစောတွင် ဗိုလ်ချုပ်တို့အဖွဲ့သည် 'ပဲလေ့စ်' ဟိုတယ်မှ လေဆိပ်သို့ ပြန်ထွက်ကြရပါသည်။

လေယာဉ်မှူး၏ ကြိုတင်ပြောပြထားချက်အရ ဗိုင်းကောင့်လေယာဉ်သည် ထိုနေ့ နံနက် ၇ နာရီတိတိတွင် လုံးဝမရပ်နားတော့ဘဲ ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်းမည်ဟု သိထားကြသဖြင့် ဟိုတယ်မှ ခပ်စောစော ထွက်ကြရခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြတော့မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီတိတိတွင် လေယာဉ်ကြီးသည် ကရာချိမြို့ ဆင်ခြေဖုံးရှိ လေဆိပ်မှ စတင်ထွက်ခွာလာရာ မိုးလေဝသ အခြေအနေကလည်း ကောင်းမွန်သဖြင့် လေယာဉ်မှူးက ရန်ကုန်မြို့သို့ ပျံသန်းချိန်သည် ဆယ်နာရီခန့်ကြာမည်ဖြစ်ပြီး ညနေ ငါးနာရီသာသာတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း ပြောပြပါသည်။

အပူပိုင်းဒေသသို့ ရောက်လာပြီဖြစ်၍ ရာသီဥတုကလည်း မအေးတော့ပါချေ။ ထို့ကြောင့် မြန်မာခေါင်းဆောင်များသည် လန်ဒန်မှ ထွက်စဉ်က ဝတ်ခဲ့ကြသော 'လောင်းကုတ်'အင်္ကျီရှည် စသည့် အနွေးထည်များကို ချွတ်ပစ်လိုက်ကြပါသည်။ အချို့က ကုတ်အင်္ကျီကိုပင် ချွတ်ထားကာ ရှပ်အင်္ကျီနှင့်ပင် လိုက်ပါလာကြပါသည်။

ကရာချိမြို့မှ ရန်ကုန်သို့ တောက်လျှောက်ပျံသန်းရမည်ဖြစ်ရာ အားလုံးအတွက် စားသောက်ဖွယ်ရာများကိုပါ လေယာဉ်မှူးက ကြိုတင်စီစဉ် ယူဆောင်လာသဖြင့် မွန်းလွဲတစ်နာရီတိတိအချိန် လေယာဉ်ပေါ်၌ပင် နေ့လယ်စာ (လန့်ချ်) စားကြပါသည်။

ဗြိတိသျှလေတပ်မှ စီစဉ်သည့် နေ့လယ်စာဖြစ်သောကြောင့် စားသောက်ဖွယ်ရာများက အနောက်တိုင်း အစားအစာများသာ ဖြစ်ပါသည်။ သို့ရာတွင် မြန်မာအဖွဲ့က လုံးဝမညည်းညူဘဲ ညနေမိုးချုပ်၍ ကိုယ့်အိမ်ကိုယ်ပြန်ရောက်ပြီး မြန်မာထမင်းဟင်းများ စားသောက်ရတော့မည်ဟု တွေးတောစိတ်ကူးယဉ်ရင်း 'ဘိုစာ'များကိုပင် စားသောက်ကြပါသည်။

အချိန်သည် လျင်မြန်စွာ ကုန်သွားသည်ဟု ထင်ရပါသည်။

မွန်းလွဲ သုံးနာရီခန့်တွင် လေယာဉ်ကြီးသည် ဘင်္ဂလားပင်လယ်အော်ရေပြင်ကို ဖြတ်သန်းမိပြီး ပြာလဲ့ညိုမှိုင်းသော ရခိုင်ရိုးမ တောင်တန်းကြီးများကို စိတ်ကြည်နူးဖွယ် မြင်ရပါတော့သည်။

လေယာဉ်ပေါ်၌လည်း အတော်ပင် ပူအိုက်လာပြီ ဖြစ်ပါသည်။

လေယာဉ်မှူးက ကြိုတင်ပြောခဲ့သည့်အတိုင်းပင် ညနေ ငါးနာရီထိုးလုသောအခါ 'ဗိုင်းကောင့်' လေယာဉ်ကြီးသည် ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ ချဉ်းကပ်မိပါသည်။

'လူကြီးမင်းများခင်ဗျား၊ ရန်ကုန် ရောက်ပါတော့မယ်၊ လေဆိပ်မှာလာကြိုနေမယ့် ပရိသတ်အမြင်မှာ တင့်တယ်အောင် ပြင်ဆင်ထားဖို့ လိုပါပြီ'



ကျွန်တော်က လူငယ်ပီပီ ဆော်ဩလိုက်တော့မှ မြန်မာခေါင်းဆောင်များသည် ကုတ်အင်္ကျီ ပြန်ဝတ်သူဝတ်၊ 'နက်ခတိုင်' လည်စည်းကို ပြန်ချည်သူချည်နှင့် ပြင်ဆင်ကြပါသည်။

နောက်ထပ် ဆယ်မိနစ်မျှ ကြာသော် လေယာဉ်ကြီးသည် မင်္ဂလာဒုံလေဆိပ်၏ လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ညင်သာချောမောစွာ ဆင်းမိပါတော့သည်။

'အောင်ဆန်း-အက်တလီစာချုပ်' အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့၍ မြန်မာ့လွတ်လပ်ရေး တစ်နှစ်အတွင်းရရှိရန် သေချာသွားကြောင်း ကြေးနန်းသတင်းများ ကြိုတင်ရရှိသဖြင့် သိထားပြီးကြသော ကြိုဆိုသူ ပရိသတ်ကြီးက 'လွတ်လပ်ရေး ဗိသုကာ' ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝမ်းသာအားရ လက်သီးလက်မောင်းတန်းကာ ဟစ်အော်ကြွေးကြော်ရင်း ကြိုဆိုခဲ့ကြပါသတည်း။

□

www.burmeseclassic.com



## နောက်ဆက်တွဲ
## ဖက်ဆစ်တော်လှန်ရေးသမိုင်း

ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းကို ရေးသားရာတွင် ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေး အခန်းကဏ္ဍ မပါဘဲပြီးမည် မဟုတ်ဟု ဆိုရပါမည်။

အထူးသဖြင့် ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ဗိုလ်ချုပ်က ဗြိတိသျှ နယ်ချဲ့သမားထံမှ လွတ်လပ်ရေး ရယူရာ၌ အဓိက အင်အားအဖြစ် အသုံးပြုခဲ့သော လက်နက်ကား အမျိုးသား စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ ယင်းအမျိုးသား စည်းလုံးညီညွတ်ရေး မကြုံစဖူး ထူးကဲစွာ ဖြစ်မြောက်အောင်မြင်ခဲ့သည့်ကာလသည် ဖက်ဆစ်တော်လှန်းရေးကာလပင် ဖြစ်ပါသည်။

ဖက်ဆစ်တော်လှန်ရေး၏ စစ်ရေးခေါင်းဆောင်ဖြစ်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်အတွင်းနှင့် စစ်ပြီးစခေတ်၌ မဟာမိတ်များ (အင်္ဂလိပ်-အမေရိကန်များ)အပြင် နိုင်ငံတကာ သတင်းစာ ဆရာများ၏ အထင်လွဲခြင်းကို ခံခဲ့ရသေးသည်။

ခံခဲ့ရပုံကား အောင်ဆန်းနှင့် သူ၏တပ်မတော်သည် ပထမတွင် ဂျပန်နှင့် ပူးပေါင်းခဲ့ပြီး ၁၉၄၃ ခုနှစ်နောက်ပိုင်း မဟာမိတ်တို့ဘက်မှ စစ်ရေးသာလာတော့မှ ဗြိတိသျှ (မဟာမိတ်)တို့ဘက် ကူးပြောင်းလာခဲ့သူ 'သာယာစီးသမား (ဝါ) ရေသာခို အချောင်သမား' ဆန်သည်ဟု ဝေဖန်ခြင်း ခံခဲ့ရသည်။

ဤသို့ အထင်လွဲ ဝေဖန်ခံရခြင်းကို ဗိုလ်ချုပ်အောင်ဆန်းက ချေပခဲ့ပုံကတော့ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမ၌



ကျင်းပသော 'အရှေ့နှင့်အနောက်အသင်း' စည်းဝေးပွဲတွင် မဟာမိတ်စစ်ဘက်၊ နယ်ဘက်အရာရှိများ နိုင်ငံခြား သတင်းထောက်များအတွက် အထူးရည်ရွယ်လျက် The Resistance Movement အမည်ရှိ အင်္ဂလိပ်ဘာသာ စာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။

ဖက်ဆစ်တော်လှန်ရေးကို သုံးသပ်ရာတွင် ဗိုလ်ချုပ်သည် ၁၈၈၅ ခု၊ သီပေါမင်း ပါတော်မူချိန်မှ ဇာတ်လမ်း အစချီကာ တင်ပြသွားပုံမှာ အလွန်ပြည့်စုံလှပါသည်။ ရိုးသားပွင့်လင်းသူပီပီ ဖက်ဆစ်ဂျပန်နှင့် ပူးပေါင်းခဲ့သည့်ကိစ္စတွင် သူ့ကိုယ်သူ မထောက်မညှာ ဝေဖန်ပြသွားပုံကလည်း နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံလှပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုခဲ့သောစာတမ်းကို 'ဖက်ဆစ်တော်လှန်ရေးသမိုင်း' အမည်ဖြင့် မြန်မာပြန် တင်ပြရပါသည်။

**စာရေးသူ**

www.burmeseclassic.com

www.burmeseclassic.com



## ဖက်ဆစ်တော်လှန်ရေးသမိုင်း

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ဗြိတိသျှတို့၏ အုပ်စိုးခြင်းလက်အောက်တွင် နေခဲ့ရသည်မှာ ၁၉၄၂ ခုနှစ်ဦးတိုင်အောင်ပင် ဖြစ်လေသည်။

ဗြိတိန်နှင့် ပြင်သစ်တို့က ၁၉၃၉ ခုနှစ်တွင် ဂျာမနီ၌ စစ်ကြေညာသော အခါ၌ မြန်မာနိုင်ငံသည်လည်း မဟာမိတ်ဘက်တော်သား နိုင်ငံတစ်ခုအဖြစ် ဗြိတိသျှ ဘုရင်ခံက (လွှတ်တော်နှစ်ရပ်၏ ဆန္ဒမယူဘဲ) ကြေညာခဲ့လေသည်။ ထိုအချိန်က အိန္ဒိယအမျိုးသား ကွန်ဂရက်က ဗြိတိသျှအစိုးရ၏ စစ်နှင့်ပတ်သက်သော ရည်ရွယ်ချက်နှင့် ဝါဒကို ပြတ်ပြတ်သားသား ရှင်းပြရန် တောင်းဆိုခဲ့လေရာ မြန်မာနိုင်ငံကလည်း ထိုနည်းတူစွာ တောင်းဆိုခဲ့လေသည်။

ကျွန်ုပ်မှာ ထိုစဉ်အခါက သခင်ပါတီဟု ခေါ်လေ့ရှိကြသော တို့ဗမာအစည်းအရုံးကြီးတွင် ဝင်ရောက်လျက်ရှိရာ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားချိန်၌ ကျွန်ုပ်သည် တို့ဗမာအစည်းအရုံး၏ ဌာနချုပ် အထွေထွေ အတွင်းရေးမှူးဖြစ်နေလေသည်။

မြန်မာနိုင်ငံတွင်း အခြေအနေ၊ ကမ္ဘာ့အခြေအနေများကို လေ့လာသုံးသပ်ကြည့်ပြီးနောက် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ကျွန်ဘဝမှ လွတ်မြောက်ရေးကို တကယ်တမ်း လိုလားသူ ပုဂ္ဂိုလ်ပေါင်းစုံ၊ ပါတီပေါင်းစုံ စုပေါင်းပါဝင်သည့် 'ဗမာ့ထွက်ရပ်ဂိုဏ်းကြီး'ကို ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

ကျွန်ုပ်မှာ အဆိုပါ 'ထွက်ရပ်ဂိုဏ်းကြီး'၏ အထွေထွေ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ရပေသည်။



ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီနှင့် လွတ်လပ်ရေးပင်ဖြစ်၍ ဗြိတိန်ပြည်၏ စစ်မက်တိုက်ခိုက်ရခြင်း ရည်ရွယ်ချက်နှင့် တူညီလျက် ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့က...

'ဗြိတိန်နှင့် လက်တွဲ၍ ဒီမိုကရေစီ လွတ်လပ်ရေးအတွက် စစ်ပွဲတွင် ဝင်ရောက်အားပေးရန် ဝန်မလေးပါ၊ သို့သော် ဒီမိုကရေစီနှင့် လွတ်လပ်ရေးကို အပြောသာမဟုတ်၊ အလုပ်တွင်လည်း လက်တွေ့ပြသရန်လိုသည်။ ထို့ကြောင့် ဒီမိုကရေစီ လွတ်လပ်ရေး ကြေညာချက်မှုကို ကျွန်ုပ်တို့ (မြန်မာနိုင်ငံ) အဖို့လည်း အကျုံးဝင်ကြောင်း ကြေညာကတိပြုပါ။ ဒါမှ ကမ္ဘာစစ်ပွဲသို့ ကျွန်ုပ်တို့ဝင်ရောက်ရေးမှာ အဓိပ္ပာယ်ပြည့်စုံမည်' စသည်ဖြင့် တောင်းဆိုခဲ့လေသည်။

ထို့အပြင် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အချုပ်အချာ အာဏာပိုင် နိုင်ငံအဖြစ် အခြေခံအုပ်ချုပ်ပုံစည်းမျဉ်း ဥပဒေရေးဆွဲရန် တိုင်းပြည်ပြု လွှတ်တော်ကိုလည်း ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့သေးသည်။

ထိုစဉ်အခါက မြန်မာနိုင်ငံသာမက အိန္ဒိယပြည်၏ လွှတ်တော်များက အထက်ပါ တောင်းဆိုချက်များအတိုင်း တင်သွင်းဆုံးဖြတ်ခဲ့လေသည်။ သို့သော် ဗြိတိသျှတို့ကား ကျွန်ုပ်တို့၏ တောင်းဆိုချက်၊ ဆန္ဒပြချက်များကို လုံးဝအရေးမယူ ဂရုမစိုက်ခဲ့ချေ။

သို့ဖြစ်လေရာ ကျွန်ုပ်တို့အဖို့တွင် ဥရောပ၌ စတင်ဖြစ်ပွားနေသော စစ်ပွဲကြီးမှာ အရင်းရှင်နယ်ချဲ့သမား အုပ်စုကြီးနှစ်စုအချင်းချင်း ဗိုလ်လုနေကြသော စစ်ပွဲတစ်ခု ဟူ၍သာ ယူဆကြရတော့သည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည် 'နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေး' လှုံ့ဆော်မှုလှုပ်ရှားခြင်း၊ တစ်ရပ်ကို အတိအလင်း စည်းရုံးဆောင်ရွက်ခဲ့ကြလေသည်။

သို့သော် ကျွန်ုပ်တို့၏ လုပ်ငန်းများ မစမီကပင် ဗြိတိသျှ အစိုးရ၏ 'မြန်မာနိုင်ငံ ကာကွယ်ရေး တစ်ချက်လွှတ်အမိန့်ကြီး' တစ်ရပ် ထွက်လာခဲ့လေသည်။ ၎င်းအမိန့်ကား ထိုခေတ် မြန်မာနိုင်ငံ၌ အနည်းငယ်မျှသာရှိသော ပြည်သူတို့၏ ဒီမိုကရေစီ လွတ်လပ်မှု အခွင့်အရေးကလေးများကို လုံးဝပပျောက်ဖျက်ဆီးပစ်သည့် ဥပဒေတစ်ရပ်ပင် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားဆဲနှင့် စစ်ပြီးခေတ်ကျမှ မြန်မာနိုင်ငံသို့ ပထမအကြိမ် ရောက်ဖူးကြသော အနောက်တိုင်းသားများအဖို့ ကျွန်ုပ်တို့အား ဗြိတိသျှအစိုးရက စစ်ကြိုခေတ်တွင် မည်သို့မည်ပုံ စိုးမိုးအုပ်ချုပ်ခဲ့သည်ကို ကောင်းစွာ သိရှိချင်မှ သိရှိကြပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၄င်းကိစ္စနှင့်ပတ်သက်၍ ရာဇဝင်နောက်ကြောင်းကို အတော်အသင့် ပြည့်စုံစွာ ကျွန်ုပ်တို့က ပြန်လည်ဖော်ထုတ် တင်ပြလိုက်ရပြန်ပေသည်။

မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့စနစ်က အင်္ဂလိပ်–မြန်မာ စစ်ပွဲ ၃ ပွဲ (၁၈၂၃ ၊ ၁၈၅၂၊ ၁၈၈၅)ဖြင့် တိုက်ခိုက်အနိုင်ယူပြီး အုပ်စိုးခဲ့လေသည်။ ယင်းသို့ အင်္ဂလိပ်နယ်ချဲ့သမားက ကျွန်ုပ်တို့ မြန်မာနိုင်ငံအား တိုက်ခိုက်သိမ်းယူခြင်းမှာ တရားနည်းလမ်း ကျမကျကို ဤနေရာ၌ ကျွန်ုပ် မဆွေးနွေးသော်လည်း အမေရိကန်သမ္မတ (ကွယ်လွန်သူ) အေဘရာဟင်လင်ကွန်း ပြောခဲ့သော အောက်ပါစကားကိုတော့ ကိုကားလိုပေသည်။

'နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအား သိမ်းပိုက် အုပ်စိုးခြင်းသည် မည်သည့်နည်းနှင့်မှ တရားနည်းလမ်း မကျနိုင်'

မည်သို့ပင်ဖြစ်စေ ၁၈၈၅ ခုနှစ်ကစ၍ မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ ကျွန်နိုင်ငံတစ်ခု ဖြစ်သွားလေရတော့သည်။

*

ဗြိတိသျှ နယ်ချဲ့အစိုးရစနစ် မတိုင်မီက မြန်မာနိုင်ငံ၌ ရရှိခဲ့သော အခြေခံစနစ်သည်ကား ပဒေသရာဇ် မြေပိုင်ရှင်စနစ် တစ်မျိုးပင် ဖြစ်လေသည်။ မြန်မာရှင်ဘုရင်တို့သည် ကုန်း၊ ရေ၊ မြေတို့သာမက ပြည်သူလူထု၏အသက်၊ စည်းစိမ်ကိုပါ ပိုင်ဆိုင်သော သက်ဦးဆံပိုင် အာဏာရှင်များ ဖြစ်လေသည်။

ကမ္ဘာအရပ်ရပ်ရှိ ပဒေသရာဇ် လူ့အဖွဲ့အစည်းများ၏ ထုံးစံအတိုင်း မြန်မာနိုင်ငံ၏ ဘောဂဗေဒ စီးပွားရေးစနစ်မှာလည်း မြေယာနှင့်ပတ်သက်သော စီးပွားရေးစနစ်ပင် ဖြစ်သည်။ ထိုခေတ်ဟောင်းက မြန်မာနိုင်ငံ၏ လူဦးရေမှာ ယခုအခါထက် နည်းပါးခဲ့သည်။ အကြောင်းကား လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်ခြင်းက အဓိက အသက်မွေးဝမ်းကျောင်း အလုပ်ဖြစ်သည်ကတစ်ကြောင်း၊ ပဒေသရာဇ် မြေပိုင်ရှင်ကြီးများ အချင်းချင်း မသင့်မတင့်ဖြစ်ကာ မကြာခဏ အာဏာလု၍ တိုက်ခိုက်သတ်ဖြတ်ကြသောကြောင့် တစ်ကြောင်းပင် ဖြစ်လေသည်။

ထိုအခါက မြေပိုင်မရှိသော အိမ်ထောင်များအဖို့လည်း စိုက်ပျိုးခြင်းမပြုရသေးသော မြေယာလွတ်များ အဆင်သင့် ရနိုင်ကြ၏။ မြေယာစနစ်မှာလည်း ထိုခေတ်က…



၁။ ဓားမဦးချ၊

၂။ ဘိုးဘပိုင်၊

၃။ အရာတော် (နိုင်ငံပိုင်)ဟူ၍ သုံးမျိုးသုံးစား ခွဲခြား၍ထားလေသည်။ စင်စစ် အဆိုပါ ပဒေသရာဇ် မြေယာစနစ်မှာ တင်းမာ ကျပ်တည်းသော သတ်မှတ်ချက် စည်းကမ်းများမရှိဘဲ မြေယာပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ အမွေဆက်ခံသည့် စနစ်မှာလည်း တိကျပြတ်သားစွာ သတ်မှတ်ချက်များ၊ နည်းဥပဒေများ ရေးဆွဲထားခြင်းလည်း မရှိချေ။

ပညာ သင်ကြားရေးနှင့် စပ်လျဉ်း၍ကား ထိုခေတ်က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကျောင်းမှ အခမဲ့ သင်ကြားပေးသဖြင့် လူတိုင်းလိုလိုပင် စာကို ရေးတတ်၊ ဖတ်တတ်ကြကုန်သည်။ ပညာရေးနှင့် နှလုံးရည်ထူးချွန်သော ပုဂ္ဂိုလ်များအဖို့ဆိုလျှင် ထိုခေတ် လူ့အဖွဲ့အစည်းကြီး၏ ကြေးရတတ် အထက်တန်းလွှာသို့ ဝင်ဆံ့နိုင်ရန် မျှော်မှန်းနိုင်ခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံ၏ (၁၈၈၅ ခု မတိုင်မီ) ခေတ်ဟောင်းက လူ့အဖွဲ့အစည်း အခြေအနေကို ပြန်လည်သုံးသပ် လေ့လာကြည့်သော်…

၁။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု နေရာတကာတွင် လွှမ်းမိုးသည့် အရိပ်အရောင်များရှိခြင်း။

၂။ လူတိုင်းလူတိုင်း အနည်းနှင့်အများ မြေယာပိုင်ရှိခြင်း။

၃။ အခမဲ့ လွတ်လပ်စွာ ပညာသင်ကြား တတ်မြောက်နိုင်ခြင်း။

၄။ ကျေးရွာလူထု လူနေမှုစနစ် လယ်ယာစိုက်ပျိုးရေး ဘောဂဗေဒ စနစ်မှာ သမဝါယမစနစ်ဆန်ခြင်း။

၅။ အမျိုးသမီးတွေက ယောက်ျားများကဲ့သို့ပင် လွတ်လွတ်လပ်လပ် တန်းတူအခွင့်အရေးများ ရှိခဲ့ခြင်း။

၆။ ကုန်သွယ်မှုလုပ်ငန်း ကြီးကြီးကျယ်ကျယ်ဟူ၍ မရှိခြင်းကြောင့် အခြားနိုင်ငံများကဲ့သို့ ကုန်သည်ကြီးများ၊ အရင်းရှင်ကြီးများ ပါဝင်သည့် လူတန်းစားတစ်ရပ် သီးခြားဖြစ်ပေါ်၍ မလာခြင်း။

စသည့် အချက်လက်များကို တွေ့ရသောကြောင့် ထိုခေတ် မြန်မာပြည် ပဒေသရာဇ်စနစ်သည် ကမ္ဘာပေါ်တွင် အထက်တန်းအကျဆုံး လူများအဖို့ သက်သာချောင်ချိဆုံးသော ပဒေသရာဇ် မြေရှင်စနစ် (Most Enlightened Feudal System) ဟု ဆိုနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုခေတ်က စနစ်သည် လုံး၀ ချောက်ပြစ်ကင်းအောင် ကောင်းမွန်လှသည်ဟု မဆိုနိုင်ချေ။ ချွတ်ယွင်းချက်များလည်း ရှိခဲ့ပေသည်။ ဥပမာ– မြေပိုင်ရှင်ကြီးက အာဏာရှင်တမျှ တန်ခိုးကြီးခဲ့ခြင်း၊ (မြေရှင်ကြီးများက သေးငယ်သော အကြောင်းကိစ္စတစ်ခုနှင့်ပင် လူတစ်ယောက် အသက်ကို အဆုံးစီရင်နိုင်ခဲ့၏။ လူ၏အသက်ကို တန်ဖိုးကောင်းစွာ မထားခြင်း) လူသတ်မှု တရားခံ တစ်ယောက်သည် လျော်ကြေး ပိဿာ ၃၀၀ ပေးရုံလောက်နှင့် အမှု ပြီးစီးနိုင်၏။ (မြေပိုင်ရှင်များက အပြစ်ပေးလိုလျှင် အကြောင်းကြီးကြီးကျယ်ကျယ် မရှိဘဲ သေဒဏ်ကဲ့သို့ အပြစ်ကြီးများ ပေးနိုင်ခွင့်ရှိခြင်း၊ လူတစ်ယောက် ပြစ်မှုကျူးလွန်ရုံနှင့် ၎င်း၏ဆွေမျိုးသားချင်း အားလုံးကိုပါ ဖမ်းဆီးသတ်ဖြတ်လေ့ရှိခြင်း၊ ကြွေးမဆပ်နိုင်၍ လူပါကျွန်ခံရခြင်း။) ဘုရားကျွန်စနစ် ရှိခြင်း စသည်တို့မှာ ထိုခေတ်ဟောင်း စနစ်၏ မလိုလားအပ်သော အချက်အလက်များပင် ဖြစ်လေသည်။

သို့ရာတွင် ယေဘုယျအားဖြင့် ခြုံ၍ကြည့်ပြန်သော် လူတန်းစားတစ်ရပ်က အခြားလူတန်းစား တစ်ရပ်အပေါ် မတရားမင်းမူကာ ခေါင်းပုံဖြတ်သည့် စနစ်မရှိခြင်း၊ လူတိုင်း စာကို ရေးတတ်ဖတ်တတ်ခြင်း၊ မိန်းမတွေကို (ပါရဒါ) ခေါင်းမြီးခြုံဘ၀ဖြင့် ချုပ်ချယ်နှိမ်နင်းမှု ခေတ်စားနေသော ကမ္ဘာ့အရှေ့ပိုင်း နိုင်ငံတစ်ခုဖြစ်လျက်နှင့် မြန်မာအမျိုးသမီးများမှာ အထူးလွတ်လပ်သော အခွင့်အရေးများရှိခြင်း၊ ပြည်ပနှင့် ဖောက်ကားရောင်း၀ယ်မှု ပြောပလောက်အောင် မရှိသည့်တိုင်အောင် ပြည်တွင်းမှာ အစစအရာရာ ဖူလုံပြည့်စုံနေခြင်း စသော အချက်အလက်များကြောင့် မြန်မာ့ရှေးဟောင်း မြေရှင်ပဒေသရာဇ် စနစ်မှာ ချွတ်ယွင်းချက်များ ရှိသည့်တိုင်အောင် အလွန့်အလွန်ကား မဆိုးလှဟု ဆိုနိုင်ပေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ရောက်လာကြသော အခါ၌မူ အထက်ဖော်ပြပါ စနစ်ဟောင်းထက် ကောင်းမွန်ထူးခြားသော စနစ်သစ်တစ်ခု အစားတိုးချက် မရှိဘဲလျက် စနစ်ဟောင်းမှ ကောင်းသောအချက်အလက်တွေပါ ပျောက်ကွယ်ပျက်စီးသွားရလေသည်။ မြစ်ကမ်းနားတစ်လျှောက်တွင်လည်းကောင်း၊ အဖိုးတန်သတ္တုတွင်း ဒေသများ၌လည်းကောင်း၊ လမ်းပန်းအဆက်အသွယ် ဗဟိုကျရာဌာနများ၌လည်းကောင်း ခေတ်မီမြို့ပြများ တည်ဆောက်ပေါ်ပေါက်ခဲ့သည်မှာ မှန်ပါ၏။ သို့သော် ဗြိတိသျှစနစ်လက်ထက်တွင် ခေတ်မီ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ စီးပွားရေးစနစ်များ ထွန်းကားလာလင့်ကစား တကယ့်မြန်မာ့ကျေးလက် ဒေသများနှင့် ရှမ်းပြည်ကဲ့သို့သော ဒေသများတွင် ပဒေသရာဇ် မြေရှင်စနစ်ဟောင်းကို ဗြိတိသျှ နယ်ချဲ့အစိုးရက ထိန်းသိမ်းထားရှိရုံမျှမက ရှေးယခင် (မြန်မာဘုရင်လက်ထက်)က ထက်ပင် ပိုပြီး ကြီးနိုင်ငယ်ညှဉ်းစနစ်၊ လက်၀ါးကြီးအုပ် ခေါင်းပုံဖြတ်စနစ်တွေ ဖွံ့ဖြိုးအောင် ဖန်တီးခဲ့လေသည်။ ထိုသို့ ပဒေသရာဇ် မြေရှင်စနစ်၊ ခေါင်းပုံဖြတ်စနစ် လွယ်ကူစွာ ပြုလုပ်ကျင့်သုံးနိုင်အောင်လည်း လူတိုင်း လွတ်လပ်စွာ အခမဲ့ပညာသင်ကြားနိုင်ရေး စနစ်ကို ဘစ်ဖက်က ဖျက်ဆီးပစ်ပြီး အခြားတစ်ဖက်ကမူ မြန်မာဆင်းရဲသား တောင်သူလယ်သမားထုကို ပဒေသရာဇ်ခေတ်ကလို ပညာဉာဏ် ဗဟုသုတ ဘာမျှမပေးသည့်အပြင် လူများစု တောင်သူလယ်သမားထုကို ပဒေသရာဇ်ခေတ်ကလို ပညာဉာဏ် ဗဟုသုတ ခေါင်းပါးသည့် အခြေအနေက မတိုးတက်အောင် ဖန်တီး၍ ထားခဲ့လေသည်။

ယခုဆိုလျှင် မြန်မာလူမျိုးမှန်သမျှ စာကို ရေးတတ်ဖတ်တတ်သည်ဟု မဆိုနိုင်တော့ပြီ။ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်း အရဆိုလျှင် မြန်မာပြည်တွင် စာတတ်ဦးရေမှာ ယောကျာ်းများအဖို့ ၅၆ ရာခိုင်နှုန်းနှင့် မိန်းမများအဖို့ ၁၆ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရပေသည်။ ဤကား အံ့သြဖွယ်မဟုတ်။ ဗြိတိသျှအစိုးရလက်ထက်တွင် ပညာရေးနှင့် ပတ်သက်၍ ကောင်းမွန်သော အခြေအနေ အခွင့်အရေးများ ကင်းမဲ့မှုကြောင့်လည်းကောင်း၊ တိုင်းရင်းသားစာပေ လေ့လာပြီး ဖတ်ရန်ရေးရန် အခွင့်ကောင်းများ မရှိခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာရသော အခြေအနေ တစ်ရပ်ဟူ၍သာ ဆိုရပေမည်။

ဗြိတိသျှ နယ်ချဲ့စနစ်သည် ပဒေသရာဇ်ခေတ်ဟောင်းက မကောင်းသော စနစ်ဖြစ်သည့် ရှမ်းပြည်နယ်မှ နယ်ရှင်စော်ဘွားများ၊ မြန်မပြည်မမှ မျိုးရိုးစဉ်ဆက် သူကြီးရိုက်ရာ ဆက်ခံရသည့် စနစ်များကို ပယ်ဖျက်ခြင်း မပြုသည့်အပြင် ထိုစနစ်ဆိုးများကိုပင် ပြည်သူလူထုအပေါ် ဖိနှိပ်မှု ယန္တရားအဖြစ် ဆက်လက်အသုံးပြု ထားရှိခဲ့လေသည်။ အနောက်နိုင်ငံသားတို့ အခေါ်အရ 'ယဉ်ကျေးသော' (Civilised)အုပ်ချုပ်ရေးစနစ်ဟု ဆိုကြသော်လည်း စင်စစ်အဆိုပါ ယန္တရားလက်နက်ကို နယ်ချဲ့စနစ် ဗြူရိုကရေစီ အုပ်ချုပ်ရေးရန်ပုံငွေအတွက် အခွန်အတုတ်များ ကောက်ခံရာ၌လည်းကောင်း၊ ၎င်းနယ်ချဲ့အစိုးရ အုပ်ချုပ်ရေး တည်တံ့နိုင်မြဲအောင် ဆောင်ရွက်ရာတွင်လည်းကောင်း တွင်တွင်ကြီး အသုံးပြုခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရ၏ အရာရှိကလေးများက ကျေးလက်တောရွာများသို့ လာရောက်၍ တကယ့်အာဏာရှင်များပမာ မင်းမူကုန်ကြ၏။ ၎င်းနယ်ချဲ့သမား လက်ပါးစေတို့သည် ကျေးရွာများရှိ ဆင်းရဲသားတို့ထံမှ စားဖွယ်သောက်ဖွယ် ကြက်ဥ စသည်တို့ကို အမြဲတောင်းကြရုံမက မကြာခဏ ရိုးသားသောတောသူ လုံမပျိုများကိုပင် မတရားပြုကျင့် ဖျက်ဆီးပစ်သည်အထိ ကျူးလွန်လေ့ရှိကြ သည်။

၁၈၆၉ ခုနှစ်တွင် ကမ္ဘာ့အရှေ့ဖျားသို့ တိုက်ရိုက် ခရီးပေါက်စေသည့် စူးအက်တူးမြောင်း လမ်းမကြီးကို တည်ထောင် ဖွင့်လှစ်လိုက်ပြီးသောအခါ၌ ဗြိတိသျှ အရင်းရှင်တို့၏ ငွေပင်ငွေရင်းနှင့် ဗြိတိသျှဘဏ်တိုက်ကြီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စက်မှုလက်မှု လုပ်ငန်း တစ်ရပ်ကဲ့သို့ ဖြစ်လာအောင် ကြိုးစားဖန်တီးလာကြ၏။ ၎င်းတို့၏ ရည်ရွယ်ချက်ကား မြန်မာ့ဆန်စပါးကို လက်ဝါးကြီးအုပ်၍ ကမ္ဘာနိုင်ငံ အသီးသီး သို့ အမြတ်ထုတ် ရောင်းဝယ်ဖောက်ကားရန်ပင် ဖြစ်သည်။

ဤအကြောင်းကြောင့် မူလက အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဆန်သော မြန်မာဆန်စပါး စိုက်ပျိုးရေး၏ အသွင်မှာ တဖြည်းဖြည်း ပြောင်းလဲလာကာ လယ်ယာမြေများ ပိုင်ဆိုင်အောင် အလုအယက် ကြိုးစားမှု၊ ဆန်စပါးကို အမြတ်ကြီးစား ရောင်းဝယ်မှု လုပ်ငန်းတစ်ရပ်အဖြစ်သာ စိုက်ပျိုးလုပ်ကိုင်မှုများသည် အစားထိုး ဝင်ရောက်လာတော့သည်။ ဤတွင် မြန်မာနိုင်ငံသမိုင်း၌ ပထမဆုံးအကြိမ် အရင်းရှင် လယ်ယာစိုက်ပျိုးရေးစနစ်သည် အောက်မြန်မာ နိုင်ငံတွင် စတင်ပေါ်ပေါက်လာတော့သည်။

ယင်းသို့ အရင်းရှင် မြေယာစနစ် ပေါ်ပေါက်လာခြင်း၏ အကျိုးသက်ရောက်မှုကား ကျေးရွာများ၌ သမဝါယမဆန်ဆန် လယ်ယာစိုက်ပျိုးရေးစနစ်သည် ပျောက်ကွယ်ပျက်သုဉ်းသွားလျက် စီးပွားရေးပြိုင်ဆိုင်မှု ထွန်းကားဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဗြိတိသျှ အရင်းရှင် ကုန်သည်ကြီးများ၊ ဘဏ်တိုက်ကြီးများ၊ ပွဲစားများ၊ ငွေတိုးကြီး၊ ချေးငှားသော (ချစ်တီးကဲ့သို့) ငွေရှင်ကြီးများသည် ဗြိတိသျှအရင်းရှင် ဗျူရိုကရေစီစနစ်၏ အထောက်အကူဖြင့် မြန်မာကျေးလက်မှ တောင်သူလယ်သမား ဆင်းရဲသားထု ၏ နောက်ကျောကို ဓားနှင့်ထိုးရန် စနစ်ကျကျ စည်းရုံးဝင်ရောက် လာကြလေ သည်။ ဤနည်းအားဖြင့် မြန်မာ့လယ်သမားထု၏ စီးပွားရေး စနစ်တစ်ခုလုံးကို



ဗြိတိသျှ နယ်ချဲ့စနစ်၏ ငွေပင်ငွေရင်းနှင့် အရင်းရှင်ကြီးများက လက်ဝါးကြီး အုပ် ချုပ်နှောင်တည်းမိလေတော့သည်။

ထိုအချိန်မှစ၍ မြန်မာ ဆန်စပါးရောင်းဝယ်မှု စီးပွားရေး စနစ်သည်လည်း ကမ္ဘာ့အရင်းရှင် စီးပွားရေး စနစ်ကြီးပေါ်သို့ လုံးလုံးအမှီသဟဲပြုရပြီး ကမ္ဘာ့ဈေးတက်မှုကျမှု၏ ဒဏ်ကိုလည်း ခံရသည့်ဘဝသို့ ရောက်သွားလေတော့ သည်။

ဤအတောအတွင်း ဗြိတိသျှစက်ရုံလုပ်ငန်း ကုန်ပစ္စည်းများ၊ လူသုံး ပစ္စည်းများသည် အစိုးရ အထောက်အကူဖြင့် ဝင်ရောက်လာကာ မြန်မာ့အိမ်တွင်း စက်မှုလက်မှု စီးပွားရေးကို ဖျက်ဆီးပစ်ပြန်တော့၏။

မြန်မာ့ဆင်းရဲသား လယ်သမားများမှာ သဘာဝဓာတ်၏ ဖောက်ပြန်မှု (မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရေကြီး၍ ရေလွှမ်းခြင်း၊ သီးနှံကို ပိုးဖျက်ခြင်း စသဖြင့်) ဒဏ်ကိုသာမက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမှာလည်း ဘဏ်တိုက် ကြီးများ၊ ကုန်သည်ကြီးများ၊ ငွေတိုးကြီးစား ငွေရှင် (ချစ်တီး)များ၊ ပွဲစားများ၊ ခရိုင် ဗျူရိုကရက် အရာရှိများ၏ လုပ်ကြံမှု၊ ဖိနှိပ်ညှဉ်းပန်းမှုဒဏ်ကိုပါ အလူး အလဲခံရသော ဘဝသို့ ရောက်ရှာလေတော့သည်။

တစ်ဖန် မြန်မာတောင်သူလယ်သမားကို၏ နေထိုင်စားသောက် စရိတ် မှာလည်း ခေတ်မီ အရင်းရှင်စီးပွားရေး စနစ်သစ်၏ ဝင်ရောက်ထိုးဖောက် လာမှုကြောင့်လည်းကောင်း၊ အခွန်အတုတ်တွေကလည်း ပဒေသရာဇ်စနစ်ခေတ် (သသမေဒ)လို အခွန်တော်တွေပါ စည်းကြပ်ကောက်ခံရ၍ လည်းကောင်း တိုးတက်များပြားလာတော့သည်။

အဆမတန် အတိုးကြီးများကို မတရားယူပြီး ငွေချေးခြင်းစနစ်ကြောင့် တစ်စတစ်စနှင့် လယ်ယာမြေများသည် တောင်သူလယ်သမားများ လက်မှ ပွဲစားများ၊ ငွေချေးသူ (ချစ်တီးများ)၊ ကုန်သည်များနှင့် နယ်အရာရှိများလက်သို့ ရောက်ကုန်ကာ လယ်တွေ အချောင်သိမ်းပိုက်သော မြေပိုင်ရှင်လူတန်းစား တစ်ရပ် ပေါ်ပေါက်လာသကဲ့သို့ တစ်ဖက်တွင်လည်း မြေယာမဲ့ တောင်သူ လယ်သမား ဆင်းရဲသား လူတန်းစားသည်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် ပေါ်ပေါက်လာလေသည်။

ယင်းသို့ မိမိတို့လက်ဝယ် မြေယာမရှိတော့သော ဆင်းရဲသားလူတန်းစား ထံမှ အစိတ်အပိုင်းအချို့သည် အညာကျေးလက်မှ အောက်မြန်မာနိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မြို့ကြီးများသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်ကာ ပင်ပန်းဆင်းရဲကြီးစွာဖြင့် အရင်းရှင်တို့၏ သစ်စက်၊ ဆန်စက်များ၊ အလုပ်ရုံ၊ စက်ရုံကြီးများ၊ သတ္တုတွင်း 'မိုင်း'များတွင် လုပ်ကိုင်ရင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကြီးကို ကြိုးစားရှာဖွေခဲ့ရလေသည်။

လယ်ယာမြေများကို အချောင်ပိုင်ဆိုင်ရရှိသော မြေပိုင်ရှင်တို့ကား လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အခြေအနေ တိုးတက်ဖွံ့ဖြိုးရေး၌ လုံးဝ စိတ်မဝင်စားသောသူများပင် ဖြစ်လေသည်။ သူတို့၏ တစ်ခုတည်းသော စိတ်ဝင်စားမှုကား မြေပိုင်ရှင်ကြီးများအဖြစ် သီးစားခငွေကို အမြတ်ထုတ်ယူရန်ပင် ဖြစ်သည်။ တစ်ခါတစ်ရံ ၎င်းမြေပိုင်ရှင်များသည် သူတို့ပိုင် လယ်မြေများဆီသို့ လာရောက်တတ်ကြသည် မှန်၏။ သို့သော် သူတို့ အလိုရှိသော လယ်ယာအလုပ်ကိစ္စထက် ထမင်းမြိန်စား (ပစ်ကနစ်)ထွက်ရန်၊ အမဲလိုက်ရန်နှင့် တောသူမိန်းကလေးတွေကို ခြေတော်တင်ရန် ရည်ရွယ်ချက်တွေက ပို၍ များတတ်ပေသည်။

တစ်နည်းအားဖြင့် မြန်မာတောင်သူ လယ်သမားတွေအပေါ် စီးပွားရေးမတရားခေါင်းပုံဖြတ်ခြင်း စနစ်သည် တဖြည်းဖြည်း ဆိုးသထက် ဆိုးလာသည်ကို တွေ့ရပေသည်။

တရားဥပဒေအတိုင်း (စာဆိုအရ)ဆိုလျှင် နယ်အရာရှိများ၏ အာဏာများမှာ ကန့်သတ်ချက် စည်းကမ်းရှိပါ၏။ သို့ရာတွင် မြန်မာနိုင်ငံမှာ နယ်အရာရှိများ၊ မြေပိုင်ရှင်များ၊ ပွဲစားကြီးများသည် ၎င်းတို့၏ ဘက်တော်သားတရားရုံးများ၏ အကူအညီဖြင့် မလိုလားသူ ဆင်းရဲသား တစ်ယောက်၏ အသက်ကိုပင် ရန်ရှာနိုင်သည့် အခြေအနေ အခွင့်အရေး ရရှိခဲ့လေသည်။

*

ရှေးပဒေသရာဇ် ခေတ်ဟောင်းတွင် အာဏာရှိသူတို့က သက်ဦးဆံပိုင်တန်ခိုး အခွင့်အရေးရှိလျက် မညှာမတာ ရက်စက်စွာ လွှမ်းမိုးခဲ့သလို ယခုဗြိတိသျှ လက်ထက်တွင်လည်း စီးပွားစနေအင်အားက မညှာမတာ ရက်စက်စွာ လွှမ်းမိုး၍ လာလေသည်။

နယ်ချဲ့သမား၏ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားကြီးကား တောင်သူလယ်သမားတို့အား သီးနှံပျက်ခြင်း၊ ရေလွှမ်းခြင်း၊ အစာရေစာ ငတ်မွတ်ခြင်း၊ စပါးဈေး မတရား အနှိမ်ခံရခြင်း၊ ငွေတိုးကြီး မတရားယူခြင်း၊ အရာရှိများက



ညှဉ်းပန်းခြင်း စသော ဘေးအန္တရာယ် အပေါင်းမှ ကာကွယ်ပေးမည့်အစား ငွေရှင်ကြေးရှင် ကုန်သည်ကြီးများနှင့် ဘဏ်တိုက်ကြီးများကိုသာ အလုပ်အကျွေးပြုလျက် ရှိလေသည်။

ဗြိတိသျှအစိုးရ၏ ပုလိပ်အဖွဲ့ တရားရုံးများ၊ ရာဇဝတ်မှု၊ တရားမမှုဆိုင်ရာ ဥပဒေ ပုဒ်မများနှင့်တကွ အခွန်တော် ကောက်ခံရေး စနစ်ကြီးကပါ မြန်မာဆင်းရဲသား တောင်သူလယ်သမားတို့အား နာလံမထူနိုင်အောင် အနည်းနည်းအဖုံဖုံ ချုပ်ချယ်ညှဉ်းပန်းသည့် အခြေအနေမျိုး ဖြစ်နေလေသည်။

ယင်းသို့ မြန်မာလူများစုက ဆင်းရဲကျပ်တည်းမှုကြောင့်ပင်လျှင် ဗြိတိသျှခေတ် မြန်မာနိုင်ငံတွင် ရာဇဝတ်မှု၊ ဓားပြမှုများ၊ အဓိကရုဏ်းများ ပုန်ကန်ထကြွမှုများ မကြာခဏ ဖြစ်ပွားခဲ့ခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ဗြိတိသျှ နယ်ချဲ့စနစ်အား ပြည်သူလူထု၏ တန်ပြန်လှုပ်ရှားမှုများမှာ ပထမပိုင်းတွင် ကမ္ဘာ့နိုင်ငံရေးရာအနေနှင့် လုံးဝ ဆက်စပ်ခြင်းမရှိဘဲ တိုင်းတစ်ပါးက လာရောက်အုပ်စိုးခြင်းကို မနှစ်သက်သဖြင့် ကန့်ကွက်သည့်သဘောဖြင့် စည်းရုံးမှုစနစ်မကျစွာသော ပုန်ကန်ထကြွမှုများသာ ဖြစ်ခဲ့လေသည်။ များသောအားဖြင့်လည်း ၎င်းတို့မှာ မြန်မာတောင်သူလယ်သမားတို့၏ တော်လှန်ပုန်ကန်မှုများ ဖြစ်လေသည်။

ယင်းသို့ ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်သည့် ပုန်ကန်မှုအတော်များများကို ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၃ ခုနှစ်) ပြီးသည့်အချိန်မှစ၍ တွေ့ခဲ့ရပေသည်။

ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် တနင်္သာရီတိုင်းနှင့် ရခိုင်တိုင်းတို့သည် ဗြိတိသျှလက်အောက်ခံ ကိုလိုနီအစိတ်အပိုင်းများ ဖြစ်သွားတော့၏။ ၎င်းနယ်များရှိ တိုင်းရင်းသားလူထုကမူ ဗြိတိသျှတို့၏ အုပ်စိုးခြင်းကို မကျေနပ်။ ဆူဆူပူပူလုပ်ကြလျက် တနင်္သာရီတိုင်းတွင် အင်္ဂလိပ်တပ်များကို ပြန်လည်တိုက်ခိုက်သည့် တော်လှန်ပုန်ကန်မှု အရေးတော်ပုံ တစ်ခုပင် ပေါ်ပေါက်ခဲ့လေသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂ ခု) အပြီးတွင်လည်း မြစ်ဝကျွန်းပေါ်ဒေသမှ မြန်မာတိုင်းရင်းသား လူထု ၆၀၀၀ ကျော် စုရုံးပါဝင်သည့် တော်လှန်မှုတစ်ရပ် ဖြစ်ခဲ့သေးရာ ဗြိတိသျှစစ်တပ်က အချိန်ကာလ ၂ နှစ်ကျော်ကြာမျှ တိုက်ခိုက်နှိမ်နင်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ (မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်အစိုးရက သိမ်းပိုက်သည့် ၁၈၈၅ ခု) အပြီးတွင်မူ ခရိုင်ဒေသ အသီးသီးမှ လူထုခေါင်းဆောင်များသည် ဗြိတိသျှလက်အောက် အညံ့မခံဘဲ ၅ နှစ်တိုင်တိုင် လက်နက်ဆွဲကိုင် တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

ထို့နောက်တွင်လည်း ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးနေစဉ်အတွင်း နိုင်ငံအနှံ့အပြားတွင် တသီးပုဂ္ဂလ ခေါင်းဆောင်များက တစ်ဦးချင်းအနေနှင့် ဦးစီးတော်လှန်သည့် ပုန်ကန်ထကြွမှုများဖြစ်ခဲ့ရာ ၎င်းတို့အနက် အထင်ရှားဆုံးကား ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်အထိ ဖြစ်ပွားခဲ့သော (သာယာဝတီသူပုန်) အရေးတော်ပုံကြီးပင် ဖြစ်ပေသည်။ သို့ရာတွင် ပထမ ကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်း အခြေအနေများအရ နိုင်ငံရေးအသိဖြင့် မျိုးချစ်စိတ်ဓာတ် ပိုမိုပြည့်စုံသော တိုင်းရင်းသားနိုင်ငံရေး လှုပ်ရှားမှုတစ်ရပ်သည် ပေါ်ပေါက်လာခဲ့ရလေသည်။

၎င်းအမျိုးသားရေး စည်းရုံးမှု၊ လှုံ့ဆော်မှုနှင့် လှုပ်ရှားမှုများကို မြန်မာတိုင်းရင်းသား အရင်းရှင်ကလေးများနှင့် အရင်းရှင်ပေါက်စ လူတန်းစားက ခေါင်းဆောင်မှု ပေးခဲ့လေသည်။

ထိုအချိန်လောက်မှာပင် မြန်မာနိုင်ငံ၏ တောင်သူလယ်သမား ဆင်းရဲသားလူထုသည် ပစ္စည်းမဲ့ လူတန်းစား တစ်ရပ်အနေနှင့် ဖြစ်ပေါ်လာလေသည်။

များမကြာမီ ကျွန်ုပ်တို့သည် နိုင်ငံနှင့်အဝှမ်း ဖြစ်ပွားသော ကျောင်းသားသပိတ်၊ မီးရထား အလုပ်သမားသပိတ်၊ ရေနံမြေ အလုပ်သမားသပိတ် စသော သပိတ်အရေးတော်ပုံကြီးများ တစ်ခုပြီးတစ်ခု ပေါ်လာသည်ကို တွေ့ခဲ့ရပေသည်။

အနောက်နိုင်ငံများ၌ရှိသော (Trade Union)ခေါ် အလုပ်သမားများကို စည်းရုံးပေးသည့် သမဂ္ဂလုပ်ငန်းများ မြန်မာနိုင်ငံ၌ ပထမအကြိမ် ပေါ်ပေါက်လာသည်ကိုလည်း တွေ့ရပေသည်။ သို့သော် အင်အားများစွာ မကြီးသေးဘဲ တစ်နိုင်ငံလုံး၌ စည်းရုံးမှုလည်း မရှိသည့်အပြင် ခေါင်းဆောင်မှုပေးသူတွေမှာလည်း ပြုပြင်ရေးသမားဆန်သော အရင်းရှင်ပေါက်စ လူတန်းစားပင် ဖြစ်လေသည်။

မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရက အုပ်ချုပ်ခဲ့ပုံမှာ အကြမ်းသဘောအားဖြင့် အဆင့်သုံးဆင့်ခွဲ၍ အုပ်ချုပ်ခဲ့လေသည်။

၁။ ဗြူရိုကရေစီ အုပ်ချုပ်နည်းသက်သက်၊



၂။ ဗြူရိုကရေစီထက် အနည်းငယ် အဆင့်အတန်းမြင့်သော 'ဒိုင်အာခီ' အုပ်ချုပ်ရေး၊

၃။ ၁၉၃၇ ခုနှစ်က စတင်ခဲ့သော ၉၁ ဌာန အုပ်ချုပ်ရေးခေါ် ဒိုင်အာခီ အသွင်စာစ်မျိုးတို့ပင် ဖြစ်လေသည်။

အဆိုပါ အဆင့်သုံးဆင့်စလုံးတွင် ဗြူရိုကရေစီ အုပ်ချုပ်နည်းဖြင့်သာ အစစအရာရာ ချုပ်ကိုင်ထားလျက် ဒီမိုကရေစီ အရိပ်အရောင်ကို ပါးလွှာသော အပေါ်ယံ ဓာကလေးအဖြစ်သာ တွေ့ခဲ့ရပေသည်။

ဗြိတိသျှနယ်ချဲ့စနစ် လက်အောက်တွင် နိုင်ငံဖွံ့ဖြိုး တိုးတက်မှု အလျဉ်း မရှိခဲ့သည် မဟုတ်။ ရှိသင့်သလောက် ရှိခဲ့၏။ ဥပမာ ဗြိတိသျှ အုပ်ချုပ်ရေး လွယ်ကူရန်နှင့် စီးပွားရေး၊ ကုန်သွယ်ရေး အဆင်ပြေစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ အနှံ့အပြားတွင် မော်တော်ကားလမ်း၊ မီးရထားလမ်းတွေ ဖောက်လုပ်တည်ဆောက်ခဲ့၏။ ဤသို့ လမ်းပန်းအဆက်အသွယ် ရှိမှုကြောင့် မြန်မာတိုင်းရင်းသားများသည် တစ်နေရာမှ တစ်နေရာသို့ လွယ်လွယ်နှင့်မြန်မြန် သွားလာနိုင်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်ရင်းနှီးကြရာမှ စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူ ဖြစ်ခဲ့လေသည်။

ဗြိတိသျှနယ်ချဲ့စနစ် မြန်မာနိုင်ငံသို့ ဝင်လာသောအခါ ၎င်းတို့၏ စီးပွားရေး လက်ဝါးကြီးအုပ်မှုနှင့် အုပ်ချုပ်ရေး ယန္တရား လွယ်ကူအောင်မြင်ရန်အတွက် အုပ်ချုပ်ရေး အရာရှိကလေးများ၊ စာရေးစာချီများ၊ ကုန်သည်ပွဲစားယ်များ ပါဝင်သည့် တိုင်းရင်းသား လူလတ်တန်းစား တစ်ရပ်ကို လိုအပ်လာလေသည်။ ၎င်းလူတန်းစားကို ဗြိတိသျှတို့သည် ရေးပဒေသရာဇ် မြေပိုင်ရှင် အထက်တန်းစားတို့၏ အကြွင်းအကျန်များ၊ စီးပွားရေး ဝါသနာပါသော ကုန်သည်ပေါက်စများနှင့် မြို့နေလူတန်းစားတို့မှ ဆွဲယူစည်းရုံးခဲ့လေသည်။ ၎င်းတို့ကိုလည်း အင်္ဂလိပ်စာပေနှင့် ခေတ်ပညာ အနည်းငယ် သင်ပေးခြင်းအားဖြင့် ဗြိတိသျှတို့ အလိုရှိသော နိုင်ငံရေးအယူအဆ၊ အတွေးအခေါ်နှင့် ပညာရေးစနစ်ကို အလိုအလျောက် ပုံလောင်း ရိုက်သွင်းပြီးသားဖြစ်အောင် ကြံဆောင်ခဲ့လေသည်။

ဤနည်းအားဖြင့် ခေတ်မီ ပညာရေးစနစ်ကို ဗြိတိသျှတို့က မြန်မာနိုင်ငံသို့ သွင်းယူလာသောကြောင့် မြန်မာတိုင်းရင်းသား လူလတ်တန်းစားအဖို့ အကျိုးအခွင့်များ ရှိသင့်သလောက် ရှိခဲ့လေသည်။ အချို့မှာ စီးပွားရေး၌ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝလာ၍ အချို့မှာလည်း ဗြိတိသျှအစိုးရ လက်အောက်တွင် အရာရှိများအဖြစ် မင်းမှုထမ်းကြလေသည်။ စီးပွားရေး နယ်ပယ်၌ လူလတ်တန်းစားအချို့သည် ဗြိတိသျှ နယ်ချဲ့သမားများနှင့် လက်တွဲကာ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်ပွဲစားများ၊ ငွေတိုး ချေးစားသူများ၊ ကြွေးမပေးနိုင်သော လယ်ရှင်များထံမှ သိမ်းယူ၍ ရရှိသော မြေပိုင်ရှင်များ ဖြစ်လာကြလေသည်။ သို့ရာတွင် အချိန်ကာလ အတန်ကြာမြင့်လာသော အခါ၌မူ တဖြည်းဖြည်း တိုးတက်များပြားလာသော မြန်မာတိုင်းရင်းသား လူလတ်တန်းစား အားလုံး ကို ဗြိတိသျှနယ်ချဲ့စနစ်ယန္တရားက စေ့ငုအောင် အသုံးမချနိုင်သည့် အခြေအနေမျိုး ဆိုက်ရောက်လာလေသည်။

တစ်ဖန် ပထမကမ္ဘာစစ်ကြီး (၁၉၁၄ ခုနှစ်) စတင်ဖြစ်ပွားလာသော အခါ၌ ဗြိတိန်ပြည်သည် လက်အောက်ခံ ကိုလိုနီနိုင်ငံများအား စစ်ပွဲတွင် ပါဝင်ကူညီသည့်အတွက် တိုးတက်ပြီး တာဝန်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဗြိတိသျှ အင်ပိုင်ယာအတွင်းမှ နိုင်ငံကလေးများအား ပေးပါမည်ဟူသော ကတိဝန်ခံချက်ကို ပေးခဲ့ရလေသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံးသွားသော အခါ၌မူ အထက်ပါ ကတိစကားတို့ ပြည့်စုံအောင် လိုက်လျောခြင်း မရှိသည်သာမက စစ်ပွဲ၏ဂယက် ဒဏ်ချက်တို့သည် စီးပွားရေး၊ လူမှုရေးတို့၌ (အထူးသဖြင့် လူလတ်တန်းစားအပေါ်) သိသိသာသာကြီး ထိနိုက်စ ပြုလာသည်။

ထိုသို့ စီးပွားရေး ဆင်းရဲကျပ်တည်းမှုကို အကြောင်းပြုပြီး မြန်မာ တိုင်းရင်းသား လူလတ်တန်းစားတို့က လှုပ်ရှားမည် ကြံသောအခါ ဗြိတိသျှ နယ်ချဲ့ ဗျူရိုကရက်များနှင့် လူလတ်တန်းစား အထက်တန်းလွှာမှ လူများတို့၏ ပြင်းထန်သော ဖိနှိပ်မှု ရန်သတ္တရု ပြုမှုကို ရင်ဆိုင်တွေ့ကြုံရပြန်လေသည်။

ထို့ကြောင့် တွေဝေတုန်လှုပ်လျက်ပင် လူလတ်တန်းစား မျိုးချစ်ပုဂ္ဂိုလ်အချို့သည် တိုင်းရင်းသား လူထုကြီးထံသို့ ချဉ်းကပ်ရာမှ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ် အမျိုးသားရေးစိတ်ဓာတ်နှင့် လူထုစည်းရုံးရေးသည် စတင်ပေါ်ပေါက်ခဲ့လေသည်။ ထိုအချိန်က နိုင်ငံရေးဆိုသည်မှာ မတွေးအပ်၊ မလုပ်အပ်ဟု ယူဆသော ပြဿနာတစ်ခုဖြစ်လျက် နယ်ချဲ့သမားရော၊ မြန်မာ



လူလတ်တန်းစား၊ အထက်တန်းလွှာကပါ နိုင်ငံရေးနှင့် နိုင်ငံရေးသမားများကိုပါ အလွန်စက်ဆုပ် မျက်မုန်းကျိုးနေသည့် အခါကာလလည်း ဖြစ်လေသည်။

ဒီမိုကရေစီ လူမှုအခွင့်အရေး ဟူ၍ဂကား ထိုစဉ်အခါက မရှိသလောက် ဖြစ်ခဲ့ပေသည်။

လွတ်လပ်စွာ ပြုမူပြောဆို ရေးသားနိုင်ခွင့်များလည်း မရှိချေ။ ထိုခေတ်က ဗြိတိသျှ မျက်နှာဖြူတစ်ဦးနှင့် ယှဉ်တွဲလမ်းလျှောက် သို့မဟုတ် မျက်နှာဖြူတစ်ယောက် အခန်းထဲသို့ ဖိနပ်မချွတ်ဘဲဝင်ပြီး မျက်နှာကို စေ့စေ့ကြည့်ဝံ့သူကိုပင်လျှင် အလွန်သတ္တိကောင်းသော လူတစ်ယောက်ဟု ထင်မြင်ယူဆခဲ့ကြ၏။

ထိုစဉ်က မြန်မာနိုင်ငံ ဘုရင်ခံဖြစ်သော ဆာရယ်ဂျီနယ် ကရက်ဒေါက်အား ဆရာတော်ဦးဥတ္တမက 'ဟေ့... ကရက်ဒေါက် ပြန်သွားလော့'ဟု ဖြောင်ကြွေးကြော်လိုက်သောအခါ ပြည်သူလူထုကြီး တစ်ရပ်လုံးမှာ ကြက်သီးမွေးညှင်းများ ထလောက်အောင်ပင် စိတ်ဓာတ်တွေ တက်ကြွ၍ လာခဲ့ပေသည်။

ဤအဖြစ်အပျက်၏ နောက်ပိုင်းတွင်ကား မြန်မာ အမျိုးသားရေး လှုပ်ရှားမှုလုပ်ငန်းသည် အခက်အခဲ အနှောင့်အယှက်တွေကြားမှပင် တဖြည်းဖြည်း စတင်ပေါ်လာလျက် အသွင်တစ်မျိုးမဟုတ် တစ်မျိုးဖြင့် အဆက်မပြတ်အောင် အနည်းနည်း ကြံဖန်၍ ခရီးသွားခဲ့လေတော့သည်။

တစ်စတစ်စ တိုးတက်လှုပ်ရှားလာသော မြန်မာအမျိုးသား နိုင်ငံရေးအခြေအနေကြောင့် ဗြိတိသျှနယ်ချဲ့သမားသည် ပြည်သူ့လွတ်လပ်ခွင့်များနှင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို အသင့်အတင့် ပေးအပ်၍လာလေသည်။ သို့သော် ၎င်းတို့မှာ အပေါ်ယံကြော ဟန်ဆောင်အခွင့်အရေးများသာ ဖြစ်၍ တိုင်းရင်းသားလူထုက လုံးဝကျေနပ်ပုံ မရသောအခါ၌ကား ဗြိတိသျှ နယ်ချဲ့စနစ်၏ စေတနာ အသွေးအရောင်အမှန်သည် ဘွင်းဘွင်းပေါ်ပေါက်လာလေတော့၏။

ဖိနှိပ်မှု၊ ချုပ်ချယ်မှုတွေ တဖြည်းဖြည်း ပို၍ ကျင့်သုံးလာသည်ကို တွေ့ရလေတော့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကာလ တစ်လျှောက်လုံးတွင် ဖိနှိပ်ချုပ်ချယ်မှု တစ်ချက်လွှတ်ဥပဒေ အမိန့်တွေအောက်၌ ကျွန်ုပ်တို့သည် ပြားပြားဝပ် ခံခဲ့ရသည်။ တရားမျှတသော ဥပဒေစီရင်မှု မရှိဘဲ ထောင်သွင်း

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထားခြင်းလည်း ခံခဲ့ရ၏။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ထိုသို့ တစ်ခါက ဖမ်းဆီးချုပ်နှောင်ခြင်း ခံရဖူး၏။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလက ကျောင်းသားများသည် ရန်ကုန်မြို့အတွင်းဝန်ရုံးရှေ့သို့ စီတန်းလှည့်လည် လာသောအခါ ပုလိပ်အဖွဲ့က မြင်းနှင့်တိုက်၊ နံပါတ်တုတ်နှင့် ရိုက်သည်အထိ (ဗိုလ်အောင်ကျော် ကျဆုံးရသည့် အရေးတော်ပုံ) ရိုက်စက်စွာ ပြုမူသဖြင့် မြန်မာတစ်နိုင်ငံလုံး ကူးစက်ပြန့်ပွားသွားသော ကျောင်းသား၊ အလုပ်သမား၊ လယ်သမားတို့၏ သပိတ်အရေးတော်ပုံကြီးသည် ပေါ်ပေါက်လာခဲ့လေသည်။

**မှတ်ချက်။** ။ ၎င်း ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ မပေါ်ပေါက်မီ ၁၉၃၆ ခုနှစ် ကလည်း နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့ဖူးလေသည်။

အရေးတော်ပုံအတွင်း မန္တလေးမြို့၌လည်း ကျောင်းသားများ စီတန်းလှည့်လည် ဆန္ဒပြသည်ကို ပုလိပ်တို့က ရက်စက်စွာ သေနတ်နှင့် ပစ်ခတ်နှိမ်နင်းသဖြင့် အာဇာနည်အချို့ ကျဆုံးခဲ့ရရှာလေသည်။

ဤကား ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်အထိ ဗြိတိသျှနယ်ချဲ့သမားများက မြန်မာနိုင်ငံအား စိုးမိုးအုပ်ချုပ်ခဲ့ပုံ အကျဉ်းချုပ်ပင်တည်း။

*

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ ခုနှစ်၌ ဥရောပတိုက်တွင် စတင်ဖြစ်ပွားခဲ့လေသည်။

ဗြိတိသျှ နယ်ချဲ့သမားတို့ကား ဒီမိုကရေစီ လွတ်လပ်မှုအတွက် စစ်ပွဲကို တိုက်နိုက်နေရပါသည်ဟု ကမ္ဘာသို့ ကျယ်လောင်စွာ ကြွေးကြော်သော်လည်း မြန်မာနိုင်ငံ၌ ဒီမိုကရေစီ လွတ်လပ်မှုကို လက်တွေ့ကျင့်သုံးမှု မရှိသဖြင့် ကျွန်ုပ်တို့တတွေလည်း စစ်ဖြစ်လျှင်ဖြစ်ချင်း 'နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေး' လှုံ့ဆော်မှုများကို အပြင်းအထန် စည်းရုံးလုပ်ကိုင်ခဲ့ကြလေသည်။

သို့အတွက် ကျွန်ုပ်တို့အား ဗြိတိသျှ နယ်ချဲ့သမားက နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့၏။ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေး ရဲဘော်များကို ဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချခဲ့၏။ အချို့မှာ တရားရုံး၌ အမှုဆိုင်ရ၍ အချို့မှာမူ လုံးဝ တရားစီရင်မှု မရှိဘဲ ထောင်ကျခဲ့ရ၏။



ကျွန်ုပ်တို့ ပါဝင်လျက်ရှိသော နိုင်ငံရေးပါတီ (တို့ဗမာအစည်းအရုံး)မှ အရေးပါသော ခေါင်းဆောင်ဟူသမျှကို ဖမ်းဆီး၍ ထောင်ထဲထည့်ထားခဲ့၏။

ထိုအချိန်က ကျွန်ုပ်တို့ တစ်စုသာလျှင် မြန်မာနိုင်ငံ၌ တစ်ခုတည်းသော ဖက်ဆစ်ဆန့်ကျင်ရေး လက်ဝဲသမားအုပ်စု ဖြစ်ခဲ့လေသည်။

ဤအချက်ကို ကျွန်ုပ် ရှင်းပြရခြင်းကား စစ်ကြိုခေတ် မြန်မာနိုင်ငံ၌ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လက်ဝဲဝါဒဖြန့်မှု အနည်းငယ်ရှိသည်ကို ကျွန်ုပ်တို့ အစုကသာ လှုံ့ဆော်ဖြန့်ချိခဲ့ကြောင်းနှင့် နိုင်ငံခြား (ဘုရားတော်ပြည်နှင့် စပိန်ပြည်)၌ ဖက်ဆစ်ဝါဒ ထိုးဖောက်ကျူးကျော်နေသည်ကို အပြင်းအထန် ရှုတ်ချသည့် ဝါဒဖြန့် လှုံ့ဆော်မှု ကြွေးကြော်မှုများကို ကျွန်ုပ်တို့ကသာ ဦးစီးဆောင်ရွက်ခဲ့ကြောင်း ဖော်ပြလို၍ ဖြစ်ပေသည်။

ထိုအချိန်က ဗြိတိသျှ နယ်ချဲ့စနစ်မှာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖက်ဆစ်ဝါဒကို အားပေးထောက်ခံခဲ့ကြောင်း အားလုံးအသိ ဖြစ်ပေလိမ့်မည်။

မြားမကြာမီ ကျွန်ုပ်ကိုပါ ဗြိတိသျှအစိုးရက ဖမ်းဆီးချုပ်နှောင်တော့မည်ဟု သတင်းကို အတိအကျ ကြားရလေတော့သည်။

ကျွန်ုပ်အဖို့မှာ အဖမ်းခံရပြီး ထောင်ထဲသွားနေ၍ အကျိုးရှိနိုင်မည် မဟုတ်ဟု ယူဆလျက် ကိုယ်ရောင်ဖျောက်ကာ 'မြေအောက်'သို့ လျှိုးသွားခဲ့လေသည်။

ထိုအခိုက်တွင် မမျှော်လင့်သော အကြောင်းတစ်ရပ်သည် ရှောင်တခင် ပေါ်ပေါက်၍လာလေသည်။

မြန်မာ့ထွက်ရပ်ဂိုဏ်းကြီးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဒေါက်တာဘမော် (ယခု မဟာကမ္ဘာ) နှင့် ဒေါက်တာသိန်းမောင် (ကွယ်လွန်) တို့က အကယ်၍ အလိုရှိပါက ကျွန်ုပ်တို့သည် ဂျပန်၏ အကူအညီကို ရရှိနိုင်ကြောင်း သတင်းပေးကြလေသည်။ ကျွန်ုပ်တို့ လူသိုက်ကလည်း ချက်ချင်းလိုပင် စုရုံးစည်းဝေးကာ ဂျပန်အကူအညီကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြလေသည်။

ကျွန်ုပ်တို့အားလုံး သဘောတူညီကြသည့် အချက်တစ်ချက်မှာ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရာတွင် အနည်းဆုံး နိုင်ငံခြားသို့ ဝါဒဖြန့်မှု ရရှိဖြစ်မြောက်ရန် လိုအပ်ပေသည်ဟူသော အချက်ပင်ဖြစ်သည်။ တစ်ဖန် ထိုထက် တစ်ဆင့်တိုး၍ နိုင်ငံခြား အကူအညီကို ရရှိမည်ဆိုကလည်း ပို၍ပင် သင့်လျော်ကောင်းမွန်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်တို့ သဘောရခဲ့ကြပေသည်။ အထက်ပါ အချက်အလက်များ ပြည့်စုံစွာ ရရှိရေးအတွက် မြန်မာနိုင်ငံ အတွင်းမှနေ၍ ကြံစည်ရန် လုံးဝမဖြစ်နိုင်ကြောင်းကိုလည်း ကျွန်ုပ်တို့ သဘောတူ စဉ်းစားမိခဲ့ကြသည်။ ကျွန်ုပ်တို့ လူငယ်နိုင်ငံရေးသမားထဲက ယိုးဒယား၊ ဂျပန် သို့မဟုတ် တရုတ်ပြည်များသို့ ကိုယ်တိုင်သွားရောက်ရမှလည်း ဖြစ်နိုင်စရာအကြောင်း ရှိပေသည်။

ပထမသော် ကျွန်ုပ်တို့နှင့် လျှို့ဝှက်စွာ ဆက်သွယ်မှု ရှိပြီးသော တရုတ်ပြည်သို့သွားရန် ကြံစည်ကြ၏။ သို့သော် ၁၉၄၀ ပြည့်နှစ် ပြင်သစ်ပြည် ဂျပန်လက်သို့ ကျဆုံးပြီးနောက် ဂျပန်အစိုးရ၏ တင်းမာစွာ တောင်းဆိုချက်အရ တရုတ်–မြန်မာ လမ်းမကြီးကို ဗြိတိသျှ အစိုးရက ပိတ်ပေးလိုက်ရသဖြင့် ကျွန်ုပ်တို့တွင် အခက်ကြုံသွားတော့သည်။

ကျွန်ုပ်တို့ကိုယ်တိုင်၏ သဘောအရဆိုလျှင်ကား မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီနှင့် မြန်မာနိုင်ငံ ပြင်ပသို့ ဝါဒဖြန့်ချိရေး လိုအပ်သည်မှာ မှန်သော်လည်း တကယ့်အဓိက လုပ်ငန်းဖြစ်သော ပြည်သူလူထုအား လွတ်မြောက်ရေး လှုပ်ရှားမှုအတွက် စနစ်တကျ စည်းရုံးရေးကိုမူ မြန်မာနိုင်ငံအတွင်းမှာ အင်တိုက်အားတိုက် လုပ်ကြရမည်ဟု ထင်မြင်မိခဲ့လေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ကိုယ်တိုင် စဉ်းစားရေးဆွဲထားသော အစီအစဉ်တစ်ခုလည်း ရှိခဲ့လေသည်။ ကျွန်ုပ်၏ အစီအစဉ်ကား အောက်ပါအတိုင်းပင်တည်း။

မြန်မာနိုင်ငံ တစ်ဝှမ်းလုံး ပြည်သူလူထုကြီးကို လှုံ့ဆော်စည်းရုံး၍ မြန်မာ့ရေးရာ၊ နိုင်ငံတကာရေးရာ အခြေအနေများအရ ဗြိတိသျှနယ်ချဲ့စနစ်အား ဆန့်ပြတော်လှန်သည့် လူထုလှုပ်ရှားမှုများ ပြုလုပ်ပေးရမည်။ မြန်မာတောင်သူလယ်သမား၊ အလုပ်သမားများကိုလည်း စည်းရုံးသိမ်းသွင်း၍ ဆန့်ပြ သပိတ်မှောက် အရေးတော်ပုံများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ဖန်တီးပေးရမည်။

ပြည်သူလူထုကြီးအနေနှင့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန် တက်ကြွလာစေမည့် ညီလာခံ စည်းဝေးပွဲများ၊ စီတန်းလှည့်လည် ဆန့်ပြခြင်းများ စသည်တို့ကို စစ်သွေးစစ်မာန် စိတ်ဓာတ်အားပေး ဝါဒဖြန့်ချိမှုများကို စနစ်တကျ စည်းရုံးပြုလုပ်ပေးရမည်။

တစ်ဖန် အင်္ဂလိပ် ကုန်ပစ္စည်းများကို သပိတ်မှောက်ရေး၊ လူထုအနေနှင့် တညီတညွတ်တည်း အခွန်တော်ငွေ မပေးဆောင်ရေး လှုံ့ဆော်မှုများကို



လည်း ဗြိတိသျှ နယ်ချဲ့စနစ်အား ထိုးစစ်ဆင်သည့်သဘောဖြင့် ပြင်းထန်စွာ ခေါင်းဆောင်မှု ပြုလုပ်ပေးရမည်။ ၎င်းအစီအစဉ်ကို တစ်ဖက်က နယ်ချဲ့သမားတို့၏ စစ်တပ်နှင့် ပုလိပ်အဖွဲ့ကို ပြောက်ကျားထိုးစစ်ဖြင့် အနှောင့်အယှက်ပေး၍ အထောက်အကူ ပြုပေးရဦးမည်။ ဤနည်းအားဖြင့် နောက်ဆုံးအဆင့်တွင် မြန်မာနိုင်ငံရှိ ဗြိတိသျှအုပ်ချုပ်ရေး စက်ယန္တရားကြီးသည် လုံးဝ ရပ်စဲကာ လှုပ်ရှားခြင်း မပြုနိုင်တော့သည့် အခြေအနေသို့ ရောက်စေကာ ကျွန်ုပ်တို့က အာဏာကို လက်ဝယ်သိမ်းပိုက်မိအောင် ကြံစည်ကြရန်ပင် ဖြစ်တော့သည်။

ထိုအချိန်က ဗြိတိသျှစစ်တပ်မှ မျက်နှာဖြူ မဟုတ်သော တိုင်းရင်းသားစစ်သည်များကိုပင် ကျွန်ုပ်တို့ဘက်သို့ ဝင်ရောက်ပူးပေါင်းလာနိုင်မည့် အလားအလာကိုပါ ကျွန်ုပ်တို့က ထည့်တွက်ထားခဲ့သေး၏။

*

အဆိုပါ အစီအစဉ်နှင့်ယှဉ်လျက် ဂျပန်တို့၏ အကူအညီကိုပါ ကျွန်ုပ်စိတ်ကူးမြင်ယောင်ခဲ့လေသည်။ သို့သော် ကျွန်ုပ်တို့၏ ဦးနှောက်ထဲ၌ ဂျပန်အကူအညီ ပြဿနာကို တိကျပြတ်သားစွာ မမြင်ခဲ့ချေ။

ရှင်းရှင်းနှင့် ဘွင်းဘွင်း ဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်နှင့်တကွ မြန်မာနိုင်ငံရေး လူငယ်ခေါင်းဆောင်များ အားလုံးမှာ (နောက်ပိုင်းကျတော့မှ ကျွန်ုပ်တို့ ကြုံမြင်ခဲ့ပါတယ်၊ ဘာညာနှင့် ပြောချင်ပြောတတ်လင့်ကစား) ထိုအချိန်က ဂျပန်နှင့် ပူးပေါင်းရေးကိစ္စကို ရှင်းလင်းပြတ်သားစွာ ဝေဖန်သိမြင်ခြင်းငှာ မစွမ်းခဲ့ပေ။ နောက်ပြီး ထိုစစ်ကြိုခေတ်က ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်၏ အပြင်ဘက်ရှိ လက်ဝဲအင်အားစု ဟူသရွေ့မှာ သဘောတရားရေးနှင့် ပဓာ်သက်၍ ရှင်းလင်းပြတ်သားခြင်း မရှိဘဲ ယောင်ဝါးရှုပ်ထွေးသော အတွေးအခေါ်များသာ ရှိခဲ့လေသည်။

ကျွန်ုပ်အဖို့ကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခြေအနေအမှန်ကို ကောင်းမွန်ရှင်းလင်းစွာ တွေးယူစိတ်ကူး၍ မရခဲ့ချေ။ ကျွန်ုပ်၏ စီမံကိန်းရေးဆွဲစဉ်ကမူ...

'ဂျပန်ပြည်က မြန်မာနိုင်ငံသို့ ကျူးကျော်တိုက်ခိုက်လာခြင်းကို ကြိုတင်တားဆီး၍ ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်ကို 'လွတ်လပ်သော မြန်မာနိုင်ငံ'ဟု ဖွဲ့စည်းတည်ထောင်ရမည်။ ပြီးမှ ဂျပန်တွေ မြန်မာနိုင်ငံထဲမရောက်မီ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့က ဂျပန်အစိုးရနှင့် ဆွေးနွေးစကားဆိုရမည်။ ဂျပန်စစ်တပ်တွေ မြန်မာနိုင်ငံသို့ ဝင်လာခြင်းကို မတားဆီးနိုင်မှသာ ကျွန်ုပ်တို့က ဂျပန်အား ပြန်၍တော်လှန်ရန် ပြင်ဆင်မှုများ ပြုလုပ်ရမည်'ဟူ၍သာ ရေးဆွဲထားခဲ့လေသည်။

အထက်ပါ ကျွန်ုပ်၏ စီမံကိန်း အကြံအစည်ကို ကျွန်ုပ်ကိုယ်တိုင်ကတော့ ဟုတ်လှပြီဟု ကျေနပ်နေမိသော်လည်း ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်ရဲဘော်များထဲက နှစ်ခြိုက်လက်ခံမည့်သူ နည်းလှကြောင်း တွေ့ရပေသည်။ ဤကား အခြားကြောင့်မဟုတ်။ အရင်းရှင်ပေါက်စ လူတန်းစားမှလာသည့် ကျွန်ုပ်တို့၏ လူတန်းစားညဥ့်က လူတွေကို အပြောကောင်းသလောက် အလုပ်ကျတော့ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရာ၌ တိကျပြတ်သားခြင်းမရှိဘဲ ဖင့်နွှေးတွေဝေအောင် ဖန်တီးလျက် ရှိသောကြောင့်ပင်ဖြစ်သည်။ ၎င်းလူတန်းစားညဥ့်ကပင် ခက်ခဲပြီး အချိန်ကြာမြင့်စွာ ပြုလုပ်ရမည့် လူထုစည်းရုံးမှု၊ လှုံ့ဆော်မှုလုပ်ငန်းများအပေါ် စိတ်မရှည်ခြင်း၊ စိတ်ပျက်ခြင်းများ ဖြစ်ပေါ်စေခဲ့၏။ များသောအားဖြင့် ကျွန်ုပ်တို့ လူငယ်ခေါင်းဆောင်များမှာ လူထုစည်းရုံးရေးနှင့် လူထုလှုပ်ရှားမှုအကြောင်းကို အာဘောင်အာရင်းသန်သန်နှင့် ပြောတတ်ကြသလောက် ပြည်သူလူထု၏ စည်းရုံးမှုအင်အားနှင့် တန်ဖိုးကို ကောင်းစွာသဘောမပေါက်ခဲ့ကြပေ။ ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစား အသိကြောင့် လူထုစည်းရုံးမှု အင်အားကိုလည်း ယုံကြည်အားကိုးခြင်း ကင်းမဲ့ခဲ့ကြလေသည်။

ထို့ကြောင့်ပင် ကျွန်ုပ်၏ အစီအစဥ်တွင်ပါသော ပြောက်ကျားစစ်ဆင်မှုကို လက်နက်မရှိဘဲ မည်သို့ဖြစ်နိုင်မည်နည်းဟု ရဲဘော်အချို့က ဝိုင်းမေးသောအခါတွင် ကျွန်ုပ်က...

'ဓားပြတိုက်တဲ့ လူတွေတောင် လက်နက်ရအောင် ကြံနိုင်လို့ရှိရင် ကျုပ်တို့လို စနစ်တကျ စည်းရုံးမှုရှိတဲ့ လူတွေအဖို့ ဘာဖြစ်လို့ မရနိုင်ရမှာလဲ' ဟု ဖြေခဲ့ရသေး၏။

တကယ်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ လူတစ်ရာခန့် ပါဝင်သော ဓားပြဂိုဏ်းကြီး တစ်ခုရှိလျှင် ပြောက်ကျားစစ်တပ်ကလေး တစ်တပ်လောက် အင်အားရှိနိုင်သည် မဟုတ်ပါလော။

နောက်ဆုံးတွင် ကျွန်ုပ်တို့အထဲမှ တစ်ယောက်ယောက်က နိုင်ငံခြားသို့ လျှို့ဝှက်စွာ ထွက်သွားရန် သဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။



၎င်းကိစ္စနှင့် ပတ်သက်၍လည်း ကျွန်ုပ်တစ်ယောက်သာ လျှို့ဝှက်စွာ 'မြေအောက်'၌ နေထိုင်ရခိုက်ဖြစ်၍ ကျွန်ုပ်ကိုပင် နိုင်ငံခြားသို့ စေလွှတ်ရန် ရွေးချယ်ခဲ့ကြ၏။

ထိုအတောအတွင်း ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာဘမော်မှတစ်ဆင့် ဂျပန်တို့က ကူညီရန် အသင့်ရှိကြောင်း စကားကမ်းလှမ်းချက် ရောက်လာလေသည်။

ကျွန်ုပ်တို့က အတန်ငယ် စဥ်းစားနေပြီးနောက် ဂျပန်၏ အကူအညီလက်ခံရန် သဘောတူလိုက်ကြသည်။ သို့သော် ချက်ချင်းလိုပင် စိတ်ပျက်ဖွယ်ရာ တွေ့ကြုံရပုံကား ဂျပန်တို့က ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းနေခြင်းပင် ဖြစ်လေသည်။ နောက်မှ သိရသည်မှာ ဂျပန်တို့သည် စောစောပိုင်းက ကျွန်ုပ်တို့တတွေအား ဗိုလ်ရှီဗစ် (ကွန်မြူနစ်)တွေဟု ထင်မှတ်ပြီး အတူလက်တွဲလုပ်ကိုင်ရန် ရုတ်တရက် ဝန်လေးနေသည်ဟူ၍ပင် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့က ဂျပန်အလာကို မစောင့်တော့ဘဲ ကျွန်ုပ်ကိုပင် တရုတ်ပြည်သို့ လျှို့ဝှက်စွာ စေလွှတ်လိုက်တော့သည်။ မြန်မာနိုင်ငံ၏ ကောင်းကျိုးအတွက် ကျွန်ုပ် သဘောကျသလို အသုံးပြုနိုင်ရန်လည်း ငွေအကန့်အသတ်မရှိ ထုတ်နိုင်သော ဘဏ်ချက်လက်မှတ် တစ်စောင်ကို ရဲဘော်များက ကျွန်ုပ်အား ပေးလိုက်လေသည်။

ကုန်းကြောင်းခရီးမှ သွားရသည့် တရုတ်–မြန်မာ လမ်းမကြီးမှာ ထိုအချိန်က ပိတ်ထားလိုက်ပြီဖြစ်၍ ကျွန်ုပ်မှာ ပင်လယ်ခရီးဖြင့် တရုတ်ပြည်သို့ သွားခဲ့ရရာ ထိုသို့ ရေလမ်းမှ သွားရခြင်းကြောင့်ပင်လျှင် နောက်ပိုင်းတွင် ဂျပန်တွေနှင့် တွေ့ဆုံဆက်သွယ်မိစေသည့် အကြောင်းတစ်ရပ် ဖြစ်ခဲ့လေသည်။

ပင်လယ်ရေကြောင်းခရီးဖြင့် သွား၍ ကျွန်ုပ်သည် တရုတ်ပြည်မအလယ်သို့ မရောက်နိုင်ကြောင်းနှင့် သင်္ဘောဖြင့် တရုတ်ပြည် ကမ်းရိုးတန်း အမွိုင်မြို့အထိသာ ရောက်နိုင်မည့် အကြောင်းကိုလည်း ကျွန်ုပ် စုံစမ်းသိရပေသည်။ အမွိုင်မှတစ်ဆင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခွင့် ရရန်ကိုမူ ကျွန်ုပ်၏ ပင်ကိုယ်ဉာဏ်နှင့် အစွမ်းအစပေါ်တွင် တည်နေတော့၏။

ကျွန်ုပ်သည် အမွိုင်မြို့ရှိ ကူလန်ဆန်ကျွန်းခေါ် နိုင်ငံခြားသားများ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာအရပ်၌ ခေတ္တတည်းခိုနေရင်း တရုတ်ပြည်မအတွင်းသို့ ဝင်ရောက်ရန် ကြံစည်ကြိုးစားနေခိုက် မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏ ရဲဘော်များသည် ဂျပန်တို့နှင့် ဒုတိယအကြိမ် လျှို့ဝှက်စွာ ဆက်သွယ်မိကြပြန်သည်။

ထိုဆက်သွယ်မှုကြောင့် ရက်များ မကြာမီ ကျွန်ုပ်သည် ဂျပန်ပြည် တိုကျိုမြို့တော်သို့ ရောက်သွားလေတော့သည်။

*

တိုကျိုမြို့တွင် ကျွန်ုပ်သည် အဆိုးထဲမှ အကောင်းကို ကြံဖန်ရှာဖွေခဲ့ရလေသည်။

မြန်မာနိုင်ငံမှ ထွက်ခွာ၍မလာမီ ကျွန်ုပ်သည် ဂျပန်ပြည်အကြောင်းနှင့် ပတ်သက်သည့် စာအုပ်စာတမ်း အချို့ကို ဖတ်ဖူးရာ ထိုစာအုပ်များတွင် ဂျပန်တို့ မကောင်းကြောင်းတွေ ရေးသားထားသမျှမှာ တကယ့်အဖြစ်အပျက်ထက် ဂျပန် ဆန့်ကျင်ရေး ဝါဒဖြန့်မှုတွေက ပို၍ များပေလိမ့်မည်ဟု မိမိကိုယ်ကို နှစ်သိမ့်ခဲ့ဖူး၏။

မည်သို့ပင်ဖြစ်စေ တိုကျိုမြို့၌ ကျွန်ုပ်တို့၏ ပထမဆုံး အတွေ့အကြုံကို ဖော်ပြရမည်ဆိုလျှင် ဂျပန်များသည် သိပ်ပြီးမဆိုးပါဟု ဆိုရပေမည်။ ကျွန်ုပ်နှင့် လျှို့ဝှက်စွာ တွေ့ကြုံသိကျွမ်းရသော ဂျပန်လူမျိုးများမှာ အထူးရည်မွန်သိမ်မွေ့လျက် ဆက်ဆံရာ၌လည်း ကျွန်ုပ်တို့ မြန်မာအချင်းချင်းကဲ့သို့ပင် လွယ်ကူပြေပြစ်ခဲ့သဖြင့် ကန့်ကွက်စရာ အပြစ်ဆိုစရာ မရှိသလောက် ဖြစ်ခဲ့လေသည်။

ကျွန်ုပ် တိုကျိုမြို့သို့ ရောက်သွားသော (၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) နေ့တွင် ဂျပန်အင်ပိုင်ယာ နှစ်ပေါင်း ၂၆၀၀ ပြည့်သည့် အထိမ်းအမှတ် အခမ်းအနား သဘင်ကြီးတစ်ခုကို အလွန်ကြီးကျယ် ခမ်းနားစွာကျင်းပလျက် ရှိလေသည်။ နောက်နေ့တွင် ကျွန်ုပ်ကို ဂျပန်ဘုရင်၏ နန်းတော်ရှိရာသို့ ခေါ်သွားသဖြင့် မြောက်မြားစွာသော ဂျပန်လူမျိုး ယောက်ျား၊ မိန်းကလေး သူငယ်များနည်းတူ ကျွန်ုပ်သည်လည်း နန်းတော်ဘက်သို့ ဦးညွှတ်၍ လေးပြခဲ့ရသေးသည်။

ဤအချက်ကို ကျွန်ုပ်သည် ထူးထူးထွေထွေ လေးနက်စွာ မတွေးခဲ့ချေ။ စင်စစ် ကျွန်ုပ် ဂျပန်ကေရာဇ်အား နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ် ဘုရင်မင်းမြတ် တစ်ဦးအနေနှင့် လေးစားသင့်သည်ဟု ခမ္မခိဋ္ဌာန် ဦးညွှတ်အလေးပြု



ခဲ့ကြောင်းသာဖြစ်ရာ ထိုသို့ ပြုမူခြင်းအားဖြင့် ဂျပန်ဘုရင်၏ သစ္စာတော်ခံပျူလိုသော ရည်ရွယ်ချက်သဘော စိုးစဉ်းမျှ မရှိခဲ့ချေ။

အကြောင်းမူကား ကျွန်ုပ်အနေနှင့် သက်ဦးဆံပိုင် ဘုရင် အုပ်စိုးခြင်းစနစ်ကို မည်သည့်နည်း မည်သည့်ပုံမျိုးပင်ဖြစ်စေ လုံးဝ နှစ်သက်သဘောကျခြင်း မရှိသောကြောင့်ပင်တည်း။

ထို့နောက် ကျွန်ုပ်တို့၏ လုပ်ငန်း အစီအစဉ်များကို စကြရလေတော့သည်။

တဖြည်းဖြည်းနှင့် ကျွန်ုပ်လည်း ဂျပန်အကြောင်း (အထူးသဖြင့် ဂျပန်စစ်မက်ဝါဒအကြောင်း)ကို ပိုမိုသတိရှိ သဘောပေါက်လာလေသည်။

ဤနေရာ၌ ဂျပန်နှင့် ကျွန်ုပ်တို့ အလုပ်ကိစ္စ မည်သို့ စခန်းသွားခဲ့သည်ကို မပြောပြမီ ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူနေမှု စနစ်အကြောင်း အနည်းငယ် ဖော်ပြလိုပေသည်။

တိုကျိုမြို့တွင် ၂ ရက်၊ ၃ ရက်ခန့် နေပြီးသော် ကျွန်ုပ်တို့အား မြို့ပြင် ကျေးလက်ဒေသရှိ ဟိုတယ်တစ်ခုသို့ ခေါ်သွားလေသည်။

ကျွန်ုပ် တစ်ခုပြောပြရန် မေ့လျော့ကျန်ရစ်သည်ကား ဂျပန်ပြည်သို့ သွားရောက်ရာ၌ ကျွန်ုပ်အား လက်ခံပြုစုမည့် 'အိမ်ရှင်'မှာ ကာနယ်ဆူဇူကီး (နောက်တော့ ဗိုလ်မိုးကြိုး ဖြစ်လာသူ) ဆိုသူပင်ဖြစ်သည်။ တိုကျိုလေဆိပ်၌ သူနှင့် ပထမအကြိမ် တွေ့ဆုံစဉ်က သူ့အား ဂျပန်–မြန်မာအသင်း၏ အတွင်းရေးမှူးချုပ် (မစ္စတာမီနာမီ)ဟု အရပ်သားတစ်ယောက်အဖြစ်သာ မိတ်ဆက်ပေးခဲ့သည်။

မြို့ပြင် ဟိုတယ်သို့ ရောက်သောအခါ ကာနယ်ဆူဇူကီးက ကျွန်ုပ်အား ပျော်ပါးရန် မိန်းမယူမလားဟု မေးတော့၏။

ထိုအချိန်က ကျွန်ုပ်မှာ တကယ့်လူပျိုစစ် အရိုင်းသက်သက်တစ်ယောက် ဖြစ်သေးသည့်အလျောက် ဆူဇူကီး၏စကားကို ကြားရသောအခါ အလွန်ရှက်သွေးမွှန်သွားမိပြီး...

'မလိုချင်ပါဘူး၊ နေပါစေ'ဟုသာ ပြန်ပြောလိုက်လေသည်။ ထိုစဉ်အခါက ကာနယ်ဆူဇူကီးက...

'ဒါရှက်စရာကိစ္စ မဟုတ်ပါဘူး မိတ်ဆွေတို့၊ ခင်ဗျားတို့ ကျုပ်တို့ ရေချိုးသလို သာမန် အလုပ်တစ်ခုပါပဲ'ဟု ပြောပြန်သည်။ ကျွန်ုပ်တို့ကမူ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ကြောင်းနှင့် ယင်းသို့ မိန်းမနှင့်ပျော်ပါးရန် အလိုမရှိကြောင်းသာ ပြန်ပြောလိုက်ရလေသည်။

ကျွန်တော်၏ စိတ်ထဲ၌ကား...

'အင်း... ဒီဂျပန်တွေက ငါတို့ကို ပထမအဆင့် အနေနဲ့ စိတ်ဓာတ် ပျက်ပြားအောင် လုပ်တာပါပဲလား'ဟု တွေးမိလိုက်ပြန်ပါသည်။

တိုကျိုမြို့သို့ ပြန်ရောက်သော အခါ၌လည်း ဂျပန်တွေက ပြည့်တန်ဆာ အိမ်သို့ ခေါ်ပြန်သည်။ သို့သော် ကျွန်ုပ်တို့က ခရီးပန်းလာ၍ မပျော်ပါးလိုပါ၊ ဟိုတယ်ပြန်ပြီးသာ အိပ်ချင်ကြကြောင်း ဖွတ်အတင်း ငြင်းပယ်တော့မှ ဟိုတယ် သို့ ပြန်အိပ်ခွင့်ရလေသည်။

ထိုအဖြစ်အပျက် ပြီးသွားသည့်နောက်တွင်မူ ကျွန်ုပ် မြန်မာနိုင်ငံသို့ လှို့ဝှက်စွာ ပြန်လာသည်အထိ ကျွန်ုပ်အား မိန်းမနှင့် ပျော်ပါးရန် စကားမခေါ် တော့ချေ။

ကာနယ်ဆူဇူကီးက ပျော်ပါးရန် မိန်းမတွေ နေကြသော ရပ်ကွက် အဆင်သင့်ရှိကြောင်း ပြောပြတော့မှ ကျွန်ုပ်တို့ ယခင်က စာအုပ်ထဲဖတ်ဖူးသော ဂျပန်မိန်းမများ အကြောင်းကို ကိုယ်တိုင်သိရှိ နားလည်ခွင့် ရလာပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ အဖြစ်ကလေး တစ်ခုလည်း ရှိသေး၏။

တစ်နေ့ ကျွန်ုပ်တို့ တည်းခိုသော ဟိုတယ်မှ ရပ်ရည်သန့်ပြီး မိကောင်း ဖခင် သားသမီးတစ်ယောက် ဖြစ်ဟန်တူသော ၁၆ နှစ်အရွယ် မိန်းကလေး စားပွဲထိုးတစ်ယောက်သည် လက်ဖက်ရည်ပွဲကို လာချစဉ် ကာနယ်ဆူဇူကီးက ထိုမိန်းကလေးအား ပြည့်တန်ဆာမအိမ် ဘယ်နားမှာ ရှိသလဲဟု ခပ်အေးအေး မေးလိုက်လေသည်။

ကျွန်ုပ်တို့အနေနှင့် ကိုယ့်သိက္ခာကို ရှိသေသူမှန်သမျှ မပြောသင့်သော စကားကို ထိုသို့ ပြောင်ပြောင်ပြောချလိုက်ခြင်းကြောင့် ကျွန်ုပ်တို့မှာ အံ့အားသင့် တုန်လှုပ်သွားမိကြလေသည်။

သို့သော် ကာနယ်ဆူဇူကီးရော အမေးခံရသူ မိန်းကလေးကပါ လုံးဝ ထူးခြားပျက်ခြင်း မရှိခဲ့ပေ။

နောက်ရက်အနည်းငယ်ကြာ၍ ကျွန်ုပ်တို့သည် အခြားကျေးရွာတစ်ရွာ ရှိ ဟိုတယ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရသော အခါ၌လည်း ဂျပန်လူမျိုးတို့က



သူတို့၏ အမျိုးသမီးများကို မည်သို့ သဘောထား ဆက်ဆံပုံကို ပိုမိုလေ့လာ သဘောပေါက်ခွင့် ရပြန်လေသည်။

တစ်ခါသော် ကျွန်ုပ်တို့သည် ဟိုတယ်ဆိုင် တစ်ခု၌ စားသောက်ဖွယ် မှာယူစားသောက်လျက်ရှိစဉ် ကိုရီးယား အမျိုးသားသည်လည်း ထိုဆိုင်တွင်း၌ ရှိနေလေသည်။

ကျွန်ုပ်အဖို့ကား ကိုရီးယားမှန်း၊ ဂျပန်မှန်း ခွဲခြား၍ မသိရာ ကာနယ် ဆူဇူကီးက ထိုကိုရီးယား အမျိုးသားဘက်သို့ လက်တစ်ဖက်မြှောက်ပြီး ရပ်ပြ လိုက်တော့မှ အံ့အားသင့်သွားမိပါသည်။

ထိုသူ ပြုမူချက်၏ အဓိပ္ပာယ်ကို နားလည်ပါ၏လောဟု ကာနယ်ဆူဇူကီး ကမေး၍ ကျွန်ုပ်တို့က နားမလည်ကြောင်း ပြန်ပြောသောအခါ သူက...

'ဒါဟာ ကျွန်ုပ်တို့ နိပွန်လူမျိုးအနေနဲ့ ကိုရီးယားလူမျိုးတွေကို ရှုတ်ချ တဲ့သဘောပဲ၊ ကိုရီးယားလူမျိုး တစ်ယောက်တွေ့တိုင်းတွေ့တိုင်း ကျွန်ုပ်တို့ရဲ့ မနှစ်မြို့ မလိုလားတဲ့ပုံကို အဲဒီလို ပြကြတာပဲ၊ ကျုပ်အဖေဆိုရင် ကိုရီးယား တစ်ယောက် သူ့နားမှာ မြင်တာနဲ့ ချက်ချင်း မောင်းပစ်လိုက်တာပဲ'ဟု ပြန် ပြောလေသည်။

ကျွန်ုပ်အဖို့မှာ ၎င်းအခြင်းအရာကို မြင်ခြင်းအားဖြင့် ဂျပန်က ကိုရီးယား အပေါ် မည်သို့ဆက်ဆံခဲ့ကြောင်းနှင့် ကိုရီးယား အမျိုးသားတွေ ဘာကြောင့် ဂျပန်လက်အောက်က လွတ်မြောက်ပြီး လွတ်လပ်ရေး လိုချင်ကြကြောင်းကို သဘောပေါက် ရိပ်မိပါတော့သည်။

နောက် သာကေ တစ်ခုကတော့ ကာနယ်ဆူဇူကီးက ကျွန်ုပ်တို့အား ဗြိတိသျှ ဆန့်ကျင်ရေး စကားတွေ ဒိုင်ကာချဲ့၍ ပြောနေရင်း နားလည်သဘော ပေါက် လာခဲ့ပါသည်။

ဆူဇူကီးက သူ ပထမကမ္ဘာစစ်ကြီး အတွင်းက ဗလာဒီဗော့စတော့မြို့ (ရုရှားပြည်)၌ အမှုထမ်းလျက်ရှိစဉ် သူသည် ရန်သူ ရုရှား အိမ်တစ်အိမ်သို့ သွား၍ ရုရှားလူမျိုး တစ်အိမ်သားလုံး မိန်းမနှင့် ကလေးတွေပါမကျန် သတ် ဖြတ်ပစ်ခဲ့ကြောင်းများကို ထုတ်ဖော်ပြောပါသည်။

'အဲဒီလိုပဲ ခင်ဗျားတို့ကလည်း အင်္ဂလိပ်မှန်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေးပါမကျန် ကိစ္စတုံး သတ်ပစ်ကြရမယ်'ဟု ကာနယ်ဆူဇူကီးက ဆက် လက်ပြီး ပြောလိုက်သောအခါ၌မူ ကျွန်ုပ်မှာ ထိုအချိန်က ဗြိတိသျှဆန့်ကျင်ရေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်တွေ ကိန်းအောင်းလျက် ရှိစေကာမူ ဂျပန် ပြောသလို ရက်စက်ရိုင်းစိုင်းစွာပြုမူရန် ဆန္ဒ လုံးဝမဖြစ်ပေါ်ခဲ့ချေ။

အခုတော့ ကာနယ်ဆူဇူကီးအတွက် ပြောစရာရှိသည်ကား နောက်ပိုင်းတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သိမ်မွေ့သော စိတ်ဓာတ်နှင့် အတွေးအခေါ်ကို သတိမူလေးစားကာ အသိအမှတ် ပြုလာခြင်းပင် ဖြစ်၏။

၎င်းနောက် ကျွန်ုပ်တို့၏ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခန်းသို့ ရောက်လာပါတော့သည်။

ကျွန်ုပ်၏ ပင်ကိုယ်စရိုက် (Character) စိတ်နေသဘောထားအမှန်ကို သိနိုင်ရန်အတွက် ချော့ချည်တစ်လှည့်၊ ချောက်ချည်တစ်မျိုး နည်းအမျိုးမျိုးဖြင့် ဆက်ဆံခဲ့လေသည်။

ကျွန်ုပ်နှင့် ပတ်သက်၍ ဂျပန်တို့က အထူးသိလိုသော အချက်များမှာ

၁။ ကျွန်ုပ် ဘာကြောင့် တရုတ်ပြည်သို့ ထွက်ခွာလာခဲ့သနည်း။

၂။ ကျွန်ုပ်သည် ကွန်မြူနစ် တစ်ယောက်ပေလား။

၃။ ဂျပန်နှင့်တရုတ် အရေးတော်ပုံနှင့် ပတ်သက်၍ ကျွန်ုပ်၏ ယူဆချက်များက မည်သို့ပေနည်း အစရှိသော မေးခွန်းများပင် ဖြစ်လေသည်။

ကျွန်ုပ်က ၎င်းမေးခွန်းများကို တတ်နိုင်သလောက် ဖြေကြားရာ၌ မုသားပြောရာလည်း မရောက်ဘဲ ဘာမှလည်း ထူးထူးထွေထွေ ထုတ်ဖော်ပြောရာ မရောက်အောင် ကြိုးစား၍ ဖြေကြားခဲ့လေသည်။

မေးလာသမျှ လူတိုင်းကို ကျွန်ုပ်က တရုတ်ပြည်သို့ ထွက်လာရခြင်းမှာ နိုင်ငံခြား အကူအညီ လိုချင်၍ပင်ဖြစ်ကြောင်း ပြောခဲ့ပါသည်။

'ခင်ဗျားဟာ ကွန်မြူနစ် တစ်ယောက်လား' ဟူသော မေးခွန်းကိုမူ ကျွန်ုပ်က နိုင်ငံခြားမှ နည်းစနစ် ပုံစံတစ်ခုကို အခြားနိုင်ငံတစ်ခု၌ တိုက်ရိုက်ကူးယူ အသုံးချခြင်းကို ကျွန်ုပ်တို့ မယုံကြည်၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ နည်းစနစ်မျိုးစုံကို သေချာစွာ လေ့လာသုံးသပ်ပြီးမှ ကျွန်ုပ်တို့ တိုင်းပြည်အခြေအနေနှင့် ဆီလျော်အောင် ပြုပြင်သုံးသပ်ယူကြောင်း၊ ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ ကျွန်ုပ်တို့ မနှစ်သက်စရာ အချက်အလက်တွေ ရှိစေကာမူ ကွန်မြူနစ်တို့၏ စနစ်ကျသော စီးပွားရေး စီမံမှုမှာ တကယ့်ချီးကျူးစရာကောင်းကြောင်း၊ ထို့ကြောင့် (ဂျပန်အပါအဝင်) အခြားနိုင်ငံများကပင် ထိုစနစ်ကို အတုယူပြီး ကျင့်သုံးနေကြောင်း စသည်ဖြင့် ဖြေကြားခဲ့ပါသည်။



တရုတ်-ဂျပန် အရေးတော်ပုံနှင့် ပတ်သက်၍ကား ကျွန်ုပ်တို့အဖို့ အဓိက ပြဿနာမှာ မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုပင်ဖြစ်၍ ကျွန်ုပ်တို့၏ ရန်သူအား တိုက်ခိုက်အနှောင့်အယှက်ပြုသူ မည်သူမဆိုကို ကျွန်ုပ်တို့၏မိတ်ဆွေအဖြစ် ယူဆမည်ဖြစ်ကြောင်း ပြောပြခဲ့လေသည်။

နောက်ဆုံး (တတိယ) မေးခွန်းမှအပ ကျွန်ုပ် ဖြေကြားချက်များကို ဂျပန်တို့က လုံးဝ သံဘောကျ နှစ်သက်ဟန် မတူခဲ့ချေ။

ထို့ကြောင့် အစအဆုံး ဂျပန်တို့က ကျွန်ုပ်အား စိတ်မချဘဲ သံသယရှိခဲ့လေသည်။

'အခွင့်ရတိုင်း ကျွန်ုပ်ကလည်း ကျွန်ုပ်တို့၏ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို ဖုံးကွယ်၍ မထားလိုကြောင်း၊ ယခု ဂျပန်နှင့် လာပူးပေါင်းခြင်းမှာလည်း မြန်မာနိုင်ငံ၏ လွတ်မြောက်ရေးအတွက် ဂျပန် အကူအညီနှင့် ဆောင်ရွက်လို၍ပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဖို့မှာလည်း ဂျပန်တို့၏ 'ဟန်ဆောင်မဟုတ်သော' မဟာမိတ် အစစ်တစ်ဦးဖြစ်လိုသော ဆန္ဒရှိကြောင်း ဘွင်းဘွင်းပင် ပြောခဲ့ပါသည်။

ဂျပန်များနှင့် ပတ်သက်၍ကား သူတို့ထဲက လူအတော်များများသည် ကျွန်ုပ်၏ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို လေးစားအသိအမှတ် ပြုခဲ့ကြသည်ဟု ဆိုရပေမည်။

ဒေါက်တာဘမော်၏ ပြောပြချက် အရဆိုလျှင် မြန်မာနိုင်ငံဆိုင်ရာ ပထမ ဂျပန် စစ်သေနာပတိ လက်ဖတင်နင် ဂျင်နရယ် အီဒါးက ကျွန်ုပ် (အောင်ဆန်း)အား အောက်ပါ အချက်သုံးချက်ကြောင့် လေးစားမိခဲ့သည်ဟု သိရပေသည်။

၁။ ငွေကြေးကို မတပ်မက်ခြင်း၊

၂။ တန်ခိုးအာဏာကို မမက်မောခြင်း၊

၃။ ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် သီးခြားနေလိုသော တစ်ကိုယ်ကောင်းဝါဒကို မနှစ်သက်ခြင်း။

အခြား ဂျပန်လူကြီးပိုင်းထဲက ပုဂ္ဂိုလ်တစ်ယောက်ကလည်း ကျွန်ုပ်အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ရဲဘော် လုပ်ဖော်ကိုင်ဖက် တစ်ဦးအား

'အောင်ဆန်းက သိပ်ဖြောင့်တဲ့လူ၊ ဂျပန်တွေကသာ ဖြောင့်ရင် သူဟာ လူကောင်းတစ်ယောက်ပဲ၊ သို့သော် ဂျပန်က မဖြောင့်ဘူးဆိုရင်တော့ အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ အလွန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်တို့ရဲ့ ဂျပန်ဝါဒ ပေါ်လစီကလည်း သိပ်မဖြောင့်တာ ခက်တယ်'ဟု ပြောဖူးကြောင်း သိရပေသည်။

သည်လို အကြောင်းကိစ္စမျိုးတွေကို အသာဖယ်ထားလျက် ကျွန်ုပ်၏ ဇာတ်လမ်း ဆက်ပြောရမည်ဆိုလျှင် ကာနယ်ဆူဇူကီးသည် ကျွန်ုပ်အား ရှေးဦးစွာ အင်္ဂလိပ်ဘာသာဖြင့် စီမံကိန်းတစ်ခုကို ရေးဆွဲတင်ပြရန် ပြောလေသည်။

ကျွန်ုပ်လည်း ရှိသေစွာနှင့်ပင် များမကြာမီ ကျွန်ုပ်တို့ အသေးစိတ် ဆွေးနွေးရမည်ဟု မျှော်လင့်လျက် မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် စီမံကိန်း (Plan) တစ်ခုကို ရေးဆွဲခဲ့လေသည်။ ၎င်းစီမံကိန်း၌ မြန်မာနိုင်ငံသို့ ဂျပန် စစ်တပ်များက တစ်စိတ်တစ်ဒေသသာလျှင် (ရှမ်းပြည်နယ်ဘက်) ဝင်ရောက် တိုက်ခိုက်ရန် ဖော်ပြထားခဲ့ပေသည်။

သို့ရာတွင် ကျွန်ုပ် မျှော်လင့်ခဲ့သလို ကျွန်ုပ် ရေးသားတင်ပြသော စီမံကိန်းကို ဂျပန်တို့နှင့် လုံးဝ မဆွေးနွေးခဲ့ရပေ။

ကာနယ်ဆူဇူကီး၏ လက်ထောက်အရာရှိအား ထိုစီမံကိန်းမှာ စစ်မှု ရေးရာနှင့်သာ ပတ်သက်သော စီမံကိန်းသာဖြစ်ကြောင်း ကျွန်ုပ်က ပြောခဲ့မိ သေး၏။

ဤအကြောင်းနှင့် ပတ်သက်၍ နောက်မှ သိရသည်ကား ကျွန်ုပ်၏ စီမံကိန်းကို ကာနယ်ဆူဇူကီးက တိုကျိုမြို့ရှိ ဂျပန် စစ်ဦးစီးဌာနချုပ်သို့ ယူ ဆောင်ပြီး တင်ပြသည်ဟု ဆို၏။ နောက်ဆုံးတွင်မူ ထိုစီမံကိန်းကို မြန်မာ နိုင်ငံသို့ စစ်ဆင်ချီတက်ရေး ကိစ္စကို ထုတ်နုတ်ချန်လှပ်လျက် ဂျပန်တွေက ကျွန်ုပ်လက်သို့ ပြန်ပေးကြလေသည်။

ကျွန်ုပ်က မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့ရဲဘော် နိုင်ငံရေးသမားများထံ ၎င်း ပြင်ဆင်ပြီး စီမံကိန်းကို သွားရောက်ဆွေးနွေးရန် ဖြစ်လေသည်။

ကျွန်ုပ်လည်း ဂျပန်တို့ ပြန်ပေးသော စီမံကိန်းကို ယူဆောင်လျက် မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ ပြန်လာခဲ့ပြီးနောက် ကျွန်ုပ်တို့၏ နိုင်ငံရေးရဲဘော် များထံ ဟင်ပြဆွေးနွေးခဲ့လေသည်။

ရန်ကုန်မှ ကျွန်ုပ်၏ ရဲဘော်များကား ဂျပန်စစ်တပ်တွေ မြန်မာနိုင်ငံ သို့ မည်သည့်အချိန်လောက်တွင် ချီတက်ဝင်ရောက် လာကြမည်ကိုသာ အထူး စိတ်ဝင်စားကာ သိချင်ကြလေသည်။



ကျွန်ုပ်မှာ ဂျပန်စစ်တပ်များ မြန်မာနိုင်ငံသို့ ချီတက်ဝင်ရောက်လာခြင်း ကို လုံးဝ သဘောမကျသူဖြစ်သဖြင့် ကျွန်ုပ်တို့ မြန်မာရဲဘော်များက ယင်းသို့ ဂျပန်လာရေးကို စိတ်ဝင်စားနေကြောင်း သိရသည်တွင် စိတ်ထဲ၌ အနှောင့် အယှက် ဖြစ်သွားမိလေသည်။

မြန်မာနိုင်ငံမှ ရဲဘော်များ၏ စိတ်တွင်ကား ဂျပန်စစ်တပ်တွေ မြန်မာ နိုင်ငံသို့လာလျှင် ဗြိတိသျှတို့သည် ပြေးပေါက်မရဘဲ ချောင်ပိတ်မိနေမည်။ ထိုအခါ ကျွန်ုပ်တို့က အခွင့်ကောင်းယူ၍ မြန်မာ့လွတ်လပ်ရေးအတွက် တော်လှန် ထကြွလျှင် မုချအောင်မြင်ရမည်ဟု တွေးထင်နေကြလေသည်။

သူတို့၏ ယူဆချက်ကို ရာနိုင်နှုန်းပြည့် မယုံကြည်ခဲ့သော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်က ၎င်းအတွေးအခေါ်သည် မှန်ကောင်း မှန်ပေလိမ့်မည်ဟု ထိုအချိန်က ထင်မြင်မိခဲ့ပါသည်။

ယခု စစ်ကြီးပြီးသွားမှတော့ ထိုအချိန်က အဖြစ်အပျက်နှင့် အတွေး အခေါ်တွေကိုသာ ရယ်စရာသဘော ပြက်ရယ်ပြုနိုင်ကြလင့်ကစား ထိုအချိန် အခါကမူ ကျွန်ုပ်တို့တတွေသာမက ဗြိတိသျှတို့သည်လည်းကောင်း၊ ကမ္ဘာ အရပ်ရပ်မှ အခြားသူများသည်လည်းကောင်း ဂျပန်၏စစ်အင်အားကို အထင် သေးသလောက် ဗြိတိသျှတို့ကို အလွန်အကျူး အထင်ကြီးခဲ့ကြလေသည်။

ဤနေရာတွင်လည်း ကျွန်ုပ်တို့အထက်တွင် ဖော်ပြခဲ့ပြီးသလို ကျွန်ုပ် တို့၏ အရင်းရှင်ပေါက်စ လူတန်းစားညဉ်က ကျွန်ုပ်တို့၏ အတွေးအခေါ်ကို လွှမ်းမိုးဆွဲဆောင်လျက် ရှိလေသည်။ လူတန်းစား အတွေးအခေါ်ကြောင့် ကျွန်ုပ်တို့သည် ဘာကိစ္စမဆို သေချာမှ လုပ်ချင်ကြသည်။ မသေချာဘဲ ချွတ်ယွင်း ပျက်စီးနိုင်မည့် အလားအလာ ဟူသမျှကိုလည်း တတ်နိုင်သမျှ ရှောင်ချင်ကြ လေသည်။

ဤနည်းအားဖြင့် ကျွန်ုပ်တို့လည်း ဖက်ဆစ်ဝါဒကို လိုလားနှစ်သက်မှု လုံးဝမပါဘဲ ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစား အတွေးအခေါ်၏ မှားယွင်းမှု၊ ကြောက်ရွံ့ တုန့်လှုပ်မှုများကြောင့်သာလျှင် ဂျပန်တို့ကို မြန်မာနိုင်ငံ သို့ ဖိတ်ခေါ်ခဲ့မိကြခြင်း ဖြစ်လေသည်။

ဂျပန်တို့ကား အစမှအဆုံး သူတို့ပေးခဲ့သော ကတိစကားဟူသမျှကို တစ်ခုမကျန် ဖျက်ဆီးပစ်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တွေ ဘယ်ထိအောင် မကောင်းကြပုံများကို အကျယ်ရေးသား ဖော်ပြရလျှင် ဆုံးနိုင်ဖွယ်မရှိသဖြင့် ခပ်တိုတိုနှင့် လိုရင်းအချက်ကိုသာ ပြောပြ ရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဂျပန်၌ လျှို့ဝှက်စွာ စစ်ပညာ လေ့လာသင်ကြား နေချိန်ကတည်းက သူတို့၏ သစ္စာမရှိမှု၊ လိမ်လည်ဟန်ဆောင်မှု၊ ဖောက်ပြန် သော အတွေးအခေါ်နှင့် အပြုအမူတို့အပြင် တစ်ဖက်သားကို အလွန်စီးပိုး၍ တင်းမာစွာ ဆက်ဆံမှုများကိုပါ လက်တွေ့သဘောပေါက်လာသဖြင့် ကျွန်ုပ်တို့ အားလုံး (ယခင်က ဂျပန်ဆန့်ကျင်ရေးစိတ် မရှိသူများပါ) ဂျပန်ကို အလွန် မုန်းတီးရွံရှာလျက် ဂျပန်ဆန့်ကျင်ရေးစိတ်တွေ ပြင်းထန်စွဲမြဲစွာ ဝင်ရောက်လာ ကြပါတော့သည်။

ထိုအချိန်က (ကျွန်ုပ်တို့နှင့် အယူအဆချင်း မတူဘဲ နေခဲ့သူ မြန်မာ နှစ်ဦးကို ချန်လှပ်သော်) ဂျပန်ပြည်၌ စစ်ပညာ လေ့လာနေကြသူများမှာ ၂၇ ယောက် ရှိလေသည်။

တကယ့်အဖြစ်အပျက်တစ်ခု ပြောပြရန် ကျန်သေးသည်ကား တစ်ခါ သော် ကျွန်ုပ်တို့ တိုကျိုမြို့သို့ ခေတ္တသွားနေခိုက် ၂၆ ယောက်သော ရဲဘော် တို့သည် အထက်ဖော်ပြပါ လူနှစ်ယောက်အနက် တစ်ယောက်သောသူ၏ ကိုယ်ရေးကိုယ်တာ အကြောင်းများကြောင့် လှုံ့ဆော်ပေးသဖြင့် ဂျပန်တို့အား ဂျပန်ပြည်၌ တော်လှန်ပုန်ကန်ရန် ကြံစည်ကြခြင်းပင် ဖြစ်လေသည်။

(ထိုအချိန်က စစ်ပညာသင်စခန်းမှာ ဖော်မိုဆာကျွန်း ဖြစ်လေသည်။)

ကံအားလျော်စွာ ကျွန်ုပ်သည် တိုကျိုမြို့မှ ဖော်မိုဆာသို့ အချိန်မီပြန်ရောက် လာ၍သာ ၎င်းဆိုပါ ပုန်ကန်မှုကို တားဆီးနိုင်ခဲ့လေသည်။

ကျွန်ုပ်တို့ ယိုးဒယားပြည်သို့ ရောက်လာသောအခါ မြန်မာနိုင်ငံရှိ ရဲဘော်ခေါင်းဆောင်များထံ စာတစ်စောင် ရေးလိုက်လေသည်။ စာတွင် ဂျပန် ကို စိတ်မချရကြောင်း အဓိပ်အမြွက် ပြောလိုသည့်သဘောဖြင့် နိုင်ငံခြားမှ အကူအညီကို မျှော်လင့်အားကိုးခြင်း မပြုကြရန် သတိပေး နှိုးဆော်ခဲ့ပေသည်။

နောက် ယိုးဒယားပြည်၌ပင် မြန်မာ့လွတ်လပ်ရေး တပ်မတော် (ဘီ- အိုင်-အေ)ကို ရှိသမျှလူနှင့် စတင်စည်းရုံး ဖွဲ့စည်းသောအခါ၌လည်း ကျွန်ုပ်က ရှေ့ပြေးလူနှစ်စုကို (ဂျပန်တော်လှန်ရေး စတင်စည်းရုံးရန် အတွက်) မြန်မာ နိုင်ငံအတွင်းသို့ စေလွှတ်ခဲ့လေသည်။

ကျွန်ုပ်၏ အကြံကား ဤသို့တည်း။



ဂျပန်စစ်တပ်များ မြန်မာနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်လာရေးမှာ တားဆီးမရနိုင်တော့သည့် အတူတူ ကျွန်ုပ်တို့ မြန်မာရဲဘော်များက ဂျပန်မလာမီ လွတ်လပ်သော မြန်မာနိုင်ငံကို ဖွဲ့စည်းတည်ထောင်ထားနှင့်ပါမူ ဂျပန်တို့အား ကျူးကျော်ဝင်ရောက်လာခြင်းကို အချိန်မီ တားဆီးပိတ်ပင်နိုင်မည့်ပြင် ကျွန်ုပ် တို့၏ မြန်မာလွတ်လပ်ရေးကိုလည်း ဂျပန်က ပေးသနားရန် လိုတော့မည် မဟုတ်ဟူ၍ တွက်ကိန်းချခြင်းပင် ဖြစ်လေသည်။

အကယ်၍ ၎င်းအကြံအစည် အထမမြောက်ခဲ့သော် ကျွန်ုပ်၏ နောက် အကြံတစ်ခုမှာ လျှို့ဝှက်စွာ မြေအောက်စည်းရုံးရေးနည်းနှင့် မြန်မာလူထုကြီး အား ဂျပန်ကိုတော်လှန်ရန် စည်းရုံးလှုံ့ဆော်ပေးရန်ပင် ဖြစ်လေသည်။ ဤနည်း အားဖြင့် ဂျပန်တို့သည် မြန်မာနိုင်ငံ၌ အင်အားကောင်းကောင်းနှင့် အခြေစိုက် ရန် ခဲယဉ်းသွားမည့်အပြင် သူတို့၏ ဖက်ဆစ်ဆန်ဆန် လူထုအပေါ် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း အသင့်အတင့်တော့ လျော့ပေါ့ကြပေလိမ့်မည်ဟု ကျွန်ုပ် က တွက်ခဲ့လေသည်။

သည်နေရာတွင် မြန်မာ့လွတ်လပ်ရေး (ဘီ-အိုင်-အေ) တပ်မတော်၏ အရေးပါ အရာရောက်ပုံကို ကျွန်ုပ် ချက်ချင်း မြင်မိလေသည်။

ဤတွင် ကျွန်ုပ်သည် အားတက်သွားမိပြီး ကျွန်ုပ်၏ ရဲဘော်များကိုလည်း တစ်နေ့ ကျွန်ုပ်တို့ စိုးရိမ်သလို ဂျပန်တွေ ဖောက်ပြန်လာခဲ့သော် အနည်းဆုံး သူတို့ကို တန်ပြန်တိုက်ခိုက်ရန် လက်နက်ကိုင် တပ်တစ်တပ် ရှိနေပြီဖြစ်၍ အားမငယ်ကြရန် သွေးထိုးစကား ပြောကြားခဲ့သေး၏။

သို့ရာတွင် မြန်မာနိုင်ငံတွင်းရှိ ကျွန်ုပ်တို့ရဲဘော်များက ဂျပန်ဆန့်ကျင်ရေး စည်းရုံးမှုကို ထိရောက်စွာ မပြင်ဆင်နိုင်သဖြင့် ကျွန်ုပ်မှာ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရလေသည်။

တို့အတောအတွင်း အဖြစ်အပျက်များကလည်း တစ်ခုပြီးတစ်ခု လျင်မြန် စွာ ဖြစ်ပျက်သွားခဲ့လေသည်။

အရေးအပါဆုံးသော မြန်မာခေါင်းဆောင်အားလုံးမှာ ထောင်ထဲရောက် နေကြလျက် အခြားလူများကလည်း (၎င်းတို့၏ အရင်းရှင်ပေါက်စ လူတန်းစား စရိုက်သဘောအတိုင်း) တွေဝေငေးငိုင်လျက်ပင် ရှိကြလေသည်။

သို့နှင့်ပင် ကျွန်ုပ်တို့သည် ရန်ကုန်မြို့ကြီးကို လက်ရသိမ်းပိုက်မိကြ လေသည်။ (၁၉၄၂ ခု၊ မတ်လ ၈ ရက်နေ့) စစ်ချီတက်ရာ လမ်းတစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ာွင် ဂျပန်တို့က မြန်မာပြည်သူ လုထုအပေါ် ပြုမူဆက်ဆံပုံကြောင့် ကျွန်ုပ်တို့မှာ များစွာ စိတ်မကောင်း ဖြစ်ခဲ့ကြလေသည်။

ကျွန်ုပ်တို့က သက်ဆိုင်ရာ ဂျပန် အာဏာပိုင်များထံသို့ တိုင်ကြားကန့်ကွက်ခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့သည်။

ဂျပန်စစ်သားနှင့် ကျွန်ုပ်တို့ (ဘီ–အိုင်–အေ) တပ်သားများ ပဋိပက္ခ ဖြစ်မှုတွေလည်း များသည်ထက် များလာလေသည်။

ကျွန်ုပ်ကိုယ်တိုင်၏ အခြေအနေမှာလည်း ရန်ကုန်မြို့သို့ ရောက်သည် အထိ မြန်မာ (ဘီ–အိုင်–အေ)တပ်သားများ တပ်ကို တိုက်ရိုက်ဦးစီး ကွပ်ကဲခွင့် မရဘဲ ကာနယ်ဆူဇူကီး၏ စစ်ဦးစီးအရာရှိ တစ်ယောက်အဖြစ်သာ နေခဲ့ရလေသည်။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့ရဲဘော်အချင်းချင်း လျှို့ဝှက်စွာတိုင်ပင်၍ ဂျပန်အား တော်လှန်ရန် နည်းအမျိုးမျိုး စဉ်းစားကြံစည်ခဲ့ကြသေး၏။ သို့သော် အခြေအနေမှာ အလွန်ရှုပ်ထွေးလျက် ကြိုတင်ပြင်ဆင်မှုဆို၍လည်း ဘာမှမရှိသေးသောကြောင့် ကျွန်ုပ် အကြံမှာ မအောင်မြင်ခဲ့ပေ။

၎င်းနောက် ကျွန်ုပ်အား ရုတ်တရက် ရှောင်တခင် ကာနယ်ဆူဇူကီးက ခေါ်ယူပြီး မြန်မာတွေအားလုံးကို တာဝန်ယူ ဦးစီးကွပ်ကဲ၍ ဧရာဝတီမြစ်ကြောင်းမှ အထက်မြန်မာနိုင်ငံသို့ ချီတက်ရန် ညွှန်ကြားလေသည်။

ကျွန်ုပ်လည်း (ဘီ–အိုင်–အေ) တပ်များနှင့်အတူ အထက်မြန်မာနိုင်ငံ စစ်မျက်နှာသို့ ချီတက်ခဲ့လေသည်။

ဤ[illegible]တာအတွင်း ဗြိတိသျှတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသော ထောင်တွင်းရှိ တို့ဗမာ အစည်းအရုံးဝင် (သခင်)များသည် ဂျပန်များအပေါ် ကျွန်ုပ်တို့က သဘောထား ဆက်ဆံရေးနှင့် ပတ်သက်၍ အချင်းချင်း သဘောကွဲလွဲနေကြသည်ဟူသော သတင်းအစအနကို ကြားရလေသည်။

ကျွန်ုပ်တို့ ရဲဘော်များအနက် တကယ် ရိုးသားသောသူ အချို့ပင်လျှင် ဂျပန်အပေါ် ဘယ်လိုဝါဒ သဘောထားရမည်ကို အလျှဉ်းမစဉ်းစားတတ်အောင် ဖြစ်ခဲ့၏။ သူတို့၏အမြင်မှာ မြန်မာလူငယ်ထဲမှ တကယ့်ထိပ်သီး ခေါင်းဆောင်များပင် ဂျပန်နှင့်အတူ ပူးပေါင်းလက်တွဲ လာသည်ကိုသာ မြင်တွေ့ကြရလေသည်။



ကျွန်ုပ်တို့၏ တကယ့်အတွင်းရေး အခြေအနေနှင့် ကျွန်ုပ်တို့၏သဘောထားကိုသာ အားလုံးက သိရှိခဲ့ပါမူ ထိုမျှလောက် ရှုပ်ထွေးသော အခြေအနေသို့ မရောက်နိုင်ဟု ထင်ရပေသည်။

မည်သို့ပင်ဖြစ်စေ ထိုအချိန်က မြန်မာနိုင်ငံရှိ လက်ရှိအင်အားစုအားလုံးတွင် အတွေးအခေါ်နှင့်ပတ်သက်၍ မရှင်းလင်းဘဲ ရှုပ်ထွေးလျက် ရှိလေသည်။

နောက် ကျွန်ုပ်တို့သည် ရွှေဘိုမြို့သို့ ရောက်သောအခါ မြန်မာလူငယ် နိုင်ငံရေးသမားထဲက သခင်စိုး၊ သခင်မြသွင်နှင့် ကိုသိန်းဖေ (တက်ဘုန်းကြီး) တို့သည် တရုတ်စစ်တပ်များနှင့်အတူ မြန်မာနိုင်ငံဘက်သို့ လိုက်ပါသွားကြောင်း ပထမဆုံးအကြိမ် ကြားသိရလေသည်။

ထိုသတင်းမှာ ကျွန်ုပ်တို့အဖို့ အားတက်ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း နောက်ပိုင်းကျတော့ ၎င်းအကြံအစည် အထမမြောက်ကြောင်း သိရသဖြင့် စိတ်ပျက်အားကုန် သွားကြရပြန်သည်။

ဂျပန်စစ်ဘက် အာဏာပိုင်တို့က ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်ကို အထက် ဗန်းမော်ထိအောင် ချီတက်ရန် ညွှန်ကြားချက် ထုတ်ပြန်လေသည်။ သို့သော် ထိုအချိန်၌ အင်္ဂလိပ်စစ်တပ်များအား တိုက်ခိုက်ရေးမှာ ပြီးဆုံးသလောက် ဖြစ်နေသောကြောင့် ကျွန်ုပ်က ဗိုလ်မှူးကြီး ဇေယျအား ကွပ်ကဲအုပ်ချုပ်ရန် တာဝန်ပေးခဲ့လေသည်။

ကျွန်ုပ် ဗန်းမော်ဘက်သို့ ချီတက်သွားစဉ် အတောအတွင်း ဗိုလ်မှူးကြီး ဇေယျနှင့်တကွ ဘီ–အိုင်–အေ စစ်ဦးစီးအဖွဲ့သည် ဂျပန်စစ်တပ်တစ်တပ်နှင့် အချင်းပွားကြသေးကြောင်း သိရလေသည်။ ဂျပန်စစ်ဗိုလ်တစ်ဦး ဓားခုတ်ခံရမှုနှင့် ပတ်သက်၍ ဗိုလ်ဇေယျနှင့် အခြားရဲဘော်အချို့ကို ဂျပန်တို့က ဖမ်းဆီးနှိပ်စက်ခဲ့သေး၏။ သို့သော် ကျွန်ုပ်တို့နှင့် တွဲဖက်အလုပ်လုပ်ရသော ဂျပန် အကြံပေး အရာရှိတစ်ဦး၏ ဖျန်ဖြေခြင်းကြောင့် ဗိုလ်ဇေယျတို့လူစု လွတ်မြောက်လာလေသည်။

သို့မဟုတ်လျှင်ကား ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်နှင့် ဂျပန်တို့ ထိုနေရာ ထိုအချိန်၌ တိုက်ခိုက်ကြတော့မည်မှာ သေချာပါပေသည်။

ကျွန်ုပ်တို့ အောက်မြန်မာနိုင်ငံသို့ ပြန်မဆင်းလာမီ ဗန်းမော်မြို့မှ တစ်ဆင့် တရုတ်နယ်စပ် ဖြတ်ကျော်၍ တရုတ်ဘက်သို့ သွားရောက်ပူးပေါင်းရန် ကြံစည်စိတ်ကူးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ကိုတော့ ကျွန်ုပ်တို့ အလွန်စက်ဆုပ် ရွံမုန်းလျက် ရှိပေပြီ။

ထို့နောက် ကျွန်ုပ်သည် နောက်ပိုင်း အခြေအနေကို လေ့လာရန်အတွက် မန္တလေးမြို့သို့ ပြန်လာခဲ့လေသည်။ ထိုအချိန်က တာဝန်ယူလျက် ရှိနေသူမှာ ဘီ–အိုင်–အေ စစ်ဦးစီးအဖွဲ့မှူး ကာနယ်လှဖေ (ဗိုလ်လက်ျာ) ဖြစ်လေသည်။

ကျွန်ုပ်နှင့်အတူ ဗိုလ်မှူးကြီးနေဝင်းလည်း ပါလာသည်။

မုံရွာခရိုင်၊ ယင်းမာပင်မြို့အနီးတွင် သခင်သန်းထွန်း (နောက်တော့ ဖဆပလ အဖွဲ့ချုပ်၊ အထွေထွေ အတွင်းရေးမှူး ဖြစ်လာသူ) ကို တွေ့ရလေသည်။ ကျွန်ုပ်မှာ ခရီးဆက်သွားရန် ရှိသေး၍ အချိန်မရှိသည်ကတစ်ကြောင်း၊ စိတ်မချရသော လူစိမ်းများ ရှိသည်က တစ်ကြောင်း သခင်သန်းထွန်းအား အခြေအနေမှန်ကို အရိပ်အမြွက်မျှလောက်သာ ပြောခွင့်ရခဲ့လေသည်။

ဗိုလ်မှူးကြီးလက်ျာကိုမူ ကျွန်ုပ်က ပခုက္ကူမြို့မှနေ၍ မန္တလေးသို့သွားပြီး ကျွန်ုပ်တို့၏ နိုင်ငံရေး ရဲဘော်အားလုံးကို စုရုံးတွေ့ဆုံပြီး တိုင်းပြည်အခြေအနေကို ပြည့်စုံစွာ လေ့လာပြီး ရှေ့အဖို့ ဘာလုပ်ကြရမည်ကို စဉ်းစားဆုံးဖြတ်ရန်အတွက် တင်ကြို၍ စေလွှတ်ခဲ့ပါသည်။

သို့ရာတွင် ကျွန်ုပ်က ကသာခရိုင် ကောလင်း၊ ဝန်းသိုမြို့မှ ပြန်ဆင်းလာသောအခါ၌ မန္တလေးမြို့၏ အခြေအနေမှာ အလွန် ရှုပ်ထွေးလျက်ရှိပြီး ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်) အဖွဲ့ကလည်း ရက်စက်ကြမ်းကြုတ်စွာ မင်းမူလျက်ရှိလေသည်။

ရွှေဘိုမြို့သို့ ရောက်သောအခါ ကျွန်ုပ်သည် ကိုသိန်းဖေနှင့် ပထမဆုံး အကြိမ်နှင့် နောက်ဆုံး အကြိမ်အဖြစ် တွေ့ဆုံခဲ့ရလေသည်။ ၎င်းနောက် ကိုသိန်းဖေ၊ ဗိုလ်နေဝင်းနှင့် ကျွန်ုပ်တို့သည် မန္တလေးမြို့သို့ ဆင်းလာခဲ့ရာ အမရပူရ ရောက်သည်တွင် မန္တလေးကင်ပေ (ဂျပန်ပုလိပ်)က အပြင်းအထန် လိုက်ရှာနေကြောင်း သိရသဖြင့် ကိုသိန်းဖေလည်း ချက်ချင်းပင် 'မြေအောက်' သို့ သွားရပြန်လေသည်။

ဂျပန်တို့ကား ကိုသိန်းဖေ (တက်ဘုန်းကြီး) အစစ်ကိုမမိဘဲ ကျွန်ုပ်တို့၏ ရဲဘော်တစ်ယောက် (မန္တလေး တိုင်းချုပ် ဦးသိန်းဖေ)ကို လူမှား၍ ဖမ်းမိခဲ့သေး၏။ ထိုကိုသိန်းဖေကို ကျွန်ုပ်တို့၏ တင်းမာစွာ ကန့်ကွက်ချက်အရ လွှတ်လိုက်သော်လည်း ဖမ်းဆီးထားစဉ်အတွင်း ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို သေလုမျောပါး ခံခဲ့ရသေး၏။ ဂျပန် ဖမ်းဆီးခြင်းခံရသော အခြားကျွန်ုပ်တို့



ရဲဘော်နှစ်ဦးဆိုလျှင် နှိပ်စက်ညှဉ်းပန်းမှု ဒဏ်ဖြင့် အသက်ပင် သေဆုံးခဲ့ရှာလေသည်။

*

မကြာမီ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက် မြန်မာမြို့ပြအုပ်ချုပ်ရေး အဖွဲ့တစ်ခု ဖွဲ့စည်းလိုက်လေသည်။

ဘီအိုင်အေတပ်ကိုလည်း ဘီ–ဒီ–အေ (ဗမာ့ကာကွယ်ရေး တပ်မတော်) အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ကျွန်ုပ်ကိုပင် ကာနယ် (ဗိုလ်မှူးကြီး) ရာထူးဖြင့် ဦးစီးကွပ်ကဲစေခဲ့လေသည်။

ထိုအတောအတွင်း အဖြစ်အပျက်တစ်ခုက ပေါ်လာပြန်လေသည်။

ဗြိတိသျှအစိုးရလက်အောက်တွင် တရားသူကြီးအဖြစ် အမှုထမ်းဖူးသူ တစ်ယောက်အား ဂျပန်စစ်ဘက်က ဖမ်းဆီးလိုက်လေသည်။ ဖမ်းဆီးရခြင်း အကြောင်းကတော့ မလိုလားသူတစ်ဦး၏ ခြေထိုးသတင်းပေးချက်အရ အဆိုပါ တရားသူကြီး ဖနအိမ်ဝင်းအတွင်း တယ်လီဖုန်း ဝိုင်ယာကြိုးများ တွေ့ရှိသောကြောင့်ဟု ဆိုသည်။

စင်စစ်အားဖြင့် ထိုသူမှာ ရိုးသားအပြစ်ကင်းသော လူတစ်ယောက် အမှန်ဖြစ်၏။ သို့သော် ဂျပန်ဘို့က မတရားနှိပ်စက် ညှဉ်းပန်းသောနည်းဖြင့် ထိုသူ့ထံမှ 'ဖြောင့်ချက်'တစ်ခု ဆောင်ယူရရှိသည်ဟု ဆို၏။

နောက် ဂျပန်စစ်မှုပြင်ဆင်ရေး အဖွဲ့မှူး ကာနယ်ဖူကွီးဆိုသူက ဗိုလ်မှူးလက်ျာနှင့် ၎င်းတပ်ရေး ဗိုလ်ဗတင်တို့သည် အဆိုပါ တရားသူကြီးနှင့် ပူးပေါင်း၍ ဂျပန်တော်လှန်ရေးကို လျှို့ဝှက်ကြံစည်နေကြလေသည်ဟု တရားသူကြီး ဖြောင့်ချက်အရ ဂျပန်စစ်ဘက်က သိရပါသည်ဟု ကျွန်ုပ်အား ပြောပြလေသည်။

ဤကား သက်သက်မဟုတ်မတရား ကြံစည်လီဆယ် ပြောဆိုချက် ဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။ ကျွန်ုပ်တို့အားလုံးသည် ဂျပန်ကို မုန်းတီးလျက် ရှိပြီး ဂျပန်တော်လှန်ရေးကို စည်းရုံးရန် ကြံစည်ထားသည် မှန်သော်လည်း အထက်ပါအမှုမှာ တကယ့်လုပ်ကြံမှုသာ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်က ရိုးသားစွာနှင့်ပင် ကာနယ်ဖူကွီးအား အဆိုပါ သတင်းမှာ လုံးဝ အခြေအမြစ်မရှိကြောင်း၊ အကယ်၍ မယုံကြည်လျှင်လည်း ကာနယ်လက်ျာနှင့် သူ၏တပ်ရေးကိုပါ ခေါ်ယူစစ်ဆေးနိုင်ကြောင်း ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျပန်တို့က ဗိုလ်လက်ျာကို ချန်ထားပြီး တပ်ရေး ဗိုလ်ဗတင်ကိုသာ မေးမြန်းစစ်ဆေးရန်ဆို၍ ခေါ်ထားလေသည်။

ရက်အတော်ကြာသွား၍ ဗိုလ်ဗတင်တစ်ယောက် ပြန်ပေါ်မလာသောအခါ ကျွန်ုပ်တို့မှာ စိုးရိမ်စပြုလျက် ကာနယ်ဖူကွီးကိုလည်း ဗိုလ်ဗတင်အကြောင်းကို ထပ်တလဲလဲ နားပူနားဆာ မေးကြရတော့သည်။ ထို့ပြင် ကျွန်ုပ်က ဤအကြောင်းနှင့် ပတ်သက်၍ ဂျပန်စစ်ဦးစီး ဌာနချုပ်သို့ တိုက်ရိုက်ကန့်ကွက်လျက် ကျွန်ုပ်တို့ ရဲဘော်အချို့ကလည်း ဂျပန်စစ်ပုလိပ် တပ်မှူးထံ သွား၍အတင်းအကြပ် ပြောဆိုကြပြီး နောက် ၂ လခန့်ကြာမှ ဗိုလ်ဗတင်ကို ဂျပန်တို့က ပြန်လွှတ်လိုက်လေသည်။

သူ့အား ဂျပန်က ပထမပိုင်းတွင် နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ပြီး နောက်ပိုင်းကျမှ (ဘီ–ဒီ–အေ) အရာရှိဖြစ်သည်က တစ်ကြောင်း၊ ကျွန်ုပ်တို့ကလည်း သူနှင့်ပတ်သက်၍ အပြင်းအထန် ဆူပူကန့်ကွက်ခဲ့သည်ကတစ်ကြောင်း နောက်ပိုင်းကျတော့ ညှဉ်းဆဲရိုက်နှက်ခြင်း မပြုတော့ဟု သိရပေသည်။

သို့ရာတွင် ဗိုလ်ဗတင်ခမျာမှာ ဂျပန်ကင်ပေ၏ ဒဏ်ကြောင့် ပြန်လွှတ်လာသည်အထိ အတော် တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။

၁၉၄၃ ခု၊ မတ်လတွင် ကျွန်ုပ်သည် သတင်းတစ်ခုကို ရုတ်တရက်ကြားရလေသည်။ ထိုသတင်းကား ဒေါက်တာဘမော်နှင့် အခြားပုဂ္ဂိုလ် နှစ်ဦးတို့အပြင် ကျွန်ုပ်ကိုပါ ဂျပန်ပြည် တိုကျိုမြို့သို့ အထူးတလည် ဖိတ်ခေါ်ကြောင်းသတင်းပင် ဖြစ်လေသည်။

(ထိုအတောအတွင်း မြန်မာနိုင်ငံအား လွတ်လပ်သော နိုင်ငံအဖြစ်မကြာမီ ကြေညာတော့မည့်အကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျင်နရယ်တိုဂျိုကထုတ်ဖော်ပြောဆိုပြီး ဖြစ်သည်။)

အထက်ပါ သတင်းနှင့်အတူ ကျွန်ုပ်လည်း ကာနယ်အဖြစ်မှ မေဂျာဂျင်နရယ် (ဗိုလ်ချုပ်)ရာထူးသို့ တိုးမြှင့်ခန့်ထားကြောင်းပါ သိရလေသည်။ ထို့ပြင် ကျွန်ုပ်သည် ဂျပန်ဘုရင်မင်းမြတ် ကိုယ်တိုင်နှင့် တိုကျိုမြို့တွင် တွေ့ဆုံခွင့်ရပြီး ဂျပန်ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် တစ်ခုကိုလည်း ရလိမ့်ဦးမည်ဟုဆိုလေသည်။

သို့နှင့်ပင် ကျွန်ုပ်လည်း ဒေါက်တာဘမော်တို့နှင့်အတူ တိုကျိုမြို့သို့လိုက်ပါသွားရလေသည်။



ဂျပန်ပြည် ရောက်သောအခါ စောစောက ပြောထားသည့်အတိုင်း ဂျပန်ဘုရင်မင်းမြတ်နှင့် တွေ့ဆုံရပြီး ဂျပန်ပြည်မှ အထူးဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ချီးမြှင့်ခြင်း ခံရပြီးနောက် အကြီးအကျယ် ကျွေးမွေးဧည့်ခံခြင်း ခံရသည့်အပြင် ဂျပန်ဝန်ကြီးချုပ် တိုဂျို၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကြည်းတပ်၊ ရေတပ် ဦးစီးဗိုလ်ချုပ်များနှင့်လည်း တွေ့ဆုံခဲ့ရလေသည်။

ကျွန်ုပ်တို့ ဂျပန်ပြည်မှ ပြန်လာသောအခါ၌မူကား မြန်မာနိုင်ငံကို ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးပေးတော့မည့် အကြောင်းနှင့် ဂျပန်နှင့် မြန်မာနိုင်ငံတို့သည် စာချုပ်အချို့ကိုပါ ချုပ်ဆိုရမည်ဖြစ်ကြောင်း ကတိပေး ဖော်ပြထားသောစာတမ်းကို ဂျင်နရယ်တိုဂျိုက ပေးလိုက်လေသည်။

ကျွန်ုပ်တို့လူစု ဂျပန်ပြည်မှာရှိစဉ်က မြန်မာနိုင်ငံရှိ ဂျပန်နှင့် အတူတွဲ၍လိုက်ပါလျက် ရှိလေသည်။ တစ်ခုဆိုးသည်ကား ဂျပန်အိုဆိုမူရာသည် ကျွန်ုပ်တို့ ဘယ်သွားသွား နောက်က တကောက်ကောက်လိုက်၍ ကလေးများပမာဆက်ဆံခဲ့ခြင်းပင် ဖြစ်လေသည်။

ဂျပန်ပြည်မှ မြန်မာနိုင်ငံသို့ အပြန်လမ်းခရီး၌–ကျွန်ုပ်တို့သည် ဖိလစ်ပိုင်ကျွန်း (မနီလာ)မြို့ ဟိုတယ်တစ်ခုတွင် ခေတ္တဝင်နားခဲ့ကြရာ ဂျပန်တွေကကျွန်ုပ်တို့အား ဖိလစ်ပိုင်လူမျိုးများသည် ယုံကြည်စိတ်ချရသူများ မဟုတ်သဖြင့်သွားရောက်တွေ့ဆုံခြင်း မပြုရန် တားမြစ်ခဲ့ကြသေး၏။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့ မနီလာမြို့မှ ဆေးဂုံမြို့ (အင်ဒိုချိုင်းနား)သို့ ခရီးဆက်ထွက်ခဲ့ရာ လမ်းခုလပ်ကျမှ ဒေါက်တာဘမော်က ဂျင်နရယ်တိုဂျို ပေးလိုက်သော လွတ်လပ်ရေး ကတိစာတမ်းကို မနီလာဟိုတယ်၌ မေ့ကျန်ရစ်ခဲ့ကြောင်း ပြောပြလေတော့သည်။

ထိုအကြောင်းကို ဂျပန်အိဆူမူရာအား ပြောပြသောအခါ သူ့တွင် သူ့ကိုယ်သူပဲ သတ်သေလိုက်တော့မလောက် ဗျာများ တုန်လှုပ်သွားလေသည်။ ကျွန်ုပ်တို့က မနီလာမြို့ရှိ ဂျပန် စစ်ဌာနချုပ်သို့ အကြောင်းကြားရန် ပြောပြသောအခါလည်း အိဆူမူရာက ထိုသို့လည်း မဖြစ်နိုင်ကြောင်း၊ သူနှင့်ဒေါက်တာဘမော်ကိုယ်တိုင် ပြန်သွားမှ ဖြစ်မည့်အကြောင်း ပြောပြလေသည်။

နောက်ဆုံးတွင် စာတမ်းကို တကယ် ပြန်သွားယူရသူမှာ (ထိုစဉ်က မြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်) သခင်မြ ဖြစ်လေသည်။

ရင်းအချိန် အတောအတွင်း မနီလာမြို့မှ အဆိုပါစာတမ်းကို ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု၌ တွေ့ရှိထားကြောင်း ဝိုင်ယာလက် ကြေးနန်းသတင်း ရလေသည်။ သို့သော် သခင်မြနှင့် အူယေးဒါးအမည်ရှိ ဂျပန်တစ်ဦးက မနီလာသို့ တစ်ခေါက် သွားပြန်ယူခဲ့ရလေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အားလုံးသည် အထူးလျှို့ဝှက်ထားပြီး တစ်လုံးတစ်ပါဒမျှ မပြောကြရန် ဂျပန်က နှုတ်ပိတ်ထားလေသည်။ အီမူရာ၏ အကြောင်းပြချက်မှာ သူက သက်ဆိုင်ရာ အာဏာပိုင်များထံ ကျွန်ုပ်တို့၏ လေယာဉ်ပျံမှာ ဆေးဂုံမြို့၌ စက်အနည်းငယ် ချွတ်ယွင်းသွားသောကြောင့် ခရီးတစ်ရက် ပို၍ကြာသွားကြောင်း သတင်းပို့ အစီရင်ခံထားသောကြောင့်ဟု ဆိုလေသည်။

ကျွန်ုပ်တို့ အဖို့မှာကား အီဆိုမူရာတို့ ဂျပန်များသည် အဓိပ္ပာယ်မရှိသော အပိုအလုပ်တွေကို မလုပ်သင့်ဘဲ လုပ်နေကြရသည်ဟု ထင်မြင်မိလျက် သူတို့၏ အပြုအမူကို နားမလည်နိုင်အောင် ရှိခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့ပေးသော 'ဗမာ့လွတ်လပ်ရေး' ရောက်လာလေသည်။

ကျွန်ုပ်တို့ အဖို့မှာမူ အဆိုပါ 'ဗမာ့လွတ်လပ်ရေး'ကို အထင်ကြီးခြင်း၊ စိတ်ကူးယဉ် သာယာခြင်းများ လုံးဝမရှိခဲ့ချေ။ Independence Preparatory မြန်မာ့လွတ်လပ်ရေး ပြင်ဆင်မှု ကော်မတီတွင် ပါဝင်ခဲ့သူ မှန်သမျှသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဂျပန်ပေးသော လွတ်လပ်ရေးနှင့် ပတ်သက်၍ အထင်ကြီးခြင်း၊ စိတ်ကူးယဉ် သာယာခြင်းများ ရှိခဲ့ကြမည် မဟုတ်ဟု ကျွန်ုပ် ယုံမိပေသည်။

ကျွန်ုပ်တို့ ဂျပန်ပြည်မှ ရန်ကုန်သို့ ပြန်အရောက်တွင် ပြုလုပ်သော ဂုဏ်ပြုဧည့်ခံပွဲတစ်ခု၌ ကျွန်ုပ်က ဂျပန်ပေးမည့် 'လွတ်လပ်ရေး'မှာ နာမည်လောက် ဖြစ်လိမ့်မည့်အကြောင်းကို အရိပ်အမြွက် ပြောပြခဲ့သေး၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ ရဲဘော်များအား ဂျပန်တို့၏ လွတ်လပ်ရေး အတုအယောင်ကြီးကို ဘွင်းဘွင်းကြီး ဖော်ထုတ်ရန်အတွက် ဂျပန်ကို တော်လှန်ပုန်ကန်ရန် သင့်လျော်ပြီဖြစ်ကြောင်း ကျွန်ုပ်ကပင် စတင်ပြောခဲ့လေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး အယူအဆကို ကမ္ဘာကသိအောင် ပြနိုင်ကြမည် ဖြစ်ပေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် သခင်သန်းထွန်း နေအိမ်၌ စည်းဝေးကြပြီးနောက် အလုံးစုံ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးသော် ဂျပန်



ကို မချတော်လှန်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ကျွန်ုပ်တို့၏ တွက်ကိန်းအရ ၁၉၄၃ ခုနှစ်ကုန်လောက်တွင် တော်လှန်ရေးပြင်ဆင်မှု အရပ်ရပ်သည် ပြည့်စုံပြီးစီးလိမ့်မည်ဟု ခန့်မှန်းခဲ့ကြလေသည်။ သို့ရာတွင် အကယ် လက်တွေ့ကျသော အခါ၌မူ ကျွန်ုပ်တို့ ထင်သည်ထက် ပို၍ကြာခဲ့လေသည်။

ထိုစဉ်အခါ ဂျပန်ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုလည်းမရှိ၊ စည်းစနစ်လည်း ကောင်းစွာ မကျနခဲ့ပေ။

ကျွန်ုပ်တို့တွင် တိကျပြတ်သားသော လုပ်ငန်းအစီအစဉ်ဟူ၍လည်း အဆင်သင့် မရှိခဲ့သေးသည့်ပြင် တရုတ်ပြည်နှင့် အိန္ဒိယပြည်ရှိ ကျွန်ုပ်တို့ ရဲဘော်များနှင့်လည်း ဆက်သွယ်မှု မရခဲ့သေးချိန် ဖြစ်လေသည်။

ရိက္ခာဖြည့်တင်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပြဿနာများကိုလည်း ကျွန်ုပ်တို့သည် ဦးနှောက်ရှုပ်စွာ ကြိုတင်ပြင်ဆင်ခဲ့ရသည်။

ပြည်သူလူထုကြီး တစ်ရပ်လုံးက ကျွန်ုပ်တို့အား အဆင်သင့် ကူညီထောက်ခံရန်နှင့် မြန်မာလူထုကို ဂျပန်ဆန့်ကျင်ရေး ဇာတ်ဦးကြီးဖြစ်အောင် လှုံ့ဆော်စည်းရုံးရန် လုပ်ငန်းကလည်း ကျန်ရှိနေသေး၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့တွင် လုပ်စရာ၊ ကိုင်စရာ လုပ်ငန်းတွေ တစ်ပြုံတစ်ခေါင်းကြီး ကျန်ရှိနေသေးလေသည်။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့မိတ်ဆွေ ကိုသိန်းဖေက အိန္ဒိယပြည်မှ သူ၏လူတစ်ယောက်ကို မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။ ကိုသိန်းဖေက ကျွန်ုပ်တို့ထဲက လူအချို့ အိန္ဒိယပြည်သို့ ထွက်လာနိုင်ပါမည်လားဟူ၍လည်း မှာကြားမေးမြန်းလိုက်လေသည်။ ထိုအချိန်က ကောင်းစွာ ခရီးမရောက်သေးသဖြင့် အိန္ဒိယသို့ လူလွှတ်ရန်ကိစ္စမှာ မဖြစ်နိုင်သလောက် ခဲယဉ်းနေပေသည်။

တစ်ဖန် ကျွန်ုပ်တို့ထဲမှ ထင်ရှားသော ခေါင်းဆောင်တစ်ဦးဦး လျှို့ဝှက်စွာ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဂျပန်စစ်ပုလိပ်က ကျွန်ုပ်တို့အားလုံးကို ချက်ချင်း ဖမ်းဆီးခြင်း၊ သို့မဟုတ် ကျပ်တည်းစွာ အကဲခတ်နှောက်ယှက်ခံ လိုက်တော့မည်မှာ သေချာနေသည့် အခါကာလလည်း ဖြစ်နေသည်။ ထိုစဉ်က ကျွန်ုပ်တို့အား ဂျပန်က မျက်ခြည်မပြတ် ကြည့်နေသည်ဆိုစေကာမူ တကယ်ကျပ်တည်းစွာ လိုက်လံစုံထောက်ခြင်း မပြုသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများ လုပ်နိုင်သေးသောအခါ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ကလည်း နောက်ဆုံး၌ ရဲဘော်ညိုထွန်း (နောက်တော့ ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ခေါင်းဆောင်ခဲ့သူ)ကို အိန္ဒိယသို့ စေလွှတ်ခဲ့လေသည်။

၁၉၄၄ ခု၊ ဩဂုတ်လဆန်း (ဩဂုတ်လ ၄ ရက်မှ ၇ ရက်အတွင်းဟု ထင်မိသည်)လောက်တွင် ပဲခူးမြို့၌ ကျွန်ုပ်တို့နှင့် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။ ၎င်းဆွေးနွေးပွဲ၌ ကျွန်ုပ် တင်ပြသော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်' ဖွဲ့စည်းရန် အစီအစဉ်နှင့် ဖဆပလ အဖွဲ့ချုပ်၏ ပထမဆုံး ကြေညာစာတမ်း အမှတ် ၁ ကို အားလုံးသဘောတူ လက်ခံကြလေသည်။ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ရန် စီမံကိန်းတစ်ခုကိုလည်း စုပေါင်းတိုင်ပင်၍ ရေးဆွဲခဲ့ကြလေသည်။

ထို့နောက်တွင်ကား 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်'ကို အခြေအနေက ပေးသလောက် ကျယ်ပြန့်စွာ စည်းရုံးကြပြန်လေသည်။

ထိုအတောအတွင်း ကျွန်ုပ်တို့ ဘီ–အိုင်–အေ တပ်မှ ရဲဘော်တစ်ယောက် (အထက်မြန်မာနိုင်ငံ ဗြိတိသျှတို့၏ ဝင်းဂိတ်ဆိုးစစ်တွင် ဖမ်းမိသွား)သည် အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ်အဖြစ် ရောက်လာပြန်သည်။ နောက်ပြီး ဆက်တိုက်ဆိုသလို အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ်တို့သည်လည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြန်သည်။ ၎င်းတို့ အားလုံးမှာ ဖဆပလအဖွဲ့ချုပ် (စစ်ပြီးခေတ်အခေါ်) အတွင်းမှ လူများပင်ဖြစ်၍ ဂျပန်စစ်ပုလိပ်က ဂျပန်တွေ သတ်ဖြတ်မှုနှင့် လိုက်နေသော နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်များပင် ဖြစ်လေသည်။

သို့နှင့်ပင် အချိန်ကာ တဖြည်းဖြည်းကုန်ကာ ဗြိတိသျှနှင့် မဟာမိတ်စစ်တပ်များသည် ထိုးစစ်ဖြင့် မန္တလေးမြို့အနီးသို့ ရောက်လာကြလေတော့သည်။ ၎င်းအချိန်မတိုင်မီ ကလေးတွင်မှု ရခိုင်ပြည်၌ ဆရာတော် ဦးပညာသီဟနှင့် ကိုညိုထွန်းတို့က ဂျပန်တော်လှန်ရေးကို ဖြောင်စည်းရုံး တိုက်ခိုက်နေနှင့်ပြီ ဖြစ်လေသည်။ ထို့အတူ မန္တလေး ပတ်ဝန်းကျင်ရှိ ကျွန်ုပ်တို့တပ်အားလုံးကို ဂျပန်အား အတီအလင်း တော်လှန်တိုက်ခိုက်ရန် ကျွန်ုပ်တို့က ညွှန်ကြားချက်ပေးခဲ့ပြီး ဖြစ်လေသည်။



၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့တွင်ကား ကျွန်ုပ်တို့သည် ကမ္ဘာက ယခုသိသော ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီးကို နိုင်ငံနှင့်အဝှမ်းချီ၍ စည်းရုံးကြေးကြော်ကာ စတင်တိုက်ခိုက်ခဲ့ကြလေတော့သည်။

*

ဂျပန်တို့ကား ကျွန်ုပ်တို့အပေါ် ခပ်စောစောကပင် သံသယရှိခဲ့ကြောင်းမှာ ယုံမှားဖွယ်မရှိပေ။

ထို့ကြောင့် ဂျပန်ခေတ် 'လွတ်လပ်သော မြန်မာနိုင်ငံ' အစိုးရအဖွဲ့တွင် ကျွန်ုပ်က ကာကွယ်ရေးဝန်ကြီး ဖြစ်လာသောအခါ ကျွန်ုပ်တို့ ဘီ–ဒီ–အေ တပ်အားလုံးလိုလိုကို ရပ်ဝေးရှိ စစ်မျက်နှာအသီးသီးသို့ ပို့ထားလေသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်တို့ တပ်အသီးသီး ဆက်သွယ်မှု မရရှိနိုင်အောင် ဖန်တီးထားခြင်း ဖြစ်လေသည်။

ကျွန်ုပ်က တပ်များသို့ သွားရောက် စစ်ဆေးကြည့်ရှုရန်ကြံတိုင်း ဂျပန်တို့က အကြောင်းတစ်ခုခုပြ၍ ကျွန်ုပ်ကို ခရီးမသွားဖြစ်အောင် တားမြစ်တတ်လေသည်။ သို့သော် ကျွန်ုပ်တွင် လုပ်ငန်းကြံစည်စရာ နည်းလမ်းတွေ ကိုယ့်ဟာကိုယ် တွက်ချက်ထားပြီးဖြစ်၍ ၎င်းကိစ္စကြောင့် စိတ်အနှောင့်အယှက် မဖြစ်ခဲ့ချေ။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဂျပန်များက ကျွန်ုပ်တို့ (ဘီ–ဒီ–အေ) တပ်များကို လေ့ကျင့်ခန်းများ ပြီးဆုံးအောင် သင်ကြားခြင်းလည်း မပြည့်စုံသေးဘဲလျက် မြန်မာနိုင်ငံ အနံ့အပြားသို့ တစ်တပ်နှင့် တစ်တပ် ဝေးစွာ ကွာခြား၍ ဖြန့်လွှတ်လေသည်။

ကျွန်ုပ်ကမူ ဘာမျှမပြောဘဲ ကြည့်၍သာနေခဲ့သည်။

ပြော၍လည်း အကြောင်းထူးမည်မဟုတ်ပေ။ အဘယ့်ကြောင့် ဆိုသော် ဂျပန်တို့၏ နည်းပရိယာယ် ထုံးစံအတိုင်းပါဟုဆို၍ ကျွန်ုပ်က အကြံပေးတိုင်း သူတို့သည် ကျွန်ုပ်ပြောသမျှ (ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ) အကြံပေးချက်၏ ဆန့်ကျင်ဘက်ကို လုပ်လေ့ရှိသောကြောင့်ပင်တည်း။

သို့ဖြစ်လေရာ ဂျပန်တွေက ကိစ္စတစ်စုံတစ်ခုအတွက် ကျွန်ုပ်၏ အကြံပေးချက်ကို တောင်းတိုင်း ကျွန်ုပ်က သူတို့အစီအစဉ်အားလုံး ကောင်းပါသည်၊ သင့်လျော်ပါသည်ဟူ၍သာ သဘောတူခဲ့လေသည်။ ကျွန်ုပ်၏ စိတ်ထဲတွင်ကား ဘယ်နည်းနှင့်ဖြစ်ဖြစ် ဂျပန်များကို ပြန်တော်လှန်ရန် ဖြစ်နိုင်ကြောင်း တွက်ကိန်းရှိပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဂျပန်တို့သည် တစ်မျိုးတစ်ဖုံ စဉ်းစားမိဟန်ဖြင့် ဘီ – ဒီ – အေ တပ်တွေအားလုံး ပြန်လည်စုရုံးရလျှင် မကောင်းပါလားဟု ကျွန်ုပ်ကို တိုင်ပင်လာကြပြန်၏။

ကျွန်ုပ်ကလည်း သွက်သွက်ကြီး သဘောတူညီချက် ပေးခဲ့၏။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့အဖို့ ပြင်ဆင်မှု အချို့လောက်သာ ကျန်ရှိလေတော့သည်။ ၎င်းတို့မှာ ပြည်သူလူထုကြီးက ဂျပန်တို့အား အလုံးအရင်းနှင့် တစ်ခဲနက် တော်လှန်ထကြွရန်အတွက် စည်းရုံးပြင်ဆင်ရေးနှင့် အပြစ်ကင်းသော ပြည်သူလူထုအပေါ် ဂျပန်တို့က ရက်စက်စွာ ကလဲ့စားချေလာလျှင် မည်သို့တန်ပြန် ဆောင်ရွက်ရမည်ဟူသော အချက်များပင် ဖြစ်လေသည်။

*

ကျွန်ုပ်တို့၏ မြန်မာ့တပ်မတော် (နောက်တော့ မျိုးချစ်ဗမာ့တပ်မတော်) နှင့်တကွ ပြောက်ကျားတပ်များသည် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း မည်မျှစွမ်းဆောင်၍ မည်မျှအောင်မြင်ခဲ့သည်ကို ဤနေရာတွင် ရှည်အံ့စိုး၍ အကျယ်ချဲ့ မဖော်ပြလိုတော့ပါ။

(နောင်တစ်နေ့တွင် ဤတော်လှန်ရေးကြီးနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များ အပြည့်အစုံကို ရေးသားဖော်ပြနိုင်ရန် မျှော်လင့်ပေသည်။)

အားလုံး စုစုပေါင်းဆိုလျှင် ကျွန်ုပ်တို့တပ်များသည် ရန်သူ ဂျပန်တို့နှင့် ရင်ဆိုင်တိုက်ရသည့် တိုက်ပွဲပေါင်း ၁၀၀၀ ထက် မနည်းခဲ့ဟူ၍သာ ဖော်ပြလိုပေသည်။

ယခုဆိုလျှင် ကျွန်ုပ်တို့ တပ်များသည် ပြောက်ကျားစစ်ဆင်ခြင်း အတတ်၌ ကမ္ဘာပေါ်ရှိ မည်သည့်စစ်တပ်နှင့်မဆို ယှဉ်ပြိုင်ရန် အဆင်သင့်ရှိပါပြီဟု အတိအလင်း ကြွေးကြော်ပေပြီ။

အလျဉ်းသင့်၍ ဖော်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ရိုးရာ စရိုက်အားဖြင့် ပြောက်ကျားစစ်ခင်းခြင်း၌ ဝါသနာနှင့် စိတ်ဓာတ် ရှိခဲ့လေသည်။

၁၃ ရာစုနှစ်များအတွင်းက တရုတ်ပြည်မှ ကူဘလိုင်ခန်းနှင့် သူ၏ 'တာတာစစ်သည်'များသည် အလုံးအရင်းနှင့် ပုဂံပြည်သို့ ချဉ်းနင်းတိုက်ခိုက်လာသောအခါ လေးလံနှေးကွေးသော စစ်ဆင်ရေးများသာရှိပြီး ဓားလုံလက်နက်



များ၌သာ ကျွမ်းကျင်ကုန်သော ဗမာစစ်တပ်များက တရုတ်တို့၏ ထိုးစစ်ဒဏ်ကို မခံနိုင်အောင် ဖြစ်ခဲ့လေသည်။

ထို့ကြောင့် မြန်မာတို့က မီးရှို့ဖျက်ဆီးပစ်သော 'မြေလှန်စနစ်' ကိုသုံးကာ ရပ်သူရွာသားတွေကိုလည်း အလုံးအရင်းနှင့် မြို့များမှ စွန့်ခွာထွက်သွားစေလျက် တောင်ဘက်သို့ ဆုတ်ခွာရင်း တရုတ်စစ်သည်များကို ပြောက်ကျားစနစ်ဖြင့် ပြန်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

နောက်ဆုံးတွင် ကူဘလိုင်ခန်းသည် သူ၏စစ်တပ်များအတွက် လက်နက်ခဲယမ်းနှင့် ရိက္ခာဖြည့်တင်းရေး အခက်အခဲကြောင့် မြန်မာနိုင်ငံမှ ဆုတ်ခွာသွားခဲ့ရဖူးလေသည်။

ထိုနည်းတူစွာ ၁၇ ရာစုအတွင်းကလည်း အောက်မြန်မာနိုင်ငံမှ မွန်လူမျိုးတို့၏ စစ်မက်ဝါဒကြောင့် မြန်မာတစ်နိုင်ငံလုံး ထီးကျိုးစည်ပေါက်ကာ မင်းမဲ့ဝါဒ (Anarchy) ကြီး လွှမ်းမိုးလျက်ရှိချိန်တွင် အလောင်းဘုရားသည် မြန်မာနိုင်ငံကို ပြန်လည်စုစည်းရန် ကြိုးစားစဉ်ကလည်း ပြောက်ကျားစစ်ဆင်နည်းဖြင့် တိုက်ခိုက်အောင်မြင်ခဲ့လေသည်။ အလောင်းဘုရား ကိုယ်တိုင်က ပြောက်ကျားခေါင်းဆောင်အဖြစ်မှ စတင်ခဲ့ရာ သူနှင့်အလားတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြောက်ကျားခေါင်းဆောင်များ၏ အကူအညီဖြင့် အလွန်စည်းရုံးညီညွတ်ပြီး အင်အားတောင့်တင်းသော မြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့လေသည်။

ဤစာတမ်းငယ် ရှေ့ပိုင်းတွင်လည်း ကျွန်ခေတ် တစ်လျှောက်လုံး မျိုးချစ်စိတ်ရှိသော ခေါင်းဆောင်အသီးသီးတို့သည် ပြောက်ကျားနည်းစနစ်ဖြင့် ဗြိတိသျှ နယ်ချဲ့သမားအား အကြိမ်ကြိမ် တော်လှန် ထကြွခဲ့ဖူးကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်လေသည်။

ယခု စစ်ကြီးကား ပြီးသွားပေပြီ။

ကျွန်ုပ်တို့သည်လည်း 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' ကို တပ်ဦးအဖြစ် မှတည်လျက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေပြီ။

ကျွန်ုပ်တို့အားလုံးသည် စည်လုံးညီညွတ်လျက်ရှိခြင်းကြောင့် စည်လုံးညီညွတ်စွာဖြင့် တစ်ခုတည်းသောပန်းတိုင် (မြန်မာ့လွတ်လပ်ရေး)သို့ ရှေ့ရှုချီတက်ကြရန်လည်း အသင့်ရှိနေကြလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com



နိဂုံးမချုပ်မီ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှတပ်မများ (၁၂-နံပါတ်တပ်မကြီး)၏ ဗိုလ်ချုပ်ဆာမွန်တေဂုစတော့ဖုတ်ထံသို့ ရေးလိုက်သောစာနှင့်တကွ မဟာမိတ် တပ်ပေါင်းစုံ အရာရှိကြီးများ စုံညီစွာ တက်ရောက်သည့် နေ့လယ်စာ စားပွဲ၌ ကျွန်ုပ် ပြောကြားခဲ့သော ကောက်နုတ်ချက် အချို့ကိုပါ ဖော်ပြလိုပေသည်။

မှ-

စစ်သေနာပတိချုပ်

၁၂-နံပါတ် တပ်မကြီး

သို့-

စစ်သေနာပတိ

မျိုးချစ်ဗမာ့တပ်မတော်

ယခုအခါ ဂျပန်တို့က မြန်မာနိုင်ငံရှိ ၎င်းတို့၏ တပ်များအားလုံး လက်နက်ချရန် စည်းကမ်းချက်များကို သဘောတူ လက်ခံလိုက်ပြီဖြစ်ရာ မိတ်ဆွေတို့၏ တိုင်းပြည်ကို ကယ်တင်ရန် လွတ်မြောက်ရေး၏ နောက်ဆုံးအဆင့်တွင် အရေးပါစွာ ကူညီပါဝင်ခဲ့သော မိတ်ဆွေနှင့်တကွ မျိုးချစ် မြန်မာ့တပ်မတော်မှ အရာရှိ၊ တပ်သားအားလုံးကို ကျွန်ုပ်က ချီးကျူး၍ ကျေးဇူးတင်စကား ပြောကြားလိုပါသည်။

မိတ်ဆွေတို့၏ ပူးပေါင်းကူညီချက်ကြောင့် ဂျပန်တို့ဘက်မှ အကြီးအကျယ် ကျဆုံးခဲ့ရခြင်း ဖြစ်ပါသည်။

ဂျပန်ကျူးကျော်ရေး သမားတို့အား တော်လှန်တိုက်ခိုက်ရာ၌ သွေးထိုးအားပေးခဲ့သည့် သင်တို့၏နိုင်ငံကို ချစ်သောစိတ်ဓာတ်သည် ယခု စစ်ပြီးသည့် အခါတွင်လည်း မျိုးချစ် မြန်မာ့တပ်မတော်သားအားလုံးတို့သည် မြန်မာနိုင်ငံစစ်တပ် Burma Army ဝင် ရဲဘော်များအဖြစ် တိုင်းပြည်ကို ဆက်လက်ကာကွယ်စောင့်ရှောက်ရန် စိတ်ဓာတ်များအဖြစ် တိုးတက်ဖွံ့ဖြိုးလာမည်ဟု ကျွန်ုပ် အထူးမျှော်လင့် ယုံကြည်မိပါသည်။

*

(မဟာမိတ် တပ်ပေါင်းစုံ အရာရှိများအား ကျွန်ုပ် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်များ။)



ကျွန်ုပ်တို့ မြန်မာနိုင်ငံနှင့်တကွ မဟာမိတ်နိုင်ငံပေါင်းစုံတို့ ဘက်မှနေ၍ ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်ချက်များကို အသိအမှတ်ပြုကာ ချီးကျူးစကားပြောကြားသည့်အတွက် မျိုးချစ်မြန်မာ့တပ်မတော်နှင့် မြန်မာ့ပြောက်ကျားတပ်များကိုယ်စား ကျွန်ုပ်က ကျေးဇူးတင်လှပါသည်။

ဤကား ကျွန်ုပ်တို့ တပ်မတော်သား အားလုံးအတွက် အလွန်အားတက်ဂုဏ်ယူဖွယ် အသိအမှတ်ပြုခြင်း တစ်ရပ်လည်းဖြစ်သည်။

မျိုးချစ် မြန်မာ့တပ်မတော်ဟူ၍ 'မျိုးချစ်' ဟူသောအမည်ကို ကျွန်ုပ်တို့တပ်သားများသည် တကယ်ပင် ခံယူထိုက်လောက်အောင်လည်း လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်းမှာ ယုံမှားဖွယ်မရှိပါ။

ကျွန်ုပ်တို့သည် ခရီးလမ်း၏အစတွင် မှားချင်မှားခဲ့ပေမည်။ အတိတ်ကာလအတွင်းက ကျွန်ုပ်တို့သည် မှားယွင်းမှုများကို ပြုမူခဲ့ချင်လည်း ပြုမူခဲ့ကြပေလိမ့်မည်။ သို့သော်လည်း ဘယ်အချိန် ဘယ်အခါကမှ မျိုးချစ်စိတ်ဓာတ်၏ ခရီးလမ်းကြောင်းမှ ရှောင်ဖယ် သွေဖြည်၍ မသွားခဲ့ကြောင်းကိုတော့ ကျွန်ုပ်က ရဲဝံ့စွာ ပြောလိုပါသည်။

ဂျပန်တို့နှင့် ပူးပေါင်းနေခဲ့စဉ်ကလည်း ကျွန်ုပ်တို့သည် မဖွယ်မရာ ရှက်စရာကောင်းသော မျိုးချစ်စိတ်ဓာတ်နှင့် ဆန့်ကျင်သော အလုပ်ဟူသမျှ ဘာမှမလုပ်ခဲ့ကြောင်းပါ ပြောပြလိုပါသည်။

ကျွန်ုပ်တို့သည် ဂျပန်၏ စစ်မက်ဝါဒနှင့် ရိုင်းစိုင်းစွာ ပြုမူဆက်ဆံနည်းများကို လုံးဝ မနှစ်ခြိုက်သည့်အပြင် သူတို့ပေးခဲ့သမျှ ကတိစကားအားလုံးကိုလည်း တစ်ခုမကျန် ဖျက်ဆီးခဲ့ကြောင်း သိရသော်လည်း ဂျပန်တို့အပေါ် တတ်နိုင်သလောက် စိတ်ရှည်လက်ရှည် ဆက်ဆံခဲ့ပါသည်။

အဓိပ္ပာယ်ကတော့ မိတ်ဆွေဖြစ်မိကြမှတော့ တစ်ဦးနှင့်တစ်ဦး မိတ်မပျက်အောင် ကြိုးစားခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးကို ဖျက်ဆီးပစ်လိုက်သူကား ဂျပန်ပင် ဖြစ်လာလေသည်။

ဂျပန်များသည် ကျွန်ုပ်တို့အပေါ်တွင် သစ္စာလည်းမရှိ၊ ကောက်ကျစ်စဉ်းလဲ ယုတ်မာသော စိတ်ထားဖြင့်လည်း ဆက်ဆံခဲ့၏။ 'လွတ်လပ်ရေး' အတုအယောင်ကိုသာ ပေးခြင်းကြောင့် ကျွန်ုပ်တို့မှာ တိုင်းပြည်အတွက် တကယ်ထိရောက်သော လုပ်ငန်းဟူ၍ တစ်ခုမှ မလုပ်နိုင်အောင် ဖန်တီးခဲ့၏။ ကျွန်ုပ်တို့တိုင်းသူပြည်သားများအား အမျိုးမျိုးအဖုံဖုံ မတရားနှိပ်စက် ညှဉ်းပန်းသည်သာ

www.burmeseclassic.com

www.burmeseclassic.com



မကာ လူထုထံမှ ပစ္စည်းဥစ္စာ ရှိသမျှကိုလည်း အဓမ္မသိမ်းပိုက် လုယူခဲ့ကြ၏။ ဒီမိုကရေစီ လွတ်လပ်ရေးနှင့် လူ့အခွင့်အရေးဟူ၍ စိုးစဉ်မျှ မကျန်ရှိအောင်လည်း လုပ်ခဲ့၏။ ကျွန်ုပ်တို့၏ တပ်များကိုလည်း စနစ်တကျ စည်းရုံးလေ့ကျင့်ပေးခြင်း၊ စက်ပစ္စည်းကိရိယာ စုံလင်အောင် တပ်ဆင်ပေးခြင်းလည်း လုံးဝ မပြုဘဲထား၏။

ထိုအချိန်၌ သူတို့ ဂျပန်တပ်ကလည်း မြန်မာနိုင်ငံအား တကယ်တမ်း ကာကွယ်စောင့်ရှောက် ပေးနိုင်စွမ်းမရှိကြောင်း ထင်ရှား၍ နေလေသည်။

ပြင်ဆင်မှု၊ လေ့ကျင့်မှုအတွက် အချိန် လုံလောက်စွာ မရှိဟူသော အကြောင်းပြချက်မှာလည်း အခြေအမြစ် မရှိချေ။ သုံးနှစ်မျှသော အချိန်မှာ တိုင်းပြည်တစ်ပြည်၏ ကာကွယ်ရေးကို ကောင်းကောင်းကြီး ပြင်ဆင်နိုင်သော အချိန်ကာလ ဖြစ်ပေသည်။

ထိုသုံးနှစ်အတွင်း ဗြိတိန်သည် ၎င်းတပ်များကို စစ်ဖြစ်ခါစအချိန်ကက် အဆပေါင်းများစွာ အင်အား ပိုမိုတောင့်တင်းလာအောင် တိုးချဲ့ဖြည့်တင်းနိုင်ခဲ့ပေသည်။

ထိုသုံးနှစ်အတွင်းမှာပင် တိုင်းပြည်ငယ် တစ်ခုဖြစ်သော (ယူဂိုစလားဗီးယား) နိုင်ငံသည်လည်း မူလက ဘာမှမရှိဘဲလျက် ၎င်း၏ စစ်တပ်များနှင့် တိုက်ခိုက်ရေးအင်အားကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။

မည်သည့်စစ်ပွဲ၊ မည်သည့်တော်လှန်မှု အရေးတော်ပုံ၌မဆို နိုင်ငံတစ်နိုင်ငံသည် သူညကစပြီး မိမိကာကွယ်ရေးအင်အားကို တိုတောင်းလှသော အချိန် ကာလအတွင်း သူတစ်ပါး၏ ကျူးကျော်လာခြင်းကို အောင်မြင်စွာ မဟုတ်သည့်တိုင်အောင် ခိုးကျူးဖွယ်ရာ တောင့်တင်းခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သော သာဓကများရှိခဲ့ရာ ဂျပန်ပြည်သည်လည်း ဤနေရာ၌ ချွင်းချက် မဟုတ်ချေ။

ဂျပန်တို့ကမူ ကျွန်ုပ်တို့အား အကြံဝါနုသေးသည်၊ ရင့်ကျက်တည်ငြိမ်ခြင်း မရှိသေးဟု အကြောင်းပြကာ ကျွန်ုပ်တို့၏ စစ်မက်အင်အား တည်ဆောက်ရေးကို ခွင့်မပြုဘဲ နေခဲ့၏။

တစ်ဖက်တွင်ကား စစ်အောင်နိုင်ရေးအတွက် လိုအပ်သည်ဆိုပြီး မြန်မာလူထုထံမှ ရှိသမျှ ပစ္စည်းဥစ္စာများကို အဓမ္မသိမ်းယူခြင်း၊ အလွန်ဆင်းရဲ ပင်ပန်းလှသော ချွေးတပ်ထဲ ဆွဲသွင်းပြီး အတင်းအကျပ် စေခိုင်းခြင်း၊ တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူတွေ အလွန်အကျွံထုတ်၍ ကုန်ပစ္စည်းတန်ဖိုး အဆမတန်တက်



စေခြင်း စသည်တို့ကို ပြုကျင့်လျက် စစ်ယန္တရားကြီးကို ဖြည့်တင်းပေးခဲ့လေသည်။

ဤအခြေအနေမျိုးတွင် ကျွန်ုပ်တို့မှာ တရားမျှတခြင်းကို လိုလားသူ၊ မျိုးချစ်စိတ်ဓာတ် ရှိသူများအဖြစ် ဖက်ဆစ်ဂျပန်အား ပြန်၍တော်လှန်ပုန်ကန်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဂျပန်အား အလုံးအရင်းနှင့် တော်လှန်တိုက်ခိုက်ခဲ့တော့သည်။

တစ်ခု အတိအလင်း ကျွန်ုပ် ပြောလိုသည်ကား ကျွန်ုပ်တို့ ဂျပန်ကို တော်လှန်သောအချိန်၌ မဟာမိတ်တပ်များက အချိန်မီ လာရောက်ကူညီနိုင်မည် မဟုတ်သည်ကိုလည်း သေချာတပ်အပ်စွာ မသိသေးခဲ့ကြောင်း၊ ကျွန်ုပ်တို့လုပ်ရှားမှု ခြေလှမ်းကြောင့် ဂျပန်စစ်ဘက်မှ ဘယ်လိုဂယက်မျိုး ပဲ့တင်ရိုက်ခတ်လာမည်ကိုလည်း ကြိုတင်သိမထားနိုင်ကြောင်းနှင့် ကျွန်ုပ်တို့ကိုယ်တိုင်က ဂျပန် တော်လှန်ရေးအတွက် မဟာမိတ်တို့နှင့် စေ့စပ်ဈေးဆစ်လိုခြင်း၊ အခွင့်အရေးတောင်းသော အချောင်သမားဝါဒကို မျှော်ခေါ်ခြင်းများ လုံးဝ မရှိခဲ့ကြောင်း စသည့် အချက်များပင် ဖြစ်ပါသည်။

မဟာမိတ်များထံမှလည်း အခွင့်အရေးနှင့် ပတ်သက်၍ ကတိစကားဟူ၍ ကျွန်ုပ်တို့ ဘာမှမရခဲ့ချေ။ ကျွန်ုပ်တို့သည် မဟာမိတ်တို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်းမှာ ၎င်းတို့၏ ရည်ရွယ်ချက်နှင့် စစ်တိုက်ရခြင်းဝါဒ မှန်ကန်သည်ဟု ယူဆသောကြောင့်ပင် ဖြစ်သည်။

မဟာမိတ်တို့သည် လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးရှိသော လောကသစ်စခန်းသို့ ရှေ့ရှုချီတက်နေကြသည်ဟု ကျွန်ုပ်တို့ ယုံကြည်သောကြောင့်လည်း ဖြစ်သည်။ ထိုငြိမ်းချမ်းပြီး လွတ်လပ်သော ကမ္ဘာသစ်မှာသာလျှင် ကျွန်ုပ်တို့နိုင်ငံသည်လည်း လုံခြုံတည်မြဲနိုင်မည်ဟုလည်း ယုံကြည်ကြသောကြောင့်ဖြစ်သည်။

ထို့ပြင် ကျွန်ုပ်တို့သည် ကမ္ဘာလူထုကြီး (ဗြိတိသျှလူမျိုးများ အပါအဝင်) အပေါ်၌ အကြွင်းမဲ့ ယုံကြည်စိတ်ချသောကြောင့်လည်း တိုက်ခိုက်ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့တတွေ မည်မျှရှုပ်ချွံစွာ စွမ်းစွမ်းတမံ တိုက်ခိုက်ကြောင်းကိုကား ကမ္ဘာက သိပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့တပ်များက ဂျပန်စစ်သား ၂၀၀၀၀ ကျော်ထက်မနည်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက် သုတ်ဖြတ်ခဲ့သည့်အပြင် စုစ်သုံ့ပန်းအဖြစ်လည်း ဂျပန့်အမြောက် အမြားကို လက်ရဖမ်းဆီးခဲ့ပါသေးသည်။

ယခု တော်လှန်ရေးကြီး ကာလအတွင်း ကျွန်ုပ်တို့တပ်များ၏ စွမ်းဆောင် ချက်များအနက် အထူးခြားဆုံးကို ဖော်ပြရမည်ဆိုလျှင် ဂျပန့်အမှတ် ၅၃ တပ်မကြီး တစ်ခုလုံးကို အပြုတ်ချေမှုန်း တိုက်ခိုက်လျက် ဂျပန် ဗိုလ်ချုပ် (လက်ဖတင်နင် ဂျင်နရယ် တစ်ယောက်နှင့် မေဂျာဂျင်နရယ် နှစ်ယောက်) သုံးယောက်ကိုပါ သတ်ဖြတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

၎င်းတိုက်ပွဲ၌ ကျွန်ုပ်တို့သည် ဂျပန်တို့ထံမှ အရေးပါ အရာရောက်သော စာရွက်စာတမ်း အတော်များများကိုပါ သိမ်းယူရရှိပြီး မဟာမိတ်တပ်များလက် သို့ အပ်နှံခဲ့ကြသည်။

ကျွန်ုပ်တို့တပ်များ၏ တိုက်ခိုက်အောင်မြင်မှုများကို ဤနေရာဘွင် အသေးစိတ် ဖော်ပြရလျှင် ရှည်လျားမည်ဖြစ်၍ အောက်ပါအချက် တစ်ခုကို သာ ပြောပြလိုပါသည်။

'ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တိုင်းပြည်နှင့် ကမ္ဘာလူထုအပေါ် တာဝန် တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါသည်။ သို့ထမ်းဆောင်ရာ၌လည်း မဟာမိတ်တပ်များအပေါ် ယုံကြည်ရိုးသားသောစိတ်ဖြင့် ပူးပေါင်းဆောင်ရွက် ခဲ့ကြခြင်း ဖြစ်သည်'

ကျွန်ုပ်တို့သည် မဟာမိတ်တို့ထံမှ ယခုထက်ပို၍ ကူညီထောက်ပံ့မှု ရခဲ့ပါမူ ဆတက်ထမ်းပိုးတိုး၍ ထိရောက်အောင်မြင်စွာ ရန်သူဖက်ဆစ်ကို တိုက်ခိုက်ချေမှုန်းနိုင်မည် ဖြစ်သော်လည်း တော်လှန်ရေးကာလအတွင်း ရသမျှ သော အကူအညီ အထောက်အပံ့များအတွက် မဟာမိတ်တပ်ပေါင်းစုကို ကျေးဇူး ဥပကာရ တင်ရှိလှပါသည်။

မျိုးချစ်စိတ် ထက်သန်စွာဖြင့် ကျွန်ုပ်တို့ လုပ်ငန်းများကို ဆောင်ရွက် ရာတွင် ...ါးတက်သရော ပူးပေါင်းကူညီခဲ့သော မြန်မာတိုင်းရင်းသား လူထု ကြီးကိုလည်း အတိုင်းထက်အလွန် ကျေးဇူးတင်ရပါဦးမည်။

စင်စစ် ပြည်သူလူထုကြီး၏ အခြေအနေမှာ လုံးဝအားကျစရာကောင်း သည် မဟုတ်ချေ။ ကျွန်ုပ်တို့ ရဲဘော်တွေကြောင့် ဂျပန်က ပြည်သူလူထုအား အချိန်မရွေး ရက်စက်ညှဉ်းပန်းနိုင်သည့် အခြေအနေမျိုး ရှိနေခဲ့၏။ ယင်းသို့ ဖက်ဆစ်ဂျပန်က လူထုအပေါ် မတရားညှဉ်းပန်း ရက်စက်မည်ကို စိုးရိမ်အား ကြီး၍သာ ကျွန်ုပ်တို့၏ ဖက်ဆစ်တော်လှန်ရေးမှာ အချိန် ဤမျှကြန့်ကြာခဲ့ရ



ခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် ဂျပန်အား ခပ်စောစောက ပင် တော်လှန်တိုက်ခိုက်မိကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ဂျပန်တို့က ပြည်သူ လူထုအပေါ် ညှဉ်းဆဲနှိပ်စက်လာလျှင် မည်ပုံတန်ပြန် လှုပ်ရှားရမည်ကို ကျွန်ုပ် တို့က တော်လှန်ရေးမတိုင်မီ အချိန်အတွင်း ကြိုတင်ပြင်ဆင် ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ယခု စစ်ကြီးကား ပြီးသွားပေပြီ။

ဤစစ်ပွဲကြီးတွင်လည်း ကမ္ဘာလူထုကြီးဘက်က အနိုင်ရရှိခဲ့သည်ဟူ၍ ပင် ဆိုရပါမည်။

၁၉၃၁ ခုနှစ်ကစ၍ ကမ္ဘာကြီးတွင် (တစ်နေရာမဟုတ် တစ်နေရာ၌) သွေးထွက်သံယိုမှုများ ဖြစ်ခဲ့ရသည်။ ယခုတော့ ငြိမ်းချမ်းရေးသည် ရောက်ရှိ လာပါပြီ။

ကမ္ဘာ့ကုလသမဂ္ဂ အသင်းကြီးကလည်း ကမ္ဘာတစ်ဝှမ်းလုံးတွင် ငြိမ်းချမ်း ရေး၊ လွတ်လပ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးများ မလွဲမသွေရရှိအောင် ဆောင်ရွက် တည်ဆောက်နိုင်ပါစေဟူ၍လည်း ဆုတောင်းမိပါသည်။

ယခု ငြိမ်းချမ်းရေးသည် လူသေနှင့် သင်္ချိုင်းတို့၏ ငြိမ်းချမ်းရေးမျိုး မဟုတ်ဘဲ တကယ့်ငြိမ်းချမ်းရေးအစစ် ဖြစ်ပေလိမ့်မည်ဟုလည်း မျှော်လင့်ပါ သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအဖို့ကား ယခုလက်ငင်း ပြဿနာမှာ မြန်မာနိုင်ငံ ကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်များ စနစ်တကျ ဖွဲ့စည်းတည်ထောင် ရန်ပင် ဖြစ်သည်။ သို့မှသာလျှင် ရှေ့နှစ်နှစ် သုံးနှစ်နှစ်အတွင်း မြန်မာနိုင်ငံ သည် အခြားဗြိတိသျှ ဓနသဟာယ နိုင်ငံများနည်းတူ ဒိုမီနီယံအဆင့်သို့ရောက် ချိန်၌ နိုင်ငံကာကွယ်ရေးအတွက် လုံလောက်သော ပြင်ဆင်မှုများ တည်ဆောက် နိုင်ပြီးသား ဖြစ်နိုင်ပေမည်။

မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ဟိုဘက်သည် ဘက် လျှောက်လဲစရာ အငြင်းပွားနိုင်စရာ ဆင်ခြေတွေကတော့ အများကြီး ရှိချင်ရှိပါမည်။ သို့သော် ဤနေရာ၌ 'လာချင်အနီးကလေး၊ မလာချင်ခရီးဝေး' ဟူသော ကျွန်ုပ်တို့ မြန်မာစကားပုံ ကလေးကိုသာ ကိုးကားလိုပါတော့သည်။

ကမ္ဘာ့ရာဇဝင် သမိုင်းတွင်ကား တော်လှန်ရေး ကာလအတွင်း နိုင်ငံ သစ်တစ်ခုသည် ခြေလှမ်းကျဲကျဲ လှမ်းခြင်းအားဖြင့် တိုင်းပြည်၏ ဖွံ့စည်း တည်ဆောက်ခြင်းကို အပြီးအစီး လုပ်နိုင်ခဲ့သည့် သာဓကတွေ အမြောက်အမြား ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိန်ပြည်မှာတွင်ပင် အလွန် နေးကွေးပါသည်ဆိုသော ပါလီမန်ကရင်းတို့ တကယ်လိုလားသော ဥပဒေကြမ်းတစ်ခုကို တစ်ရက်အတွင်း ဆုံးဖြတ်အတည်ပြုနိုင်ကြပါသည်။ ထို့ကြောင့် ဒိုမီနီယံ အုပ်ချုပ်ရေးမပေးမီ ကာလအတွင်း မြန်မာနိုင်ငံ၏ ကာကွယ်ရေး အစီအစဉ်များကို ရေးဆွဲစီမံရာ၌ မြန်မာလူထုကြီး၏ ကိုယ်စားလှယ်များကိုပါ ညှိနှိုင်း တိုင်ပင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါ၏။

ကျွန်ုပ်တို့ မျိုးချစ်တပ်မတော်နှင့် ပြောက်ကျားတပ်သားတို့၏ မျှော်လင့်ချက် (Aspirations) ကိုတော့ အားလုံးက သိနှင့်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့ကလည်း တိုင်းပြည် လက်ရှိအခြေအနေကိုထောက်၍ အဖြစ်နိုင်ဆုံးနှင့် အနည်းဆုံး အခွင့်အရေးနှင့် စည်းကမ်းချက်များကိုသာ တောင်းထားပါသည်။ သို့မှသာ မျိုးချစ် ဗမာ့တပ်မတော် ပြောက်ကျားတပ်များနှင့် မြန်မာနိုင်ငံ ပြည်သူလူထုက နိုင်ငံကာကွယ်ရေးတွင် ဝင်ရောက်အမှုထမ်းနိုင်ကြပါမည်။

ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့၏ မျှော်ခေါ်ချက်များကို နားလည်အောင် လေ့လာခြင်းမပြုဘဲ လစ်လျူရှုကာ အာဏာပိုင်တို့က လုပ်သွားပါမူ ဗြိတိန်သည်လည်းကောင်း၊ မြန်မာနိုင်ငံသည်လည်းကောင်း နှစ်ဦးနှစ်ဝ လိုလားသော ပန်းတိုင်သို့မရောက်ဘဲ ယခင် စစ်မဖြစ်မီကကဲ့သို့ နှစ်ပြည်ထောင်လူထု၏ မျှော်ခေါ်ချက်များ ပျက်ပြားကာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မျှော်လင့်ချက်များလည်း ကင်းမဲ့သွားပါလိမ့်မည်။

ယခု ထိုသို့ မဖြစ်ပါစေနှင့်ဟု ကျွန်ုပ် အထူး မျှော်လင့်မိပါသည်။

သို့ဖြစ်ရကား ခဲယဉ်းပင်ပန်းစွာ ဆွတ်လှမ်းရရှိထားသော စစ်အောင်နိုင်မှုကို အခြေပြုကာ ကျွန်ုပ်တို့အားလုံး (ဗြိတိသျှနှင့် မြန်မာလူမျိုးတွေ)သည် လက်ချင်းတွဲကာ တကယ် သာယာမွန်မြတ်သော ငြိမ်းချမ်းရေးကြီးကို ကည်ဆောက်ကြပါစို့။

ကျွန်ုပ် အထက်တွင် ပြောခဲ့သလို ဖက်ဆစ်လူရိုင်းတို့လက်မှ တိုက်ယူရရှိသော ငြိမ်းချမ်းရေးသည် သချိုင်းဂူတို့ဖြင့်သာပြီးသော ငြိမ်းချမ်းရေးမဟုတ်ဘဲ တကယ့်လွတ်လပ်ရေး တိုးတက်ဖွံ့ဖြိုးရေးတို့ဖြင့် ပြည့်စုံသည့် ငြိမ်းချမ်းရေးအစစ်ကြီး ဖြစ်လာပါစေသတည်း။

▢

# ပြည်ထောင်စု ဗိသုကာ
# ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာ

၁၉၉၅ ခုနှစ်၊ ဇူလိုင်လက 'နှယ်နီ'မဂ္ဂဇင်းတွင် ကျွန်တော် လစဉ် ရေးခဲ့သော ဆောင်းပါးများ စုပေါင်း၍ 'အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း'အမည်ဖြင့် စာအုပ် ထုတ်ခဲ့ပါသည်။ ယင်းစာအုပ် ထွက်ထွက်ချင်း စာဖတ်ပရိသတ်က အလုအယက် ဝယ်ယူဖတ်ရှုအားပေး၍ စာအုပ်လက်ကျန်မရှိအောင် ကုန်သွားသဖြင့် ထုတ်ဝေသူများ၊ နယ်ကိုယ်စားလှယ်များ၊ စာအုပ်အရောင်းဆိုင်များပင် အံ့အားသင့်ခဲ့ကြပါသည်။

စာရေးသူ ကျွန်တော့်ထံသို့လည်း နိုင်ငံအနှံ့အပြားမှ စာဖတ်ပရိသတ် (အထူးသဖြင့် လူငယ်များ)ထံမှ စာအမြောက်အများရရှိရာ အများစု၏ အာဘော်ကတော့ ယနေ့ လူငယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို မမီလိုက်သူများ ဖြစ်သောကြောင့် 'အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း'လို စာအုပ်မျိုးဖတ်ရမှ ဗိုလ်ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းမှုသာမက လူပုဂ္ဂိုလ်အဖြစ် ပင်ကိုယ်စရိုက်၊ ဝါသနာ၊ အတွေးခေါ်၊ အမြော်အမြင်၊ သဘောထားများကို လေ့လာသိရှိခွင့်ရသဖြင့် နောက်ထပ် အလားတူ ဗိုလ်ချုပ်အကြောင်း စာအုပ်ထုတ်ပေးပါရန် မေတ္တာရပ်ခံချက်များ ဖြစ်နေပါသည်။

ယခု စာအုပ်တွင်ကား ဗိုလ်ချုပ်၏ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး အတွက် စွမ်းစွမ်းတမန် ကြိုးပမ်းဆောင်ရွက်မှု (တစ်နည်းအားဖြင့်) 'ပြည်ထောင်စု' ဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်မှုဆိုင်ရာတို့ကို ဦးစားပေးဖော်ပြလိုသဖြင့် စာအုပ်အမည်ကို 'ပြည်ထောင်စု ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း'ဟု ရွေးချယ်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ဆောင်းပါးများမှာ 'ဗိုလ်ချုပ်အောင်ဆန်း'အကြောင်း အသေးစိတ် လေ့လာလိုသူများ လူငယ်များအတွက် ရည်ရွယ်ချက် 'စတိုင်သစ်' မဂ္ဂဇင်းတွင် ကျွန်တော် လစဉ် အခန်းဆက်ရေးချသော ဆောင်းပါးများကိုစုစည်း၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် ၁၉၄၅ ခုနှစ်၊ နောက်ပိုင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို လူပုဂ္ဂိုလ်တစ်ယောက်အဖြစ် လေ့လာအကဲခတ်နိုင်လိမ့်မည် မျှော်လင့်ချက်ဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသတည်း။

ဤစာအုပ်ကို ဗိုလ်ချုပ်အောင်ဆန်း၏ ၈၂ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပင်လုံစာချုပ် နှစ် ၅၀ ပြည့် 'ရွှေရတု'အထိမ်းအမှတ်အဖြစ်လည်းကောင်း ဂုဏ်ပြုထုတ်ဝေလိုက်ခြင်းလည်း ဖြစ်ပါသည်။

တက္ကသိုလ်နေဝင်း



## ပထမ ပင်လုံညီလာခံ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင်လည်းကောင်း၊ 'ယူနီယံ'ခေါ် 'ပြည်ထောင်စု'ပုံစံဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်ကို ၁၉၄၈ ခုနှစ်က ကုလသမဂ္ဂဌာနချုပ်ရှိ ကမ္ဘာ့မြေပုံကြီးတွင် အထင်အရှား ရေးခြယ်တည်ဆောက်ခဲ့ရာ၌လည်းကောင်း အထူးအရေးပါသောနေရာသို့ အခိုင်အမာ ရောက်ရှိနေသည့် ဝေါဟာရစကားလုံးတစ်ခုကား 'ပင်လုံ'ပင် ဖြစ်ပါသည်။

'ပင်လုံ'ဟူသည်ကား ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားနယ်ရှိ တောင်ပေါ်မြို့ကလေး၏ အမည်ဖြစ်ပါသည်။

ကျွန်တော်တို့ ကိုယ်တိုင်ပင်လျှင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက 'ပင်လုံ' ဟူသော မြို့အမည်ကို မကြားဖူးခဲ့ပါ။ တောင်ကြီး၊ ညောင်ရွှေ၊ ရွှေညောင်၊ ပင်းတယ၊ ဟိုပုံး၊ နမ်းဆမ်တို့ကဲ့သို့ ထင်ရှားသော မြို့တစ်မြို့မဟုတ်သောကြောင့် ဖြစ်ဟန်တူပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ဦးစီးလျက် ညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တော်များအပါအဝင် ခေါင်းဆောင် ၂၂ ဦးတို့သည် နံနက် ၁၀ နာရီတိတိတွင် ပင်လုံမြို့၌ အထူး စီမံဆောက်လုပ်ထားသော မဏ္ဍပ်ကြီးအတွင်းဝယ် 'တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစာချုပ်ကြီး'ကို တစ်ခဲနက် တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ကြသောကြောင့် ထိုနေ့ ထိုအချိန်မှစ၍ 'ပင်လုံ'ဟူသော မူလက အညတြ တောင်ပေါ်မြို့ကလေး၏အမည်သည် နိုင်ငံကျော်၊ ကမ္ဘာကျော် ဖြစ်လာလေတော့သည်။

ယင်းသတင်းကို ကမ္ဘာသို့ရောက်အောင် ကျယ်ပြန့်စွာ သတင်းဖြန့်နိုင်စွမ်းရှိသူ သက်သေအဖြစ် ဗြိတိသျှအစိုးရ ခနေသဟာယနိုင်ငံများဆိုင်ရာ ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှ ဒုတိယဝန်ကြီး 'မစ္စတာဘော်တွမ်လေ'ကိုယ်တိုင် ထိုနေ့က ပင်လုံတွင် ရှိနေခဲ့ပါသည်။

**မှတ်ချက်**– 'မစ္စတာ ဘော်တွမ်လေ'သည် နောက်ပိုင်း ဆာ SIR ဘွဲ့ရ 'အာသာဘော်တွမ်လေ'ဖြစ်လာသည့်ပြင် မြန်မာနိုင်ငံကလည်း နိုင်ငံခြားသားများအတွက် အမြင့်ဆုံးဘွဲ့ 'အောင်ဆန်းတံခွန်'ဘွဲ့ ချီးမြှင့်ခြင်းခံရသူ ဖြစ်ပါသည်။

**စာရေးသူ**

*

စင်စစ်အားဖြင့် ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ 'ပင်လုံညီလာခံ'သည် 'ဒုတိယမြောက် ပင်လုံညီလာခံ' ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ်က ကျင်းပခဲ့သော 'ပထမ ပင်လုံညီလာခံ'ဟူ၍ ရှိခဲ့ပါသေးသည်။ သို့သော် ယင်းပထမ ပင်လုံညီလာခံ အကြောင်း သိသူ နည်းပါးသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က ကျွန်တော်သည် 'လုပ်သားပြည်သူ့နေ့စဉ်' သတင်းစာတိုက်တွင် 'ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ' ဟောပြောခဲ့ဖူးရာ ကျွန်တော်က ၁၉၄၆ ခုနှစ် ပထမ ပင်လုံညီလာခံ အကြောင်း ထည့်ပြောသည်ကို လူငယ် အယ်ဒီတာအဖွဲ့ဝင်အချို့ကပင် မသိလိုက်ကြဟု ပြောပါသည်။

တကယ်တော့လည်း ၁၉၄၆ ခုနှစ်က ပင်လုံအစည်းအဝေးမှာ 'ကွန်ဖရင့်' သို့မဟုတ် 'ညီလာခံ'ဟု အတိအကျမဆိုနိုင်ပါ။ 'နှီးနှောဖလှယ်ပွဲ' SEMINAR သဘောသာဖြစ်သည်ဟု ဆိုနိုင်ပါသည်။

*

ဗြိတိသျှ နယ်ချဲ့လက်ပါးစေ ဘုရင်ခံ 'ဆာဒေါမန်စမစ်'နှင့် သူ၏ လက်ပါးစေ (ဆာပေါ်ထွန်း) အစိုးရအဖွဲ့တို့သည် ၁၉၄၂ ခုနှစ်ဆန်းက ရန်ကုန်မြို့မှ ကစဉ့်ကလျား ဆုတ်ခွာ ထွက်ပြေးသွားပြီး အိန္ဒိယပြည် 'ဆင်းမလား' မြို့တွင် သုံးနှစ်သုံးမိုး 'စစ်ပြေးအစိုးရ'အဖြစ် နားခိုခဲ့ပါသည်။ ထိုအတောအတွင်း စစ်ကြီးပြီးသွားပါက မြန်မာနိုင်ငံသို့ ပြန်လာကာ နောက်ထပ်တစ်ကျော့ ကျေးကျွန်ပြုရန် စီမံကိန်းအမျိုးမျိုးကို 'စက္ကူဖြူစာတမ်း'အဖြစ် ရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်းများအနက် စီးပွားရေး လုပ်ငန်းများ၊ သယံဇာတများ အမြတ်ထုတ်ခေါင်းပုံဖြတ်ယူရေး စသည်တို့ပြင် တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစုအား နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ရန် သီးသန့် စီမံချက်များလည်း ပါရှိခဲ့သည်။



သို့ရာတွင် မြန်မာနိုင်ငံနှင့် သုံးနှစ်ကျော် ကင်းကွာနေခဲ့သူ ဘုရင်ခံနှင့် တကွ သူ၏ ရုပ်သေးအစိုးရတို့သည် စစ်အတွင်း (ဂျပန်ခေတ်)နှင့် စစ်ပြီးခေတ် (ဖက်ဆစ်တော်လှန်ရေးအပြီး)တွင် အုံကြွဖွယ်ကောင်းအောင် နိုးကြားတက်ကြွလာသော တိုင်းရင်းသားပြည်သူများ (လူမျိုးစုများအပါအဝင်) အတွေးအခေါ်၊ အဆင့်အတန်း မည်မျှမြင့်လာသည်ကို ကောင်းစွာ သဘောမပေါက်မိကြချေ။ ထို့ကြောင့် သူတို့၏ သမားရိုးကျ သွေးခွဲအုပ်ချုပ်နည်း (Divide And Rule) စနစ်အတိုင်းပင် စစ်ပြီးခေတ် တိုင်းရင်းသားလူမျိုးစုများ သွေးခွဲစည်းရုံးရန် ကြိုးစားခဲ့ကြပါသည်။

ယင်းအခြေအနေတွင် '၁၉၄၆ ခုနှစ် ပထမ ပင်လုံညီလာခံ'ဟု ခေါ်သော အစည်းအဝေးဖြစ်လာခဲ့ပါသည်။

တိုင်းရင်းသား လူမျိုးစုများအနက် လူဦးရေအများဆုံးဖြစ်သော ရှမ်းအမျိုးသားများနှင့် ၎င်းတို့အပေါ် ဩဇာရှိနေသေးသူ ပဒေသရာဇ်နယ်ရှင် စော်ဘွားများအား အဓိကစည်းရုံး၍ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာနိုင်ငံရေးခေါင်းဆောင်များနှင့် သွေးခွဲရန် ကြံစည်ချက်ပင် ဖြစ်ပါသည်။

အဆိုပါ ပထမ ပင်လုံညီလာခံ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို လဲချား၊ မိုင်းကိုင်၊ မိုင်းနောင်၊ သထုံနယ်ရှင် စသော စော်ဘွားများအမည်ဖြင့် ဖြန့်ချိဝေငှသော်လည်း စင်စစ် သူတို့နောက်မှ ကြိုးကိုင်သူများကား 'နယ်ခြားဒေသအုပ်ချုပ်ရေးဌာန' Froniter Areas Administration မှ နယ်ချဲ့လက်ပါးစေ ဘုရင်ခံ၏ ဩဇာခံ မျက်နှာဖြူအရာရှိများ ဖြစ်သည်။

ယင်းပထမ ပင်လုံညီလာခံ အစည်းအဝေးကြီးသို့ ဗြိတိသျှ ဘုရင်ခံမင်းကြီး ဆာဒေါမန်စမစ် ကိုယ်တိုင်တက်ရောက်ဦးမည်ဟူ၍လည်း သတင်းများ လွင့်ထားပြီး ဖြစ်သည်။

ဘုရင်ခံ ဆာဒေါမန်စမစ်သည် ပင်လုံအစည်းအဝေးမတိုင်မီ ရက်အနည်းငယ်အလိုတွင် မြစ်ကြီးနားသို့ သူ၏ လက်ပါးစေ မျက်နှာဖြူအရာရှိအချို့နှင့် အတူသွားရောက်ပြီး ကချင်ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံရေးသမားများနှင့် မပေါင်းရန် သွေးထိုး စည်းရုံးခဲ့သေးကြောင်းလည်း သတင်းများ ပေါ်ထွက်လာသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမကသေး။ ၁၉၄၆ ခုနှစ် ပထမ ပင်လုံညီလာခံ၌ ဗြိတိသျှနယ်ချဲ့တို့၏ အကြံအစည်နှင့်ပတ်သက်၍ အခြားအရေးကြီးသော သတင်းများလည်း ထွက်ပေါ်လာပြန်သည်။ ညီလာခံသို့ မဖြစ်မနေ တက်ရောက်ရန် ကြိုတင်စည်းဝါးရိုက်ထားသူ မြန်မာနိုင်ငံရေးသမားများမှာ ဂျွန်ဦးစောနှင့် သူ၏ ပညာရေးဝန်ကြီးဟောင်း ဦးဘရင်တို့ပင် ဖြစ်သည်။

နယ်ချဲ့တို့၏ အကြံကား ရှမ်း၊ ကချင်စသော တိုင်းရင်းသာလူမျိုးစုများ စုပေါင်းပါဝင်သည့် 'တောင်တန်းဒေသ စည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်' UNITED HILL PEOPLE'S ORGANIZATION အမည်ဖြင့် အဖွဲ့ကြီး တည်ထောင်ဖွဲ့စည်းမည်။ သို့သော် အဓိကနေရာဖြစ်သော ဥက္ကဋ္ဌအဖြစ် ဗြိတိသျှဘုရင်ခံကြီး ကိုယ်တိုင်လုပ်မည်။ အထွေထွေ အတွင်းရေးမှူးအဖြစ် ဂျွန်ဦးစောက တာဝန်ပေးမည်။ ဤသို့ လျှို့ဝှက် ကြိုတင်ကြံစည်ထားကြောင်း သတင်းများ ထွက်ပေါ်လာပြီး ရန်ကုန်ထုတ် 'နယူးတိုင်း'နှင့် 'ဘားမင်း' အင်္ဂလိပ်သတင်းစာများက အကျယ်တဝင့် ဖွင့်ချရေးသားလိုက်ကြသည်။

ဤတွင် မြန်မာနိုင်ငံရေးလောကတွင်–

"အင်း... ကောင်းကြရောပေါ့၊ တောင်တန်းသားတွေရဲ့အဖွဲ့ကြီးမှာ ဥက္ကဋ္ဌက မျက်နှာဖြူ ဘုရင်ခံကြီး၊ အထွေထွေ အတွင်းရေးမှူးကျတော့ သာယာဝတီနယ်သားဆိုသော်လည်း အာဖရိကတိုက် ယူဂန္ဒာနိုင်ငံက နီဂရိုး (ကပ္ပလီ)နဲ့ တူတဲ့ အသားမည်းမည်း ဂျွန်စော ဆိုပါကလား၊ အံ့ပါကွာ"

ဟူ၍ ပြက်ရယ်ပြု သရော်သည့် ဟာသပြက်လုံးများ ဖြစ်ပေါ်ခဲ့ပါသည်။

သို့ရာတွင် အိန္ဒိယပြည်တွင် သုံးနှစ်သုံးမိုး နားခိုရင်း ကျိတ်ကြံခဲ့သော နယ်ချဲ့ဆရာတို့၏အကြံကား လုံးဝ မအောင်မြင်ခဲ့ပါချေ။

*

ပထမဆုံး ဖြစ်ပေါ်ခဲ့သည့်ပြဿနာကား ၁၉၄၆ ခုနှစ် ပင်လုံစည်းဝေးပွဲ၌ ဟောပြောဆွေးနွေးသူ လူမျိုးစုခေါင်းဆောင်များသည် နိုင်ငံရေး စကားမပြောရ၊ လူမှုရေး၊ ပညာရေး စသည်တို့သာ ပြောရမည်ဟူသော မျက်နှာဖြူအရာရှိတို့၏ ချုပ်ချယ်ပညတ်ချက်ပင် ဖြစ်သည်။ ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့မှ လူငယ်ခေါင်းဆောင် ကိုတင်အေး (ကွယ်လွန်သူ နိုင်ငံတော် ကောင်စီဝင်ဟောင်း ဦးတင်အေး)ဆိုလျှင် ရှမ်းပြည်နယ်၌ ဖွံ့ဖြိုးတိုးတက်မှု အလွန် နောင့်နှေးနေပုံကို နိုင်ငံရေးဆန်ဆန် ဝေဖန်ဟောပြောရန် အားခဲထားသည်။



နောက်တစ်ချက်ကတော့ ရှမ်းစော်ဘွားအချို့က သူတို့ လေးစားကြည်ညိုသူ ဗိုလ်ချုပ်အောင်ဆန်းကိုပါ 'ပင်လုံ'သို့ ဖိတ်ကြားရန် ၎င်းတို့၏ဆန္ဒကို တင်ပြလာခြင်းပင် ဖြစ်သည်။ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန (F. A. A)မှ မျက်နှာဖြူအရာရှိများသည် မငြင်းသာသဖြင့် ဗိုလ်ချုပ်ကိုယ်တိုင် မည်သို့မျှ အစည်းအဝေးမတက်နိုင်အောင် 'အကြံအဖန်' လုပ်ကြတော့သည်။ ၁၉၄၆–ခုနှစ် မတ်လက ဗိုလ်ချုပ်သည် သခင်မြ၊ ဟံသာဝတီ ဦးမြ၊ သခင်ဝတင်၊ ဦးအောင်ဇံဝေ စသော ဖဆပလဗဟိုမှ ခေါင်းဆောင်များနှင့်အတူ ရခိုင်ပြည်နယ်သို့ စည်းရုံးရေး ခရီးထွက်ရန် အစီအစဉ်လုပ်ထားပြီး ဖြစ်နေသည်။ ရခိုင်ပြည်မြောက်ပိုင်း၊ တောင်ပိုင်းအနှံ့အပြားသို့ 'ကွင်းဆင်း' စည်းရုံးရန် ခရီးစဉ်များကိုလည်း အတိအကျရေးဆွဲကာ ဒေသခံ ရခိုင်ခေါင်းဆောင်များထံသို့ ဖြန့်ဝေထားပြီး ဖြစ်သည်။ ယင်းအစီအစဉ်ကို သိထားသူ မျက်နှာဖြူနယ်ချဲ့ အရာရှိများသည် ပထမ ပင်လုံအစည်းအဝေးကို ၁၉၄၆ ခု၊ မတ်လ ၂၆၊ ၂၇၊ ၂၈ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်၍ ဗိုလ်ချုပ်အား ဖိတ်ကြားလိုက်သည်၊ တစ်နည်းအားဖြင့် ဗိုလ်ချုပ် ပင်လုံသို့ မလာနိုင်အောင် ကြံဖန် 'အကွက်ဆင်' လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်နှင့်တကွ ဖဆပလခေါင်းဆောင်များ ညှိနှိုင်းတိုင်ပင်ပျက် ၁၉၄၆ ခု၊ ပင်လုံညီလာခံသို့ ဗိုလ်ချုပ်ကိုယ်စား ဒုတိယဥက္ကဋ္ဌ သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင် (နောက်ပိုင်း အာဇာနည်ဝန်ကြီး) တို့ တက်ရောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

သခင်နုပါလာလျှင် နိုင်ငံရေးစကားပြောရန် သေချာလှသဖြင့် မျက်နှာဖြူအရာရှိများ မျက်လုံးပြူးကုန်ကြတော့သည်။

ထို့ကြောင့်ပဲလားမသိ၊ မတ်လ ၂၇ ရက်နေ့တွင် ဘုရင်ခံမင်းကြီး၏ အတွင်းဝန်ထံမှ ကြေးနန်းတစ်စောင် ရောက်လာသည်။ ကြေးနန်းတွင်ကား ဘုရင်ခံမင်းကြီးသည် ရုတ်တရက် ဖျားလာသဖြင့် ညီလာခံ မတက်ရောက်နိုင်သည်ကို ဝမ်းနည်းကြောင်း ဖော်ပြထားပါသည်။ စကားပြောကောင်းသူတွေ အာပေါင်အာရင်းသန်သန်နှင့် နိုင်ငံရေးစကားတွေ အားပါးတရ ပြောကြတော့မည် ဖြစ်သောကြောင့် ဘုရင်ခံမင်းကြီးလည်း အခြေအနေအရ အရေးပေါ် 'ဖျား' လိုက်ရခြင်း ဖြစ်ဟန်တူပါသည်။ ထိုအချိန်၌ (၁၉၄၆ ခု၊ မတ်လ) ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ မူလအစီအစဉ်အတိုင်း ရခိုင်ဘက်သို့ စည်းရုံးရေး ခရီးထွက်သွားပြီ ဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် ဥက္ကဋ္ဌဘုရင်မ်ဆာဒေါ မန်စမ့်နှင့် အတွေ့အဆုံ အတွင်းရေးမှူး ဂျွန်ဦးဇော်တို့ ဦးဆောင်ကြွပ်ကဲမည့် 'တောင်တန်းဒေသ စည်းလုံးညီညွတ်ရေး အဖွဲ့ချုပ်' UNITED HILL PEOPLE'S ORGANIZATION မှာမူသော နယ်ချဲ့တို့၏ စိတ်ကူးယဉ် အိပ်မက်ကြီးသည် အကောင်အထည် ပေါ်မလာခဲ့ရုံမက နောက်ပိုင်း သတင်းအစအနပင် မကြားရတော့ချေ။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က လန်ဒန်မြို့တွင် ချုပ်ဆိုခဲ့သော 'အောင်ဆန်း-အက်တလီ' စာချုပ်၏ အပိုဒ် ၁၊ ၈ တွင်-

"တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များကိုပင် တိုင်က မြန်မာပြည်မနှင့်အတူ အေးအတူ ပူအမျှ လွတ်လပ်ရေးကို တစ်ပြိုင်နက် ရယူလိုပါသည်ဟု အမိုင်အမာ စာချုပ်တစ်ခု လက်မှတ်ရေးထိုး ချုပ်ဆိုရမည်"

ဟူ၍ ဗြိတိသျှအစိုးရ၏ 'စိန်ခေါ်ချက်'ကို ဗိုလ်ချုပ်အောင်ဆန်းကလည်း ရဲဝံ့စွာလက်ခံကာ တကယ်ပင် ၁၂-၂-၄၇ နေ့ ပင်လုံညီလာခံ၌ စည်းလုံး ညီညွတ်ရေး စာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုးပြလိုက်ခြင်းကြောင့် သာလျှင် ၁၂-၂-၄၇ နေ့ ဒုတိယ ပင်လုံညီလာခံကြီးက ပထမ ပင်လုံညီလာခံ ၁၉၄၆ ကို မေးမှိန်ကွယ်ပျောက်သွားအောင် သမိုင်းအရ လွှမ်းမိုးသွားနိုင်ခဲ့ခြင်း သာ ဖြစ်ပါသတည်း။

□



## ပင်လုံရှခင်း (၁၉၄၇)

ဆောင်းအကုန် နွေအကူး ကြည်နူးစရာဥတုမာသ အခါသမယဖြစ်သည့် ကမ္ဘော ဇတိုင်း၊ လဲချားမြို့နယ်၊ ပင်လုံမြို့ကလေး၏ နက်နံခင်းမှာ အထူးပင် သာယာ ရှုမောဖွယ်ကောင်းနေပါသည်။

"နှင်းငွေကျဲ… လေပြန်လောင်းလို့… ညှာညှောင်းကြွေလု… စုံတစ်ခွင်"ဟူသော မြဝတီမင်းကြီး၏လက်ရာ 'ရဝိန်ဒေါင်းယာဉ်ပျံ' ပတ်ပျိုး သီချင်းမှအပိုဒ်ကို အထူးသတိရဖွယ်ကောင်းလှသော အခါကာလလည်း ဖြစ်သည်။

ထိုနေ့ကား ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တည်း။

*

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း အသက် ၃၂ နှစ် တင်းတင်းပြည့်မည့် မွေးနေ့ဖြစ်သည်။

သို့သော် သူ့အဖို့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်လည်း သူ၏ဘဝတွင် အရေးကြီးဆုံး နေ့တစ်နေ့ ဖြစ်နေသည်။ အကြောင်းမူကား ထိုနေ့သည် UNION ခေါ် ပြည်ထောင်စု ပုံစံဖြင့် လွတ်လပ်သော မြန်မာနိုင်ငံ တော်ဖြစ်ပေါ်စေသည့် သမိုင်းဝင် ပင်လုံညီညွတ်ရေး စာချုပ်ကြီး လက်မှတ် ရေးထိုးကြရမည့်နေ့ပင် ဖြစ်သောကြောင့်ပေတည်း။

*

ထိုနေ့ ၁၂-၂-၄၇ နေ့ နံနက်ခင်းက ပင်လုံမြို့ကလေး၏ရှုခင်းမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သောတာလက်ာရဲတေးတစ်ပုဒ်ဖြစ်သော 'ရဝိန်ဒေါင်းယဉ်ပျံ' ပတ်ပျိုးသီချင်းမှ- 'နှင်းငွေကျဲ… လေပြန်လောင်းလို့

www.burmeseclassic.com



ချီအပိုဒ်ထဲကလို ငွေနင်းမှုန်မှုန်ဖြင့် သာယာကြည်နူးဖွယ်ကောင်းနေလင့်ကစား ကျွန်တော်၏စိတ်ထဲတွင်မူ ပင်လုံညီညွတ်ရေးစာချုပ်ကြီး အောင်မြင်စွာ လက်မှတ်ရေးထိုးပြီးသည့် အချိန်မရောက်သေးသဖြင့် ဝမ်းမြောက်ကျေနပ်ခြင်း မဖြစ်နိုင်သေးဘဲ သဘာဝမိခင်က အထူးတလည် ခြယ်မှုန်းဖန်တီးပေးထားသည့် ပင်လုံရှုခင်း၏ လှပမှုအရသာကို ကောင်းစွာ မခံစားနိုင်ဘဲ ဖြစ်နေပါသည်။

စောစောပိုင်းက ချီတုံချတုံနှင့် တွေဝေနေသူ လူမျိုးစုခေါင်းဆောင် (ရှမ်းစော်ဘွားနှင့် ကချင်ဒူ၀ါ)အချို့သည် ယမန်နေ့ ၁၁-၂-၄၇ ညနေဘက်က ဗိုလ်ချုပ်အောင်ဆန်း၏ ရှင်းပြချက်ကို သဘောတူ လက်ခံခဲ့ကြသော်လည်း နောက်တစ်နေ့ ၁၂-၂-၄၇ နံနက် တကယ်တမ်း စာချုပ်လက်မှတ် ရေးထိုးရချိန်တွင် လက်မှတ်ထိုးကြပါ့မလားဟု စိုးရိမ်နေမိပါသည်။

*

အထူးတလည် စီမံဆောက်လုပ်ထားသော စာချုပ်လက်မှတ် ထိုးကြမည့် မဏ္ဍပ်ကြီးအတွင်းသို့ ဗိုလ်ချုပ်ခေါင်းဆောင်သော ကျွန်တော်တို့ ပြည်မမှ ဗမာကိုယ်စားလှယ် ခုနစ်ဦးစလုံး ရောက်ရှိနေချိန်အထိ ကျွန်တော့်သည် စိတ်ထဲမှကြိတ်၍ စိုးရိမ်မိနေဆဲ ဖြစ်ပါသည်။

ထို့ပြင် ပင်လုံစာချုပ်ဖြစ်မြောက်ရန် မည်သူမှ စိတ်ကူးယဉ်အိပ်မက်ပင် မမက်ကြသောသောအချိန်မှစ၍ ဗိုလ်ချုပ်အောင်ဆန်း၏ ‘ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး’ အထူး ကြိုးစားတည်ဆောက်ခဲ့ပုံများကိုပါ ပြန်လည်သတိရ မြင်ယောင်နေမိပါသည်။

၁၉၄၂ ခုနှစ်က သာဓကတစ်ခုကို တင်ပြလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ‘ဗိုလ်မိုးကြိုး’ခေါ် ဂျပန် ဗိုလ်မှူးကြီး ဆူဇူကီး (ရဲဘော်သုံးကျိပ်အား စစ်ပညာ သင်ကြားပေးခဲ့သည့် ‘မီနာမီကီကန်’ အဖွဲ့အကြီးအကဲ)တို့ ဦးစီးကွပ်ကဲသော ဗမာ့လွတ်လပ်ရေး (ဘီအိုင်အေ) တပ်မတော်နှင့် ဂျပန်ဘုရင့်တပ်မတော် တပ်မဟာ ၃၃ တို့ ပူးတွဲစစ်ကြောင်းသည် ရန်ကုန်မြို့တော်ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့က အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြောင်းကို ယနေ့ လူကြီးပိုင်းအရွယ် ပုဂ္ဂိုလ်များက မှတ်မိကြမည် ထင်ပါသည်။

ဗြိတိသျှ နယ်ချဲ့စစ်တပ်များသည် ရန်ကုန်မြို့ကိုစွန့်ခွာ နောက်ဆုတ်ပြေးခဲ့သော်လည်း ခံစစ်သဘော ဆက်လက်တိုက်ရင်း ဆုတ်နေသဖြင့် ဘီအိုင်အေတပ်များ အထက်မြန်မာနိုင်ငံသို့ ဆက်လက်ချီတက်ရန်အတွက် စစ်သည်



အင်အား မလုံမလောက် ဖြစ်နေပါသည်။ ထိုစဉ်က ဗမာ့ လွတ်လပ်ရေးတပ်မတော်တွင် အင်အား သုံးထောင်ခန့်သာရှိသဖြင့် နောက်ထပ် စစ်သည်အင်အား အတော်များများ ဖြည့်တင်းရန်လိုနေရာ ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့တွင် ခေတ္တဌာနချုပ်စခန်းရှိ ကျန်းမာသန်စွမ်းသော လူငယ်များအား ‘ဘီအိုင်အေ’ တပ်မတော်သို့ ဝင်ရောက် အမှုထမ်းရန်အတွက် စစ်သားသစ်စုဆောင်းရန် စီစဉ်ပါသည်။ ရသမျှ စစ်သားသစ်များအား ရန်ကုန်မှာပင် အမြန်လေ့ကျင့်သင်ကြားပေးပြီး အထက်မြန်မာနိုင်ငံသို့ ဆက်လက်ချီတက် တိုက်ခိုက်ရန် ရည်ရွယ်ပါသည်။

ယင်းသို့ စစ်သားစုဆောင်းရေးအတွက် စည်းရုံးလှုံ့ဆော်ချက် စာတမ်းတစ်စောင်ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က ဗိုလ်ချုပ်ကိုယ်တိုင်မူကြမ်းရေးပြီး ရန်ကုန်အရှေ့ပိုင်း၊ ဗိုလ်ချုပ်လမ်း (ရေကျော်)ရှိ မြန်မာပိုင်အင်္ဂလိပ်သတင်းစာ ‘နယူးဘားမား’ သတင်းစာတိုက်တွင် စောင်ရေ အမြောက်အမြား ပုံနှိပ်၍ ဖြန့်ဝေခဲ့ပါသည်။

စာတမ်း၏အောက်တွင် ‘ဗိုလ်ချုပ် ဗိုလ်တေဇ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်’ဟု ဗိုလ်ချုပ်၏အမည်ဝှက်ကို ဖော်ပြထားပါသည်။

ယင်းစာတမ်းတွင် အပိုဒ် ၁၀ ပိုဒ်ပါရှိရာ ဤဆောင်းပါးနှင့် တိုက်ရိုက်သက်ဆိုင်သော အပိုဒ် ၆ နှင့် အပိုဒ် ၈ တို့ကိုသာ ထုတ်နုတ်ဖော်ပြလိုပါသည်။

(၆) ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာတိုင်းရင်းသား အားလုံးစည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်၏။ လွတ်လပ်ရေးလိုလားသူတို့ တစည်းတလုံးတည်းရှိအောင် လုပ်မည်ဖြစ်၏။

(၈) ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရှမ်း၊ ချင်း၊ ကချင် စသောတိုင်းရင်းသားလူမျိုးစုများနှင့် တစ်သွေးတည်း တစ်စိတ်တည်းရှိ၏။ မြန်မာတိုင်းရင်းသားအားလုံး တန်းတူရည်တူ အခွင့်အရေး ရရှိစေမည်ဖြစ်၏။

စာတမ်း၏ နောက်ဆုံးအပိုဒ်တွင် “ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ အလုံးအရင်းနှင့် ဝင်ကြလော့”ဟု အဆုံးသတ်ထားပါသည်။

စာတမ်းအရေးအသားကို လေ့လာကြည့်ပါက ဗိုလ်ချုပ်အောင်ဆန်း၏ ဝါသနာအတိုင်း ဝါကျတည်ဆောက်ပုံ တိုတိုနှင့်လိုရင်းကို တိကျပြတ်သားစွာ

www.burmeseclassic.com

www.burmeseclassic.com



ရေးထားပုံတို့ကိုသတိပြုမိမည်ဖြစ်ပြီး သူ၏ စိတ်နေစိတ်ထားနှင့် စရိုက်ကို ပေါ်လွင်စေမည် ဖြစ်ပါသည်။ ထို့ပြင် ဗိုလ်ချုပ်၏ 'ပြည်ထောင်စုစိတ်ဓာတ်' နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဓိက အင်အားအဖြစ် တည်ဆောက်လိုစိတ်ကိုပါ ထိုအချိန်အခါ ၁၉၄၂ ခုနှစ်ကပင် ထင်ရှားစေခဲ့ပါသည်။

၁၉၄၂ ခုနှစ်၊ ဧပြီလဆန်းတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြစ်ပွားခဲ့သော ကရင်–ဗမာ ပဋိပက္ခအရေးအခင်း ပိုမိုကြီးထွားလာမည့် အန္တရာယ်ကိုမြင်သူ ဗိုလ်ချုပ်သည် သူ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကရင်ခေါင်းဆောင်များနှင့် နားလည်မှုယူကာ ငြိမ်းချမ်းရေးကို မဖြစ်မနေ ရရှိအောင် ကြိုးစားခဲ့သည်။

၁၉၄၃–၄၅ နှစ်အတွင်း တိုင်းရင်းသားလူမျိုးစု လူငယ်များကို စည်းရုံးပြီး ဗမာ့တပ်မတော်တွင် ဝင်ရောက်အမှုထမ်းစေခဲ့ပုံ၊ စစ်ပြီးခေတ် ၁၉၄၅ တွင်လည်း ဗြိတိသျှနယ်ချဲ့သမားထံမှ လွတ်လပ်ရေးကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အင်အားဖြင့် မရရအောင်ယူမည်ကို အကြိမ်ကြိမ် ကြွေးကြော်ခဲ့ပြီး ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်း ၂ ရက်နေ့က အင်္ဂလန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆိုရန် ခရီးထွက်ချိန်မတိုင်မီ ရက်ပိုင်းများအထိ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသအနှံ့အပြားသို့ အပင်ပန်းခံ သွားရောက်ဟောပြော စည်းရုံးခဲ့ပုံ စသော အတိတ်မှအရိပ်များကို ကျွန်တော်သည် ပင်လုံမြို့ရှိ မဏ္ဍပ်ကြီးအတွင်း ထိုင်နေရင်း ပြန်ပြောင်း စဉ်းစားနေမိပါသည်။

ဗိုလ်ချုပ်ကိုယ်တိုင်ကတော့ ယမန်နေ့ ၁၁–၂–၄၇ နေ့၊ ညနေက လူမျိုးစုခေါင်းဆောင်များအား ရှင်းလင်းပြောပြပြီးချိန်မှစ၍ သူ တည်ဆောက်ရန် မျှော်မှန်းထားသည့် 'ပြည်ထောင်စုကြီး' ဧကန်မုချ အကောင်အထည် ပေါ်လာတော့မည်ဟု တစ်ထစ်ချ ယုံကြည်ထားဟန်ဖြင့် မျက်နှာထား ရွှင်လန်းနေပုံရပါသည်။

ကြိုတင်သတ်မှတ်ထားသည့် အချိန်ဖြစ်သော နံနက် ၁၀ နာရီထိုးသည်နှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ထိုင်ရာမှထ၍ စားပွဲကြီးပေါ်တွင် အသင့်တင်ထားသော စာချုပ်ရှိရာသို့ သွက်လက်စွာ လျှောက်သွားပြီး သူ၏အင်္ကျီအိတ်မှ သူကိုင်နေကျ 'ပါကား'အမျိုးအစား PARKER VACUMATIC ဖောင်တိန်အဟောင်းကို ထုတ်ယူကာ မြန်မာပြည်မ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် ထိပ်ဆုံးမှ စတင် လက်မှတ်ထိုးလိုက်ပါသည်။

ထိုအချိန်အထိ ကျွန်တော်သည် ကျွန်လူမျိုးစု ခေါင်းဆောင်များ လက်မှတ်ထိုးပါ့မလားဟု စိတ်ထဲမှ စိုးရိမ်နေဆဲ ဖြစ်ပါသည်။



သို့သော် ကျွန်တော် စိုးရိမ်သလိုမဖြစ်ဘဲ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် စုစုပေါင်း (ဗိုလ်ချုပ်အောင်ဆန်းအပါအဝင်) ၂၂ ဦးတို့သည် တစ်ယောက်ပြီးတစ်ယောက် အောက်ပါအစီအစဉ်အတိုင်း လက်မှတ်ထိုးလိုက်ကြတော့သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း (ဗမာ ပြည်မခေါင်းဆောင်)
၂။ စဝ်ခွန်ပန်းဆိုင် (တောင်ပိုင်း စော်ဘွား)
၃။ စဝ်ရွှေသိုက် (ညောင်ရွှေ စော်ဘွား)
၄။ စဝ်ဟုန်ဖ (မြောက်ပိုင်းသိန္နီ စော်ဘွား)
၅။ စဝ်နန်း (လဲချား စော်ဘွား)
၆။ စဝ်ထွန်းအေး (သာမခမ်း စော်ဘွား)
၇။ ဦးခွန်ပန်း (လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ)
၈။ ဦးတင်အေး (လူထုကိုယ်စားလှယ်၊ တောင်ကြီး)
၉။ ဦးကြာပု (လူထုကိုယ်စားလှယ်၊ သီပေါ)
၁၀။ စဝ်ယစ်ဖ (လူထုကိုယ်စားလှယ်၊ သီပေါ)
၁၁။ ဆမားဒူးဝါးဆင်ဝါးနော် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
၁၂။ ဒူးဝါးဇော်ရစ် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
၁၃။ ဦးခွန်ထီး (လူထုကိုယ်စားလှယ်၊ ပင်လုံ)
၁၄။ ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်၊ မောက်မယ်)
၁၅။ ဦးခွန်စော (လူထုကိုယ်စားလှယ်၊ ပင်းတယ)
၁၆။ ဦးဖြူ (ကျိုင်းတုံ စော်ဘွားကိုယ်စားလှယ်)
၁၇။ ဦးဒိန်ရတန် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
၁၈။ ဒူးဝါးဇော်လွန်း (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
၁၉။ ဦးလဘန်ဂရောင်း (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
၂၀။ ဦးလှုံမှုန်း (ချင်းကိုယ်စားလှယ်၊ ဖလန်း)
၂၁။ ဦးသောင်ဇာခုတ် (ချင်းကိုယ်စားလှယ်၊ တီးတိန်)
၂၂။ ဦးဝမ်ကိုဟော (ချင်းကိုယ်စားလှယ်၊ ဟားခါး)

*

ကျွန်တော့်အနေဖြင့် စောစောက စိုးရိမ်မိခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗြိတိသျှနိုင်ငံသို့သွား၍ လွတ်လပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် ဆွေးနွေးအရေးဆိုနေခိုက် မြန်မာပြည်ရှိ တောင်တန်းဒေသအုပ်ချုပ်ရေးဌာနမှ မျက်နှာဖြူအရာရှိများ၊ သာသနာပြုဆရာအယောင်ဆောင် ဗြိတိသျှလက်ပါးစေများက တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များအား နည်းမျိုးစုံဖြင့် စည်းရုံးကာ သွေးခွဲမှုကြောင့် ရှမ်းနှင့် ကချင်ခေါင်းဆောင်အချို့ တွေဝေနေသဖြင့် ပင်လုံစာချုပ် တကယ် လက်မှတ်ထိုးကြမည့် ၁၂-၂-၄၇ နေ့တွင် လက်မှတ်မထိုးဘဲ နေကြမည်ကို စိုးရိမ်မိခြင်း ဖြစ်ပါသည်။

သို့ရာတွင် ၁၁-၂-၄၇ နေ့က ဗိုလ်ချုပ်ကိုယ်တိုင် ရှင်းလင်းဆွေးနွေးချက်ကို အားလုံးသဘောပေါက် လက်ခံလိုက်ကြသဖြင့် ဗြိတိသျှတို့ မျှော်လင့်သလို မဖြစ်ဘဲ ပင်လုံစာချုပ် လက်မှတ်ရေးထိုးပွဲ ထမြောက်အောင်မြင်သွားခဲ့ပါသည်။

တစ်နည်းအားဖြင့် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များက ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုကို လက်ခံလျက် 'ယူနီယံ' UNION ခေါ် ပြည်ထောင်စုပုံစံဖြင့် လွတ်လပ်သော သမ္မတနိုင်ငံတော်သစ်ကို တည်ထောင်လိုက်ကြသည့် သဘောပင် ဖြစ်သည်။

နှစ်ပရိစ္ဆေဒအားဖြင့် ၄၈ နှစ်ပင် ကြာသွားပြီဖြစ်သော်လည်း ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က 'ပင်လုံရှုခင်း'ကို ပြန်လည်သတိရ မြင်ယောင်နေမိပါသတည်း။

❐



# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေးစွမ်းရည်

မြန်မာ့လွတ်လပ်ရေးသမိုင်းကို မှတ်တမ်းတင် ရေးသားသည်ရှိသော် ၁၉၄၇ ခုနှစ်ဆန်းက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာ့လွတ်လပ်ရေးကိစ္စ အရေးဆိုရန် ရန်ကုန်မြို့မှ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ သွားရောက်ခဲ့သည်ကိုလည်းကောင်း၊ ဗိုလ်ချုပ်တို့အဖွဲ့နှင့် ဗြိတိသျှ ဝန်ကြီးချုပ် (ဝန်ကြီးချုပ်) မစ္စတာအက်တလီ ဦးဆောင်သည့် ဗြိတိသျှကိုယ်စားလှယ်အဖွဲ့တို့ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ လန်ဒန်မြို့ရှိ ကမ္ဘာကျော် လိပ်စာတစ်ခုဖြစ်သော အမှတ် ၁၀၊ ဒေါင်းနင်းလမ်း (No. 10, Downing Street) တွင် စတင် ဆွေးနွေးခဲ့သည်ကိုလည်းကောင်း ချန်လှပ်ထားလိုက်ပါက ပြီးပြည့်စုံမည် မဟုတ်ချေ။

ထိုနှစ်ဆန်းက သမိုင်းတွင်ရစ်မည့် ရက်စွဲတစ်ခုကား ၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ပင် ဖြစ်သည်။ အကြောင်းမူကား ထိုနေ့တွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအား တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေးပေးပါတော့မည်ဟု အာမခံချက်ပေးသည့် 'အောင်ဆန်း-အက်တလီစာချုပ်'ကို အောင်မြင်ချောမောစွာ လက်မှတ်ရေးထိုးလိုက်ကြသောကြောင့်ပင်တည်း။

'လုံးဝ လွတ်လပ်ရေး' ဆိုသည်မှာလည်း မြန်မာပြည်မနှင့်တကွ တောင်တန်းဒေသရှိ လူမျိုးစုများ နေထိုင်ရာဒေသ (ပြည်နယ်)များ အပါအဝင် UNION 'ယူနီယံ'ခေါ် 'ပြည်ထောင်စု'ပုံစံအဖြစ် လွတ်လပ်ရေးပေးခြင်းကို ဆိုလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။ ၂၇-၁-၄၇ နေ့တွင် 'အောင်ဆန်း-အက်တလီစာချုပ်' လက်မှတ်ရေးထိုးပြီးနောက် ၁၉-၇-၄၇ နေ့တွင် ဗိုလ်ချုပ်နှင့်တကွ အပေါင်းပါ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးသွားကြလင့်ကစား ဗိုလ်ချုပ်၏ဦးဆောင်မှုဖြင့် ဆွေးနွေးတောင်းဆိုရာမှ ရရှိခဲ့သော 'အောင်ဆန်း- အက်တလီစာချုပ်'သည် ပျက်ပြယ်မသွားခဲ့ပါချေ။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ညပိုင်းမှာပင် ဗိုလ်ချုပ်အောင်ဆန်း နေရာဆက်ခံရန်၊ တာဝန်ဆက်လက်ယူရန် ဗြိတိသျှဘုရင်ခံက ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နု (ဦးနု)ကို ဖိတ်ခေါ်ခန့်ထားပြီးနောက် မကြာမီ ဦးနုကိုယ်တိုင် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်အရ လန်ဒန်မြို့သို့သွားရောက်၍ လွတ်လပ်ရေး အပြီးသတ်အစီအစဉ်အဖြစ် 'နု-အက်တလီစာချုပ်'ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ 'တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေးပေးပါမည်'ဟု ဗြိတိသျှ အစိုးရက အာမခံချက်ပေးခဲ့သည့် 'အောင်ဆန်း-အက်တလီစာချုပ်' အရ မြန်မာနိုင်ငံသည် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီ မိနစ် ၂၀ မှ စ၍ 'ပြည်ထောင်စုသမ္မတနိုင်ငံ'အဖြစ် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့သောကြောင့် ယင်းသို့ တကယ် လွတ်လပ်ရေးရချိန်၌ သူ အသက်ထင်ရှား မရှိတော့လင့်ကစား သူ၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်လေရာ ဗိုလ်ချုပ်အောင်ဆန်းအား 'လွတ်လပ်ရေးဗိသုကာ'ဟု ဂုဏ်ပြုတင်စား ခေါ်ဝေါ်နေကြခြင်း ဖြစ်ပါသည်။

ယနေ့ လူငယ်များ အထူး သိရှိမှတ်သားကြစေချင်သည်ကား လွတ်လပ်ရေးအတွက် ၂၇-၁-၄၇ နေ့က လန်ဒန်မြို့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သော 'အောင်ဆန်း-အက်တလီစာချုပ်'ကို ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် အခက်အခဲမရှိ လွယ်ကူချောမောစွာ ချုပ်ဆိုနိုင်ခဲ့ခြင်း မဟုတ်ဟူသော အချက်ပင်တည်း။

*

ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်မြို့သို့ရောက်ပြီး ဝန်ကြီးချုပ် မစ္စတာအက်တလီခေါင်းဆောင်သော ဗြိတိသျှအစိုးရအဖွဲ့နှင့် စတင် ဆွေးနွေးကြသည့် ၁၉၄၇ ခု၊ ဇန်နဝါရီက ၁၃ ရက်နေ့ကပင် သူ၏လိုလားချက်ကို ဘွင်းဘွင်းနှင့် ပြတ်သားစွာပင် တောင်းဆိုခဲ့သည်။ သူ့အနေဖြင့် မြန်မာနိုင်ငံ ပြည်မအတွက်သာမက တောင်တန်းဒေသရှိ တိုင်းရင်းသားလူမျိုးစုအတွက်ပါ ကိုယ်စားပြု၍ လာရောက်ခြင်းဖြစ်ကြောင်း၊ လိုချင်သည့် လွတ်လပ်ရေးပုံစံကလည်း ပြည်မနှင့် တောင်းတန်းဒေသနေ လူမျိုးစုများ၏ ဒေသနယ်ပယ် (ပြည်နယ်)များ စုပေါင်းဖွဲ့စည်းအပ်သည့် UNION 'ပြည်ထောင်စု' အသွင်မျိုးဖြစ်ကြောင်းကို ရဲဝံ့ပြတ်သားစွာ ပြောခဲ့ခြင်းဖြစ်သည်။



ယင်းသို့ ဆွေးနွေးပွဲတွင် စတင် အရေးဆိုနေဆဲမှာပင် အနှောင့်အယှက်၊ အထစ်အငေါ့တစ်ခု ပေါ်လာတော့သည်။

ယင်းကား ဗြိတိသျှအစိုးရထံသို့ မြန်မာနိုင်ငံမှ ကြေးနန်းတစ်စောင် ရောက်လာခြင်းပင် ဖြစ်သည်။ ကြေးနန်းစာတွင် ယခု လန်ဒန်ရောက်နေသူ အောင်ဆန်းသည် တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားမပြု၊ အထူးသဖြင့် ရှမ်းပြည်နယ်ကို ကိုယ်စားပြုသူမဟုတ်၊ မြန်မာပြည်မ၏ ကိုယ်စားလှယ်သာဖြစ်ကြောင်း ပါရှိပြီး ကြေးနန်းစာ၏အောက်တွင် ရှမ်းစော်ဘွားနှစ်ဦး၏ အမည် ပါလာသည်။

ဤတွင် ဗြိတိသျှအစိုးရက အဆိုပါ ကြေးနန်းစာကိုပြပြီး ဗိုလ်ချုပ်အောင်ဆန်းအား 'မင်းပြောသလို တိုင်းရင်းသား လူမျိုးစုများကို ကိုယ်စားပြု အရေးဆိုပိုင်ခွင့်မရှိ'ဟု ပြောပါသည်။

ကြေးနန်းစာကြောင့် သခင်မြ စသော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးစိုးရိမ် တုန်လှုပ်သွားမိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကမူ ယခု ကြေးနန်းရိုက်သူ စော်ဘွားနှစ်ဦးသည် လူနည်းစုသာဖြစ်ကြောင်း သိသဖြင့် ဣန္ဒြေမပျက်ချေ။

ရှမ်းစော်ဘွားနှစ်ဦးက ဗြိတိသျှအစိုးရထံ ကြေးနန်းရိုက်လိုက်ကြောင်းကို ရန်ကုန်မြို့ရှိ ဖဆပလဌာနချုပ်မှ တာဝန်ရှိလူကြီးများက ကြားသိလေရာ ချက်ချင်းပင် တန်ပြန်လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ကြပါသည်။

ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ်မှ ဦးတင်အေး (နောက်ပိုင်းနိုင်ငံတော် ကောင်စီဝင်)၊ ဦးထွန်းမြင့် (တောင်ကြီး)တို့နှင့်တိုင်ပင်၍ ဗိုလ်ချုပ်အောင်ဆန်းအား အလေးအနက် ထောက်ခံသည့် လူထုစည်းဝေးပွဲတစ်ရပ် ပြုလုပ်ရန် ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်)၊ ဗိုလ်ထွန်းလင်း (ပြည်သူ့ရဲဘော်) နှင့် ဦးဖေခင် (နောက်ပိုင်းသံအမတ်ကြီး၊ အငြိမ်းစား)တို့အား တောင်ကြီးမြို့သို့ စေလွှတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်အေးနှင့် ဦးထွန်းမြင့် (တောင်ကြီး)တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှုကို အကြွင်းမဲ့ လက်ခံ ယုံကြည်သူများဖြစ်သည့်ပြင် အလွန်တက်ကြွသော လူငယ်များဖြစ်သည့်အလျောက် သူတို့ခေါင်းဆောင်သည့် ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ် (SHAN STATE FREEDOM LEAGUE) သည် ရှမ်းပြည်နယ်တွင် အထူးပင် ဩဇာညောင်းပြီး လူငယ်ထုအား စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဦးတင်အေး အမှူးပြုသော အဖွဲ့ချုပ်ခေါင်းဆောင်များက ပြည်နယ်အတွင်းရှိ မြို့နယ်အဖွဲ့ခွဲများအား စော်ဘွားနှစ်ဦး ဘီလပ်သို့ ကြေးနန်းရိုက်ခြင်းကို ကန့်ကွက်ရှုတ်ချသည့် အစည်းအဝေးများ ပြုလုပ်၍ ဆန္ဒပြကြရန် ညွှန်ကြားလိုက်သည်။ ထို့ပြင် တောင်ကြီးမြို့နယ်တွင် လူတန်းစား အလွှာအသီးသီးပါဝင်သည့် လူထုစည်းဝေးပွဲကြီးတစ်ရပ် ကျင်းပရန် စီစဉ်လိုက်သည်။ ယင်းလူထုစည်းဝေးပွဲသို့ တက်ရောက်သူ လူဦးရေမှာ နှစ်ထောင်ကျော်ရှိရာ မြန်မာပြည်မတွင်ဆိုလျှင် ပရိသတ် မများလှဟု ဆိုနိုင်သော်လည်း ရှမ်းပြည်နယ်အဖို့မှာမူ မကြုံစဖူး ထူးကဲစွာ အင်အားပြလိုက်သော ဆန္ဒပြပွဲသို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်ခဲ့သည်။ ယင်းအစည်းအဝေးကြီးက ရှမ်းပြည်နယ်အနေဖြင့် မြန်မာပြည်မနှင့်အတူ တစ်ပြိုင်တည်း လုံးဝ လွတ်လပ်ရေးတောင်းဆိုကြောင်းနှင့် ပြည်မနှင့်အတူ တောင်တန်းဒေသ ပြည်နယ်များ စုပေါင်းဖွဲ့စည်းအပ်သော 'ပြည်ထောင်စု'အသွင်ဖြင့် လုံးဝ လွတ်လပ်ရေးရလိုကြောင်း ဗိုလ်ချုပ်အောင်ဆန်း၏ တောင်းဆိုချက်ကို အကြွင်းမဲ့ ထောက်ခံပါကြောင်း တခဲနက် ဆုံးဖြတ်ချက် ချလိုက်ကြပါသည်။ အစည်းအဝေးကိုကြွေးကြော်သံများဖြင့် ရုတ်သိမ်း၍ စနစ်တကျ တန်းစီလှည့်လည်ကာ ဗြိတိသျှအစိုးရ၊ တောင်တန်းဒေသ အုပ်ချုပ်ရေးရုံးရှေ့သို့သွားပြီး ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်အော်ကြွေးကြော် ဆန္ဒပြခဲ့ကြသေးသည်။ ဤကား ရှမ်းပြည်နယ်သမိုင်းတွင် ပထမဆုံးအကြိမ် ပြည်သူလူထု၏ နိုင်ငံရေးဆန္ဒပြပွဲကြီးပင် ဖြစ်တော့သည်။

ထိုနေ့မှာပင် ဦးတင်အေး၊ ဦးဖေခင်တို့အဖွဲ့က ရန်ကုန် ဖဆပလ ဌာနချုပ်နှင့် လန်ဒန်မြို့ရောက် ဗိုလ်ချုပ်အောင်ဆန်းထံသို့ လူထုစည်းဝေးပွဲကြီး၏ ဆုံးဖြတ်ချက်ကို အမြန် ကြေးနန်းရိုက် အကြောင်းကြားလိုက်ကြသည်။

ဗိုလ်ချုပ်ကလည်း ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီအား တောင်ကြီးမြို့ လူထုအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက် ကြေးနန်းစာကို ထုတ်ပြလိုက်



သောအခါ 'အောင်ဆန်းသည် ရှမ်းပြည်နယ်ကို ကိုယ်စားမပြု' ဟူသော စော်ဘွားနှစ်ဦး၏ကြေးနန်းသည် အလိုအလျောက် ပျက်ပြယ်သွားလေတော့သည်။

သို့နှင့်ပင် ဗိုလ်ချုပ်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ ညှိနှိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပနိုင်ခဲ့ရာ နောက်ဆုံး၌ ဗြိတိသျှတို့သည် မတတ်သာဘဲ မြန်မာနိုင်ငံအား 'ပြည်ထောင်စု'ပုံစံဖြင့် လုံးဝ လွတ်လပ်ရေးပေးရန် သဘောတူကြောင်းအတည်ပြုသည့် 'အောင်ဆန်း-အက်တလီစာချုပ်' ကို ၂၇-၁-၄၇ နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ရတော့သည်။

သို့ရာတွင် မစ္စတာ အက်တလီဦးဆောင်သော ဗြိတိသျှအစိုးရသည် ဝန်ကြီးချုပ်ဟောင်း 'ချာချီ' ဦးဆောင်သည့် 'ကွန်ဆာဗေးတစ်'ပါတီ၏ ဖိအားပေးမှုကြောင့် 'အောင်ဆန်း-အက်တလီစာချုပ်'တွင် မသိမသာ လှည့်ကွက်သဖွယ် 'ဝှက်ဖဲ'တစ်ခု ထည့်သွင်းရေးသားထားလေသည်။ ယင်း 'ဝှက်ဖဲ'ကတော့ ဤသို့ဖြစ်သည်။

'အောင်ဆန်း-အက်တလီစာချုပ်'၏ အပိုဒ် ၃၊ ၈ တွင်-

'တောင်တန်းဒေသ ပြည်နယ်များအတွက်မူ သက်ဆိုင်ရာ လူမျိုးစုခေါင်းဆောင်များကိုယ်တိုင်က မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးရယူကာ 'ယူနီယံ'ခေါ် ပြည်ထောင်စုပုံစံဖြင့်နေလိုကြောင်း အခိုင်အမာ စာချုပ်တစ်ခု လက်မှတ်ရေးထိုး ချုပ်ဆိုပေးကြရမည်'ဟု ထည့်သွင်းထားခြင်းပင် ဖြစ်သည်။

ဤကား တောင်တန်းဒေသမှ ဟိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာ ပြည်နယ်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းအား 'စိန်ခေါ်'လိုက်ခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်ကလည်း ယင်းစိန်ခေါ်ချက်ကို ရဲဝံ့စွာပင် လက်ခံကာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့အရောက် ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

*

ထိုအချိန်၌ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ၏ စုံညီအစည်းအဝေးကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားပြီးဖြစ်ရာ ဗြိတိသျှတို့က ဗိုလ်ချုပ်အောင်ဆန်းအား အဆိုပါ 'ပင်လုံအစည်းအဝေး၌ လူမျိုးစုခေါင်းဆောင်များ၏ သဘောတူ လက်ခံကြောင်း စာချုပ်လက်မှတ်ရေးထိုးအောင် တတ်နိုင်လျှင် လုပ်ပြပါလော့'ဟု စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တို့ ဗြိတိန်နိုင်ငံရောက်နေချိန်တွင် မြန်မာပြည်ရှိ ဗြိတိသျှအစိုးရ တောင်တန်းဒေသ အုပ်ချုပ်ရေးဌာနမှ 'စတီဗင်ဆင်'ဆိုသူ ဦးဆောင်သော နယ်ချဲ့ လက်ပါးစေများသည် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များအား နည်းမျိုးစုံဖြင့် စည်းရုံး သွေးခွဲနေခဲ့ကြသည်။

"အောင်ဆန်းကို မယုံကြနဲ့၊ သူနဲ့ပေါင်းရင် ခင်ဗျားတို့ ဒုက္ခရောက်မှာပဲ၊ ဗြိတိသျှ အုပ်စိုးမှုအောက်မှာနေမှ ခင်ဗျားတို့ သက်သာမယ်" စသည်ဖြင့် ခြေထိုးသွေးခွဲသလို တစ်ဖက်ကလည်း နိုင်ငံခြားမှ အကောင်းဆုံး အရက်ယမကာများ၊ စားကောင်းသောက်ဖွယ်များဖြင့် ဖြားယောင်းစည်းရုံးမှုကြောင့် လူမျိုးစုခေါင်းဆောင်အချို့သည် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် လက်မှတ်ထိုးသင့်၊ မထိုးသင့် စဉ်းစားရာ၌ တွေဝေလျက်ရှိကြသည်၊

ထို့ကြောင့်လည်း ဗိုလ်ချုပ်သည် လန်ဒန်မြို့၌ တစ်လလုံးလုံး အလွ ် ပင်ပန်းစွာ အလုပ်လုပ်ခဲ့ရပြီးနောက်၊ ရန်ကုန်ပြန်ရောက်သောအခါ အနားယူ အပန်းဖြေရန်ပင် စိတ်မကူးတော့ဘဲ ပင်လုံသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အရောက် ခရီးထွက်ခဲ့ပါသည်၊

ဗိုလ်ချုပ် ပင်လုံသို့ရောက်သွားချိန်၌ အခြေအနေမှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ကျင်းပမည့် ပင်လုံညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ စည်းလုံးညီညွတ်စွာဖြင့် လက်မှတ်ရေးထိုးကြပါ့မလားဟု စိုးရိမ်ဖွယ်ဖြစ်နေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ယင်းအခြေအနေကို ကောင်းစွာသိပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို အကြွင်းမဲ့ ယုံကြည်ထောက်ခံသူ ကချင်ခေါင်းဆောင် ဆမားဒူဝါဆင်ဝါးနောင်၊ မိုင်းပွန်စော်ဘွားကြီး (အာဇာနည်ခေါင်းဆောင်)နှင့်တ(ကွ ရှမ်းပြည် လွတ်လပ်ရေးအဖွဲ့မှ ဦးတင်အေး၊ ဦးထွန်းမြင့် (တောင်ကြီး)၊ အိုင်စီအက်စ် ဦးတင်ထွဋ်၊ ဦးဖေခင် စသော ပုဂ္ဂိုလ်များက ပင်လုံရောက် ကိုယ်စားလှယ်များအာ· အလျင်အမြန် စည်းရုံးလှုပ်ရှားမှုဖြင့် နှစ်နာရီအတွင်း ကိုယ်စားလှယ်ပေါင်းစုံပါဝင်သော အစည်းအဝေးတစ်ခု ဖြစ်မြောက်သွားပါတော့သည်။

ယင်းအစည်းအဝေးသို့ ဗိုလ်ချုပ်ကိုယ်တိုင် တက်ရောက်ပြီး 'ယူနီယံ' ခေါ် ပြည်ထောင်စုအသွင်ဖြင့် ပြည်နယ်များနှင့် ပြည်မတို့ ပူပေါင်းဖွဲ့လျက် လွတ်လပ်ရေးရယူခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ကြောင်း အချက်အလက်စုံလင်စွာဖြင့် ရှင်းလင်းပြောပြရာ အားလုံးက နားလည်သဘောပေါက်သွားပြီး လက်ခံ သဘောတူညီသွားကြလေတော့သည်။



ထိုနေ့ကား ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂)ဖြစ်ပေါ်လာစေသည့် ပင်လုံညီညွတ်ရေး စာချုပ်ကြီး ဖြစ်မြောက်အောင်မြင်ရန် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေကျမှပင် သေချာသွားခဲ့ပါသည်။

ထိုအချိန်၌ 'စတီဗင်ဆင်' ဦးဆောင်သော ဗြိတိသျှနယ်ချဲ့ လက်ပါးစေအုပ်စုကတော့ နောက်ဆုံးအခြေအနေကို မသိကြသေး။ သူတို့ သွေးခွဲခြေထိုးထားသည့်အတိုင်း ပင်လုံစာချုပ် မည်သို့မှ ဖြစ်မြောက်နိုင်မည်မဟုတ်ဟု တစ်ထစ်ချ ထင်နေကြဆဲပင် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များနှင့်တကွ ကချင်ဒူဝါများ၊ ရှမ်းပြည်မှ နယ်ရှင်စော်ဘွားများသည် ဗိုလ်ချုပ်၏ နှလုံးသားအတွင်း အနိုင်အမာ ကိန်းအောင်းနေသည့် 'ပြည်ထောင်စုစိတ်ဓာတ်'အကြောင်း ကောင်းစွာသိမြင်သဘောပေါက်သွားကြပြီ ဖြစ်လေသည်။

ထို့ကြောင့်ပင် နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ကိုယ်စားလှယ် ၂၂ ဦးတို့သည် သမိုင်းဝင် 'ပင်လုံညီညွတ်ရေး စာချုပ်ကြီး'ကို တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် လက်မှတ်ရေးထိုးလိုက်ကြသည်။

ဤကား ၁၉၄၂ ခုနှစ်၊ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ခေတ်မှစ၍ ဗိုလ်ချုပ်အနေဖြင့် အထူးကြိုးစား တည်ဆောက်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်ပြီးခေတ် ဖဆပလအဖွဲ့ချုပ် သို့မဟုတ် အမျိုးသားတပ်ဦးကြီး၏ ဥက္ကဋ္ဌအဖြစ် တိုင်းရင်းသားလူမျိုးစုများအား တရင်းတနှီး စည်းရုံးခဲ့ခြင်း၊ ၂၆-၉-၄၆ နေ့တွင် အစိုးရ အာဏာရရှိပြီးနောက်တွင်လည်း တောင်တန်းဒေသများသို့ ကိုယ်တိုင်သွားရောက်လျက် သွေးချင်းလူမျိုးစုများအား အပင်ပန်းခံ စည်းရုံးခဲ့ခြင်းတို့၏ ရလဒ်ပင်တည်း။

တစ်နည်းအားဖြင့် ဗိုလ်ချုပ်သည် သူ၏ စည်းရုံးရေးစွမ်းရည်ဖြင့် 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်'ဟူသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံကို ကမ္ဘာမြေပုံပေါ်တွင် ထင်ရှားပေါ်လွင်စွာ ရေးဆွဲဖန်တီးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်တော်လှန်ရေးနိဒါန်း

မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အလွန်အရေးပါသော အခန်းကဏ္ဍ၌ မော်ကွန်းတင်ထားရမည့် '၁၃၀၀ ပြည့် အရေးတော်ပုံ'ကို ၁၉၃၈–၃၉ ပြီးသည့်နောက်ပိုင်း၌ အတက်ကြွဆုံး နိုင်ငံရေးစိတ်ဓာတ်ရှိသူ တို့ဗမာအစည်းအရုံးမှ (သခင်)ခေါင်းဆောင်များ၊ တက္ကသိုလ်သမဂ္ဂမှ ကျောင်းသားခေါင်းဆောင်များ အနေဖြင့် ဗြိတိသျှနယ်ချဲ့သမားထံမှ လွတ်လပ်ရေးကို ဒူးထောက် လက်ဖြန့်တောင်း၍မရ၊ မြန်မာနိုင်ငံကို နယ်ချဲ့သမားက လက်နက်အင်အားဖြင့် အလွယ်တကူ သိမ်းပိုက် ကျွန်ပြုခဲ့သည့်နည်းတူ မိမိတို့ကလည်း နယ်ချဲ့သမားအား လက်နက်စွဲကိုင် တိုက်ခိုက်ယူမှသာလျှင် ရနိုင်လိမ့်မည်ဟု ပြတ်သားစွာ သိမြင်သဘောပေါက်လာခဲ့ပေသည်။

ယင်းသို့ တိုက်ခိုက်ရာတွင် မြန်မာတို့အနေဖြင့် ဓားလှံ၊ လေးမြားစသော သမားရိုးကျ လက်နက်များဖြင့် မရနိုင်။ ခေတ်မီလက်နက်များ၊ မောင်းပြန်သေနတ်များ၊ အမြောက်စိန်ပြောင်းများဖြင့် တိုက်မှသာ ရနိုင်မည်ဟုလည်း စစ်ရေးသေနင်္ဂဗျူဟာကိုပါ နားလည်လာခဲ့ကြသည်။

ထို့ကြောင့် ခေတ်မီလက်နက်ခဲယမ်းများ၊ ခေတ်မီစစ်ပညာများ၊ နည်းဗျူဟာများ လိုလာခဲ့သည်။ ယင်းလိုအပ်ချက် ရရှိနိုင်မည့် အခြေအနေသည် ၁၉၃၉ ခုနှစ်တွင် ကံအားလျော်စွာ ဖြစ်ပေါ်လာခဲ့ပါသည်။

အကြောင်းမှုကား ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားလာခဲ့သောကြောင့်ပင်တည်း။



ထိုနေ့တွင် ဂျာမနီမှ နာဇီအာဏာရှင် 'ဟစ်တလာ'သည် ဗြိတိန်နိုင်ငံအား စစ်ကြေညာလိုက်သည်။ တစ်နည်းအားဖြင့် ဗြိတိသျှ နယ်ချဲ့သမားအတွက် အကျပ်တွေ့သည့် အခြေအနေ ဖြစ်လာခဲ့သည်။

ဤတွင် 'အင်္ဂလိပ်အခက်၊ ဗမာ့အချက်'ဟူသောစကား မြန်မာနိုင်ငံတွင် ပျံ့နှံ့ခေတ်စားလာတော့သည်။

အဓိပ္ပာယ်ကတော့ ဥရောပမှ စစ်ကြီးကြောင့် ဗြိတိသျှတို့ ဘေးကျပ်နံကျပ်ဖြစ်နေသည့် အခြေအနေကို အခွင့်ကောင်းယူကာ မြန်မာတို့က လွတ်လပ်ရေးကို တိုက်ယူမည်ဟူ၍ပင် ဖြစ်သည်။

ထိုအချိန်၌ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်မှ မွေးဖွားပေးလိုက်သော (နောင်တစ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့်) ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် ဘီအယ်ခေါ် ဥပဒေပညာဘွဲ့ယူရန် သင်ကြားဆဲ တစ်ပိုင်းတစ်စသာရှိသေးစဉ် တိုင်းပြည်လွတ်လပ်ရေးရရှိရန်သာ ဦးစားပေးလုပ်သွားရန်နှင့် နိုင်ငံရေးသာ အချိန်ပြည့် ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့် သူသည် 'တို့ဗမာအစည်းအရုံးကြီး' (သခင်အသင်း)၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း ဖြစ်လာသည်။

သခင်အောင်ဆန်းအနေဖြင့် ဒုတိယကမ္ဘာစစ်ကြီး ဥရောပ၌ စတင်ဖြစ်ပွားချိန်တွင် အခွင့်ကောင်းယူကာ အလားအလာရှိသော နိုင်ငံရေးအင်အားစုများ ပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် လှုပ်ရှားခြင်းသာလျှင် အကောင်းဆုံးခြေလှမ်းဟု ကောက်ချက်ချမိခဲ့သည်။ ထို့ကြောင့် သူသည် တို့ဗမာ အစည်းအရုံးမှ အရေးပါသော သခင်ခေါင်းဆောင်များ၊ တက္ကသိုလ်သမဂ္ဂမှ ကျောင်းသားခေါင်းဆောင်ဟောင်းများ၊ ဝါရင့်နိုင်ငံရေးသမား လူကြီးများထံမှ ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင် စသော ပုဂ္ဂိုလ်များအား စုစည်းကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ထွက်ရပ်ဂိုဏ်းကြီး (ဗမာ့ထွက်ရပ်ဂိုဏ်း) ALL-BURMA FREEDOM BLOCကို ဖွဲ့စည်းထူထောင်လိုက်လေသည်။ အင်အား အထူးတောင့်တင်းသော အတိုက်အခံအဖွဲ့ကြီးဖြစ်သောကြောင့် ဗြိတိသျှဘုရင်ခံ အမှူးပြုသော နယ်ချဲ့အစိုးရသည် ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကို စိုးရိမ်မကင်း ဖြစ်လာမိတော့သည်။ ထွက်ရပ်ဂိုဏ်းကြီး၏ စည်းလုံးညီညွတ်မှုအင်အားကို ဖြိုခွဲရန် အမျိုးမျိုးနည်းလမ်းရှာ ကြိုးစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များကမူ သူတို့ ချမှတ်ထားသော ဆုံးဖြတ်ချက်အရ ခေတ်မီ လက်နက်ကိုင်တပ်မတော် ဖြစ်မြောက်လာရေးအတွက် နိုင်ငံခြား အကူအညီရရှိရန် လျှို့ဝှက်ကြံစည်နေကြပြီ ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့ အစိုးရသည် ထွက်ရပ်ဂိုဏ်း၌ အဓိကအရေးပါသော ခေါင်းဆောင်မှာ ၁၉၃၆ ခုနှစ်၊ တက္ကသိုလ် သပိတ်ခေါင်းဆောင်ဟောင်း 'သခင်အောင်ဆန်း'ပင် ဖြစ်သည်ဟု ကောက်ချက်ချမိသဖြင့် ယင်းခေါင်းဆောင်အား ရှေးဦးစွာ 'နှိမ်'မှဖြစ်ချေမည်ဟု ဆုံးဖြတ်လိုက်သည်။

**သခင်အောင်ဆန်းသည် မြန်မာပြည်သူလူထု (အထူးသဖြင့် တက်ကြွသော လူငယ်ထု)အား နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲဝင်ရန် အသင့်ပြင်ကြလော့** ဟူသော စည်းရုံးနှိုးဆော်ချက် ကြွေးကြော်ရင်း ခရီးလှည့်လည် ဟောပြောနေပြီဖြစ်ရာ သူ၏ ဟောပြောပွဲတစ်ခုကို အကြောင်းပြုလျက် ဟင်္သာတ ခရိုင် ရာဇဝတ်ဝန် (ခရိုင်ရဲဝန်) မျက်နှာဖြူလူမျိုး 'ဇေးဗီးယား'ဆိုသူက အောင်ဆန်းကို ဖမ်းစေဟု အမိန့်ထုတ်လိုက်သည့်ပြင် နိုင်ငံရေးအရ သိက္ခာချ 'နှိမ်'သည့်အနေဖြင့် 'အောင်ဆန်းကို ဖမ်းမိပါက ဆုတော်ငွေ ငါးကျပ်ချီးမြှင့်မည်' ဟုလည်း ကြေညာလိုက်သည်။

သခင်အောင်ဆန်းသည် အလွန်အရေးကြီးနေပြီဖြစ်သော အချိန်အခါတွင် နယ်ချဲ့သမား၏ အကျဉ်းထောင်ထဲ ချုပ်နှောင်ခံနေ၍မဖြစ်ဟု ဆုံးဖြတ်လျက် ဗြိတိသျှအစိုးရ ပုလိပ်အဖွဲ့နှင့် ထောက်လှမ်းရေးစုံထောက်တွေ မျက်စိအောက်မှ ကိုယ်ယောင်ဖျောက်ကာ 'မြေလျှိုး'နေလိုက်ရတော့သည်။ ဤသည်မှာလည်း ပြည်သူလူထုနှင့် အစိုးရအမှုထမ်းအချို့ကပါ သူ့အား ကူညီ၍သာ ပုလိပ်စုံထောက်တွေ ခြေရာမခံနိုင်အောင် 'မြေလျှိုး'နေနိုင်ရုံမက ဟင်္သာတမှ ရန်ကုန်မြို့သို့ လျှို့ဝှက်စွာ ချောချောမောမော ပြန်လာနိုင်ခဲ့သည်။

သို့သော် ဤအတိုင်း ကြာရှည်နေ၍မဖြစ်။ နိုင်ငံခြား အကူအညီရရန် အဆက်အသွယ်ကလည်း လုံးဝ မရှိလင့်ကစား 'သခင်အောင်ဆန်း'အနေဖြင့် ပြည်ပသို့ ဖြစ်သည့်နည်းဖြင့် အမြန်ဆုံးထွက်သွားမှ ဖြစ်ချေတော့မည်ဟု ထွက်ရပ်ဂိုဏ်းနှင့် တို့ဗမာအစည်းအရုံး ခေါင်းဆောင်များက တွေးတောသုံးသပ်မိကြလေသည်။

ထိုအချိန်က အရှေ့အာရှတွင် ခေတ်မီအတိုးတက်ဆုံး၊ အင်အားအကြီးမားဆုံးဖြစ်နေသော ဂျပန်နိုင်ငံ၏ အကူအညီရယူရန်လည်း သခင်အောင်ဆန်းသည်



စိတ်ကူးစဉ်းစားမိခဲ့သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာဘမော်ကလည်း ဂျပန်တို့ထံမှ အကူအညီလိုလျှင် ရနိုင်ကြောင်း သတင်းစကားကြားရလေသည်။ သို့သော် တကယ်တမ်း လက်တွေ့ကျတော့ ဂျပန်တို့က မြန်မာလူငယ်များနှင့် လက်တွဲပူးပေါင်းရန် စိတ်အားထက်သန်ပုံမရဘဲ အကြိမ်ကြိမ် ရွှေ့ဆိုင်းနေသဖြင့် စိတ်ပျက်ဖွယ်ရာ ကြုံရပြန်သည်။

သခင်အောင်ဆန်းသည် ဘာပဲဖြစ်ဖြစ် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်၍ လွတ်လပ်ရေးယူရန် တဖွဖွပြောနေပြီး ပြောက်ကျားနည်းဖြင့် တိုက်ခိုက်ရန်လည်း စီမံချက်တစ်ရပ် ရေးဆွဲတင်ပြခဲ့သည်။ လုပ်ဖော်ကိုင်ဖက်ရဲဘော်များက လက်နက်မရှိဘဲ မည်သို့တိုက်ခိုက်မည်နည်းဟု မေးကြသောအခါ သခင်အောင်ဆန်းက–

"ဓားပြတိုက်တဲ့လူတွေတောင် လက်နက်ရအောင် ကြံနိုင်လို့ရှိရင် ကျုပ်တို့လို စနစ်တကျ စည်းရုံးထားတဲ့လူတွေအဖို့ ဘာဖြစ်လို့ မရနိုင်ရမှာလဲ"

ဟု ခပ်တည်တည် ပြန်ပြောခဲ့ပါသည်။

ဂျပန်တို့ထံမှ အကူအညီရရန် မသေချာသေးလင့်ကစား မိမိတို့ကပင် နိုင်ငံခြားသို့ စွန့်စားထွက်သွားပြီး အကူအညီရှာရန် အားလုံး ဆုံးဖြတ်ပြီးနောက် ဆုငွေငါးကျပ် ထုတ်ထားခြင်းခံရ၍ ဝရမ်းပြေးဖြစ်သူ သခင်အောင်ဆန်းကိုပင် နိုင်ငံခြားသို့စေလွှတ်ရန် အားလုံးက ဆုံးဖြတ်လိုက်ကြလေသည်။

စောစောပိုင်းက ဂျပန်တို့က အတူပူးတွဲလုပ်ရန် နှောင့်နှေးရွှေ့ဆိုင်းခဲ့ခြင်းမှာ သခင်အောင်ဆန်းတို့လို မြန်မာလူငယ်များသည် လက်ဝဲဝါဒီ (ကွန်မြူနစ်)တွေဟု ထင်မှတ်၍ အတူတွဲလုပ်ရန် ဝန်လေးနေခဲ့ခြင်းဖြစ်ကြောင်း နောက်မှ သိရသည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောပြဖူးပါသည်။

ရန်ကုန်မြို့မှ လျှို့ဝှက်စွာ ထွက်ခွာသွားရန် ဆုံးဖြတ်ပြီးနောက် သခင်အောင်ဆန်းနှင့် ရေနံမြေအလုပ်သမားခေါင်းဆောင် သခင်လှမြိုင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်)တို့သည် အင်္ဂလိပ်အစိုးရ ထောက်လှမ်းရေးစုံထောက်တွေ မသိအောင် 'ဟိုင်လီ'အမည်ရှိ တရုတ်သင်္ဘောဖြင့် (မည်သည့် နိုင်ငံခြား အဆက်အသွယ်မှမရှိဘဲ) တရုတ်ပြည်သို့ ဇွတ်ပင် စွန့်စားလျက် ထွက်ခွာသွားခဲ့ရာ တရုတ်ပြည်ဆိပ်ကမ်း မြို့တစ်မြို့ဖြစ်သော 'အမွိုင်'မြို့သို့ ရောက်သွားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမှိုင်'မြို့သို့ ရောက်သွားသည့်တိုင်အောင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် သူတို့ အထူးလိုအပ်နေသော နိုင်ငံခြားအကူအညီရရှိရန် ဘာမျှော်လင့်ချက်မှ မရှိသေးဘဲ ယောင်လည်လည် ဖြစ်နေခဲ့ကြသည်။

*

ထိုအတောအတွင်း ဂျပန်စစ်ဖက် အာဏာပိုင်တို့၏ တာဝန်ပေးချက်အရ (နောင်တွင် မြန်မာနာမည် 'ဗိုလ်မိုးကြိုး'ဟု လူသိများလာမည့် ဗိုလ်မှူးကြီး ဆူဇူကီး Col. Suzuki) သည် ဂျပန်သတင်းစာ 'ယိုမိယိုရီ'၏ နိုင်ငံခြားသတင်းထောက် ဟန်ဆောင်လျက် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ သူ၏ ရည်ရွယ်ချက်ကတော့ ဗြိတိသျှအစိုးရအား ပြည်တွင်းမှ တော်လှန်ပုန်ကန်မည့် မျိုးချစ်လူငယ်များကို လျှို့ဝှက်စွာ ဆက်သွယ်စည်းရုံးရန်ပင် ဖြစ်သည်။ ထိုလူငယ်များအား စစ်ပညာသင်တန်းများပေးခြင်း၊ ခေတ်မီလက်နက်များ အကူအညီပေးခြင်းဖြင့်လည်း စည်းရုံးသိမ်းသွင်းရန် ရည်ရွယ်သည်။ ဗိုလ်မှူးကြီး ဆူဇူကီး အနေဖြင့် အထက်မှ တာဝန်ပေးချက်အရ လာရောက်ခြင်းဖြစ်သော်လည်း ဂျပန်နိုင်ငံ တိုကျိုမြို့မှ ထိပ်သီး စစ်ဖက်အာဏာပိုင်တို့၏ ရည်ရွယ်ချက်အမှန်ကို မသိရှာချေ။

ရန်ကုန်သောအခါ ထိုအချိန်က ဗြိတိသျှအစိုးရ၏ အတိုက်အခံ အင်အားစုထဲမှ အင်အားအရှိဆုံး၊ အတက်ကြွဆုံးဖြစ်သော 'ဗမာ့ထွက်ရပ်ဂိုဏ်း' ကို ချဉ်းကပ်ရာ ထွက်ရပ်ဂိုဏ်း အကြီးအကဲ ဒေါက်တာဘမော်နှင့်လည်းကောင်း၊ တစ်ခုတည်းသော မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား'ထုတ်ဝေသူ ဒေါက်တာသိမ်းမောင်နှင့်လည်းကောင်း လျှို့ဝှက်စွာ ဆက်သွယ်မိလေသည်။ ထို့ကြောင့်လည်း ဒေါက်တာဘမော်တို့မှတစ်ဆင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့နှစ်ယောက် တရုတ်ပြည် 'အမှိုင်'မြို့သို့ ထွက်သွားကြပြီဖြစ်ကြောင်း သိရလေသည်။

ဗိုလ်မှူးကြီး ဆူဇူကီးက ထိုလူငယ်နှစ်ဦးအား 'အမှိုင်'မှ ဂျပန်ပြည်သို့ အမြန်ဆုံးခေါ်ယူရန် စီစဉ်မည့်အကြောင်း၊ နောက်ထပ် စစ်သင်တန်းတက်ရန် လူငယ်အနည်းငယ်လိုကြောင်းပြောရာ ဒေါက်တာဘမော်ကလည်း စီစဉ်ပေးပါမည်ဟု ကတိပေးပြီး 'သခင်မြ' စသော သခင်ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။



**မှတ်ချက်။** ။ ထိုအချိန်က 'တို့ဗမာအစည်းအရုံးခေါင်းဆောင်ပိုင်းတွင် သဘောထားကွဲလွဲ၍ အုပ်စုနှစ်ခု ဖြစ်နေသည်။ သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့က တစ်အုပ်စု၊ သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့က တစ်အုပ်စု ဖြစ်နေသည်။

မရှေးမနှောင်းမှာပင် ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်သည် သခင်ထွန်းအုပ်နှင့် လျှို့ဝှက်စွာ ဆက်သွယ်မိရာမှ အင်္ဂလိပ်အစိုးရကို တော်လှန်ရန်အတွက် စစ်သင်တန်းတက်မည့် လူငယ်များ ခေါ်ယူလိုကြောင်း ကမ်းလှမ်းရာ သခင်ထွန်းအုပ်ကလည်း သူကိုယ်တိုင်ခေါင်းဆောင်၍ သူတို့၏ တို့ဗမာအစည်းအရုံးမှ လူငယ်အချို့ကို စည်းရုံးပြီး ဂျပန်သို့ လိုက်ပါမည်ဟု ကတိပေးလိုက်သည်။

*

ရန်ကုန်မြို့တွင် ဗိုလ်မှူးကြီး ဆူဇူကီးက ဗမာ့ ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များအား ပြောပြသည့်အတိုင်း လျှင်မြန်သွက်လက်စွာ လှုပ်ရှားစီစဉ်လိုက်ရာ များမကြာမီ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် (တရုတ်ပြည်မကြီးအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားနေခိုက်) ဂျပန်တို့ လာခေါ်သဖြင့် တိုကျိုမြို့သို့ ရောက်သွားတော့သည်။

သမိုင်းသုတေသီတို့ မှတ်သားစရာကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် သခင်အောင်ဆန်း ဂျပန်နိုင်ငံ၊ တိုကျိုမြို့ကို ရောက်သွားသောနေ့မှာ ၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ ဖြစ်သည်ဟူ၍ပင်တည်း။

တိုကျိုမြို့တွင် သခင်အောင်ဆန်းသည် 'ဗိုလ်မိုးကြိုး'ဖြစ်လာမည့် 'ကာနယ်ဆူဇူကီး'နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရာ စတင်တွေ့ချိန်၌ အင်္ဂလိပ်လိုတတ်ကျွမ်းသူ ဂျပန်တစ်ဦးက ဗိုလ်မိုးကြိုးအား စစ်ဖက်မှ ဗိုလ်မှူးကြီးဟု မပြောဘဲ 'မစ္စတာမီနာမီ'အမည်ရှိ အရပ်သားတစ်ဦးအဖြစ်သာ မိတ်ဆက်ပေးခဲ့သည်။

**မှတ်ချက်။** ။ အမှန်က ဗိုလ်မှူးကြီး ဆူဇူကီးသည် သူ၏ နာမည်ဝှက် 'မစ္စတာမီနာမီ'ကိုပင် ဆက်လက်အသုံးပြုနေသောကြောင့် ဖြစ်သည်။ 'မီနာမီ'ဟူသော ဂျပန်အမည်ကလည်း အဓိပ္ပာယ်ရှိပါသည်။ သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်အား စစ်ပညာ လေ့ကျင့်သင်ကြားပေးရန် တာဝန်ကျသော လျှို့ဝှက် အဖွဲ့အစည်းအမည်က

www.burmeseclassic.com

www.burmeseclassic.com



'မီနာမီကီကန်' (MINAMI KIKAN) ဖြစ်သည်။ ယင်းအဖွဲ့မှ ဂျပန်အရာရှိများသည် ရဲဘော်သုံးကျိပ်၏ နည်းပြဆရာများပင်ဖြစ်သည်။ ထိုဆရာများထဲမှ အသက်ထင်ရှားရှိနေသေးသူ အနည်းငယ်မျှသာ ကျန်တော့ရာ ယင်းတို့အား ၁၉၈၁-ခုနှစ်က မြန်မာနိုင်ငံမှ အမြင့်ဆုံးဘွဲ့ထူး ဂုဏ်ထူး 'အောင်ဆန်းတံခွန်'ဘွဲ့ ချီးမြှင့်ခဲ့သည်။ ယင်းသို့ ချီးမြှင့်ခံရသူတစ်ဦး ဖြစ်သော မစ္စတာ အီဇူးမီးယား (IZUMIYA) သည် သူတို့၏ လျှို့ဝှက်အဖွဲ့ အစည်းအကြောင်း 'မီနာမီကီကန်'ဟူ၍ အင်္ဂလိပ် စာအုပ်တစ်အုပ် ရေးသားခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ 'မီနာမီ'ဟူသော ဂျပန်ဝေါဟာရ၏ အဓိပ္ပာယ်ကတော့ 'တောင်ဘက်'ဖြစ်သည်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ၏ တောင်ဘက်ဖြစ်သည်၊ ကီကန် KIKAN ကတော့ အဖွဲ့အစည်းဟု အဓိပ္ပာယ် ရပါသည်။ မြန်မာပြည်မှ ဗြိတိသျှဆန့်ကျင်ရေး လူငယ်များအား လျှို့ဝှက်စွာ 'ဟိုင်နန်'ကျွန်း၌ စစ်ပညာသင်ကြားပေးရမည့် တာဝန်ရှိသော အဖွဲ့အစည်းအဖြစ် 'မီနာမီကီကန်'ဟူသော နာမည်ဝှက်သုံးခဲ့ခြင်း ဖြစ်သည်။ အဖွဲ့၏ အကြီးအကဲ ကာနယ်ဆူဇူကီး သည် သူ၏ အမည်ဝှက်ကိုလည်း 'မီနာမီ'ဟု ယူခဲ့ခြင်းဖြစ်သည်

သို့သော် လူချင်း စတင်တွေ့ဆုံချိန်ကသာ နာမည်ဝှက် 'မီနာမီ'ဟု မိတ်ဆက်ပေးခဲ့သော်လည်း နောက်ပိုင်းမကြာမီ ဗိုလ်မှူးကြီး ဆူဇူကီးသည် သူ၏နာမည်အမှန် ဖွင့်ပြောပြ၍ သခင်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်တို့ သိသွားခဲ့ကြသည်။

ဤနေရာတွင် ရဲဘော်သုံးကျိပ်တို့အကြောင်း အနည်းငယ် ဖြည့်စွက်တင်ပြရပါမည်။ သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးမှ ရွေးချယ်စေလွှတ်လိုက်သူများမှာ သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လကျာ်)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၊ သခင်စံလှိုင် (ဗိုလ်မှူးအောင်)၊ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ ကိုလှမောင် (ဗိုလ်ဇေယျ)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ ကိုရွှေ (ဗိုလ်ကျော်ဇော) စသည်တို့ဖြစ်ပြီး သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့၏ တို့ဗမာအစည်းအရုံးတစ်ခြမ်းမှ လွှတ်သူများကတော့ သခင်



ရှမောင် (ဗိုလ်နေဝင်း)၊ သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်ထွန်းအုပ် (ဗိုလ်မြင့်ဆွေ)၊ ဗိုလ်မိုးညို၊ ဗိုလ်စောအောင်၊ ဗိုလ်စောနောင် စသည်တို့ဖြစ်သည်။

*

တိုကျိုမြို့တွင် ဗိုလ်မှူးကြီး 'ဆူဇူကီး'သည် သခင်အောင်ဆန်းဆိုသူအား စိတ်ဝင်စားမိသဖြင့် လေ့လာအကဲခတ်ကြည့်ခဲ့သည်။ ရန်ကုန်မြို့ရှိ 'ထွက်ရပ်ဂိုဏ်း'ခေါင်းဆောင်များက တရုတ်ပြည်သို့ ကြိုတင် ထွက်သွားနှင့်သူ 'အောင်ဆန်း'သည် နိုင်ငံရေးသိပ္ပံပညာကို အထူးကြိုးစား လေ့လာထားပြီး နိုင်ငံရေး အတွေးအခေါ်၊ အမြော်အမြင်ရှိသော ထက်မြက်သည့် လူငယ်ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်ဟု ပြောလိုက်၍လည်း ဗိုလ်မှူးကြီး 'ဆူဇူကီး'က အောင်ဆန်းအား စိတ်ဝင်စားမိလျက် အကဲခတ်ကြည့်ခြင်း ဖြစ်သည်၊

'ဆူဇူကီးသည် အင်္ဂလိပ်စကားကို အထူး မကျွမ်းကျင်သော်လည်း တစ်ဖက်သားနားလည်အောင် ပြောဆိုဆွေးနွေးနိုင်သဖြင့် သခင်အောင်ဆန်းနှင့် ရင်းနှီးအောင်ဆက်ဆံပြီး ဆွေးနွေးခဲ့သည်။ ဤတွင် 'သခင်အောင်ဆန်း'သည် သာမန် လူငယ်တစ်ဦးနှင့်မတူဘဲ တစ်မူထူးခြားသူအဖြစ် အကဲခတ် သုံးသပ်မိသည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ လူငယ်တို့သဘာဝ အပျော်အပါးလိုက်စားရန်လည်း လုံးဝ စိတ်မဝင်စားဘဲ သူ၏တိုင်းပြည် (မြန်မာနိုင်ငံ) ဗြိတိသျှလက်အောက် ကျွန်သဘောက်ဘဝမှ လွတ်မြောက်ရေးကိုသာ တစ်စိုက်မတ်မတ် စိတ်အာရုံစူးစိုက်နေသူဖြစ်ကြောင်း သိသာပေါ်လွင်လာသည်။ သခင်အောင်ဆန်း၏ နှလုံးသားထဲတွင် တစ်ခုတည်းသော အာရုံစူးစိုက်မှု (OBESSION) ကား မြန်မာ့လွတ်လပ်ရေးပင်ဖြစ်ကြောင်း ဗိုလ်မှူးကြီး 'ဆူဇူကီး'က သိမြင် သဘောပေါက်လာလေရာ ဤလူငယ်ကား 'အနာဂတ် မြန်မာနိုင်ငံအတွက် အားကိုးရထိုက်လောက်အောင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်တစ်ဦးဖြစ်နိုင်ပေသည်တကား'ဟု တစ်ထစ်ချ ယူဆလိုက်တော့သည်၊

ထို့နောက် နှစ်ယောက်သား ရေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံမှ ကျန်လူငယ်များအား ဂျပန်သို့ လျှို့ဝှက်စွာ ခေါ်ယူရေးကိစ္စကိုပါ ဆွေးနွေးခဲ့ကြသည်။

ကျန်လူငယ်များအား သခင်အောင်ဆန်းကိုယ်တိုင်ပင် လျှို့ဝှက်စွာ မြန်မာပြည်သို့ပြန်လာပြီး ဂျပန်စစ်ဖက် (ရေတပ်မတော်)၏ အကူအညီဖြင့် ကျန်လူငယ်များကို ခေါ်ယူရန် ဆုံးဖြတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် သခင်အောင်ဆန်းသည် သူ၏ ပင်ကိုယ်အင်္ဂါရုပ်ကို ဖျောက်လျက် ရုပ်ဖျက်ကာ ၁၉၄၁ ခုနှစ်ဆန်းတွင် မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ ပြန်လည်ဝင်ရောက်လာခဲ့ရလေသည်။ ထို့နောက် အစီအစဉ်အတိုင်း ရန်ကုန်မြို့မှ ရဲဘော်သုံးကျိပ် လူငယ်များအား ဂျပန်ရေတပ်မတော် သင်္ဘောတစ်စင်းဖြင့် လျှို့ဝှက်စွာ ခေါ်ယူပြီး ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့လေသည်။

သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)အနေဖြင့် ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိသွားသောနေ့ကား ၁၉၄၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်တွင် အကောင်အထည်ပေါ်ခဲ့သော သမိုင်းမှတ်တမ်းဝင် 'ဖက်ဆစ်တော်လှန်ရေး'ကြီး စတင်ခဲ့သည့်နေ့ကလည်း မတ်လ ၂၇ ရက်နေ့ (ယနေ့ တပ်မတော်နေ့)ဖြစ်နေခြင်းမှာ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခုဟု ဆိုရမည်ဖြစ်ပါသတည်း။

❒



## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်တော်လှန်ရေး

၁၉၄၅ ခုနှစ်၊ ဩဂုတ်လဆန်းက ဖြစ်ပါသည်။ ဂျပန်တွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်လေတပ်က ကမ္ဘာ့ပထမဆုံး အနုမြူဗုံးကြဲချလိုက်ပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ဂျပန်ဧကရာဇ် 'ဟီရိုဟီတို' ကိုယ်တိုင် Unconditional Surrender ခေါ် အကြွင်းမဲ့ လက်နက်ချလိုက်ခြင်းကြောင့် ကမ္ဘာ့အရှေ့ဖျားခြမ်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ဥရောပတွင် ၁၉၄၅ ခုနှစ်၊ ဇွန်လကပင် နာဇီဂျာမနီက လက်နက်ချသဖြင့် စစ်ပွဲကြီး ပြီးနေပြီဖြစ်သည်။

**စာရေးသူ**

ရန်ကုန်မြို့တွင် မဟာမိတ် ဗြိတိသျှတပ်များနှင့်အတူ အနောက်နိုင်ငံကြေးနန်းသတင်းဌာနများ သတင်းထောက်များ အင်္ဂလိပ်စစ်သတင်းထောက် (War Correspondents) များလည်း ရောက်ရှိနေပြီ ဖြစ်သည်၊

တစ်နေ့တွင် ဖဆပလအဖွဲ့ချုပ်ရုံး တည်ရာဖြစ်သော ဗဟန်းရှိ အမှတ် ၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ ဗြိတိသျှ သတင်းထောက်တစ်ဦးက ကျွန်တော့်အား တွေ့ဆုံပြီး မေးမြန်းပါသည်။ သူ မေးမြန်းပုံက ကျွန်တော်၏ဆရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တပ်မတော် (မျိုးချစ်ဗမာ့တပ်မတော် PBF )အား သရော်သလို 'နှိမ်'သလို လေသံမျိုး ဖြစ်နေသောကြောင့် ကျွန်တော်ကလည်း မခံချင်၍ လေသံတင်းတင်း၊ မျက်နှာထားဟည်တည်ဖြင့် ပြန်ဖြေခဲ့ပါသည်။

သူ၏မေးခွန်းမှာ–

"ခင်ဗျားတို့ရဲ့ အကြီးအကဲ အောင်ဆန်းနဲ့ ဗမာ့တပ်မတော်ဟာ စောစောပိုင်းကတော့ ဂျပန်နဲ့ပူးပေါင်းပြီး ဗမာပြည်က ဗြိတိသျှတွေကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



**ခဲ့တယ်၊ အခုကျပြန်တော့ ဗြိတိသျှအပါအဝင် မဟာမိတ်တပ်ပေါင်းစုနဲ့ ဆက်သွယ်ပူးပေါင်းပြီး ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့တယ်၊ ဒါဟာ ၁၉၄၄ ခုနှစ်နောက်ပိုင်း ကျုပ်တို့ မဟာမိတ်တပ်တွေဘက်က အရေးသာပြီး ဂျပန်က ရှုံးနိမ့်စပြုနေလို့ နိုင်တဲ့ဘက်ကို ဝင်ပူးပေါင်းတာမဟုတ်လား”**ဟူ၍ ဖြစ်ပါသည်။

ထိုမေးခွန်းကို ကျွန်တော်သည် မခံမရပ်နိုင်အောင် နားကျည်းကာ ထိုအင်္ဂလိပ်သတင်းထောက်၏ မျက်နှာကို စေ့စေ့ကြည့်ကာ လေသံတင်းတင်းဖြင့်–

“No… No, That’s not true”

“နိုး… နိုး မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး”ဟု အစချီကာ အောက်ပါအတိုင်း ပြန်ပြောလိုက်ပါသည်။

**“ဒီမယ် ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ဂျင်နရယ်အောင်ဆန်းနဲ့ သူ့ရဲ့ တပ်မတော်ဟာ ခင်ဗျားတို့ဘက်က စစ်နိုင်နေလို့ နိုင်တဲ့ဘက်ကို ပြေးဝင်ပူးပေါင်းတာ မဟုတ်ဘူး၊ ခင်ဗျားတို့ မနိုင်ဘဲရှုံးနေရင်လည်း ကျုပ်တို့တပ်က ဂျပန်ကို မလွဲမသွေ တော်လှန်မှာပဲ၊ တော်လှန်တိုက်ခိုက်ဖို့လည်း အခိုင်အမာဆုံးဖြတ်ထားပြီး ဖြစ်တယ်၊ ခင်ဗျားက အခု မတ်လ ၂၇ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့တပ်က ဂျပန်တော်လှန်ရေးကို စတင်ခဲ့တာပဲ သိတယ်၊ အမှန်တော့ ကျုပ်တို့တပ်မတော်ကို စတင်တည်ထောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ၁၉၄၁ ခုနှစ်က ဂျပန်ပြည်မှာ စစ်ပညာ လျှို့ဝှက်သင်ကြား လေ့ကျင့်စဉ်နေစဉ်က တစ်ကြိမ်၊ နောက် ၁၉၄၂ ခုနှစ်ဦးက ဂျပန်တပ်နဲ့အတူ ဗမာပြည်ထဲ ဝင်လာချိန်က တစ်ကြိမ်၊ နှစ်ကြိမ်တိတိ ဂျပန်ကိုတော်လှန်ဖို့ ကြံစည်ခဲ့ဖူးတယ်၊ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် အဲဒီနှစ်ကြိမ်လုံး မဖြစ်မြောက်ခဲ့ဘူး၊ ၁၉၄၅ ခုနှစ်၊ မတ်လကျမှပဲ စည်းကမ်းစနစ်တကျ တော်လှန်နိုင်ခဲ့တယ်၊ ဒီအကြောင်းတွေပြောရရင် အရှည်ကြီးပဲ၊ ခင်ဗျား သိချင်ရင် ဩဂုတ်လ ၂၉ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမကိုလာခဲ့၊ အဲဒီမှာ ဂျင်နရယ်လ်အောင်ဆန်းက သူ့ရဲ့ ဂျပန်တော်လှန်ရေးအကြောင်း အသေးစိပ် အင်္ဂလိပ်ဘာသာနဲ့ ရှင်းပြလိမ့်မယ်”**

ဤသို့ ကျွန်တော်က အင်္ဂလိပ်လို ပြတ်သားစွာ ပြောလိုက်တော့မှ မျက်နှာဖြူ သတင်းထောက်သည် မသိမသာ မျက်နှာပျက်သွားပြီး နှုတ်ဆက်ကာ ထွက်သွားပါသည်။

*



ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် ‘သခင်အောင်ဆန်း’နှင့်တကွ စစ်ကြိုခေတ် နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်များသည် ဥရောပတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန် ၁၉၃၉ ကပင် မြန်မာ့လွတ်လပ်ရေးကို ဗြိတိသျှနယ်ချဲ့သမားထံမှ လက်နက်ကိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ခေတ်မီ လက်နက်ကိုင်တပ်မတော် ဖြစ်မြောက်လာရေးအတွက် စစ်ပညာ လေ့ကျင့်သင်ကြားရေးနှင့် လက်နက်ခဲယမ်းရရှိရန် နိုင်ငံခြားအကူအညီကို ကြိုးစားရှာဖွေနေခိုက် ဂျပန်ပြည်၌ MILITARISM ‘စစ်မက်ဝါဒ’ လွှမ်းမိုးနေချိန်နှင့် တိုက်ဆိုင်ရာမှ မမျှော်လင့်ဘဲ ဂျပန်တို့နှင့် ဆက်သွယ်မိခဲ့ကြပါသည်။

တစ်နည်းအားဖြင့် သခင်အောင်ဆန်းအပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုသည် ထိုအချိန်က အခြားအကူအညီဆို၍ ဘာအဆက်အသွယ်မှ မရှိသဖြင့် ရွေးချယ်ခြင်းမပြုနိုင်ဘဲ ရရာအကူအညီဖြစ်သော ဂျပန်တို့နှင့်လက်တွဲကာ ခေတ်မီ လက်နက်ကိုင် တပ်မတော်ဖြစ်မြောက်ရေးကိုသာ အဓိကဦးတည်ချက်ထား၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြရပါသည်၊

စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့၏ စစ်မက်ဝါဒ၊ ဖက်ဆစ်စနစ်ကို လုံးဝ လက်ခံခြင်း မပြုလိုကြချေ။ သို့သော် လတ်တလော မိမိတို့တွင် အရေးတကြီး လိုအပ်နေသော ခေတ်မီစစ်ပညာသင်ကြားရေး၊ လက်နက်ခဲယမ်း ရရှိရေးအတွက် ဂျပန်တို့နှင့် ဟန်ဆောင်ပူးပေါင်းခဲ့ရလေရာ တစ်နေ့ကျလျှင် မလွဲမသွေ ဂျပန်တို့အား ပြန်လည် တော်လှန်ကြရမည်ဟုလည်း သိထားနှင့်ကြပါသည်။ ယင်းသို့ ဂျပန်နှင့် ပူးပေါင်းအကူအညီရယူပြီးမှ ဂျပန်ကို ပြန်တော်လှန်ခြင်းကို ကမ္ဘာ့အမြင်တွင် မည်သို့ရှိလိမ့်မည်ကိုလည်းကောင်း၊ အရှေ့အာရှတွင် ဂျပန်တို့ စစ်ရေးသာနေခိုက် ပူးပေါင်းပြီး ဂျပန်တွေ အရေးနိမ့်မှသာ ဂျပန်ကို တော်လှန် တိုက်ခိုက်ကြသည်ဟု ဝေဖန်ခံရမည်ကိုလည်းကောင်း၊ ရဲဘော်သုံးကျိပ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက စောစောကပင် ကြိုတင် တွက်ချက်မိပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဗြိတိသျှ သတင်းထောက်၏မေးခွန်းကို အကြောင်းအချက် ခိုင်လုံစွာဖြင့် ဖြေကြားနိုင်ရန် ဗိုလ်ချုပ်သည် ကောင်းစွာ ကြိုတင်ပြင်ဆင်ထားပါသည်။ ယင်းအချက်ကို ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖတ်ကြားရှင်းလင်းခဲ့သော စာတမ်းက ကောင်းစွာ ပေါ်လွင်ထင်ရှားစေပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



**"ဒီမယ် ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ဂျင်နရယ်လ် အောင်ဆန်းနဲ့ သူ့ရဲ့ တပ်မတော်ဟာ ခင်ဗျားတို့ဘက်က စစ်နိုင်နေလို့ နိုင်တဲ့ဘက်ကို ပြေးဝင်ပူးပေါင်းတာ မဟုတ်ဘူး"**

အင်္ဂလိပ်ဘာသာဖြင့် ဗိုလ်ချုပ် ရေးသားခဲ့သော ယင်းစာတမ်း၏ ခေါင်းစဉ်မှာ THE RESISTANCE MOVEMENT ဖြစ်ပြီး ၁၉၄၄ ခုနှစ်က ကျွန်တော်သည် 'ဖက်ဆစ် တော်လှန်ရေးသမိုင်း' အမည်ဖြင့် မြန်မာပြန်ခဲ့ရာ ရှမဝ မဂ္ဂဇင်းတိုက်မှ စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။

*

ဤနေရာတွင် စာဖတ်ပရိသတ်အနေဖြင့် သမိုင်းအချက်အလက်တစ်ခု သိထားရန် လိုမည်ထင်ပါသည်။ ယင်းကား ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်ပွားမီနှင့် စစ်အတွင်းကာလတွင် ဂျပန်တို့သည် သူတို့၏ 'စစ်မက်ဝါဒ'အရ အာရှတွင် ကျူးကျော်မှုများ ပြောင်ကျကျဖြင့် လုပ်ခဲ့သည်ဟူသော အချက်ပင် ဖြစ်သည်။

ထို့ကြောင့် ယနေ့ 'ထိုင်ဝမ်'ဟုခေါ်နေသော တရုတ်ပြည်ပိုင်ကျွန်းကို ဂျပန်တို့က ကျူးကျော်သိမ်းပိုက်ထားပြီး အမည်ကိုလည်း 'ဖော်မိုဆာ' FORMOSA ဟု ပြောင်းခေါ်ခဲ့သည်။ ထို့ပြင် ယနေ့ တရုတ်ပြည်ပိုင် 'ဟိုင်နန်' HAINAN ကျွန်းကိုလည်း ဂျပန်တို့က အပိုင်စီး သိမ်းပိုက်ထားခဲ့သည်။ ထိုကျွန်းနှစ်ကျွန်းလုံးတွင် ဂျပန် ဘုရင့်ရေတပ်မတော် အခြေစိုက်စခန်းများ ထားရှိခဲ့ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့အား စစ်ပညာ လေ့ကျင့်သင်ကြားပေးရေးကို ဂျပန် ကြည်းတပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ဒုတိယ ကမ္ဘာစစ်ကြီး အာရှတိုက်တွင် စတင် မဖြစ်ပွားမီက အထူးလျှို့ဝှက်စွာ ပြုလုပ်ရလေသည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်ဝင်လောင်းများအား ဂျပန် ရေတပ်မတော် ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်စေလျက် ရေတပ်အခြေစိုက်စခန်းများရှိရာတွင် လျှို့ဝှက်စွာ စစ်သင်တန်းများ ပေးခဲ့ပါသည်။

ဂျပန်တို့က လျှို့ဝှက် စစ်ပညာသင်တန်းများ ပေးခဲ့သည့်နေရာမှာ စောစောပိုင်းက ဖော်မိုဆာ (ယခု တရုတ်တိုင်ပေ)ကျွန်း ဖြစ်ပါသည်။



'ရဲဘော်သုံးကျိပ်'ဟူ၍ ယေဘုယျသဘော ခေါ်ကြသော်လည်း စင်စစ်အားဖြင့် တကယ်တမ်း စစ်ပညာ လေ့လာသင်ကြားခဲ့သူ ဦးရေမှာ ၂၇ ဦးသာ ဖြစ်ပါသည်။ မူလ လူအရေအတွက်က ၃၀ ရှိသည်မှာ မှန်၏။ သို့သော် သခင်အောင်ဆန်းတို့နှင့် အယူအဆချင်းမတူသဖြင့် စစ်သင်တန်းမတက်ဘဲနေခဲ့သူ မြန်မာနှစ်ဦးကို ချန်လှပ်သော် ၂၈ ယောက် ကျန်ပါသည်၊ တစ်ဖန် ယင်း ၂၈ ယောက်အနက် သခင်ထွန်းအုပ် (ယခု ကွယ်လွန်)သည် စစ်သင်တန်းလုံးဝမတက်ဘဲ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိုသာ လေ့လာနေသဖြင့် အမှန်တကယ် စစ်သင်တန်းတက်ပြီး စစ်ပညာ လေ့လာခဲ့သူမှာ ၂၇ ဦးသာ ဖြစ်ပါသည်။

မြန်မာလူငယ်အားလုံးမှာ လျှို့ဝှက်စွာ စစ်ပညာ စတင် လေ့လာသင်ကြားနေချိန်ကပင် ဂျပန်တို့၏ စီးပိုးတင်းမာစွာ ဆက်ဆံမှု၊ ဖောက်ပြန်သော အတွေးအခေါ် အပြုအမူများကြောင့် ဂျပန်တွေအပေါ် စက်ဆုတ်မုန်းတီးကာ ဂျပန် ဆန့်ကျင်ရေးစိတ်တွေ ပြင်းထန်လျက်ရှိနေပြီလည်း ဖြစ်သည်။

ဖော်မိုဆာ (ထိုင်ဝမ်)ကျွန်း၌ရှိစဉ် တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိစ္စတစ်ခုဖြင့် တိုကျိုမြို့တော်သို့ ခေတ္တ သွားရောက်ခဲ့ရပါသည်။ ထိုအချိန်၌ သူနှင့် အယူအဆချင်းမတူသူ နှစ်ဦးအနက် တစ်ဦး၏ကိုယ်ရေးကိုယ်တာ အကြောင်းများကြောင့် မြန်မာလူငယ်များအား သွေးထိုး လှုံ့ဆော်ပေးသဖြင့် မြန်မာလူငယ် ရဲဘော်များသည် ချက်ချင်းပင် ဂျပန်အား တော်လှန်ပုန်ကန်ရန် ကြံစည်ခဲ့ကြပါသည်။

ကံအားလျော်စွာ မြန်မာလူငယ်တွေ ကာယကံမြောက် တော်လှန်ပုန်ကန်ခြင်းမပြုသေးမီ ပြန်ရောက်လာရာ ယင်းသို့ မိုက်ရူးရဲ အကြံအစည် အပြုအမူမျိုးသည် မည်သို့မှ အကျိုးမရှိနိုင်ရုံမက မိမိတို့လူအားလုံး မလွဲမသွေ အသက်ဆုံးရှုံးပြီး မူလ ရည်မှန်းချက်ဖြစ်သော ခေတ်မီ လက်နက်ကိုင်တပ်မတော် ဖြစ်မြောက်ရေးလည်း အကောင်အထည် ပေါ်လာတော့မည်မဟုတ်ကြောင်း အားလုံးနားလည်အောင် ရှင်းလင်းပြောကြားခြင်းဖြင့် ထိုအချိန်က ဂျပန်တော်လှန်ရေးကို အချိန်မီ တားဆီးနိုင်ခဲ့ပါသည်။

ဤကား ယနေ့ ပြည်သူ့တပ်မတော်ဖြစ်နေသော မြန်မာ့တပ်မတော်၏ မူလအမြုတေဟု ဆိုနိုင်သည့် 'ရဲဘော်သုံးကျိပ်'တို့ ပထမဆုံးအကြိမ် ဂျပန်အား တော်လှန်တိုက်ခိုက်ရန် ကြံစည်ခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖော်မိုဆာ (ထိုင်ဝမ်)ကျွန်းတွင် ဂျပန်အား တော်လှန်ပုန်ကန်ရန် ကြံစည်ခြင်းကို ရဲဘော်သုံးကျိပ်၏ ခေါင်းဆောင် ဗိုလ်ချုပ်က မလုပ်ဖြစ်အောင် အကျိုးအကြောင်း ရှင်းလင်းပြောပြပြီး တားဆီးခဲ့ခြင်းမှာ သူ၏ အမြော်အမြင် ကြီးမားမှု၊ အထူးသဖြင့် စစ်ခေါင်းဆောင်အဖြစ် သေနင်္ဂဗျူဟာနည်းပညာ ထက်မြက်မှန်ကန်ကြောင်းကို ထင်ရှားစေသည့် သာဓကပင် ဖြစ်ပါသည်။

ဒုတိယအကြိမ် ဖက်ဆစ်တော်လှန်ရေးလုပ်ရန် ကြံစည်ခဲ့ခြင်းကား ၁၉၄၂ ခုနှစ်၊ 'ဘီအိုင်အေခေတ်' ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ်တို့ ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဂျပန်ဘုရင့်တပ်မတော် IMPERIAL ARMY တပ်များနှင့်အတူ မြန်မာနိုင်ငံသို့ ချီတက်ဝင်ရောက်ခါစ (ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်နေချိန်)က ဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ်ဝင် ဗမာ့လွတ်လပ်ရေး တပ်မတော် အရာရှိများသည် ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်ပြင်းထန်နေကြသည်မှန်သော်လည်း သူတို့အား စစ်ပညာ လေ့ကျင့်သင်ကြားပေးခဲ့သော 'မီနာမီ ကီကန်' အဖွဲ့မှ ခေါင်းဆောင် ဗိုလ်မှူးကြီး ဆူဇူကီး (ဗိုလ်မိုးကြိုး)နှင့် ဂျပန်နည်းပြဆရာများကိုမူ မုန်းတီးခြင်း လုံးဝမရှိသည့်ပြင် ခင်မင်သံယောဇဉ်ဖြစ်နေမိကြပါသည်။

သို့ရာတွင် ၁၉၄၂ ခု၊ နှစ်ဦးပိုင်းကစ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သော ဂျပန်ဘုရင့်တပ်မတော်မှ စစ်သားများ (အထူးသဖြင့်) ဂျပန်စစ်ဖက်ထောက်လှမ်းရေး (ကင်ပေတိုင်)အဖွဲ့ဝင်များသည် မြန်မာများအပေါ် ဆက်ဆံရာ၌ အလွန်စက်ဆုတ် မုန်းတီးဖွယ်ကောင်းနေပါသည်။ ခိုင်လုံသော အကြောင်း တစ်စုံတစ်ရာမရှိဘဲ 'တရားခံ'ဟု သတ်မှတ်ကာ ဖမ်းဆီးချုပ်နှောင်ထားပြီး အလွန် ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်ညှဉ်းပန်း၍ စစ်ဆေးမေးမြန်းလေ့ရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် TORTURE ခေါ် နှိပ်စက်နည်းမျိုးစုံဖြင့် နှိပ်စက်ကြသည်။ အချို့ မြန်မာလူမျိုးများဆိုလျှင် ဂျပန်(ကင်ပေတိုင်)က ဖမ်းဆီး နှိပ်စက် စစ်မေးရင်း အသက်ဆုံးရှုံးခဲ့ရသည်။

(၁၉၄၂ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေး စတင်ခါစ ဗိုလ်ချုပ်အောင်ဆန်း၏ မော်တော်ကားမောင်းသူ ယာဉ်မောင်း ရဲဘော် ညွန့်မောင်၊ စစ်ဝန်ကြီးရုံးမှ စစ်ရဲ(တပ်ထိန်း) အဖွဲ့မှူး ဗိုလ်မှူးလှမိုးတို့ဆိုလျှင် ဂျပန်စစ်ထောက်လှမ်းရေးက ဖမ်းဆီးပြီး ဗိုလ်ချုပ်၏ လျှို့ဝှက်ဌာနချုပ် စခန်းနေရာကို စစ်မေးရာ ဖွင့်မပြောသဖြင့် အသတ်ခံခဲ့ရပါသည်။)



ထိုစဉ်က ဂျပန်စစ်တပ်၏ အပြုအမူမှာ ဂျာမနီမှ နာဇီအာဏာရှင် ဟစ်တလာ၏ ရက်စက်ကြမ်းကြုတ်နည်းများကဲ့သို့ပင် အလွန် စက်ဆုတ်ရွံရှာဖွယ်ကောင်းသော 'ဖက်ဆစ်'နည်းများအတိုင်း ဖြစ်နေသဖြင့် ဂျပန်အကူအညီဖြင့် ဗြိတိသျှထံမှ လွတ်လပ်ရေးရတော့မည်ဟု စောစောပိုင်း မျှော်လင့်မိသူ မြန်မာပြည်လူထုသည် ဂျပန်တို့အပေါ် မုန်းတီးစက်ဆုတ်ကြတော့သည်။

အဆိုပါ 'ဘီအိုင်အေ'ခေတ် ၁၉၄၂ တွင် ဂျပန်စစ်ထောက်လှမ်းရေး မည်မျှ အတင့်ရဲလာသနည်းဆိုလျှင် ဗမာ့လွတ်လပ်ရေး တပ်မတော်ခေါင်းဆောင် ရဲဘော်သုံးကျိပ်ဝင် အရာရှိများကိုပင် ရန်လုပ်စပြုလာပါသည်။ ဥပမာ- ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဦးစီးအရာရှိချုပ် ဗိုလ်မှူးကြီး ဇေယျ၊ လက်ထောက်တပ်မှူး ဗိုလ်မှူးကြီး လကျ်ာတို့အပြင် ဗိုလ်လကျ်ာ၏ လက်ထောက်အရာရှိ ဗိုလ်ဗတင်တို့ကို ဂျပန် စစ်ထောက်လှမ်းရေးက ဖမ်းဆီး ချုပ်နှောင်သည်အထိ အခြေအနေ ဆိုးလာခဲ့ပါသည်။ အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဂျပန်ဘုရင့်တပ်မတော် စစ်ဦးစီးဌာနချုပ်ထံ အပြင်းအထန် ကန့်ကွက်အရေးဆိုလိုက်တော့မှသာ ဗိုလ်ဇေယျနှင့် ဗိုလ်လကျ်ာတို့ လွတ်မြောက်လာပါတော့သည်။

**"ခင်များတို့မနိုင်ဘဲ ရှုံးနေရင်လည်း ကျုပ်တို့တပ်က ဂျပန်ကို မလွှဲမသွေ တော်လှန်မှာပဲ၊ တော်လှန်တိုက်ခိုက်ဖို့လည်း အခိုင်အမာ ဆုံးဖြတ်ထားပြီး ဖြစ်တယ်"**

ဤတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ခေါင်းဆောင်များဖြစ်သူ ရဲဘော်သုံးကျိပ်နှင့်တကွ မြန်မာနိုင်ငံရေးသမား လူငယ်ခေါင်းဆောင်များထဲမှ ဖက်ဆစ်ဝါဒကို ဆန့်ကျင်စိတ်ရှိသူအချို့သည် ဂျပန်တို့အား ပြန်လည်တော်လှန် တိုက်ခိုက်ရန် လျှို့ဝှက်စွာ ကြံစည်ခဲ့ကြပါသည်။

**"ခင်ဗျားက အခု မတ်လ ၂၇ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်က ဂျပန်တော်လှန်ရေး စတင်ခဲ့တာပဲ သိတယ်၊ အမှန်တော့ ကျုပ်တို့ တပ်မတော်ကို စတင်တည်ထောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ၁၉၄၂ ခုနှစ်က ဂျပန်ပြည်မှာ စစ်ပညာ လျှို့ဝှက်သင်ကြား လေ့ကျင့်နေစဉ်က တစ်ကြိမ်၊ နောက် ၁၉၄၂ ခုနှစ်က ဂျပန်တပ်နဲ့အတူ ဗမာပြည်ထဲ ဝင်လာချိန်က တစ်ကြိမ်၊ နှစ်ကြိမ်တိတိ ဂျပန်ကိုတော်လှန်ဖို့ ကြံစည်ခဲ့ဖူးတယ်"**

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မြန်မာနိုင်ငံရေးသမားများနှင့် ပြည်သူလူထုအား ဂျပန်ဆန့်ကျင်ရေး စည်းရုံးမှုကို ထိရောက်စွာ မလုပ်နိုင်ဘဲ မြန်မာနိုင်ငံရေးနယ်ပယ်၌ သဘောထားကွဲလွဲမှုတွေ ရှိနေသည်ကို ဗိုလ်ချုပ်အောင်ဆန်းသည် သိမြင်ကာ စိတ်ပျက်မိခဲ့ပါသည်။ တစ်နည်းအားဖြင့် ၁၉၄၂ ခုနှစ်က အခြေအနေမှာ 'ဖက်ဆစ်တော်လှန်ရေး'ကို ထိရောက်အောင်မြင်စွာ လက်တွေ့ အကောင်အထည် မဖော်နိုင်သေးဟုလည်း ဆင်ခြင်သုံးသပ်မိသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားပြီး ၂၉-၈-၄၅ နေ့က ရန်ကုန်မြို့တော်ခန်းမတွင် ဖတ်ကြားရှင်းလင်းခဲ့သော 'ဖက်ဆစ်တော်လှန်ရေး' စာတမ်းတွင်–

ထိုအချိန် (ဘီအိုင်အေခေတ်)က အရေးပါဆုံး မြန်မာနိုင်ငံရေးခေါင်းဆောင်အားလုံးလိုလိုမှာ အကျဉ်းထောင်များထဲ ရောက်နေကြပြီး ကျန်နိုင်ငံရေးသမားများကလည်း သူတို့၏ အရင်းရှင်ပေါက်စ လူတန်းစားစရိုက်အရ တွေဝေငေးငိုင်လျက်ပင် ရှိနေကြလေသည်ဟု ဝေဖန်သုံးသပ် ရေးသားထားပါသည်။

ဗြိတိသျှအစိုးရ မြန်မာပြည်မှ မဆုတ်ခွာမီ ဖမ်းဆီးအကျဉ်းချထားခြင်းခံခဲ့ရသူ တို့ဗမာအစည်းအရုံးဝင် သခင်များသည် ဗိုလ်ချုပ်တို့၏ ဂျပန်များအပေါ် သဘောထားနှင့် ဂျပန်တို့အား ဆက်ဆံရေးနှင့်ပတ်သက်၍ အချင်းချင်း သဘောကွဲလွဲနေကြကြောင်း သတင်းကိုလည်း ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး မကြာမီ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြားသိရခဲ့ပါသည်။ ဘီအိုင်အေ တပ်မတော်ခေါင်းဆောင်ပိုင်းကတော့ အမြန်ဆုံး ဂျပန်ကိုတော်လှန်ရန် ဆန္ဒစောကာ ကြိုးစား ကြံစည်ကြပါသေးသည်။ သို့သော် ကျယ်ပြန့်စွာ စည်းရုံးမှုမရှိသေးခြင်း၊ ကြိုတင်ပြင်ဆင်မှုဆို၍လည်း ပြောပလောက်အောင် မလုပ်ရသေးခြင်းတို့ကြောင့် တကယ်တမ်း ထိရောက်အောင်မြင်မည့် 'ဖက်ဆစ်တော်လှန်ရေး' စတင်ရန် အချိန်ကာလနှင့် အခြေအနေမဟုတ်သေးဟု ဗိုလ်ချုပ်က စစ်ရေးမဟာဗျူဟာ ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ဤကား၊ ရဲဘော်သုံးကျိပ်တို့အနေဖြင့် ဂျပန်အား ပြန်၍ တော်လှန်တိုက်ခိုက်ရန် ဒုတိယအကြိမ် ကြံစည်ခဲ့ခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ စစ်မှုရေးရာ ကျွမ်းကျင်သူဖြစ်သည့်အားလျော်စွာ မိမိ၏ ရဲဘော်လူငယ်တွေ အလဟဿ အသက်ဆုံးရှုံးရမည့်လုပ်ရပ်မျိုး မလုပ်သင့်သေးဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်၊

*



ဂျပန်ဘုရင့်တပ်မတော်မှ စစ်အာဏာပိုင်တို့သည် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော 'ဗမာ့လွတ်လပ်ရေးတပ်မတော်' BURMA INDEPENDENCE ARMY ၏ အမည်ကိုလည်းကောင်း၊ ဘီအိုင်အေ တပ်မတော်သည် ရန်ကုန်မြို့သိမ်းပိုက်ပြီးနောက်ပိုင်း လျင်မြန်စွာ စစ်သည်အင်အား တိုးတက်လာသည်ကိုလည်းကောင်း၊ သဘောမကျရုံမက စိတ်မချသလို သံသယများလည်း ဖြစ်ခဲ့ပါသည်။

ထို့ကြောင့်ပင် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် 'ဘီအိုင်အေ' တပ်မတော်ကို ဖျက်သိမ်းပြီး 'ဘီဒီအေ'ခေါ် ဗမာ့ကာကွယ်ရေး တပ်မတော် (BURMA DEFENCE ARMY) ကို စစ်သည်အင်အား တပ်ရင်းသုံးရင်းဖြင့်သာ ပြန်လည်ဖွဲ့စည်းလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ကာနယ် (ဗိုလ်ကြီး)ရာထူးအဆင့်ဖြင့်သာ ဘီဒီအေကို ကွပ်ကဲစေခဲ့သည်။

သို့ရာတွင် ဂျပန်ပြည် တိုကျိုမြို့ရှိ ထိပ်သီး ဂျပန်စစ်အာဏာပိုင်တို့က မြန်မာနိုင်ငံအား ၁-၈-၄၃ နေ့တွင် 'လွတ်လပ်ရေး' ပေးပါတော့မည်ဟု ကြေညာခဲ့ရာ ဂျပန်ပေးမည့် 'လွတ်လပ်ရေး'က တကယ့် အစစ်မဟုတ်ဘဲ 'အတု'သာဖြစ်မည်ဟု မြန်မာခေါင်းဆောင်များအနေဖြင့် စိတ်ထဲမှ ကြိုတင်သိနေကြသည်။

သို့နှင့်ပင် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က မြန်မာနိုင်ငံအား 'လွတ်လပ်ရေး'ပေးပါပြီဟု ကြေညာလိုက်ရာ အုပ်ချုပ်ရေးအပိုင်းကို ဒေါက်တာဘမော်အား နိုင်ငံအကြီးအကဲ (အဓိပတိ)အဖြစ် ခန့်အပ်လိုက်သည်။ အမှန်တော့ အဓိပတိ ဒေါက်တာဘမော်ကို ဂျပန်စစ်ဘက်ကပင် အကြံပေးအဖွဲ့အဖြစ် ကူညီသုယောင်နှင့် သူတို့လိုချင်သလို ကြိုးစားခဲ့ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့အပေါ် သံယောဇဉ်ကြီးခဲ့သူ 'မိနာမိကီကန်' အဖွဲ့အကြီးအကဲ 'ဗိုလ်မိုးကြိုး (ခေါ်) ဗိုလ်မှူးကြီး ဆူဇူကီး' ကိုလည်း မြန်မာနိုင်ငံတွင် ဆက်မထားတော့။ ၁၉၄၂ ခုနှစ်ကပင် ဂျပန်ပြည်သို့ ပို့လိုက်ပြီ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကိုမူ ဗိုလ်မှူးကြီးမှ မေဂျာဂျင်နရယ်လ် (ဗိုလ်ချုပ်) ရာထူးအဆင့်သို့ တိုးမြှင့်ပေးကာ ဗမာ့တပ်မတော်၏ သေနာပတိနှင့် ဝန်ကြီးအဖွဲ့တွင် 'စစ်ဝန်ကြီး' ရာထူးပါပေးခဲ့ပါသည်။

စစ်ဝန်ကြီးရုံးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းတွင် ဖွဲ့စည်းလိုက်ပြီးသော အခါ ဗိုလ်ချုပ်သည် မြန်မာပြည်သူတစ်ရပ်လုံး ပါဝင်လျက် ဖက်ဆစ်ဂျပန်အား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဲနက် တော်လှန်ပုန်ကန်ရန် အခွင့်အရေးရပေပြီဟု အားတက်လာကာ ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။

ဗမာ့တပ်မတော်၏ စစ်သည်အင်အားနှင့် တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ရန်အတွက် (ရန်သူအင်္ဂလိပ်ကို တိုက်ရန်ဟု ဂျပန်တို့အားပြောကာ) ကြိုးစားဆောင်ရွက်လေတော့သည်။

ထိုအတောအတွင်း အိန္ဒိယပြည်ရောက်နေသူ ဗိုလ်ချုပ်တို့၏ လုပ်ဖော်ကိုင်ဘက် ရဲဘော် ကိုသိန်းဖေ (ဦးသိန်းဖေမြင့်၊ ကွယ်လွန်)နှင့် လျှို့ဝှက်ဆက်သွယ်ရရုံမက အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု ဌာနချုပ်နှင့် နားလည်မှုရရှိခဲ့ပါသည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်မှ ၇ ရက်အတွင်း ပဲခူးမြို့ရှိ မြန်မာ့တပ်မတော် စံပြတပ်ရင်းတွင် တပ်မတော် ခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များ လျှို့ဝှက်စည်းဝေးကာ ဗိုလ်ချုပ် တင်ပြသော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' ဖွဲ့စည်းရန် အဆိုပြုချက်ကို အားလုံးက လက်ခံ အံတည်ပြုလိုက်ကြသည်။ တစ်နည်းအားဖြင့် ဖက်ဆစ်တော်လှန်ရေးအတွက် စနစ်တကျ ဆုံးဖြတ် အကောင်အထည်ဖော်လိုက်သည့် ခြေလှမ်းပင် ဖြစ်ပါသည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ နောက်ပိုင်းတွင် ဗိုလ်ချုပ်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပို၍ လျင်မြန်သွက်လက်စွာ ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဓိကအင်အားအဖြစ် နိုင်မာစွာ ရည်ရွယ်ချက်ထားသူပီပီ တိုင်းရင်းသားလူမျိုးစုလူငယ်များကိုလည်း စည်းရုံးသိမ်းသွင်းလျက် တပ်မတော်တပ်ရင်း တပ်ဖွဲ့အသီးသီးသို့ ဝင်ရောက် အမှုထမ်းစေခဲ့ပါသည်။

ယင်းသို့ အပူတပြင်း ပြင်ဆင်ရန်လည်း အိန္ဒိယ မြန်မာနယ်စပ် စစ်ရေးအခြေအနေအရ အထူးလိုအပ်လာပြီ ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးကဲစွာသော စည်းလုံးမှုဖြင့် ပြည်သူတစ်ရပ်လုံး 'လည်းနေလှေအောင်း မြင်းဇောင်းမကျန်' ပါဝင်ဆင်နွှဲ အောင်ပွဲခံနိုင်ခဲ့သည့် 'ဖက်ဆစ်တော်လှန်ရေးကြီး'သည် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တစ်ခဲနက် အကောင်အထည်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။



ဒါပေမဲ့ အကြောင်းမျိုးမျိုးကြောင့် အဲဒီနှစ်ကြိမ်လုံး မဖြစ်မြောက်ခဲ့ဘူး၊ ၁၉၄၅ ခုနှစ်၊ မတ်လကျမှပဲ စည်းကမ်းစနစ်တကျ တော်လှန်နိုင်ခဲ့တယ်၊ ဒီအကြောင်းတွေပြောရရင် အရှည်ကြီးပဲ၊ ခင်ဗျား သိချင်ရင် ဩဂုတ်လ ၂၉ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမကို လာခဲ့၊ အဲဒီမှာ ဂျင်နရယ်လ် အောင်ဆန်းက သူ့ရဲ့ ဂျပန်တော်လှန်ရေးအကြောင်း အသေးစိတ် အင်္ဂလိပ်ဘာသာနဲ့ ရှင်းပြလိမ့်မယ်။

တက္ကသိုလ်နေဝင်း

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်မှအရိပ်များ
## သို့မဟုတ်
## ဗိုလ်တေဇနှင့် ဗိုလ်မိုးကြိုး

'မြန်မာတို့နောင်အစဉ်
တကယ်နိုင်မည်…။
အောင်ပင်လယ်မှာတော့
ရေညှိရှောက်နဲ့ပေပြီ။
ဆောင်ပလ္လင် ကွယ်ပြီးတော့
ရွှေဗဟို ပျောက်ခဲ့လေသည်။
ရေစီးတစ်ခါ ရေသာတစ်လှည့်မို့
အားမလျှော့နဲ့ ညီ။
ကိန်းရယ် ခမ်းရယ်
ဆန်းကျယ်ပါဘိ
စကြာသိုက်တဘောင်
စာဆိုပြောင်ပေသည်'

*

'အင်းကို ဟသ်ာဆင်းမည်
ဆင်းရင်လေးနဲ့ ခွင်းမည်
ထိုမုဆိုးကို ထီးရိုးရိုက်မည်
ထီးရိုးကို မိုးကြိုးပစ်မတဲ့
စာရှိပါသည်…။



ထောင့်သုံးရာတစ်ခုကစ၍
ရတနာဆိုတာ
လိုရာရနိုင်မည်…'

ဤကား ၁၃၀၀ ပြည့် အရေးတော်ပုံ ၁၉၃၈-၃၉ အတွင်းက အဆိုတော် ရုပ်ရှင်မင်းသား ခင်မောင်ရင် သီဆိုဓာတ်ပြားသွင်းခဲ့သော 'စကြာသိုက်'သီချင်းမှ တစိတ်တဒေသ ဖြစ်ပါသည်။

ဆောင်းအကုန် နွေအကူး ကြည်နူးသာယာဖွယ် ရတုမာသ အထူးသဖြင့် နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ ကျရောက်နေသည့် အခါသမယတွင် အထက်ဖော်ပြပါ 'စကြာသိုက်'သီချင်းကို အထူးပင် သတိရ တမ်းရမိပါသည်။

အကြောင်းမူကား အဆိုပါ 'စကြာသိုက်'သီချင်းသည် ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်းက ထွက်ပေါ်ခဲ့သော်လည်း နောက်သုံးနှစ်ခန့်အကြာ ၁၉၄၁၊ ဒီဇင်ဘာလကုန်နှင့် ၁၉၄၂ ခု၊ နှစ်ဆန်းကာလတွင် တပ်မတော်နှင့် ဆက်စပ် ပတ်သက်လာခဲ့သောကြောင့်ပင်တည်း။

ထိုသီချင်းကို ယခုနှစ် ၇၅ နှစ်မြောက် စိန်ရတုသဘင် ကျင်းပတော့မည့် ပဲခူးမြို့ 'နေရှင်နယ်ကျောင်း'ခေါ် အမျိုးသား အထက်တန်းကျောင်းမှ ဆရာဦးသက်တင်သည် ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်းက မြန်မာလူငယ်များ မျိုးချစ်စိတ်ဓာတ် နိုးကြားတက်ကြွပြီး လွတ်လပ်သော ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံဖြစ်လာအောင် ရယူလိုစိတ် နှိုးဆွပေးသည့်အနေဖြင့် ရှေးကရှိခဲ့သည့် 'စကြာသိုက်'တဘောင်ကို အခြေပြုကာ သီချင်းရေးဖွဲ့ သီကုံးခဲ့ပါသည်။

သီချင်းအမည်ကိုလည်း 'စကြာသိုက်'ဟုပင် ပေးကာ အဆိုကျော် ရုပ်ရှင်မင်းသား ခင်မောင်ရင် သီဆိုလျက် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ဓာတ်ပြားသွင်း ဖြန့်ချိခဲ့ရာ တစ်နိုင်ငံလုံး ပျံ့နှံ့ကျော်ကြားသွားခဲ့ပါသည်။

အသံကောင်း အဆိုပိုင်သူ မင်းသားခင်မောင်ရင် အထူးလိုက်လျောညီစွာ သီဆိုထားပုံက ဆွဲဆောင်မှု အလွန်ကောင်းသဖြင့် များမကြာမီ ဗြိတိသျှနယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝမှ ငါတို့ လွတ်မြောက်ကြတော့အံ့ဟု အားတက်လာခဲ့ကြတော့သည်။ ထို့ကြောင့် ယင်း 'စကြာသိုက်'သီချင်းကို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အထောက်အကူပြု တေးတစ်ပုဒ်အဖြစ် သမိုင်းတွင် မှတ်တမ်းတင်ထားသင့်ကြောင်း ဂီတလောကမှ ခေါင်းဆောင်ပိုင်းက ပြောဆိုရေးသား အကြံပြုခဲ့ကြပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ပြည်သူ့တပ်မတော်ဖြစ်လာသော ဗမာ့တပ်မတော်၏ မူလ ပထမ အမြုတေဖြစ်ခဲ့သည့် 'ရဲဘော်သုံးကျိပ်'ကို သခင်အောင်ဆန်း ခေါင်းဆောင်လျက် 'မီနာမိကီကန်'ခေါ် ဂျပန်စစ်ထောက်လှမ်းရေးအဖွဲ့၏ အကူအညီဖြင့် ၁၉၄၁ ခုနှစ်က ဟိုင်နန်ကျွန်းတွင် လျှို့ဝှက်စွာ စစ်ပညာ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

(ဟိုင်နန်ကျွန်းသည် ယနေ့ တရုတ်ပြည်ပိုင် ကျွန်းတစ်ကျွန်းဖြစ်သလို မူလကလည်း တရုတ်ပြည်ပိုင် ဖြစ်ခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျပန်ပြည်တွင် အာဏာရအစိုးရ၏ စစ်မက်ဝါဒ MILITARISM အရ ဟိုင်နန်ကျွန်းနှင့်တကွ ယနေ့ 'ထိုင်ဝမ်'ဟုခေါ်သော ကျွန်းကိုပါ ဂျပန်တို့က ကျူးကျော်သိမ်းပိုက်ထားခဲ့သည်။ ထိုင်ဝမ်ကိုလည်း 'ဖော်မိုဆာ'ဟု အမည်ပြောင်းခဲ့သည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်အား လျှို့ဝှက်စွာ စစ်ပညာ လေ့ကျင်သင်ကြားပေးစဉ်က 'ဟိုင်နန်'သည် ဂျပန်တို့လက်ဝယ်ရောက်နေပြီး ဂျပန် ဘုရင့်ရေတပ်မတော်အခြေစိုက်စခန်းတစ်ခု ဖြစ်ခဲ့သည်။)

သခင်အောင်ဆန်း အမှူးပြုသော ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်း၌ လျှို့ဝှက်စွာ စစ်ပညာ လေ့ကျင့်သင်ကြားပြီးနောက် စစ်သင်တန်း ပြီးဆုံးသွားသဖြင့် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာကြသည်။ သူတို့အား စစ်ပညာသင်ကြားပေးခဲ့သော 'မီနာမိကီကန်' အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ဆူဇူကီးနှင့်တကွ ဂျပန်နည်းပြဆရာများလည်း လိုက်ပါလာခဲ့သည်။

အစီအစဉ်ကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မြန်မာနိုင်ငံမှ ဗြိတိသျှ နယ်ချဲ့တပ်များအား တိုက်ခိုက်မောင်းထုတ်ရန်အတွက် 'ဗမာ့လွတ်လပ်ရေး တပ်မတော်' BURMA INDEPENDENCE ARMY (BIA) အမည်ဖြင့် လက်နက်ကိုင်တပ်မတော် စတင်ဖွဲ့စည်း တည်ထောင်ရန်ပင် ဖြစ်သည်။

ယင်းအစီအစဉ်အတိုင်း ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့တွင် အခြေစိုက်နေထိုင်သူ မြန်မာလူမျိုး မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သော ဦးလွန်းဖေ၏နေအိမ်၌ ထိုင်းနိုင်ငံရှိ မြန်မာအမျိုးသား ကျန်းမာသန်စွမ်းသူများ စုစည်းလျက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို စတင် တည်ထောင်လိုက်ကြတော့သည်၊ ထိုစဉ်က ရဲဘော်သုံးကျိပ်တို့ လက်မောင်းသွေးဖောက်သောက်၍ လွတ်လပ်ရေးအတွက် သစ္စာဆိုခဲ့ကြခြင်းသည်သည်း တပ်မတော်သမိုင်းတွင် မော်ကွန်းတင်ထားရမည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။

*



ထိုအချိန်၌ အရှေ့အာရှတွင် စစ်မက်အင်အား အကြီးဆုံးဖြစ်သော ဂျပန်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုထားလိုက်ပြီးဖြစ်ရာ ထိုင်းနိုင်ငံက ဂျပန်စစ်လေယာဉ်များ ကြည်းတပ် တပ်ရင်း၊ တပ်မဟာ၊ တပ်မများ ဝင်ရောက်အခြေစိုက်သည်ကို လက်ခံခွင့်ပြုနေရပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ထိုင်းနိုင်ငံမှတစ်ဆင့် ဂျပန်စစ်လေယာဉ်များက ၁၉၄၁ ခု၊ ဒီဇင်ဘာလအတွင်းက ရန်ကုန်မြို့သို့ နှစ်ကြိမ်တိုင်တိုင် လေကြောင်းမှ လာရောက်တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ ဂျပန်ကြည်းတပ်များကလည်း မလေးရှား၊ စင်္ကာပူနှင့် မြန်မာနိုင်ငံများသို့ ကျူးကျော်ဝင်ရောက်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။

ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်တို့ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းတည်ထောင်လိုက်ချိန်၌ ရန်ကုန်မြို့ ဗြိတိသျှဘုရင်ခံနှင့် အစိုးရအဖွဲ့တို့သည် ဗြိတိသျှ အမှတ် ၁၇ တပ်မကြီး၏ အကာအကွယ်ယူလျက် ဣန္ဒြေမပျက်ရှိနေသေးရာ ထိုင်းနိုင်ငံမှ ရဲဘော်သုံးကျိပ်တို့၏ လှုပ်ရှားမှုများကို ဗြိတိသျှ သူလျှိုမှတစ်ဆင့် ရန်ကုန်သို့ ပေါက်ကြားရောက်ရှိသွားမည်ကိုလည်း စိုးရိမ်နေရဆဲပင် ဖြစ်သည်။

ထို့ကြောင့် ရဲဘော်သုံးကျိပ်တို့သည် မိမိတို့ တပ်မတော် မြန်မာနိုင်ငံသို့ ချီတက်ဝင်ရောက်လာရာတွင် မူလ နာမည်ရင်းများမသုံးဘဲ နာမည်ဝှက်များ အသီးသီးယူရန် ဆုံးဖြတ်လိုက်ကြသည်။

ဤနေရာတွင် ရဲဘော်သုံးကျိပ်တို့ နာမည်ဝှက်များ ယူကြပုံသည် စိတ်ဝင်စားဖွယ်ကောင်းကြောင်း တင်ပြလိုပါသည်။

ရဲဘော်သုံးကျိပ်တို့၏ခေါင်းဆောင် သခင်အောင်ဆန်းက 'ဗိုလ်တေဇ' ဟူသော နာမည်ဝှက်ကို ယူလိုက်ရာ သူကဲ့သို့ပင် ရန်ကုန်တက္ကသိုလ် သမဂ္ဂမှ တစ်ဆင့် လာကြသူ ကိုလှမောင်က 'ဗိုလ်ဇေယျ'အမည်ကို ယူလိုက်ပါသည်။ ရန်ကုန်မြို့မှ L. M. P ဆေးပညာ ဒီပလိုမာဘွဲ့ သင်ကြားပေးသည့် ဆေးကျောင်းသားဟောင်း သခင်အောင်သန်းသည် သူ့ကိုယ်သူ 'ဗိုလ်စကြာ'ဟူသော အမည်ဝှက် ယူလိုက်သည်။ ဤတွင် ကျောင်းသား သပိတ်ခေါင်းဆောင်ဟောင်း သခင်လှဖေ (ကာလကတ္တား)ကလည်း 'ဗိုလ်လကျာ'နာမည်ဝှက်ကို ယူလိုက်သည်။

အောင်လံမြို့နယ်သား ဇာတိ ရန်ကုန်တက္ကသိုလ်သမဂ္ဂ အတွင်းရေးမှူးဟောင်း ကိုထွန်းရှိန်သည် 'ဗိုလ်ရန်နိုင်'အမည်ဝှက်ကို ယူလိုက်ပြီး၊ သခင်

www.burmeseclassic.com



အောင်ဆန်းနှင့်အတူ ၁၉၄၀ ခုနှစ်က ပြည်ပသို့ ကြိုတင် ထွက်သွားခဲ့သူ ရေနံမြေ အလုပ်သမားခေါင်းဆောင် သခင်လှမြိုင်ကလည်း 'ဗိုလ်ရန်အောင်' ဟူ၍ အမည်ဝှက် ယူလိုက်သည်။

| | | |
|---|---|---|
| တေဇ | - | ဇေယျ |
| စုကြာ | - | လကျာ |
| ရန်နိုင် | - | ရန်အောင် |
| စောအောင် | - | ဈောနောင် |

စသည်ဖြင့် ကဗျာဆန်ဆန် ကာရံညီသည့်အမည်များ ဖြစ်နေသည်ကို တွေ့ရပါသည်။

ဤကား မြန်မာလူမျိုးတို့၏ နှလုံးသားထဲတွင် ရိုးရာအစဉ်အလာ ဗီဇ အရ ကိန်းအောင်းတည်ရှိခဲ့သော ကဗျာ လင်္ကာ အရေးအသား နှစ်သက်မှု ကြောင့် ရဲဘော်သုံးကျိပ်တို့၏ အမည်ဝှက်များသည် ကဗျာဆန်နေကြခြင်း ပေလောဟု တွေးတောသုံးသပ်ဖွယ်ရာ ဖြစ်နေပါတော့သည်။

*

ရဲဘော်သုံးကျိပ် အမည်ဝှက်များနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် နောက် တစ်ချက် ရှိပါသေးသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ဗြိတိသျှဘားမား ရုပ်ရှင်မှ ဒါရိုက်တာ ဦးဘဇင်သည် 'ရုံရွှေတော်'အမည်ရှိ အသံထွက်ကားတစ်ကား ရိုက်ခဲ့ပါသည်။ ဇာတ်လမ်းက ပသီပုံပြင်မှ နာမည်ကျော် 'ရုပ်စတန်နှင့်ဇိုရက်ဗ်' (RUSTUM AND ZOREB စစ်သူကြီး သားအဖဇာတ်လမ်း ဖြစ်သည်။ စစ်သူကြီးသားအဖ သည် သားအဖမှန်းမသိဘဲ စီးချင်းထိုး တိုက်ခိုက်ကြရာတွင် ဖအေက သူ့နာမည် ကြုံးဝါးလိုက်ချိန်၌ သားကသိပြီး ခေတ္တ အံ့အားသင့် ငေးနေခိုက် ဖအေစစ်သူ ကြီးက လျင်မြန်စွာ ဓားနှင့်ထိုးလိုက်သည်။ သားဖြစ်သူ သေခါနီးကျမှ သူ့ သားမှန်းသိရပြီး ဖခင် စစ်သူကြီး ယူကျုံးမရဖြစ်သည့် ဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်ကား၌ သားနေရာတွင် မင်းသားကြီး ဘတင့်က 'ဗိုလ်နေဝင်း'အမည် ဖြင့်လည်းကောင်း၊ ဖခင်ကြီးအဖြစ် ဒါရိုက်တာ ဦးဘဇင်က 'ဗိုလ်ဗလ'အမည် ဖြင့်လည်းကောင်း ရိုက်ကူးခဲ့ပါသည်။

ထိုနာမည်နှစ်ခုလုံး ရဲဘော်သုံးကျိပ် နာမည်ဝှက်တွင်ပါနေကြောင်း စကားစပ်ပြောကြရင်း ဆရာဦးပြည်စုံ (သွေးသောက်)က 'အဲဒီနာမည်တွေဟာ



ဒါရိုက်တာ ဦးဘဇင်ရဲ့ 'ရုံရွှေတော်'ဇာတ်ကားထဲက နာမည်တွေ ယူထားတာပဲ ဗျ'ဟု ပြောဖူးပါသည်။

မည်သို့ပင်ဖြစ်စေ စိတ်ဝင်စားစရာတော့ ကောင်းပါသည်။

ကွယ်လွန်သူ ရဲဘော်သုံးကျိပ်ဝင် (သခင်စောလွင်) ဗိုလ်မင်းခေါင်ကတော့ သူ၏အမည်ဝှက်ကို မြန်မာ့သမိုင်းမှ အင်းဝဘုရင် 'မင်းခေါင်'နာမည်ကို ယူခဲ့ ခြင်းဖြစ်သည်ဟု ပြောဖူးပါသည်။

တက္ကသိုလ်သမဂ္ဂမှ ကိုလှမောင် (ဗိုလ်ဇေယျ)ကလည်း သူ၏နာမည် ဝှက်ကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏အမည်မှ 'ဇေယျ'ကို သခင်အောင်ဆန်း၏ 'ဗိုလ်တေဇ'အမည်ဝှက်နှင့်လည်း ကာရံညီအောင် ယူခဲ့ ကြောင်း ပြောခဲ့ပါသည်။

*

ယင်းသို့ နာမည်ဝှက် အသီးသီး ယူကြပြီးနောက် 'ဘီအိုင်အေ' တပ်မတော်ခေါင်းဆောင် ရဲဘော်သုံးကျိပ်တို့သည် သူတို့၏တပ်ကို ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ ကွပ်ကဲချီတက်မည့် 'မိနာမိကီကန်'အဖွဲ့ အကြီးအကဲ ဗိုလ်မှူးကြီး 'ဆူဇူကီး'ကိုလည်း နာမည်ဝှက်တစ်ခုပေးရန် စိတ်ကူးရလာကြ သည်။

နာမည်ဝှက်ရွေးကြရင်း ၁၃၀၀ ပြည့် အရေးတော်ပုံက ပေါ်ပေါက် ခေတ်စားခဲ့သော 'ဧကြာသိုက်' သီချင်းကို သတိရမိကြလေသည်။

ဧကြာသိုက်သီချင်းတွင် မြန်မာတို့သည် လွတ်လပ်သော ကိုယ့်မင်းကိုယ် ချင်းနိုင်ငံ၌ နေရတော့မည် ဟူ၍လည်းကောင်း၊

'အလောင်းတော်လည်း လာချိန်နီးပြီ ထီးကနက်စည်'ဟူ၍လည်းကောင်း၊

'ရေစီးတစ်ခါ ရေသာတစ်လှည့်မို့ အားမလျှော့နှင့်ညီ ဟူ၍လည်းကောင်း၊

ပြည်သူတို့ကို အားပေးထားသည့်ပြင် သီချင်း၏ သံပြိုင်အပိုဒ်ကလည်း အလွန် အားတက်ဖွယ်ကောင်းနေသည်။

'အင်းကို ဟသ်ာဆင်းမည်' အဓိပ္ပာယ်ကား အင်းဝကို ဟသ်ာငှက် အမှတ်အသားဖြစ်သည့် မွန်တို့လာတိုက်၍ အင်းဝပျက်မည်။

'ဆင်းရင်လေးနဲ့ ခွင်းမည်'

ထိုအခါက လေးလက်နက်စွဲကိုင်သော မုဆိုး သို့မဟုတ် မုဆိုးဖိုရွာသား က ဦးဆောင်၍ ပြန်တိုက်ပြီး အနိုင်ရမည်။ မုဆိုးဆက် (ခေါ်) ကုန်းဘောင် မင်းဆက် ဖြစ်လာမည်။

www.burmeseclassic.com

www.burmeseclassic.com



'ထိုမုဆိုးကို ထီးရိုးရိုက်မည်'

တဖန် မုဆိုး (ကုန်းဘောင်မင်း)ဆက်ကို စနေနံ ထီးရိုး သို့မဟုတ် အင်္ဂလိပ်မင်းတို့ တိုက်၍ မင်းဆက်ပြုတ်မည်။

သို့သော် တဘောင်က မဆုံးသေးပါ။

'ထီးရိုးကို မိုးကြိုးပစ်မတဲ့ စာရှိပါသည်'

စနေနံ ထီးရိုးသည်လည်း ကြာရှည်မခံ။ အချိန်တန်လျှင် ထီးရိုးကို မိုးကြိုးပစ်ပြီး မိုးကြိုးလက်နက်စွင်းခံရသောကြောင့် ထီးရိုး ပျက်စီးလိမ့်မည်'

ဤသို့လျှင် 'စကြာသိုက်'သီချင်းမှ အားပေးချက်ကို အသုံးပြုရန် အကောင်းဆုံးဟု ရဲဘော်သုံးကျိပ်တို့က ဆုံးဖြတ်လျက် သူတို့၏ စစ်သင်တန်းနည်းပြဆရာ အကြီးအကဲ ဗိုလ်မှူးကြီး 'ဆူဇူကီး'၏ အမည်ဝှက်ကို 'ဗိုလ်မိုးကြိုး'ဟု ပေးလိုက်ကြတော့သည်။

တနည်းအားဖြင့် မြန်မာလူမျိုးတို့၏ ရိုးရာအစဉ်အလာ ဓလေ့အရ အတိတ်တဘောင်များ ယုံကြည်တတ်ခြင်းကိုလည်း အသုံးချလိုက်ခြင်း ဖြစ်ပါသည်။

ယင်းအချက်ကို ဘီအိုင်အေ တပ်မတော် မြန်မာနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်ခြင်းမပြုမီ ကြိုတင်၍ လှုံ့ဆော် ဝါဒဖြန့်ရာတွင် အသုံးချရန် ရဲဘော်သုံးကျိပ်ခေါင်းဆောင်ပိုင်းက အကြံရခဲ့ပါသည်။

ထိုအချိန်၌ ဂျပန်နှင့်ထိုင်းနိုင်ငံ ချုပ်ဆိုထားသော စစ်မဟာမိတ်စာချုပ်အရ ဗန်ကောက် ရေဒီယိုအသံလွှင့်ဌာနကိုပါ ဝါဒဖြန့်ရာတွင် အသုံးပြုခွင့်ရနေပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်သူလူထုအား ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် နိုးကြားတက်ကြွကာ လျှို့ဝှက် တော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်ကြလေအောင် ညစဉ် ဗန်ကောက် ရေဒီယို မြန်မာပိုင်းအစီအစဉ်မှ အဆက်မပြတ် အသံလွှင့်ခဲ့ပါသည်။

'မြန်မာ့မြေပေါ်မှ ဗြိတိသျှနယ်ချဲ့များကို မောင်းနှင်တိုက်ထုတ်ရန် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး လာတော့မည်'

'မကြာမီ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးက ခေတ်မီ လက်နက်အပြည့်အစုံနှင့် ချီတက်လာပါတော့မည်'

'ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို မြန်မာ ပြည်သူတစ်ရပ်လုံးက တခဲနက် ကြိုဆိုကြကုန်လော့'



'ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး အောင်မြင်စွာ ဖွဲ့စည်းလိုက်ပြီ'

'ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး စတင် ချီတက်လာပြီ၊ ဗြိတိသျှနယ်ချဲ့တို့အား အပြုတ်တိုက်ထုတ် ချေမှုန်းပစ်တော့မည်'

'ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ ရောက်ရှိလာပြီ'

'ဗြိတိသျှနယ်ချဲ့ တပ်များအား အပြီးအပိုင် သုတ်သင်ချေမှုန်းပစ်ရန် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို 'ဗိုလ်မိုးကြိုး'ကိုယ်တိုင် ဦးစီးကွပ်ကဲ၍ ချီတက်လာနေပြီ'

'ထီးရိုးကို မိုးကြိုးပစ်တော့မည်'

'ဗိုလ်မိုးကြိုးတဲ့ ဟေ့'

ဤသို့လျှင် ဗန်ကောက်ရေဒီယို မြန်မာပိုင်း အစီအစဉ်မှ လေသံပြင်းပြင်း၊ အားမာန်တင်းတင်းနှင့် ညစဉ် ကြုံးဝါးကာ အသံလွှင့် ကြေညာပေးရာ မြန်မာပြည်သူလူထုက အထူးပင် စိတ်ဓာတ်တက်ကြွ အားရကြသလောက် ရန်ကုန်မြို့ရှိ ဗြိတိသျှဘုရင်ခံ၏ ရုပ်သေးအစိုးရအဖွဲ့သည် အလိုလို တုန်လှုပ်ချောက်ချားလာတော့သည်။

အစဉ်အလာ ဗီဇအရ အတိတ်တဘောင် ယုံကြည်သူ မြန်မာတိုင်းရင်းသားအများစုသည် 'စကြာသိုက်'သီချင်းကို သတိရကာ ဗန်ကောက် ရေဒီယိုမှ 'ဗိုလ်မိုးကြိုး' လာတော့မည် ကြေညာခြင်းကို အလွန်အားတက် ဝမ်းမြောက်နေကြသည်။

'ဗိုလ်မိုးကြိုးဆိုတာ ဘယ်သူပါလိမ့်'

'အင်ဒိုချိုင်းနား (ယခု ဗီယက်နမ်)သို့ တိမ်းရှောင်သွားခဲ့သူ မြင်ကွန်းမြင်းခုန်တိုင် မင်းသားကြီး၏ အဆက်အနွယ်ထဲမှ သူရဲကောင်း မင်းညီမင်းသားတစ်ဦးပေလော'

'ပထမ ဘိုးဘိုးအောင် ကယ်ဆယ်ပြီး ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သော စကြာမင်းကလေးပဲလော'

'မည်သို့ပင်ဖြစ်စေ ဗိုလ်မိုးကြိုးနှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်က မြန်မာမြေပေါ်မှ ဗြိတိသျှနယ်ချဲ့တပ်များအား တိုက်ခိုက်ချေမှုန်းပစ်မည်မှာ သေချာနေပြီ'

ဤသို့လျှင် ၁၉၄၂ ခု၊ နှစ်ဆန်းအချိန်မှစ၍ မြန်မပြည်သူတို့သည် အလွန် စိတ်ဓာတ်တက်ကြွနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်မိုးကြိုး'ဆိုသည်မှာ စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ကို စစ်ပညာ လေ့ကျင့်သင်ကြားပေးခဲ့သော 'မီနာမီကီကန်' အဖွဲ့၏ခေါင်းဆောင် ဂျပန်ဗိုလ်မှူးကြီး 'ဆူဇူကီး'ဖြစ်ကြောင်းကို မည်သူကမှ မသိခဲ့ကြချေ။ ရဲဘော်သုံးကျိပ်တို့ကလည်း ရှင်းလင်းမပြောဘဲ နေခဲ့ကြသည်။

ယင်း အစီအစဉ်၏ ရလာဒ်ကတော့ ဗိုလ်ချုပ်အောင်ဆန်း (ဗိုလ်တေဇ) တို့၏ ဘီအိုင်အေတပ် ပြည်တွင်းသို့ ဝင်ရောက်မိသည်နှင့် အောက်မြန်မာနိုင်ငံမှ ကျန်းမာသန်စွမ်းသူ လူငယ်များ အလုံးအရင်းနှင့် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကာ ဆက်လက်ချီတက်ခဲ့ကြခြင်းပင် ဖြစ်သည်။

ရန်ကုန်မြို့သို့ ကာကွယ်ရန် တာဝန်ကျခဲ့သော ဗြိတိသျှ အမှတ် ၁၇ တပ်မကြီး (17 DIVISION) သည်လည်း စိတ်ဓာတ်ပျက်ပြားကာ ကစဉ့်ကလျား ဆုတ်ခွာပြေးသွားရတော့သည်။

ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အောင်မြင်စွာ သိမ်းပိုက်ပြီးချိန် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)၏ စစ်သည် အင်အားသည် သုံးသောင်းကျော်ရှိနေပြီ ဖြစ်သည်။

*

'ဗိုလ်မိုးကြိုး'ခေါ် ဗိုလ်မှူးကြီး ဆူဇူကီးသည် ဟိုင်နန်ကျွန်းတွင် စစ်ပညာ လေ့ကျင့်သင်ကြားခဲ့သူ ရဲဘော်သုံးကျိပ်ဝင် မြန်မာလူငယ်များအား သံယောဇဉ် ဖြစ်လာလေသည်။ အထူးသဖြင့် ထိုလူငယ်များ၏ခေါင်းဆောင် 'ဗိုလ်တေဇ' အမည်ခံ 'အောင်ဆန်း'အား ပို၍ စိတ်ဝင်စားမိသဖြင့် ဂရုစိုက်လေလာ အကဲခတ်ကြည့်ခဲ့သည်။

အောင်ဆန်း သို့မဟုတ် ဗိုလ်တေဇ၏ ကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်မှုကိုတော့ စစ်သင်တန်း မစတင်မီ တိုကျိုမြို့တွင် ရှိစဉ်ကပင် လေ့လာသိရှိခဲ့ပြီး ဖြစ်သည်။ ယင်းနောက် ဟိုင်နန်ကျွန်း၌ စစ်သင်တန်းပေးရင်း အားလပ်ချိန်များ၌ နှစ်ယောက်ချင်း စကားပြောဆို ဆွေးနွေးခြင်းအားဖြင့် အောင်ဆန်း၏စိတ်ဓာတ်၊ အတွေးအခေါ်၊ ရည်မှန်းချက်ပြင်းထန်မှု စသည်တို့ကို ပိုမိုပြည့်စုံစွာ သိရှိခဲ့ရသည်။

'ဗိုလ်မိုးကြိုး'ခေါ် ဗိုလ်မှူးကြီး (နောက်ပိုင်း 'ဗိုလ်ချုပ်') ဆူဇူကီးသည် မကွယ်လွန်မီ ၁၉၅၉ ခု၊ ဒီဇင်ဘာလက ဂျပန်ပြည်ရှိ သူ၏ ဇာတိရပ်မြေ 'ဟာမာမတ်ဆူ' မြို့ကလေး၌ သူ အလွန်ခင်မင် သဘောကျပြီး သံယောဇဉ် ဖြစ်ခဲ့သူ 'ဗိုလ်တေဇ'ခေါ် အောင်ဆန်းနှင့်ပတ်သက်၍–



'အောင်ဆန်းကား အထူး ရိုးသားဖြောင့်မတ်တည်ကြည်သူ တစ်ဦး ဖြစ်သည်။ စစ်ခေါင်းဆောင်အနေဖြင့်လည်း သူရသတ္တိရှိပြီး စစ်မှုရေးရာ ကျွမ်းကျင်သည်။ သူသည် မျိုးချစ်စိတ် အလွန်ပြင်းထန် တက်ကြွသူဖြစ်ရာ ယင်းမျိုးချစ်စိတ်နှင့်တကွ သူ၏ ရိုးသားဖြောင့်မတ်မှုတို့ကြောင့် ကျွန်ုပ်တို့အားလုံးက ဂျပန်ပြည်တွင်လည်းကောင်း၊ တပ်နှင့် မြန်မာပြည်သို့ ချီတက်ခဲ့စဉ်ကလည်းကောင်း၊ အောင်ဆန်းအား အထူး လေးစားမိခဲ့ကြရသည်'ဟု ပွင့်လင်းစွာ ထုတ်ဖော် ချီးကျူးခဲ့ဖူးပါသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း

၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းသ [illegible] တပ်မတော်ကို ဦးစီးကွပ်ကဲရန် မဟာမိတ်တပ်ပေါင်းစု [illegible] ဗိုလ်ချုပ်ကြီး 'မောင့်ဘက်တင်'၏ ကမ်းလှမ်းချက်ကို လ [illegible] လုံးဝလွတ်လပ်ရေးရရှိရန်သာ အဓိက ဦးစားပေးတော့မ [illegible] သည်။

တစ်နည်းအားဖြင့် သူသည် နိုင်ငံ [illegible] ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် [illegible] ဆန့်ကျင်ရေး၊ ပြည်သူ့ လွတ်လပ်ရေး (ဖ–ဆ–ပ–လ)အ [illegible] အချိန်ပြည့် တာဝန်ယူခဲ့သည်။

တစ်ဖက်တွင်မူ ဗြိတိသျှဘုရင်ခံ ဆာဒေါမန်စမစ်သည် သူ၏ အလိုတော်ရိ ဆာပေါ်ထွန်း 'ရုပ်သေး' အစိုးရအဖွဲ့နှင့် တိုင်းပြည်ကိုအုပ်ချုပ်ရန် ကြိုးစားနေခဲ့ပါသည်။ သို့သော် ပြည်သူလူထုက ဘုရင်ခံနှင့် ဆာပေါ်ထွန်း အစိုးရကို လုံးဝလက်မခံ အားမပေးဘဲ ဗိုလ်အောင်ဆန်းခေါင်းဆောင်သော 'ဖဆပလ' အမျိုးသား တပ်ပေါင်းစုကြီးကိုသာ တစ်ခဲနက် အားပေးထောက်ခံနေခဲ့သည်။ အထူးသဖြင့် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ကျင်းပခဲ့သော ရွှေတိဂုံ အလယ်ပစ္စယံ 'ဖဆပလ' ပြည်လုံးကျွတ် ညီလာခံကြီးအပြီးတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံ [illegible] ဗိုလ်ချုပ်အား [illegible] အားပေးမှု အတိုင်းအတာသည် ဆထက်ထမ်း [illegible] က်လာခဲ့ပါ [illegible]။



ထူးခြားချက်ကား သာမန် ပြည်သူများသာမက အစိုးရအမှုထမ်း (ဝန်ထမ်း)များကပါ ဗိုလ်ချုပ်အား တစ်ခဲနက် ထောက်ခံအားပေးလာကြရာ ဗြိတိသျှ ဘုရင်ခံကြီးမှာ အကျပ်ရိုက်နေတော့သည်။

ယင်းအခြေအနေတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အကြံတစ်ခုရလာသည်။ သူ၏အကြံက မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝမှ လွတ်မြောက်ပြီး လုံးဝ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ချိန်တန်ပါပြီဟု ကမ္ဘာကသိအောင် ကြွေးကြော်တင်ပြလိုခြင်းပင် ဖြစ်ပါသည်။

ကမ္ဘာက သိစေရန်မှာ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် ထိုက်တန်နေပြီဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားကြွေးကြော်မှ ဖြစ်ပေမည်။

ဤတွင် ဗိုလ်ချုပ်သည် သူကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော မိန့်ခွန်းများ၊ စာတမ်းများကို စုပေါင်း၍ စာအုပ်ထုတ်ဝေရန် အကြံရလာပါသည်။

ထိုအချိန်က သူ ရွေးချယ်ထားသော စာမူများမှာ–

- ရွှေတိဂုံအလယ်ပစ္စယံညီလာခံ သဘာပတိမိန့်ခွန်း ၁၉၄၆။
- 'ဖဆပလ'အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ သုံးလပတ် ညီနှိုင်းအစည်းအဝေးမှ သဘာပတိမိန့်ခွန်းနှစ်ခု။
- မူလက ဂျပန်နှင့်ပူးပေါင်းခဲ့ပြီးကာမှ ဘာ့ကြောင့် ၁၉၄၅–ခုနှစ်တွင် ဂျပန်ကို ပြန်လည်တော်လှန်ရကြောင်း ရှင်းလင်းတင်ပြသည့် 'ဖက်ဆစ်တော်လှန်ရေး စစ်တမ်း ၁၉၄၅'တို့ပင် ဖြစ်သည်။

အထက်ပါတို့မှာ ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး အင်္ဂလိပ်စာ အရေးအသား၊ အသုံးအနှုန်း ဝေါဟာရကြွယ်ဝပုံ၊ ဝါကျတည်ဆောက်ပုံတို့ကအစ နိုင်ငံခြားသားများပင် ချီးကျူးကြရလောက်အောင် အလွန်ကောင်းလှပါသည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်သည် သမိုင်း၏တောင်းဆိုချက်အရ မြန်မာ့လွတ်လပ်ရေး ရချိန်တန်နေပါပြီဟု ကမ္ဘာကိုတိုင်တည်ရန် ဆုံးဖြတ်လျက် အထက်ဖော်ပြပါ သူ၏လက်ရာ အင်္ဂလိပ်ဘာသာ စာမူများကို စာအုပ်ထုတ်ဝေရန် အကြံရမိခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်၏အမည်ကိုလည်း ဗိုလ်ချုပ်ကိုယ်တိုင် ရွေးချယ်ခဲ့သည်ကား BURMA'S CHALLENGE 'ဘားမားချဲလင်း'ဟု အသံထွက်ပြီး အဓိပ္ပာယ်ကတော့ 'မြန်မာနိုင်ငံ၏ စိန်ခေါ်ချက်'ဟူ၍ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် မြန်မာနိုင်ငံသည် ဘာကြောင့် လွတ်လပ်ရေးမရထိုက်ပါသနည်းဟု ကမ္ဘာသို့ စိန်ခေါ်လိုက်ခြင်းပင် ဖြစ်ပါသတည်း။

ယင်းကိစ္စ ကျွန်တော်နှင့် တိုင်ပင်ဆွေးနွေးချိန်တွင် ကျွန်တော်က-

"ဗိုလ်ချုပ်ရွေးထားတဲ့ စာမူတွေကတော့ ပြောစရာမရှိပါဘူး၊ အလွန်ကောင်းလှပါတယ်၊ ဒါပေမဲ့ အဲဒီစာစုကို ရေးသူရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကိုပါ ထည့်သွင်းဖော်ပြသင့်တယ်လို့ ထင်ပါတယ်"ဟု တင်ပြရာ ဗိုလ်ချုပ်သည် ခေတ္တမျှ စဉ်းစားပြီးနောက် လက်ခံသဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ပါသည်။

"ကောင်းပြီလေ၊ မင်းပြောသလို ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းထည့်ရုံ ဒါ သဘောတူပါတယ်၊ အပိုအလိုမပါဘဲ လိုရင်းလောက်ကို အကျဉ်းချုံးပြီး ငါကိုယ်တိုင် ရေးပေးမယ်၊ ငါ့အကြောင်း ငါရေးတာကိုတော့ လူသိရှင်ကြားမကြေညာနဲ့ပေါ့၊ မင်းကပဲ စာရေးဆရာတစ်ယောက်အနေနဲ့ ရေးတယ်လို့ ထင်ချင်ထင်ကြပါစေ"

ဤသို့ ပြောပြီးနောက် ဗိုလ်ချုပ်သည် ချက်ချင်းပင် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်လို မူကြမ်းရေးသားရာ ကျွန်တော်က အင်္ဂလိပ်လက်နှိပ်စက်ဖြင့် အချောရိုက်[illegible]ရပါသည်။

ထို့ကြောင့် ၁၉၄၆ ခုနှ[illegible]က မြန်မာ့အလင်း သတင်းစာတိုက်တွင် ရိုက်နှိပ်ခဲ့သော အင်္ဂလိပ်ဘာသာ[illegible]အုပ် BURMA'S CHALLENGE ၏ ထိပ်ဆုံး[illegible]မျက်နှာ LIFE SK[illegible]TCH OF THE AUTHOR 'စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း'ဟု အင်္ဂလိပ်[illegible] ဖော်ပြထားချက်မှာ ဗိုလ်ချုပ်ကိုယ်တိုင် (အခြားလူတစ်ယောက်က ရေး[illegible]ဟန် အင်္ဂလိပ်သဒ္ဒါ THIRD PERSON အားဖြင့်) ရေးသားခဲ့သော လက်[illegible]ဖြစ်ပါသည်။

ယနေ့ မျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်များသည် လွတ်လပ်ရေးရပြီးမှ မွေးဖွားလာသူများဖြစ်ကြရာ သူတို့အနေဖြင့် 'လွတ်လပ်ရေး ဗိသုကာ' နှင့် 'ပြည်ထောင်စုဗိသုကာကျော်' ဗိုလ်ချုပ်အောင်ဆန်းအကြောင်း လေ့လာနိုင်



ရန်အတွက် ဗိုလ်ချုပ်၏ မူရင်းအင်္ဂလိပ်ဘာသာ လက်ရာကို မြန်မာပြန် ဖော်ပြလိုက်ရပါသတည်း။

*

ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် (ငယ်မည် 'မောင်ထိန်လင်း')ကို မကွေး[illegible]င်၊ နတ်မောက်မြို့၌ အမိန့်တော်ရ ရှေ့နေဦးဖာ-ဒေါ်စုတို့မှ ၁၉၁၅ ခုနှစ်၊ ဖေဖော်[illegible]ရီလ ၁၃ ရက်၊ စနေနေ့တွင် မွေးဖွားခဲ့ပါသည်။ မျိုးရိုးအားဖြင့် ကျေးလ[illegible]ဒေသနေ ကြေးရေတတ် မိဘများမှ ပေါက်ဖွားခဲ့ပြီး ဘိုးစဉ်ဘောင်[illegible]က်အားဖြင့်လည်း ဇာတိသွေး ဇာတိမာန် တက်ကြွသော မျိုးချစ်စိတ်ရှိသူများ[illegible] ဆင်းသက်လာခဲ့သူ ဖြစ်သည်။

[illegible]ရှးဦးစွာ နတ်မောက်မြို့ မြန်မာကျောင်းတွင် ပညာသင်ကြားပြီး ဆက်လ[illegible]က်၍ ရေနံချောင်းမြို့ 'နေရှင်နယ်'ခေါ် အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာဆ[illegible]းပူးခဲ့ရာ 'ဟိုက်စကူး'ခေါ် ဆယ်တန်းအောင်မြင်ပြီးနောက် တက္ကသိုလ်သို့သွား၍ အထက်တန်းပညာရပ်များ ဆည်းပူးခဲ့သည်။

တက္ကသိုလ်တွင် ဘီအေ (ဝိဇ္ဇာ)ဘွဲ့ကို အလွယ်တကူပင် ဆွတ်ခူးအောင်မြင်ခဲ့သည်။ ဘီအေအောင်ရာ၌ ဘာသာရပ် အတွဲအားဖြင့် အင်္ဂလိပ်စာပေ၊ မျက်မှောက်ခေတ်သမိုင်းနှင့် နိုင်ငံရေး သိပ္ပံပညာ ဘာသာတွဲကိုယူ၍ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ် ဘွဲ့ရပြီးနောက် ဘီအယ်လ်ခေါ် ဥပဒေဘွဲ့ယူရန် ခေတ္တဆက်တက်ခဲ့ပါသေးသည်။ မူလကပင် ဉာဏ်ပညာ ထူးချွန်ထက်မြက်သူဖြစ်၍ ပညာရည်ချွန်ဆုများ၊ စကောလားရှစ် (ပညာသင်ဆု)များ ရရှိခဲ့ရာ အင်္ဂလိပ်အစိုးရလက်ထက်တွင် အထူး တိုးတက်ကြီးပွားနိုင်မည့် အလားအလာ များစွာကောင်းသူ ဖြစ်ပါသော်လည်း နိုင်ငံရေးကို အလွန်ဝါသနာပါ စိတ်ဝင်စားခြင်းနှင့် နိုင်ငံနှင့်အဝှမ်း ထူးချွန်ကျော်ကြားသော ကျောင်းသားခေါင်းဆောင် ဖြစ်လာခြင်းတို့က သူ၏ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွား တိုးတက်အောင်မြင်မှုကို အဟန့်အတား ဖြစ်စေခဲ့ပါသည်။

**မှတ်ချက်**။ ။ သူ၏ ငယ်နာမည်၊ သို့မဟုတ် ဇာတာနာမည်က စနေသားဖြစ်၍ မောင်ထိန်လင်းဟု ပေးခဲ့သော်လည်း သူ၏ အစ်ကိုလတ် ကိုအောင်သန်း အမည်[illegible]င့်ကာရံလိုက်အောင် 'အောင်ဆန်း'ဟု ပြောင်းခဲ့ရာမှ နေ့နံမကိုက်သော 'အောင်ဆန်း'ဟူ၍သာ တော[illegible]က်လျှောက် အတည်ဖြစ်ခဲ့ပါသည်။

(မြန်မာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားဘဝတွင် ကိုအောင်ဆန်းသည် ကျောင်းသားထု၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များရရှိရေးအတွက် အလွန် ပြင်းထန်တက်ကြွစွာ အရေးဆိုခဲ့သဖြင့် နှစ်ကြိမ်တိုင်တိုင် တက္ကသိုလ်အာဏာပိုင်တို့က သူ့အား ကျောင်းမှ ထုတ်ပယ်ပစ်ရန် ခြိမ်းခြောက်ခြင်း ခံခဲ့ရ၏။ ထို့ပြင် တက္ကသိုလ်၌ သုံးနှစ်တိတိ ပညာဆက်သင်ခွင့် ပိတ်ပင်သည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ယင်းအမိန့်သည်ပင်လျှင် ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ်နှင့်တကွ တစ်နိုင်ငံလုံး ကူးစက်ပျံ့ပွားခဲ့သော ကျောင်းသားသပိတ်များ ဖြစ်ပေါ်ရခြင်း၏ အဓိက အကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့ပါသည်။

ယင်း တက္ကသိုလ် သပိတ် အရေးတော်ပုံကြောင့် ကိုအောင်ဆန်းအဖို့ ပညာဆက်လက်သင်ကြားရေး၌ အချိန်တစ်နှစ်တိတိ အလဟဿ ကုန်ဆုံးခဲ့ရပါသည်။

ရန်ကုန်တက္ကသိုလ်တွင်ရှိစဉ် ကိုအောင်ဆန်းသည် ကျောင်းသားအဖွဲ့အစည်းများ၌ အလွန်တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါသည်။ အထူးအားဖြင့် တက္ကသိုလ်သမဂ္ဂ၏ အာဘော် 'အိုးဝေ'မဂ္ဂဇင်း အယ်ဒီတာအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမဂ္ဂ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထို့ပြင် သူသည် မြန်မာနိုင်ငံလုံးဆိုင် ကျောင်းသားများသမဂ္ဂ (**A. B. S.U**) ကို စတင်ဖွဲ့စည်း တည်ထောင်သူတစ်ဦး ဖြစ်သည်သာမက (နောက်ပိုင်း ဗ–က–သ ဟု ခေါ်ကြသော) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ပထမဆုံး ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝကပင် ကြီးလေးသော တာဝန်များ ထမ်းဆောင်ခဲ့ရပါသည်။ ဥပမာ–

၁၉၃၈ ခု၊ နှစ်ဆန်းက ရန်ကုန်တက္ကသိုလ် အက်ဥပဒေ (UNIVERSITY OF RANGOON ACT) ပြင်ဆင်ရေးကော်မတီ (AMENDMENT COMMITTEE) တစ်ရပ်ကို အစိုးရက ဖွဲ့စည်းခဲ့ရာ ကိုအောင်ဆန်းသည် ယင်းကော်မတီ၌ တက္ကသိုလ်ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် ပါဝင်ရန် ရွေးချယ်တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ယင်းကော်မတီ၏ ဆောင်ရွက်မှုကြောင့် အထိုက်အလျောက် တိုးတက်သော 'တက္ကသိုလ်ဥပဒေ'တစ်ရပ် ဖြစ်ပေါ်လာပြီး (ထိုခေတ်) ဥပဒေပြုလွှတ်တော်က အတည်ပြုခဲ့ပါသည်။



ကိုအောင်ဆန်းသည် စာရေးဝါသနာပါသူတစ်ဦး ဖြစ်သည့်အလျောက် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးများကို စာနယ်ဇင်းများတွင် ရေးသားခဲ့ပါသည်။ ထို့ပြင် စစ်ကြိုခေတ်က တစ်ခုတည်းသော မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား (**NEW BURMA**) ၏ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၃၈ ခုနှစ်၊ အောက်တိုဘာလတွင် ကိုအောင်ဆန်းသည် တက်လက်စ ဘီအယ်လ် ဥပဒေဘွဲ့သင်တန်းကို ဆက်မတက်တော့ဘဲ လုံးဝထွက်လိုက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် အချိန်ပြည့် နိုင်ငံရေးလုပ်ရန် ဆုံးဖြတ်လျက် ထိုအချိန်က အတက်ကြွဆုံး အမျိုးသားရေးစိတ်ဓာတ် အပြင်းထန်ဆုံး နိုင်ငံရေးပါတီဖြစ်သော 'တို့ဗမာအစည်းအရုံး' (သခင်ပါတီ)သို့ ဝင်လိုက်ပါသည်။

ယင်းသို့ ပါတီဝင်လိုက်ချိန်မှစ၍ သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့ရလေရာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လအထိပင် ဖြစ်သည်။ ထိုအချိန်တွင် အစိုးရက သူ့အား ဖမ်းဆီးရန် ဝရမ်းထုတ်ခြင်း ခံရပါသည်။ သို့သော် မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်နိုင်ရန် အဖမ်းမခံဘဲ ကိုယ်ယောင်ဖျောက်ကာ 'မြေလျှိုး' သွားခဲ့လေသည်။

၁၉၃၉ ခုနှစ်ကလည်း တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ဦးအဖြစ် သခင်အောင်ဆန်းအား ခေတ္တဖမ်းဆီးခဲ့ဖူးသည်။ ထိုစဉ်က အစိုးရ၏ကြေညာချက်တွင် 'သခင်အောင်ဆန်းသည် အစိုးရအား အကြမ်းဖက် တော်လှန်ရန် ကြံစည်သူ'ဟူ၍ ဖော်ပြခဲ့သည်။

သခင်အောင်ဆန်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၏ အလုပ်အမှုဆောင်တစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့သေးသည်။ ထို့ပြင် ၁၉၃၉–၄၀ ခုနှစ်အတွင်းက မြန်မာ့လွတ်လပ်ရေး မရ,ရအောင် စုပေါင်းတိုက်ပွဲဝင်ရန် စိတ်အားထက်သန်သူ အင်အားစုများ၊ ပါတီများအား စုစည်းလျက် **ALL-BURMA FREEDOM BLOC** ခေါ် 'ဗမာ့ထွက်ရပ်ဂိုဏ်းကြီး' ကို ဒေါက်တာဘမော်တို့နှင့်အတူ ပူးပေါင်းဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

သခင်အောင်ဆန်းသည် 'ဗမာ့ ထွက်ရပ်ဂိုဏ်းကြီး'၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်မှာ အင်္ဂလိပ်အစိုးရက သူ့အား ဖမ်းရန် ဝရမ်းထုတ်၍ ကိုယ်ယောင်ဖျောက် 'မြေလျှိုး'သွားခဲ့သည့် အချိန်အထိပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ ပြည့်နှစ်၊ မတ်လတွင် သခင်အောင်ဆန်းသည် အိန္ဒိယကွန်ဂရက်ပါတီ၏ ဖိတ်ကြားချက်အရ တို့ဗမာအစည်းအရုံး (သခင်)ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်လျက် အိန္ဒိယပြည် 'ရမ်းဂါး'မြို့၌ ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ညီလာခံကြီးသို့လည်း တက်ရောက်ခဲ့ပါသည်။ ယင်းသို့ ကွန်ဂရက်ညီလာခံကြီးသို့ သွားရောက်ရင်း ဒေသန္တရ ဗဟုသုတအလို့ငှာ ဗုဒ္ဓဂါယာ၊ ဗာရာဏသီ၊ အလာဟာဘတ်၊ အာဂရာ၊ ဒေလီ၊ ပက်ရှဝါ၊ နိုင်ဘာတောင်ကြားဒေသ၊ လာဟို၊ အမ်မရစ်ဆာ၊ အာမက်ဒဘက်၊ ဘုံဘေ၊ ကာလကတ္တား စသော မြို့များသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပါသေးသည်။

မြန်မာနိုင်ငံသို့ ပြန်လာပြီးနောက် သခင်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့တွင် တက္ကသိုလ်သမဂ္ဂ၏ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ခေတ္တမျှ တာဝန် ထမ်းဆောင်ခဲ့ပါသေးသည်။ တစ်ချိန်တည်းမှာပင် သူသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ကမ္ဘာစစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို အထူးပြင်းထန်တက်ကြွစွာ ပြုလုပ်ခဲ့ပါသည်။

ထိုအတောအတွင်း သူ့အား ဖမ်းဆီးရန် အင်္ဂလိပ်အစိုးရက ဝရမ်းထုတ်လိုက်ရာ သခင်အောင်ဆန်းသည် အဖမ်းမခံဘဲ 'မြေလျှိုး'သွားလိုက်သည်။

ကိုယ်ယောင်ဖျောက် 'မြေလျှိုး'ပါသော်လည်း နယ်ချဲ့ အစိုးရပုလိပ်နှင့် စုံထောက်တို့၏အန္တရာယ်က အမြဲရှိနေသဖြင့် သခင်အောင်ဆန်းသည် ပြည်တွင်းတွင် ကြာရှည်မနေတော့ဘဲ တရုတ်ပြည် 'အမွိုင်'မြို့သို့ လျှို့ဝှက်စွာ ထွက်ခွာသွားပါသည်။ အမွိုင်မြို့သို့ နိုင်ငံခြားသားများနေထိုင်ရာ ရပ်ကွက် (International Settlement)တွင် နှစ်လခန့်နေထိုင်ပြီး မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံခြားအကူအညီများ ရှာဖွေနေခဲ့သည်။ ထိုအတောအတွင်း မြန်မာပြည်ရှိ သူ၏ရဲဘော်ရဲဘက်များက ဂျပန်စစ်ဘက်နှင့် လျှို့ဝှက် အဆက်အသွယ်ရရှိခဲ့သဖြင့် မများမကြာမီ ဂျပန်တို့က အမွိုင်မြို့သို့လာရောက်၍ သခင်အောင်ဆန်းအား ဂျပန်ပြည် တိုကျိုမြို့သို့ ခေါ်ဆောင်သွားပါသည်။

သူသည် တိုကျိုမြို့တွင် သုံးလခန့်နေပြီးနောက် ၁၉၄၁–ခု၊ နှစ်ဆန်းတွင် မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ ပြန်ဝင်လာခဲ့ပါသည်။ ရည်ရွယ်ချက်ကား ဂျပန်တို့က ရေးဆွဲပေးသော စီမံချက်ကို မြန်မာနိုင်ငံမှ နိုင်ငံရေးရဲဘော်များထံ တင်ပြဆွေးနွေးရန်ပင် ဖြစ်သည်။ သခင်အောင်ဆန်းသည် ရန်ကုန်တွင် ကြာကြာမနေဘဲ စစ်ပညာ လျှို့ဝှက်စွာ လေ့ကျင့်သင်ကြားမည့် မြန်မာလူငယ်တစ်စု



အား တိတ်တဆိတ်ခေါ်ယူ၍ တိုကျိုမြို့သို့ ပြန်လည် ထွက်ခွာသွားပြန်ပါသည်။ ယင်းသို့ စစ်ပညာ လျှို့ဝှက်စွာ လေ့ကျင့်သင်ကြားပြီးနောက် ထိုလူငယ်များကပင် ခေါင်းဆောင်၍ မြန်မာပြည်ရှိ ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်ရန် ဖြစ်လေသည်။

*

စစ်ပညာ လျှို့ဝှက်စွာ လေ့ကျင့်သင်ကြားပြီးနောက် သခင်အောင်ဆန်းသည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့လာပြီး ဂျပန်စစ်ဖက်၏ အကူအညီဖြင့် 'ဘီအိုင်အေ'ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ထို့နောက် သူကိုယ်တိုင် ဗိုလ်ချုပ်အဖြစ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဦးစီးကွပ်ကဲကာ ဂျပန်စစ်ကြောင်းများနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ၁၉၄၂ ခုနှစ်ဆန်းတွင် ချီတက်ဝင်ရောက်၍ ဗြိတိသျှတပ်များအား တိုက်ခိုက်ခဲ့ပါသည်။

ဗိုလ်ချုပ်နှင့်တကွ သူ၏ရဲဘော်များ (ရဲဘော်သုံးကျိပ်)သည် ဂျပန်မှာရှိစဉ်ကပင် ဂျပန်တို့နှင့် သဘောထားကွဲလွဲမှုများရှိခဲ့ရာ မြန်မာနိုင်ငံတွင်းသို့ ဂျပန်တပ်များနှင့်အတူ ချီတက်ဝင်ရောက်လာချိန်တွင် ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပို၍ပင် ပြင်းထန်လာခဲ့ပါသည်။

ဗိုလ်ချုပ်သည် မြန်မာပြည်တွင်းသို့ မဝင်ရောက်မီကနှင့် ရန်ကုန်မြို့ကို ဂျပန်တို့က သိမ်းပိုက်လိုက်ချိန်တွင် ဂျပန်ဆန့်ကျင်ရေး လှုပ်ရှားမှုဖြစ်မြောက်ရန် ကြိုးစားခဲ့ပါသေးသည်။ သို့သော် အကြောင်းကြောင်းကြောင့် မအောင်မြင်ခဲ့ပါချေ။

ဗမာ့လွတ်လပ်ရေး တပ်မတော်အတွင်း ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ ကိန်းအောင်းတည်ရှိခဲ့ခြင်းကိုကား အများပြည်သူတို့ကပင် သိရှိနေခဲ့ပါသည်။

'ဘီအိုင်အေ' တပ်မတော်သားများ၏ ဂျပန် ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် 'ဘီအိုင်အေ' ဆန့်ကျင်မုန်းတီးသူ မြန်မာနိုင်ငံရေးသမား အချို့က အခွင့်ကောင်းယူပြီး ဂျပန် ဘုရင့်တပ်မတော်အား သွေးထိုးမှု၊ မဟုတ်မမှန် လုပ်ကြံမှုတို့ကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို ဂျပန်တို့က ဖျက်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ပြီး စစ်သည်အင်အားလည်း လျှော့ချလျက် ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေး တပ်မတော်ကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုလည်း 'ကာနယ်' (ဗိုလ်မှူးကြီး)ရာထူးအဆင့်ဖြင့်သာ ဗမာ့ကာကွယ်ရေး တပ်မတော်ကို ဦးစီးကွပ်ကဲစေခဲ့ပါသည်။

၁၉၄၃ ခု၊ မတ်လတွင် ဗိုလ်မှူးကြီး အောင်ဆန်း၊ ဒေါက်တာဘမော်နှင့် အခြားပုဂ္ဂိုလ်နှစ်ဦးတို့အား ဂျပန်အစိုးရက ဖိတ်ခေါ်၍ တိုကျိုမြို့သို့ သွားရောက်ခဲ့ရပါသည်။ တိုကျိုမြို့တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား မေဂျာဂျင်နရယ်(ဗိုလ်ချုပ်)ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်ပါသည်။ တိုကျိုမြို့တော်တွင်ရှိစဉ် ဂျပန်ဧကရာဇ်နှင့် တွေ့ဆုံခွင့်ရပြီး 'တက်နေ'ဂုဏ်ထူးတံဆိပ် (Third Class Order of the Rising Sun) ဘွဲ့ ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

တိုကျိုမြို့မှ ရန်ကုန်သို့ ပြန်လာပြီးနောက် သူ့အား ဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံအား ဂျပန်တို့က ပေးလတ္တံ့သော 'လွတ်လပ်ရေး'သည် တကယ့် လွတ်လပ်ရေး အစစ်မဟုတ်ကြောင်းကို သွက်ဒိုက်၍ ပြောကြားခဲ့ပါသည်။

ထိုအချိန်က ဖွဲ့စည်းလိုက်သော မြန်မာ့လွတ်လပ်ရေး ပြင်ဆင်မှုကော်မရှင်တွင် ဗိုလ်ချုပ်အောင်ဆန်းအား အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်ထားခဲ့ပါသည်။ ထို့နောက် ဂျပန်တို့က မြန်မာ့လွတ်လပ်ရေး ကြေညာလိုက်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်ခေတ် လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ဂျပန်အစိုးရက (First Class Order of Sacred Treasure) ခေါ် ဘွဲ့ထူး ဂုဏ်ထူးတစ်ခု ထပ်မံ ချီးမြှင့်ပြန်ပါသည်။ သို့ရာတွင် လွတ်လပ်ရေးနှစ်ပတ်လည် အခမ်းအနားတစ်ခုတွင် ဗိုလ်ချုပ်က ယခုရရှိသော လွတ်လပ်ရေးသည် 'အတုအယောင်'သာဖြစ်ကြောင်း ဂျပန်ဆန့်ကျင်ရေး မိန့်ခွန်းတစ်ရပ် ဘွင်းဘွင်းကြီး ပြောကြားလိုက်သဖြင့် ယင်းမိန့်ခွန်းသည် တိုကျိုမြို့ ထိပ်တန်းအစိုးရ ရပ်ကွက်တိုင်အောင်ပင် ဂယက်ရိုက်သွားခဲ့ကြောင်း သတင်းများ ပေါ်ထွက်လာခဲ့ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၃ ခုနှစ်မှစ၍ ဂျပန် ဆန့်ကျင်လှုပ်ရှားမှုဖြစ်မြောက်အောင် ကြိုးစား[illegible]ရာ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လတွင် 'ဖက်ဆစ်



တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်'ကို လျှို့ဝှက်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်အနေဖြင့် ၁၉၄၃ ခု၊ နှစ်ကုန်ပိုင်းလောက်တွင် မဟာမိတ်တပ်ပေါင်းစုဌာနချုပ်နှင့် လျှို့ဝှက်စွာ ဆက်သွယ်မိပြီးနောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တပ်များအား အတိအလင်း တိုက်ခိုက်သည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ဦးဆောင်ခဲ့ပါသည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ် ၁၀ ဦးတို့အား အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစုဌာနချုပ်တည်ရှိရာ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ ကန္ဒီမြို့သို့ ဖိတ်ခေါ်ခြင်းခံခဲ့ရပါသည်။ ရည်ရွယ်ချက်ကတော့ ဂျပန်ကို တော်လှန်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော် (PBF) နှင့် ဗြိတိသျှတို့ဦးစီးသော မြန်မာနိုင်ငံ စစ်တပ် (BURMA ARMY) နှင့် ပူးပေါင်းပြင်ဆင် ဖွဲ့စည်းရေးအတွက် ဆွေးနွေးရန်ပင် ဖြစ်ပါသည်။

ဗြိတိသျှ ရေတပ်ဗိုလ်ချုပ်ကြီး (မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ်) လော့ဒ်မောင့်ဘက်တင်က ဗိုလ်ချုပ်အောင်ဆန်းအား 'ဘရီးဂေးဒီယာ-ဂျင်နရယ်' ခေါ် ဗိုလ်မှူးချုပ်ရာထူးဖြင့် စစ်ပြီးခေတ် တပ်မတော်ကို ဦးစီးကွပ်ကဲရန် ကမ်းလှမ်းပါသော်လည်း ဗိုလ်ချုပ်က လက်မခံဘဲ သူ၏ လက်ထောက်တစ်ဦး (ဗိုလ်လကျာ)အား ရွေးချယ် ထောက်ခံပေးလိုက်သည်။ သူကိုယ်တိုင်ကမူ တိုင်းပြည် လွတ်လပ်ရေးအတွက် ဆက်လက် ကြိုးပမ်းလှုပ်ရှားရန် တပ်မှ ထွက်လိုက်သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ဗိုလ်ချုပ်သည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဖြစ်လာ[illegible] ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပသော ပြည်လုံးကျွတ်ညီလာခံကြီး (ရွှေတိဂုံညီလာခံ)၌လည်း နိုင်ငံအနှံ့အပြားမှ လူထုကိုယ်စားလှယ် တစ်ထော[illegible]ရာကျော်တို့က ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ထပ်မံအတည်ပြု ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် ဗြိတိသျှ ဘုရင်ခံက သူ၏ အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့)တွင် ပါဝင်ရန် ပုဂ္ဂိုလ် ၁၁ ဦး၏ အမည် တင်သွင်းရန် ကမ်းလှမ်းခဲ့သော်လည်း ဘုရင်ခံက သတ်မှတ်သော စည်းကမ်းချက်များကို မကျေနပ်သဖြင့် ဗိုလ်ချုပ်သည် လက်သင့်[illegible]ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌဖြစ်သော ဖဆပလ အဖွဲ့ချုပ်အား ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံ အားပေးနေကြသဖြင့် အင်္ဂလန်ရှိ ဗြိတိသျှအစိုးရကိုယ်တိုင် ပါလီမန်လွှတ်တော်တွင် ဖဆပလ အဖွဲ့ချုပ်အား လူထု၏ အကြွင်းမဲ့ထောက်ခံမှုကို အတိအလင်း ဝန်ခံရသည့်အပြင် မြန်မာပြည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင်းသို့ ဖဆပလ အဖွဲ့အနေဖြင့် ဝင်ရောက်လာပါရန် အမြဲတစေ 'တံခါးဖွင့်ထားလျက်'ပင်ရှိပါကြောင်း ကြေညာခဲ့ရပါသတည်း။

□



# ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးဇူလိုင်

"ပျောက်သောသူ ရှာလျှင်တွေ့
သေသောသူ ကြာလျှင်မေ့"

ဤကား မြန်မာလူမျိုးတို့ပြောနေကျ ဆိုရိုးစကားပင် ဖြစ်သည်။

ယေဘုယျအားဖြင့် မှန်ကန်သော ဆိုရိုးစကားလည်း ဖြစ်ပါ၏။

အထူးသဖြင့် အချိန်ကာလကြာမြင့်လာသော် သေသောသူအား တဖြည်းဖြည်း မေ့လျော့ကာ နောက်ဆုံး လုံးလုံး သတိမရတော့သော အခြေအနေမျိုး ဖြစ်လာတတ်သည်။

ဤသို့လျှင် ယေဘုယျအားဖြင့် မှန်ကန်သော ဆိုရိုးစကားနှင့်ပတ်သက်၍ ချွင်းချက်တော့ ရှိနေပါသည်။

ယင်းချွင်းချက်ကား လွန်ခဲ့သော ၄၈ နှစ် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ စနေနေ့က ဖြစ်ပွားခဲ့သော မြန်မာ့သမိုင်းတွင် အလွန် အရုပ်ဆိုး အကျည်းတန်ပြီး မည်သို့မှ ဖျောက်ဖျက်ပစ်၍မရနိုင်သည့် အစွန်းအထင်း၊ အမည်းကွက်ကြီး (သို့မဟုတ်) နိုင်ငံတော်လုပ်ကြံမှုကြီးဖြစ်ရာမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ အာဇာနည်ခေါင်းဆောင်ကြီးများ အတုံးအရုံးနှင့် ရေတိမ်နစ် ကျဆုံးခဲ့ရခြင်းသည် အချိန်ကာလ မည်မျှပင် ကြာမြင့်စေကာမူ မေ့ပျောက်၍မရနိုင်သည့် ချွင်းချက်ဖြစ်သည်ဟု ဆိုချင်ပါသတည်း။

အထူးသဖြင့် ၁၉-၇-၄၇ နေ့က ဖြစ်ရပ်နှင့်တကွ [redacted] ယင်း [redacted] လုပ်မတိုင်မီ တစ်လအတွင်းက ဖြစ်ရပ်များကို အနီးကပ်သိရှိခဲ့သူ ကျွ [redacted] တော် [redacted] မမေ့နိုင်ရုံမက ပြင်းစွာ နာကြည်းကြေကွဲခြင်း၊ ယူကြုံးမရဖြစ်ခြင်း [redacted] နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပူဆွေးဝမ်းနည်းခြင်း စသော စိတ်လှုပ်ရှားမှုဒဏ်ကို နှစ်စဉ် ဇူလိုင်လ နီးကပ်လာတိုင်း အလူးအလဲ ခံစားရတတ်ပါသည်။

ဘာကြောင့် ဤသို့ဆိုရကြောင်းကိုလည်း [redacted]ဆက်လက်ဖော်ပြလတ္တံ့သော အကြောင်းအချက်များက အဖြေပေးနိုင်လိ[redacted]ည် ထင်ပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇူလိုင်လဆန်းတွင် 'ဘီအိုဒီ[redacted] ဗြိတိသျှစစ်တပ် ပင်မ လက်နက်ခဲယမ်း သိုလှောင်ရေးတပ်မှ ဘရင်းဂန်[redacted]တော်မီဂန်း၊ စတင်းဂန်း စသော မောင်းပြန်လက်နက်များနှင့်တကွ ခဲယမ်း[redacted]ည်ဆန် အမြောက်အမြား ကို ပစ္စည်းထုတ် ပုံစံအတုများဖြင့် မသမာသူတ[redacted] ထုတ်ယူသွားကြောင်း ကို Special Branch ခေါ် ရဲတပ်ဖွဲ့ဌာနချုပ်၏ [redacted]တင်းတပ်ဖွဲ့'က သတင်း ပို့ အစီရင်ခံခဲ့ပါသည်။

ထိုအချိန်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းသည် နိုင်ငံခြား ခရီး ထွက်နေ၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြက ခေတ္တ ပြည်ထဲရေး ဝန်ကြီးအဖြစ် တာဝန်ယူနေပါသည်။

ဖော်ပြပါ လက်နက်ခဲယမ်းများ လိမ်လည် ထုတ်ယူသွားခြင်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရန် ခေတ္တ ပြည်ထဲရေးဝန်ကြီး အား တာဝန်ပေးလိုက်ပါသည်။

ဝန်ကြီး ဦးမြလည်းပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ကွပ်ကဲသော (နောက်ပိုင်း ပြည်ထောင်စု စစ်ရဲတပ် UMP ဖြစ်လာသည့်) သောင်းကျန်းမှု နှိမ်နင်းရေးတပ်မှ တပ်စိတ်တစ်စိတ်ကို လက်နက်ခဲယမ်း အပြည့်အစုံ (မောင်း ပြန်သေနတ်များအပါအဝင်)နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းအပြင်ဘက် တွင် လုံခြုံရေးတာဝန် ချထားလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားကို သိထားသူ ဝန်ကြီး ဦးမြသည် လက်နက်ကိုင်တပ်စိပ် လုံခြုံရေးအစောင့်ချထားခြင်းကို ဗိုလ်ချုပ်အား လုံး၀ အသိမပေးခဲ့ချေ။ ထို့ပြင် ကျွန်တော့်ကိုလည်း နှစ်ယောက်ချင်းတွေ့၍ ရုံးခန်း ပြင်ဘက်၌ လုံခြုံရေးတပ်စိပ် ချထားကြောင်းကို ဗိုလ်ချုပ်အား မပြောရန် မေတ္တာရပ်ခံခဲ့ပါသည်။ ကျွန်တော်လည်း အလိုက်သိစွာနှင့်ပင် ဦးမြအား ကတိ ပေးပြီး ဗိုလ်ချုပ်အား မပြောဘဲ နေလိုက်ပါသည်။

သို့ရာတွင် ကံဆိုးချင်တော့ တစ်နေ့ ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ရုံးဘက် လာပြီး ဗိုလ်အောင်ကျော်လမ်းဘက် တံခါးပေါက်မှ ရုံးခန်းသို့အဝင်တွင်



မလှမ်းမကမ်းရှိ ဘဏ္ဍာရေးဝန်ကြီးဌာနဘက်သို့ ချိုးကွေ့သည့်ထောင့်နား၌ မောင်းပြန်သေနတ်ကိုင် ရဲဘော်သုံးလေးဦးကို ဗိုလ်ချုပ်က လှမ်းမြင်သွားပါသည်။

ချက်ချင်း ဘာမှမပြောဘဲ ဗိုလ်ချုပ်သည် ရုံးခန်းတွင်းသို့ရောက်တော့မှ ကျွန်တော့်အား နှစ်ယောက်ချင်း ခေါ်မေးပါသည်။

"ဟေ့ကောင် ငါ့ရုံးခန်းရှေ့က လက်နက်ကိုင် ရဲဘော်တွေက ဘာလုပ် တာလဲ"

"ပြည်ထဲရေးဝန်ကြီးက လိုအပ်တယ်ထင်လို့ လုံခြုံရေး အစောင့်ချထား တာပါ"

ကျွန်တော်က ရှင်းပြသည်ကို ဗိုလ်ချုပ်သည် သဘောကျဟန်မတူပါ။

"မလိုပါဘူးကွာ၊ ငါ့ကို ဘယ်သူကမှလည်း လုပ်ကြံမှာမဟုတ်ပါဘူး၊ ငါကလည်း မစိုးရိမ်ဘူး၊ ငါ့ရုံးခန်းရှေ့မှာ လက်နက်ကိုင်ရဲဘော်တွေ ချထား တာကို ငါ မမြင်ချင်ဘူး၊ ဒီတော့ မင်းကိုယ်တိုင် ခုချက်ချင်း ပြည်ထဲရေးဝန်ကြီး ဦးမြဆီ သွားပြီး ငါက ညွှန်ကြားတယ်လို့ပြော၊ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင် ရဲဘော်တွေကို ချက်ချင်း ပြန်ရုပ်ခိုင်းလိုက်၊ ကဲ... မင်း အခုပဲ သွားပြောပေတော့"

ဗိုလ်ချုပ်က တိကျပြတ်သားစွာ ပြောသဖြင့် ကျွန်တော်လည်း ပြည်ထဲ ရေးဝန်ကြီးဌာနသို့ အမြန်သွားရောက်၍ ဝန်ကြီး ပျော်ဘွယ်ဦးမြအား ဗိုလ်ချုပ် က အမိန့်ပေးလိုက်ပုံကို ပြောပြလိုက်ပါသည်။

ဝန်ကြီး ဦးမြသည် အလွန် စိတ်မကောင်းဖြစ်သွားပုံ ရပါသည်။

"ခက်တော့တာပဲကွာ၊ ငါတို့က လုံခြုံရေးအတွက် လိုအပ်တယ်ထင်လို့ လက်နက်ကိုင် တပ်စိပ်ချထားတာကို ဗိုလ်ချုပ်က မြင်သွားတာ ဆိုးတာပဲ၊ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့အမိန့်ကိုလည်း တို့က မနာခံလို့မဖြစ်ဘူး၊ ငါတော့ စိတ်မကောင်းဘူးကွာ"

ဤသို့ ညည်းညူရင်းနှင့်ပင် ဝန်ကြီး ဦးမြသည် သက်ဆိုင်ရာသို့ တယ်လီဖုန်းဆက်၍ ဗိုလ်ချုပ်ရုံးခန်းရှေ့မှ လက်နက်ကိုင် လုံခြုံရေးတပ်စိတ် ကို ချက်ချင်း ရုပ်သိမ်းရန် အမိန့်ပေးလိုက်ရပါတော့သည်။

*

ထိုနေ့ ညနေဘက် ရုံးမှ အိမ်သို့အပြန်တွင် ဗိုလ်ချုပ်သည် စကားများ များမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်နေရင်းမှ ရုတ်တရက် ကောက်ခါငင်ခါ ကျွန်တော့်အား မေးခွန်းထုတ်ပါသည်။

"ဟေ့... တို့အိမ်မှာနေတဲ့ ရဲဘော်တွေမှာ လက်နက်ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ဗိုလ်ချုပ်။ သူတို့က ပြည်သူ့ရဲဘော်တွေဆိုတော့ တရားဝင် လက်နက်ကိုင်အဖွဲ့ဝင် မဟုတ်တဲ့အတွက် လက်နက်မရှိကြပါဘူး"

ကျွန်တော်က အမှန်အတိုင်း ပြောလိုက်ပါသည်။ သည်တော့မှ ဗိုလ်ချုပ်သည် သူ၏စိတ်ထဲ ဖြစ်ပေါ်ခံစားမိပုံကို ပြောပါသည်။

"ငါကိုယ်တိုင်ကတော့ သေရမှာလည်း မကြောက်ဘူး၊ ဘယ်သူကမှ လည်း ငါ့ကို လုပ်ကြံမယ်မထင်ဘူး၊ ဒါပေမဲ့ကွာ အိမ်မှာရှိတဲ့ ကလေးတွေ အတွက်တော့ ငါ စိုးရိမ်သလိုဖြစ်မိတယ်၊ ဒီတော့ လိုလိုမယ်မယ်ပေါ့ကွာ၊ သက်ဆိုင်ရာကို ဒီနေ့ပဲ မင်းကိုယ်တိုင်သွားပြီး ငါက ခိုင်းတယ်လို့ပြော၊ သင့်တော်မယ့် ယက်နက်နည်းနည်းပါးပါး ထုတ်ယူပြီး အိမ်က ရဲဘော်တွေကို ပေးထားလိုက် ဒါပဲ"

ဤသို့ အမိန့်ပေးသဖြင့် ကျွန်တော်လည်း အိမ်ပြန်ရောက်လာသောအခါ သက်ဆိုင်ရာနှင့် ဆက်သွယ် အစီအစဉ်လုပ်ပြီး တော်မီဂန်းတစ်လက်၊ စတင်းဂန်း တစ်လက်၊ ခြောက်လုံးပြူးနှစ်လက်တို့ကို ကျည်ဆံများနှင့်တကွ ထုတ်ယူကာ တာဝါလိမ်းလမ်းရှိ ဗိုလ်ချုပ်အိမ်တွင်နေသော ရဲဘော်များအား ပေးထားလိုက် ပါသည်။

*

နိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်ပွားခဲ့သည်မှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ (ကက်ဘိနက်) အစည်းအဝေးကျင်းပနေခိုက် မသမာသူ လူသတ်သမားအဖွဲ့ က ဝင်ရောက်လုပ်ကြံ ပစ်ခတ်ခြင်းဖြစ်သည်။

အမှန်တော့ ယင်း ဝန်းကြီးအစည်းအဝေးသည် ဇူလိုင် ၁၉ ရက် စနေနေ့တွင် ကျင်းပရန်မဟုတ်ဘဲ 'ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့'တွင် လုပ်ရ မည်ဖြစ်သည်။

ဤနေရာတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အစည်းအဝေးအကြောင်း အနည်းငယ် ရှင်းပြရန်လိုပေလိမ့်မည်။

၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့အာဏာကို လက်ခံရယူပြီးချိန်မှစ၍ ဝန်ကြီးအဖွဲ့ အစည်းအဝေးကို အပတ်စဉ် စနေနေ့ နံနက် ၁၀ နာရီ ကျင်းပနေကျဖြစ်သည်။ ထိုအချိန်က



ဂျွန်ဦးစောသည် ဘုရင်ခံက တိုက်ရိုက်ခန့်အပ်ထားသော ဝန်ကြီးတစ်ဦးဖြစ်နေရာ သူသည်လည်း အပတ်စဉ် စနေနေ့တိုင်း ကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေး သို့ တက်ရသည်။ သို့ရာတွင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရတို့ သဘောတူစာချုပ်ဆိုသော 'အောင်ဆန်း အက်တလီစာချုပ်'ကို ဂျွန်ဦးစောနှင့် သခင်ဗစိန်တို့ သဘောမတူဘဲ ကန့်ကွက် ကြသဖြင့် မြန်မာပြည် ပြန်ရောက်လာသောအခါ ဦးစောနှင့် သခင်ဗစိန်တို့ သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ နှုတ်ထွက်သွားကြရသည်။

ထို့ကြောင့် သူတို့နှစ်ဦးသည် နောက်ပိုင်း ဗိုလ်ချုပ်ဦးဆောင်သော အစိုးရအဖွဲ့ အစည်းအဝေးများသို့ မတက်ကြရတော့ချေ။

ဗြိတိန်နိုင်ငံမှ ပြန်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် အပတ်စဉ် ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) အစည်းအဝေးကို စနေနေ့မလုပ်တော့ဘဲ ဗုဒ္ဓဟူးနေ့ ကျင်းပရန် ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

ယင်းအကြောင်းကို ဂျွန်ဦးစောက မသိ။ ဝန်ကြီးအဖွဲ့အစည်းအဝေး သည် စနေနေ့ ၁၀ နာရီ ကျင်းပမြဲ ကျင်းပနေသည်ဟု ထင်မှတ်နေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ၏ တတိယမြောက် အစည်းအဝေးကို ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့တွင်ကျင်းပရန် သတ်မှတ်ထားပြီးဖြစ်ရုံမက အစည်းအဝေး ဖိတ်စာများကို ဝန်ကြီး အသီးသီးထံသို့ ဖြန့်ဝေထားပြီး ဖြစ်သည်။

သို့သော် ဇူလိုင် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တိုင်းပြည်ပြု လွှတ်တော်၏ ဆပ်ကော်မတီတစ်ခုဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲရေး ကော်မတီ အစည်းအဝေးကျင်းပရန် ကြိုတင် သတ်မှတ်ထားပြီး ဖြစ်နေသည်။ အစည်းအဝေးနှစ်ခု တိုက်နေကြောင်းကို ကျွန်တော်က ဗိုလ်ချုပ်ထံ သတင်းပို့ တင်ပြသောအခါ ဗိုလ်ချုပ်က–

"လွှတ်တော်ကော်မတီ အစည်းအဝေးက အရေးကြီးတယ်၊ လူကြီး တွေလည်း ပါနေတယ်၊ ဒါကြောင့် အဲဒီ အစည်းအဝေးကို ဒီတိုင်းပဲထား၊ ကက်ဘိနက် အစည်းအဝေးကိုတော့ စနေနေ့ ပြောင်းလုပ်လိုက်၊ ဝန်ကြီးတွေ ဆီလည်း ဖိတ်စာအသစ်ရိုက်ပြီး ပေးလိုက်"

ဟု အမိန့်ပေးလိုက်ရာ 'မမေ့နိုင်သော ဇူလိုင် ၁၉ ရက်နေ့'တွင် အစိုးရ အဖွဲ့အစည်းအဝေး ကျင်းပဖြစ်သွားကာ နိုင်ငံတော် လုပ်ကြံမှုကြီးလည်း ဖြစ်ပွား ခဲ့ရပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား ၁၉၄၇ ခုနှစ်၊ ဇူလိုင်လဆန်းက အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်များဖြစ်ရာ ယနေ့ ပြန်လည်သုံးသပ်ကြည့်သောအခါ အလွန်ဝမ်းနည်းယူကြုံးမရ ဖြစ်စရာကောင်းလောက်အောင် ကံကြမ္မာ၏ လှည့်စားမှုသို့မဟုတ် အလှည့်အပြောင်းများကို တွေ့ရပါသည်။

ပထမအချက်အနေဖြင့် အကယ်၍သာ ဗိုလ်ချုပ်အောင်ဆန်းက သူ၏ရုံးခန်းရှေ့မှ လက်နက်ကိုင် လုံခြုံရေးတပ်စိတ်ကို ရုပ်သိမ်းရန် အမိန့်မပေးခဲ့လျှင်...

ဇူလိုင် ၁၉ ရက်နေ့ကျတော့ လူသတ်သမားအဖွဲ့ ဗိုလ်ချုပ်တို့အား လုပ်ကြံရန်လာသောအခါ လုံခြုံရေးတပ်စိတ်နှင့် တိုက်ပွဲဖြစ်ရုံသာ ရှိမည်။ လုပ်ကြံမှုကြီးတော့ မဖြစ်နိုင်။

တိုက်ပွဲဖြစ်လျှင်လည်း လုံခြုံရေးတပ်စိတ်က လူအင်အား၊ လက်နက်အင်အား ပိုကောင်းသဖြင့် လူသတ်သမားအဖွဲ့အား တစ်ယောက်မကျန် သုတ်သင်ခြေမှုန်းပစ်နိုင်မည်မှာ သေချာသည်။

*

အကယ်၍သာ တိုင်းပြည်ပြု လွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီက ဇူလိုင် ၁၆ ရက်နေ့တွင် အစည်းအဝေး ကျင်းပရန် ချိန်းမထားခဲ့လျှင် ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) အစည်းအဝေးကို ခါတိုင်းအပတ်စဉ် ကျင်းပနေကျ ဗုဒ္ဓဟူးနေ့ (ဇူလိုင် ၁၆)တွင် ကျင်းပဖြစ်မည်။ ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးအကြောင်းမသိသူ ဂဠုန်ဦးစောသည် သူ၏ လူသတ်သမားအဖွဲ့အား ဇူလိုင်လ ၁၉ ရက် စနေနေ့တွင် လွှတ်မည်ဖြစ်သည်။ သို့ဖြစ်လျှင် ဝန်ကြီးအစည်းအဝေးမရှိ၍ လုပ်ကြံမှုကြီးလည်း ဖြစ်ပွားမည်မဟုတ်ချေ။

*

အကယ်၍သာ လူသတ်သမားအဖွဲ့သည် ဗိုလ်ချုပ်အား အတွင်းဝန်ရုံးတွင် မလုပ်ကြံဘဲ ဗိုလ်ချုပ်၏နေအိမ် (ဗဟန်းတာဝါလိန်းလမ်း ယခု ဗိုလ်ချုပ်ပြတိုက်တည်ရှိရာ)တွင် လာရောက်လုပ်ကြံပါက သူတို့သည် ဗိုလ်ချုပ်ရှိရာအိမ်ပေါ်ထပ်သို့ပင် တက်နိုင်မည်မဟုတ်။ ဗိုလ်ချုပ်၏အမိန့်ဖြင့် ကျွန်တော်ကိုယ်တိုင် လက်နက်တပ်ဆင်ပေးထားသော အိမ်ရှိရဲဘော်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်မည်။ ယင်းသို့ တိုက်ပွဲဖြစ်လျှင် အိမ်မှ ပြည်သူ့ရဲဘော်များသည် ဘီဒီအေ



တပ်မတော်နှင့် ဖက်ဆစ်တော်လှန်ရေး တပ်သားရဲဘော်များဖြစ်၍ လက်နက်ကိုင်တွယ်မှု ကျွမ်းကျင်သည့်ပြင် တိုက်ပွဲအတွေ့အကြုံလည်း ရှိသောကြောင့် လူသတ်အဖွဲ့အား အလွယ်တကူပင် တွန်းလှန်တိုက်ခိုက်ပစ်နိုင်မည် ဖြစ်သည်။

သို့ရာတွင် လူသတ်အဖွဲ့သည် ဗိုလ်ချုပ်အိမ်သို့မလာဘဲ လက်နက်ကိုင်အစောင့်မရှိသော အတွင်းဝန်ရုံးသို့ သွားရောက်လုပ်ကြံခဲ့သည်။

ထို့ကြောင့်လည်း လုပ်ကြံမှုကြီး ဖြစ်မြောက်ခဲ့ရသည်။

ဗိုလ်ချုပ်ခမျာ ဖခင်တို့၏ ကြီးမားသော မေတ္တာအဟုန်ကြောင့် လူမမယ်ရင်သွေးငယ်များအတွက် စိုးရိမ်မကင်းဖြစ်ကာ "လိုလိုမယ်မယ်ပေါ့ကွာ"ဟုဆိုပြီး ကျွန်တော့်အား အိမ်မှ ရဲဘော်များအား လက်နက်တပ်ဆင်ခိုင်းခဲ့သည်။ သူ့ကိုယ်သူအတွက်တော့ လုံးဝမစိုးရိမ်ဘဲ "ငါက သေရမှာလည်း မကြောက်ဘူး၊ ဘယ်သူမှလည်း ငါ့ကို လုပ်ကြံမှာ မဟုတ်ပါဘူး"ဟု ပြောခဲ့ရှာသည်။ သို့သော် တကယ်ကျတော့ သူထင်သလို မဖြစ်ခဲ့။ သူ ချစ်မြတ်နိုးသော ရင်သွေးငယ်များ ဘာမှမဖြစ်ဘဲ သူကိုယ်တိုင်ကသာ ၁၉-၇-၄၇ နေ့က မရှုမလှ 'ရေတိမ်နစ်' ကျဆုံးခဲ့ရရှာသည်။

ကံတရားက ဗိုလ်ချုပ်နှင့်တကွ ကျွန်တော်တို့ နိုင်ငံသားအားလုံးကို ဒက်ခတ်သလို ပျက်ရယ်ပြု လှည့်စားလိုက်ခြင်းပေလား။

ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမရ ကံ၊ ကံ၏အကျိုးကို ယုံကြည်ရမည်ဟု ညွှန်ပြထားပါသည်။ ထို့ကြောင့် မည်သို့မှ မမေ့နိုင်သော ဇူလိုင် (၁၉)ရက်၊ စနေနေ့က ဖြစ်ရပ်အကြောင်း ပြန်ပြောင်းသတိရမိတိုင်း-

"သတ္တဝါမှန်သမျှ ကံစီမံ ဖန်တီးရာသာ လိုက်နာ၊ နာခံနေကြရသည်ပါတကား"

ဟူသော အင်္ဂုတ္တရနိကာယ် အဘိဓမ္မာသုတ်တော်လာ တရားသဘောအတိုင်း ဆင်ခြင်နှလုံးသွင်း၍ သံဝေဂဉာဏ်ပွားများကြရန်သာ ရှိပါတော့သတည်း။

□

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာနေရူး

'နေရူး'ဆိုသည်မှာ လွတ်လပ်သော အိန္ဒိယနိုင်ငံကြီး၏ ပထမဆုံး ဝန်ကြီးချုပ် 'ဂျဝါဟာလ်လာ–နေရူး' JAWAHALAL NEHRU ပင် ဖြစ်ပါသည်။

အိန္ဒိယပြည်ကြီး ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးအတွက် အထူး ခဲယဉ်းပင်ပမ်းစွာ ကြိုးစားခဲ့ရသည်။ သမိုင်းတစ်လျှောက် ကွယ်လွန်သူ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီနှင့်တန်းတူ ထင်ရှားကျော်ကြားခဲ့သူ ကမ္ဘာ့သိ နိုင်ငံရေးခေါင်းဆောင်ကြီးလည်း ဖြစ်သည်။

အိန္ဒိယ လွတ်လပ်ရေးသမိုင်းအကြောင်းပြောလျှင် ဂန္ဒီကြီးနှင့် နေရူးတို့ မပါလျှင်မဖြစ်။ သူတို့နှစ်ဦးနှင့် အိန္ဒိယလွတ်လပ်ရေး ခွဲခြားမရအောင်ပင် အရေးပါလှသော ပုဂ္ဂိုလ်ကြီးနှစ်ဦးပေတည်း။

သူတို့နှစ်ဦးကို ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသား ကိုအောင်ဆန်း ဘဝကပင် အထူးလေးစား ကြည်ညိုခဲ့သည်။ သူတို့၏ နိုင်ငံရေးလှုပ်ရှားမှု များကိုလည်း မပြတ်လေ့လာသဖြင့် 'ပဏ္ဍိတ်–နေရူး'ခေါ် 'ပဏ္ဍိတ်ဂျဝါဟာလာလ်–နေရူး'၏ အင်္ဂလိပ်အရေးအသားကို အလွန် သဘောကျသဖြင့် တက္ကသိုလ် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် မစ္စတာနေရူးရေးသည့် စာအုပ် များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာဖတ်ရှုခဲ့သည်။ အင်္ဂလိပ်စာ အရေးအသား အလွန်ကောင်းသလို နေရူးရေးသော စာအုပ်များတွင် သူ၏ တွေးခေါ်မြော်မြင်မှု ဒဿနအမြင်များလည်း ပါရှိလေရာ ကိုအောင်ဆန်းသည် ဖတ်ပြီးသားစာအုပ် များကို ထပ်မံဖတ်ရှု၍ ပိုင်နိုင်ကျေညက်အောင် လေ့လာခဲ့ပါသည်။



ဤသို့လျှင် အိန္ဒိယခေါင်းဆောင်ကြီး နေရူး၏ စာအုပ်များကို ဂရုစိုက် လေ့လာဖတ်ရှုခြင်းအလေ့သည် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းအဖို့ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်တော၊ ထိုမှတစ်ဆင့် ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)၏ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာချိန်တွင် လည်း ဆက်လက်တည်ရှိခဲ့ပြီး အားလပ်ချိန်ရတိုင်း မစ္စတာနေရူး၏ အင်္ဂလိပ် ဘာသာ စာအုပ်များကို ဖတ်ရှုလေ့လာတတ်ကြောင်းကို ကျွန်တော် သတိပြုမိ ခဲ့ပါသည်။

၁၉၄၄–ခုနှစ်က ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဝန်ကြီး ရုံးတွင် အမှုထမ်းနေစဉ် တစ်နေ့ ဗိုလ်ချုပ်က ကျွန်တော့်အားခေါ်ပြီး ကိစ္စတစ်ခု ကိုခိုင်းရာ သူ့ရုံးခန်းတွင်းသို့ ကျွန်တော်ဝင်သွားချိန် ဖတ်လက်စစာအုပ်တစ်အုပ် စားပွဲပေါ်ချထားသည်ကို မြင်မိပါသည်။

ကျွန်တော်လည်း ဗိုလ်ချုပ် ဖတ်နေတာ ဘာစာအုပ်ပါလိမ့်ဟု သိလို သဖြင့် အမှတ်မဲ့ လှည့်ကြည့်လိုက်ရာ အိန္ဒိယခေါင်းဆောင်ကြီးနေရူး ဗြိတိသျှ နယ်ချဲ့အစိုးရ အကျဉ်းထောင်ထဲတွင် ချုပ်နှောင်ခံနေရစဉ် ပြင်သစ်ရှိသူ၏ တစ်ဦးတည်းသောသမီး 'အင်ဒီရာ' (နောက်ပိုင်း ဝန်ကြီးချုပ်ဖြစ်လာပြီး လုပ်ကြံခံရ၍ ကွယ်လွန်သွားရှာသူ 'အင်ဒီရာဂန္ဒီ') ထံသို့ ထောင်တွင်းမှ လှမ်း ရေးခဲ့သည့်စာများကို စုပေါင်းပုံနှိပ်ထားသော 'သမီး အင်ဒီရာသို့' အမည်ရှိ စာအုပ်ဖြစ်နေကြောင်း တွေ့ရပါသည်။

ယင်းစာအုပ်ကို ဗိုလ်ချုပ်သည် နှစ်ခေါက်ထက်မနည်း ဖတ်ပြီးကြောင်း ကျွန်တော် သိထားပြီးဖြစ်သည်။ ယခုလည်း တစ်ခေါက်ထပ်၍ ဖတ်နေခြင်းမှာ နေရူး အင်္ဂလိပ်စာ အရေးအသားကို အထူးသဘောကျ၍ ဖြစ်ရမည်ဟု စိတ်ထဲ မှ ကောက်ချက်ချမိပါသည်။

*

အမှန်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယခေါင်းဆောင်ကြီး 'နေရူး'တို့ တွေ့ဆုံသိကျွမ်း ခင်မင်ရင်းနှီးခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် ဖြစ်ပါသည်။

၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်မှောက် အရေးတော်ပုံအပြီး ဖြစ်ပေါ် လာသော ရလဒ်တစ်ခုကား ယခင်က မရှိသေးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းကြီး စတင် အကောင်အထည်ပေါ်လာခဲ့ခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ယင်းမြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တက္ကသိုလ်သမဂ္ဂမှ အမှုဆောင် (အိုးဝေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ ဟောင်း) ကိုအောင်ဆန်း ရွေးချယ်တင်မြှောက်ခြင်း ခံရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ပြည်လုံးကျွတ် ကျောင်းသားညီလာခံကြီးကို ၁၉၃၇ ခုနှစ်က မန္တလေးမြို့တွင် ကျင်းပခဲ့ပါသည်။

ယင်းညီလာခံ မကျင်းပမီက ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် မိမိတို့ မြန်မာကျောင်းသားများ၏ တက်ကြွမှုနှင့် ရည်မှန်းချက်၊ မျှော်ခေါ်ချက်များ ကို နိုင်ငံခြားသို့တိုင်အောင် ကျယ်ပြန့်စွာ သိရှိစေရန် ရည်ရွယ်လျက် ပထမဆင့် အနေဖြင့် မန္တလေး ကျောင်းသားညီလာခံသို့ နာမည်ကျော် အိန္ဒိယခေါင်းဆောင် ကြီး မစ္စတာ 'နေရူး'အား ဖိတ်ကြားရန် စိတ်ကူးရလာမိပါသည်။ လူချင်းလည်း မသိကျွမ်းသေး။ ဆက်သွယ်မှုလည်း အလျဉ်းမရှိလင့်ကစား ကိုအောင်ဆန်း သည် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသူ တစ်ယောက်အဖြစ် မစ္စတာနေရူးအား မန္တလေး ကျောင်းသားညီလာခံသို့ ကြွက်ရောက်ချီးမြှင့်ပါရန် စာလှမ်းရေးပြီး ဖိတ်ကြားခဲ့ပါသည်။

အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးသည် 'အောင်ဆန်း'ဆိုသူ မြန်မာ ကျောင်းသားခေါင်းဆောင်အကြောင်း ၁၉၃၆ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် သပိတ်ကာလအတွင်းက သတင်းစာများမှတစ်ဆင့် စတင် သိရှိရာမှ စိတ်ဝင်စား ခဲ့မိပါသည်။ အလွန်ထက်မြက်တက်ကြွသော လူငယ်တစ်ဦးဖြစ်၍ အလားအလာ ရှိသော ခေါင်းဆောင်လောင်းတစ်ဦးပေလောဟုလည်း သိလိုရာမှ အနီးကပ် လေ့လာချင်စိတ် ဖြစ်ပေါ်လာပြီး မန္တလေး ကျောင်းသားညီလာခံ တက်ရောက် ရန် ဆုံးဖြတ်လိုက်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း၏ ဖိတ်ကြားချက်ကို အိန္ဒိယ ခေါင်းဆောင်ကြီး မစ္စတာနေရူး လက်သင့်ခံပြီး မန္တလေး ကျောင်းသားညီလာခံသို့ သူကိုယ်တိုင် လာတက်မည့်အကြောင်း သတင်းကြားရသောအခါ ရန်ကုန်မြို့၊ ဗြိတိသျှ ဘုရင်ခံနှင့်တကွ အစိုးရအဖွဲ့ ဝန်ကြီးများသည် အထူး အံ့အားသင့်သွားကြတော့သည်။ သို့ရာတွင် အံ့အား သင့်ရုံမှလွဲ၍ ဘာမှ မတတ်နိုင်ချေ။ အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံလုံးသည် ဗြိတိသျှ အင်ပါယာအတွင်းမှ နိုင်ငံများသာဖြစ်၍ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ 'ပတ်စ်ပုတ်' ခေါ် နိုင်ငံကူးလက်မှတ်မလိုဘဲ လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိသောကြောင့်



အစိုးရအနေဖြင့် မစ္စတာနေရူး မန္တလေး ကျောင်းသားညီလာခံသို့ လာရောက် မည့်အရေးကို ပိတ်ပင်ဟန့်တားခြင်းလည်း မပြုနိုင်ဘဲ အသာကြည့်နေလိုက်ရ တော့သည်။

သို့နှင့်ပင် မန္တလေးမြို့၌ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂညီလာခံသို့ နာမည်ကျော် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးသည် ချောမောစွာ တက်ရောက်နိုင်ခဲ့ပါသည်။

*

စစ်ကြိုခေတ်က ရန်ကုန်တက္ကသိုလ်သမဂ္ဂ အစည်းအဝေးများ ကျင်းပ ရာတွင် (အင်္ဂလိပ်ဘာသာကို ရုံးသုံးဘာသာအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသော ခေတ်ဖြစ်၍) အစည်းအဝေးများကို အင်္ဂလိပ်လို ပြောဆိုကျင်းပကြရပါသည်။ မန္တလေးမြို့တွင်ကျင်းပသည့် ကျောင်းသားညီလာခံတွင်မူ ဥက္ကဋ္ဌ ကိုအောင်ဆန်း အနေဖြင့် သဘာပတိ မိန့်ခွန်းကို မြန်မာလိုပြောမည်ဆိုလျှင် ပြောနိုင်သော်လည်း ကမ္ဘာကျော် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးကိုယ်တိုင် တက်ရောက် သည့်ပြင် သူ၏လှုပ်ရှားမှုမှန်သမျှ အမြဲ သတင်းလိုက်ယူနေကြသော 'ရိုက်တာ' 'အေပီ' စသော နိုင်ငံခြား ကြေးနန်းသတင်းဌာနများမှ သတင်းထောက်များ လည်း လာရောက် သတင်းယူမည်ဖြစ်သောကြောင့် ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် သူ၏ သဘာပတိ မိန့်ခွန်းကို အင်္ဂလိပ်လိုပင်ပြောရန် ဆုံးဖြတ်လိုက်သည်။

**မှတ်ချက်** ။ ။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် အချက်တစ်ခုမှာ အရေးကြီးသည့် မိန့်ခွန်း (ဥပမာ၊ ၁၉၄၆ ခု၊ ရွှေတိဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံ သဘာပတိမိန့်ခွန်း၊ ဖဆပလ အဖွဲ့ချုပ်ဦးစီး ညီလာခံများမှ ဥက္ကဋ္ဌမိန့်ခွန်း)များကို သူကိုယ်တိုင် စိတ်တိုင်းကျ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး တကယ့် အစည်း အဝေးကိုတော့ ရေးပြီးသား အင်္ဂလိပ်လို မိန့်ခွန်းမူရင်းကိုကိုင်၍ မြန်မာ လို လက်တန်းပြောသွားလေ့ရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သူ၏ မိန့်ခွန်းများအနက် နာမည်အကြီးဆုံး ၁၉၄၆ ခု၊ ရွှေတိဂုံ ညီလာခံ သဘာပတိ မိန့်ခွန်းမူရင်းသည် အင်္ဂလိပ်ဘာသာဖြင့်သာ ရှိနေခြင်း ဖြစ်ပါသည်။

**စာရေးသူ**

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး ကျောင်းသားညီလာခံတွင် ဥက္ကဋ္ဌ ကိုအောင်ဆန်း၏ သဘာပတိမိန့်ခွန်းကို ကြိုတင်ရေးထားသည့် မူရင်းအတိုင်း အင်္ဂလိပ်လိုပင် တိုက်ရိုက်ပြောလိုက်သဖြင့် အိန္ဒိယခေါင်းဆောင်ကြီး နေရူးနှင့်တကွ သတင်းထောက်များလည်း ကောင်းစွာ နားလည်သဘောပေါက်သွားခဲ့ပါသည်။

ထို့ကြောင့်လည်း ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် သူ၏ သဘာပတိမိန့်ခွန်းတွင် ကျောင်းသားရေးရာ ကိစ္စများသာမက ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာရေးရာအပေါ် သုံးသပ်ချက်၊ မြန်မာလူငယ်အများစု၏ သဘောထားနှင့် မျှော်ခေါ်ချက် စသည်တို့ကိုပါ ပြည့်စုံအောင် ထည့်သွင်းပြောသွားခဲ့ပါသည်။

ယင်းမိန့်ခွန်းကို မစ္စတာနေရူးသည် အထူး ဂရုစိုက်နားထောင်ရာမှ 'အောင်ဆန်း'အမည်ရှိ လူငယ်တစ်ဦးအကြောင်း ကောင်းစွာ သဘာပေါက်သွားတော့သည်။ သူ၏ အရည်အသွေးကိုလည်း အကဲဖြတ်နိုင်ခဲ့ပါသည်။

ဝမ်းနည်းဖွယ်ကောင်းသည်ကား အထက်ဖော်ပြပါ မန္တလေး ကျောင်းသားညီလာခံမှ ဥက္ကဋ္ဌ ကိုအောင်ဆန်း၏ သဘာပတိမိန့်ခွန်းကို ယနေ့ မည်သို့မှ ရှာမရနိုင်တော့ခြင်းပင် ဖြစ်ပါသည်။ ထိုအချိန်ကတော့ ရန်ကုန်မြို့ ရေကျော်ရပ်မှ ထုတ်ဝေသည့် မြန်မာပိုင် 'နယူးဘားမား' အင်္ဂလိပ်သတင်းစာတွင် အပြည့်အစုံ ထည့်သွင်းဖော်ပြခဲ့ပါသော်လည်း စစ်ပြီးခေတ် ၁၉၄၇ နောက်ပိုင်းကျတော့ 'နယူးဘားမား' သတင်းစာ ဖိုင်တွဲဟောင်းများပင် ရှာမတွေ့တော့ပါချေ။

*

ကိုအောင်ဆန်းသည် မန္တလေး ကျောင်းသားညီလာခံကို မစ္စတာနေရူးလို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး တက်ရောက်ရန် ဖိတ်ကြားခြင်းကို လက်သင့်ခံလိုက်၍ အတိုင်းအထက် အလွန် ဝမ်းမြောက် ဂုဏ်ယူမိသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ရှေ့အနာဂတ် အလားအလာအတွက် အလွန်ကောင်းလာပြီဟု သူ၏ စိတ်ထဲမှ ကောက်ချက်ချလိုက်မိသည်။ ထို့ကြောင့် ကျောင်းသားညီလာခံ ကျင်းပနေ၍ အလွန် အလုပ်များနေသည့်ကြားမှ ရသလောက် အချိန်ယူကာ မစ္စတာနေရူးနှင့် ရင်းနှီးပွင့်လင်းစွာ စကားပြောဆို ဆွေးနွေးခဲ့ပါသည်။

မစ္စတာနေရူးကလည်း 'အောင်ဆန်း'ဆိုသူအား အနီးကပ် လေ့လာ အကဲခတ်ရင်း အသက်အရွယ်နှင့်မလိုက်အောင် နိုင်ငံရေး အမြော်အမြင်ရှိသူ တစ်ဦးပါတကားဟု သုံးသပ်မိလေသည်။ ဤသို့လျှင် မစ္စတာနေရူးက ဗိုလ်ချုပ်



အောင်ဆန်းအပေါ် ၁၉၃၇ ခုနှစ်ကပင် သုံးသပ်ခဲ့ကြောင်းကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်းက ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ လန်ဒန်သို့အသွား အိန္ဒိယပြည်သို့ ခေတ္တဝင်၍ မစ္စတာနေရူးနှင့် တွေ့ဆုံ အကြံဉာဏ်တောင်းခဲ့စဉ် သူ၏သမီး 'အင်ဒီရာဂန္ဒီ'ကိုယ်တိုင် ကျွန်တော့်အား ပြောပြဖူးပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအပေါ် မစ္စတာနေရူးက သုံးသပ်မှတ်ချက်ချရာတွင် အင်္ဂလိပ်ဘာသာဖြင့် ပြောခဲ့သည့် စကားအတိအကျကတော့–

"Aung San's intelligene and political insight are unusual for his age!"

ဟူ၍ပင် ဖြစ်သည်။ အဓိပ္ပာယ်ကတော့ 'အောင်ဆန်း၏ အသိဉာဏ်နှင့် နိုင်ငံရေးအမြော်အမြင် ကြီးမားမှုသည် သူ၏ အသက်အရွယ်နှင့်မလိုက်အောင်ပင် ထူးချွန်ထက်မြက်သည်'ဟူ၍ပင်တည်း။

*

အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးသည် မန္တလေးကျောင်းသားညီလာခံသို့လာရောက်ပြီး ပြန်သွားသောအခါ မြန်မာကျောင်းသားခေါင်းဆောင် 'အောင်ဆန်း'ဆိုသူအား သတိရနေခဲ့ပါသည်။

ထို့ကြောင့် ၁၉၄၀ ပြည့်နှစ်ဆန်းက အိန္ဒိယပြည် 'ရမ်းလား'မြို့၌ ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် (CONGRESS) ပါတီညီလာခံကြီးသို့ ကိုအောင်ဆန်းအား ဖိတ်ကြားရန် စိတ်ကူးရမိလေသည်။

သို့သော် ထိုအချိန်က ကိုအောင်ဆန်းမှာ ကျောင်းသားခေါင်းဆောင် မဟုတ်တော့။ နိုင်ငံရေးကို အချိန်ပြည့်လုပ်ရန် ဆုံးဖြတ်လျက် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာ အထွေထွေ အတွင်းရေးမှူး 'သခင်အောင်ဆန်း' ဖြစ်နေပေပြီ။

ယင်းအချက်ကို မစ္စတာနေရူးက သိထားပြီးဖြစ်သော်လည်း သူနှင့် သိကျွမ်းခင်မင်နေပြီးဖြစ်သူ မြန်မာလူငယ်ခေါင်းဆောင် အောင်ဆန်းအား မဖြစ်မနေ ဖိတ်ကြားလိုသဖြင့် အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနှင့်တကွ တို့ဗမာအစည်းအရုံးမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ 'ရမ်းလား ကွန်ဂရက်ညီလာခံ'သို့ လေ့လာသူ (OBSERVER) အဖြစ် တက်ရောက်ပါရန် ဖိတ်ကြားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံမှ 'ကွန်ဂရက်' CONGRESS ပါတီသည် အင်အားအကြီးဆုံးပါတီဖြစ်ပြီး ဂန္ဒီ၊ နေရူးစသော ထူးချွန်ထက်မြက်သော ထိပ်သီးခေါင်းဆောင်များ၏ ဦးဆောင်ကွပ်ကဲမှုဖြင့် ကမ္ဘာကျော်အောင်ပင် ထင်ရှားသည့် နိုင်ငံရေးပါတီကြီးတစ်ခုပင် ဖြစ်သည်။ ယင်းကွန်ဂရက်ပါတီ၏ ညီလာခံဆိုလျှင်လည်း နိုင်ငံတကာအဆင့်မီ အလွန် စည်းကမ်းစနစ်ကျစွာ ကျင်းပလေ့ရှိသောကြောင့် 'သခင်အောင်ဆန်း'သည် 'ရမ်းလား' ကွန်ဂရက် ပါတီညီလာခံသို့ လာရောက်လေ့လာရန် ဖိတ်ကြားစာ လက်ခံရရှိသောအခါ အထူးပင် ဝမ်းမြောက်အားတက်သွားမိတော့သည်။ အားတက်ရခြင်း အကြောင်းတစ်ခုက သူ အလွန်စိတ်ဝင်စားပြီး အတုယူလိုသော လုပ်နည်းလုပ်ဟန် စည်းကမ်း စနစ်များကို 'ရမ်းလား' ကွန်ဂရက် ညီလာခံသို့ တက်ရောက်လေ့လာခွင့် ရရှိသောကြောင့်ပင်တည်း။ သို့နှင့်ပင် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းခေါင်းဆောင်သော တို့ဗမာအစည်းအရုံးမှ လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၀ ပြည့်နှစ်က အိန္ဒိယပြည် 'ရမ်းလား' ကွန်ဂရက် ညီလာခံကြီးသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

ကွန်ဂရက်ပါတီ ထိပ်သီး ခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတာ'နေရူး' သည် သခင်အောင်ဆန်းတို့အဖွဲ့ လာရောက်သည်ကို အထူး ဝမ်းမြောက်ဝမ်းသာလျက် လှိုက်လှဲပျူငှာစွာ ခရီးဦးကြိုပြုကာ အဖက်ဖက်မှ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံပြုစုနိုင်အောင်လည်း သူကိုယ်တိုင် ညွှန်ကြား စီစဉ်ပေးခဲ့ပါသည်။

ညီလာခံအပြီးတွင် သခင်အောင်ဆန်းတို့အဖွဲ့ အခြား မည်သည့်နေရာဒေသများသို့ သွားရောက်လေ့လာလိုပါသေးသနည်းဟု မစ္စတာနေရူးက မေးရာ သခင်အောင်ဆန်းသည် သူ၏စိတ်ထဲ ကြိုတင် ကြံစည်ထားသည့်အတိုင်း–

"အနောက်မြောက် နယ်ခြားဒေသ ပြည်နယ်ဘက်သို့ ခဏသွားရောက်လေ့လာချင်ပါတယ်"ဟု သွက်လက်စွာ ပြန်ဖြေလိုက်သည်။

မှတ်ချက် ။ ။ အနောက်မြောက် နယ်ခြားဒေသပြည်နယ်ဆိုသည်မှာ နောက်ပိုင်း ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်လာသော အာဖဂန်နယ်စပ်ရှိ (NORTH WEST FRONTIER PROVINCE) ပြည်နယ်ပင် ဖြစ်သည်။

စာရေးသူ



မစ္စတာနေရူးကလည်း ချက်ချင်းပင် လိုက်လျောလျက် အစီအစဉ်များ လုပ်ပေးလေရာ သခင်အောင်ဆန်းတို့အဖွဲ့သည် သူတို့ အထူး စိတ်ဝင်စားနေမိသော 'အနောက်မြောက် နယ်ခြားဒေသပြည်နယ်'သို့ လက်တွေ့ သွားရောက်လေ့လာခွင့် ရခဲ့ကြပါသည်။

သခင်အောင်ဆန်းတို့ စိတ်ဝင်စားနေမိသည်ဆိုခြင်းမှာ အကြောင်းရှိပါသည်။ ထိုခေတ်က အိန္ဒိယနိုင်ငံ 'အနောက်မြောက် နယ်ခြားဒေသပြည်နယ်' တွင် ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အထူးပြင်းထန်သူ နိုင်ငံရေးခေါင်းဆောင်တစ်ဦး ရှိသည်။ ယင်းခေါင်းဆောင်သည် ဗြိတိသျှ ဆန့်ကျင်ရေးစိတ်ဓာတ် အထူးပြင်းထန် တက်ကြွသောကြောင့် 'နယ်စပ်ဒေသဂန္ဒီကြီး' ဟု ကျော်ကြားနေသည်။ ကမ္ဘာကျော် မဟတ္တမဂန္ဒီကြီး'ကဲ့သို့ ဗြိတိသျှ ဆန့်ကျင်ရေး စိတ်ဓာတ် ပြင်းထန်သူဖြစ်၍ 'နယ်စပ်ဂန္ဒီကြီး'ဟု တင်စားခေါ်ဆိုနေကြခြင်း ဖြစ်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးသည် မဟတ္တမဂန္ဒီနှင့် မတူသောအချက် ရှိနေသည်။ ယင်းကား အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရရန် ဗြိတိသျှနယ်ချဲ့တို့အား လက်နက်စွဲကိုင် တိုက်ခိုက်မှုဖြစ်မည်ဟု 'နယ်စပ်ဂန္ဒီကြီး'က ယုံကြည်ခြင်းပင် ဖြစ်သည်။ သူသည် 'အနောက်မြောက် နယ်ခြားဒေသ'ရှိ ပြည်သူလူထုအား ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးတိုက်ယူရန် သွေးထိုးလှုံ့ဆော်ပေးနေပါသည်။ ယင်းအချက်ကို သခင်အောင်ဆန်းသည် အထူး စိတ်ဝင်စားပါသည်။ သူတို့ မြန်မာလူငယ် နိုင်ငံရေးသမားများကလည်း ဗြိတိသျှနယ်ချဲ့ထံမှ မြန်မာ လွတ်လပ်ရေးကို တိုက်ယူရန် ဆုံးဖြတ်ထားပြီးဖြစ်၍ အိန္ဒိယပြည်မှ 'နယ်စပ်ဂန္ဒီကြီး'နှင့် တွေ့ဆုံဆွေးနွေးလိုသဖြင့် 'ရမ်းလားကွန်ဂရက်' ညီလာခံအပြီးတွင် မစ္စတာနေရူး၏ အကူအညီဖြင့် 'အနောက်မြောက် နယ်ခြားဒေသပြည်နယ်' သို့ရောက်အောင် သွားခဲ့ကြခြင်းဖြစ်သည်။

သခင်အောင်ဆန်းသည် သူ ရည်ရွယ်သည့်အတိုင်းပင် အနောက်မြောက်ဒေသပြည်နယ်တွင် 'နယ်စပ်ဂန္ဒီကြီး'နှင့် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါသည်။ သို့သော် ထိုအချိန်က ဗြိတိသျှအစိုးရ၏ အထောက်လှမ်းရေး (စီအိုင်ဒီ)မသိအောင် အထူး လျှို့ဝှက်ထားရန် အရေးကြီးသဖြင့် သခင်အောင်ဆန်းနှင့် 'နယ်စပ်ဂန္ဒီကြီး' တို့ တွေ့ဆုံဆွေးနွေးခြင်းကို ရှေ့သို့ရှင်ကြား သတင်းများ ထုတ်ပြန်ကြေညာခြင်းမပြုဘဲ အသာ လျှို့ဝှက်ထားလိုက်ကြပါသည်။

မည်သို့ပင်ဖြစ်စေ ဗြိတိသျှအစိုးရအား လက်နက်စွဲကိုင် တိုက်ခိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခေတ်မီ မြန်မာ စစ်တပ်ဖွဲ့စည်းရန် ကြံစည်နေသူ သခင်အောင်ဆန်း အဖို့ အိန္ဒိယနိုင်ငံ 'အနောက်မြောက် နယ်ခြားဒေသပြည်နယ်'သို့ သွားရောက် လေ့လာခြင်းသည် အကျိုးရှိခဲ့ပါသည်။

အိန္ဒိယပြည် 'ရမ်းလား ကွန်ဂရက်ညီလာခံ'မှ ပြန်လာပြီး များမကြာမီပင် သခင်အောင်ဆန်းအား ဖမ်းဆီးရန် ဗြိတိသျှအစိုးရက ဝရမ်းထုတ်ပြန်ခဲ့လေရာ ရန်ကုန်မြို့ရှိ တို့ဗမာအစည်းအရုံးနှင့် ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များက သခင်အောင်ဆန်းအား မြန်မာနိုင်ငံတွင် ကြာရှည်ဆက်နေခြင်းဟာ မသင့်တော်တော့ဟု ဆုံးဖြတ်လျက် သခင်လှမြိုင် (ဗိုလ်ရန်အောင်)နှင့်အတူ တရုတ်ပြည် 'အမွိုင်'မြို့သို့ 'ဟိုင်းလီ'သင်္ဘောဖြင့် လျှို့ဝှက်စွာ ထွက်သွားစေခဲ့ကြပါသည်။

*

မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးညှိနှိုင်းရန်အတွက် ဗြိတိသျှအစိုးရက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ လာရောက်ပါရန် ဖိတ်ကြားခဲ့ရာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ထက် နောက်မကျဘဲ အရောက်လာပါဟုလည်း ဖိတ်ကြားစာတွင် ဖော်ပြပါရှိပါသည်။

ဗိုလ်ချုပ်သည် ဗြိတိန်နိုင်ငံသို့ တိုက်ရိုက်မသွားချင်သေးဘဲ အိန္ဒိယပြည်သို့ ခေတ္တဝင်၍ ခေါင်းဆောင်ကြီး မစ္စတာနေရူးနှင့် တွေ့ဆုံဆွေးနွေးရင်း အကြံဉာဏ်များ တောင်းလိုသဖြင့် သခင်မြ အမှူးပြုသော ကျန်ကိုယ်စားလှယ် အဖွဲ့ဝင်များအား နောက်ငါးရက်ကြာမှ လေယာဉ်မှင့် ကရာချိမြို့သို့ လိုက်လာရန် ညွှန်ကြားကာ သူကတော့ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် ရန်ကုန်မှ နယူးဒေလီမြို့သို့ ကြိုတင် ထွက်ခွာခဲ့ပါသည်။

နယူးဒေလီမြို့ မစ္စတာနေရူး၏ နေအိမ်မှာပင် ကျွန်တော်တို့ကို တည်းခိုစေပြီး မစ္စတာနေရူးသည် ဗိုလ်ချုပ်အောင်ဆန်းအား အထူး ရင်းနှီးပွင့်လင်းစွာ စကားပြောဆိုဆွေးနွေးရင်း ဗြိတိသျှအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် အသုံးပြုရမည့် နည်းပရိယာယ်များကိုပါ အသေးစိပ် အကြံပေးခဲ့ပါသည်။

ကျွန်တော် လေ့လာအကဲခတ်ကြည့်ရသလောက် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးသည် မြန်မာပြည်မှ 'အောင်ဆန်း'အမည်ရှိ လူငယ်ခေါင်းဆောင်၏ အရည်အသွေးထက်မြက်မှုကို သဘောကျမ်ရာမှ အနာဂတ်အတွက် အားကိုးချင်သည့်သဘောလည်း ရှိဟန်တူပါသည်။



ထိုအချိန်က အရှေ့တောင်အာရှ နိုင်ငံအများစုမှာ နယ်ချဲ့လက်အောက်ခံ ကိုလိုနီများဖြစ်နေသည်။ ယင်း ကိုလိုနီနိုင်ငံများသည် လွတ်မြောက်ရေးအတွက် အထူး ကြိုးပမ်းလျက် ရှိကြသည်။ သို့ရာတွင် မစ္စတာနေရူးသည် ထိုနိုင်ငံများမှ ခေါင်းဆောင်ပိုင်းကို အားမရမိချေ။ ဗီယက်နမ်မှ လွတ်မြောက်ရေးခေါင်းဆောင် 'ဟိုချီမင်း'ဆိုလျှင် အသက်အရွယ်အားဖြင့် အိုမင်းရင့်ရော်နေပြီ ဖြစ်သည်။ အင်ဒိုနီးရှားမှ 'ဒေါက်တာ ရှားရီးမား' ဆိုလျှင်လည်း အသက်ကြီးရုံမက ကျန်းမာရေးအခြေအနေကပါ မကောင်းသဖြင့် မစ္စတာနေရူးက အားမရဖြစ်နေမိသည်။ အရှေ့တောင်အာရှတွင် ကျန်းမာနုပျိုပြီး ထက်မြက်တက်ကြွသော ခေါင်းဆောင်ဟူ၍ မြန်မာနိုင်ငံမှ 'အောင်ဆန်း'တစ်ယောက်ကိုသာ မစ္စတာနေရူးအနေဖြင့် မြင်မိတော့သည်။ မျက်စိကျနေမိသည်။

ထို့ကြောင့်ပင်လျှင် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က မြန်မာနိုင်ငံ လုပ်ကြံမှုကြီးအကြောင်းကို 'ရိုက်တာ' ကြေးနန်းသတင်းဌာနမှတစ်ဆင့် အိန္ဒိယပြည် နယူးဒေလီမြို့သို့ နေ့ချင်းပင် ရောက်ရှိသွားသောအခါ ခေါင်းဆောင်ကြီး မစ္စတာနေရူးက 'အောင်ဆန်း ကျဆုံးတာဟာ မြန်မာနိုင်ငံအတွက်သာမဟုတ်၊ အာရှနိုင်ငံအားလုံးအတွက် အလွန် ထူးချွန်ထက်မြက်တဲ့ခေါင်းဆောင်ကောင်းတစ်ဦး ဆုံးရှုံးရခြင်းဖြစ်တယ်'ဟု နှမြောတသ ယူကျုံးမရဖြစ်လျက် မျက်ရည်စက်လက်ဖြင့် မှတ်ချက်ချခဲ့ခြင်းပင် ဖြစ်ပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများ

'ငါလည်း မင်းတို့လို စာရေးဆရာ ဖြစ်ချင်တယ်ကွာ'

ဤသို့လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် သူ့နှလုံးသားအတွင်းကိန်းအောင်းတည်ရှိနေသော တောင့်တချက်ဆန္ဒကို ကျွန်တော့်အား ဖွင့်ပြောခဲ့သည်မှာ နှစ်ကြိမ်တိုင်တိုင် ဖြစ်ပါသည်။

ပထမအကြိမ်က ၁၉၄၅ ခု၊ ဒီဇင်ဘာလ။

၁၉၄၆ ခု၊ ဇန်နဝါရီလတွင် ကျင်းပလတ္တံ့သော ရွှေတိဂုံအလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံကြီးတွင် သူပြောရမည့် သဘာပတိ မိန့်ခွန်းရှည်ကြီးကို ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ကြိုးစားရေးသားနေချိန်က ဖြစ်ပါသည်။

တစ်နေ့တွင် ဗိုလ်ချုပ်သည် မိန့်ခွန်းရေးသားခြင်းကို ခေတ္တရပ်နားဍ လက်ဖက်ရည်သောက်ရင်း မန္တလေးမှ လူထုဦးလှနှင့် ဒေါ်အမာတို့ ထုတ်ဝေသော 'လူထု'ဂျာနယ်မှ ကျွန်တော့်ဝတ္ထုတို ထစ်ပုဒ်ကိုဖတ်မိပြီး အားကျမိဟန်ဖြင့် စာရေးဆရာဖြစ်ချင်ကြောင်းကို ဖွင့်ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

နောက်တစ်ကြိမ် အလားတူ သူ ပြောခဲ့သည်မှာ ၁၉၄၇ ခုနှစ်၊ ဧပြီလက ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေး အကြိုကာလ၌ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံအနှံ့အပြားသို့ ခရီးလှည့်လှည့်၍ စည်းရုံးဟောပြောရင်း ဇပြီလဆန်းသော် သူ၏ဇနီး သားသမီးများနှင့်အတူ မေမြို့ (ပြင်ဦးလွင်)သို့ ရောက်နေခိုက် ခေတ္တအပန်းဖြေ အနားယူနေခဲ့ပါသည်။ ခါတိုင်းဆိုလျှင် လုပ်ငန်းတာဝန်ဖြင့် ခရီးထွက်ရာတွင် သူ၏မိသားစုကို ခေါ်လေ့မရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ အပြန်ခရီးကို မကွေး၊ တောင်တွင်းကြီး၊ အောင်လံ၊ ပြည်မြို့မှတစ်ဆင့် ရန်ကုန်သို့ ဆင်းရန်ဖြစ်ရာ ဗိုလ်ချုပ်က မတွေ့ရတာကြာပြီဖြစ်သော မိခင်ကြီး ဒေါ်စုအား နတ်မောက်မြို့သို့ ဝင်ကန်တော့ရင်း ချစ်ဇနီး ဒေါ်ခင်ကြည်နှင့်တကွ မိခင်ကြီး ဒေါ်စု၏မြေးများကိုပါ ပြလိုသောကြောင့် ရန်ကုန်မှအထွက် ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

တစ်ညနေတွင် မေမြို့ရှိ တည်းခိုရာ အိမ်ဝင်းအတွင်း မြက်ခင်းပြင်တွင် သူ၏ကလေးများ ဆော့ကစားနေပုံကိုကြည့်ပြီး ကြည်နူးပီတိဖြစ်နေရာမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ကျွန်တော့်အား ရင်ဖွင့်သလို ပြောပါသည်။

'ဟောကောင် ငါတော့ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက အနားယူမယ် စိတ်ကူးတယ်၊ တိုင်းပြည်အုပ်ချုပ်ရေး တာဝန်ကိုတော့ ငါတို့ရဲ့လုပ်ဖော်ကိုင်ဖက် လူကောင်းတွေလွှဲပေးပြီး ငါကတော့ အနားယူရင်း စာရေးဆရာလုပ်ချင်တယ်၊ မင်းကလည်း စာရေးဆရာ ဖြစ်နေပြီဆိုတော့ ငါ့အဖို့ အဖော်လည်းရတာပေါ့၊ ငါတို့ဆရာတပည့်နှစ်ယောက် စာရေးစားရင် ဖြစ်နိုင်ပါလိမ့်မယ်ကွာ၊ တို့နှစ်ယောက်စလုံး ဗမာလိုရော၊ အင်္ဂလိပ်လိုပါ စာတွေရေးကြမယ်၊ ဒါမှလည်း ငါ့မိသားစုအတွက် လောက်မယ်၊ တကယ်ပါကွာ၊ ငါက တက္ကသိုလ်ကျောင်းသားဘဝထဲက စာရေးဆရာ ဖြစ်ချင်တဲ့ဆန္ဒ ရှိခဲ့တယ်'

ဤသို့လျှင် ဗိုလ်ချုပ်သည် သူ၏ ရင်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာ ဖွင့်ပြောခဲ့ပါသည်။

သို့ရာတွင် နောက်သုံးလမျှအကြာ ရန်ကုန်မြို့ အတွင်းဝန်ရုံး အစည်းအဝေးခန်းမ၌ မသမာသူ လူယုတ်မာတို့၏ လုပ်ကြံမှုဖြင့် မရှုမလှ 'ရေတိမ်နစ်' ကျဆုံးရတော့မည်ဟူသော ကံကြမ္မာ၏ အလှည့်အပြောင်းကို ဗိုလ်ချုပ်က သိမသွားရှာသည်မှာ အမှန် ကြေကွဲရင်နင့်ဖွယ် ကောင်းလှပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် သူ နှစ်ကြိမ်တိုင်တိုင် ဖွင့်ပြောခဲ့သလို စာရေးဆရာဖြစ်ချင်သည်ဆိုသည့်အတိုင်း တကယ်လည်း စာရေးဆရာဖြစ်နိုင်သော အရည်အချင်း အပြည့်အဝရှိကြောင်းကို ကျွန်တော့်အနေဖြင့် စောစောပိုင်းကပင် ကြိုတင် သိရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် သမဂ္ဂခေါင်းဆောင် အဖြစ်မှ နုတ်ထွက်၍ အချိန်ပြည့် နိုင်ငံရေးလုပ်ရန် တို့ဗမာအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး 'သခင် အောင်ဆန်း'ဘဝကတည်းက သူသည် စာရေးဆရာဖြစ်နေပြီဟု ဆိုနိုင်ပါသည်။

သူ့အား ဗမာ့လွတ်လပ်ရေး တပ်မတော်၏ သေနာပတိ ဗိုလ်တေဇ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမှ စတင် သိကျွမ်းခဲ့သူများဆိုလျှင် စစ်ကြိုခေတ် (၁၉၄၁ ခုနှစ်မတိုင်မီ) ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း နှင့် တို့ဗမာအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး 'သခင်အောင်ဆန်း' ဘဝက စာပေအရေးအသား ကျွမ်းကျင်မှုနှင့် စာပေစွမ်းရည်အကြောင်း သိကြမည် မဟုတ်ပါချေ။

*

သူသည် ပင်ကိုယ်သဘာဝစရိုက်အားဖြင့် စိတ်ဓာတ်ခိုင်မာ ပြင်းထန်သူ ဖြစ်သည့်အလျောက် တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေ အတွင်းရေးမှူး အဖြစ် အချိန်ပြည့် နိုင်ငံရေးလုပ်ရန် ဆုံးဖြတ်လိုက်ချိန်မှစ၍ နတ်မောက်မြို့ရှိ မိခင်ထံမှ ငွေကြေးထောက်ပံ့မှု အကူအညီမယူဘဲ မိမိကိုယ်တိုင် ရန်ကုန်မြို့တွင် ဖြစ်သလို ရပ်တည်နေထိုင်ရင်း နိုင်ငံရေး လုပ်ခဲ့ပါသည်။

သို့သော် ရေကျော်လမ်းရှိ တို့ဗမာအစည်းအရုံးမှာပင် နေထိုင်ပြီး ခြိုးခြံ ချွေတာစွာ သုံးစွဲရန်အတွက် လိုအပ်သောငွေကိုမူ သူသည် စာရေးခြင်းပညာ ဖြင့် ကြိုးစားရှာဖွေခဲ့ပါသည်။

ရန်ကုန်အရှေ့ပိုင်း မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) ရေကျော် ရှိ မြန်မာပိုင်တစ်ခုတည်းသော 'နယူးဘားမား' (အင်္ဂလိပ်)သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံရေးဆောင်းပါးများ ရေးသားခြင်း။

ထိုခေတ်က နာမည်ကျော်ကြားဆုံး မဂ္ဂဇင်းဖြစ်သော 'ဒဂုန်မဂ္ဂဇင်း' တွင် မြန်မာဘာသာဖြင့် ဆောင်းပါးများရေးသားခြင်း။

မြန်မာ့အလင်း နေ့စဉ်သတင်းစာကြီးအတွက် (နာမည်မဖော်ဘဲ) အယ်ဒီ တာအာဘော် သို့မဟုတ် 'ခေါင်းကြီး'များ ရေးသားခဲ့ခြင်း စသည်ဖြင့် နိုင်ငံရေး တာဝန်တွေ များပြားသည့်ကြားမှပင် ကြိုးစား၍ စာပေများ ရေးသားခဲ့ပါသည်။

သတင်းစာ ခေါင်းကြီးပိုင်း တစ်ပိုဒ်လျှင် မြန်မာ့အလင်းသတင်းစာ တိုက်အုပ်ဦးတင်က စာမူခ တစ်ဆယ်ကျပ် ပေးခဲ့ပါသည်။



ဒဂုန်မဂ္ဂဇင်း၊ တာဝန်ခံအယ်ဒီတာ ဦးချင်းစိန် (ရွှေညာမောင်)ဆိုလျှင် လည်း ၁၉၃၆ ခုနှစ်၊ တက္ကသိုလ် သပိတ်အတွင်းကပင် ကိုအောင်ဆန်းအား လေးစား ကြည်ညိုခဲ့သဖြင့် ဒဂုန်မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်လျှင် စာမူခ ငွေသုံးဆယ် ပေးခဲ့ပါသည်။ အခြား စာရေးဆရာများ စာမူခ ဆယ့်ငါးကျပ် နှစ်ဆယ်ခန့်သာ ရရှိချိန်၌ စာရေးဆရာ သခင်အောင်ဆန်း ရခဲ့သော စာမူခ ငွေသုံးဆယ်မှာ ထိုခေတ်က အတော်များသည် ဆိုနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတွင် စာရေးဆရာဖြစ်နိုင်သော အရည်အချင်းရှိ သည်ကို စောစောကပင် ကျွန်တော် သိရှိခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း သူ၏ စာရေးသားမှု အရည်အသွေးကို ခန့်မှန်း အကဲခတ်နိုင်ရန် အောက်ပါ သူ၏ စစ်ကြိုခေတ် စာပေလက်ရာအချို့ကို အထောက်အထားအဖြစ် ကောက်နုတ်တင်ပြလိုက်ရပါသည်။

*

တက္ကသိုလ်သမဂ္ဂ၏ ကြွေးကြော်သံ 'အိုးဝေ' မဂ္ဂဇင်းတာဝန်ခံ ကို အောင်ဆန်းသည် သူ၏ယုံကြည်ချက်နှင့် အတွေးအခေါ်ကို အောက်ပါအတိုင်း ရေးသားခဲ့ဖူးပါသည်။

"ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင်ယံ၊ ယင်းမှောက်မိုက် အတွင်းမှနေ၍ အနိုင်မခံ၊ အရှုံးမပေးလိုသော ငါ့စိတ်ကို ဖန်ဆင်းပေးသူ နတ်၊ သိကြားတို့အား ငါသည် ကျေးဇူးစကား ဆိုပါ၏။

လောကဓံတရား၏ လက်ခုပ်တွင်းသို့ ဘယ်လိုပင် ကျရောက်စေကာမူ ငါကား မတုန်လှုပ်၊ မငိုကြွေး၊ ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်ကြောင့် ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီနေ၏။ သို့သော် ညွတ်ကား မညွတ်။

လောဘ၊ ဒေါသတို့၏ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်းတရား သည် ကြောက်မက်ဖွယ်ရာ ငံ့လင့်နေ၏။ သို့ပင်မူ ငါ့အား မတုန်မလှုပ်သည် ကိုသာ တွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကို တွေ့ရ ပေအံ့။

သုဂတိသွားရာ၊ တံခါးဝသည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်း၏ ခွေးရေပရပိုက်၌ ငါ၏အပြစ်တို့ကို မည်မျှပင် ရေးမှတ်ထားသည် ဖြစ်စေ၊ ငါကား ဂရုမပြု။ ငါသာလျှင် ကံ၏အရှင်သခင်ဖြစ်၍ ငါသာလျှင် စိတ်၏ အကြီးအကဲ ဖြစ်တော့၏။"

*

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းတွင် 'သခင်အောင်ဆန်း' ကလောင်အမည်ဖြင့် ရေးသားခဲ့သော 'နိုင်ငံရေးအမျိုးမျိုး' ဆောင်းပါးမှ အောက်ပါ ကောက်နုတ်ချက်များသည်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်နှင့်အမျှ ဗိုလ်ချုပ်၏ စာပေရေးသားဖွဲ့ဆိုပုံ၊ ရေးနည်းရေးဟန်တို့ကို လေ့လာအကဲခတ်နိုင်ပါသည်။

"ဤဆောင်းပါးရေးရာတွင် နိုင်ငံရေးဆိုသောစကားကို ရှေးဦးစွာသုံးသပ် ရန်လိုသည်။ 'တိုင်းရေးပြည်ရေး ပေါက်နှင့်ကြေး' 'ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်းရေးချယ်' စသည်ဖြင့် ရှေးမြန်မာစာများတွင် ဖတ်ရမှတ်ရပါ၏။ ယင်းစကားများသည် ကောင်းလည်းကောင်း၏။ ဆိုးလည်းဆိုး၏။ ကောင်းပုံကား နိုင်ငံရေး၏ ခက်ခဲနက်နဲသောအဓိပ္ပာယ်၊ ကျယ်ဝန်းသောအဓိပ္ပာယ်၊ သိမ်မွေ့သော အဓိပ္ပာယ်တို့ကို ဆောင်၏။ ဆိုးပုံကား ကြားရသူများအား လမ်းစ ရှာမတွေ့စေဘဲ ဆိုင်းဝိုင်းတွင် တီးလိုက်တိုင်းမြည်သည့် စည်ကဲ့သို့ ပညာရှိကြီးသဖွယ် လူများ အထင်ကြီးအောင် ပြောအောင်၊ ပြောလို့ရသည့် စကားလည်း ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့အဖို့မှာ နိုင်ငံရေးဆိုသည့် အဓိပ္ပာယ် အကျယ်အဝန်း အတိုင်းအထွာကို စဉ်းစားမိ၏။

'မြန်မာပြည်၏ နိုင်ငံရေးသမိုင်းကို ပြန်ပြောင်း၍ကြည့်လျှင် နိုင်ငံရေးဆိုသည်မှာ ဘယ်လိုဟာမျိုးပါဟု တပ်တပ်အပ်အပ် မရှိသည်ကို တွေ့ရ၏။ မြန်မာများအဖို့ ဟုမ္မရူး၊ အင်ဒီပင်းဒင့်၊ ဘုံဝါဒ၊ ဆင်းရဲသားဝါဒ၊ ဝံသာနုစသည်ဖြင့် မီးနိုးမဆုံး မိုးမဆုံး ဖြစ်နေခဲ့သည်'

အင်္ဂလိပ်လို 'ပေါလစ်တစ်' POLITICS ဆိုသောစကားသည် အင်္ဂလိပ်စကားမဟုတ်။ 'ပေါလစ်တစ်'ဟူသည် ခေါမတိုင်းခေါ် ဂရိတ်နိုင်ငံမှ စတင်ပေါ်ပေါက်လာ၏။ ခေါမဘာသာဖြင့် 'ပေါလစ်တစ်ကာ' (politika) ဆိုသောစကားမှ ဆင်းသက်လာ၏။ အဓိပ္ပာယ်ကား လူအများ စုပေါင်းအုပ်ချုပ်မှုဟူ၍ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးကို ဆိုရှယ်ဆိုင်းယင့်စ် SOCLAL SCIENCE ခေါ် ပေါင်းသင်းဆက်ဆံမှု သိပ္ပံပညာဟု ယူဆရမည်ဖြစ်၏။

'အထက်တွင် တင်ပြခဲ့သော နိုင်ငံရေး သဘောကို အကျယ်ဖွင့်ကာဖွင့်ရလျှင် ကုန်နိုင်ဖွယ်ရာမရှိ။ သို့သော် ပိုမိုသဘောပေါက်စေခြင်းငှာ ထပ်မံသရုပ်ဆောင်ပြရဦးအံ့။ နိုင်ငံရေးသည် လူမှုရေးကိစ္စအားလုံးပင် ဖြစ်၏။



'နောက်တစ်နည်းကား လူသားတို့သည် လူရိုင်းဘဝမှ လူယဉ်ခေတ်ရောက်လာသည့်အခါ 'နိုင်ငံရေး'ပေါ်လာသည်ဟု ဆိုကြ၏။

'ကျွန်တော်၏ အယူအဆတွင်မူ နိုင်ငံရေးကို သိပ္ပံပညာအရ ထင်မြင်သုံးသပ်မှသာ မှန်ကန်သည်ဟု ထင်မိပါ၏။"

*

အထက်ပါ ကောက်နုတ်ချက်များကို လေ့လာကြည့်ခြင်းအားဖြင့် ထိုခေတ် ၁၉၄၀ က နိုင်ငံရေး သိပ္ပံပညာ (POLITLCAL SCIENCE) အကြောင်း ရေးသားနိုင်သူ အလွန်ရှားနေချိန်တွင် သခင်အောင်ဆန်း၏ ရေးသားချက်များအရ သူသည် နိုင်ငံရေးသိပ္ပံအကြောင်း ပိုင်နိုင်စွာ လေ့လာထားကြောင်း သိသာထင်ရှားပါသည်။

*

တစ်ဖန် ဗိုလ်ချုပ်အောင်ဆန်း၏ စာပေရေးသားမှု 'ဟန်'နောက်တစ်မျိုးကို တင်ပြလိုပါသေးသည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လတွင် ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေး (အတု) ပေးခဲ့သောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်၏ သေနာပတိရာထူးအပြင် အဓိပတိ ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင်လည်း 'စစ်ဝန်ကြီး'ရာထူးပါ ရခဲ့ပါသည်။ ထိုအခါ သူ၏ စစ်ဝန်ကြီးရုံးကို ရန်ကုန်မြို့ ဦးဝိစာရလမ်း၏ အရှေ့ဘက်ခြမ်း (နောက်ပိုင်း ဝိဇယရုပ်ရှင်ရုံ တည်ရာမှ မြောက်ဘက်ယွန်းယွန်း)တွင် ထားရှိခဲ့ပါသည်။

ဗိုလ်ချုပ်ကိုယ်တိုင်က 'စစ်ဝန်ကြီး'အဖြစ် နေ့စဉ် ရုံးတက်ပြီး တပ်မတော်တစ်ခုလုံးကို စီမံခန့်ခွဲ ကွပ်ကဲခဲ့ပါသည်။ အသစ်ဖွဲ့စည်းလိုက်သော စစ်ဝန်ကြီးရုံး အခြေကျလာသောအခါ အချိန်အနည်းငယ်ရသဖြင့် ဗိုလ်ချုပ်သည် သူစောစောကပင် ရေးသားရန် ရည်ရွယ်ထားခဲ့သော စာရေးခြင်းအလုပ်ကို စတင်လုပ်ခဲ့ပါသည်။

သူရေးသည့်စာကတော့ အင်္ဂလိပ်ဘာသာဖြင့် AUTO BIOGRAPHY ခေါ် ကိုယ်ရေးအတ္ထုပ္ပတ္တိပင် ဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်သည် သူ အလွန် စိတ်ဝင်စားစွာဖြင့် ရေးနေသော ကိုယ်ရေးအတ္ထုပ္ပတ္တိကို ပြီးအောင် အဆုံးမသတ်နိုင်ခဲ့ရှာပါ။ ၁၉၄၄ တွင် ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်မှု အရေးတော်ပုံအတွက် လှုံ့ဆော်ပြင်ဆင်မှုများဖြင့် အလွန်အလုပ်များလာသောကြောင့် ဗိုလ်ချုပ်၏ ရေးလက်စ ကိုယ်ရေးအတ္ထုပ္ပတ္တိကို တစ်ပိုင်းတစ်စနှင့်ပင် ရပ်ထားခဲ့ရသည်မှာ ၁၉၄၇ ခုနှစ်၊ သူ ကွယ်လွန်သွားချိန်အထိပင် ဖြစ်ပါသည်။

ယင်းဗိုလ်ချုပ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမှ အောက်ပါ ကောက်နုတ်ချက်ကို လေ့လာကြည့်ကြပါစို့။

'ကျွန်တော်သည် လူရိုင်းဘဝက လာလေသလား မသိ။ ယနေ့အထိ လူရိုင်းသဘောမျိုးနေချင်သည့် စိတ်ထားများ ရှိနေသည်။ ရံဖန်ရံခါ လူယဉ်ကျေးဆိုသူများနှင့် အသားမကျခဲ့။ မျက်စိနောက် မြင်ပြင်းကပ်လာသည်။ ထိုအခါ ငါသည် လူရိုင်းဟု ဇာတိစွဲဖြစ်ချင်သည့်စိတ် ပေါ်လာတတ်သည်။ လူရိုင်းကားကြမ်း၏၊ ခက်ထန်၏။ သို့သော် ဖြူဖြောင့်၏၊ တည်ကြည်၏၊ လွတ်လပ်၏၊ ကျန်းမာ၏၊ သန်စွမ်း၏။ ကျွန်တော်၏စိတ်ဝယ် အင်မတန် စိုပြေလတ်ဆတ်သောဘဝဟု ယူဆမိသည်။ မြန်မာပြည်ရှိ လူအားလုံး လူရိုင်းဘဝသို့ ရောက်ချင်ရောက်သွားပါစေ။ လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာ ကြိုက်သည်၊ နှစ်သက်သည်။ 'ကျွန်တော်သည် စိမ်းလန်းစိုပြေသော၊ ကျယ်ပြန့်သော လွင်ပြင်ရိုင်းတွင် လက်ပန်း ပေါက်ခတ်၍ လွတ်လွတ်လပ်လပ် မြူးတူးအော်ဟစ်နေလိုသည်'

အထက်ပါ ကောက်နုတ်ချက်ကိုကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာစကားပြေ ရေးသားဟန်ကို ပေါ်လွင်ထင်ရှားသည်ဟု ဆိုရပါမည်။ ဝါကျတည်ဆောက်ပုံက တိုတိုတုတ်တုတ်နှင့် လိုရင်းကို ထိထိမိမိ ရေးဖွဲ့ထားသည်။ သုံးသည့်ဝေါဟာရ စကားလုံးများကလည်း တိကျပြတ်သားသည်။ ဟန်ဆောင်မှုကင်းသော သူ၏ ပင်ကိုယ်သဘာဝ စရိုက်ကိုပါ ပေါ်လွင်စေသည့်အပြင် သူ၏နှလုံးသားအတွင်း ကိန်းအောင်းတည်ရှိနေသော ဖြစ်ပေါ်ခံစားချက်ကိုပါ ပွင့်လင်းစွာ ဖော်ထုတ်ရေးဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်း၏ စာပေအရေးအသားအကြောင်း ပြောရလျှင် သူ၏ အင်္ဂလိပ်စာရေးသားမှု ကျွမ်းကျင်ပုံကိုပါ ဖော်ထုတ် တင်ပြရပါမည်။



၁၉၅၆ ခုနှစ်က ကျွန်တော်သည် လုပ်သား (အင်္ဂလိပ်) သတင်းစာအတွက် 'တပ်မတော်နေ့' ဆောင်းပါးတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ဖူးပါသည်။

ယင်းဆောင်းပါး၌ ကျွန်တော်သည် ၁၉၄၅–ခုနှစ်၊ ဩဂုတ်လက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးသားဖတ်ကြားခဲ့သော 'ဖက်ဆစ်တော်လှန်ရေးစစ်တမ်း' အင်္ဂလိပ်ဘာသာမူရင်းမှ ကောက်နုတ်ချက်အချို့ကို ကိုးကားခဲ့ပါသည်။

ယင်းဆောင်းပါးကို သတင်းစာတွင်မထည့်မီ ပာစ်ရက်က လုပ်သား (အင်္ဂလိပ်စာ) သတင်းစာ အယ်ဒီတာချုပ် ဦးခင်မောင်လတ် (ဒေါ်ခင်မျိုးချစ်၏ ခင်ပွန်း)က ကျွန်တော့်ကို တယ်လီဖုန်းဆက်မေးပါသည်။

'ကိုနေဝင်း၊ ခင်ဗျားဆောင်းပါးက ကောင်းပါတယ်၊ ကျွန်တော်တို့ သုံးမှာပါ၊ ဒါထက် အဲဒီဆောင်းပါးမှာ ခင်ဗျား ကောက်နုတ် ကိုးကားထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အင်္ဂလိပ်လို 'ဖက်ဆစ်တော်လှန်ရေးစစ်တမ်း' ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးခဲ့တာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကများ ရေးပေးတာလား'

'ဗိုလ်ချုပ်ကိုယ်တိုင် ရေးတာပါ၊ အဲဒါတော့ ကျွန်တော် ကောင်းကောင်း သိပါတယ်၊ ဘာဖြစ်လို့လဲ ဆရာခင်မောင်လတ်'

'ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်စာ အရေးအသား ကောင်းလွန်းလို့ပါပဲ၊ ဝေါဟာရကြွယ်ပုံ၊ ဝါကျတည်ဆောက်ပုံ၊ စကားလုံးတွေ သုံးထားပုံက ဗိုလ်ချုပ်လို မြန်မာစာ ဦးစားပေးသင်တဲ့ ရေနံချောင်း နေရှင်နယ်ကျောင်းက ထွက်လာသူတစ်ဦးရဲ့လက်ရာနဲ့ လုံးဝ မတူဘူးဗျ၊ ရှင်းရှင်းပြောရရင် ခရစ်ယာန်သာသနာပြုကျောင်း (ယူရိုပီယမ်ကျောင်း) ထွက်တွေထက်တောင် သာနေလို့ အံ့ဩစရာကောင်းလို့ပါ၊ တကယ်ပါဗျာ ဗိုလ်ချုပ်လို အင်္ဂလိပ်စာရေးသားမှု ပိုင်နိုင်ကျွမ်းကျင်သူမျိုးဟာ အလွန်ရှားပါတယ်။ ကဲ... ဒါပါပဲ'

*

ဤသို့လျှင် သူကိုယ်တိုင်က မဟာဝိဇ္ဇာ (အင်္ဂလိပ်)ဘွဲ့ရ အင်္ဂလိပ်စာပြ ဆရာကြီးတစ်ဦးလုပ်ခဲ့သူ ဦးခင်မောင်လတ်ကိုယ်တိုင် ဖွင့်ဟချီးကျူးခဲ့ရလောက်အောင် ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်စာကျွမ်းကျင်မှုသည် အံ့ဩဖွယ်ရာ ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် 'လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးက အနားယူပြီး စာရေးဆရာလုပ်မယ် စိတ်ကူးတယ်'ဟု ၁၉၄၇-ခုနှစ်၊ ဧပြီလက ပြင်ဦးလွင် (မေမြို့)တွင် ပြောခဲ့သူ ဗိုလ်ချုပ်သည် တကယ်ပင် စာရေးဆရာ (အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ) ကျွမ်းကျင်သူတစ်ဦး ဖြစ်နိုင်သည်မှာ လုံးဝ ယုံမှားဖွယ် မရှိပါကြောင်း တင်ပြလိုက်ရပါသည်။

□



## အစ်မက လိမ်ပြောတာကိုးဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များ ဆုတ်ခွာသွားကြပြီးနောက် ၁၉၄၃ ခုနှစ်ကုန်နှင့် ၁၉၄၄ ခုနှစ်မှစ၍ အိန္ဒိယနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအား ပြန်လည်သိမ်းယူရန် တန်ပြန်ထိုးစစ်ဆင်ရာတွင် အဓိက တာဝန်ယူရသော ဗြိတိသျှ အမှတ် ၁၄ တပ်မတော်၏ သေနာပတိ ဗိုလ်ချုပ်ကြီး (နောက်ပိုင်း 'ဖီးလ်မာရှယ်'ခေါ် ဗိုလ်ချုပ်မှူးဖြစ်လာသူ)ဆာဝီလျံဆလင်း (Sir William Slim) သည် ဗိုလ်ချုပ်အောင်ဆန်းအား လုံးဝ အထင်မကြီးရုံမက ဗိုလ်ချုပ်၏ ဗမာ့တပ်မတော်တစ်ခုလုံးကို အထင်သေးခဲ့သူ ဖြစ်ပါသည်။

ဤသည်မှာလည်း အကြောင်းရှိပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက 'တပ်ဖွဲ့ ၁၃၆' (FORCE 136) ခေါ် ဗြိတိသျှ စစ်ထောက်လှမ်းရေးအဖွဲ့က ဗိုလ်ချုပ်အောင်ဆန်း၏ တပ်မတော်အကြောင်း လျှို့ဝှက်သတင်းပို့ အစီရင်ခံရာတွင်-

'အောင်ဆန်း၏တပ်မှ လူအများစုသည် ပညာအရည်အချင်း မရှိသူများ၊ အလုပ်လက်မဲ့ လူတေလူပေများ၊ အဆင့်အတန်း မရှိသူများသာ ဖြစ်သည်။ အရာရှိဆိုသူများကိုယ်တိုင်က ပညာတတ်များမဟုတ်၊ တပ်ပုံစံကလည်း စည်းကမ်းစနစ်မရှိသဖြင့် စိတ်မချရ'

စသည်ဖြင့် မဟုတ်မမှန် ဖြစ်ကတတ်ဆန်း သတင်းများသာ ပို့ခဲ့လေရာ ဗိုလ်ချုပ်ကြီး 'ဆလင်း'အနေဖြင့် ဗမာ့တပ်မတော်နှင့်တကွ ဗိုလ်ချုပ်အောင်ဆန်းကို အထင်မကြီးခဲ့ခြင်း ဖြစ်သည်။ သူသည် စစ်မဖြစ်မီက မြန်မာနိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနှင့် ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ်မှတစ်ဆင့် မွေးဖွားပေါ်ပေါက်လာသူ 'အောင်ဆန်း'အမည်ရှိ လူငယ်ခေါင်းဆောင်၏ ထူးချွန်ထက်မြက်မှု အကြောင်းများကို လေ့လာခဲ့သူလည်း မဟုတ်ကြောင်း 'တပ်ဖွဲ့ ၁၃၆'၏ မဟုတ်မမှန် ထောက်လှမ်းရေးသတင်းများကိုသာ အခြေပြုလျက် ဗိုလ်ချုပ်အောင်ဆန်းအား အထင်သေးခဲ့ခြင်း ဖြစ်လေသည်။

ထို့ပြင် ဗမာ့တပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အရှေ့တောင်အာရှ မဟာမိတ်ပေါင်းစု သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး 'မောင့်ဘက်တင်'၏ ဌာနချုပ်တို့ လျှို့ဝှက် အဆက်အသွယ် ရရှိကြောင်းကိုလည်း စောစောပိုင်းက ဗိုလ်ချုပ်ကြီး 'ဆလင်း'သည် မသိခဲ့ချေ။

သို့ရာတွင် သူ့အထက်မှ အကြီးအကဲ တပ်ပေါင်းစု သေနာပတိချုပ်ကြီးက ၁၉၄၅ ခုနှစ်တွင်–

'ဗမာပြည်တွင်းမှ အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးပါ၊ အောင်ဆန်းနှင့် သူ၏တပ်များ ကူညီပူးပေါင်းမှုရမှသာလျှင် ဂျပန်တပ်များကို ထိရောက်စွာ တိုက်နိုင်မည်"ဟု ညွှန်လိုက်သဖြင့် ဗိုလ်ချုပ်ကြီး 'ဆလင်း'သည် ဗြိတိသျှ အမှတ် ၁၄ တပ်မတော်ဌာနချုပ်ရှိရာ မိတ္ထီလာမြို့၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

*

ယင်းသို့ လူချင်းတွေ့ဆုံ စကားပြောပြီးချိန်မှစ၍ ဗြိတိသျှဗိုလ်ချုပ်ကြီး 'ဆလင်း'၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ထင်မြင်ချက်သဘောထား အကြီးအကျယ် ပြောင်းသွားခဲ့ပါသည်။

ဗိုလ်ချုပ်သည် ဗမာ့တပ်မတော်၏ မေဂျာဂျင်ရယ်လ် (ဗိုလ်ချုပ်) ယူနီဖောင်းဝတ်စုံ အပြည့်အစုံ ဝတ်ဆင်သွားရာ ဂျပန် ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်တစ်ဦးနှင့်ငယ်နေသဖြင့် ရေးခေတ် 'ဆာမူရိုင်း'ခေါ် ဂျပန်သူရဲကောင်းတို့၏ ဆောင်ဓားတစ်လက်ကိုပါ ခါးတွင်ချိတ်ဆွဲလျက် တည်ငြိမ်သော ဣန္ဒြေနှင့် ဗြိတိသျှ စစ်ဌာနချုပ်အတွင်းသို့ လျှောက်ဝင်သွားပုံကိုမြင်လျှင် အချို့ အင်္ဂလိပ် အရာရှိများက ရုတ်တရက် ဒေါသအားသင့်သွားကြတော့သည်။ သို့သော် ချက်ချင်းပင် ဗိုလ်ချုပ်က ဗိုလ်ချုပ်ကြီး 'ဆလင်း'အား အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရည်မွန်စွာ နှုတ်ဆက်စကားပြော၍ ဗြိတိသျှ ဗိုလ်ချုပ်ကြီးကလည်း ပြုံးရွှင်စွာ ပြန်လည်စကားပြောကြတော့မှ အားလုံး နေသာထိုင်သာ ရှိသွားကြပါတော့သည်။



ဗြိတိသျှ အမှတ် ၁၄ တပ်မတော် သေနာပတိ ဗိုလ်ချုပ်ကြီး 'ဆလင်း' သည် 'အောင်ဆန်း'ဆိုသူအား မြင့်မြင့်ချင်းပင် တပ်မှူးကောင်းတစ်ဦးဟု အကဲခတ်မိသည့်အပြင် အင်္ဂလိပ်စကားကို အထူးကျွမ်းကျင်စွာ ပြောနိုင်ပုံ၊ နိုင်ငံတကာရေးရာ၊ ကမ္ဘာစစ်မက်ရေးရာအခြေအနေ စသည်တို့ကို နိုင်ငံရေးသိပ္ပံပညာဆိုင်ရာ ဝေါဟာရ ကြွယ်ဝစွာဖြင့် ဆွေးနွေးပြောဆိုနိုင်ပုံတို့ကြောင့် စောစောက သူ့ထံရောက်လာသည့် 'ထောက်လှမ်းရေးတပ်ဖွဲ့ ၁၃၆' ၏ သတင်းပို့ အစီရင်ခံချက်များ လုံးဝ မဟုတ်မမှန်ကြောင်း ချက်ချင်း သဘောပေါက်သွားမိလေသည်။

ထို့ကြောင့် စစ်ပြီးခေတ် ဗိုလ်ချုပ်ကြီး 'ဆလင်း'ကိုယ်တိုင် ရေးသားခဲ့သော 'အရှုံးမှအနိုင်သို့' DEFEAT INTO VICTORY ခေါ် စာအုပ် တွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အတိအလင်း ချီးကျူးရေးသားခဲ့ပါသည်။

ယင်းစာအုပ်တွင် သူရေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအကြောင်းများမှာ အတော်ပင် စုံလင်ပါသည်။ သို့သော် ဤဆောင်းပါးတွင် ကျွန်တော် တင်ပြလိုသည့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကောက်နုတ်ချက်အချို့ကိုသာ ရွေးချယ်တင်ပြရန် ရည်ရွယ်ပါသည်။

ကျွန်တော် တင်ပြလိုသည့် အဓိကအချက်မှာ မကွေးတိုင်း နတ်မောက်မြို့မှ ရှေ့နေ ဦးဖာ၊ ဒေါ်စုတို့သား (စနေသားဖြစ်၍ ငယ်မည် မောင်ထိန်လင်းဖြစ်သော်လည်း)သူ၏ အစ်ကိုလတ် ကိုအောင်သန်းအမည်နှင့် ကာရံညီစေရန် 'အောင်ဆန်း'ဟု နာမည်ပြောင်းခဲ့သူ၊ (နောက်ပိုင်း မြန်မာ့လွတ်လပ်ရေး ဗိသုကာ မြန်မာ့တပ်မတော်၏ဖခင် လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသူ)၏ စိတ်နေစိတ်ထား ဗီဇနှင့် ပင်ကိုယ်သဘာဝ စရိုက်အကြောင်း ဖြစ်ပါသည်။

ယင်းအကြောင်း ပေါ်လွင်စေရန် ဗြိတိသျှဗိုလ်ချုပ်ကြီး 'ဆာဝီလျံဆလင်း'၏ ရေးသားချက်ကို ကျွန်တော်က အထောက်အထားအဖြစ် ကိုးကားလိုပါသည်။

"အောင်ဆန်းနှင့် ပတ်သက်၍ ကျွန်ုပ်အနေဖြင့် သူ့အား အထူးလေးစားအထင်ကြီးမိသော အရည်အချင်းကား သူ၏ ရိုးသားတည်ကြည် ဖြောင့်မတ်မှုပင်ဖြစ်သည်။ သူသည် စကားကို ပေါ့ပေါ့ဆဆမပြော၊ အလွယ်တကူ ကတိပေးတတ်သူလည်း မဟုတ်။ သို့သော် တစ်စုံတစ်ခု လုပ်ပါမည်ဟု ကတိပေးပြီးလျှင်မူ မည်သို့ပင်ဖြစ်စေ ကတိတည်စွာ တကယ်လုပ်မည့် လူစားမျိုး ဖြစ်ကြောင်း ကျွန်ုပ် ယုံကြည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်စိတ်ထဲ၌ အောင်ဆန်းနှင့် အလုပ်လုပ်လျှင် ကောန်မုချ အလုပ်ဖြစ်မည်ဟု ဆုံးဖြတ်လိုက်မိတော့သည်။" ဤသို့လျှင် ဗြိတိသျှဗိုလ်ချုပ်ကြီး "ဆာဝီလျံဆလင်း"သည် သူ၏စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း အကြောင်း တိကျပွင့်လင်းစွာ ရေးသားခဲ့ပါသည်။

အထက်ပါ ကောက်နုတ်ချက်မှ ဗိုလ်ချုပ်အောင်ဆန်း၏ 'ရိုးသားတည်ကြည် ဖြောင့်မတ်မှု' ဆိုသည်မှာ အင်္ဂလိပ်ဝေါဟာရ HONESTY ကို ကျွန်တော်က အနီးစပ်ဆုံး ဘာသာပြန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ လေ့လာအကဲခတ်၍ သိရှိထားသော ဗိုလ်ချုပ်၏ ပင်ကိုယ်သဘာဝ စရိုက်နှင့်လည်း ကိုက်ညီဟပ်မိနေသဖြင့် ယင်းသို့ ဘာသာပြန်လိုက်ခြင်း ဖြစ်ပါသည်။

အောက်တွင် ဆက်လက်ဖော်ပြလတ္တံ့သော ဖြစ်ရပ်ဆိုလျှင် ၁၉၄၅–ခုနှစ်က ဗြိတိသျှဗိုလ်ချုပ်ကြီး 'ဆလင်း'၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အကဲဖြတ် သုံးသပ်ချက်နှင့် ထပ်တူကဲ့သို့ ဖြစ်နေခြင်းမှာ အံ့သြဖွယ်ရာပင် ကောင်းနေပါတော့သည်။

*

'လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားရယ်၊ အမှန်တရားကို မြတ်နိုးမှုရယ် ဒါပဲဖြစ်တယ်'

ဤသို့လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် တဖွဖွ ပြောလေ့ရှိသည်။ သူ၏ မိသားစုနှင့်တကွ တပည့်ရဲဘော်များအား ထပ်တလဲလဲ မမောတမ်း၊ မပမ်းတမ်း ပြောလေ့ရှိပါသည်။

စစ်ကြိုခေတ် တက္ကသိုလ်သမဂ္ဂတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သော ကျွန်တော်တို့လို ကျောင်းသားဟောင်းတွေကိုတော့ သူ၏ ဝါသနာအတိုင်း Character and Love of Truth ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလေ့ရှိသည်။ ဤသည်မှာ သူသည် အင်္ဂလိပ်ဘာသာကို အထူးကျွမ်းကျင်အောင် ကြိုးစားလေ့လာထားသူဖြစ်၍ အခွင့်ရတိုင်း အင်္ဂလိပ်စကားလုံး ဝေါဟာရများ သုံးတတ်ခြင်းပင် ဖြစ်သည်။

အထူးသဖြင့် သူ အလွန်တန်ဖိုးထားသော 'အမှန်တရား မြတ်နိုးမှု' (Love of Truth) ကို ထပ်ဆင့် ရှင်းပြသည့်အနေဖြင့် 'အမှန်တရားကို အချိန်မရွေး ပြောဝံ့မယ်၊ ပြောဝံ့တဲ့သတ္တိ ရှိရမယ်၊ သတ္တိရှိအောင်လည်း ကြိုးစားလေ့ကျင့်ရမယ်'



ဟု ကျွန်တော့်အား တစ်ခါက ပြောခဲ့ဖူးပါသည်။

သူကိုယ်တိုင်ကလည်း သူ သွန်သင်ဆုံးမသည့်အတိုင်း လက်တွေ့ကျင့်သုံးခဲ့ပါသည်။ 'မှသားမပါ လက်ာမချော' ဟူသော မြန်မာစကားရှိရာ အခြေအနေအရ လိုအပ်လျှင် ချွင်းချက်သဘော မုသားစကား ပြောသင့်ပြောရမည်ဟု အဓိပ္ပာယ်ရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကတော့ ထိုစကားကို လက်ခံ ယုံကြည်ဟန်မရှိပါ။ သူသည် လိမ်ညာပြောခြင်းကိုမကြိုက်သလို သူကိုယ်တိုင်လည်း လိမ်ပြောလေ့မရှိ အမှန်ကိုသာ ဘွင်းဘွင်းပြောတတ်သည်။ ဤအချက်ကို သူနှင့် တွေ့ဆုံသိကျွမ်းခဲ့သူ နိုင်ငံခြားသားများပင် သတိပြုမိကြပါသည်။

ဤကား သူ၏ မွေးရာပါဗီဇ သို့မဟုတ် ပင်ကိုယ် သဘာဝစရိုက်ဟု ဆိုရပါမည်။ ယင်းအချက်၏ အထောက်အထားအဖြစ် အောက်ပါဖြစ်ရပ်ကို စာတ်ကြောင်းပြန် တင်ပြလိုပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် စနေသား ငယ်မည် 'မောင်ထိန်လင်း' လေးနှစ်သားအရွယ်က ဖြစ်ပါသည်။

မိခင် ဒေါ်စု (အမေစု)သည် စီးပွားလုပ်ငန်း ကျွမ်းကျင်ပြီး အရောင်းအဝယ် ကောင်းစွာ လုပ်ကိုင်တတ်သူ ဖြစ်သည်။ ဆန်စပါး ရောင်းဝယ်ခြင်းလည်း လုပ်သည်။ စပါးပေးနည်းဖြင့် ငွေလည်းချေးသည်။ အိမ်တွင် စပါးများ ဝယ်လှောင်ထားပြီး ကျေးလက်တောရွာများမှ လူများအား တစ်ဆင့်ရောင်းသည့် အလုပ်လည်း လုပ်သည်။

တစ်နေ့သ၌ တောမှ စပါးဝယ်သူများရောက်လာပြီး ဈေးစကားပြောနေကြစဉ် လေးနှစ်သားအရွယ် မောင်ထိန်လင်းခေါ် 'အောင်ဆန်း'ကလေးသည် လှေကား အဆင်းအတက်နေရာတွင် ဆော့ကစားနေသည်။

စပါးဝယ်သူများက ဈေးဆစ်ကြရာ မိခင်ကြီး ဒေါ်စုက–

'ကိုင်း... မင်းတို့ ဒါလောက်လိုချင်နေမှ ငါကပဲ လျှော့ပေးလိုက်မယ်၊ ဒီစပါးကို ငါဝယ်တုန်းက ခြောက်ဆယ်ဈေးနဲ့ ဝယ်ထားရတယ်၊ ဒါပေမဲ့ မင်းတို့ကို ငါးဆယ်ဈေးနဲ့ ပေးလိုက်ပါ့မယ်"ဟု ပြောလေရာ ထိုစကားကို ကြားလိုက်သူ အောင်ဆန်း (ထိန်လင်း) ကလေးက–

'ဟာ... အစ်မကလည်း မဟုတ်တာ ပြောရှာမယ်၊ ဒီစပါးကို အမိမ

www.burmeseclassic.com

www.burmeseclassic.com



က ငါးဆယ်ဈေးနဲ့ဝယ်ထားတာ ကျွန်တော် သိတယ်၊ ဟုတ်တာပြောမှ ဥစ္စာ ပေါ်မယ်၊ လိမ်ပြောတာ မကောင်းဘူး'

ဟု ခပ်တည်တည် ဝင်ပြောလိုက်သဖြင့် အားလုံးက ဝိုင်းရယ်မောကြလေသည်။

ဧည့်သည်များ ပြန်သွားသောအခါ မိခင်ကြီးက သားငယ်ကို အနီးသို့ ခေါ်ယူ၍ ပေါင်တွင်းကြော ဆွဲလိမ်ရင်း–

"ဧည့်သည်တွေနဲ့ စကားပြောနေတုန်း လူကြီးတွေပြောတဲ့ စကားကြားမှာ မင်းက ဘာဖြစ်လို့ ဝင်ပြောရတာလဲ၊ နောက်ကို ဒီလို ဝင်မပြောနဲ့"ဟု ဆုံးမရာ ထိန်လင်းခေါ် အောင်ဆန်းကလေးသည် အလွန်နာကျင်သော်လည်း မငိုဘဲ–

'အစ်မက လိမ်ပြောတာကိုး'ဟု ကလေးအရွယ်နှင့်မလိုက်အောင် သူ၏ ယုံကြည်ချက်အတိုင်း ပြန်ပြောခဲ့ပါသည်။

မှတ်ချက် ။ ။ မြန်မာနိုင်ငံ ကျေးလက်ဒေသအချို့တွင် မိခင်ကို 'အမေ'ဟု မခေါ်ဘဲ 'အစ်မ' (အမ)ဟု ခေါ်လေ့ရှိရာ ဗိုလ်ချုပ်အောင်ဆန်းတို့ မိသားစု တွင်လည်း မိခင်ကြီး ဒေါ်စုအား သားသမီးများက 'အစ်မ'ဟု ခေါ်ခဲ့ကြပါသည်။

**စာရေးသူ**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိခင်ကြီးအား 'အစ်မက လိမ်ပြောတာကိုး'ဟု ပြောခဲ့သူ လေးနှစ်သား မောင်ထိန်လင်းခေါ် အောင်ဆန်းကလေးသည် အရွယ်ရောက် ကြီးပြင်းလာ၍ နိုင်ငံ့ခေါင်းဆောင်ကြီး ဖြစ်လာသည့်တိုင်အောင် ကလေးဘဝက အတွေးအခေါ်နှင့် ယုံကြည်ချက် ပြောင်းလဲမသွားကြောင်းကို သူ ကျောင်းသားခေါင်းဆောင်ဖြစ်လာမှ တွေ့ဆုံသိကျွမ်းခဲ့ရသူ ကျွန်တော်တို့အဖို့ အံ့သြမိကြပါသည်။

တစ်ဆက်တည်းမှာပင် သူ တစ်ဖွဖွပြောလေ့ရှိသော 'လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားနဲ့ အမှန်တရားကို မြတ်နိုးမှုပဲ ဖြစ်တယ်'ဟူသော စကားသည် ဗိုလ်ချုပ် ကလေးငယ်ဘဝမှစ၍ ရှိသည့် အတွေးအခေါ်နှင့် ယုံကြည်ချက်တို့က ခိုင်မာပြင်းထန်စွာ ပုံတင်ရိုက်ခတ်ချက်ပင် ဖြစ်သည်ဟုလည်း သုံးသပ် ကောက်ချက်ချမိပါသတည်း။

❐



## ကားပျက်၍ ခြေလျင်လျှောက်ခဲ့သော ဗိုလ်ချုပ်

တစ်ခါက အထက်အညာဒေသ မြို့ရှစ်မြို့မှ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ဖိတ်ကြားသဖြင့် သွားရောက်ဟောပြောခဲ့ဖူးပါသည်။ ထိုအချိန်က စာဆိုလရာသီဖြစ်သော်လည်း မြန်မာ့လွတ်လပ်ရေး နှစ်ပတ်လည် အခမ်းအနားနေ့ အကြိုကာလလည်းဖြစ်နေသောကြောင့် မြို့ခံ စာပေသမားများက ကျွန်တော့်အား လူငယ်များ ဗဟုသုတအတွက် 'လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း'ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပါရန် မေတ္တာရပ်ခံကြရာ ကျွန်တော်လည်း မငြင်းသာဘဲ သူတို့ တောင်းဆိုသည့်အတိုင်း 'လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း'ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း လှုပ်ရှားစွမ်းဆောင်မှုများအကြောင်း ကျွန်တော်က ဟောပြောသွားရင်း ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးအရှိန်အဝါကို ခုတုံးလုပ်၍ အခွင့်အရေးမယူတတ်ပုံကို သာဓကများဖြင့် ပြောခဲ့ပါသည်။ တစ်နေရာတွင် ကျွန်တော်က "ဗိုလ်ချုပ်အောင်ဆန်းဟာ အစိုးရအဖွဲ့ (ဝန်ကြီးအဖွဲ့)ခေါင်းဆောင်ဖြစ်ရုံမက ဝန်ကြီးချုပ်၊ နိုင်ငံရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး တာဝန်တွေကိုပါ ထမ်းဆောင်နေပေမယ့် သူ့ဆီမှာ မော်တော်ကားတစ်စီးတည်းပဲ ရှိခဲ့ပါတယ်၊ အဲဒီ ကားတစ်စီးပျက်တဲ့အခါဆိုရင် ခြေလျင်လျှောက်သွားခဲ့တယ်"ဟု ပြောခဲ့ပါသည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ ဟောပြောပွဲအပြီးတွင် လူငယ် စာပေသမားအချို့က 'ဆရာက ဗိုလ်ချုပ်မှာရှိတဲ့ တစ်စီးတည်းသော မော်တော်ကားပျက်လျှင် ခြေလျင်လျှောက်သွားတယ်ဆိုရာ အဓိပ္ပာယ်လေးနက်အောင် ဥပမာ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ပြောခဲ့တာ မဟုတ်လား၊ တကယ်တော့ ဗိုလ်ချုပ်ဟာ ကားပျက်လို့ ခြေလျင်လျှောက်သွားခဲ့တယ်ဆိုတာ အမှန်မဟုတ်ဘူး မဟုတ်လား'ဟု မေးပါသည်။

ဤတွင် ကျွန်တော်က ခေါင်းခါပြပြီး 'ဥပမာအဖြစ် တင်စားပြောတာ မဟုတ်ဘူးဗျ၊ အမှန်တကယ် ဖြစ်ရပ်ကိုပြောတာပါ'ဟု အစချီကာ ဟောပြောပွဲ စင်မြင့်ပေါ်တက်တုန်းက မပြောခဲ့သော တကယ့်ဖြစ်ရပ်များကို လူငယ် စာပေဝါသနာရှင်များအား ပြောပြခဲ့ရာ သူတို့အားလုံး မယုံကြည်နိုင်လောက်အောင် အံ့သြနေကြပါတော့သည်။

အထက်ပါ ဖြစ်ရပ်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်၍ ယနေ့ မျိုးဆက်သစ် လူငယ်များ ဗဟုသုတရစေရန် ဤဆောင်းပါးဖြင့် ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်။

*

အတိတ်ကို ဖာတ်ကြောင်းပြန်ရသော် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသာပတေးနေ့မှ ပြန်လည်စတင်ရမည် ဖြစ်ပါသည်။

ထိုနေ့သည် မြန်မာ့လွတ်လပ်ရေးသမိုင်းမှ အရေးပါသော မှတ်တိုင်တစ်ခုလည်း ဖြစ်ပါသည်။ အကြောင်းမူကား လန်ဒန်မြို့ရှိ ဗြိတိသျှအစိုးရ၏ ညွှန်ကြားချက်အရ ရန်ကုန်မှ အင်္ဂလိပ်ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းအား အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးအပ်ခဲ့သောနေ့ ဖြစ်သောကြောင့်ပင်တည်း။

တစ်နည်းအားဖြင့် ၂၆–၉–၄၆ နေ့သည် ဗိုလ်ချုပ်အောင်ဆန်း အုပ်ချုပ်ရေးအာဏာရရှိကာ ဝန်ကြီးများအဖွဲ့ (ကက်ဘိနက်)ခေါင်းဆောင် ဖြစ်လာသည့်နေ့ပင် ဖြစ်ပါသည်။

ထိုနေ့နံနက် ရန်ကုန်မြို့ အလုံလမ်းရှိ အင်္ဂလိပ်ဘုရင်ခံ အိမ်တော် (ယနေ့ ပြည်သူ့လွှတ်တော်တည်ရာ)သို့ သွား၍ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ ခေါင်းဆောင်တာဝန်ကို လက်မှတ်ရေးထိုး ရယူပြီးနောက် ဗဟန်း တာဝါလိန်းလမ်းရှိ သူ၏နေအိမ် (ယခု ဗိုလ်ချုပ်ပြတိုက်)သို့ ပြန်ရောက်ရောက်ချင်း ကျွန်တော့်အားခေါ်၍ အရေးကြီးစကား ပြောခဲ့ပါသည်။

"ဟေ့ကောင် ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ (ကက်ဘိနက်) ခေါင်းဆောင်ဖြစ်လာပြီ၊ မင်းကလည်း ငါ့ရဲ့ပီအေ (အပါးတော်မြဲ)အဖြစ် တစ်ရက်နှစ်ရက်အတွင်း တရားဝင် ပြန်တမ်းထွက်လာလိမ့်မယ်၊ ဒီတော့ ငါတို့မှာ



အဆောင်အယောင် အခွင့်အရေးတွေ ရလာလိမ့်မယ်၊ အာဏာရလာတယ်ဆိုရင်ပဲ ငါတို့ကိုချဉ်းကပ် အကူအညီတောင်းတာတွေ လာလိမ့်မယ်၊ ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမဘက်က အမျိုးတွေ၊ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေအားလုံး ဘယ်သူ့ကိုမှ မတရား အခွင့်အရေး မပေးရဘူး၊ သူတို့ အကူအညီတောင်းတာကို လုပ်မပေးရဘူး၊ မင်းတို့ငါတို့ကလည်း ဘယ်သူ့ဆီကမှ ဘာအကူအညီမှ မယူရဘူး၊ အခွင့်အရေး မယူရဘူး'

ဤသို့လျှင် ဗိုလ်ချုပ်သည် ကျွန်တော်အား တိကျပြတ်သားစွာပြောခဲ့ရာ တစ်နည်းအားဖြင့် သူ၏ သဘောထားဆန္ဒနှင့် လမ်းညွှန်ချက်ပေးလိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုရပါမည်။

'ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး၊ အခွင့်အရေး မယူရဘူး' ဟူသော ဗိုလ်ချုပ်စကား၏ အဆုံးသတ်ပုံကို ကျွန်တော်သည် ယနေ့ထိ မမေ့နိုင်ပါ။ မမေ့နိုင်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် သူ အမိန့်ပေးညွှန်ကြားသလို သူကိုယ်တိုင်လည်း လိုက်နာကျင့်သုံးခဲ့ကြောင်း ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ကြုံတွေ့ခဲ့ရပါသည်။

*

ယင်းသို့ ကြုံတွေ့ခဲ့ရပုံက ဤသို့ပါတည်း။ ထိုအချိန်က 'ဘုရင်ခံ၏ အမှုဆောင်ကောင်စီ' ဟုခေါ်သော အစိုးရအဖွဲ့၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဝန်ကြီးအဖြစ် စီးခဲ့သော မော်တော်ယဉ်မှာ အင်္ဂလန်ပြည်လုပ် 'ဂူစလီ' အမျိုးအစား အနက်ရောင် ဆလွန်းကား အမှတ် အာအေ/၂၈၇၄ ဖြစ်ပါသည်။

ဗိုလ်ချုပ်၏အိမ်တွင် ထိုကားတစ်စီးမှလွဲ၍ အခြား မော်တော်ကား မရှိခဲ့ပါ။ ဗိုလ်ချုပ်မှာ အစိုးရအဖွဲ့တာဝန်အပြင် နိုင်ငံရေးအဖွဲ့အစည်း (ဖဆပလ အဖွဲ့ချုပ်)၏ ဥက္ကဋ္ဌအဖြစ်လည်း အလုပ်အလွန်များလေရာ သူ လှုပ်ရှားသွားလာရာ၌ အထက်ဖော်ပြပါ မော်တော်ကားနှင့်ပင် သွားရသောကြောင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့် သားသမီးများအနေဖြင့် မော်တော်ကားစီးခွင့် သိပ်မရကြရှာပါချေ။ ရံဖန်ရံခါ ရုံးပိတ်ရက် တနင်္ဂနွေနေ့ ညနေဘက်တွင် ဗိုလ်ချုပ်က ဇနီးနှင့် ကလေးများပါခေါ်ပြီး ကန်တော်ကြီးတစ်ပတ် ကားလျှောက်စီးသည့်အခါလောက်တွင်သာ စီးခွင့်ရကြပါသည်။

'ဗိုလ်ကြီး၊ ကား ဘာဖြစ်တယ်မသိဘူး၊ စက်နိုးလို့ မရဘူး၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း တတ်သလောက် မှတ်သလောက် အမျိုးမျိုး ကြိုးစားပြင်ကြည့်တာပဲ၊ ဘယ်လိုမှ နှိုးလို့မရ ဖြစ်နေတယ်'

'ဟော… ဟုတ်လား၊ မင်း သေသေချာချာ လုပ်ကြည့်ပြီးပြီလား'

ကျွန်တော်က ဤသို့ ပြန်မေးလိုက်ခြင်းမှာ ရဲဘော် ကျော်စိန်သည် ကားမောင်းတတ်ရုံမက စက်ပြင်ပညာပါ အသင့်အတင့် တတ်ထားသူဖြစ်၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

'ဟုတ်ကဲ့၊ ကျွန်တော် အစွမ်းကုန် ကြိုးစားကြည့်ပြီးပါပြီ၊ လုံးဝ စက်နှိုးလို့မရပါဘူး'

ရဲဘော်ကျော်စိန်က ပြန်ပြောချိန်တွင် ကျွန်တော်သည် လက်ပတ်နာရီကို ကြည့်လိုက်ရာ နံနက် ၉ နာရီခွဲကျော်နေပြီဖြစ်ကြောင်း တွေ့ရသဖြင့် မျက်လုံးပြူးသွားမိပါသည်။ ထိုနေ့နံနက် ၁၀ နာရီတွင် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်က ဝန်ကြီးအဖွဲ့ အရေးပေါ် အစည်းအဝေးခေါ်ထားသဖြင့် ကျွန်တော်တို့ ရုံးသို့ ၁၀ နာရီအရောက်သွားရန် အရေးကြီးသောကြောင့် စိုးရိမ်သွားမိခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ချက်ချင်းပင် ဗိုလ်ချုပ်အား အကျိုးအကြောင်း သတင်းပို့မှ ဖြစ်ချေတော့မည်ဟု ဆုံးဖြတ်လျက် ဗိုလ်ချုပ်ရှိရာ အိမ်အောက်ထပ် ဧည့်ခန်းသို့ ခပ်သုတ်သုတ် သွားလိုက်ပါသည်။

ဗိုလ်ချုပ်သည် ကျွန်တော့်ကိုမြင်လျှင် သူ့အား ရုံးသွားရန် လာခေါ်ပြီဟု ယူဆဟန်ဖြင့် 'ဘာလဲဟေ့ ငါတို့ သွားကြတော့မလား'ဟု မေးရင်း ထိုင်ရာမှ ထလိုက်ပါသည်။

ဒီတော့မှ ကျွန်တော်လည်း မော်တော်ကား အခြေအနေကို ပြောပြလိုက်ရပါသည်။

'ဗိုလ်ချုပ် ရုံးသွားလို့ မဖြစ်သေးဘူး၊ ဒီနေ့ မော်တော်ကား ပျက်နေတယ်၊ ရဲဘော်ကျော်စိန် အမျိုးမျိုး ကြိုးစားပြီး နှိုးကြည့်တာပဲ၊ ဒါပေမဲ့ ဘယ်လိုမှ စက်နှိုးလို့မရဘူး၊ ကျွန်တော်တို့ ကားတွေပြုပြင်ဖို့ တာဝန်ယူတဲ့ ကုန်းလမ်းပို့ဆောင်ရေးဌာန ဝပ်ရှော့ကိုပို့ပြီး ပြင်မှဖြစ်မယ်'

'ဟုတ်လား၊ ကားက လုံးဝ မောင်းလို့မရဘူးလားကွ'

'ဟုတ်ကဲ့၊ လုံးဝ စက်နှိုးလို့မရဘူး ဖြစ်နေတယ်၊ ရုံးမှာလည်း ဗိုလ်ချုပ်ခေါ်ထားတဲ့ အစည်းအဝေးက ၁၀ နာရီ စဖို့ရှိတယ်၊ အခု ၉ နာရီခွဲကျော်



နေပြီ၊ ဒါကြောင့် ကျွန်တော်တို့ရုံးကို အချိန်မီသွားနိုင်အောင် တစ်ယောက်ယောက်ဆီက မော်တော်ကားတစ်စီး ဖုန်းဆက်တောင်းလိုက်မယ်' ပြောပြောဆိုဆို ကျွန်တော်သည် အိမ်ပေါ်ထပ်တက်သည့် လှေကားရင်းရှိ တယ်လီဖုန်းဆီကို လျှောက်သွားစဉ် ဗိုလ်ချုပ်က လှမ်းခေါ်လိုက်ပါသည်။

'ဟေ့ကောင် မင်းက တယ်လီဖုန်းဆက်ပြီး မော်တော်ကားတောင်းမလို့ မဟုတ်လား'

ဗိုလ်ချုပ်၏လေသံက တင်းမာနေသဖြင့် ကျွန်တော်လည်း ဆက်မလျှောက်တော့ဘဲ ဗိုလ်ချုပ်ရှိရာသို့ ပြန်လှည့်လာခဲ့ပါသည်။

'ဟုတ်ကဲ့၊ ဒါမှ ကျွန်တော်တို့ ရုံးကို မြန်မြန်သွားနိုင်မှာ မဟုတ်လား'

ကျွန်တော်က အမှန်အတိုင်း ပြန်ပြောလိုက်ရာ ဗိုလ်ချုပ်သည် ပို၍ လေသံပြင်းစွာဖြင့် ကျွန်တော်အား အပြစ်တင်ပါလေတော့သည်။

'မင်းဟာ တော်တော်ညံ့သေးတာပဲ၊ တယ်လီဖုန်းဆက်ပြီး မော်တော်ကားတောင်းဖို့ တစ်ခုတည်းပဲ မင်း တွေးမိတာကိုး၊ မင်းတို့ ငါတို့အနေနဲ့ အခုနေအခါ မော်တော်ကား လှမ်းတောင်းလိုက်ရင် တစ်စီးမဟုတ်ဘူး ဆယ်စီးလည်း ရနိုင်တယ်၊ အဲဒါ ဆက်စပ်ပြီး စဉ်းစားကြည့်မှပေါ့၊ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ငါတို့ကို မော်တော်ကားပေး ကူညီတာကို အကြောင်းပြုပြီး သူတို့က ငါတို့ဆီက မတရား အခွင့်အရေးတွေ တောင်းလာမှာကိုတော့ မင်း မတွေးမိဘူး မဟုတ်လား၊ မင်းကို ငါ အစောကြီးကတည်းက ကြိုပြောခဲ့တယ် မဟုတ်လား၊ မင်းတို့ ငါတို့အနေနှင့် ဘယ်သူ့ဆီကမှ ဘာအကူအညီမှ မယူရဘူး၊ အခု မင်းက မော်တော်ကားလှမ်းတောင်းတာဟာလည်း အခွင့်အရေးယူတာပဲ၊ ဒါကြောင့် မင်း စောစောက စိတ်ကူးသလို တယ်လီဖုန်းဆက်ပြီး မော်တော်ကား မတောင်းရဘူး'

'ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲ ဗိုလ်ချုပ်'

'ဘာမှ မလုပ်မနေနဲ့၊ ငါတို့ကား ပျက်နေတယ် မဟုတ်လား၊ ဒီတော့ မင်းနဲ့ငါ ရုံးကို လမ်းလျှောက်သွားကြမယ်၊ ရုံးရောက်တော့မှ သယ်ယူပို့ဆောင်ရေးဌာနကို ဖုန်းဆက်ပြီး ငါတို့ကားကို စက်ပြင်သမားတွေ လာဆွဲယူသွားပြီး ပြင်ပေးဖို့ ပြောပေါ့၊ ကဲ… ပြောနေတာကြာတယ်ကွာ သွားကြစို့"

ပြောပြောဆိုဆို ဗိုလ်ချုပ်သည် စိတ်မြန်သူပီပီ သူ ကိုင်နေကျ မိုးကာအင်္ကျီကို လက်မောင်းတွင်ခေါက်တင်လျက် အိမ်ရှေ့လှေကားမှ ဆင်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားပါတော့သည်။ ကျွန်တော်လည်း မည်သို့မှမတတ်နိုင်ဘဲ သူ၏နောက်မှ ခပ်သုတ်သုတ် ပြေးလိုက်သွားရပါသည်။

သူ အစိုးရအဖွဲ့ အာဏာရယူသည့်နေ့က ပြောခဲ့သော 'ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး၊ အခွင့်အရေး မယူရဘူး'ဟူသော စကားအတိုင်း ဗိုလ်ချုပ်သည် အယူသည်းစွာ ကိုယ်တိုင် လိုက်နာ ကျင့်သုံးနေပါသည်တကားဟုသာ စိတ်ထဲမှ ဆင်ခြင်သုံးသပ်မိပါသည်။

သို့နှင့်ပင် ကျွန်တော်နှင့် ဗိုလ်ချုပ်တို့ ဆရာတပည့်နှစ်ဦးသည် တာဝါလိန်းလမ်းမှထွက်၍ နတ်မောက်လမ်း၊ ဗဟန်းလမ်းအတိုင်းလျှောက်ပြီး ဗဟန်းအဝိုင်းကိုဖြတ်ကျော်ကာ တိရစ္ဆာန်ရုံဘေးရှိ ပလက်ဖောင်းသို့ပင် ရောက်သွားကြပါသည်။

ဗိုလ်ချုပ်က ရှေ့က ခြေလှမ်းသွက်စွာနှင့်လျှောက်ပြီး ကျွန်တော်က နောက်မှလိုက်သွားရာ အော်စတင်အမျိုးအစား မော်တော်ကားငယ်တစ်စီး ကျွန်တော့်အနီးတွင် ထိုးဆိုက်လာသဖြင့် ကျွန်တော်လည်း အံ့အားသင့်စွာ လှမ်းကြည့်မိပါသည်။

ထိုကားကလေးကို မောင်းလာသူက မြန်မာ့ရုပ်ရှင် စတင် တီထွင်သူ 'ရုပ်ရှင်ဖခင်ကြီး' လန်ဒန်အတ် ဦးအုန်းမောင် ဖြစ်နေပါသည်။ ထိုအချိန်က သူသည် ဗဟန်းဝက်ပါလမ်းတွင် ခေတ္တနေထိုင်ပြီး ဆူးလေဘုရားလမ်းရှိ သူ၏ လန်ဒန်အတ် ဓာတ်ပုံတိုက်နှင့် ရုပ်ရှင်ကုမ္ပဏီရှိရာသို့ ကိုယ်တိုင် ကားမောင်းသွားခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်တော်သည် ကျောင်းသားဘဝကရုပ်ရှင်ဝါသနာပါသဖြင့် ရုပ်ရှင်စတူဒီယိုများသို့ ရံဖန်ရံခါ သွားရောက်လေ့လာရင်း ဦးအုန်းမောင်နှင့် သိကျွမ်းနေပါသည်။

'ဟော့… မောင်ရင် ခဏလာပါဦးကွယ့်'

ဦးအုန်းမောင်က ကားရပ်ပြီး လှမ်းခေါ်သဖြင့် ကျွန်တော်လည်း သူခေါ်ရာသို့ ချဉ်းကပ်သွားပါသည်။ ဗိုလ်ချုပ်က လုံးဝ လှည့်မကြည့်ဘဲ ဆက်လျှောက်သွားနေပါသည်။

'နေစမ်းပါဦး မောင်တို့ဆရာတပည့် ဘယ်လိုဖြစ်လာတာလဲ၊ လမ်းမပေါ် ခြေကျင်လျှောက်ရသလား၊ မော်တော်ကားကောကွယ့်'

ဦးအုန်းမောင်က မေးသဖြင့် ကျွန်တော်ကလည်း–



'ဗိုလ်ချုပ်ရဲ့ကား ပျက်နေလို့ စက်နှိုးမရတာနဲ့ အိမ်မှာပဲ ထားပစ်ခဲ့ရပါတယ်'ဟု ပြန်ပြောလိုက်ပါသည်။

'ဖြစ်မှဖြစ်ရလေ မောင်ရင်ရယ်၊ ကားပျက်ရင်လည်း တစ်ယောက်ယောက်ဆီက ကားတစ်စီး ခဏတောင်းပြီး စီးသွားရောပေါ့၊ မောင်ရင့်ဆရာ ဗိုလ်ချုပ်လိုပုဂ္ဂိုလ်က လမ်းဘေး ပလက်ဖောင်းမှာ ခြေလျင်လျှောက်နေရတာ မသင့်တော်ပါဘူး'

'ကျွန်တော်လည်း ဦးလေးပြောသလိုပဲ မော်တော်ကားတစ်စီး ဖုန်းဆက်တောင်းမလို့ပဲ၊ ဒါပေမဲ့ ဗိုလ်ချုပ်က မတောင်းရဘူးတဲ့၊ ဗိုလ်ချုပ်စီးဖို့ မော်တော်ကား ကူညီရတာကို အကြောင်းပြုပြီး နောက်ပိုင်းကျရင် မတရားအခွင့်အရေးတွေ တောင်းလာလိမ့်မယ်၊ စီးပွားရေးသမားတွေဟာ အဲဒီလိုလုပ်တတ်တယ်လို့ဆိုပြီး အတွင်းဝန်ရုံးရောက်အောင် ခြေလျင်လျှောက်ကြမယ်လို့ ပြောပါတယ်'

ကျွန်တော်က ရှင်းပြသည်ကို လန်ဒန်အတ် ဦးအုန်းမောင်သည် နားလည်သဘောပေါက်ဟန်ဖြင့် ပြုံးပြီး ခေါင်းညိတ်လိုက်ပါသည်။

'အေးပါ၊ ဗိုလ်ချုပ်ပြောတာကို ဦးလည်း သဘောပေါက်ပါတယ်၊ ကိုင်း… မောင်ရင် ဆရာ့ဆီ ခပ်မြန်မြန်ပြေးလိုက်ပြီး ပြောစမ်းပါ၊ လန်ဒန်အတ် ဦးအုန်းမောင်က မြို့ထဲက အလုပ်တိုက်သွားရင်း လမ်းကြုံလို့ ဗိုလ်ချုပ်ကို အတွင်းဝန်ရုံး ပို့ပေးပါရစေလို့၊ ကျုပ်က ရုပ်ရှင်သမားမို့ စီးပွားရေးလုပ်ငန်းရှင်တွေ ကုန်သည်တွေလို ဘာအခွင့်အရေးမှ မတောင်းပါဘူး၊ ဗိုလ်ချုပ်လို နိုင်ငံခေါင်းဆောင်တစ်ဦးက လမ်းမပေါ် ခြေလျင်လျှောက်နေတာလည်း ကြည့်မကောင်းပါဘူး၊ ဒါကြောင့် ကျုပ် ကားကလေးနဲ့ ဗိုလ်ချုပ်ကို ရုံးအရောက် ပို့ပေးပါရစေလို့ သွားပြောစမ်းပါကွယ်'

ဦးအုန်းမောင်၏ စကားအဆုံးတွင် ကျွန်တော်လည်း ကပျာကယာ ဗိုလ်ချုပ်ဆီသို့ ပြေးလိုက်ပြီး သူ၏ လက်မောင်းတစ်ဖက်ကို အသာဆွဲလိုက်ပါသည်။

'ဟေ့ကောင် ဘာလုပ်တာလဲကွ'

ဗိုလ်ချုပ်က စိတ်တိုဟန်ဖြင့် ငေါက်သဖြင့် ကျွန်တော် ဦးအုန်းမောင်၏ မော်တော်ကားရပ်ထားရာကို ညွှန်ပြရင်း ရှင်းပြလိုက်ရပါသည်။

'ဗိုလ်ချုပ် ဟိုကားပေါ်က ပုဂ္ဂိုလ်ကြီးကို သိတယ်မဟုတ်လား၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဒီးဒုတ်ဦးဘချိုရဲ့ မိတ်ဆွေကြီး လန်ဒန်အတ် ဦးအုန်းမောင်ပါ၊ သူက ဆူးလေဘုရားလမ်းက သူ့ရဲ့အလုပ်တိုက်ကို သွားရင်း လမ်းကြုံလို့ ဗိုလ်ချုပ်ကို အတွင်းဝန်ရုံးရောက်အောင် ပို့ပေးပါရစေလို့ ပြောပါတယ်၊ ပြီးတော့ သူဟာ ရုပ်ရှင်သမားမို့ စီးပွားရေးသမား ကုန်သည်ကြီးတွေလို ဘာအခွင့်အရေးမှ မတောင်းပါဘူးလို့လည်း ပြောပါတယ်၊ နောက်တစ်ခုက စစ်ကြိုခေတ်က ဗိုလ်ချုပ်တို့ရဲ့ တို့ဗမာအစည်းအရုံးကို လျှို့ဝှက် ကူညီထောက်ပံ့ခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦးလည်း ဖြစ်ပါတယ်၊ သူက ကားရပ်ပြီးခေါ်တာကိုငြင်းရင် အားနာစရာ ကောင်းပါတယ် ဗိုလ်ချုပ်'

ကျွန်တော်၏ စကားအဆုံးတွင် ဗိုလ်ချုပ်သည် လန်ဒန်အတ် ဦးအုန်းမောင်ဘက်သို့ လှမ်းကြည့်လိုက်ပါသည်။

ဦးအုန်းမောင်သည် ဆရာ ဦးဘချိုနှင့် ခင်မင်ရင်းနှီးနေသော မိတ်ဆွေ ဖြစ်သည့်အပြင် ဦးဘချိုကဲ့သို့ပင် ဆံပင်ရှည်သျှောင်ထုံးနှင့် တဘက်ခေါင်းပေါင်း ပေါင်းထားသဖြင့် မြန်မာလူကြီးတစ်ဦး ပီသစွာ ခန့်ညားကာ ဥပဓိရုပ် အလွန် ကောင်းသူလည်း ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် ဦးအုန်းမောင်ကိုကြည့်ပြီး အားနာသွားဟန်ဖြင့် ကြိမ်း မောင်းဆူပူခြင်းမပြုဘဲ အော်စတင်ကားလေးရပ်ထားရာသို့ လျှောက်သွားကာ ဦးအုန်းမောင်အား ပြုံး၍ နှုတ်ဆက်ပါသည်။

သို့နှင့်ပင် ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးသည် လန်ဒန်အတ် ဦးအုန်းမောင်၏ ကားကြုံစီး၍ အတွင်းဝန်ရုံးသို့ လိုက်ပါသွားခဲ့ပါသည်။

ဗိုလ်ချုပ်သည် ဦးအုန်းမောင်အား မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် လေးစား၍တစ်ကြောင်း၊ ဝိသမလောဘသား စီးပွားရေးသမားမဟုတ်သဖြင့် အခွင့်အရေးမတောင်းပါဟု ဆိုခြင်းကို ယုံကြည်၍တစ်ကြောင်း ကားကြုံလိုက် စီးခဲ့ခြင်း...် ဖြစ်ပါသတည်း။

*စတိုင်သစ်မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၉၅*



## ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှဘုရင်ခံ ဆာ-ဟူးဗတ်ရန့်စ် SIR HUBERT RANCE ထံမှ နိုင်ငံ အုပ်ချုပ်ရေးအာဏာကို လက်ခံရယူခဲ့ရာတွင် သူ၏ ရာထူး၏ တရားဝင်အမည် မှာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌဟူ၍ဖြစ်သော်လည်း စင်စစ် အားဖြင့် ဗိုလ်ချုပ်သည် အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) အကြီးအကဲဖြစ်လျက် ဝန်ကြီးချုပ်အာဏာကို ရရှိထားခြင်း ဖြစ်ပါသည်။

ထို့မျှမကသေး ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးချုပ်တာဝန်အပြင် နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီး တာဝန်များကိုပါ တစ်ပြိုင်တည်း ပူးတွဲကိုင်ကွယ်ခဲ့ရပါသည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ကာကွယ်ရေးဝန်ကြီး တာဝန် ထမ်းဆောင်ရသည်မှာ ထိုအချိန်က ၁၉၄၆ ပထမဆုံးအကြိမ် မဟုတ် ဟု ဆိုနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက် နေ့က ဂျပန်အစိုးရက မြန်မာနိုင်ငံအား လွတ်လပ်ရေး (အတု) ပေးလိုက်စဉ်က နိုင်ငံအကြီးအကဲ (ထိုစဉ်ကအခေါ် အဓိပတိ) ဒေါက်တာဘမော်၏ အစိုးရအဖွဲ့ တွင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ဝန်ကြီးတစ်ဦးဖြစ်ကာ စစ်ဝန်ကြီး (WAR MINISTER)ဖြစ်ခဲ့ပါသည်။ စင်စစ် ယင်းရာထူး စစ်ဝန်ကြီးဆိုသည် မှာ ကာကွယ်ရေးဝန်ကြီးပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စစ်အတွင်း (ဂျပန်ခေတ်)က ဗိုလ်ချုပ်သည် ဗမာ့တပ်မတော် သေနာပတိနှင့် စစ်ဝန်ကြီး (သို့မဟုတ်) ကာကွယ်ရေးဝန်ကြီးတာဝန်ကို ပူးတွဲကိုင်တွယ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က စစ်ဝန်ကြီးရုံးကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်း အရှေ့ဘက်ခြမ်း (ဝိဇယရုပ်ရှင်တည်ရာမှ မြောက်ဘက်ယွန်းယွန်း)တွင် ရုံးစိုက်ကာ ဗိုလ်ချုပ်သည် တစ်နိုင်ငံလုံးရှိ တပ်မတော်တပ်ရင်း တပ်ဖွဲ့အားလုံးကို ဦးစီးကွပ်ကဲခဲ့ပါသည်။

*

၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးအပြီး ဒုတိယကမ္ဘာစစ်ပြီးခါစက ဗိုလ်ချုပ်အောင်ဆန်းအား Brigadier General ခေါ် ဗိုလ်မှူးချုပ်ရာထူးအဆင့်ဖြင့် အသစ်ပြန်လည် ဖွဲ့စည်းလတ္တံ့သော ဗမာ့တပ်မတော် ဘားမားအာမီကို ဦးစီးကွပ်ကဲပါရန် အရှေ့တောင်အာရှဒေသ မဟာမိတ်တပ်ပေါင်းစု (S. E. A. C) သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန် (Lord Louis Mountbatten) ကိုယ်တိုင် စာဖြင့် ရေးသားကမ်းလှမ်းခဲ့ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်က လက်မခံဘဲ ယဉ်ကျေးရည်မွန်စွာ စာပြန်၍ ငြင်းခဲ့ပါသည်။ သူ့အနေဖြင့် တပ်မတော်ကို ဦးစီးကွပ်ကဲဖို့ထက် ဂျပန်ပြေးပြီး အင်္ဂလိပ်အစိုးရပြန်ဝင်လာ၍ မူလအတိုင်း ကျွန်ဘဝ ပြန်ရောက်နေသော မြန်မာနိုင်ငံအားလုံးဝ လွတ်လပ်ရေးရရှိရန်ကိုသာ ဦးစားပေး လုပ်သင့်သည်ဟု အနိုင်အမာဆုံးဖြတ်လျက် ဖ-ဆ-ပ-လ အမျိုးသား တပ်ဦးကြီး၏ ဥက္ကဋ္ဌအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအင်အားကို အဓိက လက်နက်အဖြစ် အသုံးပြုကာ တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါသည်။

စစ်ပြီးခေတ် အသစ်ပြန်လည်ဖွဲ့စည်းသော တပ်မတော်ကိုမူ သူယုံကြည်စိတ်ချ အားကိုးရသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇောတို့ ဦးဆောင်၍ ဆက်လက်ဖွဲ့စည်းရန် ဗြိတိသျှစစ်အာဏာပိုင်များနှင့် ညှိနှိုင်းစီစဉ်ခဲ့ပါသည်။

*

ဤသို့လျှင် စစ်ဘက်မှ နိုင်ငံရေး စစ်မျက်နှာဘက်သို့ ရောက်ရှိခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် အခိုက်အတန့်အားဖြင့် တပ်နှင့် ကင်းကွာသလိုဖြစ်ခဲ့လင့်ကစား ၂၆-၉-၄၆ နေ့က အစိုးရအဖွဲ့ အာဏာကို လက်ခံရယူချိန် ကာကွယ်ရေးဝန်ကြီး ဖြစ်လာချိန်မှစ၍ လက်နက်ကိုင် တပ်အားလုံး၏ အကြီးအကဲ ဖြစ်လာခဲ့ရပြန်ပါသည်။

စစ်ကြီးမဖြစ်မီက ရဲဘော်သုံးကျိပ်ဖြစ်လာမည့် မြန်မာလူငယ်များနှင့်



အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာ လျှို့ဝှက်လေ့လာသင်ကြားချိန်မှစ၍ တပ်မတော်အပေါ် အလွန်သံယောဇဉ်ကြီးလှသူ ဗိုလ်ချုပ်သည် ကံကြမ္မာ အလှည့်ပြောင်းအရ ၁၉၄၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်လာပြန်သောအခါ သူချစ်သော တပ်မတော်နှင့် ပြန်လည်နီးစပ် ထိတွေ့ရခြင်းကို ဝမ်းမြောက် ကျေနပ်မိဟန်တူပါသည်။

ထို့ကြောင့်ပင် သူ ရာထူးလက်ခံပြီး မကြာမီ ကာကွယ်ရေးဝန်ကြီးအနေဖြင့် နိုင်ငံအနှံ့အပြားရှိ တပ်မတော်တပ်ရင်း တပ်ဖွဲ့များသို့ လှည့်လည်စစ်ဆေးခဲ့ပါသည်။ ထိုအချိန်က အိုင်ဂျီ (I. G)ခေါ် ဗမာ့တပ်မတော် စစ်ဆေးရေးချုပ်ရာထူး ရယူသူ ဗြိတိသျှဗိုလ်ချုပ် သောမတ်စ် (Maj-Gen Thomas) နှင့်အတူ မေမြို့ရှိ လေ့ကျင့်ရေးဌာနချုပ် ဘီ-အာရ်-စီ (BURMA REGIMENTAL CENTRE) သို့လည်းကောင်း၊ မိတ္ထီလာမြို့ရှိ အမြောက်တပ်သို့လည်းကောင်း၊ ဗမာ့သေနတ်ကိုင်တပ်ရင်း (ဘားမားရိုင်ဖယ်)များရှိရာ ပျဉ်းမနား သန်လျင်မြို့များသို့လည်းကောင်း သွား၍ ကိုယ်တိုင် အနီးကပ် လေ့လာစစ်ဆေးပြီး လိုအပ်သည်တို့ကို အကြံပေးခဲ့သည်။

'တိုင်းပြည် လုံးဝ လွတ်လပ်ရေးရပြီးရင်တော့ ငါတို့တပ်မတော်ကို ထူးထူးခြားခြား အဆင့်မြင့်မြင့် စံပြတပ်မတော် ဖြစ်လာအောင် ငါတို့က ကြိုးစားတည်ဆောက်ရမယ်ကွ'

ဤသို့လည်း ဗိုလ်ချုပ်သည် မိတ္ထီလာမှ ရန်ကုန်သို့ အပြန်လေယာဉ်ပေါ်တွင် ပြောခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကိစ္စ ဆွေးနွေးရန် ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်းက ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ခဲ့ပါသည်။

အစီအစဉ်ကား ဗိုလ်ချုပ်တို့အဖွဲ့သည် နန်းရင်းဝန် (ဝန်ကြီးချုပ်) မစ္စတာအက်တလီ ခေါင်းဆောင်သော ဗြိတိသျှအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ့လွတ်လပ်ရေးကိစ္စကို လန်ဒန်မြို့တွင် အကျေအလည် ဆွေးနွေးညှိနှိုင်းရန်ပင် ဖြစ်သည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်သို့အသွားတွင် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရာ၌ အထောက်အကူဖြစ်စေရန်အတွက် သူနှင့် စစ်ကြိုခေတ်ကပင်

www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းရင်းနှီးခဲ့သူ အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးထံမှ အကြံဉာဏ်များ တောင်းရန် အခြားကိုယ်စားလှယ်အဖွဲ့ဝင်များထက် စော၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာခဲ့ပါသည်။

အိန္ဒိယပြည် နယူးဒေလီမြို့သို့ ဗိုလ်ချုပ်ရောက်သွားချိန်တွင် INDIAN SCIENCE CONGRESS ခေါ် အိန္ဒိယ သိပ္ပံပညာ ကွန်ဂရက်ညီလာခံ ကျင်းပချိန်နှင့် ကြုံကြိုက်နေသဖြင့် ၃-၁-၄၇ နေ့တွင် အိန္ဒိယ ခေါင်းဆောင်ကြီး မစ္စတာ နေရူးနှင့်တကွ ယင်းကွန်ဂရက် ညီလာခံကြီးသို့ တက်ရောက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာမှ ညီလာခံ ကိုယ်စားလှယ်များအား အိန္ဒိယအစိုးရက နယူးဒေလီမြို့ရှိ နာမည်ကြီး အင်ပီးရီးယဲလ်ဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲ တည်ခင်းရာသို့ ဗိုလ်ချုပ်အောင်ဆန်းကိုပါ ဖိတ်ကြားသဖြင့် မစ္စတာနေရူးနှင့်အတူ တက်ရောက်ခဲ့ပါသည်။ ယင်း ညစာစားပွဲကြီးသို့ တက်ရောက်လာသူများအနက် အိန္ဒိယ လက်နက်ကိုင်တပ်ပေါင်းစု သေနာပတိချုပ် ဗြိတိသျှလူမျိုး ဗိုလ်ချုပ်ကြီး 'လော့ဒ်အော်ချင်လက်'နှင့် မိတ်ဆက်ပေးသည်ကို ဗိုလ်ချုပ်သည် အထူးပင် စိတ်ဝင်စားမိပါသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ ဒုတိယကမ္ဘာစစ် မဖြစ်မီနှင့် စစ်အတွင်းက အလွန်ထင်ရှားသော ဗြိတိသျှ ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်လေရာ ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဗမာ့တပ်မတော်၏ သေနာပတိအဖြစ်လည်းကောင်း၊ စစ်တပ်ဖွဲ့စည်းပုံ၊ စီမံအုပ်ချုပ်ပုံ၊ ကြီးကြပ်ကွပ်ကဲပုံတို့ကို အလွန်စိတ်ဝင်စားသူဖြစ်၍ ဗိုလ်ချုပ်ကြီး 'လော့ဒ်အော်ချင်လက်'နှင့် စုံစမ်းမေးမြန်းရာ ဗြိတိသျှ ဗိုလ်ချုပ်ကြီးကလည်း စိတ်ရှည်လက်ရှည် ဖြေကြားခဲ့ပါသည်။

ထို့ပြင် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ဗိုလ်ချုပ်သည် အိန္ဒိယနိုင်ငံရှိ ဗဟိုစစ်ဦးစီးဌာနချုပ် (GHQ) သို့ သွားရောက်လေ့လာ ကြည့်ရှုပါသည်။

အိန္ဒိယ အင်ပိုင်ယာတစ်ခုလုံး၏ လက်နက်ကိုင် တပ်အားလုံးကို ကြီးကိုင် ကွပ်ကဲအုပ်ချုပ်ရသော ဌာနချုပ်ဖြစ်၍ ဌာနခွဲပေါင်းများစွာဖြင့် အလွန် ကြီးကျယ်သော စစ်ရုံးကြီးပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် ယင်းစစ်ဌာနချုပ်ကြီး၏ ဖွဲ့စည်းပုံများကို အထူး စိတ်ဝင်စားစွာ အသေးစိတ် လေ့လာကြည့်ရှုခဲ့ပါသည်။



'ငါတို့တိုင်းပြည် လွတ်လပ်ရေး ရပြီးတော့လည်း လတ်တလောမှာတော့ တပ်ဖွဲ့စည်းပုံကို ဒီလိုပုံစံမျိုးပဲ ဖွဲ့စည်းထားရဦးမှာကွ'

ဤသို့လည်း စစ်ဌာနချုပ်မှ ကျွန်တော်တို့တည်းခိုရာ မစ္စတာနေရူး၏ နေအိမ်သို့ အပြန်လမ်းတွင် ဗိုလ်ချုပ်က မှတ်ချက်ချခဲ့ပါသည်။

*

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေး အရေးဆိုရာတွင် အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များကို အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးထံမှ ရရှိပြီးနောက် ဗိုလ်ချုပ်သည် ကြိုတင် စီစဉ်ထားသည့်အတိုင်း ၇-၁-၄၇ နေ့တွင် နယူးဒေလီမှ ကရာချိမြို့ (ယခု ပါကစ္စတန်နိုင်ငံဆိပ်ကမ်းမြို့)သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ပါသည်။ ကရာချိမြို့တွင် ပါကစ္စတန်နိုင်ငံဖခင်ကြီးဟု တင်စားခေါ်ခြင်းခံရသူ မွတ်စလင် ခေါင်းဆောင်ကြီး မစ္စတာဂျင်နားနှင့်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုနေ့ ညနေဘက်မှာပင် ရန်ကုန်မှ ထွက်ခွာလာသော သခင်မြ အမှူးပြုသည့် ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ကရာချိမြို့သို့ ရောက်ရှိလာကြပါသည်။

ထို့ကြောင့် နောက်တစ်နေ့ (၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၈ ရက်နေ့) ညတွင် ဗိုလ်ချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကရာချိမြို့မှ လန်ဒန်သို့ လေယာဉ်ဖြင့် ခရီးဆက်ကြပါသည်။

ကြိုတင်ရေးဆွဲထားသော ခရီးစဉ်အရ ဗိုလ်ချုပ်တို့၏ လေယာဉ်သည် အီရတ်နိုင်ငံ 'ဘဂ္ဂဒက်'မြို့တော်အနီး 'ဟဘားနီးယား' လေဆိပ်သို့ ခေတ္တဆင်းသက်၍ လေယာဉ်စက်များကို မြေပြင် အင်ဂျင်နီယာများက စစ်ဆေးခြင်း၊ လောင်စာဆီဖြည့်ခြင်းများ ပြုလုပ်ပြီး မြေထဲပင်လယ်ကွင်း ဖော်လ်တာသို့ ပျံသန်းရန် ခေတ္တ ရပ်နားကြမည် ဖြစ်ပါသည်။

'ဟဘားမီးယား'လေဆိပ်မှာပင် ဗိုလ်ချုပ်တို့အဖွဲ့သည် 'ဘရိတ်ဖတ်စ်' ခေါ် နံနက်စာအဖြစ် ပေါင်မုန့်၊ လက်ဖက်ရည်၊ ကော်ဖီများ စားသောက်ကြရပြီး နံနက်စောစော ဒေသစံတော်ချိန် ငါးနာရီခွဲခန့်တွင် ခရီးဆက်ထွက်ကြရာ မြေထဲပင်လယ်ပြင်ကြီးပေါ်မှဖြတ်၍ ပျံသန်းသွားရပြီး 'ဂရင်းနစ်' (ဗြိတိသျှစံတော်ချိန်) မွန်းတည့် ၁၂ နာရီတွင် 'ဖော်လ်တာ'ကျွန်းသို့ ချောမောစွာ ဆိုက်ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗော်တာကျွန်းကား ဗြိတိသျှတို့အတွက် စစ်ရေးမဟာဗျူဟာအရ အလွန်အရေးပါသော နေရာတစ်ခုဖြစ်၍ Royal Navy ခေါ် ဘုရင့် ရေတပ်မတော်၏ အခြေစိုက်စခန်းပြုလုပ်ကာ ဗြိတိသျှဘုရင်ခံတစ်ဦးက အုပ်ချုပ်လျက်ရှိပါသည်။

ဘုရင်ခံမှာ မစ္စတာဒေါက်ကလပ်ဆိုသူဖြစ်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လာရောက်တွေ့ဆုံ နှုတ်ဆက်ပါသည်။ ဗိုလ်ချုပ်ကလည်း စစ်အတွင်းက အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစုမောင့်ဘက်တင်နှင့် သိကျွမ်းခဲ့ပုံကိုပြောပြရင်း စကားလက်ဆုံကျရာမှ ဗော်လ်တာကျွန်းရှိ ဗြိတိသျှ ရေတပ်မတော် အခြေစိုက်စခန်းအကြောင်း ဗိုလ်ချုပ်သိလိုသော အချက်အလက်များ မေးမြန်းခွင့် ရခဲ့ပါသည်။

ထိုနေ့က ဗော်လ်တာကျွန်းမှာပင် နေ့လယ်စာ စားကြရပြီးနောက် မွန်းလွဲ ၂ နာရီခန့်တွင် လေယာဉ်ဖြင့် ဗြိတိန်နိုင်ငံသို့ တိုက်ရိုက် ခရီးဆက်ပျံသန်းသွားရာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ည ကိုးနာရီခွဲသာသာတွင် လန်ဒန်လေဆိပ်သို့ ချောမောစွာ ရောက်ရှိသွားကြပါသည်။

*

လန်ဒန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်းဝန် (ဝန်ကြီးချုပ်) မစ္စတာအက်တလီ ခေါင်းဆောင်သော ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များ တရားဝင် ဆွေးနွေးပွဲကို (ကမ္ဘာကျော် လိပ်စာတစ်ခုဖြစ်သော) လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်း (10, Downing Street) ရှိ ဝန်ကြီးချုပ် နေအိမ်တွင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္လာနေ့တွင် စတင်ခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသည် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြီးဆုံး၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နှစ်ဖက်သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထိုစာချုပ်အား မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါလှသော မှတ်တိုင်တစ်ခုဟုဆိုရမည့် ၁၉၄၇ ခုနှစ်၊ အောင်ဆန်း-အက်တလီ စာချုပ်ပင်ဖြစ်ပါသတည်း။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ စတင်ခဲ့သော ညှိနှိုင်းဆွေးနွေးပွဲသည် ဇန်နဝါရီလ ၂၆ ရက်နေ့မှ ပြီးဆုံးခဲ့သည်မှန်သော်လည်း နေ့စဉ်ရက်ဆက်



အစည်းအဝေးများ တောက်လျှောက်မရှိခဲ့ပါ။ ကြားရက်အချို့တွင် နှစ်ဖက်စလုံးမှ ကိုယ်စားလှယ်များအချင်းချင်း ညှိနှိုင်းတိုင်ပင်ရန်အတွက် အစည်းအဝေးခေတ္တ ရပ်နားခြင်းရှိပါသည်။ ယင်းနားရက်များတွင် တစ်ခါတစ်ရံ အချိန်အားလပ်သည်ကို အသုံးချသည့်အနေဖြင့် ဗိုလ်ချုပ်သည် ကာကွယ်ရေးဝန်ကြီးပီပီ လေ့လာလိုသော နေရာများသို့ သွားရောက်လေ့လာခဲ့ပါသည်။

*

အိမ်ရှင် ဗြိတိသျှအစိုးရကလည်း မြန်မာအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား လေ့လာ အကဲခတ်ကြည့်ပြီး လေးစားပုံရပါသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်က မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးအနေဖြင့် လေ့လာလိုသော နေရာဌာနများကို အဆင်ပြေစွာ လေ့လာနိုင်အောင် ကူညီ စီစဉ်ပေးပါသည်။

၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဆွေးနွေးပွဲမရှိဘဲ အားလပ်သဖြင့် ဗိုလ်ချုပ်သည် လန်ဒန်မြို့မှ မိုင် ၉၀ ခန့် ကွာဝေးသော 'ပက်ဆင်ဟမ်' အရပ်ရှိ ဗြိတိသျှ အင်ပိုင်ယာလုံးဆိုင်ရာ ဗဟိုလေကြောင်း အတတ်သင်ကျောင်းသို့ သွားရောက်လေ့လာခဲ့ပါသည်။

ကျောင်းအုပ် (တပ်မှူးကြီး)၏ ပြောပြချက်အရ ထိုကျောင်းသည် ဗြိတိသျှ အင်ပိုင်ယာအတွင်းမှ နိုင်ငံများ (နေသဟာယနိုင်ငံများ)မှ လေတပ်အရာရှိများအား အဆင့်မြင့် လေကြောင်းပညာများ သင်ကြားပို့ချပေးသည့် အကြီးဆုံး သင်တန်းကျောင်းဖြစ်ကြောင်း သိရပါသည်။

ထိုနေ့က R. A. F ဘုရင့် လေတပ်မတော်မှ လက်ရွေးစင် လေသူရဲများက 'မီတီယော်'အမည်ရှိ နောက်ဆုံး 'ဂျက်' တိုက်လေယာဉ်သစ်များဖြင့် တစ်နာရီလျှင် မိုင် ၆၀၀ နှုန်း ပျံသန်းရင်း အတိမ်းအရှောင်၊ ရုတ်တရက် အမြင့်တက်ပျံခြင်း၊ တစ်ဖန် အနိမ့်များသို့ ဆင်းပျံခြင်း စသော စစ်ရေးလှုပ်ရှားမှုများကို ကျွမ်းကျင်စွာ လုပ်ပြသည်ကို ဗိုလ်ချုပ်သည် အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုပါသည်။

'အင်း ငါတို့ တိုင်းပြည်လွတ်လပ်ရေးရပြီးတဲ့အခါ ငါတို့ရဲ့ လေတပ်မတော်မှာလည်း ဒီလို နောက်ဆုံးပေါ် ခေတ်မီ ဂျက်လေယာဉ်တွေ ရှိလာရမှာပေါ့ကွာ'

ဤသို့လျှင် ဗိုလ်ချုပ်က ကျွန်တော့်အား ခပ်တိုးတိုး ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီးကောင်း တစ်ဦးအနေဖြင့် ဗိုလ်ချုပ်သည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက စစ်မျက်နှာအရပ်ရပ်မှ အခြေအနေကို မျက်ခြည်မပြတ် လေ့လာအကဲခတ်ခဲ့ရာ မဟာမိတ်နိုင်ငံများက နာဇီနှင့် ဖက်ဆစ်ရန်သူများအား တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ရာတွင် မဟာမိတ်တို့ဘက်မှ လေတပ်အင်အား အထူးတောင့်တင်းအားကောင်းခြင်းက အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသုံးသပ်မိခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့်လည်း အင်္ဂလန်နိုင်ငံရှိ ဗြိတိသျှ ဗဟိုလေကြောင်း အတတ်သင်ကျောင်းကြီးကို စိတ်ဝင်စားခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ စိတ်ဝင်စားမိကြောင်းကိုလည်း ၃၁-၁-၄၇ နေ့က ဘုရင့်လေတပ်မတော်၏ ဦးစီးချုပ် လောဒ်တက်ဒါနှင့် တွေ့ဆုံရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ပွင့်လင်းစွာ ပြောပါသည်။ ဘုရင့်လေတပ်မတော် ဦးစီးချုပ် လော့ဒ်တက်ဒါ (Lord Teddar) ၏ တရားဝင်ရာထူး အခေါ်အဝေါ်မှာ Marshal of the R. A. F ဟူ၍ ဖြစ်ပြီး အစိုးရအဖွဲ့ (ကက်ဘိနက်)ဝင် ဝန်ကြီးအဆင့်ရှိကြောင်း သိရပါသည်။

ထိုပုဂ္ဂိုလ်ကလည်း ဗိုလ်ချုပ် စိတ်ဝင်စားကြောင်းကို သိရ၍ ဝမ်းမြောက်ပါကြောင်း၊ လွတ်လပ်သော မြန်မာနိုင်ငံ၏ လေတပ်မတော် ဖွဲ့စည်းတည်ထောင်ရာတွင်လည်း အတတ်နိုင်ဆုံး ကူညီမည်ဟု ပြန်လည် ပြောကြားခဲ့ပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ် လက်မှတ်ရေးထိုးရန် သတ်မှတ်ထားသော်လည်း နံနက်ပိုင်းတွင် မစ္စတာအက်တလီနှင့် ဗြိတိသျှဝန်ကြီးအချို့မှာ အထူးအရေးကြီးသော အစည်းအဝေးတစ်ခု ရှိနေပြန်သဖြင့် မွန်းလွဲသုံးနာရီခွဲမှ လက်မှတ်ထိုးကြရန် သတ်မှတ်လိုက်ပါသည်။

ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ နံနက်ပိုင်းတွင် အားလပ်နေကြရာ ဗိုလ်ချုပ်အောင်ဆန်းသည် သူ အထူးစိတ်ဝင်စားသော ဗြိတိသျှ စစ်ဦးစီးတက္ကသိုလ် (STAFF COLLEGE) နှင့် ကမ္ဘာကျော် နာမည်ကြီး ဆင့်ဟတ် (SANDHURST) စစ်တက္ကသိုလ်များသို့ သွားရောက်လေ့လာရန် ဆုံးဖြတ်လိုက်သည်။



ဗြိတိသျှအစိုးရကလည်း ချက်ချင်းပင် ဗိုလ်ချုပ် သွားကြည့်လိုသော နေရာများသို့ သွားရောက်လေ့လာရန် အလျင်အမြန် စီစဉ်ပေးသဖြင့် ဗိုလ်ချုပ်သည် အထူး စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

လန်ဒန်မြို့မှ မော်တော်ယာဉ်ဖြင့် တစ်နာရီသာသာ သွားရုံနှင့် 'ကင်ဘာလီ' အရပ်ရှိ STAFF COLLEGE စစ်ဦးစီးတက္ကသိုလ်သို့ ရောက်သွားကြပါသည်။

**မှတ်ချက်** ။ ။ ယခု ရှမ်းပြည်တောင်ပိုင်း ဗထူးတပ်မြို့ရှိ ဗမာ့တပ်မတော် 'စစ်ဦးစီးတက္ကသိုလ်'သည် ဗြိတိသျှနိုင်ငံ၌ ဗိုလ်ချုပ်အောင်ဆန်း လေ့လာခဲ့သော STAFF COLLEGE ပုံစံသဘောမျိုး ဖန်တီးထားခြင်းပင် ဖြစ်ပါသည်။

**စာရေးသူ**

စစ်ဦးစီး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဟားလ် (Maj-Gen Hull) ဆိုသူကိုယ်တိုင် ခရီးဦးကြိုပြု၍ ကျောင်းအတွင်း လိုက်လံပြသကာ အသေးစိတ် ရှင်းပြသည်ကို ဗိုလ်ချုပ်သည် စိတ်ပါဝင်စားစွာ လေ့လာမှတ်သားပါသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သည် ကမ္ဘာကျော် 'ဆင်းဟတ်' (SANDHURST) စစ်တက္ကသိုလ်သို့လည်း သွားရောက်ပြီး အတန်ကြာကြာ လေ့လာကြည့်ရှုခဲ့ပါသည်။

**မှတ်ချက်** ။ ။ ယနေ့ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်စောကြာဒိုး (အငြိမ်းစား)သည် အထက်ပါဖော်ပြပါ 'ဆင်းဟတ်' စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတစ်ဦး ဖြစ်ခဲ့ပါသည်။

**စာရေးသူ**

ဤသို့လျှင် ဗိုလ်ချုပ်သည် ကာကွယ်ရေးဝန်ကြီးအနေဖြင့် စုံစုံလင်လင် လေ့လာကြည့်ခဲ့ခြင်းမှာ လွတ်လပ်ရေးရပြီးနောက် အနာဂတ် မြန်မာ့တပ်မတော်ကြီးကို ကမ္ဘာ့အဆင့်မီ လက်နက်ကိုင်အဖွဲ့ကြီးဖြစ်အောင် ဖန်တီးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် ကံကြမ္မာက သူ့အား ထိုအခွင့်အရေးကိုမပေး။ လွတ်လပ်ရေးရလုဆဲ လမ်းခုလတ်တွင် ကျဆုံးသွားရခြင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လင့်ကစား နှစ်သိမ့်စရာတစ်ခုကတော့ ယနေ့ လွတ်လပ်သော မြန်မာနိုင်ငံ၏ တပ်မတော်တွင် ဗိုလ်ချုပ် လိုလားခဲ့သော စစ်ဦးစီးတက္ကသိုလ်၊ ပြင်ဦးလွင်မှ D. S. A စစ်တက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (NATIONAL DEFENCE COLLEGE) စသည်တို့ဖြင့် ခန့်ညားထည်ဝါစွာ ပြည့်စုံနေခြင်းပင်ဖြစ်ပါသတည်း။

□



## အတိတ်မှ အရိပ်များ

'ဟေ့ကောင် ငါသိရသလောက် မင်းဟာ ငယ်ငယ်က အင်္ဂလိပ်စာကိုသာ ဦးစားပေးသင်တဲ့ 'ကက်သလစ်' (ဗရင်ဂျီ) သာသနာပြုကျောင်းမှာနေပြီး အဲဒီကျောင်းကပဲ ဆယ်တန်းအောင်ခဲ့လို့ ဗမာစာ ကောင်းကောင်းမသင်ခဲ့ရဘူးဆို၊ ပြီးတော့ တက္ကသိုလ်ရောက်တော့လည်း မင်းက ဘီအေ အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်ခဲ့တယ် မဟုတ်လား၊ ဒါနဲ့များ မင်းက ဘယ်လိုလုပ်ပြီး ဗမာစာရေးဆရာဖြစ်လာတာလဲကွ'

ဤသို့ မေးလိုက်သူကား ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါသည်။ ဗိုလ်ချုပ်ဘာကြောင့် မေးသည်ကိုလည်း ကျွန်တော်က သိနေပါသည်။ မေးချိန်က ဗိုလ်ချုပ်၏လက်တွင် ဒီးဒုတ်ဂျာနယ်တစ်စောင်ကို ကိုင်ထားသည်ကိုမြင်၍ သိရခြင်း ဖြစ်ပါသည်။

ဒီးဒုတ်ဂျာနယ်ဆိုသော်လည်း ယခင် စစ်ကြိုခေတ်ကလို ပုံမှန်ဂျာနယ်ဆိုက်ကြီးမျိုးမဟုတ်။ 'ခရောင်ရုတ်ချိုး'ခေါ် မဂ္ဂဇင်းဆိုက်သာသာ ခပ်ငယ်ငယ်ဖြစ်နေပါသည်။ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးပြီးကာစ စက္ကူရှားပါးနေဆဲ ခေတ်ဖြစ်၍ ဆရာဦးဘချိုသည် ရန်ကုန်မြို့သို့ နယ်မှ ပြန်ရောက်ရောက်ချင်း နိုင်ငံရေးအခြေအနေအကြောင်း၊ သူ၏အာဘော်ကို ထုတ်ဖော်ရေးသားလိုသဖြင့် စက္ကူပေါချိန်အထိမစောင့်ဘဲ ဖြစ်သလို ဂျာနယ်ဆိုက်သေးသေးပင် ထုတ်ခဲ့ပါသည်။ ထိုအချိန်က ခေတ်ဟောင်းက 'မှုံရွှေရည်... ခိုင်မာလာနှင်းဆီ' စသော 'ရွှေနှင်းဆီ' သီချင်းဆို၍ အလွန် နာမည်ကြီးခဲ့သော အဆိုတော် မဖမိ ကွယ်လွန်ကာစဖြစ်ရာ မဖမိသည် ကာလပေါ်သီချင်းသာမက

www.burmeseclassic.com

www.burmeseclassic.com



ကြိုးဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယားစသော သောတလက်ာရမြောက် မြန်မာသီချင်းကြီးများကိုလည်း ပိုင်နိုင်စွာ သီဆိုနိုင်သူဖြစ်သောကြောင့် ဆရာဦးဘချိုသည် 'ပန်းဟောဝန်'၊ 'ပန်းမြိုင်လယ်' ယိုးဒယားသီချင်းကြီးများ မဇမိ ဆို၍ ဓာတ်ပြားသွင်းခဲ့သည်ကို အထူး သဘောကျခဲ့သည်။ ထို့ကြောင့် ဆရာချိုက ကျွန်တော့်အား အဆိုတော် မဇမိအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးနိုင်းသဖြင့် ဒီးဒုတ်ဂျာနယ်တွင်ပါလာသော ကျွန်တော်၏ 'မဇမိ'ဆောင်းပါးကို ဗိုလ်ချုပ်က ဖတ်ပြီး ကျွန်တော့်အား ဗမာစာ ကောင်းကောင်းမသင်ခဲ့ဘဲ ဘာကြောင့် စာရေးဆရာ ဖြစ်လာတာလဲဟု မေးလိုက်ခြင်း ဖြစ်ပါသည်။

'မှန်ပါတယ် ဗိုလ်ချုပ် ကျွန်တော် မြန်မာစာ ကောင်းကောင်းမသင်ခဲ့ရပါဘူး။ ကျွန်တော်နေခဲ့တဲ့ သာသနာပြုကျောင်းဆိုတာက အင်္ဂလိပ်စာကိုသာ ဦးစားပေးသင်တဲ့အပြင် သူတို့ရဲ့ 'ကက်သလစ်'ဘာသာ သင်ခန်းစာကိုပါ စာမေးပွဲစစ်ပြီး ပထဝီ၊ သမိုင်း၊ သင်္ချာစတဲ့ တစ်ခြားဘာသာတွေက ကျောင်းသားတွေ ရရှိတဲ့အမှတ်နဲ့ ပေါင်းပြီးမှ အတန်းထဲမှာ ပထမ၊ ဒုတိယ၊ တတိယအဆင့်သတ်မှတ်ရာမှာ ရောပြီး သတ်မှတ်တယ်။ ကျွန်တော်ကလည်း ယုံကြည်လို့မဟုတ်ဘဲ အဆင့်ကောင်းကောင်းရချင်တာနဲ့ သူတို့ဘာသာကိုပါ စာကျက်ဝင်ဖြေခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ကျောင်းက မျက်နှာဖြူစစ်စစ် အင်္ဂလိပ်အရာရှိကြီးတွေရဲ့ သားသမီးတွေကို ကျွန်တော်က နိုင်ခဲ့ပါတယ်။

'ကက်သလစ်ဘာသာဝင် ခရစ်ယာန်တစ်ယောက် မဖြစ်ခဲ့တာကတော့ ကျွန်တော့်ရဲ့မိခင်ကြီး ကျေးဇူးပါ။ မိခင်ကြီးက ကျွန်တော် လေးနှစ်သားလောက်ကတည်းက ဗုဒ္ဓဘာသာ အခြေခံတရားတွေ သင်ပေးခဲ့တယ်၊ မင်္ဂလာသုတ်၊ မေတ္တာသုတ်တွေ အလွတ်ရအောင် ကျက်ခိုင်းတယ်။ ပြီးတော့ မိခင်ကြီးက ကျောင်းကန်ဘုရား သွားတဲ့အခါ တရားပွဲသွားတဲ့အခါ ကျွန်တော့်ကို ခေါ်သွားလေ့ရှိတယ် ဒါကြောင့် ကျွန်တော်ဟာ ဘာသာရေးကိုင်းရှိုင်းရမှန်း ဒီ[illegible]သာခဲ့တာကံကောင်းတာပဲ။ အင်္ဂလိပ်စာကိုလည်း တစ်ဖက်က ဝါသနာပါပြီး အင်္ဂလိပ်လူမျိုး အရာရှိတွေရဲ့သားတွေကို အင်္ဂလိပ်စာမှာ ကျွန်တော် အမြဲနိုင်အောင် ကြိုးစားခဲ့ပါတယ်။ တစ်ဖက်ကလည်း မိခင်ကြီးရဲ့ သွင်သင်ဆုံးမမှုကြောင့် ဇိနတ္ထပကာသနီကျမ်းလို စာအုပ်မျိုးတွေ ဖတ်ခွင့်ရရာက မြန်မာစကားပြေ အရေးအသားကို စိတ်ဝင်စားရုံမက ကိုယ်တိုင်ရေးတတ်ချင်လာတယ်။ ဒါကြောင့် ဟိုခေတ်က စာရေးဆရာကြီးများဖြစ်တဲ့ ပီမိုးနင်း၊ ဗျူဒေါင်း၊ မဟာဆွေ၊ ဒဂုန်ရွှေမျှား၊



ဒဂုန်နတ်ရှင်၊ ဆရာဇော်ဂျီ လက်တီပဏ္ဍိတ ဦးမောင်ကြီးတို့ရဲ့စာတွေကို အထူးကြိုးစား ဖတ်ခဲ့တယ်။ စားရေးသားပုံ လေ့လာခဲ့တယ်။ နောက်တော့ ကိုယ်တိုင် လေ့ကျင့်ရေးသားရာက ဝတ္ထုတို တစ်ပုဒ်စ၊ နှစ်ပုဒ်စ မဂ္ဂဇင်းတွေ ပါလာရာက အားတက်ပြီး ဆက်ရေးခဲ့တာပါပဲ၊ တကယ်တော့ ကျောင်းမှာ ကောင်းကောင်းမသင်ခဲ့ရတာနဲ့ မဆိုင်ဘူးထင်တယ်၊ ကျွန်တော်ကလည်း ဗိုလ်ချုပ်ကို ပြန်မေးနိုင်တာပဲ။ ဗိုလ်ချုပ်က ကျွန်တော့်လို 'ယူရိုပီယံကုတ်'လို့ ခေါ်တဲ့ (European Code) ခရစ်ယာန် သာသနာပြုကျောင်းမျိုး မနေခဲ့ရဘဲ ရေနံချောင်း နေရှင်နယ် (အမျိုးသား)ကျောင်းက ဆယ်တန်းအောင်ခဲ့တယ် မဟုတ်လား။ နေရှင်နယ်ကျောင်းတွေဆိုတာက မြန်မာစာကိုသာ ဦးစားပေးသင်တာပဲ။ ဒါပေမဲ့ အခုဆိုရင် ဗိုလ်ချုပ်ဟာ အင်္ဂလိပ်ဘာသာနဲ့ စကားပြောအရေးအသားမှာ သာသနာပြု ကျောင်းထွက်တွေထက်သာအောင် အလွန်အဆင့်အတန်းမြင့်မြင့် ရေးနိုင်တာ ဘာကြောင့်လဲ'

ကျွန်တော်က ပြန်မေးလိုက်လျှင် ဗိုလ်ချုပ်သည် ပြုံး၍ ပြန်ဖြေပါသည်။

'ဒါတော့ ငါလည်း မင်းလိုပဲ အင်္ဂလိပ်စာကို အထူးဝါသနာပါလို့ လေ့လာခဲ့တယ်၊ အင်္ဂလိပ်စာကို ကျွမ်းကျင်ချင်တယ်၊ ကျောင်းသားဘဝကတည်းက တစ်နေ့ကျရင် ငါတို့ဟာ အင်္ဂလိပ်နယ်ချဲ့သမားဆီက လွတ်လပ်ရေးပြန်ရအောင် လုပ်ရမယ်ဆိုတာ စိတ်ထဲ ဖြစ်ပေါ်လာရာက နယ်ချဲ့သမားရဲ့ဘာသာစကားနဲ့ စာပေကို ရေရေလည်လည် တတ်မြောက်ကျွမ်းကျင်ဖို့ လိုအပ်တယ်လို့ ယူဆခဲ့မိတယ်။ တစ်ခုတော့ရှိတယ်၊ မင်းတို့လိုတော့ ရှိတ်စပီးယား၊ ဒစ်ကင်း၊ ရှယ်လီတို့ရဲ့ [illegible]မြောက် စာပေလက်ရာတွေ မလေ့လာခဲ့ဘူး။ လေ့လာဖို့လည်း အချိန်မ[illegible] ငါ အဓိကထား လေ့လာခဲ့တာကတော့ အင်္ဂလိပ်လို စကားပြေ [illegible]သား ကျွမ်းကျင်နိုင်နင်းဖို့ပဲ၊ ဒါမှ ငါတို့ လွတ်လပ်ရေးအတွက် [illegible]မှာ အထောက်အကူဖြစ်လိမ့်မယ်လို့ ငါ [illegible]။ ပြီးတော့ [illegible]စာတွေ အများကြီးဖတ်တယ်။ အထူးသဖြင့် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာ နေရူးရဲ့ အင်္ဂလိပ်စာ အရေးအသားကို သဘောကျလို့ သူ့လက်ရာမှန်သမျှ ငါ အကုန်ဖတ်ခဲ့တယ်။ ရေးသားပုံလည်း အတုခိုးတယ်။ သူက မူလတန်းကျောင်းသားဘဝကတည်းက အင်္ဂလန်မှာ ကျောင်းနေခဲ့တော့ အင်္ဂလိပ်ဘာသာကို အင်္ဂလန်နိုင်ငံသား အင်္ဂလိပ်လူမျိုးအတော်များများထက်တောင် ပိုတော်သေးတယ်။ ဘာပဲဖြစ်ဖြစ် မင်းက

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးရေးဖို့ ဝါသနာပါပြီး တကယ်လည်း ရေးနေတာကိုတော့ ငါ သဘောကျပါတယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ကတောင် 'မင်း ဗမာစာ အရေးကောင်းတယ်'လို့ ငါ့ကို တစ်ခါ ပြောဖူးတယ်'

'ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ကျွန်တော် တစ်သက်လုံး စာရေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဗိုလ်ချုပ်တို့ ကျွန်တော်တို့ဟာ ဗမာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းရေးစီးကြောင်းထဲ မျောပါလာသလို တောက်လျှောက်ပါခဲ့တော့ တရားသဘောအရ ကျွန်တော်တို့မရှိတော့တဲ့ နောက်ပိုင်း ဗမာလူငယ်၊ သမိုင်းသုတေသန ပညာရှင်တွေကအစ ကျောင်းသူ၊ ကျောင်းသားများပါ ကျွန်တော်တို့ခေတ်က ဘယ်လို ရုန်းကန်လှုပ်ရှားခဲ့ကြတယ်ဆိုတာကို လေ့လာနိုင်အောင် စာပေရေးသားပြီး မှတ်တမ်းတင်ထားခဲ့သင့်တယ်လို့ ထင်ပါတယ်'

ဤမျှနှင့်ပင် ဆရာတပည့်နှစ်ဦး စကားပြတ်သွားကြပြီး ဗိုလ်ချုပ်လည်း သူ ဖတ်လက်စ ဒီးဒုတ်ဂျာနယ်ကို ဆက်ဖတ်နေလိုက်ပါသည်။

၁၉၆၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော အကြိမ်နှစ်ဆယ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့)ထုတ် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)သတင်းစာအတွက် ကျွန်တော်သည် ဖက်ဆစ်တော်လှန်ရေးအကြောင်း ဆောင်းပါးတစ်ပုဒ် အင်္ဂလိပ်ဘာသာဖြင့် ရေးပေးခဲ့ပါသည်။

ထိုအချိန်က 'အင်္ဂလိပ်လုပ်သား' အယ်ဒီတာချုပ်မှာ ဆရာမကြီးဒေါ်ခင်မျိုးချစ်၏ခင်ပွန်း ဆရာဦးခင်မောင်လတ် ဖြစ်ပါသည်။

ကျွန်တော်၏ တော်လှန်ရေးနေ့ ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ဂျပန်တို့ထံမှ စစ်ပညာသင်ယူကာ ဂျပန်စစ်တပ်နှင့်ပူးတွဲ၍ ဗြိတိသျှတို့အား မြန်မာပြည်မှ တိုက်ထုတ်ခဲ့ပြီးမှ ဖက်ဆစ်တော်လှန်ရေးကာက (၁၉၄၅ ခုနှစ်)ကျတော့ ဘာကြောင့် ဗြိတိသျှတပ်များနှင့် ပြန်ပေါင်းကာ ဂျပန်ကိုပြန်၍ တော်လှန်တိုက်ခိုက်ရသည်ကို ဗြိတိသျှအပါအဝင် မဟာမိတ်တပ်များနှင့် နိုင်ငံခြား ကြေးနန်းသတင်းဌာနများ သိစေလို၍ နိုင်ငံရေးအကြောင်းအချက်စုံလင်စွာဖြင့် အင်္ဂလိပ်ဘာသာ စာတန်းတစ်စောင် ရေးသားပြုစုခဲ့ရာ ကျွန်တော်ယင်းစာတန်းမှ စာပိုဒ်တစ်ပိုဒ်ကို ထုတ်နုတ်ကိုးကားခဲ့ပါသည်။

အယ်ဒီတာချုပ် ဦးခင်မောင်လတ်သည် ထိုနှစ် မတ်လ ၂၆ ရက်နေ့က ဆောင်းပါးစာမူကို ဖတ်ကြည့်ပြီး ကျွန်တော့်ထံ တယ်လီဖုန်းဆက်ပါသည်။



'ကိုနေဝင်း ခင်ဗျား ဆောင်းပါးထဲမှာ ကိုးကားဖော်ပြထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အင်္ဂလိပ်ဘာသာစာတမ်းကို သူကိုယ်တိုင်ပဲ ရေးတာလား၊ တခြားလူ တစ်ယောက်ယောက်ကများ ရေးပေးတာများလား'

'ဗိုလ်ချုပ်ကိုယ်တိုင် ရေးတာပါ၊ ဘာဖြစ်လို့လဲ ဦးခင်မောင်လတ်'

'ဘာမှ မဖြစ်ပါဘူး၊ ရေးသားထားပုံ အင်္ဂလိပ်စာ အရေးအသားကောင်းလွန်းလို့ပါ၊ ဝေါဟာရ အသုံးအနှုန်းကောင်းသလို အီဒီယံတွေသုံးထားပုံ (IDIOMATIC ENGLISH) ကလည်း အံ့သြစရာကောင်းလောက်အောင် အဆင့်မြင့်နေလို့ ကျွန်တော်တောင် ဗိုလ်ချုပ်လက်ရာ ဟုတ်ပါ့မလားဆိုပြီး သံသယဖြစ်မိတယ်၊ အခု ကိုနေဝင်းက သူကိုယ်တိုင်ရေးတာပါလို့ အတည်ပြုပြောပြတော့ ဗိုလ်ချုပ်ရဲ့ အင်္ဂလိပ်စာ အရေးအသားကောင်းပုံကို အထူးပဲ ချီးကျူးမိတယ်၊ ဂုဏ်လည်းယူမိပါတယ်ဗျာ'

ဤသို့ ပြောခဲ့သူ ဆရာဦးခင်မောင်လတ်သည် သူကိုယ်တိုင်က အင်္ဂလိပ်စာ မဟာဝိဇ္ဇာ၊ M. A. ဘွဲ့ ရရှိထားပြီး အင်္ဂလိပ်ဆရာလည်း လုပ်ခဲ့ဖူးသူဖြစ်၍ ကွယ်လွန်သူ ကျဆုံး ကိုယ့်ဆရာသမားအတွက် အတိုင်းမသိ ဂုဏ်ယူမိပါသည်။

**မှတ်ချက်** ။ ။ အဆိုပါ ကျွန်တော်၏ အင်္ဂလိပ်ဘာသာ 'ဖက်ဆစ်တော်လှန်ရေး' ဆောင်းပါးသည် ၂၇-၃-၆၅ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)သတင်းစာတွင် ပါရှိခဲ့ပါသည်။

ဤသည်တို့ကား ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ အတူလျှောက်ခဲ့ရသော လွတ်လပ်ရေးကြိုးပမ်းမှု ခရီးရှည်ကြီးဟူသော အတိတ်မှ အရိပ်အရိပ်ပင် ဖြစ်ပါသတည်း။

◻

www.burmeseclassic.com

www.burmeseclassic.com



## နှစ် ၅၀ က နယ်ချဲ့တို့၏ ဝှက်ဖဲ

ယခုနှစ် ၁၉၉၇ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သည့် 'ပြည်ထောင်စုနေ့'သည်ကား ခါတိုင်းလို သာမန် ပြည်ထောင်စုနေ့မဟုတ်။ နှစ် ၅၀ ပြည့်မြောက်သော 'ရွှေရတု ပြည်ထောင်စု'နေ့ဖြစ်၍ ထူးခြားသော ပြည်ထောင်စုနေ့ကြီး ဖြစ်ပေသည်။

စင်စစ်အားဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေးတွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်သည် ၂၇-၁-၄၇ နေ့က လန်ဒန်မြို့တွင် ချုပ်ဆိုခဲ့သော 'အောင်ဆန်း-အက်တလီစာချုပ်'အရ ချုပ်ဆိုခဲ့သည်ဖြစ်ရာ ယင်းစာချုပ် ချုပ်ဆိုအံ့ဆဲဆဲ ၂၇-၁-၄၇ နေ့က လန်ဒန်မြို့တွင်ရှိနေသူ ကျွန်တော့်အဖို့ အတိတ်မှ အရိပ်များကို ပြန်လည်သတိမရဘဲ မနေနိုင်အောင်ပင် စိတ်ထဲ ခံစားမိပါသည်။

အထူးသဖြင့် ယခုနှစ် 'ရွှေရတုပြည်ထောင်စုနေ့' ကျရောက်ခါနီးအခါသမယတွင် နှစ်ပေါင်း ၅၀ က နယ်ချဲ့တို့၏ 'ဝှက်ဖဲ'တစ်ချပ်အကြောင်းကိုလည်း ပြန်လည်စဉ်းစားမိပါသည်။

အမှန်တော့ 'ဝှက်ဖဲ'ဆိုသည်မှာ ခေတ်ပေါ်စကား ဝေါဟာရကို သုံးလိုက်ခြင်းပင်ဖြစ်ရာ တကယ်ကတော့ လွန်ခဲ့သော နှစ် ၅၀ က နယ်ချဲ့သမားတို့ ဉာဏ်နီဉာဏ်နက်များခဲ့ပုံ၊ မရိုးသားပုံကို ပြန်ပြောင်း၍ မျက်မှောက်ခေတ်လူငယ်များအား မီးမောင်းထိုးပြလိုသဖြင့် 'ဝှက်ဖဲ'ဟု တင်စားရေးသားလိုက်ခြင်း ဖြစ်ပါသည်။

*



အောင်ဆန်း-အက်တလီစာချုပ်၏ အပိုဒ် ၃၊ ၈၊ အပိုဒ်ခွဲ (ခ)တွင် 'တောင်တန်းဒေသ ပြည်နယ်များအ ကြက် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးခေါင်းဆောင်များကိုယ်တိုင်က မိမိတို့သည် မြန်မာပြည်နှင့်အတူ လွတ်လပ်ရေးကို ရယူပြီး ပြည်ထောင်စုပုံစံဖြင့် 'လွတ်လပ်ရေး ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် နေလိုပါသည်ဟု အခိုင်အမာ သဘောတူကြောင်း လက်မှတ်ရေးထိုးချုပ်ဆိုပေးရမည်'ဟူ၍ ထည့်သွင်းဖော်ပြထားပါသည်။

ဤကား နှစ် ၅၀ က နယ်ချဲ့တို့၏ 'ဝှက်ဖဲ'ပင် ဖြစ်ပါသတည်း။

'အောင်ဆန်း-အက်တလီ စာချုပ်'ကို ၂၇-၁-၄၇ နေ့က လက်မှတ်ရေးထိုး ချုပ်ဆိုပြီးချိန်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၏ စည်းဝေးပွဲ သို့မဟုတ် ပင်လုံညီလာခံကို ကျင်းပရန် မြန်မာနိုင်ငံရှိ ဗြိတိသျှလူမျိုး တောင်တန်းဒေသ အုပ်ချုပ်ရေးဌာနမှ အရာရှိများ စီစဉ် သတ်မှတ်ပြီး ဖြစ်နေသည်။

နယ်ချဲ့တို့၏ အစီအစဉ်ကား မိမိတို့ အစွမ်းကုန် စည်းရုံးသွေးခွဲထားသည့် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များသည် ၁၂-၂-၄၇ နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြမည် မဟုတ်။ ထို့ကြောင့် ၂၇-၁-၄၇ နေ့ စာချုပ်အရ တောင်တန်းဒေသပြင်နယ်များကို မြန်မာပြည်မနှင့် တစ်ပြိုင်နက်တည်း လွတ်လပ်ရေးပေးရန် လိုမည်မဟုတ်တော့။ ထို့ကြောင့် အထက်ပါ စာပိုဒ်ကို 'အောင်ဆန်း-အက်တလီစာချုပ်'တွင် 'ဝှက်ဖဲ'အဖြစ် ရှာမင်တကာ ထည့်သွင်းထားခြင်း ဖြစ်ပေသည်။

နယ်ချဲ့တို့က ပိုင်လှပြီဟု တထစ်ချယူဆလျက် 'ဝှက်ဖဲ'လုပ်ခဲ့ခြင်းမှာလည်း အကြောင်းရှိပါသည်။

နယ်ချဲ့တို့၏ 'ဝှက်ဖဲ'ဇာတ်ကြောင်းပြန် အခန်းက ဤသို့ပါတည်း။

*

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပခဲ့သော ပြည်လုံးကျွတ် ညီလာခံကြီးသည်ကား မြန်မာ့ လွတ်လပ်ရေးသမိုင်းတွင် မကြုံစဖူး ထူးခြားစွာ စည်းကားလှသော ညီလာခံကြီးဖြစ်ခဲ့ကြောင်းကို မီလိုက်သူ လူကြီးပိုင်းကတော့ မှတ်မိကြပါလိမ့်မည်။

'လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်အားပေးသော လူထုစည်းဝေးပွဲကြီး'ဟူ၍လည်းကောင်း၊ 'ကြက်ပျံမကျ စည်ကားလှသော နိုင်ငံရေးညီလာခံကြီး'ဟူ၍လည်းကောင်း သတင်းစာများက အကြီးအကျယ် ဖော်ပြခဲ့ကြပါသည်။

'ကြက်ပျံမကျ စည်ကားခြင်း'ဟူသော ဝေါဟာရကို ကျွန်တော်တို့ ကြားဖူးရုံသာ ကြားဖူးပြီး လက်တွေ့မမြင်ဖူးခဲ့ရာ ၂၀-၁-၄၆ နေ့က ရွှေတိဂုံ အလယ်ပစ္စယံညီလာခံ ပရိသတ်ကြားသို့ မျက်စိလည် လမ်းမှားပြီး ကြက်တစ်ကောင်ရောက်လာရာမှ ပရိသတ်များလွန်းလှသဖြင့် ထိုကြက်ခမျာ မြေပြင်သို့ ဆင်းသက်၍မရနိုင်အောင် ဒုက္ခရောက်နေရှာတော့သည်။ နောက်မှ အမြင်မတော်သူ လူငယ်တစ်ဦးက ကြက်ကို အသာဖမ်းယူပြီး လူရှင်းသော တစ်နေရာသို့ သွားရောက်လွှတ်ပေးလိုက်ရသောဟူ၏။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဆရာဦးဘချို (အာဇာနည်ဝန်ကြီး)က-

'ဆရာတို့ကိုယ်တိုင် တစ်သက်တာမှာ ကြက်ပျံမကျ စည်ကားတယ်ဆိုတာ ကြားသာကြားဖူးတယ်၊ လက်တွေ့အနေနဲ့တော့ အခုမှပဲ ကြုံဖူးတော့တယ်ကွယ်'ဟု နောက်ပိုင်း ပြောပြဖူးပါသည်။

*

ဖော်ပြပါ ၁၉၄၆ ခုနှစ်၊ ရွှေတိဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ်ညီလာခံကြီး၏ ထူးကဲစွာ အောင်မြင်မှုကိုကြည့်ပြီး ထိုအချိန်က ဗြိတိသျှဘုရင်ခံ ဆာဒေါမန်စမစ်သည် ပြည်သူတစ်ရပ်လုံးက ဖဆပလ အဖွဲ့ချုပ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား တစ်ခဲနက် ထောက်ခံအားပေးမှု အတိုင်းအတာပမာဏကို မျက်ဝါးထင်ထင် သိမြင်ရာမှ မိမိတို့ ဗြိတိသျှကလည်း တန်ပြန်စည်းရုံးရေးလုပ်ရန် အထူး လိုအပ်နေပြီဟု ဆုံးဖြတ်လိုက်တော့သည်။

ရွှေတိဂုံညီလာခံအပြီး ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ်၊ မတ်လတွင် ရခိုင်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ရန် အစီအစဉ် ဆွဲထားပြီးဖြစ်သည်။ သခင်မြ၊ ဦးအောင်ဇေယျ၊ သခင်ဝတင် စသော ဖဆပလ ဌာနချုပ်ခေါင်းဆောင်များနှင့်အတူ ရခိုင်ပြည်သို့ ရွှေတောင်တစ်ဖက်ကမ်း ပန်းတောင်းမြို့မှတစ်ဆင့် တောင်ကုတ်၊ သံတွဲ၊ စစ်တွေ၊ မြို့ဟောင်း၊ မြောင်းဗွေ၊ ကျောက်တော် စသည်တို့ကို ခရီးပြင်းနှင် စည်းရုံးရေးထွက်ရန် ဒေသခံ ရခိုင်ခေါင်းဆောင်များနှင့် ညှိနှိုင်း စီစဉ်ပြီးနေပြီ ဖြစ်သည်။



ယင်းအစီအစဉ်ကို ဘုရင်ခံ ဆာဒေါမန်စမစ်သည် သူတို့၏ အထူးသတင်းတပ်ဖွဲ့ ထောက်လှမ်းရေးဌာနမှတစ်ဆင့် သိရသည်တွင် ချက်ချင်းပင် သူ၏ တန်ပြန်စည်းရုံးရေးလုပ်ငန်း အကောင်အထည်ဖော်ရန် စီစဉ်လေသည်။

အစီအစဉ်ကား ဗြိတိသျှ အုပ်စိုးမှုကိုလိုလားသော ရှမ်းစော်ဘွားအချို့၊ ကချင်ဒူးဝါးအချို့ စသော တွေဝေနေသည့် လူမျိုးစု ခေါင်းဆောင်များအား ဖိတ်ခေါ်၍ ရှမ်းပြည်နယ်တောင်ပိုင်း 'ပင်လုံ'မြို့ကလေးတွင် အစည်းအဝေးတစ်ရပ် ကျင်းပမည်။ ယင်းအစည်းအဝေး၌ 'တောင်တန်းဒေသ စည်းလုံးညီညွတ်ရေးအဖွဲ့' (United Hill People's Organization) ဖွဲ့စည်းတည်ထောင်မည်။ ယင်းအဖွဲ့အစည်းတွင် ဥက္ကဋ္ဌက ဗြိတိသျှ ဘုရင်ခံ၊ အထွေထွေ အတွင်းရေးမှူးက ဂျွန်ဦးစော လုပ်မည်။ ဘုရင်ခံ မင်းကြီးကိုယ်တိုင် အစည်းအဝေးတက်မည်။ (ဤသည်ကား ပထမ ပင်လုံညီလာခံပင် ဖြစ်သည်။)

အစည်းအဝေးကျင်းပရန် ရက်ကို ၁၉၄၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ဟု သတ်မှတ်လိုက်ခြင်းကတော့ ဗိုလ်ချုပ်တို့ ရခိုင်ခရီးစဉ်နှင့် တိုက်နေ၍ မည်သို့မျှ မတက်နိုင်ဟုလည်း တွက်ထားပြီးဖြစ်သည်။ သို့သော် အနီးကပ်မှ ဝတ်ကျေဝတ်ကုန် ဖဆပလအဖွဲ့ချုပ်အား ဖိတ်ကြားသောအခါ ဗိုလ်ချုပ်က သူကိုယ်တိုင် မတက်နိုင်လင့်ကစား ဒုတိယဥက္ကဋ္ဌ ဦးနုခေါင်းဆောင်လျက် ဝန်ကြီးဟောင်း ဦးဘဂျမ်း၊ သံအမတ်ကြီးဟောင်း ဦးဖေခင်တို့ကို အဖွဲ့ချုပ်ကိုယ်စား တာဝန်ပေး လွှတ်လိုက်သည်။

ဤတွင် နယ်ချဲ့ဆရာကြီး ဘုရင်ခံ ဆာဒေါမန်စမစ်သည် အကျပ်ရိုက်သွားတော့သည်။ ဖဆပလ ကိုယ်စားလှယ်အဖွဲ့ ပါလာသဖြင့် သူ[redacted] မူလအကြံပျက်ချေပြီတကားဟု စိတ်ပျက်လျက် ရုတ်တရက် နေမကောင်း[redacted]၍ ပင်လုံ အစည်းအဝေး မတက်နိုင်ကြောင်းသာ အကြောင်းကြားလိုက်[redacted]သည်။

သို့သော် (F. A. A.) ခေါ် ဗြိတိသျှ တောင်တန်းဒေသ [redacted]ချုပ်ရေး ဌာနမှ မျက်နှာဖြူအရာရှိများသည် ဘုရင်ခံမင်းကြီး ညွှန်ကြားထား[redacted]အတိုင်း လူမျိုးစုခေါင်းဆောင်များ အစွမ်းကုန် စည်းရုံးလျက် မြန်မာပြ[redacted]မနှင့်အတူ လွတ်လပ်ရေး ရယူလိုပါသည်ဟု စာချုပ်လက်မှတ် မထိုးကြရ[redacted]သွားခဲ့ကြပါသည်။

ဗိုလ်ချုပ်တို့ ဗြိတိန်နိုင်ငံရောက်နေချိန်တွင် အာဏာရပါတီသည် မစ္စတာ အက်တလီ၏ လေဘာပါတီဖြစ်သော်လည်း စစ်အတွင်း နာမည်ကျော် ဝင်စတန်

www.burmeseclassic.com

www.burmeseclassic.com



ချာချီ၏ 'ကွန်ဆာဗေးတစ်'ပါတီကလည်း လန်ဒန်တွင် ဩဇာအရှိန်အဝါ ရှိနေသေးသည်။ ထို့ကြောင့် ၂၇-၂-၄၇ နေ့က ချုပ်ဆိုခဲ့သော 'အောင်ဆန်း-အက်တလီစာချုပ်'တွင် အပိုဒ် ၃၊ ၈၊ အပိုဒ်ခွဲ (ခ)ကို ဖြစ်သည့်နည်းဖြင့် ကြဖန် ထ[illegible]သွင်းခဲ့ခြင်း ဖြစ်သည်။

[illegible]ည်ပင်လျှင် နှစ် ၅၀ က နယ်ချဲ့တို့၏ 'ဗုက်ဖ်'ဖြစ်တော့သည်။

*

'အောင်ဆန်း-အက်တလီစာချုပ်'ကို ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့၊ မွန်းလွဲ ၃ နာရီ၊ မိနစ် ၅၀ တိတိတွင် ကမ္ဘာကျော် လိပ်စာတစ်ခုဖြစ်သော လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ်၏ တရားဝင် နေအိမ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ပြီး ဖြစ်နေပါသည်။

တည်းခိုရာ ဒေါ်ချက်စတာ ဟိုတယ်မှ မထွက်ခွာမီ စာချုပ်ပါ အချက်အလက်များကို အပြီးသတ် စစ်ဆေးလေ့လာသည့်အနေဖြင့် ထပ်မံ ဖတ်ရှုကြစဉ် အပိုဒ် ၃၊ ၈၊ အပိုဒ်ခွဲ (ခ)ကို ဝန်ကြီး သခင်မြနှင့် အကြံပေးပုဂ္ဂိုလ် ဦးကျော်ငြိမ်းတို့က ဘဝင်မကျဟန်ဖြင့် တီးတိုး ဆွေးနွေးနေကြရာ ဗိုလ်ချုပ်က သတိပြုမိသဖြင့် သခင်မြအား လှမ်း၍ 'ဆရာ ဒါအတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ဒါဟာ သူတို့က ကျွန်တော့်ကို စိန်ခေါ်လိုက်တာပဲ၊ ကျွန်တော်ကလည်း စိန်ခေါ်ချက်ကို လက်ခံပြီး ဗမာပြည်ပြန်ရောက်တော့ ကျွန်တော်တို့ရဲ့ စည်းရုံးရေးအင်အားကို ကောင်းကောင်းကြီး ပြပါမယ်'ဟု သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝရှိဟန်ဖြင့် ပြောလိုက်ပါသည်။

ဤနည်းအားဖြင့် ၂၇-၁-၄၇ နေ့၊ မွန်းလွဲ ၃ နာရီ၊ မိနစ် ၅၀ တိတိတွင် ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းဝင် 'အောင်ဆန်း-အက်တလီစာချုပ်' ကို ရဲဝံ့စွာ လက်မှတ်ရေးထိုးခဲ့ပါသည်။

*

ဗိုလ်ချုပ်ခေါင်းဆောင်သော ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်[illegible]ို ပြန်လည်ရောက်ရှိသည့်နေ့ကား ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ ဖြစ်ပါသည်။

နယ်ချဲ့တို့က ကြိုတင်သတ်မှတ်ထားသည့် ပင်လုံညီလာခံ ကျင်းပရန် နေ့ရက်က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့ ဖြစ်နေသည်။ သို့ဖြစ်၍



ဗိုလ်ချုပ်ခမျာ ဗြိတိန်နိုင်ငံတွင် တစ်လလုံးလုံး အလွန် အလုပ်များပြီး ပင်ပန်းခဲ့လင့်ကစား ရန်ကုန်ပြန်ရောက်သောအခါ ရက်သတ္တပတ်ခန့် အပန်းဖြေအနားယူရန်ပင် [redacted]စိတ်မကူးနိုင်ဘဲ လဲချားမြို့နယ်ရှိ ပင်လုံမြို့ဆီသို့ သုတ်ခြေတင်သွားရေ[redacted]က်ခဲ့ရရှာပါသည်။ ထို့ကြောင့် လန်ဒန်မှ ဖေဖော်ဝါရီလ ၂ ရက်နေ့က ပြန်ရေ[redacted]ာ်သူ ဗိုလ်ချုပ်သည် ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ပင်လုံသို့ ရောက်နေတော့သ[redacted]ည်။

[redacted]ခြေအနေကလည်း နယ်ချဲ့တို့ ကြိုတင် ခြေထိုးသွေးခွဲထားသည့်အတိုင်း[redacted]ိုးရိမ်ဖွယ်ရာ ဖြစ်နေ၏။ ရှမ်းစော်ဘွားအချို့၊ ကချင်ဒူးဝါးအချို့တို့ဆိုလျှင်[redacted]ပင်လုံစာချုပ် လက်မှတ်ထိုးသင့်၊ မထိုးသင့် ဝေခွဲနေကြသည်။ တစ်နည်[redacted]အားဖြင့် သမိုင်းဝင် 'ပင်လုံစာချုပ်'ဖြစ်မြောက်ရန်မှာ ၁၁-၂-၄၇ နေ့ နံနက်အထိ မသေချာသေးဟု ဆိုနိုင်ပါသည်။

ဤတွင် ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုကိုယုံကြည်ပြီး ပြည်ထောင်စုစိတ်ဓာတ်' အပြည့်အဝရှိသူ ကချင်ကိုယ်စားလှယ် ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဒူးဝါးဇော်ရစ်၊ ရှမ်းပြည်နယ်ကိုယ်စားလှယ် တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းဆိုင်၊ မိုင်းပွန်စော်ဘွားကြီး [illegible]ဂျွန်း၊ သောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ချင်းကိုယ်စားလှယ် ဦး[illegible]ဟော၊ ရှမ်းပြည်လူထု ကိုယ်စားလှယ် ဦးတင်အေးနှင့် ဦးထွန်းမြင့် [illegible] ပုဂ္ဂိုလ်များသည် ဝေခွဲနေသူများအား အစွမ်း[illegible]န် စည်းရုံးလျက် [illegible]-၂-၄၇ နေ့ ညနေပိုင်းတွင် အစည်း[illegible]တစ်ရပ်[illegible]ယူလိုက်ကြသည်[illegible] အစည်းအဝေးတွင် ဗိုလ်ချုပ်ကိုယ်[illegible] 'လွတ်လပ်[illegible]နှင့် အချုပ်အခြာ[illegible] တည်[illegible]နိုင်မြရန်[illegible]တည်းသော နည်းလမ်းမှာ 'ပြည်ထောင်စု'စနစ်ဖြင့် လွတ်လပ်ရေး[illegible]ရန်သာဖြစ်[illegible]' အကြောင်း အကျိုး[illegible]ခိုင်မာစွာဖြင့် ဟောပြောရာ စောဘွားပိုင်း[illegible]ဝေခွဲနေသူအပါအဝင် [illegible] ဗိုလ်ချုပ်အား [illegible] ထောက်ခံလိုက်ကြပါသည်။ [illegible] ပင်လုံစာချုပ် [illegible]မြင်ရန် ၁၁-၂-၄၇ ညနေ ကျမှပင် [illegible]ဟု မှတ်[illegible]ပါသည်။

*

မြန်မာသမိုင်းတွင် မှတ်တမ်းတင်[illegible]သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့ [illegible] နာရီတိတိတွင် အထူးစီမံ ဆောက်လုပ်ထားသော [illegible]အဆောင်[illegible]ပွဲ[illegible]ရှိ 'ပင်လုံစာချုပ်ကြီး'ကို အောက်ပါ ပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com



သည့် တစ်ယောက်ပြီးတစ်ယောက် လက်မှတ်ရေးထိုးလိုက်ကြပါတော့သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း (မြန်မာပြည်မ ကိုယ်စားလှယ်ခေါင်းဆောင်)
၂။ စဝ်ခွန်ပန်းဆိုင် (တောင်ပိုင်းစော်ဘွား)
၃။ စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)
၄။ စဝ်ဟုန်ဖ (မြောက်ပိုင်းသိန္နီစော်ဘွား)
၅။ စောနန်း (လဲချားစော်ဘွား)
၆။ စဝ်ထွန်းအေး (သာမခမ်းစော်ဘွား)
၇။ ဦးခွန်းပန်း (လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ)
၈။ ဦးတင်အေး (လူထုကိုယ်စားလှယ်၊ တောင်ကြီး)
၉။ ဦးကြာပု (လူထုကိုယ်စားလှယ်၊ သီပေါ)
၁၀။ စဝ်ယစ်ဖ (လူထုကိုယ်စားလှယ်၊ သီပေါ)
၁၁။ ဆမာဒူးဝါးဆင်ဝါးနောင် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
၁၂။ ဒူးဝါးဇော်ရစ် (ကချင်၊ မြစ်ကြီးနား)
၁၃။ ဦးခွန်ထီး (လူထုကိုယ်စားလှယ်၊ ပင်လုံ)
၁၄။ ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်၊ မောက်မယ်)
၁၅။ ဦးခွန်စော (လူထုကိုယ်စားလှယ်၊ ပင်းဒယ)
၁၆။ ဦးဖြူ (ကျိုင်းတုံစော်ဘွားကိုယ်စားလှယ်)
၁၇။ ဦးဒိန်ရတန် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
၁၈။ ဒူးဝါးဇော်လွန်း (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
၁၉။ ဦးလဘန်ဂရောင်း (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
၂၀။ ဦးလှမှုန်း (ချင်းကိုယ်စားလှယ်၊ ဖလန်း)
၂၁။ ဦးသောင်ဇာခုတ် (ချင်းကိုယ်စားလှယ်၊ တီးဒင်)
၂၂။ ဦးဝမ်ကိုဟော (ချင်းကိုယ်စားလှယ်၊ ဟားခါး)

ဤသို့လျှင် လွန်ခဲ့သော နှစ် ၅၀ က နယ်ချဲ့တို့၏ 'ဝှက်ဖဲ'ကို ဖြိုဖျက်လျက် နိုင်ငံတော်၏ အနာဂတ်အတွက် အမြော်အမြင်ကြီးစွာဖြင့် ပြည်ထောင်စုကြီး ဖြစ်မြောက်လာအောင် လက်တွေ့ဖန်တီးခဲ့သူ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များအား ယခုကဲ့သို့ နှစ် ၅၀ ပြည့် ရွှေရတုနေ့ အခါသမယတွင် လှိုက်လှဲစွာ ဂုဏ်ပြုလိုက်ရပါသတည်း။

❒



# အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အမှာ

၁၉၉၄–ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကျင်းပသော 'ပခုက္ကူ ဦးအုံးဖေ စာပေဆုနှင်းသဘင်' သို့ တက်ရောက်ရန် ဖိတ်ကြားခံရသဖြင့် ကျွန်တော်သည် မရောက်တာကြာပြီဖြစ်သော အထက်အညာဒေသသို့ တစ်ခါတစ်ခေါက် သွားရောက်လည်ပတ်လိုသည့်ပြင် ပုဂံ–ညောင်ဦးနှင့် ပခုက္ကူ ပခန်းကြီးဒေသမှ ဘုရားပုထိုးများ ဖူးမြော်ကြည်ညိုချင်စိတ်လည်း ဖြစ်ပေါ်လာရာမှ ပခုက္ကူသို့ လိုက်ပါခဲ့ပါသည်။

ရန်ကုန်မှ ပခုက္ကူအသွား ကျွန်တော်လိုက်ပါသွားသည့် မော်တော်ယာဉ်တွင် စာပေမိတ်ဆွေဟောင်းကြီးတစ်ဦးနှင့် ဆုံမိသဖြင့် ဝမ်းမြောက်ဝမ်းသာ ရေးဟောင်းနှောင်းဖြစ်တွေ စာမြို့ပြန် ပြောဆိုရသည်မှာ အလွန်စိတ်ကြည်နူးဖွယ် ကောင်းရုံမက မိမိကိုယ်ကို နှစ်ပေါင်းလေးဆယ်ခန့် ခေတ်နောက်ပြန်ငယ်သွားသည်ဟုပင် ထင်မိခဲ့ပါသည်။

မိတ်ဆွေဟောင်းကြီးဆိုသည်မှာ ကျွန်တော် စာရေးဆရာအသင်း အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည့် ၁၉၅၀–ပြည့်နှစ်က ဒဂုန်တာရာမှတစ်ဆင့် ခင်မင်သိကျွမ်း ရင်းနှီးခဲ့သူ စာရေးဆရာ 'ကျော်အောင်' ပင် ဖြစ်ပါသည်။

လမ်းခရီးတစ်လျှောက်လုံး ဆရာကျော်အောင်သည် ကျွန်တော့်အား ဗိုလ်ချုပ်အကြောင်း ကိုယ်တွေ့ဖြစ်ရပ်များနှင့်တကွ ဆောင်းပါးရေးရန် တိုက်တွန်းခဲ့ပါသည်။

ပခုက္ကူခရီးမှအပြန်ဟွင်လည်း ဆရာကျော်အောင်က ထပ်မံတိုက်တွန်းပြန်ပါသည်။

ထို့ကြောင့် စာဖတ်ပရိသတ်က စိတ်ဝင်စားမှု ရှိမရှိ သိလို၍ ဆောင်းပါးတစ်ပုဒ် စတင်ရေးသားရန် ဆုံးဖြတ်လိုက်မိပါသည်။ ယင်းဆောင်းပါးကလော

www.burmeseclassic.com



၁၉၉၄ – ခုနှစ်၊ ဇူလိုင်လထုတ် 'နွယ်နီ' မဂ္ဂဇင်းမှ 'ငါးမူးတန်းမှ ရုပ်ရှင်ကြည့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း' ဆောင်းပါးပင် ဖြစ်ပါသည်။

ထိုဆောင်းပါး ဖော်ပြပါရှိပြီး ရက်သတ္တနှစ်ပတ်အတွင်း စာဖတ်ပရိသတ်၏ တုံ့ပြန်မှုကြောင့် ကျွန်တော်သည် မယုံကြည်နိုင်လောက်အောင် အံ့သြမိခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အခန်းဆက်ဆောင်းပါးများ ဆက်လက်ရေးသားရန် တိုက်တွန်းအားပေးသည့် စာများသည် ကချင်ပြည်နယ် မိုးကောင်းမြို့၊ မကွေးတိုင်း ချောက်မြို့၊ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၊ ပဲခူးတိုင်း တောင်ငူမြို့၊ မန္တလေးတိုင်း အမရပူရမြို့၊ ရခိုင်ပြည်နယ် သံတွဲမြို့၊ ရှမ်းပြည်နယ် သီပေါမြို့ စသည်ဖြင့် အနယ်နယ် အရပ်ရပ်မှစာများ ဆက်တိုက်ရောက်ရှိလာပါသည်။ ရန်ကုန်မြို့တွင်းမှလည်း ကျွန်တော်၏ စာဖတ်ပရိသတ်မိတ်ဆွေများက ဗိုလ်ချုပ်ဆောင်းပါးတွေ အဆက်မပြတ်ရေးရန် အကြိမ်ကြိမ်တယ်လီဖုန်းဆက်၍ တိုက်တွန်းကြပါသေးသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၉၄၇ – ခုနှစ်၊ ဇန်နဝါရီလက ဗြိတိသျှနိုင်ငံသို့ လွတ်လပ်ရေး ဆွေးနွေးရန်သွားစဉ်က လိုက်ပါသွားခဲ့သူ ပုဂ္ဂိုလ်ကြီး (ယခု အသက် ၈၀ ကျော်ကမှ) –

'မောင်ရင်က စာရေးဆရာလည်း ဖြစ်တယ်၊ မှတ်ဉာဏ်လည်းကောင်းတယ်၊ ဒါကြောင့် နောင်လာနောက်သားတွေ၊ သမိုင်းသုတေသီတွေ လေ့လာစရာ၊ မှီငြမ်းကိုးကားစရာဖြစ်အောင် အခု မောင်ရင် အသက်ထင်ရှားရှိတုန်း စာများများရေးဖို့ မောင်ရင့်မှာ တာဝန်ရှိတယ်' ဟုပင် ပြောခဲ့ပါသည်။

ထို့ပြင် စာဖိတ်ပရိသတ် အတော်များများက ကျွန်တော်၏ ဆောင်းပါးများ စုစည်း၍ ဘအုပ်အဖြစ် ထုတ်ဝေပေးပါရန် မေတ္တာရပ်ခံသည့်စာများလည်း လက်ခံရရှိပါသည်။

ကျွန်တော့်အနေဖြင့် ဝမ်းမြောက်အားတက်မိသည်ကား ကျွန်တော်၏ ဆရာသမား ဗိုလ်ချုပ်အောင်ဆန်းအပေါ် စိတ်ဝင်စားသူ၊ သိလိုသူ၊ လေ့လာလိုသူ ပရိသတ်တွေ ရှိသေးပါတကားဟု သိရ၍ပင် ဖြစ်ပါသည်။

ယင်းသို့ ဝမ်းမြောက်အားတက်မိရာမှ ပရိသတ်၏ဆန္ဒ ဖြည့်ဆည်းပေးသည့်အနေဖြင့် ဤစာအုပ်ငယ် ဖြစ်မြောက်အောင် ကြိုးစားလိုက်ရခြင်းပင် ဖြစ်ပါသတည်း။

တက္ကသိုလ်နေဝင်း



## ငါးမူးတန်းမှ ရုပ်ရှင်ကြည့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း

ဧပြီလထုတ် နွယ်နီမဂ္ဂဇင်းတွင် ဆရာကျော်အောင်၏ ဆောင်းပါးတစ်ပုဒ်ပါလာသည်။ ဆောင်းပါးအမျိုးအစားက 'ခရီးသွား' ဆောင်းပါးဖြစ်၍ ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်ကျင်းပရာ ပခုက္ကူမြို့သို့ ရန်ကုန်မှ စာပေပရိသတ်တစ်ရာကျော် ဟီးနိုးကားခြောက်စီးနှင့် ခရီးရှည်ကြီးသွားခဲ့ကြပုံကို ရေးသားထားခြင်းဖြစ်သည်။ သို့သော် ကျော်အောင်၏ ဆောင်းပါးတွင် ခရီးသွားခြင်းနှင့် မဆိုင်သော အကြောင်းအရာအချို့လည်း ပါလာသည်။ ဥပမာ လွန်ခဲ့သော (၄၄) နှစ်ခန့်က စာရေးဆရာအသင်းမှ စာဆိုတော်နေ့အထိမ်းအမှတ် ပြဇာတ်များ ရန်ကုန် ကာချေးရုံ (ယခု ကေသွယ်ရုံ) တွင် တင်ဆက်ကပြပုံများ၊ ကျွန်တော်နှင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းများ ပါလာ၍ ကိုကျော်အောင်က ကျွန်တော့်အား ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ အများပြည်သူတို့ မသိသေးသော အကြောင်းအရာများ ရေးပါဟု တိုက်တွန်းထားသည်။ သူသည် ခရီးသွားရင်း ကျွန်တော်ပြောပြသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်းများကို အထူးစိတ်ဝင်စားပုံ ရပါသည်။

ရန်ကုန်မြို့သို့ ပြန်ရောက်ပြီးနောက် နွယ်နီမဂ္ဂဇင်း၌ ကိုကျော်အောင် တိုက်တွန်းထားသော ဆောင်းပါးမျိုး ရုတ်တရက် မရေးဖြစ်ခဲ့ပါ။ မှန်မှန်ရေးပါမည်ဟု တာဝန်ယူထားသော ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းနှင့် ကြေးမုံသတင်းစာအတွက် ဆောင်းပါးများကို ကြိုးစားရေးနေခဲ့ရသည်။ အရေးထဲ ဇရာသဘောအရ မျက်စိ၌ တိမ်ဖြစ်လာ၍ ဆရာဝန်က ဆရာ စာ သိပ်မရေးပါနှင့်ဟု ပြောသဖြင့် ယခင်ကလို ကလောင်သွက်သွက် မရေးနိုင်တော့ပါ။

www.burmeseclassic.com



လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက မရောက်တာကြာပြီဖြစ်သော ဆူးလေဘုရားလမ်းသို့ ရောက်သွား၍ 'တော်ဝင်' လူကူးတံတားပေါ်သို့ အရှေ့ဘက်မှ ခပ်ဖြည်းဖြည်းတက်၍ အနောက်ဘက်သို့ လျှောက်လာစဉ် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးဆောက်ရန်အတွက် ဖျက်နေသော 'ဂုဏ်ရုံ'၊ 'ပပဝင်းရုံ' နှင့် ပြည်သူ့မှန့်တိုက် အဆောက်အအုံများကို သတိပြုမိပါသည်။ အထူးသဖြင့် 'ပပဝင်း' ရုံနေရာကို ငေးကြည့်ရင်း ခေတ္တရပ်၍ စဉ်းစားနေမိပါသည်။

'ပပဝင်း' သည် တော်လှန်ရေးကောင်စီခေတ်ကျမှ ဖြစ်လာသော အမည်သစ်ဖြစ်ပြီး မူလအမည်က 'ပလေဒီယံ' ရုံ ဖြစ်ပါသည်။ မမြဲသော အနိစ္စသဘော အရ 'ပပဝင်း' လည်း မဟုတ်တော့၊ 'ပလေဒီယံ' လည်း မဟုတ်တော့သော ရုပ်ရှင်ရုံပျက်ကြီးကို ငေးကြည့်ရင်း ကျွန်တော်၏စိတ်တွင် အတိတ်က ဖြစ်ရပ်များသည် မနေ့တစ်နေ့က ကြည့်လိုက်ရသော ရုပ်ရှင်ကားတစ်ကားမှ ဇာတ်ကြောင်းပြန် (Flash Back) အခန်း တစ်ခန်းကဲ့သို့ ထင်ရှားစွာ ပြန်လည်မြင်ယောင်လာမိပါတော့သည်။

*

နှယ်နီမဂ္ဂဇင်းမှ ဆရာကျော်အောင်၏ ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပလေဒီယံရုံ၌ တစ်ကျပ်တန်းမှ ရုပ်ရှင်ဝင်ကြည့်သည်ဟု ဖော်ပြထားပါသည်။ အမှန်မှာ ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ ရုပ်ရှင်ဝင်ကြည့်သည်မှာ တစ်ကျပ်တန်း မဟုတ်။ ငါးမူး (ပြားငါးဆယ်) တန်းမှ ဖြစ်ပါသည်။ ဆရာကျော်အောင် အမှတ်မှား၍ ရေးလိုက်ဟန် တူပါသည်။

ယင်းကို ရေလည်အောင် ရှင်းရလျှင် ထိုထက်စောသော နေ့တစ်နေ့သို့ နောက်ကြောင်းပြန်ရပါဦးမည်။

ထိုနေ့ကား ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်၊ ကြာသပတေးနေ့ ဖြစ်ပါသည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံအား မူလပုံစံအတိုင်း သူတို့လက်အောက်ခံ ကျွန်နိုင်ငံအဖြစ် ဆက်ထားကာ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုစသော သယံဇာတပစ္စည်းများကိုလည်း ဆက်လက် အမြတ်ထုတ် ခေါင်းပုံဖြတ်ရန် ရည်ရွယ်လျက် စစ်ကြီးမပြီးမီကပင် စီမံချက်သဘော 'စက္ကူဖြူ' စာတမ်းကို ရေးဆွဲထားပြီး ဖြစ်သည်။



သို့ရာတွင် ဒုတိယကမ္ဘာစစ်အပြီး နိုးကြားတက်ကြွလာသော မြန်မာတိုင်းရင်းသား လူထုတစ်ရပ်လုံးက ဗိုလ်ချုပ်အောင်ဆန်း နောက်မှ တစ်ခဲနက်ထောက်ခံအားပေးကာ လွတ်လပ်ရေးပေးရမည်ဟု ကြွေးကြော်လာသောအခါ ထိုအချိန်က ဗြိတိန်နိုင်ငံတွင် အာဏာရနေသော လေဘာပါတီခေါင်းဆောင်များက အခြေအနေမှန်ကို သုံးသပ်ပြီးနောက် ရန်ကုန်မြို့ရှိ ဗြိတိသျှဘုရင်ခံအား 'အောင်ဆန်းကို အုပ်ချုပ်ရေးအာဏာ ပေးလိုက်တော့' ဟု ညွှန်ကြားလိုက်တော့သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ အာဏာကို ဘုရင်ခံထံမှ လွှဲပြောင်းရယူခဲ့ပါသည်။

ထိုနေ့ကား ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့ပင်တည်း။

ထိုအချိန်က မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရသေး။ ဗြိတိသျှဘုရင်ခံ အုပ်ချုပ်နေဆဲပင်ဖြစ်ရာ အစိုးရအဖွဲ့ (ဝန်ကြီးအဖွဲ့ Cabinet) ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီဟု ခေါ်သည်။ သဘာပတိက ဘုရင်ခံဖြစ်ပြီး ဗိုလ်ချုပ်က ဒုတိယသဘာပတိအမည်ဖြင့် ဝန်ကြီးအဖွဲ့ကို ဦးစီးကွပ်ကဲရသည်။ သို့ရာတွင် ဘုရင်ခံသည် နာမည်ခံ 'သဘာပတိ' သာဖြစ်ပြီး နိုင်ငံခြားရေး၊ ကာကွယ်ရေး ဝန်ကြီးဌာနများကိုပါ ဗိုလ်ချုပ်အောင်ဆန်းကပင် ကွပ်ကဲရသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးချုပ်အာဏာကို ရရှိထားပြီး ဖြစ်သည်။ တရားဝင် လွတ်လပ်ရေးမရသေး၍သာ ဝန်ကြီးအဖွဲ့ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီဟု ခေါ်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့က အလုံလမ်း ဘုရင်ခံအိမ်တော်မှ တာဝါလိန်းလမ်း (ယခု နတ်မောက်လမ်းသွယ်) နေအိမ်သို့ ပြန်ရောက်ရောက်ချင်း ဗိုလ်ချုပ်သည် ကျွန်တော့်အားခေါ်၍ နှစ်ယောက်ချင်း ညွှန်ကြားချက်ပေးပါသည်။

'ဟေ့ကောင် ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးဖြစ်လာပြီ၊ မင်းကလည်း ငါ့ရဲ့ ပီအေ (အပါးတော်မြဲ အတွင်းဝန်) အဖြစ် တစ်ရက် နှစ်ရက်အတွင်း ပြန်တမ်းထွက်လာလိမ့်မယ်၊ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အဆောင်အယောင် အခွင့်အရေးတွေလည်း ရလာလိမ့်မယ်။ ငါ အခု ပြောနေတာကို မင်း မြဲမြဲမှတ်ထားစမ်း၊ အာဏာရတယ်ဆိုရင်ပဲ ငါတို့ကို ချဉ်းကပ် အကူအညီတောင်းတာတွေလည်း လာလိမ့်မယ်၊ ဒီတော့ ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမဘက်က အမျိုးတွေ၊ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့ အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းတွေ အားလုံး ဘယ်သူ့ကိုမှ မတရားအခွင့်အရေး မပေးရဘူး၊ သူတို့ အကူအညီတောင်းတာကို လုပ်မပေးရဘူး၊ မင်းတို့ ငါတို့ကလည်း ဘယ်သူ့ ဆီကမှ အကူအညီ မယူရဘူး၊ အဲဒါ အိမ်မှာ အားလုံးကို ပြောထားလိုက်၊ ငါ အခုပြောတဲ့အတိုင်း မလိုက်နာရင် မင်းနဲ့ ငါနဲ့ အသိပဲ'

ဤသို့လျှင် ဗိုလ်ချုပ်သည် ကျွန်တော့်အား တိကျ ပြတ်သားစွာ အမိန့် ပေးခဲ့ပါသည်။

ကျွန်တော်လည်း ဗိုလ်ချုပ် အမိန့်ပေးသည့်အတိုင်း လိုက်နာရပါသည်။ သူ၏ဇနီး ဒေါ်ခင်ကြည်ကိုလည်း –

'မမကြည် အိမ်မှာချက်ဖို့ ဆန်မရှိရင် ကျွန်တော့်ကိုပြောပါ။ ကျွန်တော် တို့ ရဲဘော်တွေ ကြံဖန်ရှာပေးပါ့မယ်၊ ဆန်အိတ်တွေ ဆီပုံးတွေနဲ့ နောက်ဖေး ပေါက်က အိမ်ပေါ်တက်လာမယ့် စီးပွားရေးသမားတွေကိုတော့ လုံးဝ လက် မခံပါနဲ့၊ ဗိုလ်ချုပ်က ဒီအတိုင်း ကျွန်တော့်ကို ပြောထားလို့ပါ'

ဟု တိုးတိုးတိတ်တိတ် ပြောခဲ့ပါသည်။

ထို့နောက် မကြာမီ နတ်မောက်မှ ဗိုလ်ချုပ်တို့နှင့် ဆွေမျိုးနီးစပ်တော်သူ အချို့ ရန်ကုန် ရောက်လာပါသည်။ အမှန်တော့ သူတို့သည် အင်္ဂလိပ်ခေတ်က 'အောင်ဆန်းဟာ ထောင်နှုတ်ခမ်းလျှောက်နေတဲ့ ကောင်ပဲ' ဟု ပြောတတ်ကြ သည်။ ယခု အစိုးရအာဏာရလာမှ အခွင့်အရေး ရလိုရငြား လာကြခြင်းဖြစ် သည်။ ကျွန်တော်ကလည်း ဗိုလ်ချုပ် အမိန့်ပေးထားသည့်အတိုင်း ပြတ်ပြတ် သားသား ပြောလိုက်တော့မှ လက်လျှော့ပြီး ပြန်သွားကြတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာ ဝါသနာပါပြီး အထူးကျွမ်းကျင် အောင် လေ့လာထားသကဲ့သို့ ကျွန်တော်နှင့် စကားပြောလျှင်လည်း ရံဖန်ရံခါ အင်္ဂလိပ်လို ပြောတတ်သည်။

၂၆ – ၉ – ၄၆ နေ့က ဘုရင်ခံအိမ်တော်မှအပြန် ကျွန်တော့်အား ညွှန် ကြားချက် ပေးပြီးနောက်

Remember that I practise what I preach!

ဟု အင်္ဂလိပ်လို အဆုံးသတ်ခဲ့ပါသည်။

အဓိပ္ပာယ်ကတော့ 'ငါဟာ ငါ့တပည့်တွေနဲ့ ရဲဘော်တွေကို သွန်သင် သလို ငါကိုယ်တိုင်လည်း လိုက်နာတယ်ဆိုတာ မှတ်ထားပါ'

ဟူ၍ပင် ဖြစ်ပါသည်။



ယင်းသို့ ၂၆ – ၉ – ၄၆ နေ့က ဗိုလ်ချုပ်က အင်္ဂလိပ်လိုပြောခဲ့သည်ကို နောက်တစ်လနီးပါးကြာမှ ပြန်လည် သတိရစေသည့်အကြောင်းကား ဤသို့ ပါတည်း။

ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်းသည် အတွင်းဝန်ရုံးတွင် အစိုးရအဖွဲ့ အကြီးအကဲအဖြစ် နေ့စဉ် ရုံးထိုင်နေပြီဖြစ်သည်။ ကျွန်တော်ကလည်း သူ့ ရုံးခန်းကပ်လျက် သီးသန့် အခန်းငယ်တစ်ခုတွင် ထိုင်ရပါသည်။ ဗိုလ်ချုပ်က အလိုရှိ၍ လျှပ်စစ်ခေါင်းလောင်းနှိပ်လိုက်လျှင် ကျွန်တော်လည်း ဘေးပေါက်မှ သူထိုင်ရာ စားပွဲဆီသို့ သွက်လက်စွာ ဝင်သွားရပါသည်။

တစ်နေ့ မွန်းလွဲသုံးနာရီခန့်တွင် ဗိုလ်ချုပ်က လှမ်းခေါ်သဖြင့် ကပျာ ကယာ ပြေးဝင်သွားရာ –

'ဟေ့ ဒီနေ့ညဘက် ငါတို့ချိန်းထားတဲ့ အစည်းအဝေးရှိသေးလား၊ တခြား ဘာကိစ္စတွေ ရှိသလဲ'

ဟု ဗိုလ်ချုပ်က မေးသဖြင့် ကျွန်တော်လည်း အသင့်ပါလာသော ဒိုင် ယာရီ မှတ်တမ်းစာအုပ်ကို ကြည့်ပြီး ပြန်ဖြေလိုက်ရပါသည်။

'အစည်းအဝေးမရှိဘူး ဗိုလ်ချုပ်၊ တခြား ဘာကိစ္စမှလည်း မရှိဘူး၊ ဒီနေ့ည အားပါတယ်'

'ဟုတ်လား၊ ဒါဖြင့် ဟန်ကျတာပဲ၊ ဒီနေ့ည ငါ ရုပ်ရှင်ကြည့်ချင်တယ် ကွာ'

'ဘယ်ရုံကဇာတ်ကား ကြည့်ချင်တာလဲ ဗိုလ်ချုပ်'

'ပလေဒီယံရုံမှာပြနေတဲ့ အင်္ဂလိပ်ဟာသကား ကြည့်ချင်တယ်၊ အပျင်းပြေ ပေါ့ကွာ'

'ဒါဆိုရင် လွယ်ပါတယ်၊ အဲဒီရုံက မန်နေဂျာနဲ့ ကျွန်တော် သိတယ်၊ အခု ကြိုတင်ပြီး ဖုန်းလှမ်းဆက်ထားလိုက်မယ်'

ပြောပြောဆိုဆို ကျွန်တော်သည် စားပွဲပေါ်ရှိ တယ်လီဖုန်းစကားပြော ခွက်ကို ကောက်ကိုင်လိုက်စဉ် ဗိုလ်ချုပ်က ခပ်ဆတ်ဆတ် ဟန့်တားပါသည်။

'ဟေ့ကောင် တယ်လီဖုန်းကို ပြန်ချလိုက်စမ်း'

ကျွန်တော်လည်း တယ်လီဖုန်းကို ကပျာကယာ ပြန်ချလိုက်တော့မှ ဗိုလ်ချုပ်က ဆက်ပြောပါသည်။

'ဘာလဲ၊ မင်းက ရုံမန်နေဂျာကို တယ်လီဖုန်းဆက်ပြီး မေတ္တာလက်မှတ် တောင်းမလို့ မဟုတ်လား၊ မတောင်းရဘူး၊ ရုပ်ရှင်ကြည့်ရင် ပိုက်ဆံနဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com



မှတ် ဝယ်ကြည့်ရမယ်၊ မေတ္တာလက်မှတ်တောင်းတယ်ဆိုတာ အခွင့်အရေး ယူတာ တစ်မျိုးပဲ၊ မင်းတို့ ငါတို့အနေနဲ့ မေတ္တာလက်မှတ်တောင်းရင် မန်နေဂျာက လက်မှတ်နှစ်စောင် မဟုတ်ဘူး၊ ဆယ်စောင်လည်း ပေးမှာပဲ၊ မင်းက အရှည်ကို မစဉ်းစားဘဲကိုး၊ ရုပ်ရှင်ရုံပိုင်တို့၊ မန်နေဂျာတို့ဆိုတာ စီးပွားရေး သမားတွေကွ၊ အာဏာရှိတဲ့လူဆိုရင် မျက်နှာလို မျက်နှာရ လုပ်တတ်တယ်။ သူတို့က အခွင့်အရေးတစ်ခုပေးပြီးရင် ဆယ်ခု ပြန်တောင်းလိမ့်မယ်။ ဒါမျိုးတွေ ငါ မကြိုက်ဘူး၊ ကဲ မင်းမှာ အခု ပိုက်ဆံဘယ်လောက်ရှိသလဲ'

ဗိုလ်ချုပ်က မေးသဖြင့် ကျွန်တော်လည်း အင်္ကျီအိတ်ထဲသို့ နှိုက်ကြည့်ရာ ငွေစက္ကူ ကျပ်တန်သုံးရွက် ထွက်လာပါသည်။

'ဘယ်လောက်လဲကွ၊ သုံးကျပ် မဟုတ်လား၊ ဒါဆိုရင် ဖြစ်တယ်၊ မင်း မကြည်နဲ့ ကလေးတွေက လိုက်မှာမဟုတ်ဘူး၊ ဒီတော့ မင်းနဲ့ငါ နှစ်ယောက်ပဲ ညနေ ခြောက်နာရီခွဲပွဲမှာ ငါးမူးတန်းက လက်မှတ်ဝယ်ကြည့်ကြမယ်၊ ငါးမူးတန်း လက်မှတ်နှစ်စောင်ဆိုတော့ တစ်ကျပ်ပဲ ကုန်မှာမို့ မင်းမှာ ငွေ နှစ်ကျပ်တောင် ကျန်ဦးမယ်၊ အဲဒီအတိုင်းပဲ စီစဉ်ပေတော့'

ဗိုလ်ချုပ်က အဆုံးအဖြတ်ပေးလိုက်သဖြင့် ကျွန်တော်လည်း ဘာမှ ပြန်မပြောသာတော့ပါ။

[မှတ်ချက်။ ။ ၁၉၄၆ ခုနှစ်က ရုပ်ရှင်ကြည့်ခနှုန်းမှာ စစ်ကြိုခေတ်ကအတိုင်း ရှေ့ဆုံးကတစ်မတ်၊ ထို့နောက် ငါးမူးတန်း၊ 'စတောလ်' ဟု ခေါ်သည့် အောက်ထပ် နောက်ဆုံးက တစ်ကျပ်၊ 'ဒီစီ' ဟု ခေါ်သည့် အပေါ်ထပ်က နှစ်ကျပ် ဖြစ်သည်။ ငွေကြေးစနစ်ကလည်း အိန္ဒိယမှာကဲ့သို့ပင် ကျပ် ပဲ ပိုင် စနစ်ဖြစ်၍ ယခုလို ပြားတစ်ရာ တစ်ကျပ် စနစ် မရှိသေးပါ။ ဗိုလ်ချုပ်အောင်ဆန်းသည် ရေကျော်လမ်း၊ တို့ဗမာအစည်းအရုံးမှာ ဆင်းရဲကျပ်တည်းစွာနေခဲ့စဉ်က ရုံဖန်ရံခါ အင်္ဂလိပ်ရုပ်ရှင်ကားများ ကြည့်တတ်သည်။ ငွေကြေး အခက်အခဲကြောင့် ရုပ်ရှင်ပိတ်ကားနှင့် အနီးဆုံးဖြစ်သော ဈေးအနည်းဆုံး တစ်မတ် (လေးပဲ) တန်းက ကြည့်လေ့ရှိသည်။ ယခု သူ ဝန်ကြီးဖြစ်နေ၍ တစ်မတ်တန်းမှကြည့်ရန် မသင့်ဟုတွေးကာ ငါးမူးတန်း (ရှစ်ပဲ)တန်းမှကြည့်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။]

ထို့နေညနေက ပလေဒီယံရုံသို့ ကျွန်တော်တို့ ရောက်သွားသောအခါ အနည်းငယ်နောက်ကျသဖြင့် ငါးမူးတန်း၏ ရှေ့ဆုံးတန်းမှသာ လက်မှတ်ရပါသည်။ ငါးမူးတန်း၏ ရှေ့ဆုံးတန်းဆိုသည်မှာ တစ်မတ်တန်း၏ နောက်ဆုံး



တန်းနှင့် ဘာမှ မခြားတော့။ သို့သော် ဗိုလ်ချုပ်က ဘာမှမပြော၊ ထိုင်ကြည့်ရရင် ပြီးတာပဲဟုဆိုကာ ခပ်တည်တည်ပင် ဝင်ထိုင်ကြည့်လိုက်ပါသည်။

ထိုခေတ်က ရုပ်ရှင်ပြချိန်မှာ နေ့လည် ၁၂ နာရီခွဲ၊ မွန်းလွဲ သုံးနာရီခွဲ၊ ညနေ ခြောက်နာရီခွဲနှင့် ည ကိုးနာရီခွဲ စုစုပေါင်း လေးပွဲပြသည်။ ယခုလည်း တစ်နေ့ လေးပွဲပြနေလင့်ကစား ပြချိန်ချင်း မတူတော့ချေ။

အချိန်တန်၍ ရုပ်ရှင်ရုံအတွင်း မှောင်သွားပြီး စကင်ပြပါလေပြီ။ မှောင်သည်ဆိုသော်လည်း ခေတ္တမျှအကြာတွင် မျက်စိကျင့်သား၍ ရုံအတွင်း မြင်သင့်သလောက် မြင်ရပါသည်။ ဤတွင် ကျွန်တော်တို့ရှေ့ တစ်မတ်တန်းမှ ပရိသတ်သည် ငါးမူးတန်း ရှေ့ဆုံးတန်းမှ ဗိုလ်ချုပ်အောင်ဆန်းကို သတိပြုမိကြတော့သည်။ နေ့စဉ်လိုလို သူ၏ဓာတ်ပုံ သတင်းစာထဲပါနေသဖြင့် မှတ်မိနေကြဟန်တူသည်။ ထို့ကြောင့် တစ်မတ်တန်း နောက်ဆုံးမှလူများသည် ရုပ်ရှင်ပိတ်ကားကို မကြည့်ဘဲ ဗိုလ်ချုပ်ကိုသာ နောက်ပြန်လှည့်ကြည့်နေကြသည်။ ဗိုလ်ချုပ်ကမူ ဘာကိုမှ သတိပြုမိပုံမရဘဲ ရုပ်ရှင်ပိတ်ကားကိုသာ အာရုံစိုက်ကြည့်နေသည်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ။ အနေရခက်နေတော့သည်။

မိနစ်အနည်းငယ်ကြာသောအခါ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငါးမူးတန်းမှ ရုပ်ရှင်ကြည့်နေသည်ဟူသော သတင်းသည် ရုံမန်နေဂျာရုံးခန်းသို့ ရောက်သွားတော့သည်။

မန်နေဂျာ ဦးမြဟန်ဆိုသူ (ယခု ကွယ်လွန်)မှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသဖြင့် ချက်ချင်း အောက်ထပ်သို့ ပြေးဆင်းလာပြီး ရုံဝန်ထမ်းတစ်ဦးအား ကျွန်တော့်ကို အပြင်ဘက်စင်္ကြံသို့ ခေတ္တထွက်ခဲ့ရန် ခေါ်ခိုင်းပြီး အပြစ်တင်ပါလေတော့သည်။

'ဘယ်လိုလုပ်တာလဲ သူငယ်ချင်း၊ ဗိုလ်ချုပ် ရုပ်ရှင်ကြည့်မယ်ဆိုရင် စောစောက ငါ့ဆီ ကြိုတင်ဖုန်းဆက်လိုက်ရောပေါ့၊ ဘာကြောင့် မဆက်တာလဲ'

'အေး ငါလည်း မင်းဆီ ဆက်မလို့ပါပဲ၊ ဗိုလ်ချုပ်က မဆက်ရဘူးလို့ ငါ့ကို ဟောက်တယ်၊ မေတ္တာလက်မှတ်တောင်းပြီး ရုပ်ရှင်ကြည့်တာဟာ အခွင့်အရေးတစ်မျိုး ယူတာပဲတဲ့၊ နောင်တစ်ချိန်ကျရင် မင်းတို့လို စီးပွားရေးသမားတွေက မတရား အခွင့်အရေးတွေ တောင်းလာလိမ့်မယ်တဲ့၊ ဒါကြောင့် ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ပိုက်ဆံ သုံးကျပ်ထဲက တစ်ကျပ်ပဲကျန်အောင် ငါးမူးတန်းက ဝင်ကြည့်ကြတာပဲကွ'

'ဗိုလ်ချုပ်ပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ စီးပွားရေးသမားဆိုတာကတော့ အကြံအဖန်လုပ်ဖို့၊ မတရား အခွင့်အရေးတောင်းဖို့ အမြဲအကွက်ချောင်းနေတာပဲ၊ ဒါပေမဲ့ကွာ မင်းဆရာ ဗိုလ်ချုပ်ကို သွားပြောစမ်းပါ။ ငါက အင်းယားဟောလ်ရှေ့မှာနေတဲ့ ရန်ကုန်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒေါ်မမရဲ့သား မြဟန်၊ ဒီရုံကိုလည်း ငါတို့ပဲ ပိုင်တယ်၊ ငါတို့အလုပ်က ရုပ်ရှင်နဲ့ပဲ ပတ်သက်တော့ သွင်းကုန်လိုင်စင်တောင်းတာမျိုးလို ဘာ အခွင့်အရေးမှ ယူဖို့လည်း မလိုဘူး၊ အခုလို အင်္ဂလိပ်ကားမျိုးဆိုတာကလည်း ရုံမပြည့်ဘဲ အပေါ်ထပ် (ဒီစီ) သီးသန့်တန်းမှာ နေရာတွေ အများကြီးလွတ်နေတယ်။ ဗိုလ်ချုပ်လို နိုင်ငံခေါင်းဆောင်ကြီးအနေနဲ့ ငါးမူးတန်းရှေ့ဆုံးမှာ ထိုင်ကြည့်နေတာ မသင့်တော်တဲ့အပြင် လုံခြုံရေးရှုထောင့်ကကြည့်ရင်လည်း လုံးဝမကောင်းပါဘူး၊ ဒီတော့ ဘာအခွင့်အရေးမှ မတောင်းပါဘူးဆိုတဲ့ အာမခံချက်လည်း ပေးပါတယ်၊ ဗိုလ်ချုပ်ကို အပေါ်ထပ် ဒီစီတန်းမှာ တက်ကြည့်ဖို့ သွားပြောပေးစမ်းပါ သူငယ်ချင်း'

မန်နေဂျာ ဦးမြဟန်က အတင်းပြောသဖြင့် ကျွန်တော်လည်း ရုံထဲပြန်ဝင်ကာ ပိတ်ကားပေါ်မှ ဟာသကွက်များကိုကြည့်ပြီး သဘောကျကာ ရယ်မောနေသူ ဗိုလ်ချုပ်၏လက်မောင်းကို အသာဆွဲလိုက်ပါသည်။

'ဟေ့ကောင် ဘာလဲကွ၊ ရုပ်ရှင်ကြည့်ကောင်းနေတုန်း ဘာဖြစ်ပြန်ပလဲ'

ဗိုလ်ချုပ်က စိတ်တိုဟန်ဖြင့် ကျွန်တော့်အား ငေါက်ရာ ကျွန်တော်လည်း မန်နေဂျာ ဦးမြဟန် ပြောသည့်အတိုင်း ခပ်တိုးတိုး ရှင်းပြလိုက်ရပါသည်။

ဗိုလ်ချုပ်သည် ရုတ်တရက် ဘာမှမပြောသေးဘဲ ခေတ္တမျှ ပိတ်ကားပေါ်မှ ရုပ်ရှင်ကိုသာဆက်ကြည့်ရင်း စဉ်းစားနေဟန်တူပါသည်။ မန်နေဂျာ ဦးမြဟန်၏ မိခင် ဒေါ်မမကို လူချင်းမရင်းနှီးသော်လည်း သူသိနေသည်။ ထို့ပြင် ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ် အရေးတော်ပုံတုန်းက ကျောင်းသားများအား သွယ်ဝိုက်၍ ကူညီခဲ့ကြောင်းကိုလည်း သိထားသည်။ ယခု မန်နေဂျာ ဦးမြဟန်က ဘာအခွင့်အရေးမှ မတောင်းပါဘူးဟု အာမခံချက်ပေးပါတယ်



ဟူသောစကားကို သဘောကျသွားဟန်ဖြင့် ဗိုလ်ချုပ်သည် ထိုင်ရာမှထလိုက်သည်။

'ဟေ့ကောင် အပေါ်တက်မယ်ဆိုရင်လည်း မြန်မြန်တက်ကွာ၊ မင်းက ရှေ့ကသွား၊ အချိန်ကြာရင် ရုပ်ရှင်ဇာတ်လမ်းဇာတ်ကွက်တွေ လွတ်ကုန်ပါဦးမယ်'

သူပြောသည့်အတိုင်း ကျွန်တော်လည်း ခပ်သွက်သွက် လျှောက်ထွက်ကာ ဦးမြဟန် လွှတ်ထားသော ရုံဝန်ထမ်းလူငယ်တစ်ဦးနှင့်အတူ ဒီစီခေါ် အပေါ်ထပ် နှစ်ကျပ်တန်းသို့ တက်ကြည့်ကြပါသည်။

ရုပ်ရှင်ပြီး၍ အပြန်တွင် ကားပေါ်၌ ဗိုလ်ချုပ်က –

'မင်းသိတဲ့အတိုင်း ငါတို့က ရုပ်ရှင်ကို မေတ္တာလက်မှတ်တောင်းပြီး အလကားကြည့်တာ မဟုတ်ဘူး၊ ငါးမူးတန်းက လက်မှတ်နှစ်စောင် ဝယ်ကြည့်တယ်၊ နောက်မှ မင်းသူငယ်ချင်း မန်နေဂျာက အတင်းလာခေါ်ပြီး အပေါ်ထပ်တက်ကြည့်ဖို့ခေါ်တော့ သူ့အမေကြီးကိုလည်း အားနာလို့ တက်ကြည့်ခဲ့တာပဲ'

ဟု ပြောခဲ့ပါသေးသည်။

ဤသို့ပြောနေစဉ် ကျွန်တော်သည် (၂၆–၉–၄၆) နေ့က ဗိုလ်ချုပ်ကိုယ်တိုင်က –

'ဟေ့ ငါက တပည့် ရဲဘော်တွေကိုပြောသလို ငါကိုယ်တိုင်လုပ်တာကွ'

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုခဲ့ပုံကို ပြန်လည် သတိရ ကြားယောင်နေမိပါသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## အဆောင်အယောင် ပကာသနစက်ဆုပ်သူ ဗိုလ်ချုပ်

'ကျွန်တော်သည် လူရိုင်းဘဝက လာလေသလားမသိ။ ယနေ့အထိ လူရိုင်းသဘောမျိုးနေချင်သည့်စိတ် ရှိသည်။ ရံဖန်ရံခါ လူယဉ်ကျေးများနှင့် အသားမကျခဲ့။ မျက်စိနောက် မြင်ပြင်းကတ်လာသည်။

'လူရိုင်းကား ကြမ်း၏။ ခက်ထန်၏။ သို့သော် ဖြူဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ ကျန်းမာ၏။ သန့်စွမ်း၏။ အင်မတန် စိုပြည်လန်းဆန်းသော ဘဝဟု ကျွန်တော် ယူဆသည်။ မြန်မာပြည်ရှိလူတွေ လူရိုင်းဘဝသို့ ရောက်ချင် ရောက်သွားပါစေ။ လွတ်လပ်စွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာ ကြိုက်သည်။ နှစ်သက်သည်။ ကျွန်တော်သည် စိမ်းလန်းစိုပြည်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ခမောင်းခတ်၍ လွတ်လွတ်လပ်လပ် မြူးထူးအော်ဟစ်နေလိုသည်'

ဤကား လွတ်လပ်ရေးဗိသုကာကျော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း စစ်အတွင်း (ဂျပန်ခေတ်)က တစ်ပိုင်းတစ်စရေးခဲ့သော Autobiography ကိုယ်ရေး အတ္ထုပ္ပတ္တိမှ တစ်စိတ်တစ်ဒေသ ကောက်နုတ်ဖော်ပြချက်ပင် ဖြစ်သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဂျပန်အစိုးရက မြန်မာနိုင်ငံအား လွတ်လပ်ရေး (အတု) ပေးခဲ့ပြီးနောက် ဗမာကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ဗိုလ်မှူးကြီး (ကာနယ်) အဆင့်ဖြစ်သော ကွပ်ကဲရာမှ မေဂျာဂျင်နရယ် (ဗိုလ်ချုပ်) ရာထူးအဆင့်သို့ တိုးမြှင့်ပေးခြင်းခံရသူ ဗိုလ်ချုပ်



အောင်ဆန်းသည် ဗမာ့တပ်မတော်၏ သေနာပတိအပြင် အစိုးရအဖွဲ့တွင်လည်း စစ်ဝန်ကြီး ဖြစ်လာခဲ့သည်။ သူ၏ စစ်ဝန်ကြီးရုံးသည် ရန်ကုန်မြို့ ယခု ဝိဇယ ရုပ်ရှင်ရုံတည်ရာမှ မြောက်ဘက် ဦးဝိစာရလမ်း လက်ယာဘက်ခြမ်းတွင် တည်ရှိခဲ့ပါသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို စတင် ရေးသားခဲ့သည်။ သို့ရာတွင် ၁၉၄၄ ခုနှစ် ဩဂုတ်လဆန်းတွင် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ (A. F. O) ကို ပဲခူးမြို့တွင် လျှို့ဝှက် ဖွဲ့စည်းလိုက်ပြီးနောက် ဗိုလ်ချုပ်သည် ၁၉၄၅ ခုနှစ် မတ်လတွင် အကောင်အထည်ပေါ်လာလတ္တံ့သော ဖက်ဆစ်တော်လှန်ရေးကြီးအတွက် လျှို့ဝှက် ပြင်ဆင်မှုများကို မအားမလပ် ပြုလုပ်နေရသဖြင့် စာရေးချိန် မရတော့ပါ။ သူ၏ ရေးလက်စ ကိုယ်ရေးအတ္ထုပ္ပတ္တိ မှာလည်း တစ်ပိုင်းတစ်စနှင့်ပင် ရပ်သွားသည်မှာ ဗိုလ်ချုပ်တို့ ကျဆုံးချိန် (၁၉-၇-၄၇) အထိပင် ဖြစ်တော့သည်။

*

ကျွန်တော့်အနေဖြင့် ယင်း အတ္ထုပ္ပတ္တိမှ အထက်ပါ ကောက်နုတ်ချက်ကို အထူးသတိရမိသည်မှာ ၁၉၄၆ ခုနှစ်က ဖြစ်သည်။

ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှား ရှိနေသေးသည်။ သို့ရာတွင် ဘုရင်ခံထံမှ အစိုးရအဖွဲ့အာဏာ မရသေး။

ဗိုလ်ချုပ်တို့ ကျွန်တော်တို့နှင့် ရန်ကုန်တက္ကသိုလ် သမဂ္ဂတွင် စစ်ကြိုခေတ်ကပင် သိကျွမ်းရင်းနှီးခဲ့သူ မိတ်ဆွေတစ်ဦးမှာ ကျိုက်လတ်မြို့မှ ကိုဌေးမြိုင် (ဒဂုန်တာရာ)ပင် ဖြစ်ပါသည်။ စစ်ကြိုခေတ်က ထုတ်ဝေခဲ့သော သူ၏ 'မေ' လုံးချင်းဝတ္ထုဖြင့် 'ဒဂုန်တာရာ' ဟူသော ကလောင်အမည်မှာ ထင်ရှားကျော်ကြားခဲ့သည်။ ယခုပင်လျှင် အသက် (၇၀) ကျော်နေပြီဖြစ်သူ ဒဂုန်တာရာ၏ စာပေလက်ရာများ မဂ္ဂဇင်းများတွင် တွေ့နေရသေးသဖြင့် လူက အသက်ကြီးလာလင့်ကစား သူ၏ကလောင်ကတော့ သွက်လက်ရှင်သန်ဆဲပင် ရှိသေးသည်ဟု ဆိုရပါမည်။

ကိုဌေးမြိုင်သည် ဗမာ့တပ်မတော်မှ အရာရှိကြီးများ (နောက်ပိုင်း ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်များ)နှင့် ရင်းနှီးသူဖြစ်သည့်အတိုင်း ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းက ပြည်သူ့ဟစ်ရပ်လုံး စည်းလုံးညီညွတ်ခဲ့ပုံကို အလွန် ကျေနပ်အားရမိလေသည်။ သူကိုယ်တိုင်က ကျန်းမာရေးအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုယ်တိုင် လက်နက်စွဲကိုင် စစ်ထဲမလိုက်နိုင်သော်လည်း သူ၏မိတ်ဆွေ ရောင်းရင်း တော်လှန်ရေးခေါင်းဆောင်များကို အလွန် လေးစားခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ကိုရွှေမြိုင်သည် တိုင်းပြည်အနာဂတ်၏ ကံကြမ္မာအတွက် စိတ်ဓာတ်တက်ကြွနေစဉ် စိတ်ကူးတစ်မျိုးရလာသဖြင့် 'တာရာ' မဂ္ဂဇင်းအမည်ရှိ စာစောင်တစ်ခုကို ကိုယ်တိုင် ထုတ်ဝေခဲ့သည်။

စစ်ပြီးခေတ် (၁၉၄၅ ခုနှစ် နောက်ပိုင်း) မြန်မာစာနယ်ဇင်းသမိုင်းကို ပြုစုသည်ရှိသော် 'တာရာ' မဂ္ဂဇင်းကို မလွဲမသွေ မှတ်တမ်းတင်ရမည် ဖြစ်သည်။ စာရေးဆရာလုပ်ရင်း တစ်ဖက်က 'ပတ်ဗလစ်ရှာ'ခေါ် ထုတ်ဝေသူလုပ်နေသော ဒဂုန်တာရာသည် သူ၏ မဂ္ဂဇင်းစာစောင်၌ 'လူကို လေ့လာခြင်း' ခေါင်းစဉ်ဖြင့် သူနှင့် ခင်မင်ရင်းနှီးသူ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို 'အောင်ဆန်း သို့မဟုတ် အရိုင်း' အမည်ရှိ ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့လေသည်။

ယင်းဆောင်းပါးကို ဖတ်ရရာမှ ကျွန်တော်သည် ယခု ဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ကောက်နုတ်ချက်ကို ပြန်လည် သတိရမိခြင်း ဖြစ်ပါသည်။

ဒဂုန်တာရာသည် 'လူကို လေ့လာခြင်း' ဟူသော ခေါင်းစဉ်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းအား လူတစ်ယောက်အဖြစ် လေ့လာကာ ပွင့်လင်းစွာ ရေးရာ၌ –

'အောင်ဆန်းသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏၊ သို့သော် ကိစ္စမရှိ၊ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းမဟုတ်၊ သူသည် တစ်ခုတည်းသော ရည်ရွယ်ချက်နှင့် တစ်ခုတည်းကိုသာလုပ်သော သတ္တဝါဖြစ်၏၊ သူ့တွင် နိုင်ငံရေးဝိညာဉ် ပြင်းထန်လှချေ၏၊ နိုင်ငံရေးတစ်ခုတည်းသာ လုပ်သော လူတစ်ဦးဖြစ်၏' ဟု ရေးသားခဲ့၏။

ဤသို့လျှင် ဒဂုန်တာရာက ဗိုလ်ချုပ်အောင်ဆန်းကို အားမနာတမ်း ကြည့်မြင်သုံးသပ်ခဲ့သဖြင့် ထိုခေတ်က စာဖတ်ပရိသတ်နှင့် နိုင်ငံရေးလောက အသိုင်းအဝိုင်းတွင် အံ့သြသွားကြလေသည်။

ကျွန်တော့်အဖို့မှာမူ ဒဂုန်တာရာ၏ ရေးသားချက်ကို သဘောကျမိသဖြင့် ရန်ကုန် အနောက်ပိုင်း ၁၄ လမ်းရှိ ကိုရွှေမြိုင်၏အိမ်သို့ သွားပြီး တာရာ မဂ္ဂဇင်းစာအုပ် တောင်းယူကာ ဗိုလ်ချုပ်အောင်ဆန်းအား ပေးရင်း–



'ဗိုလ်ချုပ် ဟောဒီမှာ ကိုရွှေမြိုင်ရဲ့ ဆောင်းပါး၊ ဖတ်ကြည့်ပါဦး' ဟု ပြောလိုက်ရာ ဗိုလ်ချုပ်က ချက်ချင်းပင် စာအုပ်ကို လှမ်းယူပြီး ဖတ်ကြည့်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စာဖတ် အလွန်မြန်သူဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော နိုင်ငံရေး သိပ္ပံစာအုပ် အထူကြီးတွေကို အလွန်လျင်မြန်စွာ ဖတ်နိုင်စွမ်းရှိ၏။ ရံဖန်ရံခါ သူက ရေးပေးရမည့် သဝဏ်လွှာအချို့ကို ကျွန်တော်က ကူညီပြီး ရေးသားတင်ပြသည့်အခါ ဗိုလ်ချုပ်သည် လျင်မြန်စွာ ဖတ်ကြည့်ပြီး အနည်းငယ်မျှသာ ပြင်ဆင်ပြီးနောက် ချက်ချင်း လက်မှတ်ထိုးပေးတတ်၏။

ထို့ကြောင့် ကိုရွှေမြိုင်၏ တာရာမဂ္ဂဇင်း ဆောင်းပါးကိုလည်း ဗိုလ်ချုပ်သည် မိနစ်ပိုင်းအတွင်း ဖတ်ပြီးသွားတော့သည်။

'အင်း ရွှေမြိုင်ကတော့ ငါ့ကို အရိုင်းတဲ့ကွာ'

ဤသို့လျှင် ဒဂုန်တာရာ၏ 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဆောင်းပါးကို ဗိုလ်ချုပ်က မှတ်ချက်ချလိုက်သည်။ သို့ရာတွင် ထိုအချိန်က သူ ပြောလိုက်သည့်လေသံ၊ သူ၏ မျက်နှာထား၊ အမူအရာတို့ကို ကျွန်တော် အကဲခတ်ကြည့်ရသလောက် သူ့အား 'အရိုင်း'ဟု ရေးလိုက်၍ စိတ်ဆိုးပုံမရပါ။ ထိုအချိန်က နိုင်ငံရေးသမားအချို့က ဒဂုန်တာရာ၏ ရေးပုံသည် ရင့်သီးလွန်းသည်ဟု ယူဆသလို ဗိုလ်ချုပ်က မယူဆ။ ခင်မင်ရင်းနှီးသူ မိတ်ဆွေတစ်ဦးက အားမနာတမ်း ဝေဖန်လိုက်သည်ကို သဘောထားကြီးစွာဖြင့် ပြုံး၍ လက်ခံသည့်အသွင်မျိုး ဖြစ်နေသည်။

ထို့ကြောင့် ကျွန်တော်၏ စိတ်ထဲ၌ စစ်အတွင်း (၁၉၄၃ ခုနှစ်)က သူ တစ်ပိုင်းတစ်စ ရေးခဲ့သော ကိုယ်ရေး အတ္ထုပ္ပတ္တိမှ သူ၏ ခံယူချက်ဖြစ်သော 'လွတ်လပ်သော လူရိုင်းဘဝကို မလွတ်လပ်သော လူယဉ်ကျေးဘဝထက် အဆတစ်ရာကြိုက်သည်၊ နှစ်သက်သည်' ဟူသော စာပိုဒ်ကို ပြေးသတိရမိခြင်း ဖြစ်ပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ပြီး ထိုစဉ်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီစသော အင်္ဂလိပ်အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များနှင့် မြန်မာ လွတ်လပ်ရေးအတွက် ဆွေးနွေးအရေးဆိုပြီးနောက် လုံးဝ လွတ်လပ်ရေးပေးပါတော့မည်ဟု အာမခံချက်ပေးသည့် 'အောင်ဆန်း-အက်တလီစာချုပ်'ကို '၂၇-၁-၄၇' နေ့တွင် လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ်နေအိမ်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းကို ယနေ့ သက်ကြီးပိုင်းရောက်နေသူများကတော့ မှတ်မိကြလိမ့်မည်။

ဗိုလ်ချုပ်သည် ဗြိတိသျှခေါင်းဆောင်များနှင့် မျက်နှာချင်းဆိုင် မဆွေးနွေးမီ မိမိတို့၏ရည်မှန်းချက် အောင်မြင်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်းရယူလိုသဖြင့် သူနှင့် ခင်မင်ရင်းနှီးပြီး အသက်ရော နိုင်ငံရေးအတွေ့အကြုံပါ ရင့်ကျက်သူ အိန္ဒိယခေါင်းဆောင်ကြီး 'ဂျဝါဟာလာနေရူး' ထံ ချဉ်းကပ် အကူအညီတောင်းရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့် ဗိုလ်ချုပ်နှင့် ကျွန်တော်တို့သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် ရန်ကုန်မှ အိန္ဒိယပြည် နယူးဒေလီမြို့သို့ လေယာဉ်ငယ်တစ်စင်းဖြင့် ကြိုထွက်သွားကြသည်။ သခင်မြ (အာဏာနည်ဝန်ကြီး) အမှူးပြုသော ကျန်ကိုယ်စားလှယ်အဖွဲ့ဝင်များက နောက်ချန်နေရစ်ပြီး လေးရက်ကြာမှ ဘီအိုအေစီ လေကြောင်းဖြင့် ရန်ကုန်မှထွက်ခွာကာ (နောက်ပိုင်း ပါကစ္စတန်မြို့တော်ဖြစ်လာမည့်) ကရာချိမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆုံကာ လန်ဒန် ခရီးဆက်ကြရန် ကြိုတင်စီစဉ်ထားလေသည်။

ထိုအချိန်က အိန္ဒိယပြည်သည်လည်း လွတ်လပ်ရေး မရသေး။ မစ္စတာနေရူးကလည်း ဝန်ကြီးချုပ် မဖြစ်သေး။ သို့သော် နယူးဒေလီမြို့ရှိ 'အာနန်ဘာဝမ်'ဟု သက္ကတဘာသာ အမည်ပေးထားသော သူ၏ ကိုယ်ပိုင်အိမ်မှာ ဗိုလ်ချုပ်ကို လက်ခံတည်းခိုစေပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့် အရေးဆိုရန် အသေးစိတ်အကြံဉာဏ်များ ပေးခဲ့ပါသည်။ နေရူးကား ငယ်စဉ်က အင်္ဂလန်တွင် ကျောင်းနေခဲ့ပြီး ဝတ်လုံတော်ရ (Barrister)စာမေးပွဲ အောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သူ ဖြစ်သည့်အလျောက် အင်္ဂလိပ်ဘာသာစကားနှင့် စာပေကို သာမန်အင်္ဂလိပ်လူမျိုးအစစ်ထက်ပင် ပို၍ တတ်ကျွမ်းရုံမျှမက အင်္ဂလိပ်တို့၏ အတွေးအခေါ်၊ ဓလေ့ထုံးစံ ပင်ကိုယ်စရိုက် စသည်တို့လည်း အထူး ကျွမ်းကျင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား အကောင်းဆုံး အကြံဉာဏ်များ ပေးခဲ့ပါသည်။



နယူးဒေလီမှ ကရာချိမြို့သို့ မထွက်ခွာမီ တစ်ရက်၌ နေ့လယ်စာစားအပြီး ဗိုလ်ချုပ်အောင်ဆန်းက ခေတ္တ အနားယူနေစိုက် အိန္ဒိယခေါင်းဆောင်ကြီး နေရူးသည် ကျွန်တော့်အား ခေါ်ပြီး ညွှန်ကြားချက်ပေးပါသည်။

'မင်းတို့ မြန်မာပြည် လွတ်လပ်ရေးရဖို့က သေချာပါတယ်။ ငါက အောင်ဆန်းကို အကောင်းဆုံးအကြံဉာဏ်တွေ ပေးပြီးပြီ။ ဒါပေမယ့် မင်းကို ငါမှာလိုက်ချင်တာရှိတယ်၊ မင်းဆရာ အောင်ဆန်းဟာ နိုင်ငံရေးကလွဲလို့ ဘာမှ နားလည်ပုံ မရဘူး၊ စိတ်လည်း မဝင်စားဘူး၊ အခု သူ့ရဲ့ ပင်ကိုယ်ပုံစံအတိုင်းဆိုရင် အင်္ဂလန်ပြည်မှာ အရှက်ကွဲနိုင်တယ်၊ မင်းတော့ ကြားဖူးမှာပေါ့။ အင်္ဂလိပ်လူမျိုးတွေဟာ ပကာသန အလွန် မက်မောတယ်။ သူတို့ရဲ့ ရိုးရာထုံးတမ်းစဉ်လာ ဓလေ့တွေကို တန်ဖိုးထားတယ်။ လူတစ်ယောက်ကို အရေးကြီးတဲ့စကား မပြောခင် ကြိုတင် အကဲခတ်တတ်တယ်။ ဝတ်စားဆင်ယင်ပုံ၊ စားပုံသောက်ပုံ၊ ထမင်းစားပွဲမှာ ခက်ရင်းနဲ့ ဓားကိုင်ပုံက အစ အကဲခတ်ကြည့်ပြီး ကျေနပ်တော့မှ စကားပြောလေ့ ရှိတယ်။

'အောင်ဆန်းဟာ အင်္ဂလန် မရောက်ဖူးတဲ့အပြင် နိုင်ငံရေးကလွဲလို့ ဘာမှ စိတ်ဝင်စားတာ မဟုတ်တော့ အင်္ဂလိပ်လူမျိုးတို့ရဲ့ ဓလေ့ထုံးစံ ရိုးရာစရိုက်တွေလည်း ဘာမှ မသိဘူး။ မင်းကတော့ ငယ်စဉ်က ခရစ်ယာန် သာသနာပြုကျောင်းမှာ နေခဲ့ဖူးတယ်လို့ ငါသမီးပြောပြလို့ သိရတယ်။ ဒါကြောင့် လန်ဒန်မြို့ရောက်တာနဲ့ မင်းဆရာ အောင်ဆန်းနဲ့တကွ ကျန် မြန်မာကိုယ်စားလှယ်ကြီးတွေကိုပါ အင်္ဂလိပ်တို့ရဲ့ ဓလေ့ထုံးစံ စရိုက်အကြောင်း၊ 'အက်တီးကက်' လို့ခေါ်တဲ့ ယဉ်ကျေးမှုထုံးစံတွေကို ကြိုတင် ပြောပြပေးထားပါ။ ဒါမှ ခေါင်းဆောင် အချင်းချင်း မျက်နှာစုံညီဆွေးနွေးပွဲကျတော့ အဆင်ပြေမယ်၊ အခု ငါပြောတာတွေကို မမေ့နဲ့၊ အင်္ဂလန်ရောက်ရင် အထူး ဂရုစိုက်ပါ'

ဤသို့ ခေါင်းဆောင်ကြီး နေရူးက သင်ကြားလိုက်သည့်အတိုင်း လန်ဒန်မြို့၏ ထိပ်တန်းဟိုတယ်ဖြစ်သော 'ဒေါ်ချက်စတာဟိုတယ်' သို့ ရောက်သည့်နေ့မှာပင် ကျွန်တော်သည် ဗိုလ်ချုပ်နှင့်တကွ သခင်မြ စသော မြန်မာခေါင်းဆောင်များအား အင်္ဂလိပ်လူမျိုးတွေ၏ ရိုးရာ ဓလေ့ထုံးစံအကြောင်း၊ ပကာသန မက်တပ်ပုံအကြောင်း စသည်တို့ကို ရှင်းလင်း ပြောပြလိုက်ပါသည်။

ကျွန်တော့်အဖို့ အထူးတာဝန်တစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်းအား ဟိုတယ်အခန်းတွင်း၌ ထိုနေ့တွင် သွားရမည့်နေရာ၊ အစည်းအဝေး သို့မဟုတ် ညစာခံပွဲ

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့နှင့် လိုက်လျောညီထွေဖြစ်မည့် အဝတ်အစား ဆင်ယင်ပေးရခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်ကတော့ 'နက်ကတိုင်' ခေါ် လည်စည်းကိုပင် ပုံပန်းကျ အောင် မစည်းတတ်သဖြင့် ကျွန်တော်ကပင် အမြဲတမ်း စည်းပေးရပါသည်။ အဝတ်အစားများနှင့် စီးသည့် ဖိနပ်အရောင်ကအစ သူ့နေရာနှင့်သူ မှန်ကန် အောင် ရွေးချယ် စီးနိုင်းရပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် အဆောင်အယောင် မကာသနကို အလွန် စက်ဆုပ် မုန်းတီးသူဖြစ်၍ ဧည့်သည်တော်အဖြစ် လူကြီးလူကောင်းအိမ်များ သို့ ထမင်းစားသွားရလျှင် အလွန် စိတ်ပျက်တတ်ပါသည်။

၁၉၄၇ ခု၊ ဇန်နဝါရီ လ ၁၈ ရက်နေ့ ညနေဘက်တွင် ဗိုလ်ချုပ်သည် သူ၏ ဟိုတယ်ခန်းမတွင်း၌ သက်တောင့်သက်သာ အနားယူရင်း စာအုပ် တစ်အုပ် ဖတ်နေပါသည်။ ညနေ ၆ နာရီခွဲကျော်သောအခါ ကျွန်တော်က ဗိုလ်ချုပ်အနီးသို့သွားပြီး သတိပေး နှိုးဆော်ပါသည်။

'ဗိုလ်ချုပ် အဝတ်အစားလဲဖို့ အချိန်တော်ပြီလေ'

'ဘာဖြစ်လို့ အဝတ်အစား လဲရမှာလဲကွ'

ဗိုလ်ချုပ်က ဖတ်နေသောစာအုပ်ကို လက်ကမချဘဲ ပြန်မေးပါသည်။

'သွားစရာရှိလို့ပေါ့၊ ဒီနေ့ည 'ဒင်နာ' (ညစာ) ကို 'ဆာစတက်ဖို့ခရစ်' ဇနီးမောင်နှံက ဖိတ်ထားတယ်လို့ ကျွန်တော် ဗိုလ်ချုပ်ကို မနေ့ကပဲ ပြော ပြီးသားပါ'

ဆာစတက်ဖို့ခရစ် ဆိုသူမှာ ထိုအချိန်က ဗြိတိသျှအလုပ်သမားပါတီ (ဘဏ္ဍာရေး) ဝန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံအပေါ် သံယောဇဉ်ရှိသူ ဗြိတိသျှလေဘာပါတီ ခေါင်း ဆောင်တစ်ဦး ဖြစ်ပါသည်။

'ဟေ ဟုတ်လား၊ ခွကျတာပဲကွာ၊ ငါက ဒီညတော့ အေးအေးဆေးဆေး နားရတော့မယ် မှတ်တာ၊ ဒါထက် နေပါဦး၊ ငါက အဝတ်အစား အပြည့်အစုံ (Formal Dress) ဝတ်ရမှာလား'

'ဟုတ်ကဲ့၊ ဝတ်ရပါမယ် ဗိုလ်ချုပ်၊ အင်္ဂလိပ်လူမျိုးတို့ရဲ့ ယဉ်ကျေးမှု ထုံးစံအရ ညစာ (ဒင်နာ) ဖိတ်ရင် အဝတ်အစား အပြည့်အစုံ ဝတ်ရလိမ့်မယ်'

ကျွန်တော်က အားနာစွာနှင့်ပင် ပြောလိုက်ရပါသည်။

'အင်း ငါတော့ အဲဒီလို အဝတ်အစားအပြည့်အစုံ ဝတ်ရတာလောက် စိတ်ပျက်တာ မရှိဘူး။ နေရထိုင်ရ သိပ်ကျဉ်းကျပ်တယ်။ မင်းတို့ လူ့ယဉ်ကျေး



တွေရဲ့ အဆောင်အယောင်တွေ ထုံးစံတွေကို ငါ နည်းနည်းမှ သဘောမကျဘူး၊ မလွတ်လပ်ဘူး၊ ဒါပေမယ့် 'ဆာစတက်ဖို့ခရစ်' က ဖိတ်တယ်ဆိုတော့လည်း သွားရမှာပဲ၊ မတတ်နိုင်ဘူး၊ ကိုင်း မင်းပဲ ဇာတ်ဆရာလုပ်ပြီး ကြည့်လုပ်ပေ တော့'

ဤသို့လျှင် ဗိုလ်ချုပ်သည် ညည်းညူလျက်နှင့်ပင် သဘောတူလိုက် တော့မှ ကျွန်တော်လည်း လိုအပ်သည့် အဝတ်အစားများထုတ်ယူကာ သူ့အား ဝတ်ဆင်ပေးလိုက်ပါသည်။

ဟိုတယ်မှ အထွက်တွင် ဗိုလ်ချုပ်သည် မျက်နှာထားမှုန်တေတေဖြစ် နေသော်လည်း 'ဆာစတက်ဖို့ခရစ်' ၏အိမ်သို့ ရောက်သွားချိန်၌ ကြည်လင် ရွှင်လန်းလာပါသည်။ လွတ်လပ်တော့မည့် မြန်မာနိုင်ငံ၏ အနာဂတ်ကာလကို မျှော်ခေါ် ရည်မှန်းရင်း သူဖြစ်ချင်တာတွေကို အားပါးတရပြောခွင့်ရပြီး အိမ်ရှင် 'ဆာစတက်ဖို့ခရစ်' ကလည်း စိတ်ဝင်စားစွာနားထောင်ရင်း ပြန်လည်ဆွေးနွေး သဖြင့် ဗိုလ်ချုပ်သည် ဝတ်စုံပြည့်ဝတ်ထားရ၍ စိတ်ကျဉ်းကျပ်ခြင်းကို မေ့ပျောက် သွားဟန်တူပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဆဋ္ဌမမြောက် ဂျော့ဘုရင် မင်းမြတ် (လက်ရှိ ဗြိတိသျှဘုရင်မ အယ်လစ်ဇဘက်၏ ခမည်းတော်) နှင့် ကြင်ရာတော် မိဖုရားကြီးတို့က ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များအား 'ဘတ်ကင်ဟမ်' နန်းတော်သို့ နေ့လယ်စာ စားရန် ဖိတ်ကြားပါသည်။

ဗြိတိသျှတို့၏ ရှေးယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်အညီ မင်းခမ်းမင်းနား ကိစ္စရပ်များကို ယခုခေတ် (အဏုမြူခေတ်) အထိ ထိန်းသိမ်းလေ့ရှိခြင်းကို အဆိုပါ နေ့လယ်စာစားပွဲဖိတ်စာတွင် တွေ့မြင်ရပုံကလည်း စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ဗိုလ်ချုပ်တို့အား နိုင်ငံရေးသဘောအရ နေ့လယ်စာ ဖိတ်ကြားတည်ခင်း ခြင်း ဖြစ်သော်လည်း ဗြိတိသျှ အင်ပိုင်ယာကြီးတစ်ခုလုံး၏ အထွတ်အထိပ် ကောရာဇ်မင်းမြတ်ဖြစ်သူ ဆဋ္ဌမမြောက်ဂျော့ဘုရင်အနေဖြင့် သာမန်အရပ်သား များဖြစ်သော ဗိုလ်ချုပ်တို့အဖွဲ့အား တိုက်ရိုက် ဖိတ်မန္တကပြုရပါက ရာဇဏ္ဍနွေ ထိခိုက်မည်စိုးဟန်ဖြင့် 'ကြားလူ' တစ်ဦးမှတစ်ဆင့် ဖိတ်ကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြားလူ' ဆိုသည်မှာ အခြားသူမဟုတ်။ 'ဘတ်ကင်ဟမ်' နန်းတော်တွင် လူမှုရေးဆိုင်ရာကိစ္စများ တာဝန်ယူဆောင်ရွက်ရသူ 'အိမ်တော်ဝန်' ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့ထံရောက်လာသော ဖောင်းကြွရွှေစာလုံးများဖြင့် အထူး လှပသေသပ်စွာ ရိုက်နှိပ်ထားသည့် ဖိတ်ကြားစာတွင် အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း တွေ့ရပါသည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့က အိမ်တော်ဝန်အား အမိန့်တော် ချမှတ်လိုက်ပါသည်။

'ဦးအောင်ဆန်း နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် လူကြီးမင်းများအား ၁၉၄၇ ခု ဇန်နဝါရီလ ၂၄ ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ဘတ်ကင်ဟမ်နန်းတော်သို့ နေ့လည်စာစား ကြွရောက်ပါရန် ဖိတ်ကြားစေဟု အမိန့်တော်ချမှတ်လိုက်သည်'

ဖိတ်ကြားစာက ထိုမျှသာ ဖြစ်ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် အထက်ပါစာကို ဖတ်ပြီးနောက် ရယ်ကာမောကာဖြင့် –

'အင်း အင်္ဂလိပ်လူမျိုးတွေကတော့ မင်းခမ်းမင်းနား အဆောင်အယောင် ပကာသနတွေကို သာယာတပ်မက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ငါတို့ကို ဂျော့ဘုရင်မင်းမြတ်က တိုက်ရိုက်ဖိတ်လို့ မရဘူးဆိုတဲ့သဘောပဲ၊ ဒီလိုဆိုရင်လည်း လုံးလုံး မဖိတ်ဘဲထားလိုက်တာ မဟုတ်ဘူး၊ ဒါပေမယ့် နိုင်ငံရေးအရကျတော့ မဖိတ်လို့မဖြစ်တဲ့အတွက် အခုလို ကြံဖန် ရေးဖိတ်လိုက်တာပဲကွ၊ ဘာပဲဖြစ်ဖြစ်လေ 'ဘတ်ကင်ဟမ်' နန်းတော်ထဲရောက်ဖူးပြီး ဘုရင်မင်းမြတ်နဲ့ အတူ ပွဲတော်တည်ရမှာက ငါတို့အဖို့ အမြတ်ပဲ မဟုတ်လားကွ၊ ဟဲဟဲ' ဟု ရယ်သွမ်းသွေးကာ ပြောလိုက်သည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ပွဲ ဖြစ်သည့်ပြင် ကမ္ဘာကျော် 'ဘတ်ကင်ဟမ်' နန်းတော်ကြီးသို့ သွားရောက်စားရမည့် နေ့လယ်စာစားပွဲရှိသည့်နေ့ (၂၄–၁–၄၇) နေ့တွင် ကျွန်တော်သည် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူး၏ မှာကြားချက်ကို သတိရမိသဖြင့် ဗိုလ်ချုပ်နှင့်တကွ ကိုယ်စား



လှယ် အဖွဲ့ဝင်များ ဝတ်စားဆင်ယင်မှုအတွက် လိုလေသေးမရှိ မှန်ကန်တိကျအောင် အထူး ဂရုစိုက်ခဲ့ပါသည်။

ဗိုလ်ချုပ်ကိုဆိုလျှင် ကျွန်တော်သည် သူ၏ ဟိုတယ်ခန်းထဲတွင် ခါတိုင်းထက်ပို၍ အချိန်ယူကာ ဝတ်စားပြင်ဆင်ပေးရသည်မှာ ယခုခေတ် ရုပ်ရှင်ရိုက်ကွင်း၌ စတင်မရိုက်ကူးမီ မင်းသမီး၊ မင်းသားသရုပ်ဆောင်များအား မိတ်ကပ် အလှပြင်သမားက အသေးစိတ် ပြင်ဆင်ပေးနေပုံနှင့်ပင် တူနေပါတော့သည်။

ဗိုလ်ချုပ်ကိုယ်တိုင်ကတော့ ကျွန်တော် အချိန်ကြာကြာ ပြင်ဆင်ပေးနေသည်ကို စိတ်ပျက်နေပုံရပါသည်။

'ယော့ကောင် မပြီးသေးဘူးလားကွ၊ မင်းတို့ လူယဉ်ကျေးတွေရဲ့ အဆောင်အယောင် ပကာသနတွေကို ငါဖြင့် အလွန် စိတ်ပျက်မိတယ်၊ မင်းတို့ ယဉ်ကျေးမှုစည်းကမ်း (အက်တီးကက်) တွေက စားသောက်တာထက် ဝတ်စားဆင်ယင်မှုကို ပိုပြီး ဦးစားပေးရသလို ဖြစ်နေတယ်၊ ကဲ ... လုပ် မြန်မြန်ပြီးအောင်လုပ်စမ်း၊ ငါဖြင့် ညောင်းလှပြီ'

ဤသို့လည်း ဗိုလ်ချုပ်သည် စိတ်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာပင် ပြောခဲ့ပါသည်။

*

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု (S.E.A.C) ၏ သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး 'လော့ဒ်မောင့်ဘက်တန်' သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို လိုလားသူ မြန်မာမိတ်ဆွေကြီးတစ်ဦး ဖြစ်ပါသည်။ စစ်ပြီးခါနီးတွင် မြန်မာပြည်တွင်းမှ ဂျပန်တို့အား တိုက်ထုတ်ရာတွင် ဗမာ့တပ်မတော်၏ ပူးပေါင်းကူညီမှုကို ရယူခဲ့ရာမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် သိကျွမ်းကာ ဗိုလ်ချုပ်၏ စိတ်ဓာတ်နှင့် ခေါင်းဆောင်မှု အရည်အချင်းကို အထူး သဘောကျသူလည်း ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလက 'မောင့်ဘက်တန်' သည် အင်္ဂလန်ပြည်တောင်ပိုင်းရှိ 'ပို့စ်မောက်' ဆိပ်ကမ်းမြို့တွင် ရှိနေရာ ဗိုလ်ချုပ်တို့အား ဂျော့ဘုရင်မင်းမြတ်က နေ့လယ်စာဖိတ်ကြောင်း သတင်းကြားကြားချင်း နန်းတော်နေ့လယ်စာစားပွဲ၌ 'အောင်ဆန်းတို့ အိုးနင်းခွက်နင်း ဖြစ်လေမလား' ဟု စိုးရိမ်စိတ်ဖြင့် လန်ဒန်မြို့သို့ ချက်ချင်းပြေးလာပြီး ကျွန်တော်တို့တည်းခိုရာ 'ဒေါ်ချက်စတာဟိုတယ်' သို့ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရောက်ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ကျွန်တော်က ခရီးဦးကြိုပြုပြီး ဗိုလ်ချုပ်နှင့်တကွ မြန်မာခေါင်းဆောင်များ မှန်ကန်သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားပုံကို ပြပြီး ထမင်းစားပွဲတွင် မည်သို့မည်ပုံ စားသောက်ရမည်ကိုပါ ကြိုတင် ပြောပြထားပြီးကြောင့် အစီရင်ခံ သတင်းပို့လိုက်မှ ရေတပ်မှ ဗိုလ်ချုပ်ကြီး 'မောင့်ဘက်တန်' သည် ကျေနပ်ဟန်ဖြင့် ပြုံးပါတော့သည်။

သို့နှင့်ပင် 'ဘတ်ကင်ဟမ်နန်းတော်' နေ့လယ်စာစားပွဲကြီးမှာ အထစ်အငေါ့မရှိဘဲ ချောမောစွာ ပြီးစီးသွားခဲ့လေရာ ဗြိတိသျှအင်ပိုင်ယာကြီး၏ ထိပ်သီးအကြီးအကဲ ဘုရင်ဧကရာဇ်နှင့် တိုက်ရိုက် တွေ့ဆုံ စကားပြော ဆွေးနွေးနိုင်ခဲ့သူ တစ်ဦးတည်းသော မြန်မာခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းအား သမိုင်းတွင် ဂုဏ်ယူစွာ မှတ်တမ်းတင်ရမည် ဖြစ်ပါသတည်း။

❒



# စာရေးဆရာဖြစ်ချင်သော ဗိုလ်ချုပ်အောင်ဆန်း

'ဒီဝတ္ထုကို မင်းရေးလိုက်တော့ မင်းမိန်းမက ဘာမှ မပြောဘူးလား၊ မကန့်ကွက်ဘူးလား'

'ဘာမှ မပြောပါဘူး၊ ကျွန်တော်ဝတ္ထုရေးရင် စိတ်ကူးယဉ်သက်သက် ဖန်တီးထားတယ်ဆိုတာ သူသိပြီးသားမို့ မပြောပါဘူး'

'ဒါဆို တော်သေးတာပေါ့၊ မဉ်းဝတ္ထုက စိတ်ကူးယဉ်သာဆိုတယ်၊ တကယ့်ဖြစ်ရပ်လိုလို ဘာလိုလို ဖြစ်နေတယ်၊ ပြီးတော့ မင်းကိုယ်တိုင် အဲဒီနယ်ဘက် ရောက်ခဲ့တယ်မဟုတ်လား'

ဤသို့ ကျွန်တော့်အား စစ်ဆေးမေးမြန်းသလို ပြောနေသူကား ဗိုလ်ချုပ်အောင်ဆန်း။

သူ၏ မျက်နှာထားက ခပ်ပြုံးပြုံးဖြစ်နေ၍ ကျွန်တော့်အား ရယ်စရာသဘော ပြောနေကြောင်း သိသာပါသည်။

အချိန်ကာလအားဖြင့် ဗဟန်း၊ တာဝါလိန်း (ယခု နတ်မောက်လမ်း) အမှတ် ၂၅ ရှိ ဗိုလ်ချုပ်နေထိုင်သောအိမ် (ယခု ဗိုလ်ချုပ်ပြတိုက်)။

ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပလတ္တံ့သော ရွှေတိဂုံအလယ်ပစ္စယံ ပြည်လုံးကျွတ်ညီလာခံကြီးတွင် သဘာပတိအဖြစ် အဖွင့်အမှာစကားပြောရန် သူ၏ မိန့်ခွန်းရှည်ကြီးကို ကြိုတင်ရေးနေချိန် ဖြစ်သည်။

နိုင်ငံရေးအရ တိုင်းပြည်အတွက် အလွန်အရေးကြီးသော ပြည်လုံးကျွတ်ညီလာခံကြီးဖြစ်၍ ပြည်တွင်းသာမက ပြည်ပကပါ စိတ်ဝင်စားနေသည့် အခါ

www.burmeseclassic.com



အနေတွင် ဗိုလ်ချုပ်သည် သူ၏မိန့်ခွန်းကို အထူး ဂရုစိုက်၍ ကြိုးစားရေးသားကာ နေ့ရောညပါ ခွဲကောင်းကောင်းနှင့် ရေးနေချိန် ဖြစ်သည်။ တစ်နေ့တွင် သူ့အား ခေတ္တနားနေစေချင်၍ ဒေါ်ခင်ကြည်အား လက်ဖက်ရည်တစ်ခွက် ဖျော်ခိုင်းပြီး ကျွန်တော်က လက်ဖက်ရည်သွားပေးရင်း မန္တလေးမြို့မှ လူထု ဦးလှ ပို့ပေးလိုက်သော 'လူထုဂျာနယ်' တစ်စောင်ကိုပါ ပေးလိုက်ပါသည်။

'ဗိုလ်ချုပ် မိန့်ခွန်းရေးတာ ခဏနားပြီး ဒီဂျာနယ် ဖတ်ကြည့်ပါဦး'

ဤသို့ ကျွန်တော်က ပြောလိုက်မိခြင်းမှာ ထို 'လူထုဂျာနယ်' တွင် ကျွန်တော်ရေးသော ဝတ္ထုတိုတစ်ပုဒ် ပါလာသောကြောင့် ဗိုလ်ချုပ် ဖတ်စေချင်၍တစ်ကြောင်း၊ သူ၏ သဘာပတိမိန့်ခွန်းကြီး ရေးနေရ၍ စိတ်မောလူမော ဖြစ်နေခြင်းမှ ခေတ္တအနားရစေရန်တစ်ကြောင်း ဖတ်ခိုင်းခြင်း ဖြစ်ပါသည်။

*

'လူထုဂျာနယ်' တွင်ပါသော ကျွန်တော်၏ ဝတ္ထုတိုဇာတ်လမ်း အကျဉ်းချုပ်မှာ ဖက်ဆစ်တော်လှန်ရေး ပြီးခါစအချိန်က မျိုးချစ်ဗမာ့တပ်မတော်မှ 'သုံးလိုင်းနှစ်ပွင့်' လက်ဖတင်နှင့် (ဗိုလ်) အဆင့်ရှိသူတစ်ဦးသည် သူ၏ ဇာတိရပ်မြေ ဗန်းမော်မြို့သို့ ပြန်ရာတွင် လားရှိုးမြို့မှတစ်ဆင့် သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းလမ်းအတိုင်းသွားစဉ် မူဆယ်ဈေးတွင် အနီးအနားရွာတစ်ရွာမှ ကချင်မိန်းကလေးတစ်ဦးနှင့် တွေ့ဆုံသိကျွမ်း ခင်မင်သွားသည်။ ကချင်မလေးက သူတို့ရွာသို့ လိုက်လည်ပတ်ရန် ခေါ်သဖြင့် လိုက်သွားရာမှ စစ်ဗိုလ်ကလေးနှင့် ကချင်မလေး ချစ်ကြိုးသွယ်မိကြပြီး ထိုရွာကလေးမှာပင် လက်ထပ်လိုက်ကြသည်။ ထိုအချိန်က မြန်မာ–တရုတ်နယ်စပ်တွင် တရုတ်ဖြူတပ်ကြွင်းတွေ သောင်းကျန်းနေရာ တစ်နေ့တွင် မူဆယ်အနီးရှိ ရွာကလေးသို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်စဉ် မြန်မာစစ်ဗိုလ်ကလေး၏ ညားခါစဇနီး ကချင်မလေး ကျည်သင့်သေဆုံးသွားသဖြင့် မြန်မာဗိုလ်ကလေးအဖို့ ကြေကွဲယူကျုံးမရဖြစ်လျက် ကျန်ရစ်ပုံ လွမ်းခန်းနှင့် ဇာတ်သိမ်းထားပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်က ဝတ္ထုကိုဖတ်ပြီး ကျွန်တော့်အား 'မင်း မိန်းမကာ ဘာမှမပြောဘူးလား' ဟု ကျီစယ်သလို မေးလိုက်ခြင်း ဖြစ်ပါသည်။

ခဏမျှကြာသော် ဗိုလ်ချုပ်သည် 'လူထုဂျာနယ်' ကို ဘေးသို့ချထားလိုက်ပြီး တစ်စုံတစ်ခု စဉ်းစားနေဟန်ဖြင့် ခေတ္တငြိမ်နေပြီးနောက် –



'ငါလည်း မင်းတို့လို စာရေးဆရာဖြစ်ချင်တယ်ကွာ' ဟု ပြောလိုက်ပါသည်။

(ကျွန်တော်သည် စာရေးဝါသနာပါ၍ ၁၉၃၆ ခုနှစ်ကပင် ဒဂုန်မဂ္ဂဇင်းတွင် ဝတ္ထုတိုတစ်ပုဒ်ပါလာအောင် ရေးသားနိုင်ရာမှ ကြီးပွားရေးမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သမဂ္ဂမှထုတ်ဝေသော 'အိုးဝေ' မဂ္ဂဇင်းများတွင် ဝတ္ထုတိုနှင့် ဆောင်းပါးများ ပါနေပြီဖြစ်သဖြင့် တော်လှန်ရေးပြီးခါစတွင်လည်း ဆရာဦးဘချို၏ ဒီးဒုတ်ဂျာနယ်နှင့် ဦးချစ်မောင်၏ 'ဂျာနယ်ကျော်' တို့တွင် ဆောင်းပါးများ ရေးနေပြီဖြစ်၍ ဗိုလ်ချုပ်က ကျွန်တော့်အား စာရေးဆရာဖြစ်နေပြီဟု လက်ခံထားဟန် တူပါသည်။)

ဗိုလ်ချုပ်ကပင် ဆက်၍ –

'ဒါပေမယ့် ငါကတော့ မင်းတို့လို အချစ်ဝတ္ထုတွေ ရေးမှာမဟုတ်ဘူး၊ ရေးလည်း မရေးတတ်ဘူး၊ ငါကတော့ နိုင်ငံရေးသိပ္ပံအကြောင်း၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအကြောင်းနဲ့ လူတွေကို ပညာပေးစာအုပ်မျိုးတွေပဲ ရေးမှာကွ၊ ဒါပေမဲ့လည်း လက်ရှိအခြေအနေအရ လောလောဆယ် မဖြစ်နိုင်သေးပါဘူးကွာ'

ဟု ညည်းညူသလို ပြောလိုက်ပြီးနောက် ချက်ချင်းပင် သူ၏ 'ပတ်ကား' ဖောင်တိန်ဖောင်းကို ပြန်ကောက်ယူကာ ညီလာခံမိန့်ခွန်းကြီးကို ဆက်ရေးနေပါတော့သည်။

အလျဉ်းသင့်၍ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းရေးပုံအကြောင်း တင်ပြလိုပါသည်။

ဗိုလ်ချုပ်သည် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဘဝကပင် သူ၏ မိန့်ခွန်းများကို အင်္ဂလိပ်ဘာသာဖြင့် ရေးပြီး အင်္ဂလိပ်လိုပင် ပြောလေ့ရှိပါသည်။

သူသည် အင်္ဂလိပ်စာကို ဦးစားပေး သင်ကြားလေ့မရှိသော ရေနံချောင်းမြို့ နေရှင်နယ် (အမျိုးသားကျောင်း)မှ ဆယ်တန်းအောင်ခဲ့သူ ဖြစ်ပါလျက် ရန်ကုန်တက္ကသိုလ်သို့ ရောက်ပြီးနောက် နေရှင်နယ်ကျောင်းသားဟောင်းတစ်ယောက်ဟု ယုံနိုင်စရာမရှိအောင် အင်္ဂလိပ်စာကို အထူးကျွမ်းကျင်သူ ဖြစ်လာပါသည်။ သူသည် အင်္ဂလိပ်စာကို အခြား ကျောင်းသူကျောင်းသားများထက် ပိုတော်အောင် အထူး ကြိုးစားလေ့လာခဲ့၍ ကျွမ်းကျင်လာခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်တော်လှန်ရေးကာလအတွင်း ရောဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင် ကျေးလက်ဒေသတွင် တပ်မတော်ရှေ့တန်း စစ်ဌာနချုပ် ယာယီ စခန်းချထားစဉ်က –

'ငါတို့က နယ်ချဲ့သမားဆီက လွတ်လပ်ရေး မရ ရအောင် ယူရမှာမို့ နယ်ချဲ့သမားရဲ့ ဘာသာကို ကျွမ်းကျင်အောင် လေ့လာထားရမယ်၊ အင်္ဂလိပ်စာ တော်အောင် ကြိုးစားရမယ်၊ ဒါမှလည်း ငါတို့ဟာ နယ်ချဲ့သမားကို အရေး ဆိုနိုင်မယ်၊ ငြင်းခုံနိုင်မယ်၊ လွတ်လပ်ရေး မပေးပေးအောင် တောင်းဆိုနိုင်မယ်၊ ကုန်ကုန်ပြောမယ်ကွာ၊ လိုအပ်လာရင် နယ်ချဲ့သမားကို သူတို့ဘာသာစကား နဲ့ အင်္ဂလိပ်လို ရေရေလည်လည် ဆဲနိုင်ရမယ်ကွ'

ဟု ကျွန်တော်တို့ ရဲဘော်များအား ပြောခဲ့ဖူးပါသည်။

ထို့ကြောင့် သူကိုယ်တိုင်က အင်္ဂလိပ်စာ အထူးကျွမ်းကျင်နိုင်နင်းအောင် ကြိုးစား လေ့လာခဲ့ပါသည်။

ကျွန်တော်သည် နိုင်ငံခြားသား သတင်းစာဆရာများ၊ သံရုံးအရာရှိများ အား ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်ဘာသာ မိန့်ခွန်းများကို ပြသခဲ့ဖူးရာ အားလုံးက အလွန် အံ့ဩကြပါသည်။ အင်္ဂလိပ်စကားလုံး ဝေါဟာရကြွယ်ပုံ၊ ဝါကျတည်ဆောက်ပုံ၊ 'အီဒီယမ်' ခေါ် နိုင်းယှဉ်တင်စား၍ ရေးသားပုံတို့က ဗိုလ်ချုပ်ကိုယ်တိုင် ရေးသားခဲ့ခြင်း ဟုတ်ပါလေစဟု သံသယဖြစ်လောက်အောင် အထူးကောင်းနေကြောင်း ပြောကြပါသည်။

အထူးသဖြင့် '၂၀–၁–၄၆' နေ့က ရွှေဒဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် အဖွင့် အမှာစကား ပြောကြားခဲ့သော သူ၏ မူရင်းမိန့်ခွန်းမှ အင်္ဂလိပ်စာ အရေးအသား သည် နိုင်ငံရေးအနှစ်သာရ ပြည့်စုံပြီး ရေးသားပုံ အလွန်ကောင်းမွန်လှပါသည်။

အကာက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်သည် သူ၏မိန့်ခွန်းများ ကို အင်္ဂလိပ်ဘာသာဖြင့် ရေးလေ့ရှိရာ ရွှေတိဂုံညီလာခံ သဘာပတိအဖွင့်မိန့်ခွန်း မှာလည်း အင်္ဂလိပ်လိုရေးထားသဖြင့် ဗိုလ်ချုပ်က ယင်းမူရင်း အင်္ဂလိပ်မိန့်ခွန်း ကိုပင်ကိုင်ကာ မြန်မာလို လက်တန်းပြောသွားခြင်း ဖြစ်ပါသည်။

၁၉၅၀ ပြည့်နှစ်က ကျွန်တော်သည် အိုးဝေသတင်းစာ အယ်ဒီတာလုပ် နေစဉ် အမေရိကန်မှ နာမည်ကျော် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ် (John Hopkins University)မှ ဘွဲ့ရလူငယ်တစ်ဦးသည် ဘွဲ့လွန်ပါရဂူဘွဲ့အတွက် သုတေသန စာတမ်း ရေးသားပြုစုရန် အကြောင်းရပ်အဖြစ် 'မြန်မာနိုင်ငံ၏ လွတ်လပ်ရေး



ကြိုးပမ်းမှုသမိုင်း' ကို ရွေးချယ်ထားသောကြောင့် ရန်ကုန်မြို့သို့ ကိုယ်တိုင် လာရောက် လေ့လာသုတေသနပြုရင်း အိုးဝေသတင်းစာတိုက်သို့ ရောက်လာ ခဲ့ပါသည်။

ကျွန်တော်လည်း လွတ်လပ်ရေးဗိသုကာဟု တင်စားခေါ်နေကြသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပြောရင်း ၂၀–၁–၄၆ နေ့ ရွှေတိဂုံအလယ် ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်ပြောကြားခဲ့သော သဘာပတိမိန့်ခွန်း အင်္ဂလိပ်ဘာသာ မူရင်းကို ပြလိုက်ရာ ထိုအမေရိကန်ကျောင်းသားသည် အလွန်အံ့ဩသွားပုံ ရပါသည်။

'ဒီမိန့်ခွန်းဟာ အလွန် အရေးပါတယ်လို့ ဆိုချင်ပါတယ်။ ဂျင်နရယ် အောင်ဆန်းရဲ့ အင်္ဂလိပ်လို ရေးသားပုံကလည်း အလွန်ကောင်းနေပါတယ်။ သူဟာ ရန်ကုန်တက္ကသိုလ်က ရိုးရိုး 'ဘီအေ' ဘွဲ့ ရခဲ့သူလို့ သိရပါတယ်။ အင်္ဂလိပ်စာဂုဏ်ထူး (English Honours) နဲ့ အောင်တာမဟုတ်တော့ ဒီလောက် ကောင်းတဲ့ အင်္ဂလိပ်စာမျိုး ရေးတတ်ဖို့က မလွယ်ပါဘူး။ အင်္ဂလိပ်စာကျွမ်းကျင် သူ တစ်ယောက်ယောက်က ရေးပေးတာများလား'

'မဟုတ်ပါဘူး၊ ဘယ်သူကမှ ရေးပေးတာ မဟုတ်ဘူး။ ဗိုလ်ချုပ်ကိုယ် တိုင် ရေးတာပါ။ သူဟာ အင်္ဂလိပ်စာကို ဝါသနာပါလို့ အထူးကျွမ်းကျင်အောင် ကြိုးစားလေ့လာခဲ့ပါတယ်။ ဟောဒီမှာ သူ့ရဲ့ တခြားမိန့်ခွန်းတွေ ကြည့်ပါဦး'

ပြောပြောဆိုဆို ကျွန်တော်သည် ၁၉၄၆ ခုနှစ်က ဖဆပလအဖွဲ့ချုပ် ဦးစီးကောင်စီ (Supreme Council) အစည်းအဝေးများ၌ ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ သဘာပတိမိန့်ခွန်း (အင်္ဂလိပ်ဘာသာမူရင်း) များကိုပါ ထုတ်ပြလိုက်ပါသည်။

အမေရိကန်ကျောင်းသားလည်း ပါးစပ်အဟောင်းသားနှင့် အလွန်အံ့ဩ နေပါတော့သည်။

*

ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်စာအရေးအသားကို အံ့ဩချီးကျူးခဲ့သူ နောက်တစ်ဦးကား လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) သတင်းစာ အယ်ဒီတာ ချုပ် ဦးခင်မောင်လတ် (ဒေါ်ခင်မျိုးချစ်၏ ခင်ပွန်း)ပင် ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်၊ မတ် ၂၇ ရက်နေ့ကျရောက်သော တပ်မတော်နေ့ (တော်လှန်ရေးနေ့) လုပ်သားနေ့စဉ် (အင်္ဂလိပ်) သတင်းစာတွင် ထည့်သွင်းဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



ရန် ဦးခင်မောင်လတ်က ကျွန်တော့်ထံ တော်လှန်ရေးနေ့ ဆောင်းပါးတစ်ပုဒ် တောင်းရာ ကျွန်တော်ကလည်း ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးအတွင်းက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သရက်ခရိုင် ကျေးလက်ဒေသအတွင်းရှိစဉ်က အတွေ့အကြုံများအကြောင်းရေးရင်း ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ ဘာကြောင့် ဂျပန်ကို တော်လှန်ရကြောင်း ဗိုလ်ချုပ်က ရှင်းလင်းထားသည့် အင်္ဂလိပ်ဘာသာစာတမ်း (၁၉၄၅ ခုနှစ်၊ ဩဂုတ်လက ရန်ကုန်မြို့တော်ခန်းမ တွင် ဗိုလ်ချုပ်ကိုယ်တိုင် နိုင်ငံခြားသတင်းစာဆရာများ၊ မဟာမိတ်စစ်သည် များရှေ့တွင် ဖတ်ခဲ့သောစာတမ်း)မှ ဗိုလ်ချုပ်၏ အာဘော် ကစ်စိတ်တစ်ဒေသ ကို ထုတ်နုတ်၍ ကျွန်တော်၏ ဆောင်းပါးတွင် ကိုးကား ဖော်ပြခဲ့ပါသည်။

အယ်ဒီတာချုပ် ဦးခင်မောင်လတ်သည် ဗိုလ်ချုပ်၏ အင်္ဂလိပ်စာအရေး အသားကို တအံ့တဩနှင့် ချီးကျူးရင်း ကျွန်တော့်ထံလည်း တယ်လီဖုန်း ဆက်၍–

'ကိုနေဝင်း၊ အဲဒီ အင်္ဂလိပ်လိုရေးထားတဲ့ စာတမ်းကို ဗိုလ်ချုပ်ကိုယ် တိုင် အစအဆုံး ရေးခဲ့တာလားဗျ'

ဟု မေးပါသည်။

'ဟုတ်ပါတယ် ဦးခင်မောင်လတ်၊ ဗိုလ်ချုပ်ကိုယ်တိုင် အစအဆုံးရေး ခဲ့ပါတယ်။ သူ့ရဲ့လက်ရေးမှုမှာ ခြစ်ရာဖျက်ရာတွေ ပါနေတာမို့ ကျွန်တော့်ကို လက်နှိပ်စက်နဲ့ ရိုက်ခိုင်းတာနဲ့ ကျွန်တော်က လက်နှိပ်စက်ရိုက်ပေးရတာပဲ ရှိ တယ်။ စာတမ်းတစ်ခုလုံးကို ရေးခဲ့တာကတော့ ဗိုလ်ချုပ်ပဲ ခင်ဗျ'

ကျွန်တော်က အမှန်အတိုင်း ပြောပြလိုက်ရာ ဦးခင်မောင်လတ်လည်း–

'အင်း အင်္ဂလိပ်လို ရေးသားထားပုံက အံ့ဩစရာကောင်းလောက်အောင် အလွန်ကောင်းနေလို့ ကိုနေဝင်းကို လှမ်းမေးမိတာပါ။ ဗိုလ်ချုပ်အောင်ဆန်း ဟာ ခင်ဗျားတို့လို အင်္ဂလိပ်စာ ဦးစားပေးသင်တဲ့ ခရစ်ယာန်သာသနာပြုကျောင်း မနေခဲ့ရဘဲ ရေနံချောင်း နေရှင်နယ်ကျောင်းထွက်လို့ သိရတယ်။ ဒါကြောင့် သူ့ရဲ့ အင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်ပုံ၊ အဆင့်အတန်းမြင့်ပုံတို့ဟာ အလွန်အံ့ဩစရာ ကောင်းတယ်'

ဟု ပြန်ပြောခဲ့ပါသည်။

*



ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ စာရေးဆရာဖြစ်ချင်ကြောင်း ၁၉၄၅ ခုနှစ် ဇွန်ဘာလက တစ်ကြိမ် ပြောခဲ့ကြောင်း ဆောင်းပါးအစတွင် ဖော်ပြခဲ့ပြီးပါ ပြီ။ တစ်ဖန် ဒုတိယအကြိမ်မြောက် သူစာရေးဆရာဖြစ်လိုကြောင်း ပြောခဲ့ပုံကိုပါ ဆက်လက် တင်ပြလိုပါသည်။

အချိန်ကာလကား ၁၉၄၇ ခုနှစ်၊ ဧပြီလ။

နေရာကတော့ မေမြို့ (ပြင်ဦးလွင်)။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ လွတ်လပ်ရေးရရှိရန် အာမခံချက်ဖြစ်သော 'အောင်ဆန်း–အက်တလီ' စာချုပ် ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က လန်ဒန်မြို့တွင် အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့သည့်အပြင် လွတ်လပ်သော အချုပ်အခြာအာဏာ ပိုင် ပြည်ထောင်စုမြန်မာနိုင်ငံဟူသော အမည်ကို ကမ္ဘာ့ကုလသမဂ္ဂရှိ မြေပုံတွင် ဖြစ်ပေါ်စေမည့် 'ပင်လုံညီညွတ်ရေးစာချုပ်' ကိုလည်း '၁၂–၂–၄၇' နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံကုန်းမြေမြင့်တွင် အောင်မြင်စွာ လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ရာ သူ၏စိတ်ထဲ၌ အနာဂတ်အရေးကို (အထူးသဖြင့် သူ၏ ကိုယ်ရေးကိုယ်တာဘဝအကြောင်း) စဉ်းစားမိဟန် တူပါသည်။

သူသည် ၁၉၄၇ ခုနှစ်၊ ပထမအကြိမ် ရွေးကောက်ပွဲဖြစ်သော တိုင်း ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးတွင် သူခေါင်းဆောင်သည့် ဖဆပလ အဖွဲ့ချုပ် ကိုယ်စားလှယ်များ အပြတ်အသတ် အနိုင်ရရှိရေးအတွက် နိုင်ငံအနှံ့ အပြားသို့ ခရီးလှည့်လည်ကာ စည်းရုံးဟောပြောရင်း ဧပြီလဆန်းသော် မန္တလေး မြို့သို့ ရောက်ရှိနေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် အစိုးရအဖွဲ့အာဏာကို ၂၆–၉–၄၆ နေ့က လက်ခံရယူခဲ့ပြီးနောက် နိုင်ငံအနှံ့အပြားသို့ စည်းရုံးရေးထွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုသာ ကြိုးစားတည်ဆောက်ခဲ့သည်ဖြစ် ရာ ခရီးထွက်လျှင် သူတစ်ယောက်တည်းသာ ထွက်လေ့ရှိပြီး ဇနီး ဒေါ်ခင်ကြည် နှင့် သားသမီးများကို ခေါ်လေ့မရှိပါ။ သို့သော် ၁၉၄၇ ခုနှစ်၊ နွေဦးရာသီတွင် ရွေးကောက်ပွဲအတွက် စည်းရုံးရေးထွက်ရာတွင် ဒေါ်ခင်ကြည်နှင့် ကလေးများ ကိုပါ သူနှင့်အတူ ခေါ်ခဲ့ပါသည်။ အကြောင်းကား အထက်မြန်မာပြည်မှ အပြန် တွင် မကွေးမြို့ဘက်မှ မော်တော်ကားဖြင့် လှည့်ပြန်ရင်း သူ၏ဇာတိရပ်မြေ နတ်မောက်မြို့သို့ ခေတ္တဝင်ရန် အစီအစဉ်ရှိသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း အကြောင်းရှိပေသည်။

နတ်မောက်မြို့သို့ မရောက်သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီတစ်ကြောင်း၊ သူ၏ချစ်ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီးများအား မိခင်ကြီး ဒေါ်စုအား ပြသရင်း ကန်တော့လို၍တစ်ကြောင်း ရန်ကုန်မှ အထက်မြန်မာနိုင်ငံသို့ ထွက်စဉ်ကပင် တစ်ပါတည်းခေါ်ခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်သည် မိခင်ကြီးအား ချွေးမနှင့် မြေးများကို ဂုဏ်ယူဝင့်ကြွားစွာ ပြလိုဟန်တူပါသည်။

သူ၏ အစီအစဉ်အတိုင်း ရန်ကုန်သို့အပြန်တွင် မကွေးတိုင်း၊ နတ်မောက်မြို့ (ဗိုလ်ချုပ်၏ ဇာတိရပ်မြေ)သို့ ရောက်ခဲ့ပါ၏။ မိခင်ကြီး ဒေါ်စုအား ရိုသေစွာ လက်စုံမိုး၍ ရှိခိုးကန်တော့ပြီး ချွေးမနှင့် မြေးများကိုလည်း ပြနိုင်ခဲ့ပါ၏။ သို့ရာတွင် နောက်သုံးလခန့်အကြာ သူသည် လူမသမာတို့၏ လုပ်ကြံမှုကြောင့် ရေတိမ်နစ် ကျဆုံးရတော့မည်ဟု လုံးဝမသိရှာဘဲ ဇာတိချက်ကြွေ နတ်မောက်နယ်မြေသို့ ရောက်စဉ် ရွှင်လန်းတက်ကြွနေခဲ့ပုံမှာ ကျွန်တော်တို့အဖို့ တွေးလိုက်တိုင်း ကြေကွဲရင်နာဖွယ် ကောင်းလှပါသည်။

*

မန္တလေးမြို့သို့ ရောက်ပြီးနောက် ရွေးကောက်ပွဲစည်းရုံးရေး ဟောပြောပွဲများ အစီအစဉ်ရေးဆွဲထားသည်မှာ ရက်အတော်ခြားနေသဖြင့် ဗိုလ်ချုပ်သည် သူ၏မိသားစုနှင့်အတူ မေမြို့ (ပြင်ဦးလွင်)သို့ ခေတ္တသွားရောက် အပန်းဖြေ အနားယူခဲ့ပါသည်။

နွေရာသီ ဧပြီလ၏ ပူပြင်းသောအချိန်ကာလတွင် ပြင်ဦးလွင် ခေါ် မေမြို့၏ ရာသီဥတုအခြေအနေမှာ အေးမြသာယာပြီး အလွန်နေ၍ ကောင်း နေပါတော့သည်။

ဒေါ်ခင်ကြည်နှင့် ကလေးများက ဗိုလ်ချုပ်အတွက် သီးသန့်စီစဉ်ပေး ထားသော ကိုလိုနီခေတ်က မျက်နှာဖြူအရာရှိကြီးများသာ နေခဲ့သော အင်္ဂလန် ပြည်မှ ဗိသုကာလက်ရာဆန်ဆန် ဝင်းခြံကျယ်နှင့် အိမ်တွင် စိတ်ကြည်နူးပျော်ရွှင် နေကြသလို ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း ရက်အနည်းငယ်မျှ နိုင်ငံရေးတာဝန် တွေမှ အနားယူ အပန်းဖြေခွင့်ရသည်ကို ကျေနပ်ပီတိဖြစ်နေရှာပါသည်။

တစ်ညနေတွင် အိမ်ရှေ့မြက်ခင်းပြင်၌ ဒေါ်ခင်ကြည်နှင့် ကလေးများ ရှိနေရာ ကလေးများကတော့ ထုံးစံအတိုင်း ဆော့ကစားနေကြပါသည်။



ဗိုလ်ချုပ်ကတော့ အိမ်ရှေ့ဝရန်တာတစ်နေရာတွင် ထိုင်အနားယူရင်း စကားပြောဖော်အဖြစ် ကျွန်တော့်ကိုပါ သူနှင့်အတူ ခေါ်ထားပါသည်။

လာလတ္တံ့သော တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအကြောင်း အတန်ကြာကြာ နွေးနွေးပြောဆိုပြီးနောက် ဗိုလ်ချုပ်သည် အိမ်ရှေ့မြက်ခင်းပြင်၌ ဆော့ကစားနေသော သူ၏ ရင်သွေးငယ်များကိုကြည့်ရင်း ပီတိဖြစ်ကာ ကျွန်တော့်အား စကားဆက်မပြောဘဲ ကလေးငယ်များကိုသာ ငေးကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေဟန် တူပါသည်။

ခဏကြာမှ ဗိုလ်ချုပ်သည် ကျွန်တော့်ဘက်လှည့်၍ မျက်နှာထား ခပ်တည်တည်နှင့် စကားပြောပါသည်။

'လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးက အနားယူမယ် စိတ်ကူးတယ်။ တိုင်းပြည်ကိုအုပ်ချုပ်ဖို့ အရည်အချင်းနဲ့ပြည့်စုံတဲ့ ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိတာ မင်းလည်းသိသားပဲ မဟုတ်လား။ ဒါကြောင့် ငါက နိုင်ငံရေးက အနားယူပြီး စာရေးဆရာလုပ်ချင်တယ်။ ဒါမှလည်း ငါ့အနေနဲ့ ငါ့အိမ်ထောင်မိသားစု Family အတွက် အချိန်ပေးနိုင်မယ်၊ ကလေးတွေကိုလည်း ကောင်းကောင်း ကြည့်ရှုနိုင်မယ်၊ မင်းကလည်း စာရေးဝါသနာပါလို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက စာရေးခဲ့တယ် မဟုတ်လား၊ ဒီတော့ ငါတို့ ဆရာတပည့်နှစ်ယောက် စာရေးစားကြမယ်ကွာ။ မြန်မာလိုရော၊ အင်္ဂလိပ်လိုရော ရေးကြမယ်၊ ဒါမှ ငါတို့မိသားစုအတွက် ဝင်ငွေ လုံလောက်မှာကွ။ တကယ်ပါကွာ၊ ငါ့စိတ်ထဲ စာရေးဆရာလုပ်စားချင်တဲ့ ဆန္ဒဟာ စစ်မဖြစ်ခင်ကတည်းက ရှိခဲ့တယ်။ ဒါပေမယ့် တိုင်းပြည်လွတ်လပ်ရေး ရရေးအတွက် ဦးစားပေးခဲ့ရတာမို့ စာရေးဖို့ အချိန်မရခဲ့ဘူး။ အခု လွတ်လပ်ရေးရတော့မှာ သေချာနေပြီမို့ ဒီစကားကို ငါ ပြောတာပါ'

ဗိုလ်ချုပ်သည် ဤသို့လျှင် သူ၏နှလုံးသားအတွင်း၌ ဖြစ်ပေါ် ခံစားချက်ကို အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ် အရေးတော်ပုံမှစ၍ သိကျွမ်းခင်မင်ခဲ့သော သူ၏ တပည့်လည်းဟုတ်၊ မိတ်ဆွေလည်းဟုတ်သော ကျွန်တော့်အား ရင်ဖွင့်လိုက်ခြင်းပင် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူပြောသလို စာရေးဆရာလုပ်ချင်စိတ် ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ စာရေးခြင်းသက်သက်ဖြင့် အသက်မွေးဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြုကာ သူ၏မိသားစု စားဝတ်နေရေးအတွက် တာဝန်ယူနိုင်သည့် အရည်အချင်းကလည်း ဧကန်အမှန်ရှိကြောင်း ကျွန်တော် ကောင်းစွာသိပါသည်။

အောက်ပါ အချက်အလက်များကို လေ့လာကြည့်ပါ။

ဒုတိယ ကမ္ဘာစစ်မဖြစ်မီ သခင်အောင်ဆန်းအဖြစ် တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်နေစဉ် သူသည် ရေကျော်လမ်းရှိ တို့ဗမာအစည်းအရုံးဌာနချုပ်တွင် အလွန် ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ပါသည်။ ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားလျက် အဝတ်အစားအနေဖြင့်လည်း ပင်နီအကျီနှင့် ချည်ကြမ်းလုံချည် သုံးစုံခန့်သာ ရှိခဲ့သည်။ ရေကျော်ရပ်ကွက်နှင့် ပုဇွန်တောင်ဈေး ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ထမင်းဆိုင်များ၌ သူ ထမင်းအကြွေး မစားဖူးသောဆိုင် မရှိသလောက်ဖြစ်နေရာ ရံဖန်ရံခါ နယ်မှသခင်ကိုယ်စားလှယ်များ ရောက်လာသည့်အခါ 'သခင်အောင်ဆန်းလည်း ကျွန်တော်တို့နှင့်အတူ လိုက်ထမင်းစားပါ' ဟု ခေါ်သည့်အခါများတွင်သာ သူသည် ထမင်းကောင်း ဟင်းကောင်း စားနိုင်ခဲ့သည်။

ထိုအချိန်၌ နတ်မောက်မြို့တွင် သူ၏မိခင်ကြီး ဒေါ်စုမှာ စပါးပေးပေး၍ ငွေတိုးချေးစားနိုင်အောင် ပြည့်စုံ ကုံလုံနေသည်။ သို့သော် သခင်အောင်ဆန်းသည် သူ နိုင်ငံရေးလုပ်နေစဉ် မိမိခြေထောက်ပေါ် ရပ်တည်နိုင်အောင် ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လျက် မိခင်ကြီးထံမှ ငွေကြေးအကူအညီ လုံးဝ မတောင်းခဲ့ပါ။

ထို့ကြောင့် သူ၏ ဝါသနာအတိုင်း နိုင်ငံရေးလုပ်ရင်း အချိန်ရတိုင်း စာရေးခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ်က ဒဂုန်မဂ္ဂဇင်းအဟောင်းများကို ပြန်ကြည့်ပါက သခင်အောင်ဆန်းရေးသော 'နိုင်ငံရေးအမျိုးမျိုး' ခေါင်းစဉ်ဖြင့် အခန်းဆက်ဆောင်းပါးများ တွေ့ရပေလိမ့်မည်။ ယင်းဆောင်းပါးများမှာ Political Science ခေါ် နိုင်ငံရေးသိပ္ပံဆိုင်ရာ ဆောင်းပါးများ ဖြစ်ပါသည်။

ထိုအချိန်က လူငယ် နိုင်ငံရေးသမားလောကတွင် အထူးခေတ်စားခဲ့သော မက်စ်ဝါဒမှ Dialectical Materialism ဟူသော ဝေါဟာရကို မြန်မာလို 'အနုပဋိလောမရုပ်ဝါဒ' ဟု ပြန်ဆိုသူမှာ သခင်စိုးဟု ကျွန်တော်တို့ ထင်မိခဲ့သော်လည်း ဒဂုန်မဂ္ဂဇင်းမှ သခင်အောင်ဆန်း၏ 'နိုင်ငံရေးအမျိုးမျိုး' ဆောင်းပါးများ ဖတ်ရတော့မှ သူကိုယ်တိုင် စတင် ဘာသာပြန်ခဲ့ကြောင်း သိရပါတော့သည်။



ဒဂုန်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာမှာ ရွှေညာမောင်ခေါ် ဦးချင်းစိန်ဖြစ်ပါသည်။ စစ်အတွင်းက တစ်နေ့သ၌ ကျွန်တော်နှင့် စကားစပ်မိ၍ ဦးချင်းစိန်က သူသည် တာဝန်ခံအယ်ဒီတာအဖြစ် အခြား စာရေးဆရာများဆိုလျှင် ဆောင်းပါးတစ်ပုဒ်အတွက် စာမူခအများဆုံး ဆယ့်ငါးကျပ်၊ နှစ်ဆယ်သာပေးခဲ့ကြောင်း၊ သို့သော် သခင်အောင်ဆန်းအား ပုဂ္ဂိုလ်ရေးအရ လေးစားကြည်ညို၍ တစ်ကြောင်း၊ သူ၏ဆောင်းပါးများ အလွန် အဆင့်အတန်းမြင့်၍တစ်ကြောင်း ဆောင်းပါးတစ်ပုဒ်လျှင် စာမူခ ငွေသုံးဆယ်ကျပ်ပေးခဲ့ကြောင်း ပြောပြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဦးချင်းစိန်၏ ကျေးဇူးကို မမေ့ပါ။ ၁၉၄၅ ခု၊ မတ်လက ဖက်ဆစ်တော်လှန်ရေးအတွက် ရှေ့တန်းစစ်မျက်နှာသို့ မထွက်မီ သူနှင့်အတူ ဦးချင်းစိန်ကို ခေါ်သွားလိုသဖြင့် ကျွန်တော့်အား (ထိုအချိန်က တိုးကြောင်ကြီးရွာတွင် ရောက်နေသူ) ဦးချင်းစိန်ကို ခေါ်ခိုင်းခဲ့ပါသေးသည်။ သို့ရာတွင် ဆရာဦးချင်းစိန်မှာ အကြောင်းကြောင်းကြောင့် မလိုက်နိုင်ခဲ့ပါ။ ထို့ကြောင့် ၁၉၃၆ ခုနှစ်က အမာခံ သပိတ်မှောက်ကျောင်းသားများဖြစ်သူ ဦးထွန်းအုန်း (နောက်ပိုင်း မြူနီစပါယ်မင်းကြီး)၊ ဦးလှအောင် (နောက်ပိုင်း ဗိုလ်မှူးကြီး အငြိမ်းစားနှင့် စာရေးဆရာ) တို့သာလျှင် ဗိုလ်ချုပ်နှင့်အတူ သရက်ခရိုင်အနောက်ခြမ်း ကျေးလက်ဒေသသို့ ပါသွားကြပါသည်။

သခင်အောင်ဆန်းသည် ဒဂုန်မဂ္ဂဇင်းအပြင် စစ်ကြိုခေတ်က မြန်မာ့အလင်းသတင်းစာတွင်လည်း ခေါင်းကြီးပိုင်းများ ရေးပေးလေ့ရှိပါသည်။ မြန်မာ့အလင်း ဦးတင်က သခင်အောင်ဆန်းအား သတင်းစာခေါင်းကြီးပိုင်း တစ်ပုဒ်လျှင် စာမူခ ငွေ တစ်ဆယ်ကျပ် ပေးပါသည်။ လက်ဖက်ရည်တစ်ခွက် သုံးပြားခေတ်က ငွေတစ်ဆယ်ကလည်း တန်ဖိုးရှိပါသည်။

ထို့ပြင် သခင်အောင်ဆန်းသည် စစ်ကြိုခေတ်က တစ်ခုတည်းသော မြန်မာပိုင် အင်္ဂလိပ်ဘာသာသတင်းစာ 'နယူးဘားမား' တွင်လည်း ရံဖန်ရံခါ နိုင်ငံရေးဆောင်းပါးများ အင်္ဂလိပ်လို ရေးခဲ့ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏စိတ်ထဲ ဆန္ဒရှိသလို စာရေးဆရာအဖြစ် ရပ်တည်နိုင်ရန် အမှန်တကယ် အရည်အချင်းရှိကြောင်း ကျွန်တော်ယုံကြည်ခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း မိမိ၏ အရည်အချင်း (စာရေးသားခြင်းစွမ်းရည်) ကို ယုံကြည်၍သာ ၁၉၄၇ ခုနှစ်၊ ဧပြီလ မေမြို့တွင် ကျွန်တော့်အား စာရေးဆရာလုပ်မည်ဟု ပြောခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အင်္ဂလိပ်စာ အရေးအသား ကျွမ်းကျင်နိုင်နင်းသူတစ်ဦး အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း သည် အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံရေးသိပ္ပံပညာ စာအုပ်များ၊ ဒဿနိကဗေဒဆန်ဆန် တွေးခေါ်မြော်မြင်ရေးဆိုင်ရာ စာအုပ်များ၊ နယ်ချဲ့လက်အောက်ခံ ကိုလိုနီ (ကျွန်နိုင်ငံ) ဖြစ်ခဲ့ဖူးသည့်နိုင်ငံများ တိုးတက် ဖွံ့ဖြိုးရေးအတွက် အကြံပေးလမ်းညွှန်စာအုပ်များ၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတစ်လျှောက် သူကိုယ်တိုင် ဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံ များအကြောင်း စာအုပ်များရေးမည်ဆိုလျှင် စာမူခအဖြစ် ဒေါ်လာငွေ သန်းချီ၍ ရနိုင်မည်မှာ သေချာလှပါသည်။

ဤသို့လျှင် အရည်အချင်းနှင့်လည်း ပြည့်စုံ၊ အောင်မြင်ရန် အလား အလာကလည်းကောင်း၊ လူကိုယ်တိုင်ကလည်း ဆန္ဒပြင်းပြပါလျက် ကံကြမ္မာ က ဗိုလ်ချုပ်အောင်ဆန်းအား စာရေးဆရာတစ်ဦးဖြစ်ခွင့် မပေးခဲ့ပါချေ။

၁၉၄၇ ခုနှစ်၊ ဧပြီလဆန်း ပြင်ဦးလွင်မြို့ (မေမြို့)တွင် လွတ်လပ်ရေး ရပြီးရင် နိုင်ငံရေးမှ အနားယူပြီး စာရေးဆရာလုပ်မည်ဟု ပြောခဲ့သူ စနေသား ဗိုလ်ချုပ်အောင်ဆန်း (ငယ်နာမည် မောင်ထိန်လင်း)သည် နောက် သုံးလမျှ အကြာ ဇူလိုင်လ ၁၉ ရက် (စနေနေ့)တွင်ပင် အသက် (၃၃) နှစ် မပြည့် သေးမီ မရှုမလှ ကွယ်လွန်ခဲ့ရရှာလေသည်။

မရဏ သေခြင်းတရားကို မည်သူမျှ မလွန်ဆန်နိုင်။ သတ္တဝါမှန်သမျှ ကံစီမံရာသာ လိုက်နာ နာခံကြရသည်ချည်းပါတကားဟူသော အင်္ဂုတ္တရနိကာယ် အဘိဏှသုတ်တော်လာ တရားသဘောအတိုင်း သံဝေဂဉာဏ် ပွားကြရန်သာ ရှိပါတော့သတည်း။

❐



## နှလုံးသားရှိသော ဗိုလ်ချုပ်အောင်ဆန်း

'ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန် စိတ်တိုတတ်တယ်။ ဒေါသကြီးလွယ်တယ်၊ စကားပြောရင် ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ဘယ်တော့မှ မပြောဘူး။ အမြဲပဲ ခပ်ကြမ်းကြမ်း ပြောတတ်တယ်၊ ဒါကြောင့် တပ်မတော်သား ရဲဘော် တွေဟာ ဗိုလ်ချုပ်ကို အလွန်ကြောက်ကြတယ်။ အဲဒီလိုပဲ ဗိုလ်ချုပ်နဲ့ပတ်သက် လို့ ကျွန်တော်တို့ ကြားဖူးပါတယ်။ ဒါဟာ အမှန်ပဲလား ဆရာ'

ဤသို့လျှင် အထက်အညာဒေသ မြို့တစ်မြို့သို့ စာဆိုတော်နေ့ အထိမ်း အမှတ် စာပေဟောပြောပွဲသို့ သွားရောက်ဟောပြောစဉ် လွတ်လပ်ရေးသမိုင်း အကြောင်း စိတ်ဝင်စားသူ စာပေဝါသနာရှင် လူငယ်တစ်ဦးက ကျွန်တော့်အား မေးဖူးပါသည်။

အလားတူပင် စာဆိုတော်နေ့ စာပေဟောပြောပွဲများ ကျင်းပသည့် နယ်မြို့များသို့ သွားရောက်ဟောပြောတိုင်း –

'ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုအကြောင်းကိုတော့ ကျွန်တော်တို့ အတော်များများ လေ့လာဖတ်ရှုရလို့ သိတန်သလောက် သိပါ တယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ဗိုလ်ချုပ်ကို လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ကောင်းကောင်း မသိကြရဘူး။ တပ်မတော်ရဲ့ဖခင် စစ်သေနာပတိ၊ စစ်သူကြီး မို့ စိတ်ကြမ်းလူကြမ်းကြီးတစ်ယောက်ပဲလား၊ နှလုံးသားခံစားချက် ဖြစ်တဲ့ ချစ်ခင်မြတ်နိုးစိတ်၊ ကြင်နာယုယစိတ် လုံးဝမရှိတဲ့ လူတစ်ယောက်များလား၊ တစ်နည်းအားဖြင့် သာမန်လူတွေလို နှလုံးသားရှိတဲ့ လူတစ်ယောက်မှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား၊ အဲဒါတွေကို ကျွန်တော်တို့ သိချင်ပါတယ်။ ဗိုလ်ချုပ်ကို အနီးကပ် လေ့လာခွင့်ရခဲ့တဲ့ ဆရာအနေနဲ့ ပြောပြစမ်းပါ ဆရာရယ်၊ ကျွန်တော်တို့ မှတ်သားချင်လို့ပါ'

ဟု စာပေဟောပြောပွဲ ကျင်းပအပြီး နောက်တစ်နေ့တွင် 'ရေးသူဖတ်သူ ဆွေးနွေးပွဲ' ပြုလုပ်တတ်သောမြို့များတွင်လည်း ကျွန်တော် မကြာခဏ အမေး ခံခဲ့ရတတ်ပါသည်။ သို့သော် ယင်းဆွေးနွေးပွဲများ၌ စာရေးဆရာသုံးလေးဦး နှင့် မြို့ခံ စာပေဝါသနာရှင်များ ဆွေးနွေးကြသဖြင့် အချိန်များများ မရသော ကြောင့် ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အကျယ်တဝင့် ရှင်း လင်း ပြောပြခွင့်မရခဲ့ပါ။

ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်း အား လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လေ့လာ သိရှိလိုသူ လူငယ်များအတွက် အထူးရည်ရွယ်လျက် ဤဆောင်းပါးကို ရေး သားလိုက်ရခြင်း ဖြစ်ပါသည်။

*

ယနေ့ ပြည်သူ့တပ်မတော်ဖြစ်လာသော ဗမာ့တပ်မတော်၏ မူလအစ အမြုတေဟုခေါ်ရမည့် ရဲဘော်သုံးကျိပ်အား ဟိုင်နန်ကျွန်းတွင် ၁၉၄၁ ခုနှစ်က ခေတ်မီစစ်ပညာများ သင်ကြားပေးခဲ့သူ ဗိုလ်မှူးကြီး ဆူဇူကီး (ဗိုလ်မိုးကြိုး) ဦးစီးသည့် 'မိနာမိကီကန်' အဖွဲ့ဝင် နည်းပြဆရာများအား အတိုင်းထက်အလွန် ကျေးဇူးတင်ရသော်လည်း ဂျပန်ပြည်၌ အာဏာရ ဂျင်နရယ်တိုဂျို၏ စစ်ဝါဒီ အစိုးရက မြန်မာနိုင်ငံအား ရဲဘော်သုံးကျိပ်တို့ မျှော်မှန်းသလိုမဟုတ်။ လွတ် လပ်ရေး အတုသာပေးရန် အစီအစဉ်ရှိကြောင်းကို ၁၉၄၂ ခုနှစ် ဘီအိုင်အေ ခေတ်ကပင် သိသာ ထင်ရှားခဲ့သည့်ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာ လူငယ်များအပေါ် သံယောဇဉ်ဖြစ်နေသူ ဗိုလ်မိုးကြိုးကိုလည်း မြန်မာနိုင်ငံတွင် မထားတော့ဘဲ ဂျပန်ပြည်သို့ ပြန်ခေါ်ယူလိုက်လေသည်။ ထို့ကြောင့် ဖက်ဆစ် ဝါဒီ ဂျပန်တို့အား ပြန်၍ တော်လှန်တိုက်ခိုက်ရန် တပ်မတော်ခေါင်းဆောင် များက ၁၉၄၂ ခုနှစ်ကပင် စတင် စိတ်ကူးမိခဲ့ကြသည်။ သို့သော် အခြေအနေ မပေးသဖြင့် အကောင်အထည် မဖော်နိုင်ခဲ့ချေ။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လဆန်းတွင် အဓိပတိ ဒေါက်တာဘမော်၏ ရုပ်သေးအစိုးရအဖွဲ့တွင် စစ်ဝန်ကြီးနှင့် တပ်မတော်သေနာပတိချုပ် ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်လျက် ပဲခူးမြို့ရှိ ဗမာ့တပ်မတော် 'စံပြတပ်ရင်း' အတွင်း



၌ 'ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့' ကို ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံ ပါတီ (နောင်တွင် ဆိုရှယ်လစ်ပါတီ)၊ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပူးပေါင်း ကာ လျှို့ဝှက်ဖွဲ့စည်းခဲ့ကြသည်။

[မှတ်ချက်။ ဖက်ဆစ်တော်လှန်ရေးပြီးသောမှသာ မူလခေါ်သော 'ဖက်ဆစ်တိုက်ဖျက် ရေး' အစား 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' (ဖ-ဆ-ပ-လ) [illegible] အမည်ပြောင်းခဲ့ခြင်း ဖြစ်သည်။]

ဗမာ့တပ်မတော်နှင့် ဂျပန်ဘုရင့်တပ်မတော်တို့၏ အင်အားကို နှိုင်းယှဉ် ကြည့်ပါက လူအင်အား (စစ်သည်အင်အား)၊ လက်နက်အင်အားတွင် ဂျပန် တို့က များစွာသာနေသဖြင့် တော်လှန်ရေးအောင်မြင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပါဝင်ပူးပေါင်းကူညီမှု ရရှိရေးပင်ဖြစ်ကြောင်း တော်လှန်ရေးစစ်ခေါင်း ဆောင် ဗိုလ်ချုပ်အောင်ဆန်း က အကြွင်းမဲ့ ယုံကြည်ခဲ့သည်။ ထို့ပြင် ဖက်ဆစ် တို့အား တော်လှန်တိုက်ထုတ်ရုံမျှနှင့် မပြီးသေး။ ဗြိတိသျှနယ်ချဲ့တို့ ပြန်ရောက် လာပြီး မြန်မာနိုင်ငံသည် မူလကအတိုင်း ကျွန်နိုင်ငံ ပြန်ဖြစ်လာရန် သေချာ နေသဖြင့် နယ်ချဲ့လက်အောက်မှ အပြီးပိုင် လွတ်မြောက်လျက် လုံးဝလွတ်လပ် သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ရန်ကိုလည်း တိုင်းရင်းသားပြည်သူ အားလုံး၏ စည်းလုံးညီညွတ်ရေး အင်အားဖြင့်သာ ရယူနိုင်မည်ဟု ဗိုလ်ချုပ် က ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက တဖွဖွ ပြောခဲ့ပါသည်။

လက်တွေ့အားဖြင့်လည်း အရှေ့တောင်အာရှဒေသ မဟာမိတ်တပ်ပေါင်း စု သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန် က 'ဘရိဂေး ဒီးယား ဂျင်နရယ်' ခေါ် ဗိုလ်မှူးချုပ်ရာထူးဖြင့် စစ်ပြီးခေတ် ဗမာ့တပ်မတော်ကို ဦးစီးကွပ်ကဲပါဟု ကမ်းလှမ်းချက်ကို ငြင်းပယ်ကာ ဖဆပလ အမျိုးသားတပ် ဦးကြီး၏ ဥက္ကဋ္ဌအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မနားမနေ ကြိုးစားတည်ဆောက်ခဲ့သဖြင့် နောက်ဆုံးတွင် လန်ဒန်မြို့ရှိ ဗြိတိသျှဗဟိုအစိုးရ ၏ ညွှန်ကြားချက်အရ မြန်မာပြည် ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်း အား ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အစိုးရအဖွဲ့အာဏာကို လွှဲ ပြောင်း ပေးအပ်ခဲ့ရတော့သည်။

ထိုအချိန်က လွတ်လပ်ရေးမရသေး၍ ဝန်ကြီးအဖွဲ့ကို 'ဘုရင်ခံ၏ အမှုဆောင်ကောင်စီ' ဟုခေါ်ပြီး ဘုရင်ခံက ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်အောင်ဆန်း က

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ သို့သော် အုပ်ချုပ်ရေးတွင် ဘုရင်ခံက လုံးဝ ဝင်ရောက်စွက်ဖက်ခြင်းမပြု။ ဗိုလ်ချုပ်ကိုသာ လုံးဝ အာဏာလွှဲထားသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသာလျှင် အစိုးရအဖွဲ့ခေါင်းဆောင် (ဝန်ကြီးချုပ်) အာဏာ ရရှိနေတော့သည်။

ထို့ကြောင့် ၂၆ – ၉ – ၄၆ နေ့သည် ဗိုလ်ချုပ်အောင်ဆန်း မိသားစုအဖို့ မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ခဲ့သည်။

သို့သော် ... သို့သော် ...

ရန်ကုန်မြို့ အလုံလမ်းရှိ ဘုရင်ခံအိမ်တော်သို့ နံနက်ပိုင်း သွားရောက်ရာထူးလက်ခံ၍ ဗဟန်းတာဝါလိန်းလမ်း (နတ်မောက်လမ်း) ရှိ နေအိမ်သို့ ပြန်လာပြီး နာရီပိုင်းအတွင်းမှာပင် မင်္ဂလာရှိနေသော မိသားစုမှာ ကြေကွဲဝမ်းနည်းဖွယ်ရာ အမင်္ဂလာဖြစ်ရပ်နှင့် ကြုံကြရရှာတော့သည်။

အကြောင်းမှုကား ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ စတုတ္ထမြောက် ရင်သွေးရတနာ မွေးဖွားပြီး ရက်ပိုင်းမျှသာ ရှိသေးသူ သမီးကလေး ကွယ်လွန်သွားရှာသောကြောင့်ပင်တည်း။

*

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့တွင် ရင်သွေးရတနာ သားနှစ်ယောက်၊ သမီးတစ်ယောက်သာ ရှိသည်ဟု အများကသိခဲ့ကြသည်။ ၁၉၄၆ ခု၊ စက်တင်ဘာလ ပထမရက်သတ္တပတ်က ဖွားမြင်ခဲ့သော စတုတ္ထမြောက် ရင်သွေးသမီးကလေးအကြောင်းကိုမူ သိသူ နည်းပါးသည်။ ကလေးငယ်မျှ လူ့လောကအလယ်သို့ ရောက်လာပြီး ရက်ပိုင်းအတွင်းမှာပင် ကွယ်လွန်အနိစ္စ ရောက်သွားရှာသောကြောင့် လူသိနည်းခြင်း ဖြစ်ဟန်တူပါသည်။ ကလေးငယ်၏ ကံတရားပဲဟုသာ ဂ႑ ကံ၏အကျိုးကို ယုံကြည်သူများအနေဖြင့် မှတ်ယူရန်သာ ရှိပါတော့သည်။

ထိုနေ့ ၂၆ – ၉ – ၄၆ နေ့ ညနေစောင်းတွင် ဗိုလ်ချုပ်သည် မည်သူနှင့်မှ စကားမပြောဘဲ အိမ်ပေါ်ထပ် ပြတင်းပေါက်အနီးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်၍ အပြင်ဘက်သို့ ငေးကြည့်နေပါသည်။ သူ၏ မျက်နှာထားကလည်း ရွှင်ပျခြင်းမရှိ။ ကြေကွဲဝမ်းနည်းနေဟန် ဖြစ်နေသည်။

ကျွန်တော်သည် သူ စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား သူ၏အနီးသို့သွားပြီး ကုလားထိုင်တစ်လုံးဖြင့် ထိုင်ကာ စကားစပြောကြည့်မိသည်။



'ဗိုလ်ချုပ် နေလို့ကောင်းရဲ့လား'

'နေကောင်းပါတယ်ကွာ၊ ငါတို့မှာ ကလေးတစ်နှစ်တစ်ယောက်ရလို့ ဒီတိုင်းဆိုရင် ကလေးတွေများပြီး စိတ်ညစ်စရာကောင်းမှာပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် အခု သမီးကလေးမျှာ လူ့လောကရောက်လာပြီးကာမှ ရက်ပိုင်းအတွင်း ဆုံးသွားရှာတော့ ငါ စိတ်မကောင်းဘူးကွာ'

ဤသို့ပြောလိုက်သော ဗိုလ်ချုပ်၏အသံမှာ တကယ်ပင် လှိုက်လှဲဝမ်းနည်းကြေကွဲသည့်လေသံမျိုး ဖြစ်နေပါသည်။ စစ်မြေပြင်တွင် မိမိ၏ စစ်သည်ရဲမက်များအား ဟစ်အော် အမိန့်ပေးနေသည့် စစ်သူကြီးတစ်ဦး၏ အသံမျိုးမဟုတ်။ လူ့လောက လူဘဝအကြောင်း ဘာမျှမသိရသေးမီ ကွယ်လွန်သွားရှာသူ အထွေးဆုံး သမီးကလေးအတွက် အလွန် ယူကျုံးမရဖြစ်မိသည့် လေသံမျိုး ဖြစ်နေရာ ကျွန်တော်သည် စိတ်မကောင်းဖြစ်ကာ ဗိုလ်ချုပ်အား သနားမိပါသည်။ ဆက်စကားပြောနေလျှင် ပို၍ စိတ်မကောင်းဖြစ်ရချေတော့မည်ဟု ထင်မိသဖြင့် နောက်ထပ် ဘာမှမပြောဘဲ အသာ ရှောင်ထွက်ခဲ့ပါသည်။

သားသမီးများအပေါ် ထားရှိသည့် မိဘတို့မေတ္တာသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးသား၌ အပြည့်ရှိကြောင်း ကျွန်တော် ကောင်းစွာ သိပါသည်။

ဘယ်လိုလုပ်ပြီး သိတာလဲဟု မေးစရာတော့ ရှိပါသော်လည်း ကျွန်တော်က ဖြေရန် အသင့်ရှိပါသည်။

*

၁၉၄၇ ခုနှစ်၊ ဇူလိုင်လဆန်းတွင် 'ဘီအိုဒီ' ခေါ် ဗြိတိသျှစစ်ဘက် ပင်မလက်နက်ခဲယမ်း သိုလှောင်ရေးတပ်မှ ဘရင်းဂန်း၊ စတင်းဂန်း လက်နက်များနှင့် ကျည်ဆန်ခဲယမ်း အမြောက်အမြားကို ပစ္စည်းထုတ်ယူခွင့် အမိန့်လက်မှတ်တုများဖြင့် မသမာသူများက ထုတ်ယူသွားကြောင်း 'စီအိုင်ဒီ' မှုခင်းတပ်ဖွဲ့က သတင်းရသဖြင့် ပြည်ထဲရေးဝန်ကြီးမှတစ်ဆင့် ဝန်ကြီးအဖွဲ့သို့ ချက်ချင်း သတင်းအစီရင်ခံခဲ့ပါသည်။

ဝန်ကြီးအဖွဲ့ကလည်း အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပပြီးနောက် လုံခြုံရေးအတွက် အန္တရာယ်စိုးရိမ်ရသည်ဟု ဆုံးဖြတ်ကာ တပ်ဖွဲ့အသီးသီးအား အထူးသတိထားရန် တပ်လှန့်နှိုးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ပြည်ထဲရေးဝန်ကြီးမှာ ဦးကျော်ငြိမ်း ဖြစ်သော်လည်း လောလောဆယ် နိုင်ငံခြားခရီးထွက်နေသဖြင့် စိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ် ဦးမြက ခေတ္တပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူထားရချိန် ဖြစ်သည်။

ဝန်ကြီးဦးမြသည် အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း အတွက် အထူးစိုးရိမ်သဖြင့် (ဗိုလ်ချုပ်အား အသိမပေးဘဲ) ကျန်ဝန်ကြီးများ နှင့်သာ တိုင်ပင်ပြီးနောက် အတွင်းဝန်ရုံးအပေါ်ထပ် ဗိုလ်အောင်ကျော်လမ်း မျက်နှာပြုသော ဗိုလ်ချုပ်၏ရုံးခန်းအပြင်ဘက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ကွပ်ကဲသော ပြည်ထောင်စုစစ်ရဲတပ်ရင်းမှ တပ်စိတ်တစ်စိတ်ကို လက်နက်အပြည့်အစုံနှင့် လုံခြုံရေးအစောင့်ချထားလိုက်သည်။ တပ်စိတ်မှူး ကိုလည်း သူ၏တပ်သားများအား ဗိုလ်ချုပ် အဝင်အထွက်တွင် မမြင်အောင် ကင်းပုန်းဝပ်သည့် သဘောမျိုးဖြင့် သင့်တော်မည့် နေရာများတွင် စနစ်တကျ နေရာယူထားစေရန်လည်း ဝန်ကြီးဦးမြက အမိန့်ပေးထားလိုက်သည်။

ထို့ပြင် ဝန်ကြီး ပျော်ဘွယ်ဦးမြသည် ကျွန်တော့်အား သူ၏ရုံးခန်းသို့ ခေတ္တခေါ်၍ လက်နက်ကိုင် တပ်စိတ်တစ်စိတ် အစောင့်ချထားကြောင်း ဗိုလ်ချုပ် လုံးဝမသိပါစေနှင့် မေတ္တာရပ်ခံထားသဖြင့် ကျွန်တော်လည်း မပြောဘဲနေလိုက် ပါသည်။

သို့ရာတွင် ကံဆိုးချင်တော့ ဇူလိုင်လ ဒုတိယပတ် တစ်နေ့တွင် ဗိုလ်ချုပ် နှင့် ကျွန်တော်တို့ ရုံးသို့လာစဉ် ဘဏ္ဍာရေးဝန်ကြီး ဌာနဖက်သို့ ချိုးကွေ့သည့် ထောင့်တစ်နေရာတွင် မောင်းပြန်သေနတ်ကိုင် ရဲဘော်သုံးယောက်ခန့်ကို ဗိုလ်ချုပ် က မြင်သွားပါသည်။

ချက်ချင်း ဘာမျှမပြောသော်လည်း ဗိုလ်ချုပ်သည် သူ၏ရုံးခန်းတွင် သို့ရောက်ပြီး ဝင်ထိုင်မိသည်နှင့် ကျွန်တော့်အား လှမ်းခေါ် မေးပါတော့သည်။

'ဟေ့ကောင် ငါ့ရုံးခန်းပြင်ဘက်က လက်နက်ကိုင်ရဲဘော်တွေက ဘာ လုပ်တာလဲ'

'အခြေအနေအရ လုံခြုံရေးအတွက် လိုအပ်တယ်ထင်လို့ ပြည်ထဲရေး ဝန်ကြီး ဦးမြက တပ်စိတ်တစ်စိတ် အစောင့်ချထားတာပါ'

ကျွန်တော်သည် မည်သို့မျှ မတတ်သာတော့သဖြင့် ဗိုလ်ချုပ်က ဘာ ကိစ္စမဆို အမှန်အတိုင်းပြောမှ သဘောကျကြောင်း သိထားသည့်အတိုင်း မှန် ရာကိုသာ ပြောပြလိုက်ပါသည်။



'မလိုပါဘူးကွာ၊ ငါ့ကိုလည်း ဘယ်သူကမှ လုပ်ကြံမှာမဟုတ်ဘူး၊ မင်း ကိုယ်တိုင် အခုပဲ ဝန်ကြီးဦးမြဆီကို သွားပြောစမ်း၊ ငါက အမိန့်ပေးတယ်လို့ ပြော၊ ရုံးခန်းပြင်ဘက်က လက်နက်ကိုင်တပ်စိတ်ကို အခုချက်ချင်း ပြန်ရုပ် ခိုင်းလိုက်၊ ကဲ မင်း သွားတော့'

ကျွန်တော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ သိမ်ဖြူလမ်းရှိ ပြည်ထဲရေး ဝန်ကြီးဌာနသို့ အမြန်သွား၍ ဝန်ကြီး ပျော်ဘွယ်ဦးမြအား ဗိုလ်ချုပ် အမိန့် ပေးပုံကို ပြောပြလိုက်ရပါတော့သည်။

ဝန်ကြီးဦးမြသည် စိတ်မကောင်းဖြစ်ဟန်နှင့် မျက်စိမျက်နှာပျက်ကာ –

'ခက်တာပဲကွာ၊ တို့က လိုအပ်လို့လုပ်တာကို ဗိုလ်ချုပ်က လက်မခံ တော့ စိတ်မကောင်းစရာပဲ'

ဟုသာ ညည်းတွားပြီး ဗိုလ်ချုပ်၏ အမိန့်ကိုလည်း မလွန်ဆန်ဝံ့သဖြင့် ချက်ချင်းပင် သက်ဆိုင်ရာသို့ တယ်လီဖုန်းဆက်၍ လုံခြုံရေးတပ်စိတ်ကို ပြန် ရုပ်ခိုင်းလိုက်ရပါတော့သည်။

ယင်းဖြစ်ရပ်ကို ပြန်တွေးလိုက်တိုင်း ကျွန်တော်သည် ဖြေမဆည်နိုင် အောင် ကြေကွဲ ရင်နာလှပါသည်။ အကယ်၍သာ ဗိုလ်ချုပ်က လုံခြုံရေးတပ်စိတ် ကို ပြန်မရုပ်ခိုင်းခဲ့ပါက ဇူလိုင် ၁၉ ရက်၊ စနေနေ့နံနက်က လုပ်ကြံမည့် လူသတ်အဖွဲ့လာသောအခါ ရုံးခန်းပြင်ဘက်မှ လုံခြုံရေးရဲဘော်များနှင့် လူသတ် သမားတို့တိုက်ပွဲသာ ဖြစ်မည်။ လုပ်ကြံမှုကြီးတော့ ဖြစ်နိုင်မည် မဟုတ်ချေ။

ယခုတော့ ကံကြမ္မာက ကျွန်တော်တို့နိုင်ငံအား အကြီးအကျယ် နှိပ် စက်လိုက်တာများလားဟု ဆိုရပါမည်လော။

*

ဤသို့လျှင် သူ၏ရုံးခန်းပြင်ဘက်မှ လုံခြုံရေးတပ်စိတ်ကို ပြန်ရုပ်သိမ်း ခိုင်းသည့်နေ့က ညနေဘက် ရုံးမှအိမ်သို့အပြန်တွင် ဗိုလ်ချုပ်သည် ခါတိုင်းလို စကားမပြောဘဲ ဆိတ်ဆိတ်နေကာ တစ်စုံတစ်ခုကို တွေးနေပုံရပါသည်။

ကျွန်တော်လည်း အလိုက်သိစွာဖြင့် မည်သို့မျှ စကားမပြောဘဲ သူ့အား မသိမသာ အကဲခတ်ရင်း လိုက်ပါလာရာ တိရစ္ဆာန်ရုံဘေးလမ်းသို့အရောက် တွင် ဗိုလ်ချုပ်က ကောင်ကာင်ကာ ကျွန်တော့်အား လှမ်းမေးပါသည်။

'ဟေ့ ငါတို့အိမ်က ရဲဘော်တွေမှာ လက်နက်ရှိသလား'

'မရှိပါဘူး ဗိုလ်ချုပ်၊ သူတို့က ပြည်သူ့ရဲဘော်တွေဆိုတော့ လက်နက် မကိုင်ကြပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြန်ပြောလိုက်ရာ ဗိုလ်ချုပ်သည် ခေတ္တမျှ စဉ်းစားနေပြီးနောက် ကျွန်တော့်အား ညွှန်ကြားပါသည်။

'ငါ့အတွက်တော့ ဘာမှပူစရာ မရှိပါဘူး၊ ငါက သေရမှာလည်း မကြောက်ဘူး၊ ငါ့ကိုလည်း ဘယ်သူကမှ လုပ်ကြံမှာ မဟုတ်ဘူး။ တစ်ခုတော့ ရှိတယ်ကွာ၊ အိမ်က ငါ့ကလေးတွေကိုတော့ ငါ စိုးရိမ်မိတယ်၊ သူတို့လေးတွေ ဘာမှမဖြစ်စေချင်ဘူး၊ ဒီတော့ မင်းက သက်ဆိုင်ရာနဲ့ ဆက်သွယ်ညှိနှိုင်းပြီး အိမ်ကရဲဘော်တွေကို လက်နက် နည်းနည်းပါးပါး တောင်းပေးထားလိုက်၊ လိုလိုမည်မည်ပေါ့ကွာ၊ သက်ဆိုင်ရာကိုလည်း ငါက ညွှန်ကြားတယ်လို့ မင်းကရှင်းပြလိုက်'

ဗိုလ်ချုပ်က ဤသို့ ပြောလိုက်သောအခါ ကျွန်တော်သည် စိတ်ထဲမှ ထိနိုက်လှုပ်ရှားသွားမိပါသည်။ သူကိုယ်တိုင်က သေရမှာလည်း မကြောက်၊ မည်သူကမှလည်း လုပ်ကြံမည်မဟုတ်ဟု တစ်ထစ်ချယုံကြည်ကာ ရုံးခန်းပြင်ဘက်မှ လက်နက်ကိုင်တပ်ကိုပင် အတင်း ရုပ်သိမ်းခိုင်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် တာဝါလိန်း (နတ်မောက်လမ်း) အိမ်မှ လူမမည် ရင်သွေးငယ်များအတွက်တော့ စိုးရိမ်ပူပန်ကြောင်းကို နှလုံးသားအတွင်းမှ စေ့ဆော်ချက်အရ ပွင့်ထွက်လာချေသည်ပါတကားဟု စဉ်းစားမိ၍ စိတ်လှုပ်ရှားမိခြင်း ဖြစ်ပါသည်။ စိတ်ကြမ်း လူကြမ်း၊ ဒေါသကြီးသော စစ်သူကြီးတစ်ဦးဟု အများကသိထားသော ဗိုလ်ချုပ်အောင်ဆန်းသည် သားသမီးရင်သွေးများအပေါ် ထားရှိသည့် မိဘတို့၏ ကြီးမားစွာသော မေတ္တာတရား အပြည့်အဝရှိသည်ပါတကားဟု ကျွန်တော်၏ စိတ်ထဲမှ ကောက်ချက်ချလိုက်မိပါသည်။

ထို့ကြောင့် ထိုနေ့ညနေဘက်မှာပင် ကျွန်တော်သည် ဗိုလ်ချုပ်ညွှန်ကြားသည့်အတိုင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ သွားရောက်၍ အကျိုးအကြောင်းရှင်းပြပြီး လျှင်မြန်စွာ အစီအစဉ်များပြုလုပ်ကာ စတင်းဂန်းတစ်လက်၊ ကာဘိုင်သေနတ်တစ်လက်၊ ခြောက်လုံးပြူးသေနတ် သုံးလက်တို့ကို ကျည်ဆန်များနှင့်တကွ ထုတ်ယူ၍ ဗိုလ်ချုပ်အိမ်မှ ရဲဘော်များအား ပေးထားလိုက်ပါသည်။

*

၁၉၄၇ ခုနှစ်၊ ဧပြီလက မေမြို့ (ပြင်ဦးလွင်)တွင် ခေတ္တအနားယူရင်း ဗိုလ်ချုပ်က လွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးမှ အနားယူ၍ စာရေးဆရာလုပ်ချင်ကြောင်း ပြောပုံကို ကျွန်တော် ရေးသားခဲ့ပြီးပါပြီ။



ယင်းသို့ ပြောခြင်းမှာလည်း မေမြို့ (ပြင်ဦးလွင်)၌ တည်းခိုနေသော အိမ်ပြင်ဘက် မြက်ခင်းပြင်တွင် ကလေးတို့ဘာဝ ဆော့ကစားနေသော သူ၏ရင်သွေးငယ်များကို ပီတိဖြစ်စွာဖြင့်ကြည့်ရင်း ပြောခဲ့ခြင်းဖြစ်ရာ ကလေးများသူလိုချင်သည့် ပုံစံအတိုင်းဖြစ်လာအောင် သူကိုယ်တိုင် ပြုစုပျိုးထောင်လိုသော ဆန္ဒဖြင့် ပြောခြင်းဖြစ်ကြောင်း သိသာပါသည်။

ထို့ကြောင့် သားသမီးများအပေါ် ထားရှိသည့် မိဘတို့၏ ကြီးမားစွာသော မေတ္တာတရား ဗိုလ်ချုပ်တွင် အပြည့်အဝရှိကြောင်း ကျွန်တော် ကောင်းစွာ သိသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်းသည် စကားပြောလျှင် ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်းပြောတတ်သူဟု ထင်နေသူ အတော်များများရှိရာ ယင်းသို့မဟုတ်ကြောင်း သာဓကတစ်ခု တင်ပြလိုပါသေးသည်။

၁၉၄၆ ခုနှစ် ဗိုလ်ချုပ်တို့ အစိုးရအာဏာမရမီက ဖြစ်ပါသည်။

တစ်နေ့သ၌ ဗိုလ်ချုပ်သည် ကျွန်တော့်အားခေါ်၍ နောက်တစ်နေ့ညနေလေးနာရီအချိန်တွင် အရေးပေါ် 'အီးစီ' (အလုပ်အမှုဆောင်) အစည်းအဝေးသူ၏ တာဝါလိန်း (နတ်မောက်လမ်း) နေအိမ်မှာပင် ပြုလုပ်လိုသည်ဟုဆိုကာ အစီအစဉ်များ အမြန်ပြုလုပ်ရန် အမိန့်ပေးပါသည်။

ကျွန်တော်လည်း ချက်ချင်းပင် အမှုဆောင် လူကြီးများအား နောက်တစ်နေ့ညနေ အရေးပေါ်အစည်းအဝေး ဗိုလ်ချုပ်အိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားလိုက်ပါသည်။

ထိုနေ့ညနေက ဗိုလ်ချုပ်သည် စောစောမအိပ်ဘဲ ညသန်းခေါင်ကျော် နှစ်ချက်ထိုးခါနီးအထိ စာရေးစာဖတ်နေ၍ အိပ်ရေးမဝသောကြောင့် နောက်တစ်နေ့ မွန်းလွဲသုံးနာရီထိုးမှ အိပ်ရာထဲဝင် အနားယူလလျောင်းရာမှ အိပ်ပျော်သွားပါသည်။

ထို့ကြောင့် လေးနာရီထိုး၍ အမှုဆောင်လူကြီးများ ရောက်လာချိန်တွင် ဗိုလ်ချုပ်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေရှာပါသည်။

ကျွန်တော်လည်း မတတ်သာဘဲ ဒေါ်ခင်ကြည်အား –

'မမကြည် ဗိုလ်ချုပ်ကို နှိုးလိုက်ရင် ကောင်းမယ်၊ အောက်မှာ အစည်းအဝေးတက်ဖို့ လူကြီးတွေ စုံနေပြီ'

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဒေါ်ခင်ကြည်က ကျွန်တော့်အား အပေါ်ထပ် တစ်နေရာသို့ ခေါ်သွားပြီး ဗိုလ်ချုပ်အား သူ မနှိုးရဲကြောင်း၊ အိပ်ပျော်နေခိုက် သွားနှိုးလျှင် စိတ်ဆိုးပြီး ဆူပူကြိမ်းမောင်းမှာ ကြောက်ကြောင်း ပြောရှာပါသည်။

ထိုအခါ ကျွန်တော်လည်း ဒီပိုင်းနေ၍ မဖြစ်ချေတော့ ဆုံးဖြတ်ပြီး

'ဒေါ်ကြီး မကြောက်ကြည့် အသာနေပါ၊ ဗိုလ်ချုပ်ကို ကျွန်တော်နှိုးလိုက်မယ်၊ သူ စိတ်ဆိုးပြီး ကျွန်တော့်ကို ဆူပူအပြစ်ပေးရင်လည်း ခံလိုက်ရုံပဲ'

ဟု ပြောပြောဆိုဆို နှစ်ခြိုက်စွာ အိပ်ပျော်နေသူ ဗိုလ်ချုပ်၏ ခြေဖဝါးကို ခပ်ကြမ်းကြမ်း ဆွဲနှိုးရင်း

'ဗိုလ်ချုပ် ထပါ၊ ကော်ပြီ၊ အောက်မှာ အစည်းအဝေးတက်ဖို့ လူကြီးတွေ ရောက်နေပြီ'

ဟု ပြောလိုက်ပါသည်။

ဒေါ်ခင်ကြည် စိုးရိမ်သည့်အတိုင်းပင် ဗိုလ်ချုပ်သည် အိပ်ချင်မူးတူးဖြင့် ထထိုင်ပြီး

'ဟေ့ကောင် ငါ အိပ်နေတာ ဘာကြောင့် လာနှိုးရတာလဲ'

ဟု အစချီကာ ကျွန်တော့်အား ပြစ်တင်ကြိမ်းမောင်းပါတော့သည်။

သို့သော် သူ၏ပင်ကိုစရိုက်အမှန်ကို သိထားသူ ကျွန်တော်က မကြောက်ပါ။

'ဒီနေ့ညနေ လေးနာရီ အရေးပေါ် အစည်းအဝေးလုပ်ဖို့ ဗိုလ်ချုပ်ပဲ မနေ့က ကျွန်တော့်ကို ခိုင်းထားတယ် မဟုတ်လား၊ အခု အောက်ထပ်မှာ ဆရာ ဒီးဒုတ်ဦးဘချို၊ ဟသ်ာတ ဦးမြ၊ သခင်မြတို့လို လူကြီးအားလုံးလေးနာရီ မထိုးခင်ကတည်းက ရောက်ပြီး စောင့်နေကြတာ အားနာဖို့ ကောင်းပါတယ်၊ ဗိုလ်ချုပ် အိပ်ရေးမဝရင် အစည်းအဝေး ပြီးတော့မှ ပြန်အိပ်ပါ'

ဤသို့ ကျွန်တော်က ပြောလိုက်သောအခါ ဗိုလ်ချုပ်သည် ချက်ချင်းပင် သတိရဟန်ဖြင့်

'အေး ဟုတ်သားပဲ၊ ငါက အိပ်ငိုက်လာတာနဲ့ မေ့ပြီး အိပ်နေမိတယ်၊ ကဲ မင်း မြန်မြန်အောက်ပြန်ဆင်းပြီး လူကြီးတွေကို ငါ အခုပဲ ဆင်းလာခဲ့ပါမယ်လို့ သွားပြောနှင့်၊ အခု ချက်ချင်း သွားပြောချေ'

ဟု ပြောပါသည်။

*



နောက်ထပ် ငါးမိနစ်မျှ မကြာမီ ဗိုလ်ချုပ်သည် အောက်ထပ် ဧည့်ခန်းသို့ ရောက်လာပြီး လူကြီးများ သူ့ကို စောင့်နေရသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်ရှာပါသည်။

'ကျွန်တော် ညက အိပ်ရေးပျက်လို့ အိပ်ရာပေါ် ခဏလှဲရင်း အိပ်ပျော်သွားလို့ပါ'

ဤသို့ ရှက်ပြုံးပြုံးရင်း ပြောလိုက်ပုံကို မလှမ်းမကမ်းမှ ရပ်ကြည့်နေသော ကျွန်တော်၏စိတ်ဝယ် အပြစ်တစ်စုံတစ်ရာ ပြုမိသော ကျောင်းသားသူငယ်ကလေးတစ်ယောက် သူကြောက်ရသူ အတန်းပိုင်ဆရာအား တိုးလျှိုးတောင်းပန်သည့် ဟန်မျိုးနှင့် တူသည်ဟု ထင်မိပါသည်။

တပ်မတော်သား ရဲဘော်များအား တာဝန်ဝတ္တရားအရ စကားပြောရသူ စစ်တပ်အကြီးအကဲ စစ်သူကြီးလေသံဖြင့်ပြောတတ်သူ ဗိုလ်ချုပ်သည် လူတကာကိုလည်း ဤသို့ပင် ပြောလိမ့်မည်ဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။ သို့သော် ဤသို့ မဟုတ်ပါချေ။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်တွင် သူသည် ဥက္ကဋ္ဌဖြစ်သော်လည်း အခြား အလုပ်အမှုဆောင်အဖွဲ့ဝင်ထဲမှ လူကြီးများကိုဆိုလျှင် ဗိုလ်ချုပ်သည် ရိုသေလေးစားစွာ စကားပြောလေ့ရှိပါသည်။ ဒီးဒုတ် ဦးဘချိုနှင့်သခင်မြကို 'ဆရာ'ဟု ခေါ်သလို ငွေထိန်းလူကြီး မြန်မာ့အလင်း ဦးတင်နှင့် ဟသ်ာတ ဦးမြတို့ကိုလည်း 'ဦး'ဟု လေးလေးစားစား ခေါ်ပါသည်။

စည်းရုံးရေး ခရီးထွက်ရင်း နယ်များသို့ ရောက်သည့်အခါ စင်မြင့်ပေါ်တက်၍ ဟောပြောရာတွင် ပရိသတ် စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်သည့်အနေဖြင့် အားပါးတရ ပြောတတ်သော်လည်း ဟောပြောပွဲပြီး၍ မြို့ခံလူကြီးများနှင့် ပြောဆိုဆွေးနွေးသောအခါတွင်မူ ရည်မွန်ယဉ်ကျေးစွာ စကားပြောတတ်ပါသည်။

ထို့ကြောင့် စစ်ဝတ်စုံ ယူနီဖောင်းဝတ်ပြီး သေနာပတိအဖြစ် စကားပြောသော ဗိုလ်ချုပ်ကိုကြည့်ပြီး သူ၏စိတ်နေသဘောထားနှင့် အတွင်းစရိုက်ကို အကဲဖြတ်၍ မရနိုင်ကြောင်း ကျွန်တော့်အနေဖြင့် လေ့လာသိရှိခဲ့ရပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်း၏ မော်တော်ကားကို မောင်းသူ ယဉ်မောင်းရဲဘော် 'ကျော်စိန်'ဆိုသူ လူငယ်တစ်ဦး ရှိခဲ့ပါသည်။ သို့သော် သူ့ခများ

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုးမရှည်ရှာ။ ဗိုလ်ချုပ်တို့ ကျဆုံးပြီး ဆယ်နှစ်အကြာ ၁၉၅၇ ခုနှစ်တွင် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန်သွားရှာသည်။

ရဲဘော်ကျော်စိန်သည် အလွန်ပျော်တတ်၊ ရယ်စရာ မောစရာပြောတတ်သဖြင့် အိမ်ရှိ အခြားရဲဘော်တွေက သူ့ကို ခင်မင်ကြသည်။ ကားမောင်းရာတွင် အထူး ကျင်လည်၍ ယာဉ်မောင်းသက်တမ်းတစ်လျှောက် မတော်တဆထိခိုက် ယာဉ်တိုက်မှု တစ်ကြိမ်မျှ မဖြစ်ခဲ့ဖူးချေ။

သူ့တွင် အားနည်းချက် တစ်ခုတော့ရှိသည်။ ယင်းကား ယမကာ အရက်ကို အလွန် ကြိုက်တတ်ခြင်းပင် ဖြစ်သည်။ သို့သော် တာဝန်သိသော ရဲဘော်ကောင်းဖြစ်၍ အလုပ်ဝတ္တရား ဆောင်ရွက်နေစဉ် (ကားမောင်းနေရချိန်တွင်)လုံးဝမသောက်။ အလုပ်ကိစ္စအားလုံးပြီး၍ ထိုနေ့အဖို့ ဗိုလ်ချုပ် သွားစရာ မရှိတော့ဟု ကျွန်တော်က ပြောမှသာ ရဲဘော်ကျော်စိန် သူ အင်မတန်ကြိုက်သော ယမကာကို မှီဝဲတော့သည်။ ဤတွင်လည်း စည်းကမ်းရှိပါသည်။ မူးပြီး ရမ်းခြင်း၊ ရန်လိုခြင်း အလျဉ်းမရှိ။ အမြဲလို ရွှတ်နောက်လျက် ရယ်စရာတွေသာ ပြောနေတတ်သည်။ ရေချိန်ကိုက်၍ တကယ်မူးလျှင် အိပ်သွားတော့သည်။ သူ အရက်သောက်တတ်၍ ယာဉ်မောင်းအဖြစ် မခိုင်းရန် ဗိုလ်ချုပ်အား ဝိုင်းပြောသူတွေ ရှိခဲ့သော်လည်း ဗိုလ်ချုပ်က လက်မခံ။ ရဲဘော်ကျော်စိန်ကိုသာ သူ၏ကားကို မောင်းခိုင်းခဲ့သည်။

ရဲဘော်ကျော်ငိန်ကို ဗိုလ်ချုပ်က သဘောကျသော အချက်တစ်ခုရှိသည်။ ယင်းကား ကျော်စိန်သည် ကလေး အလွန်ချစ်တတ်ခြင်းပင်ဖြစ်သည်။ ကားမောင်းစရာ မရှိ၍ အိမ်မှာ ရှိနေချိန်တွင် သူသည် ဗိုလ်ချုပ်၏ရင်သွေးကလေးများနှင့်သာ ပျော်နေတတ်သည်။ ကစားနေတတ်သည်။ ကလေးများကလည်း မပီကလာ ပီကလာနှင့် သူ့အား ‘အော်စိန်’ဟု ခေါ်တတ်ကြသည်။ ကြာသော် ကျွန်တော်တို့ လူကြီးများကပင် သူ့ကို ‘အော်စိန်’ဟု ခေါ်လာကြတော့သည်။ ကျွန်တော်၏ သမီးအကြီးဆုံးဆိုလျှင် ရဲဘော်‘အော်စိန်’ကပင် ထိန်းခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့အာဏာကို လက်ခံ ရယူပြီးနောက် တစ်နေ့သ၌ အလုံလမ်းရှိ ဘုရင်ခံအိမ်တော်သို့ ညစာစားပွဲတက်ရန် ဖိတ်ကြားသဖြင့် ဗိုလ်ချုပ်နှင့် ကျွန်တော်တို့သည် ဗိုလ်ချုပ်၏ ‘ဂူစလေ’အမျိုးအစား အနက်ရောင် ဆလွန်းအမှတ် (RA 2874)ကို ရဲဘော်ကျော်စိန်ပင် မောင်းလျက် သွားကြပါသည်။



သူသည် ပေါင်းသင်းဆက်ဆံရေး ကောင်းသူဖြစ်၍ မကြာခဏ ဝင်ထွက်နေရသော ဘုရင်ခံအိမ်မှ ယာဉ်မောင်းများ၊ စားပွဲထိုးများနှင့် ခင်မင်ရင်းနှီးနေပြီဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့ မသိလိုက်သည့် တစ်ချက်က ထိုညက အိမ်တော်မှ စားပွဲထိုးများက ရဲဘော်ကျော်စိန်အား သူ မသောက်ဖူးသော နိုင်ငံခြား အရက်တွေ အတင်းတိုက်သည်ကို အားနာ၍ သောက်မိဟန်တူပါသည်။

သို့နှင့်ပင် ညစာစားပွဲပြီး၍ ဗိုလ်ချုပ်နှင့်ကျွန်တော်တို့ ပြန်ရန် ထွက်လာသောအခါ ယာဉ်မောင်းကျော်စိန်သည် ကား၏နောက်ထိုင်ခုံတွင် တခေါခေါနှင့် နှစ်ခြိုက်စွာ အိပ်ပျော်နေပါသည်။

ကျွန်တော်လည်း ရုတ်တရက် ဒေါသထွက်မိသဖြင့်

‘ဟေ့ကောင် ကျော်စိန် ထစမ်း၊ မြန်မြန် ထစမ်း’

ဟု အော်ဟစ်ရင်း အတင်း ဆွဲနှိုးမည် ပြုစဉ် ဗိုလ်ချုပ်က ကျွန်တော့်ကို အသာဆွဲ၍ ဟန့်တားပါသည်။

‘ဟေ့ မနှိုးပါနဲ့တော့ကွာ၊ သူ့ခမျာ အမူးလွန်ပြီး အိပ်ပျော်နေပုံရတယ်၊ ခါတိုင်း ဒါမျိုး တစ်ခါမှ မဖြစ်ဖူးတာ မင်းလည်း အသိပဲ၊ ဒီတစ်ခါ ဖြစ်တာတော့ ရှိပါစေတော့၊ ကိုင်း ပြောနေကြာတယ်၊ မင်းပဲ ကားမောင်းတော့၊ ငါလည်း မင်းနဲ့အတူ ရှေ့ထိုင်ခုံက လိုက်ခဲ့မယ်၊ ကျော်စိန်တော့ ဆက်အိပ်နေပါစေ’

ဗိုလ်ချုပ်က ပြောသဖြင့် ကျွန်တော်လည်း မတတ်သာတော့ဘဲ ကိုယ်တိုင် ကားပေါ်တက်၍ ဗိုလ်ချုပ်ကိုလည်း ရှေ့ထိုင်ခုံတွင် ထိုင်စေပြီး ဘုရင်ခံအိမ်တော်မှ ဗဟန်း တာဝါလိန်း (နတ်မောက်လမ်း) အိမ်အထိ ကားမောင်းပြန်ခဲ့ရပါသည်။

ရဲဘော်ကျော်စိန်ကတော့ ကားနောက်ပိုင်းတွင် နှစ်ခြိုက်စွာပင် အိပ်ပျော်လျက် ပါလာပါသည်။

ဗိုလ်ချုပ်သည် သူ၏ရင်သွေးများကိုအလွန်ချစ်သော ‘အော်စိန်’၊ ရဲဘော်ကျော်စိန်အား သံယောဇဉ်ဖြစ်ရာမှ ကလေးများကလည်း အော်စိန်ကို ချစ်နေမှန်းသိ၍ ထိုညက အရက်မူးသည်ကို သဘောထားကြီးစွာဖြင့် ခွင့်လွှတ်လိုက်ခြင်းဟု ထင်ရပါသည်။

‘ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန် ဒေါသကြီးတဲ့ စိတ်ကြမ်းလူကြမ်းတစ်ယောက်လား၊ ချစ်ခင်မြတ်နိုးစိတ်၊ ကြင်နာယုယစိတ် လုံးဝမရှိတဲ့ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



များလား၊ တစ်နည်းအားဖြင့် သာမန်လူတွေလို နှလုံးသားရှိတဲ့ လူတစ်ယောက်မှ
ဟုတ်ရဲ့လား’

ဤသို့ ကျွန်တော့်အား မကြာခဏ မေးတတ်သူ လှငယ်စာပေပရိသတ်
အား ဤဆောင်းပါးဖြင့် အဖြေပေးလိုက်ရပါသတည်း။

□



## ဗိုလ်ချုပ်အောင်ဆန်းအပေါ် နိုင်ငံခြားသားတို့အမြင်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေး
အတွက် ဗြိတိသျှအစိုးရနှင့် တိုက်ရိုက်ဆွေးနွေး အရေးဆိုရန်အတွက် ၁၉၄၇
ခုနှစ်၊ ဇန်နဝါရီလဆန်းက လန်ဒန်မြို့သို့ သွားရာတွင် သူနှင့် ခင်မင်ရင်းနှီးပြီး
ဖြစ်သူ အိန္ဒိယခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးထံမှ အကြံကောင်း ဉာဏ်
ကောင်းများ ရယူလိုသဖြင့် အာဇာနည်သခင်မြ စသော အခြား ကိုယ်စားလှယ်
အဖွဲ့ဝင်များနှင့် ကရာချိမြို့ (နောက်ပိုင်း ပါကစ္စတန်မြို့တော်)၌ ဆုံကြပြီးမှ
လန်ဒန်သို့ ခရီးဆက်ကြရန် စီစဉ်ကာ ဗိုလ်ချုပ်နှင့် ကျွန်တော်တို့က ၁၉၄၇
ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မစ္စတာနေရူး နေထိုင်ရာ နယူးဒေလီမြို့သို့
ကြိုတင် ထွက်ခဲ့ကြကြောင်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ခေါင်းဆောင်ကြီး မစ္စတာ နေရူးသည် ကျွန်တော်တို့ ဆရာတပည့်
နှစ်ဦးအား သူ၏နေအိမ်မှာပင် တည်းခိုစေပြီး နေ့စဉ်လိုလို နှစ်ယောက်သား
အသေးစိတ် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ ယင်းသို့ ဆွေးနွေးရာတွင် အနှောင့်
အယှက် ကင်းစေရန်အတွက်လည်း သူတို့၏ကွန်ဂရက် (All-India Con-
gress)ပါတီ အရေးကိစ္စများကိုပင် ဧည့်သည်အောင်ဆန်း ရှိနေခိုက် အချိန်မပေး
နိုင်။ နောက်မှ လုပ်ကိုင်နိုင်မည်ဟု ပါတီအတွင်းရေးမှူးများအား ကြိုတင်
ညွှန်ကြား ထားခဲ့သည်။ နေ့စဉ် ဗိုလ်ချုပ်နှင့် မစ္စတာနေရူးတို့သည် အိမ်အပေါ်ထပ်
စာကြည့်ခန်းတွင် လွတ်လပ်စွာ ဆွေးနွေး စကားပြောနေခိုက် အောက်ထပ်တွင်
နေရသူ ကျွန်တော်တစ်ယောက်တည်း ပျင်းရိမနေစေရန် သမီးဖြစ်သူ အင်ဒီရာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



(ယခု ကွယ်လွန်နှင့်လုပ်ကြံခံရပြီး ကွယ်လွန်သွားရှာသူ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ၏ မိခင်)က ရံဖန်ရံခါ ကျွန်တော်နှင့်လာထိုင်စကားပြောလေ့ ရှိပါသည်။ အင်ဒိရာသည် ငယ်စဉ်ကပင် အင်္ဂလန်ပြည်တွင် ကျောင်းနေကာ မူလတန်းမှစတင် သင်ကြားခဲ့ရ၍ အင်္ဂလိပ်စာ အထူးကျွမ်းကျင်ပြီး ကျွန်တော်ဝါသနာပါသော အင်္ဂလိပ်စာပေအကြောင်း အလွန်ပိုင်နိုင်စွာ ဆွေးနွေးနိုင်သူလည်း ဖြစ်ပါသည်။

[မှတ်ချက်။ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ ကိုယ်တိုင်က အိန္ဒိယသို့လာရောက်ပြီး အပြန်တွင် အင်ဒိရာဂန္ဒီသည် မိမိထက်ပင် အင်္ဂလိပ်စာပေကျွမ်းကျင်နိုင်နင်းသူဖြစ်ကြောင်း ဖွင့်ဟ ဝန်ခံခဲ့ဖူးသည်။ စာရေးသူ]

*

အင်ဒိရာနှင့် ကျွန်တော်တို့သည် အင်္ဂလိပ်စာပေ ပညာရှင်ကြီးများအကြောင်း၊ အင်္ဂလန်ပြည်မှ စာသင်ကျောင်းများ အလွန်ကိန်းခမ်းကြီးပြီး အရှေ့တိုင်းသား ကျောင်းသူကျောင်းသားများကို အထင်အမြင်သေးပြီး 'နှိမ်' တတ်ပုံအကြောင်း စသည်တို့သာ ပြောဆို ဆွေးနွေးလေ့ ရှိပါသည်။

သို့ရာတွင် ကျွန်တော်တို့နယူးဒေလီမှ ကရာချိမြို့သို့ မထွက်မီ တစ်ရက်ကမူ ညနေဘက်၌ အင်ဒိရာဂန္ဒီက ကျွန်တော့်ဆရာ ဗိုလ်ချုပ်အကြောင်း စကားစပ် ပြောသဖြင့် အံ့သြမိပါသည်။ အံ့သြရုံမက ဗိုလ်ချုပ်အောင်ဆန်းအပေါ် အိန္ဒိယခေါင်းဆောင်ကြီး နေရူး၏အမြင်နှင့် သဘောထားကိုပါ သိရသဖြင့် ဝမ်းမြောက်အားတက်သွားမိပါသည်။

အင်ဒိရာဂန္ဒီသည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သူမ၏ဖခင်ထံမှ တစ်ဆင့် သိရသမျှကို ကျွန်တော့်အား အောက်ပါအတိုင်း ပြောပြပါသည်။

*

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီဖြစ်သော်လည်း ထိုအချိန်က အရှေ့တောင်အာရှနိုင်ငံ အများစုမှာ လွတ်လပ်ရေး မရသေးဘဲ နယ်ချဲ့လက်အောက်ခံ ကိုလိုနီ (ကျွန်)နိုင်ငံများသာ ဖြစ်နေသေးသည်။ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့က ပြင်သစ် လက်အောက်၊ အင်ဒိုနီးရှားက ဒတ်ချ် (ဟော်လန်) လက်အောက်၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ သီဟိုဠ်(သီရိလင်္ကာ)၊ မလေးရှား၊ စင်ကာပူတို့က ဗြိတိသျှ လက်အောက်ခံ နိုင်ငံများ ဖြစ်နေသည်။ ယင်းနိုင်ငံအားလုံးသည် ကျွန်ဘဝမှ လွတ်မြောက်ရန် အပြင်းအထန် ကြိုးစားလျက်ရှိကြသော်လည်း မစ္စတာနေရူးအနေဖြင့် လွတ်လပ်ရေး တိုက်ပွဲများ အောင်မြင်



ပြီးဆုံးသည်အထိ ဦးဆောင် တိုက်ခိုက်သွားနိုင်မည့် ခေါင်းဆောင်များ အထူးရှားပါးနေသည်ဟု မြင်မိသည်။ ဥပမာ– ဗီယက်နမ်မှ ဟိုချီမင်းဆိုလျှင် ထူးချွန်ပြောင်မြောက်သော်လည်း အသက်အရွယ်အားဖြင့် အိုမင်းမစွမ်း ဖြစ်နေပေပြီ။ အင်ဒိုနီးရှားမှ ဒေါက်တာရှားရီးယားဆိုလျှင်လည်း အတော်ပင် အသက်ကြီးနေပြီ ဖြစ်သည်။ မိမိတို့ အိန္ဒိယမှာပင် မဟတ္တမဂန္ဒီနှင့် မိမိ (နေရူး)ကိုယ်တိုင်က အိုမင်းနေပြီ ဖြစ်သည်။ ယင်း အခြေအနေတွင် အာရှနိုင်ငံများကို မှန်ကန်ပြီး ပြောင်မြောက်သော ခေါင်းဆောင်မှု ပေးနိုင်မည့်သူဆို၍ မြန်မာပြည်မှ 'အောင်ဆန်း' အမည်ရှိ လူငယ်ကိုသာလျှင် နေရူးအနေဖြင့် မျက်စိကျမိတော့သည်။ အသက်အားဖြင့် သုံးဆယ်ခန့်သာ ရှိသေးသူ လူငယ်တစ်ဦး ဖြစ်လင့်ကစား သူ၏နိုင်ငံရေး အမြော်အမြင် ကြီးမားမှု၊ အတွေးအခေါ် မှန်ကန်ပြောင်မြောက်မှုတို့က အံ့သြဖွယ် ကောင်းလောက်အောင် ထူးချွန်ထက်မြက်နေသည်။ တစ်နည်းအားဖြင့် ထိုအချိန်က နယ်ချဲ့လက်အောက်မှ လွတ်မြောက်လုဆဲ အာရှနိုင်ငံများအား မှန်ကန်သော ခေါင်းဆောင်မှု ပေးနိုင်သူမှာ မြန်မာပြည်မှ 'အောင်ဆန်း'သာ ဖြစ်သည်ဟု မစ္စတာနေရူးက ယုံကြည်ခဲ့သည်။

*

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် အင်ဒိရာဂန္ဒီက အထက်ပါအတိုင်း ပြောပြချက်များကို ကျွန်တော်သည် ထိုနှစ် ဇူလိုင်လ ဗိုလ်ချုပ်တို့ ကျဆုံးသွားတော့မှ အထူးပင် ပြန်လည် သတိရမိပါသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က ဖြစ်ခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးသတင်းသည် ရန်ကုန်မြို့ရှိ ရိုက်တာ ကြေးနန်းသတင်းဌာနမှတဆင့် အိန္ဒိယပြည် နယူးဒေလီမြို့သို့ နေ့ချင်းပင်ရောက်ရှိသွားရာ အိန္ဒိယ ခေါင်းဆောင်ကြီး ဂျဝါလာလ်နေရူးသည် ဖြေမဆည်နိုင်အောင် ယူကျုံးမရ ဖြစ်လျက်

'Not Burma, but Asia has lost a great leader'

ဟု ကြေကွဲရင်နာစွာဖြင့် ဝမ်းနည်းပက်လက် ပြောခဲ့ကြောင်းကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လထုတ် အင်္ဂလိပ်ဘာသာ မဂ္ဂဇင်း Forum တွင် ကျွန်တော်တို့ ဖတ်ရှုခဲ့ရပါသည်။

အဓိပ္ပာယ်ကတော့ နေရူးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် အာရှ ခေါင်းဆောင်ကြီးအဖြစ် မျှော်လင့်ချက်ကြီးစွာ ထားခဲ့ပြီးကာမှ ယခုလို မမျှော်လင့်ဘဲ ရေတိမ်နစ်သွားရသည်ကို

www.burmeseclassic.com

'အောင်ဆန်း ကျဆုံးတာဟာ မြန်မာနိုင်ငံအတွက်သာ မဟုတ်၊ အာရှနိုင်ငံအားလုံးအတွက် ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်တစ်ဦး ဆုံးရှုံးရခြင်းဖြစ်တယ်'

ဟု နှမြောတသစွာဖြင့် ပြောလိုက်ခြင်းပင်တည်း။

*

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိန်နိုင်ငံသို့ သွားရောက်ခြင်းမှာ မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆို ဆွေးနွေးရန် ဖြစ်သော်လည်း လန်ဒန်ရောက်၍ အချိန်ရပြီး အဆင်ပြေပါက သူ တွေ့ဆုံစကား ပြောလိုသော အင်္ဂလိပ်လူမျိုး ပုဂ္ဂိုလ်အချို့နှင့် တွေ့ဆုံရန် ကြိုးစားမည်ဟု ရန်ကုန်မှ မထွက်မီကပင်ဆုံးဖြတ်ထားခဲ့သည်။ ထိုအကြောင်းကိုလည်း ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့က ရန်ကုန်မှ အိန္ဒိယပြည်နယူးဒေလီမြို့သို့ အသွား လေယာဉ်ပေါ်တွင် ကျွန်တော့်အား ပြောခဲ့ပါသည်။

'ဟိုရောက်လို့ ငါ အလုပ်များပြီး မေ့နေရင်လည်း မင်းက ငါ့ကို သတိပေးစမ်း'

ဤသို့လည်း ကျွန်တော့်အား ကြိုတင် အမိန့်ပေးထားခဲ့သည်။

ဗိုလ်ချုပ် အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် (နန်းရင်းဝန်) မစ္စတာအက်တလီခေါင်းဆောင်သော ဗြိတိသျှအစိုးရအဖွဲ့ကို မြန်မာနိုင်ငံ၏ အနာဂတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ လန်ဒန်မြို့ (ကမ္ဘာကျော် လိပ်စာတစ်ခုဖြစ်သော) 'အမှတ် ၁၀ ဒေါင်းနင်းလမ်း'တွင် ကျင်းပခဲ့ရာ ရက်သတ္တတစ်ပတ်လုံးလုံး နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအားလုံးဝ လွတ်လပ်ရေးပေးရန် ကိစ္စက ထိုအချိန်အထိ နှစ်ဦးနှစ်ဖက် လက်ခံသဘောတူသည့် အဖြေထွက်မလာဘဲ ဖြစ်နေသည်။

သည်အတိုင်းဆိုလျှင် ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရဦးမည်ဖြစ်ရာ ကျွန်တော့်အား ဗိုလ်ချုပ် ကြိုတင်အမိန့်ပေးထားသော သူတွေ့ချင်သူ ပုဂ္ဂိုလ်အချို့နှင့် တွေ့ဆုံဆွေးနွေးရန်ကိစ္စ စီစဉ်ရန် မလွယ်ကူပါ။ သို့သော် ဆွေးနွေးပွဲရှိနေသည့်ကြားမှပင် ညနေဘက် သို့မဟုတ် ညစာစားချိန်တွင် စီစဉ်လျှင်တော့ ဖြစ်နိုင်သည်ဟု တွေးမိသဖြင့် ကျွန်တော်လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီစဉ်ရပါတော့သည်။



ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် သူ ပထမဆုံး တွေ့ဆုံလိုသော ပုဂ္ဂိုလ်မှာ ကမ္ဘာကျော် ဗြိတိသျှ စာရေးဆရာကြီး ဘောဂဗေဒနှင့် နိုင်ငံရေးသိပ္ပံပါရဂူ ပါမောက္ခ လက်စ်ကီးဆိုသူပင် ဖြစ်ပါသည်။

စစ်ကြိုခေတ်က ပါမောက္ခ လက်စ်ကီး ရေးသားသော စာအုပ်များသည် အလွန်ထင်ရှားကျော်ကြား၍ ခေတ်ပညာတတ် မြန်မာလူငယ်များ၊ နိုင်ငံရေးသမားများ အထူးဂရုပြု လေ့လာဖတ်ရှုခဲ့ကြသည်။ ယင်းစာအုပ်များကို အထူးစိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့သူများတွင် ဗိုလ်ချုပ်အောင်ဆန်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ကျွန်တော်သည် လန်ဒန်မြို့၌ သီကျွမ်းခင်မင် ရင်းနှီးလာသူ သတင်းစာဆရာ အချို့၏အကူအညီဖြင့် ကြိုးစားရာ မကြာမီ ပါမောက္ခလက်စ်ကီးနှင့် အဆက်အသွယ် ရရှိခဲ့သဖြင့် ဝမ်းသာအားရ ဗိုလ်ချုပ်ထံ သတင်းပို့ အကြောင်းကြားလိုက်သောအခါ ဗိုလ်ချုပ်က ပါမောက္ခကြီး အားလပ်မည့် ရက်တစ်ရက်တွင် ညစာဖြင့် တည်ခင်းဧည့်ခံရန် ညွှန်ကြားပါသည်။

ပါမောက္ခ လက်စ်ကီးကလည်း မြန်မာပြည်မှ ထူးချွန်သော လူငယ်ခေါင်းဆောင် 'အောင်ဆန်း'ဆိုသူအကြောင်း ကြားဖူး၍ သူကိုယ်တိုင်က တွေ့ဆုံလိုကြောင်းနှင့် ဇန်နဝါရီလ ၂၃ ရက်နေ့ညဘက် အားလပ်ကြောင်း ပြောပါသည်။

သို့နှင့်ပင် ထိုနေ့ (၂၃-၁-၄၇)တွင် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း ဆွေးနွေးပွဲမှအပြန် ညဘက်တွင် သူ တည်းခိုသော ဒေါ်ချက်စတာဟိုတယ်မှာပင် ဗိုလ်ချုပ်က ညစာစားပွဲတည်ခင်းဧည့်ခံရင်း ပါမောက္ခ လက်စ်ကီးနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်လိုက်ကြသည်။

ညစာစားပွဲ ဖိတ်ထားချိန်က ည ၈ နာရီ ဖြစ်သော်လည်း ပါမောက္ခလပ်စ်ကီးသည် စကားပြောချိန် ပိုရအောင်ဆိုပြီး အချိန်တစ်နာရီခန့် စော၍ ရောက်လာပါသည်။

ဗိုလ်ချုပ်သည် ပါမောက္ခကြီးအား လိုက်လှဲပျူငှာစွာ ခရီးဦးကြိုပြုပြီးနောက် သူ ဖတ်ဖူးသော ပါမောက္ခကြီး၏ စာအုပ်များအကြောင်း ပြောပြရင်း သူကိုယ်တိုင်၏ နိုင်ငံရေးနှင့် ဘောဂဗေဒဆိုင်ရာ အတွေးအခေါ်များ၊ ယူဆချက်များကို ပွင့်လင်းစွာပင် ပြောဆိုဆွေးနွေးပါသည်။

ပါမောက္ခ လက်စ်ကီးကလည်း စိတ်ပါဝင်စားစွာ ပြန်လည်ဆွေးနွေးပါသည်။

www.burmeseclassic.com



ညစာစားပြီးတော့လည်း အချိန်အတော်ကြာကြာ ဆက်လက်ဆွေးနွေးကြပါသေးသည်။

နောက်တစ်နေ့တွင် ကျွန်တော်နှင့် သိသော သတင်းစာအယ်ဒီတာတစ်ဦးထံ ချဉ်းကပ် စုံစမ်းကြည့်ရာ ပါမောက္ခလက်စ်ကီးက သူသည် မြန်မာခေါင်းဆောင် 'အောင်ဆန်း' ၏အရွယ်နှင့် မလိုက်အောင် ယုံကြည်ချက် ပြင်းထန်မှု၊ ရိုးသားပွင့်လင်းမှုတို့ကို အံ့အားသင့်မိပြီး လေးစားသွားမိကြောင်း သူ၏သဘောထားကို ပြောပြခဲ့သည်ဟု သိရပါသည်။

*

စစ်ကြိုခေတ်က မြန်မာနိုင်ငံအကြောင်း အင်္ဂလိပ်ဘာသာဖြင့် စာအုပ်များ ရေးသားခဲ့သူ ဗြိတိသျှ လူမျိုးအချို့ ရှိခဲ့ပါသည်။ သူတို့ရေးသော စာအုပ်များသည် မြန်မာပြည်သို့ ရောက်ရှိလာသဖြင့် ဖတ်ကြည့်ရပါသည်။ များသောအားဖြင့် သူတို့ ရေးသားပုံက ဗြိတိသျှ နယ်ချဲ့စနစ် ရှုထောင့်မှ ရေးသားခြင်းဖြစ်၍ မြန်မာတို့အပေါ် 'နှိမ်'ပြီး ရေးသားထားကြောင်း ပေါ်လွင်နေရာ မျိုးချစ်မြန်မာတွေအနေဖြင့် ထိုစာအုပ်များကို သဘောမကျခဲ့ကြပါ။

သို့ရာတွင် ခြွင်းချက်တစ်ခုတော့ ရှိခဲ့သည်ဟု ဆိုရပါမည်။

ယင်းကား မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် စေတနာမှန်စွာနှင့် ရေးသားခဲ့သူ ဗြိတိသျှ စာရေးဆရာတစ်ဦးတော့ ရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကား ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး (ရန်ကုန်အရေးပိုင်) အဖြစ် အမှုထမ်းသွားခဲ့ဖူးသူ မစ္စတာ မောရစ်ကောလစ် (Maurice Collis) ဆိုသူပင် ဖြစ်ပါသည်။

[သူသည် အိုင်စီအက်စ်ခေါ် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းဟုခေါ်သော အဆင့်မြင့်အုပ်ချုပ်ရေးဝန်ထမ်းတစ်ဦး ဖြစ်လင့်ကစား စာပေအထူး ဝါသနာပါပြီး အလွန် စာရေးကောင်းသူလည်း ဖြစ်သောကြောင့် နောက်ပိုင်းတွင် ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦး ဖြစ်ခဲ့ပါသည်။ စာရေးသူ]

သူရေးခဲ့သော မြန်မာပြည်အကြောင်း စာအုပ်များအနက် မြန်မာလူမျိုးတို့ အထူး စိတ်ဝင်စားပြီး အကျော်ကြားဆုံးစာအုပ်မှာ Trials in Burma 'မြန်မာပြည်မှ မှုခင်းများ' စာအုပ်ပင် ဖြစ်ပါသည်။ မစ္စတာ မောရစ်ကောလစ်၏ ရေးသားပုံတွင် မြန်မာပြည်ရှိ မျက်နှာဖြူ အင်္ဂလိပ်များက မြန်မာတို့အပေါ် တစ်ဖက်သတ် 'နှိမ်'၍ ဆက်ဆံခြင်းကို သူ့အနေဖြင့် မနှစ်မြို့က်သည့်သဘော ပေါ်လွင်နေသဖြင့် ဗိုလ်ချုပ်က ဤသူကား မြန်မာနိုင်ငံအပေါ် သဘောထား



မှန်ကန်သော အင်္ဂလိပ်လူမျိုးတစ်ဦးဟု လေးစားမိသဖြင့် လန်ဒန်ရောက်၍ အခြေအနေပေးလျှင် မစ္စတာမောရစ်ကောလစ်နှင့် တွေ့ဆုံစကားပြောလိုကြောင်း ကျွန်တော့်အား ကြိုတင်ပြောခဲ့ခြင်း ဖြစ်ပါသည်။

ဤကိစ္စတွင် ကျွန်တော်တို့အား အထူးတလည် ကူညီခဲ့သူမှာ စစ်ကြိုခေတ်ကိုလံဘီယာ ဓာတ်ပြားအဆိုကျော် 'ဘိလပ်ပြန်သန်း' အမည်ခံ ဆရာမ ဒေါ်ရာသန်းအေးပင် ဖြစ်ပါသည်။ သူမသည် ဘိလပ်ရောက် ကျွန်တော်တို့ မြန်မာအဖွဲ့အား အစစအရာရာ ကူညီခဲ့သဖြင့် အလွန်ကျေးဇူးတင်ကြရပါမည်။ အင်္ဂလန်နိုင်ငံသို့ ရောက်နေသည်မှာ ကြာနေပြီဖြစ်၍ ကျွန်တော်က စိတ်ကူးရကာ ဆရာမကိုပင် ဗြိတိသျှ စာရေးဆရာကြီး မောရစ်ကောလစ်နှင့် ဗိုလ်ချုပ်က တွေ့လိုကြောင်း အကူအညီ တောင်းလိုက်ပါသည်။ ဆရာမကလည်း ချက်ချင်းလိုက်လံ စုံစမ်းရာ နောက်တစ်နေ့တွင်ပင် မစ္စတာ မောရစ်ကောလစ်နှင့် အဆက်အသွယ်ရပြီဖြစ်ကြောင်း ကျွန်တော့်အား ပြောပါသည်။

ကျွန်တော်လည်း ဆက်လက်၍ ဗိုလ်ချုပ်ထံ ထိုအကြောင်းသတင်းပို့ အစီရင်ခံလိုက်ရာ ဗိုလ်ချုပ်သည် သခင်မြစသော ကျန်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ညဘက်တွင် ဒေါ်ချက်စတာဟိုတယ်သို့ ကြွရောက် ညစာစားပါရန် ဖိတ်ကြားခိုင်းပါသည်။

ထိုနေ့ (၂၈-၁-၄၇) ညတွင် ဆရာမကပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် စာရေးဆရာကြီး မောရစ်ကောလစ်တို့ကို မိတ်ဆက်ပေးရာ ထိုပုဂ္ဂိုလ်ကြီးက သူကိုယ်တိုင် မစ္စတာအောင်ဆန်းအား တွေ့ဆုံလိုသဖြင့် ယခုလို ညစာစားရန် ဖိတ်ကြားသည်ကို အထူးဝမ်းမြောက် ကျေးဇူးတင်ကြောင်း ပြောပါသည်။ ထို့နောက် ဗိုလ်ချုပ်က ကျန်မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မစ္စတာမောရစ်ကောလစ်ကို တစ်ဆင့် မိတ်ဆက်ပေးပါသည်။

ညစာအတူစားကြပြီးနောက် ဝိုင်းဖွဲ့စကားပြောကြစဉ် ဗိုလ်ချုပ်က သူသည် မစ္စတာ မောရစ်ကောလစ် ရေးသားသော စာအုပ်များကို ဖတ်ရှုပြီးနောက် မစ္စတာ ကောလစ်၏ သဘောထားအာဘော်ကို သိရပြီး လူပုဂ္ဂိုလ်ကိုပါ လေးစားမိကြောင်း ပြောပြရာ ထိုအချိန်က အသက်အရွယ်ကြီးရင့်ကာ အဘိုးကြီးဖြစ်နေသူ စာရေးဆရာကြီး မောရစ်ကောလစ်ကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာလူငယ်များ၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် မျိုးချစ်စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ထက်သန်ထကြွမှုကို စိတ်ဝင်စားနေမိသဖြင့် ယခုလို ရင်းနှီးစွာ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်၍ မဆုံးကြောင်း ပြောပါသည်။ ထို့ပြင် သူသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် သံယောဇဉ်ရှိပုံ၊ မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကိုပါ စိတ်ဝင်စား၍ လေ့လာခဲ့ပုံ၊ ထို့ကြောင့် မြန်မာ့သမိုင်းနောက်ကျော _ She was a queen ကဲ့သို့ စာအုပ်မျိုး ရေးသားခဲ့ပုံများကို ပြောပြရာ ဗိုလ်ချုပ်နှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အားလုံးတို့သည် အထူးစိတ်ဝင်စားစွာ နားထောင်နေခဲ့ကြပါသည်။

ယင်း ညစာစားပွဲ တည်ခင်းသည့်နေ့မှာ ဇန်နဝါရီလ ၂၈ ရက်နေ့ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးကို တစ်နှစ်အတွင်း ပေးပါမည်ဟု ဗြိတိသျှအစိုးရက အာမခံချက်ပေးသည့် 'အောင်ဆန်း-အက်တလီစာချုပ်'ကို (၂၇-၁-၄၇) နေ့ကပင် လက်မှတ်ရေးထိုးပြီး နေပါပြီ။ တစ်နည်းအားဖြင့် လွတ်လပ်ရေးရရန် သေချာနေပြီဖြစ်၍ ဗိုလ်ချုပ်က စာရေးဆရာကြီး မစ္စတာ မောရစ်ကောလစ်အား မြန်မာပြည် လွတ်လပ်ရေး ရပြီးတော့လည်း စာအုပ်တစ်အုပ် ရေးပါဦးဟု မေတ္တာရပ်ခံခဲ့ပါသည်။

မောရစ်ကောလစ် ကိုယ်တိုင်ကလည်း မြန်မာပြည်အကြောင်း စာအုပ်ရေးရန် အစီအစဉ် ရှိထားပြီးဖြစ်၍ တကယ်ပင် စာအုပ်တစ်အုပ် ရေးသားခဲ့ပါသည်။

ယင်းစာအုပ်မှာ 'Last and first in Burma' အမည်ရှိ စာအုပ်ပင် ဖြစ်ပါသည်။

သို့ရာတွင် ထိုစာအုပ် ထွက်လာသောအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးရနေပြီ ဖြစ်သော်လည်း ကာယကံရှင် မောရစ်ကောလစ် ဖတ်စေချင်သော ဗိုလ်ချုပ်အောင်ဆန်းကား မရှိရှာတော့ချေ။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ကပင် ရေတိမ်နစ် ကျဆုံးသွားရှာပြီ ဖြစ်သည်။

အဆိုပါ စာအုပ်တွင် မောရစ်ကောလစ် ရေးသားခဲ့သော အောက်ပါ ကောက်နုတ်ချက်များမှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

'ကျွန်ုပ်တို့ (ဗြိတိသျှလူမျိုးများ)သည် မြန်မာနိုင်ငံအား သိမ်းပိုက်အုပ်စိုးခဲ့ခြင်းအားဖြင့် မြန်မာတို့အား အကျိုးပြုခဲ့သည်ဟု ပြောလေ့ရှိသည်၊ သို့သော် သီပေါမင်းအား ဖမ်းဆီးနန်းချ၍ မန္တလေးမြို့တော်ကို သိမ်းပိုက်စဉ်က ကျွန်ုပ်တို့ ဤသို့ လုံးဝ မပြောခဲ့ပါချေ။ ထို့ပြင် ဗြိတိသျှ အစိုးရ အုပ်စိုးမှု



ကြောင့် မြန်မာနိုင်ငံအဖို့ များစွာ အကျိုးရှိခဲ့သည်ဟုလည်း ကျွန်ုပ်တို့ ပြောခဲ့ကြသေးသည်။ သို့ရာတွင် ယင်းအချက်ကို ပြန်လည် ချေပနိုင်ပေသည်။ မြန်မာတို့ အနေဖြင့် ကျွန်ုပ်တို့ (ဗြိတိသျှ)ထံမှ လေ့လာတတ်ကျွမ်းခဲ့သမျှကို သူတို့နိုင်ငံ လွတ်လပ်ရေး မဆုံးရှုံးဘဲနှင့်လည်း တတ်ကျွမ်းနိုင်ခွင့် ရှိပေသည်။ ဥပမာ အိမ်နီးချင်း ထိုင်းနိုင်ငံဆိုလျှင် ၁၈၈၅ ခုနှစ်က မြန်မာတို့ထက် ပို၍ တိုးတက်ဖွံ့ဖြိုးခြင်း မရှိသေးလင့်ကစား ဗြိတိသျှအုပ်စိုးမှုကြောင့် တိုးတက်လာပါသည်ဆိုသော မြန်မာနိုင်ငံကဲ့သို့ပင် (ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံတစ်နိုင်ငံအနေဖြင့်) စွမ်းဆောင်နိုင်ခဲ့ပေသည်။ စင်စစ်အားဖြင့် ၁၉ ရာစုနှစ်များဆန်းစအချိန်မှစ၍ တိုးတက်ခေတ်မီသော ကမ္ဘာကြီးသည် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများ၏ နယ်စပ်များဆီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ပင်တည်း။

ရာစုနှစ်များ အတန်ကြာကပင် ဥရောပနိုင်ငံများသည် အာရှတိုက်ရှိ နိုင်ငံများကို သိမ်းပိုက်အုပ်စိုးခဲ့ကြရာ ထိုအချိန်က ယင်းအပြုအမူသည်ပင်လျှင် ကြီးကျယ်ထည်ဝါသော အောင်မြင်မှုဟု ယူဆခဲ့ကြသည်။ ဤသည်ကို သမိုင်းရေးရာ အချက်အလက်တစ်ခုဟု မှတ်ယူရမည်သာ ဖြစ်သည်။

ထို့နည်းတူစွာ ၂၀ ရာစုနှစ်ကျတော့ ကျွန်ုပ်တို့၏အယူအဆ ပြောင်းလဲလာခဲ့ခြင်းကို သမိုင်း၏တောင်းဆိုမှု အချက်တစ်ခုဟု လက်ခံရပေမည်။ အထူးသဖြင့် ၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ ကျွန်ုပ်တို့၏အတွေးအခေါ် အယူအဆတွေ သိသိသာသာ ပြောင်းလဲခဲ့ပေသည်။

အောင်ဆန်းပေါ်ပေါက်လာခြင်းသည်ကား ခေတ်၏ အမှတ်အသားလက္ခဏာတစ်ခုဖြစ်ပေသည်။ ကျွန်ုပ်တို့ (ဗြိတိသျှ)၏ သဘောထား ပြောင်းလဲစေခဲ့သော အချက်အလက်များကပင်လျှင် အောင်ဆန်းပေါ်ပေါက်လာရေးအတွက် လမ်းဖွင့်ပေးသလို ဖြစ်ခဲ့သည်။ ဤကား ကမ္ဘာ့ထိပ်သီး ပုဂ္ဂိုလ်ကြီးများ ပေါ်ပေါက်လာစေသည့် အစဉ်အလာတစ်မျိုးဖြစ်သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးရန် အသင့်ဖြစ်လာချိန်တွင် မည်သူက မည်သို့မည်ပုံ ပေးမည်ဟူသော ပြဿနာ ရှိလာသည်။ မြန်မာ့လွတ်လပ်ရေးကို ရယူပေးမည့်သူအဖြစ် မည်သူက သူရဲကောင်းလုပ်မည်နည်း။ ဘုရင်ခံ ဒေါမန်စမစ်သည် ယင်းနေရာ ရလိုရငြား နှစ်ရှည်လများ ကြံစည်ကြိုးစားသည်။ မောင့်ဘက်တန်ကလည်း စိတ်ဝင်စားခဲ့သည်။ ဗြိတိသျှ ဝန်ကြီးချုပ် အက်တလီနှင့် သူ၏လေဘာ အစိုးရအဖွဲ့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေးပေးသူအဖြစ် နာမည်ရလျှင် ကောင်းလေစွဟု ဆင်ခြင်သုံးသပ်မိသည်။

မြန်မာတို့ဘက်တွင်လည်း လွတ်လပ်ရေး သူရဲကောင်းဖြစ်လိုသူတွေ အပြိုင်အဆိုင် ရှိခဲ့သည်။ ယင်းတို့အထဲတွင် ဆာပေါ်ထွန်းနှင့် ဦးစောတို့လည်း ပါသည်။ သို့ရာတွင် သမိုင်းအစဉ်အလာအရ ကမ္ဘာ့ထိပ်သီး သူရဲကောင်းတို့သည် အချိန်အခါ အခြေအနေ တိကျမှန်ကန်တော့မှ ပေါ်ထွက်လာစမြဲ ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကို ရယူ ဆောင်ကြဉ်းပေးမည့် အဓိက ပုဂ္ဂိုလ်အဖြစ် သမိုင်း၏တောင်းဆိုချက်အရ ပေါ်ထွက်လာသူကား 'အောင်ဆန်း'ပင် ဖြစ်သတည်း။

*

ဤသည်တို့ကား အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ နိုင်ငံခြားသား အချို့၏အမြင်နှင့် သဘောထား တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသတည်း။

□



## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ ဗိုလ်ချုပ်များ

၁၉၄၅ ခုနှစ်၊ မေလဆန်းက ဖြစ်ပါသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး 'လှည်းနေလှေအောင်း မြင်းဇောင်းမကျန်' စည်းလုံးညီညွတ်စွာဖြင့် ဖက်ဆစ်ဂျပန်တို့အား တခဲနက်တော်လှန် တိုက်ခိုက်ခဲ့ကြသော အရေးတော်ပုံကြီးအရှိန်အဟုန် မြင့်မားနေသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးကွပ်ကဲသော ဗမာ့တပ်မတော်က စစ်ရေးခေါင်းဆောင်မှု တာဝန်ယူကာ ရန်သူဖက်ဆစ်တို့အား ဆက်မပြတ် အောင်မြင်စွာ ထိုးစစ်ဆင်နေသည့်ကာလ ဖြစ်လေသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ အနောက်မြောက်နှင့် အနောက်ပိုင်း စစ်မျက်နှာများမှ မဟာမိတ် ဗြိတိသျှတပ်များ၏ ထိုးစစ်သည်လည်း မျှော်လင့်သည်ထက် ပိုမိုလျင်မြန်စွာ အောင်မြင်နေရာ မျိုးချစ်ဗမာ့တပ်မတော်၏အထက် မြန်မာပြည် တိုင်းမှူး ဗိုလ်မှူးကြီး ဗထူး (နောက်ပိုင်း တော်လှန်ရေးအတွင်းမှာပင် ကွယ်လွန်)သည် ဗိုလ်ချုပ်အောင်ဆန်းထံမှ လျှို့ဝှက်ခွင့်ပြုချက် ရယူပြီး အခြားစစ်တိုင်းများထက် အချိန်ပိုစောစွာ မတ်လ ၂၇ ရက်နေ့ မတိုင်မီကပင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံရှိ ရန်သူဖက်ဆစ်တို့အား တော်လှန်တိုက်ခိုက်ရာတွင် လူအား၊ လက်နက်အားချင်းမမျှသဖြင့် မဟာမိတ် (ဗြိတိသျှ) တို့နှင့် ဆက်သွယ်နားလည်မှု ယူကာ တိုက်ခိုက်မှအောင်မြင်နိုင်မည်ဟူသော စစ်ရေး မဟာဗျူဟာကို ခပ်စောစောကပင် ချမှတ်ခဲ့ရုံမက အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု (S.E.A.C) သေနာပတိချုပ် ရေတပ် ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လော့ဒ်မောင့်ဘက်တန်နှင့် ကြိုတင်လျှို့ဝှက်ဆက်သွယ် ကမ်းလှမ်းရာ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကလည်း နိုင်ငံရေးအမြော်အမြင်ကြီးစွာဖြင့် နားလည် လက်ခံခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင်းရှိ ဖက်ဆစ်တော်လှန်ရေးအင်အားစုနှင့် ဆက်သွယ်ဆောင်ရွက်ရန် ဗြိတိသျှ ထောက်လှမ်းရေး 'တပ်ဖွဲ့ ၁၃၆'(Force 136) ကိုလည်း ညွှန်ကြားအမိန့်ပေးထားပြီး ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော ၁၉၄၅ ခုနှစ် မေလဆန်းတွင် ဗိုလ်ချုပ် အောင်ဆန်း၏ တပ်မတော် ရှေ့တန်းစစ်ဌာနချုပ် ယာယီစခန်းမှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင် ကျေးလက်ဒေသတစ်နေရာမှ 'ပုဏ္ဏား' ရွာ ကလေးတွင် ရှိနေပါသည်။

ဖော်ပြပါ 'တပ်ဖွဲ့ ၁၃၆'သည် မြန်မာနိုင်ငံအား တန်ပြန်ထိုးစစ်ဆင် တိုက်ရန် တာဝန်ကျသည့် ဗြိတိသျှ အမှတ် ၁၄ တပ်မတော် (14th ARMY) ၏ ထောက်လှမ်းရေးတပ်ဖွဲ့လည်းဖြစ်ပြီး ယင်း၏ လျှို့ဝှက်စစ်ဆင်ရေး တာဝန် တစ်ခုကား ပြည်တွင်းမှ ဗိုလ်ချုပ်အောင်ဆန်းတို့ ရွေးချယ်ပြီး အိန္ဒိယသို့ စေ လွှတ်သော လက်ရွေးစင်ရဲဘော်များအား လေထီးသင်တန်း လေ့ကျင့်ပေးပြီး တော်လှန်ရေး အချိန်ကျလျှင် ပြည်တွင်းရှိ ရန်သူ (ဖက်ဆစ်ဂျပန်) တပ်များ၏ နောက်တန်းသို့ လက်နက်ခဲယမ်းများနှင့်တကွ လေထီးဖြင့် လျှို့ဝှက်ခုန်ဆင်းကာ ပြည်တွင်းမှ ပြောက်ကျားများနှင့်အတူ ရန်သူကို စစ်ဆင်တိုက်ခိုက်ရန်ပင် ဖြစ်သည်။ ဤနည်းအားဖြင့် နိုင်ငံတော်သမ္မတဟောင်း မန်းဝင်းမောင်၊ မျှော် ကိုအုံးမောင်၊ ရဲဘော် ချစ်ကောင်း (မြင်းခြံ)စသော ရဲဘော်များသည် တော်လှန်ရေး ကာလအတွင်းက လေထီးဖြင့် ခုန်ဆင်းကာ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့ကြ သူများ ဖြစ်သည်။

[မှတ်ချက်။ ။ အိန္ဒိယတွင် လေထီးသင်တန်းစနစ်တကျ လေ့ကျင့် သင်ကြားပြီးကာမှ မြန်မာနိုင်ငံသို့ တော်လှန်ရေးအမီ ပြန်ရန် လေယာဉ်ဖြင့် တက်ကြစဉ် လေယာဉ်ပျက်ကျပြီး ကွတ်လွန်သွားရှာသူ သခင်ဗိုလ်နှင့်ဟသ်ာတ ကိုဗသိန်းတို့အဖွဲ့၏ ကံကြမ္မာကတော့ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှပါသည်။]

တပ်ဖွဲ့ ၁၃၆ နှင့် ပတ်သက်၍ ရှင်းလင်းဖော်ထုတ်စရာ ရှိပါသည်။ ယင်းတပ်ဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်များကို စေတနာမှန်စွာ ထားရှိသူ ရှိသလို စေတနာမမှန်ဘဲ စိတ်ထားယုတ်မာသူ အုပ်စုတစ်ခုကလည်း ရှိခဲ့သည်။ ယင်း အုပ်စုသည် အမှတ် ၁၄ တပ်မတော်မှ အကြီးအကဲ ဗိုလ်ချုပ်



များထံ အစီရင်ခံရာတွင် မြန်မာပြည်မှ အောင်ဆန်း၏တပ်သည် ယုံကြည် စိတ်ချ၍မရကြောင်း၊ ဂါဝင်သူတပ်သားများကလည်း [illegible] အလုပ် လက်မဲ့ ကြမ်းပိုးသေးလေ၊ လူပေ လူဆိုးတွေသာဖြစ်၍ [illegible] များတွင် အားကိုး၍မရကြောင်း စသဖြင့် ဗိုလ်ချုပ်တို့အား မဟုတ်မ [illegible] အပုပ်ချ လျက် သတင်းပို့ထားခဲ့ကြသည်။

ထို့ကြောင့် ဗြိတိသျှ အမှတ် ၁၄ တပ်မတော်မှ အကြီးအကဲ (သေနာ ပတိ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်း အပါအဝင်) ဗိုလ်ချုပ်များသည် ဗိုလ်ချုပ် အောင်ဆန်းကိုပါ အထင်အမြင် သေးနေကြတော့သည်။

*

၁၉၄၅ ခုနှစ်၊ မေလ ပထမရက်သတ္တပတ်အတွင်း ကျွန်ုပ်တော်တို့ တပ်မတော် ရှေ့တန်းစစ်ဌာနချုပ်သို့ အရေးပါသော သတင်းတစ်ခု ရောက်ရှိ လာပါသည်။

ထိုသတင်းကား ကျွန်တော်တို့ရှိရာ သရက်မြို့နယ်နှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ အောင်လံ (မြေထဲ)မြို့သို့ ဗြိတိသျှတပ်များ ရောက်ရှိ စခန်းချနေကြပြီဟူသော သတင်းပင်ဖြစ်သည်။

မရေးမနှောင်းမှာပင် ကျွန်တော်တို့ ဌာနချုပ်သို့ ရေဒီယိုဖြင့် သတင်းပို့ချက် ရောက်လာရာ ယင်း သတင်းပို့ချက်တွင်ဗြိတိသျှ အမှတ် ၁၄ တပ်မတော်၏ သေနာပတိ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ဆုံ ဆွေးနွေးရန် အချိန်တန်ပြီ ဖြစ်၍ အောင်လံမြို့ရှိ ဗြိတိသျှ အမှတ် ၂၅၈၊ တပ်မဟာဌာနချုပ်သို့ လာရောက်ဆက်သွယ်ပါရန် ပါရှိလေသည်။

[မှတ်ချက်။ စင်စစ်အားဖြင့် ဗြိတိသျှ သေနာပတိ ဗိုလ်ချုပ်ကြီးဆလင်း သည် ထောက်လှမ်းရေးတပ်ဖွဲ့ '၁၃၆'၏ သတင်းပို့ အစီရင်ခံချက်များကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား အထင်သေးပြီး တွေ့လည်းမတွေ့လိုချေ။ သို့သော် သူတို့၏ထိပ်သီး အကြီးအကဲ မဟာမိတ် တပ်ပေါင်းစု သေနာပတိချုပ် ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန်က မြန်မာပြည်မှ ဂျပန် တပ်များအားလုံးကို တိုက်ထုတ်ရန်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သူ့အား တစ်ခဲနက် ထောက်ခံအားပေးနေသော မြန်မာလူထု၏ပူးပေါင်းကူညီမှု မပါဘဲ မအောင်မြင်နိုင်။ ထို့ကြောင့် အောင်ဆန်းနှင့် မပျက်မကွက်တွေ့ဆုံဆွေးနွေးပါဟု အမိန့်ပေးထား၍သာ ဗိုလ်ချုပ်ကြီး ဆလင်းသည် ဗိုလ်ချုပ်အောင်ဆန်းအား တွေ့ဆုံရန် သဘောတူခဲ့ခြင်း ဖြစ်သည်။]

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အရ မြစ်အရှေ့ဘက်ကမ်း အောင်လံမြို့ရှိ ဗြိတိသျှတပ်အကြီးအကဲများနှင့် ဆက်သွယ်စီစဉ်ရန် ရှေ့ပြေးအဖွဲ့အဖြစ် တိုင်းမှူးဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်)၊ အမှတ် ၆ တပ်ရင်းမှူး ဗိုလ်မှူးစိန်ဝင်း (နောင်တွင် ဗိုလ်မှူးချုပ်၊ ဝန်ကြီး၊ နိုင်ငံတော်ကောင်စီဝင်၊ ယခု ကွယ်လွန်။) ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)နှင့် ကျွန်တော်တို့ လေးဦးသည် လိုအပ်မည်ထင်သည့် အချက်အလက်များပါသော စာရွက်စာတမ်းများပါ ယူဆောင်လျက် အောင်လံမြို့ဘက်သို့ ကူးသွားကြပါသည်။

အောင်လံရှိ ဗြိတိသျှ တပ်မဟာ အမှတ် ၂၅၈ ကို ဦးစီးကွပ်ကဲသူမှာ ဗိုလ်ချုပ်အီဗင်း (Maj-Gen EVANS) ဆိုသူဖြစ်ပြီး ကျွန်တော်တို့အား ဆက်သွယ်ရေးအရာရှိအဖြစ် ကြိုဆိုသူက တပ်မဟာထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးဘားနက် (Capt. Burnett) ဆိုသူဖြစ်ပါသည်။

ကျွန်တော်သည် ဗမာ့တပ်မတော်၏ ဖွဲ့စည်းပုံကို အင်္ဂလိပ်ဘာသာဖြင့် စနစ်တကျ လက်နှိပ်စက် ရိုက်ယူသွားပါသည်။ စစ်ကြိုခေတ်က ကျွန်တော့်အနေဖြင့် ယူတီစီ (U.T.C) ခေါ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ရင်းတွင် လေးနှစ်ခန့် ပါဝင်ခဲ့ဖူးသဖြင့် ဗြိတိသျှတို့၏စစ်သုံးဝေါဟာရများကို ကောင်းမွန်နားလည်ကျွမ်းကျင်ထားပြီးဖြစ်ရာ တကယ်တော့ ဂျပန်ခေတ်က ဗမာ့တပ်မတော်သည် ဂျပန်ပုံစံ ဖွဲ့စည်းထားသော်လည်း အင်္ဂလိပ်လို ရေးဆွဲရာ၌ ကျွန်တော်သည် အင်္ဂလိပ်တွေ နားလည်လွယ်အောင် ဗြိတိသျှ စစ်သုံးဝေါဟာရများဖြင့် အင်္ဂလိပ်တပ်ပုံစံအတိုင်း ရေးဆွဲသွားခဲ့ပါသည်။

တပ်မဟာမှူး ဗိုလ်ချုပ် အီဗင်းနှင့် မိတ်ဆက်ပေးပြီးနောက် ကျွန်တော်လှမ်းပေးသော အင်္ဂလိပ်ဘာသာဖြင့် ဖွဲ့စည်းပုံကိုဖတ်ကြည့်ပြီး ဗြိတိသျှဗိုလ်ချုပ်သည် အတူးအံ့အားသင့်သွားပုံ ရပါသည်။

'ဒီဥာတမ်းကို ဘယ်သူ ရေးတာလဲ'

တပမဟာမှူးကြီးက အင်္ဂလိပ်လိုမေးရာ အဖွဲ့ဝင်လေးဦးအနက် ရာထူးအငယ်ဆုံး (ကပ္ပတိန်အဆင့်သာရှိသူ) ကျွန်တော်က ရှေ့သို့တိုးသွား၍ ဗိုလ်ချုပ်အီဗင်းအား အလေးပြုခြင်း

'ကျွန်တော် ရေးတာပါ'

'I did, Sir'

ဟု အင်္ဂလိပ်လို ပြောလိုက်ပါသည်။



ကျွန်တော် အင်္ဂလိပ်လို ပြောလိုက်သည့်အသံထွက် (Accent)လေသံကို ကြားလျှင် တပ်မဟာမှူးကြီးသည် ပို၍ပင် အံ့ဩသွားပါသည်။

'နင်း အင်္ဂလန်ပြည်ကို ရောက်ဖူးသလား'

ဤသို့ ထပ်မေးပြန်ရာ ကျွန်တော်ကလည်း

'မရောက်ဖူးပါဘူး ဗိုလ်ချုပ်'

ဟု အမှန်အတိုင်း ပြောလိုက်သည်။

'ဒါဖြင့် မင်းက ဘယ်လိုလုပ်ပြီး ဒီလို အင်္ဂလိပ်စာမျိုး ရေးနိုင်တာလဲ'

ယင်းစကားကို တပ်မဟာမှူးကြီး ပြောပုံမှာ စစ်ကြိုခေတ်က လူကြီးများကြားဖူးသောအင်္ဂလိပ်စစ်သား (ဂေါရာ)များပြောသည့် ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်း ပြောနည်းမျိုးဖြင့်

'Then how the hell can you write this kind of English?'

ဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်ကတော့ ခပ်ပြုံးပြုံးပင် ပြန်ဖြေပါသည်။

'ကျွန်တော်ဟာ ငယ်စဉ်ကတည်းက အင်္ဂလိပ်စာပေကို ဝါသနာပါလို့ အထူး ကြိုးစားလေ့လာခဲ့ပါတယ်၊ အခုဆိုရင် ကျွန်တော်ဟာ အင်္ဂလန်ပြည်သားသာမန် အင်္ဂလိပ်လူမျိုးတစ်ဦးထက် အင်္ဂလိပ်စာပေအကြောင်း နားလည်တတ်ကျွမ်းပါတယ်၊ စာပေရေးရာတွေလည်း ဆွေးနွေးနိုင်ပါတယ်'

ကျွန်တော်က ဤသို့ ပြောနေစဉ် မလှမ်းမကမ်းမှာ ရပ်နားထောင်နေသူ ဗိုလ်မှူးအောင်နှင့် ဗိုလ်မှူးစိန်ဝင်းတို့သည် စိတ်ထဲမှ 'ငါတို့ဆီက ချာတိတ်ကပ္ပတိန်က အင်္ဂလိပ်တပ်မဟာမှူး ဗိုလ်ချုပ်တစ်ဦးကို ရေရေလည်လည်အနိုင်ယူလိုက်တာပဲ'ဟု ကျိတ်ပြီး ဝမ်းသာအားရဖြစ်မိကြောင်း နောက်နှစ်ပေါင်းနှစ်ဆယ်ခန့်အကြာ ဆောက်လုပ်ရေးဝန်ကြီးအဖြစ် ပြန်တွေ့ရသူ ဗိုလ်မှူးချုပ်စိန်ဝင်းက ပြန်ပြောပြ၍ သိရပါသည်။

ထို့နောက် ကျွန်တော်ကပင် စကားပြန်လုပ်၍ နောက်တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းတို့ တွေ့ဆုံဆွေးနွေးရန်အတွက် စီစဉ်ကြရာ အမှတ် ၁၄ တပ်မတော်ဌာနချုပ်ရှိရာ မိတ္ထီလာမြို့သို့ လေယာဉ်တစ်စင်းဖြင့် အောင်လံမြို့သို့ လာကြမည်ဟု တပ်မဟာမှူးကြီးက ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို အောင်လံမြို့သို့ခေါ်သွားပြီး ဗြိတိသျှတပ်မဟာ ၂၅၈ တပ်မဟာမှူးကြီး ဗိုလ်ချုပ်အီဗင်းနှင့် မိတ်ဆက်ပေးလိုက်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဣန္ဒြေတည်ကြည်ပုံ၊ အင်္ဂလိပ်စကားကို ကျွမ်းကျင်မှန်ကန်စွာ ပြောနိုင်ပုံတို့ကြောင့် ဗြိတိသျှဗိုလ်ချုပ်သည် အံ့သြနေပုံရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ခေတ်မီ လက်နက်ကိုင် စစ်တပ်ဖွဲ့စည်းတည်ထောင်ပြီး မြန်မာ့လွတ်လပ်ရေးကို တိုက်ယူလိုသဖြင့် ပြည်ပအကူအညီရှာဖွေရင်း ဂျပန်ထောက်လှမ်းရေးနှင့် ဆက်သွယ်မိပုံကအစ 'ဘီအိုင်အေ'ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းခဲ့ပုံ၊ သို့သော် နောက်ပိုင်း ဂျပန်ပြည်တွင် အာဏာရအဖွဲ့ဖြစ်သော ဂျင်နရယ်'တိုဂျို'တို့အုပ်စု၏ ဖက်ဆစ်စနစ်နှင့် စစ်မက်ဝါဒ (Militarism)ကို စက်ဆုပ်သဖြင့် ပြန်လည်တော်လှန်ရပုံ စသည်တို့ကို နိုင်ငံရေးသိပ္ပံဘာသာ ပို့ချနေသလို အင်္ဂလိပ်ဘာသာဖြင့် ရေးလည်စွာ ပြောသွားပါသည်။

ခပ်လှမ်းလှမ်းတွင် ကျွန်တော်တို့နှင့်အတူ ထိုင် နားထောင်သူ တပ်မဟာ ထောက်လှမ်းရေးအရာရှိ 'ကပ္ပတိန် ဘားနက်'သည် ဗိုလ်ချုပ်အောင်ဆန်းကို အကဲခတ်ရင်း အထူးပင် လေးစားအံ့ထင်ကြီးသွားပုံ ရပါသည်။

ထို့ပြင် ကျွန်တော့်နားသို့ကပ်၍

'မင်းတို့ မြန်မာနိုင်ငံမှာ ဂျင်နရယ် အောင်ဆန်းလို ခေါင်းဆောင်မျိုး ရှိနေတာ အလွန်ကံကောင်းတယ်လို့ ဆိုရမယ်၊ သူဟာ တကယ် ရိုးသားတည်ကြည်ဖြောင့်မတ်သူ တစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားတယ်၊ ဒါကြောင့် မင်းတို့ လူငယ်တွေက သူ့ကို ကိုးကွယ်လုမတတ် ကြည်ညိုလေးစားကြတာ အံ့သြစရာမရှိဘူး'ဟု ပြောပါသည်။

[မှတ်ချက်။ ။အထက်ပါ နောက်ဆုံးဝါကျမှာ ဗြိတိသျှ ကပ္ပတိန်ဘားနက်က အင်္ဂလိပ် ဘာသာဖြင့်–

'No wonder you chaps worship him!'

ဟူသော အင်္ဂလိပ်ဝါကျကို အဆီလျော်ဆုံးဖြစ်အောင် ဘာသာပြန်ဖော်ပြ လိုက်ခြင်း ဖြစ်ပါသည်။]

*



မိတ္ထီလာမြို့ရှိ ဗြိတိသျှ အမှတ် ၁၄ တပ်တော်ဌာနချုပ်သို့ ရောက်သွားသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် (အင်္ဂလိပ်တို့အမြင်တွင်) ဂျပန် ဗိုလ်ချုပ်တစ်ဦး၏ စစ်ဝတ်စုံ ယူနီဖောင်းအပြည့်အစုံကို စနစ်တကျ ဝတ်ဆင်ထားရုံမက ဂျပန်ရိုးရာ 'ဆာမူရိုင်း'ခေါ် ရှေးခေတ် သူရဲကောင်းတို့၏ ဓားရှည်တစ်လက်ပါ ခါးတွင် ချိတ်ဆွဲလျက် တည်ကြည်သော ဣန္ဒြေဖြင့် လျှောက်ဝင်သွားလေရာ ဗြိတိသျှ စစ်ဌာနချုပ်မှ အရာရှိအချို့သည် ရုတ်တရက် အံ့အားသင့် တုန်လှုပ်သွားကြပုံ ရပါသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်ဘာသာဖြင့် အထူးယဉ်ကျေးရည်မွန်စွာ နှုတ်ခွန်းဆက် စကားပြောရာ အင်္ဂလိပ်သေနာပတိ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းကပင် အလားတူ ယဉ်ကျေးရည်မွန်စွာ ပြန်လည် နှုတ်ခွန်းဆက်ရင်း ခရီးဦးကြို ပြုပါသည်၊

ဤနေရာတွင် ဗြိတိသျှ ဗိုလ်ချုပ်ကြီးဝီလျံဆလင်း ကိုယ်တိုင် စစ်ပြီးခေတ်ကျမှ ရေးသားခဲ့သော Defeat Into Victory အမည်ရှိ စာအုပ်မှ ကောက်နုတ်ချက် အချို့ကို အောက်တွင် ဆက်လက် ဖော်ပြသွားပါမည်။

*'စတင် စကားပြောရာ၌ အောင်ဆန်းသည် ခပ်တည်တည် ခပ်တင်းတင်း ပြောသည်။ သူသည် မြန်မာပြည်သူတို့၏ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်က ဖွဲ့စည်းတည်ထောင်သော မြန်မာနိုင်ငံ ယာယီအစိုးရ ကိုယ်စားလှယ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း စတင်ပြောပါသည်။ ယခု ဤနေရာသို့ လာခြင်းမှာလည်း မဟာမိတ်တပ်မှူး (Allied Commander) တစ်ဦးအဖြစ် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ သူသည် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း၊ သို့သော် သူ့အား ဗြိတိသျှ သေနာပတိ၏လက်အောက်ခံ မဟုတ်ဘဲ မဟာမိတ်တပ်မှူးအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုလိုကြောင်း ပြောပါသည်။*

*'ကျွန်ုပ်သည် အောင်ဆန်း၏ ရဲတင်းပွင့်လင်းမှုကို စိတ်ထဲမှ အံ့သြချီးကျူးမိရုံမက သူ့ကိုလည်း ကျွန်ုပ်အနေဖြင့် လေးစားချီးကျူးမိကြောင်း ပြောလိုက်ပါသည်။*

*'သို့ရာတွင် ကျွန်ုပ်ကဆက်လက်၍ အောင်ဆန်းအား သူသည် ဗြိတိသျှ အင်ပိုင်ယာအတွင်း မွေးဖွားခဲ့သူ ဗြိတိသျှနိုင်ငံသားအနေဖြင့် ဗြိတိသျှ အစိုးရအား တော်လှန်ပုန်ကန်တိုက်ခိုက်သည့်အမှု ကျူးလွန်ခဲ့သူဖြစ်သည့်ပြင် ရာဇသတ်ကြီး*

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မအရ သူ့အား လွှသတ်မှုဖြင့် အရေးယူတရားစွဲရန် ကျွန်ုပ်တို့တွင် သက်သေ အထောက်အထားများလည်းရှိကြောင်း၊ ယခု သူသည် ကျွန်ုပ်တို့၏ ဌာနချုပ်သို့ လာရောက်ရာတွင် ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်ပါက သူ၏ တပ်စခန်းဌာနချုပ်သို့ ကောင်းမွန်စွာ ပြန်ပို့ပေးမည်ဟု ကျွန်ုပ်တို့က ပါးစပ်ကတိသာ ပေးခဲ့ကြောင်း၊ ယင်းအခြေအနေအရ အောင်ဆန်းအနေဖြင့် ကျွန်ုပ်တို့ ဌာနချုပ်သို့ လာရောက်ခြင်းသည် အန္တရာယ်ရှိနိုင်သည်ဟု စိုးရိမ်မကင်း မဖြစ်မိပါလောဟု ကျွန်ုပ်က မေးလိုက်သည်။

ထိုအခါ အောင်ဆန်းသည် စိုးရိမ်တုန်လှုပ်မှု လုံးဝ ဖြစ်ပုံမရဘဲ

"မစိုးရိမ်မိပါဘူး'

ဟု ခပ်တည်တည်ပင် ပြန်ဖြေပါသည်။

'ဘာကြောင့် မစိုးရိမ်တာလဲ'

ကျွန်ုပ်က ထပ်ဆင့် မေးလိုက်သောအခါ အောင်ဆန်းက

'ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ ဗြိတိသျှလူမျိုး အရာရှိတစ်ဦး ဖြစ်လို့ပါပဲ'

ဟု လေသံအေးအေးနှင့် ခပ်တည်တည်ပင် ပြန်ပြောပါသည်။

ကျွန်ုပ်သည် အောင်ဆန်း၏ပြန်ဖြေလိုက်ပုံကြောင့် အံ့အားသင့် တုန်လှုပ်သွားမိသည်ဟု ဝန်ခံရပါမည်။ သူ့အား ကျွန်ုပ်အနေဖြင့် လေးစား သဘောကျမိသည်ဟုလည်း ဆိုချင်ပါသည်။

{မှတ်ချက်။ ဗိုလ်ချုပ်ကြီး 'ဆလင်း'၏ဌာနချုပ်သို့ ဗိုလ်ချုပ်အောင်ဆန်း ဂျပန် 'မေဂျာဂျင်နရယ်' ယူနီဖောင်းဝတ်စုံ ဝတ်သွားသည်ဆိုခြင်းမှာ ဂျပန်ခေတ် က ဗမာ့တပ်မတော်၏ စစ်ဝတ်စုံများသည် ဂျပန်စစ်ဝတ်စုံ ပုံစံအတိုင်း ဖြစ်ခဲ့သောကြောင့်ပင်တည်း။ ရာထူးအဆင့် တံဆိပ်များသာ မတူချေ။ ဤတွင်လည်း သဘောလောက်သာ ကွာသည်။ ဥပမာ ဂျပန် တပ်မှ ရာထူးတံဆိပ်မှာ နောက်ခံ အနီရောင်တွင် ကြယ်ပွင့်များ ဆင့်ထားပြီး ဗမာ့ တပ်မတော်ကတော့ နောက်ခံ အစိမ်းရောင်တွင် ငွေရောင် ကြယ်ပွင့်များ တပ်ဆင်ထားသည်။ သို့သော် အဆင့်ပြထားပုံက တူသည်။ ဥပမာ ကပ္ပတိန် (ဗိုလ်ကြီး)ဆိုလျှင် သုံးလိုင်း နှင့် ကြယ်သုံးပွင့် ဖြစ်သည်။ ဂျပန်စစ်တံဆိပ်က အဝါရောင်လိုင်းသုံးလိုင်း၏ အလယ်လိုင်းပေါ်တွင် ကြယ်ပွင့်များတပ်ပြီး ဗမာ့တပ်မတော်တံဆိပ်က ငွေရောင်လိုင်းသုံးလိုင်းဘေးမှ ငွေရောင် ကြယ်သုံးပွင့် စီ၍ ထားသည်။

ယူနီဖောင်းပုံစံချင်းတူသောကြောင့် ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်း၏စာအုပ် တွင် အောင်ဆန်းသည် ဂျပန် မေဂျာဂျင်နရယ် ဝတ်စုံဝတ်လာသည်ဟု ရေးခဲ့ခြင်းဖြစ်သည်။}



ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ပွင့်လင်းမှု၊ တည်ကြည်မှုကို သဘောကျမိကြောင်း သူ၏ စာအုပ်တွင် အတိအလင်း ဝန်ခံထားပေသည်။

'ဂျပန်တို့နှင့် ပူးပေါင်းခဲ့ခြင်းနှင့် ပတ်သက်၍ သူသည် မြန်မာပြည်အား ဂျပန်တို့က တကယ့် လွတ်လပ်ရေး ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ သို့ရာတွင် ဂျပန်တို့က မိမိတို့ မြန်မာပြည်သူများအပေါ် ဖိနှိပ်ခြင်း၊ နှိပ်စက်ခြင်း များပြုလာသောအခါ ကျွန်ုပ်တို့ (ဗြိတိသျှ)၏ မြန်မာ့လွတ်လပ်ရေး ပေးပါမည်ဟု မူလ ကတိစကားကို လိုက်လျောလိမ့်မည်ဟု မျှော်လင့်လျက် ကျွန်ုပ်တို့ထံ ပြန်လည်ဆက်သွယ်ခြင်းဖြစ်ကြောင်းကို အောင်ဆန်းက ခပ်ဘွင်းဘွင်းပင် ပြောခဲ့သည်။

ဤတွင် ကျွန်ုပ်က

'ဒီမယ် အောင်ဆန်း မင်းက ကျုပ်တို့ဘက်ကို ချဉ်းကပ်တာဟာ ကျုပ်တို့က စစ်ရေးမှာ နိုင်နေလို့ မဟုတ်လား'

ဟု မေးလိုက်ရာ အောင်ဆန်းကလည်း

'တကယ်လို့ ခင်ဗျားတို့ကသာ စစ်ပွဲမှာ အရေးသာ မနေရင် ကျုပ်က ခင်ဗျားတို့ဆီ လာလို့ အကျိုးရှိမှာမှ မဟုတ်ဘဲ'

ဟု ပြောင်ပြောင်တင်းတင်းပင် ပြောခဲ့သည်။

ဤတွင် ကျွန်ုပ်သည် အောင်ဆန်း၏ အမှန်အတိုင်း ရိုးသားပွင့်လင်းမှုကို အထူးသဘောကျသွားမိတော့သည်။

'ကျွန်ုပ်အနေဖြင့် သူ့အား အကဲဖြတ်ကြည့်ရာ၌ အောင်ဆန်းသည် ကျွန်ုပ် စောစောက ထင်မိသလို ရက်စက်ကြမ်းကြုတ်ပြီး မူဝါဒမရှိသော ပြောက်ကျား ခေါင်းဆောင်တစ်ဦး မဟုတ်ဘဲ အမှန်တကယ် သူ့တိုင်းပြည်ကို ချစ်သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်ပြင် အမှားအမှန်ကို ကောင်းစွာ ချိန်ဆနိုင်သူတစ်ဦးအဖြစ်လည်း တွေ့ရပေသည်။ ယင်းသို့သော ပုဂ္ဂိုလ်မျိုး တွေ့ရခဲပေသည်။

အောင်ဆန်းနှင့် ပတ်သက်၍ ကျွန်ုပ် အထူးအထင်ကြီးမိသော အရည်အချင်းကား သူ၏ရိုးသားဖြောင့်မတ်မှုပင်ဖြစ်သည်။ သူသည် တစ်ခုခုလုပ်ပါမည်ဟု ကတိပေးပြီးပါက မည်သို့ပင်ဖြစ်စေ ကတိတည်စွာ တကယ်လုပ်မည့် လူစားမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



*'ထို့ကြောင့် ကျွန်ုပ်စိတ်ထဲ၌ အောင်ဆန်းနှင့် အလုပ်လုပ်လျှင် ကောင်းမွန်သော အလုပ်ဖြစ်မည်ဟု ဆုံးဖြတ်လိုက်မိတော့သည်'*

*

ဗိုလ်ချုပ်ကြီး ဝီလျံစလင်းသည် ဒုတိယကမ္ဘာစစ် အတွင်းမှာ အ ဆာဘွဲ့ရရှိပြီး စစ်ပြီးဆုံးသောအခါ ဗြိတိသျှ စစ်ဘက်ဆိုင်ရာ အမြင့်ဆုံးအဆင့် ရာထူးဖြစ်သော ဖီးလ်မာရှယ် Field Marshal ခေါ် ဗိုလ်ချုပ်မှူးရာထူးကို ချီး ပေးခြင်းခံရသည့်ပြင် C.I.G.S ခေါ် ဗြိတိသျှ အင်ပိုင်ယာလုံးဆိုင်ရာ ကာကွယ်ရေး ဦးစီးချုပ် (Chief Of The Imperial General Staff)အဖြစ် ခန့်ထားခြင်း ပေးခြင်း ခံခဲ့ရသည်။ ယင်းရာထူးမှပင် အငြိမ်းစားယူခဲ့သည်။

တစ်ဖန် အငြိမ်းစားယူပြီးနောက် သူ့အား ဗြိတိသျှအစိုးရက ထပ်မံ၍ သူကောင်းပြုသည့်အနေဖြင့် ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် (Governor General) ခန့်ထားခဲ့လေသည်။

သူ ဩစတြေးလျနိုင်ငံတွင် ဘုရင်ခံချုပ်ဖြစ်နေစဉ် 'ကင်ဘာရာ'မြို့တော်၌ မြန်မာသံရုံးတွင် မြန်မာ့စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူမှာ ကျွန်တော်၏ မိတ်ဆွေ ဗိုလ်မှူးအေးငွေ (စာရေးဆရာ ဒဂုန်မြတ်လေးမွှယ်) ဖြစ်လေသည်။

*

တပ်မှ အငြိမ်းစားယူပြီးနောက် ဗိုလ်မှူးအေးငွေသည် စစ်ပြန်မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာ ဝင်လုပ်နေရာ ကစ်နေ့သ၌ ကျွန်တော်၏ စာမူတစ်ပုဒ် ပေးရန်အတွက် ပန်းဆိုးတန်းရှိ 'စစ်ပြန်'မဂ္ဂဇင်းတိုက်သို့ ရောက်သွားခဲ့ လူချင်း ဆုံမိကြသည်။

ဗိုလ်မှူးအေးငွေသည် ကျွန်တော့်ကို မြင်လျှင် ဗိုလ်ချုပ်အောင်ဆန်းအခ သတိရမိပြီး ဩစတြေးလျနိုင်ငံတွင် သူ ရှိနေစဉ်က သူ၏အတွေ့အကြုံကို ပြောပြပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

*

ဩစတြေးလျနိုင်ငံ၏ မြို့တော် 'ကင်ဘာရာ'မြို့ သံတမန် ညစာစားပွဲတစ်ခု သို့ ဘုရင်ခံချုပ် 'ဆာ ဝီလီယံ ဆလင်း'ကလည်း တက်ရောက်လာရာ မှ ခြားရေးရာဌာနမှ အရာရှိတစ်ဦးက စစ်သံမှူး ဗိုလ်မှူးအေးငွေအား ဘုရင်ခံချုပ် ရှိရာသို့ခေါ်သွားပြီး မြန်မာသံရုံးမှ စစ်သံမှူးဖြစ်ကြောင်း မိတ်ဆက်ပေးလေသည်။



ထိုအခါ ဘုရင်ခံချုပ် ဆာဝီလျံဆလင်းသည် အလွန် စိတ်ဝင်စားဟန် ဖြင့် သူသည် ၁၉၄၅ ခုနှစ်က မြန်မာပြည်ရှိ ဗြိတိသျှအမှတ် ၁၄ တပ်တော်၏ သေနာပတိဖြစ်ခဲ့ကြောင်း၊ ယခု မြန်မာသံရုံးမှ စစ်သံမှူးနှင့် တွေ့ရ၍ အထူး ဝမ်းမြောက်မိသည့်ပြင် စစ်အတွင်းက မိတ္ထီလာမြို့ စစ်ဌာနချုပ်တွင် မြန်မာ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံပုံ၊ ဗိုလ်ချုပ်အား အလွန်ထူးချွန် ထက်မြက်သော ခေါင်းဆောင်တစ်ဦးအဖြစ် လေးစားခဲ့မိပုံများကို အားရပါးရ ပြန်ပြောင်း ပြောခဲ့လေသည်။

*'မြန်မာပြည် လွတ်လပ်ရေးရခါနီးမှ တိုင်းပြည်ကို ဦးဆောင်ဖို့ အောင်ဆန်း လို ထူးခြားထက်မြက်တဲ့ ခေါင်းဆောင်တစ်ဦး ရှိနေတာဟာ မင်းတို့နိုင်ငံအတွက် အလွန် ကံကောင်းတယ်လို့ ကျုပ် ယူဆခဲ့မိတယ်၊ သူ့ရဲ့ ရိုးသားဖြောင့်မတ်မှု၊ အမှန်တရားကို ရဲရဲဝံ့ဝံ့ ပွင့်လင်းစွာ ပြောတတ်မှုတွေကြောင့် ကျုပ်ဖြင့် သူ့ကို အလွန် သဘောကျမိခဲ့တယ်၊ ဒါပေမဲ့ မြန်မာပြည် လွတ်လပ်ရေး ရလုဆဲဆဲ ၁၉၄၇ ခုနှစ်က အောင်ဆန်း လုပ်ကြံခံရပြီး ကျဆုံးသွားတာဟာ မင်းတို့ မြန်မာပြည်အဖို့ အလွန် ကြီးစွာသော နစ်နာဆုံးရှုံးမှုကြီးပဲလို့ ကျုပ် အောက်မေ့ မိတယ်'*

ဤသို့ ဘုရင်ခံချုပ်(ဗိုလ်ချုပ်မှူး) ဆာဝီလျံဆလင်းသည် လှိုက်လှိုက် လှဲလှဲ ပြောခဲ့ကြောင်းကို ဗိုလ်မှူးအေးငွေက ပြောပြ၍ သိခဲ့ရပါသည်။

*

ဤသည်တို့ကား ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ စစ်ဗိုလ်ချုပ်များ တွေ့ဆုံ ထိတွေ့ခဲ့ပုံအချို့ ဖြစ်ပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းတစ်ခေတ်မှာ ပေါ်ထွက်ခဲ့သော ခေါင်းဆောင်

၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလသည် ဗိုလ်ချုပ်အောင်ဆန်းအဖို့ အထူးပင့်အလုပ်များလှ သော ကာလဖြစ်သည်။ အအိပ်ပျက် အစားပျက်၍ နေ့မအား ညမအား မနားတမ်း အလုပ်များခဲ့သောအချိန် ဖြစ်သည်။

အကြောင်းမှုကား မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါဆုံး မှတ်တိုင် တစ်ခုအဖြစ် မော်ကွန်းတင်ထားရလတ္တံ့သော (၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပမည့်) ရွှေတိဂုံအလယ်ပစ္စယံ ပြည်လုံးကျွတ် ညီလာခံကြီးအတွက် ညီလာခံ သဘာပတိလုပ်ရမည့် ဗိုလ်ချုပ်သည် အကြီးအကျယ် ကြိုတင်ပြင်ဆင် နေသောကြောင့် ပင်တည်း။

ယင်း ရွှေတိဂုံ အလယ်ပစ္စယံ ညီလာခံကြီးတွင် ဗိုလ်ချုပ်က သဘာပတိ အဖြစ် အဖွင့်မိန့်ခွန်း ပြောရမည်ဖြစ်သည်။ သူ၏ ဝါသနာအတိုင်း ပြောရမည့် မိန့်ခွန်းကို အခြားသူတစ်ဦးအား မရေးစေဘဲ သူကိုယ်တိုင် အထူးအပင်ပန်းခံ၍ နေ့ရောညပါရေးခဲ့သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အခွန့်ရှည်စွာ မှတ်တမ်း တင် ကျန်ရစ်စေရမည်ဟူသော ရည်မှန်းချက်ဖြင့် သူ စိတ်တိုင်းကျ ရေးခဲ့ရခြင်း ဖြစ်သည်။

(မှတ်ချက်။ ယင်း မိန့်ခွန်းကို ဗိုလ်ချုပ်သည် မြန်မာလိုမရေး၊ အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည်။ သူ၏ နှလုံးသားထဲမှ ခံစားချက်၊ အတွေးအခေါ်နှင့် မျှော်ခေါ်ချက်ကို ကမ္ဘာက သိစေချင်၍ အင်္ဂလိပ်လို ရေးခဲ့ခြင်းဖြစ်သည်။ ဖဆပလအဖွဲ့ချုပ် အမှုဆောင်များက မနေ့စဉ် ဗိုလ်ချုပ်ရေးပြီးသမျှကို ကျွန်တော်က အင်္ဂလိပ်လက်နှိပ်စက်ဖြင့် ရိုက်ပေးရပြီးနောက် ဝန်ကြီး



ဟောင်း မြန်အောင် ဦးတင်အား မြန်မာ ဘာသာသို့ ပြန်စေခဲ့သည်။ သို့သော် အဆိုပါ ဘာသာပြန်ချက်ကို ဗိုလ်ချုပ်က သဘောမကျ။ သူ၏ မူရင်းအင်္ဂလိပ်လို မိန့်ခွန်းအတိုင်း မတိကျဟု ဆိုကာ '၂၀-၁-၄၆' နေ့ တကယ် ညီလာခံကြီး ဖွင့်သောအခါ ဗိုလ်ချုပ်သည် သူ၏ မူရင်း အင်္ဂလိပ်လို မိန့်ခွန်းကိုပင် ကြည့်၍ လက်တန်းပြောသွားခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတစ်လျှောက် အရှည်လျားဆုံး သဘာပတိ မိန့်ခွန်းကို ညွှန်ပြစမ်းပါဟုဆိုလျှင် အဆိုပါ မိန့်ခွန်းကိုပင် ထောက်ပြရမည် ဖြစ်သည်။ စာရေးသူ)

*

၁၉၄၅ ခု၊ ဒီဇင်ဘာလ၏တစ်ခုသော တနင်္ဂနွေနေ့ နံနက်ခင်းတွင် ဗဟန်း တာဝါလိန်းလမ်း(နတ်မောက်လမ်း)ရှိ ဗိုလ်ချုပ်အိမ်ရှေ့သို့ ဧည့်သည်တစ်ဦး ၏ မော်တော်ကား ထိုးဆိုက်လာရာ ကျွန်တော်သည် ဘယ်က ဧည့်သည်များပါ လိမ့်ဟု သိလို၍ ထမင်းစား စားပွဲတွင် ဗိုလ်ချုပ်မိန့်ခွန်းကို အင်္ဂလိပ် လက်နှိပ် စက် ရိုက်နေရာမှ ခေတ္တရပ်ပြီး ထွက်ကြည့်လိုက်သောအခါ ဗိုလ်ချုပ်ထံ မလာ စဖူးသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေကြောင်း တွေ့ရသဖြင့် အံ့ဩသွားမိပါသည်။

ထို ပုဂ္ဂိုလ်ကြီးကား လွန်ခဲ့သော အောက်တိုဘာလဆန်းကမှ ကွယ်လွန် သွားရှာသူ တရားရေးဝန်ကြီးဟောင်း ဦးမြင့်သိန်းနှင့် ကွယ်လွန်သူ ပါမောက္ခချုပ် ဒေါက်တာထင်အောင်တို့၏အစ်ကို၊ ကွယ်လွန်သူ ဝန်ကြီးဟောင်း အိုင်စီအက်စ် ဦးတင်ထွဋ်၏ညီရင်း တရားသူကြီးချုပ်ဟောင်း ဝတ်လုံတော်ရ ဦးကျော်မြင့်ပင် ဖြစ်ပါသည်။

ဦးကျော်မြင့်သည် အင်္ဂလန်နိုင်ငံမှ Bar-at-law ခေါ် ဝတ်လုံတော်ရဘွဲ့ ရရှိခဲ့သူဖြစ်သော်လည်း အစ်ကိုဦးတင်ထွဋ်နှင့်ညီ ဒေါက်တာထင်အောင်တို့လို အစိုးရ အမှုထမ်း ဝင်မလုပ်ခဲ့။ မျိုးချစ်စိတ် အပြူးထက်သန်တက်ကြွသူဖြစ်၍ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားနေသူ နိုင်ငံရေးသမားများကို စိတ်ထဲမှ လေးစား ချီးကျူးမိခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာ အထူးကျွမ်း ကျင်ပြီး 'ဒီးဒုတ်ဂျာနယ်'ကို ထုတ်ဝေသူနှင့် အယ်ဒီတာ လုပ်လျက် ကလောင် လက်နက်ဖြင့် ဗြိတိသျှ နယ်ချဲ့အား ပညာသားပါပါ တိုက်ခဲ့သူ ဆရာ ဒီးဒုတ် ဦးဘချို၏ အလွန်လေးစားပြီး ဦးဘချို၏အရင်းနှီးဆုံး မိတ်ဆွေလည်း ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်မြင့်သည် အစိုးရအလုပ်ကို ဖ-ဆ-ပ-လ ခေတ်ကျမှ လက်ခံလုပ်ကိုင်ခဲ့သည်။ ဗိုလ်ချုပ်တို့အား လုပ်ကြံမှုဖြင့် ဂဠုန်ဦးစောနှင့် အပေါင်းပါတို့အား ဥပဒေအရ တရားစီရင်ခဲ့သည့် အထူး ခုံရုံးသဘာပတိမှာ ဦးကျော်မြင့်ပင် ဖြစ်သည်။ ထို့နောက် လွတ်လပ်ရေးရပြီးခေတ်တွင် တရားလွှတ်တော်ချုပ် Supreme Court တရားသူကြီး၊ ထို့နောက် တရားသူကြီးချုပ်အဖြစ် အမှုထမ်းခဲ့သည်။

ဦးကျော်မြင့်သည် ဝတ်လုံလိုက်၍ သက်မွေးဝမ်းကျောင်းပြုရင်း မြန်မာ နိုင်ငံရေးဇာတ်ခုံကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ရှုနေသူဖြစ်ရာ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်မှ မွေးဖွားပေးလိုက်သော 'ကိုအောင်ဆန်း' အမည်ရှိ သမဂ္ဂခေါင်းဆောင်အား အထူးစိတ်ဝင်စားမိသဖြင့် ဂရုစိုက်ကြည့်နေခဲ့သည်။ ကျောင်းမှထွက်၍ တို့ဗမာ အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး၊ ထို့နောက် တစ်ဆင့် 'ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏' အထွေထွေအတွင်းရေးမှူးအဖြစ် အချိန်ပြည့် နိုင်ငံရေးသမား လုပ်လာတော့လည်း ကိုအောင်ဆန်းအား ပို၍ စိတ်ဝင်စားလာခဲ့လေသည်။

စစ်ပြီးခေတ် ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ခေါ် အမျိုးသားတပ်ဦးကြီးတွင် ဆရာဒီးဒုတ်ဦးဘချိုလို ပုဂ္ဂိုလ်ကြီးများပင် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို လက်ခံကာ ဗဟို အလုပ်အမှုဆောင်များအဖြစ် တက်ကြွစွာ ပါဝင်လှုပ်ရှားလာသောအခါတွင်မှ ဝတ်လုံတော်ရ ဦးကျော်မြင့်သည် ဗိုလ်ချုပ်အောင်ဆန်းအား အနီးကပ်လေ့လာ အကဲခတ်နိုင်ရန် လူချင်း တွေ့ဆုံ ဆွေးနွေးလိုစိတ် ဖြစ်ပေါ်လာတော့သည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ၏ တနင်္ဂနွေနေ့ တစ်နေ့တွင် ဗိုလ်ချုပ်နေထိုင်ရာ တာဝါလိန်း (နတ်မောက်လမ်း) နေအိမ်သို့ လာခဲ့ခြင်းပင် ဖြစ်သည်။

စစ်ကြိုခေတ်က ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂအသင်းသို့ ဝတ်လုံ ဦးကျော်မြင့် မကြာခဏ ဝင်ထွက်ရောက်ရှိတတ်ပါသည်။ သမဂ္ဂခေါင်းဆောင်များက တက္ကသိုလ်ကျောင်းသားများအတွက် ပညာပေး ဟောပြောပေးပါရန် အကူအညီတောင်းလျှင်လည်း မဆိုင်းမတွ လာရောက် ကူညီလေ့ရှိပါသည်၊



ထိုနေ့ နံနက်က ကျွန်တော်သည် ဦးကျော်မြင့်အား ရိုသေစွာ ခရီးဦး ကြိုပြုပြီးနောက် သူက ဗိုလ်ချုပ်နှင့် ခေတ္တတွေ့ဆုံ စကားပြောလိုကြောင်း ပြောလျှင် ကျွန်တော်လည်း အိမ်ပေါ်ထပ်တွင် ညီလာခံ မိန့်ခွန်းရေးနေသူ ဗိုလ်ချုပ်ထံ အပြေးတက်၍

'ဗိုလ်ချုပ် အောက်မှာ ဝတ်လုံဦးကျော်မြင့် ရောက်နေပါတယ်၊ ဗိုလ်ချုပ်နဲ့ ခဏလောက် စကားပြောချင်လို့တဲ့'

ဟု သတင်းပို့လိုက်ပါသည်။

'ဟေ ဟုတ်လား၊ စကားပြောချင်ရင် ရပါတယ်ကွာ၊ မင်း အောက်ဆင်းပြီး ဦးကျော်မြင့်ကို ခဏ ထိုင်စောင့်ခိုင်းထားလိုက်၊ ငါ အခုပဲ ဆင်းခဲ့ပါမယ်လို့လည်း ပြော'

ဟု ပြောပြောဆိုဆို ဗိုလ်ချုပ်သည် သူ အလွန်စိတ်ဝင်စားစွာ ရေးသား၍ အရှိန်ကောင်းနေသော ရွှေတိဂုံ ညီလာခံ မိန့်ခွန်းကြီးကို တစ်ပိုင်းတစ်စနှင့်ပင် ထားပစ်ခဲ့ကာ ဆင်းလာပြီး အောက်ထပ် ဧည့်ခန်းတွင် ထိုင်နေသူ ဦးကျော်မြင့်အား ပြုံးရွှင်စွာဖြင့် လက်ဆွဲနှုတ်ဆက်ပါသည်။

'ကျွန်တော်နဲ့ စကားပြောချင်ရင် ခဏ မဟုတ်ပါဘူး၊ အကြာကြီးပြောလို့ ရပါတယ်၊ ဦး ကြွလာတာ တစ်မျိုးတော့ ကောင်းပါတယ်၊ ကျွန်တော်က ညီလာခံ သဘာပတိမိန့်ခွန် ရေးနေရာက ခဏ အနားယူ အပန်းဖြေရတာပေါ့ ဟဲ ဟဲ'

ဟု ရင်းနှီးယဉ်ကျေးစွာ ပြောရင်း ဦးကျော်မြင့်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။ ဗိုလ်ချုပ်သည် ဦးကျော်မြင့်အား 'ဦး'ဟု ယဉ်ကျေးရိုသေစွာ ခေါ်လိုက်သည်ကိုလည်း သတိပြုမိပါသည်။

ထို့နောက် ကျွန်တော်လည်း ထမင်းစားခန်းသို့ ပြန်၍ ရိုက်လက်စ လက်နှိပ်စက် ဆက်ရိုက်နေပါသည်။

*

ဦးကျော်မြင့်သည် ဗိုလ်ချုပ် အလွန်အလုပ်များနေကြောင်း သဘောပေါက်သဖြင့် ခေတ္တမျှ စကားပြောပြီး အလိုက်သိစွာ ထပြန်မည်ဟု စိတ်ကူးသော်လည်း သူ့အနေဖြင့် စကားဖြတ်၍ မရအောင် ဗိုလ်ချုပ်က အဆက်မပြတ် ပြောနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထမင်းစားခန်းတွင် လက်နှိပ်စက်ရိုက်ရင်း မိန့်ခွန်းလက်ရေးမူကြမ်းကို ကြည့်ပြီး ဗိုလ်ချုပ်၏ အင်္ဂလိပ်စာ အရေးအသား အထူးကျွမ်းကျင်ကောင်းမွန်ပုံ၊ ဝေါဟာရ Vocabulary ကြွယ်ဝပြီး ဝါကျတည်ဆောက်ရာ၌ စာဖတ်သူအား ဆွဲဆောင်စွမ်းရှိအောင် ရေးနိုင်ပုံတို့ကို စိတ်ထဲမှ ကျိတ်၍ အံ့သြချီးကျူးမိပြီး တစ်ချိန်တည်းမှာပင် ဧည့်ခန်း၌ သူတို့ စကားပြောနေပုံကိုလည်း အမှတ်မဲ့ နားစွင့်ထောင်မိသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဦးကျော်မြင့်အား စစ်ရေး၊ နိုင်ငံရေး အခြေအနေ၊ နိုင်ငံတကာရေးရာအကြောင်း၊ မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အား အမ်ဲ့ ကအခြေခံလျက် မရရအောင် မဖြစ်မနေကြိုးစားရယူရန် ဆုံးဖြတ်ထားပုံ စသည်တို့နှင့်တကွ အနာဂတ်ကာလ အရှေ့တောင်အာရှနိုင်ငံများ၏ ကံကြမ္မာကို စနစ်တကျ ဖန်တီးယူရေးပါ မကျန်အောင် သူ၏စိတ်ထဲ၌ရှိသော တွေးခေါ်မြော်မြင်ပုံတို့ကို ကရားရေသွန်သလို အဆက်မပြတ် ပြောနေသည်ကို သတိပြုမိပါသည်။

ထို့ကြောင့် ခဏတဖြုတ် စကားပြောပြီး နှုတ်ဆက်ကာ ပြန်ရန် ရည်ရွယ်ထားသော ဦးကျော်မြင့်မှာ မည်သို့မျှ ပြန်၍ မဖြစ်တော့ဘဲ သူကိုယ်တိုင်က ဗိုလ်ချုပ်၏ ရင်ဖွင့်သလို ပြောဆိုချက်ကို စိတ်ပါဝင်စားစွာ နားထောင်နေလိုက်သည်မှာ အချိန်နှစ်နာရီနီးပါး ကြာသွားပါသည်။

ထိုမျှ ကြာ ြားတော့မှ စကားဖြတ်လိုက်ပြီး ဦးကျော်မြင့်သည် နှုတ်ဆက်၍ အပြင်ဘက် ထွက်လာစဉ် ဗိုလ်ချုပ်လည်း သူ၏ညီလာခံ မိန့်ခွန်း ဆက်ရေးရန် အ ိ ပေါ်ထ ်သို့တက်သွားပါသည်။

ကျွန်တော်သည် ဦးကျော်မြင့်အား အိမ်ရှေ့ လှေကားထစ်များအတိုင်း သူ၏မော်တော်ကား ရပ်ထားသော နေရာထိအောင် အတူတွဲလျှောက် လိုက်ပို့ပြီး ကျွန်တော်က ကားတံခါး ဖွင့်ပေးစဉ် ဦးကျော်မြင့်သည် ချက်ချင်း ကားပေါ် မတက်သေးဘဲ ခေတ္တရပ်၍ ကျွန်တော့်အား စကားပြောပါသည်။

'မောင်ရင့်ဆရာ ဗိုလ်ချုပ်ကတော့ တကယ့်ကို ရှာမှရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တာ အမှန်ပဲ၊ သည်လို ခေါင်းဆောင်မျိုးဆိုတာ သမိုင်းတစ်ခေတ်မှာ ထွက်ပေါ်ခဲတယ်၊ နှစ်ပေါင်းနှစ်ရာသုံးရာမှာတောင် တစ်ယောက် ပေါ်လာဖို့ မလွယ်ဘူး၊ ကမ္ဘာ့သမိုင်းမှာလည်း ဗိုလ်ချုပ်အောင်ဆန်းလို ထူးချွန်တဲ့ ခေါင်းဆောင်



မျိုးဟာ နှစ်ပေါင်းငါးရာ တစ်ထောင်မှာမှ ရှားရှားပါးပါး တစ်ယောက်တလေ ပေါ်ထွက်တတ်တယ်၊ အခု သူကိုယ်တိုင် အချိန်နှစ်နာရီနီးပါး ပြောသွားတာတွေ ကြားရတော့ ကျုပ်ဖြင့် သူ့ကို ပိုပြီး လေးစားအထင်ကြီးသွားမိတယ်၊ ဒီးဒုတ် ဦးဘချို၊ ဟသ်ာတဦးမြ၊ သခင်မြတို့လို လူကြီးတွေကတောင် လူငယ်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ရဲ့ခေါင်းဆောင်မှုကို လက်ခံကြတာဟာ ဘာကြောင့်ဆိုတာလဲ အခု ကျုပ် နားလည်သဘောပေါက်မိပြီ၊ ဗိုလ်ချုပ်ဟာ သူ့အသက်အရွယ်နဲ့ မလိုက်အောင် အတွေးအခေါ် အမြော်အမြင် ကြီးမားထက်မြက်သူဖြစ်တယ်၊ သူ့ရဲ့ ဦးနှောက်ထဲမှာ ကိုယ်ကျိုးစီးပွားအတွက် တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ကူးမျိုး လုံးဝ မရှိဘူး၊ သူဟာ ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံစိုက်သူဖြစ်တယ်၊ အင်္ဂလိပ်လို Obsession 'အော့ဗ်ဆက်ရှင်း' ဆိုတဲ့ စကား မောင်ရင် နားလည်မှာပေါ့၊ အဲ... ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်အာရုံထဲမှာ တစ်ခုတည်းသော 'အော့ဗ်ဆက်ရှင်း' (ကြီးမားသော စွဲလမ်းမှု) က တိုင်းပြည်လွတ်လပ်ရေးရဖို့ပဲ၊ ဒါကြောင့် မောင်ရင်တို့ ကျုပ်တို့ နိုင်ငံသားတွေအနေနဲ့ အခုလို အချိန်အခါမှာ ဗိုလ်ချုပ်လို ခေါင်းဆောင်မျိုး ရရှိနေတာ အလွန်ကံကောင်းတယ်လို့ ဆိုရမယ်၊ ၁၈၈၅ ခုနှစ် ကောလိပ်သပိတ်နောက်ပိုင်း မြန်မာနိုင်ငံရေးသမားတွေ အမျိုးမျိုး ကြံစည်ကြိုးစားခဲ့ကြသော်လည်း မရခဲ့တဲ့ လွတ်လပ်ရေးကို မောင်ရင့်ဆရာ ဗိုလ်ချုပ်က ကေန်မုချ ရယူပေးနိုင်လိမ့်မယ်လို့ ကျုပ်တော့ တစ်ထစ်ချယုံကြည်မိတယ်၊ မောင်ရင့် တာဝန်ကတော့ သူမတူအောင် ထူးခြားတဲ့ ခေါင်းဆောင် National Leader of Unique Calibre ဖြစ်တဲ့ ကိုယ့်ဆရာသမားကို အဘက်ဘက်က အစွမ်းကုန် ကြိုးစားကူညီဖို့ပဲ'

ဤသို့လျှင် ဝတ်လုံတော်ရ ဦးကျော်မြင့်သည် ကျွန်တော့်အား ဩဝါဒစကား မှာကြားပြီးမှ ကားပေါ်တက်၍ ထွက်သွားပါသည်။

သူ၏ မော်တော်ကား တာဝါလိန်းလမ်းအတိုင်း မောင်းထွက်သွား၍ အတန်ကြာသည့်တိုင်အောင် ကျွန်တော်သည် ထမင်းစားခန်းပြန်၍ လက်နှိပ်စက် မရိုက်သေးဘဲ အိမ်အောက်ထပ် ဝရန်တာတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်ရင်း ဦးကျော်မြင့် ပြောသွားသည့် စကားများကို ပြန်လည် စဉ်းစားသုံးသပ်နေမိပါသည်။

သူပြောသွားသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းကား သူမတူအောင် ထူးခြားသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်မှာ ယုံမှားဖွယ် မရှိပါ။

သူ့အား အနီးကပ် လေ့လာခွင့် ရခဲ့သူ ကျွန်တော့်အဖို့ ဝတ်လုံဦးကျော်မြင့် ပြောသွားသည့် စကားအမှန်ဖြစ်ကြောင်း အထောက်အထားဖြစ်စေသည့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ဖြစ်ရပ်တွေ မကြာခဏ ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလော။

ဥပမာဆိုလျှင်။

*

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးပြီး၍ ဘုရင်ခံ 'ဆာဒေါမန်စမစ်'၏ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီးနောက် စစ်ပြီးခေတ် ပြန်လည်ဖွဲ့စည်းမည့် 'ဘားမားအာမီ'ခေါ် မြန်မာနိုင်ငံစစ်တပ်ကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် Brigadier-General ဗိုလ်မှူးချုပ်ရာထူးအဆင့်ဖြင့် တာဝန်ယူ ဦးစီးကွပ်ကဲပါရန် အရှေ့တောင်အာရှရှိ မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန်က စာဖြင့် ရေးသား ကမ်းလှမ်းခဲ့ပါသည်။

သို့ရာတွင် ဗိုလ်ချုပ်က ယင်းသို့ ကမ်းလှမ်းခြင်းကို အထူးကျေးဇူးတင်ပါသော်လည်း သူ့အနေဖြင့်လက်မခံနိုင်ကြောင်း ရည်မွန်ယဉ်ကျေးစွာ စာပြန်ရေး၍ ငြင်းပယ်ခဲ့ပါသည်။

သူ့ကိုယ်စား ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီး လက်ျာက ဗြိတိသျှ ဗိုလ်ချုပ် သောမတ်စ် (Maj-Gen Thomas) နှင့် ပူးတွဲ၍ တပ်မတော်ကို ကွပ်ကဲအုပ်ချုပ်ရန် ဗိုလ်ချုပ်ကပင် စီစဉ်လိုက်သည်။ သူကိုယ်တိုင်ကတော့ ဖ-ဆ-ပ-လ အဖွဲ့ချုပ် အမျိုးသားတပ်ဦးကြီး၏ ဥက္ကဋ္ဌအဖြစ် လွတ်လပ်ရေးကို မဖြစ်မနေ ကြိုးပမ်းရယူမည်ဟု အနိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်၍ အချိန်ပြည့် နိုင်ငံရေးလုပ်နေသည်။ အထူးသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အား အပြည့်အဝ ရရှိရေးအတွက် ကိုယ်တိုင် ဦးဆောင်၍ ကြိုးစားနေလေသည်။

တစ်နေ့ ဗဟန်း တာဝါလိန်းလမ်း (နတ်မောက်လမ်း)ရှိ ဗိုလ်ချုပ်၏ နေအိမ်သို့ ရှမ်းအမျိုးသား အဘိုးကြီးတစ်ဦးသည် အဖော်လူငယ် တစ်ယောက်နှင့် အတူ ရောက်လာပါသည်။ ကျွန်တော်က အိမ်ရှေ့ထွက်၍ ဘာကိစ္စပါလဲဟု မေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ချင်လို့ပါဟု ပြန်ဖြေပါသည်။

ထိုအချိန် (စစ်ပြီးခါစ)က ဗိုလ်ချုပ်မှာ အလွန် အလုပ်များနေသလောက် တစ်နေ့တစ်နေ့ သူ့အိမ်သို့ လာပြီး ဗိုလ်ချုပ်နှင့် တွေ့ဆုံခွင့် တောင်းသူတွေ အထူးများလှပါသည်။ အနယ်နယ်အရပ်ရပ်မှ နိုင်ငံရေးသမားများ၊ တပ်မတော် ရဲဘော်ဟောင်းများ၊ နိုင်ငံခြား သတင်းထောက်များ၊ F.S.S ခေါ် ဗြိတိသျှ စစ်ထောက်လှမ်းရေးအရာရှိများ စသည်ဖြင့် လူပေါင်းစုံ နေ့စဉ်လိုလို လာနေသဖြင့်



ကျွန်တော်၏ တာဝန်မှာ တစ်ဦးချင်း အသေးစိတ် မေးမြန်းစိစစ်ပြီး အမှန်တကယ် ဗိုလ်ချုပ်နှင့် တွေ့ပေးသင့်သည်ဟု ယူဆမှသာ တွေ့ဆုံရန် စီစဉ်ပေးရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရောက်လာသူ ရှမ်းအဘိုးကြီးအား 'ဘာကိစ္စရှိလို့ပါလဲ'

ဟု မေးလိုက်ရာ သူက-

'ဗိုလ်ချုပ်အောင်ဆန်း သုံးစွဲဖို့အတွက် လှူချင်လို့ပါ'

ဟု ပြန်ဖြေပါသည်။

ဤတွင် ကျွန်တော်သည် ရှမ်းအဘိုးကြီးအား ဗိုလ်ချုပ်နှင့် တွေ့ဆုံခွင့် မပေးသင့်ဟု တွေးမိပါသည်။ အဘိုးကြီးက ဗိုလ်ချုပ်သုံးစွဲဖို့ လှူချင်[illegible]ည် ဆိုလျှင် ဗိုလ်ချုပ်က လက်ခံမည် မဟုတ်ဟု ကျွန်တော် တစ်ထစ်ချ သိနေသောကြောင့်ပင်တည်း။

'ဒီမယ် ဦးကြီး၊ ဗိုလ်ချုပ် သုံးဖို့ လှူချင်တယ်ဆိုလို့ ဦးကြီးရဲ့စေတနာ သဒ္ဓါတရားကို လေးစားပါတယ်၊ ဒါပေမဲ့ ဗိုလ်ချုပ်က ဒီလို သုံးစွဲဖို့လှူတာမျိုး လက်မခံပါဘူး၊ တစ်နည်းတော့ ရှိတယ်၊ ဦးကြီးက လှူချင်သပဆိုရင် ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၈)က ဖ- ဆ-ပ-လ အဖွဲ့ချုပ်ရုံးမှာ သွားလှူလို့ရပါတယ်၊ ဒါကြောင့် ဦးကြီးတို့အဖွဲ့ချုပ်ရုံးကိုပဲ ကြွကြပါ'

ကျွန်တော် ဤသို့ ပြောသော်လည်း ရှမ်းအဘိုးကြီးသည် လက်မခံဘဲ သူ၏လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ် ယူ၍ အသာဖြည်ပြပါသည်။

ထိုအထုပ်ထဲတွင် ဝင်းလက်တောက်ပြောင်လျက် အရည်အသွေးကောင်း လှသော ရွှေချောင်းများ တွေ့လိုက်ရသဖြင့် ကျွန်တော်ပင် အံ့သြသွားမိပါသည်။

'ဒီလိုပါ• ဗိုလ်ကြီး၊ ကျုပ်က ဗိုလ်ကြီး ပြောတဲ့အတိုင်း အဖွဲ့ချုပ်ကို ရောက်ပြီး ရန်ပုံငွေ လှူခဲ့ပြီးပါပြီ၊ ဒါက ဗိုလ်ချုပ်တို့ လွတ်လပ်ရေး ကြိုးပမ်းမှု အတွက် လုပ်ငန်းများမှာသုံးဖို့ လှူတာပါ၊ အခု ဒီလို လာတာ နိုင်ငံရေး ရန်ပုံငွေနဲ့ မဆိုင်ပါဘူး၊ ဗိုလ်ချုပ်တို့ မိသားစုမှာ ချွေတာ ခြစ်ခြုတ်စားသောက် နေရတယ်လို့ ကြားသိရပါတယ်၊ အခုဆိုရင် ဗိုလ်ချုပ်ဟာ တပ်က ထွက်လိုက် ပြီမို့ လစာဝင်ငွေဆိုလို့ မရှိဘူး မဟုတ်လား၊ ဒါကြောင့် သူ လွတ်လပ်ရေး ရအောင် ဦးဆောင် ကြိုးစားရာမှာ နောက်ဆံမတင်းဘဲ လုပ်နိုင်အောင်လို့ သူ့မိသားစု သုံးစွဲဖို့ ဒီရွှေတွေကို ကျုပ် လှူချင်ပါတယ်၊ အဲဒါတော့ ဗိုလ်ကြီး က ဗိုလ်ချုပ်ကို မေတ္တာရပ်ခံပေးစေချင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအဘိုးကြီးက အသည်းနှလုံးထဲမှ ထွက်လာသလို လှိုက်လှဲစွာ ပြောလိုက်သောအခါ ကျွန်တော်သည် သူ၏စေတနာကို အထူးပင် လေးစားချီးကျူးမိသည်နှင့်အမျှ အလွန် အားနာသွားမိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ခေတ္တစဉ်းစားရင်း အကြံတစ်ခုရသဖြင့် ရှမ်းအဘိုးကြီးနှင့် အဖော်တို့အား ဧည့်ခန်းတွင် ခေတ္တထိုင်စောင့်နိုင်းပြီးနောက် ဗိုလ်ချုပ်ရှိနေသော အိမ်ပေါ်ထပ်သို့ တက်သွား၍ သတင်းပို့လိုက်ပါသည်။

'ဗိုလ်ချုပ် ရှမ်းအဘိုးကြီးတစ်ယောက် လာနေတယ်၊ ဗိုလ်ချုပ် သုံးဖွဲ့ဖို့ ရွှေချောင်းတွေ လှူချင်လို့တဲ့'

ကျွန်တော်၏ စကားမဆုံးမီ ထင်သည့်အတိုင်း ဗိုလ်ချုပ်က ကြားဖြတ်၍ မျက်နှာထားတင်းတင်းနှင့် အပြစ်တင်ပါတော့သည်။

'ဟေ့ကောင် ငါ ဒါမျိုး လက်မခံဘူးဆိုတာ မင်း သိသားနဲ့၊ လှူချင်ရင် ဖဆပလအဖွဲ့ချုပ်မှာ သွားလှူလို့သာ ပြောလိုက်'

သာမန်အားဖြင့် ကျွန်တော်သည် ဗိုလ်ချုပ်အား ပြန်ပြောလေ့ မရှိ။ ပြောသည့်အတိုင်းသာ လုပ်တတ်သော်လည်း သည်တစ်ခါတော့ ကျွန်တော်က ပြဿနာ ပြေလည်အောင် ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။

'ဗိုလ်ချုပ်ပြောသလို ကျွန်တော်လည်း ပြောပါတယ်၊ ဒါပေမဲ့ အဘိုးကြီးက ဖဆပလအဖွဲ့ချုပ်မှာ ရန်ပုံငွေအတွက် လှူခဲ့ပြီးပါပြီတဲ့၊ အခုဟာက ဗိုလ်ချုပ်ကို နာမည် ကြားရုံနဲ့ ကြည်ညိုလေးစားလို့ ကိုယ်တိုင် တွေ့ဖူးလိုတာ တစ်ကြောင်း၊ ဗိုလ်ချုပ်တို့ မိသားစု ဆင်းရဲကျပ်တည်းနေချိန်မှာ မိသားစု ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်ပြီး ဗိုလ်ချုပ်လည်း စိတ်အေးလက်အေး လွတ်လပ်ရေးရဖို့ လုပ်နိုင်အောင်လို့ လှူတာပါလို့ ပြောတယ်၊ ပြီးတော့ ဒီလို လှူရတဲ့အတွက် သူ့အနေနဲ့ ဘာအခွင့်အရေး ဘယ်လို အကျိုးကျေးဇူးမှ မမျှော်လင့်ဘဲ စေတနာသန့်သန့်နဲ့ လှူတာပါလို့ ပြောရှာတယ်'

ဤတွင် ဗိုလ်ချုပ်သည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် စောစောက လောက် မျက်နှာထား မတင်းမာတော့သဖြင့် ကျွန်တော်လည်း အားတက်မိကာ ဆက်ပြောပါသည်။

'ဒီလိုလုပ်ရင် မကောင်းဘူးလား ဗိုလ်ချုပ်၊ ရှမ်းအဘိုးကြီးလည်း စိတ်ချမ်းသာပြီး ပြန်သွားနိုင်အောင် ဗိုလ်ချုပ်က အောက်ထပ်ဧည့်ခန်းဆင်းပြီး တွေ့လိုက်ပါ။ ပြီးတော့ အဘိုးကြီးလှူမယ့် ရွှေချောင်းအထုပ်ကို လက်ခံပြီး



ကျေးဇူးတင်ကြောင်း ပြောလိုက်ပါ၊ ကျွန်တော်က လက်ခံရရှိကြောင်း ပြေစာ သဘော စာတစ်ကြောင်း နှစ်ကြောင်း လက်နှိပ်စက် ရိုက်ပေးမယ်၊ အဲဒီမှာ ဗိုလ်ချုပ်က လက်မှတ်ထိုးပေးလိုက်ရုံပဲ၊ ဒီတော့ ရှမ်းအဘိုးကြီးဟာ ဝမ်းသာပြီး ပြန်သွားလိမ့်မယ်၊ သူပြန်သွားတာနဲ့ ရွှေချောင်းတွေကို ကျွန်တော်က ချက်ချင်းပဲ အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး မြန်မာ့အလင်း ဦးတင်ဆီ သွားအပ် လိုက်မယ်၊ အဖွဲ့ချုပ် ရန်ပုံငွေအတွက် ဗိုလ်ချုပ်က ပို့ခိုင်းတာပါလို့ ပြောမယ်၊ ဒီလိုဆိုရင် ပြဿနာ ပြေလည်သွားနိုင်ပါတယ်'

ဤသို့ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြတော့မှ ဗိုလ်ချုပ်သည် လက်ခံ သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြပါသည်။ ကျွန်တော်လည်း ဝမ်းသာ အားရဖြစ်လျက် အောက်ထပ်သို့ ပြေးဆင်းပြီး ရွှေချောင်းများရရှိကြောင်း လက်နှိပ်စက်ဖြင့် ရိုက်၍ အောက်တွင် ဗိုလ်ချုပ် လက်မှတ်ထိုးရန် 'အောင်ဆန်း' ဟူသော အမည်ကို ကွင်းစ ကွင်းပိတ်နှင့် အသင့်ရိုက်ထားလိုက်ပါသည်။

ခဏကြာလျှင် ဗိုလ်ချုပ်သည် စွပ်ကျယ်အင်္ကျီအပေါ်မှ ရုပ်အင်္ကျီတစ်ထည် ထပ်ဝတ်လျက် ဆင်းလာရာ ကျွန်တော်လည်း ရှမ်းအဘိုးကြီးနှင့် မိတ်ဆက် ပေးလိုက်ပါသည်။

ထို့နောက် ဗိုလ်ချုပ်နှင့် တိုင်ပင်ထားသည့်အတိုင်း အဘိုးကြီးလှူဒါန်းသော ရွှေချောင်းအထုပ်ကို ဗိုလ်ချုပ်က လက်ခံရင်း ပြုံးလျက်

'ကျေးဇူးအများကြီး တင်ပါတယ် ဦးကြီးခင်ဗျား၊ ဦးကြီးတို့ ရှမ်းပြည်နယ် အပါအဝင် တစ်နိုင်ငံလုံး လွတ်လပ်ရေးရအောင် ကျွန်တော် အစွမ်းကုန် ကြိုးစားလုပ်ပါ့မယ်'

ဟု ပြောပြီးနောက် လက်နှိပ်စက် ရိုက်ထားသောစာရွက်မှ သူ၏နာမည် အပေါ် နားတွင် 'အောင်ဆန်း'ဟု လက်မှတ်ထိုးကာ ရှမ်းအဘိုးကြီးအား ပေးလိုက်သည်။

အဘိုးကြီးသည် မျက်လုံးများ ကြည်လင်တောက်ပြောင်လာအောင် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံ ရပါသည်။ ဗိုလ်ချုပ်ကိုလည်း မယုံကြည်နိုင် လောက်အောင် အံ့သြဟန်ဖြင့် ငေးစိုက်ကြည့်နေရှာပါသည်။

'ဗိုလ်ချုပ် ဦးအောင်ဆန်းကို နာမည်ကြားတာနဲ့ ကြည်ညိုနေမိပါတယ်၊ အမှန်တကယ် တွေ့ရတော့ အသက်ငယ်ငယ်လေး ရှိသေးပါကလားလို့ အံ့သြ

www.burmeseclassic.com

www.burmeseclassic.com



နေမိပါတယ်၊ တိုင်းပြည်လွတ်လပ်ရေး အမှန် မရှိရအောင် ဗိုလ်ချုပ် စွမ်းဆောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်'

ပြောပြောဆိုဆို ရှမ်းအဘိုးကြီးသည် ဗိုလ်ချုပ်အား လက်အုပ်ချီကန်တော့ရန် ကြမ်းပြင်ပေါ်သို့ ဒူးတုပ်ထိုင်ချလိုက်ရာ ဗိုလ်ချုပ်က လျင်မြန်စွာ ထ၍ အဘိုးကြီးအား ဆွဲထူကာ ပြန်ထစေလိုက်ရပါသည်။

'မလုပ်ပါနဲ့ ဦးကြီး၊ ကျွန်တော် ငရဲကြီးနေပါဦးမယ်၊ အခု ကျွန်တော်တို့ကို လာလှူဒါန်းတာကပဲ ဦးကြီးရဲ့ အလွန်မွန်မြတ်တဲ့ စိတ်ဓာတ်နဲ့စေတနာဟာ ထင်ရှားနေပါပြီ'

ဤသို့ ဗိုလ်ချုပ်ကိုယ်တိုင်က နှစ်သိမ့်ပြောလိုက်မှ ရှမ်းအဘိုးကြီးလည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြီးနောက် နှုတ်ဆက်၍ ပြန်သွားရှာပါသည်။

သည်တော့မှ ကျွန်တော်က ဗိုလ်ချုပ်အား ရှမ်းလူမျိုးတို့သည် စစ်ပြီးကာလတိုင်အောင် ပဒေသရာဇ်နယ်ရှင် စော်ဘွားကြီးများအားတွေ့လျှင် ထိုင်၍ လက်အုပ်ချီ ရှိခိုးကန်တော့လေ့ရှိကြောင်း ရှင်းပြလိုက်ရပါသည်။ သူကိုယ်တိုင်လည်း ၁၉၄၆ ခု၊ ဒီဇင်ဘာလက ညောင်ရွှေမြို့သို့စည်းရုံးရေး ဟောပြောရန် အသွားတွင် ညောင်ရွှေ စော်ဘွားကြီးကို မြင်သူတိုင်းက မြေပေါ်တွင် ဒူးတုပ်ကန်တော့ကြပုံကို သတိပြုမိသဖြင့်

'စော်ဘွားကြီး၊ လွတ်လပ်ရေး ရပြီးရင်တော့ ဒီအလေ့အထကို ပယ်ပစ်မှ ဖြစ်မယ်'

ဟုဗိုလ်ချုပ်က ညောင်ရွှေစော်ဘွားကြီးအား ပြောခဲ့ပါသေးသည်။

*

အထက် ဖော်ပြပါ ဖြစ်ရပ်ကို ပြန်လည်သတိရရင်း ဝတ်လုံဦးကျော်မြင့် ပြောသွားသော

"ဒီလို ထူးချွန်တဲ့ ခေါင်းဆောင်မျိုးဟာ သမိုင်းတစ်ခေတ် နှစ်ပေါင်းငါးရာ တစ်ထောင်လောက်မှာမှ တစ်ယောက်တလေ ရှားရှားပါးပါး ပေါ်ထွက်တတ်တယ်'

ဟူသော စကားသည် ဟုတ်မှန်လိမ့်မည်ပါတကားဟု တွေးမိပါသည်။

[မှတ်ချက်။ ထိုနေ့က ရှမ်းအဘိုးကြီး ပြန်သွားပြီးနောက် ဗိုလ်ချုပ်အား ကြိုတင်ပြောထားသည့်အတိုင်း ကျွန်တော်သည် ရွှေချောင်းများပါသော အထုပ်ကို ချက်ချင်းပင်မြန်မာ



အလင်းသတင်းစာတိုက်သို့ သွား၍ ဘဏ္ဍာရေးမှူး ဦးတင်အား အကျိုးအကြောင်း ပြောပြရင်း ပေးအပ်လိုက်ပါသည်။ မြန်မာ့အလင်း ဦးတင်ကလည်း အလွန်အံ့အားသင့်စွာဖြင့်

"အဲဒီ ရှမ်းအဘိုးကြီးဟာ ဒီနေ့မနက်ကပဲ ဖဆပလအဖွဲ့ချုပ် နိုင်ငံရေး ရန်ပုံငွေအတွက်ဆိုပြီး ရွှေချောင်းတစ်ထုပ် လှူသွားခဲ့ပြီးပြီ၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကို ခဏတွေ့ဖူးချင်လို့ ဗိုလ်ချုပ်နေတဲ့အိမ်ကို လမ်းညွှန်စမ်းပါဆိုတာနဲ့ ဦးတို့ကပဲ တာဝါလိန်း (နတ်မောက်လမ်း) အိမ်ကို ညွှန်ပြလိုက်တယ်၊ မောင်ရင် စိတ်ကူးရတဲ့ အစီအစဉ်က တကယ် ကောင်းတယ်၊ ရှမ်းအဘိုးကြီးလည်း စိတ်ချမ်းသာသွားမှာပဲ၊ အင်း မောင်ရင့်ဆရာ ဗိုလ်ချုပ်ကတော့ တကယ့်ကို ရှာမှရှားတဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်တာ အမှန်ပဲကွယ်"

ဟု ကျွန်တော့်အား ပြန်ပြောလိုက်သည်ကို ယနေ့အထိ ပြန်လည် ကြားယောင်နေမိပါသည်။]

□

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး

နေ့ရက် အတိအကျကို မမှတ်မိသော်လည်း အမေရိကန် သမ္မတကြီး ရုစ်ဗဲ့ ကွယ်လွန်သွားပြီးဖြစ်ကြောင်း လန်ဒန် ဘီဘီစီအသံလွှင့်ဌာနကြီးမှ ထုတ်လွှင့်သည့် သတင်းကို ဓာတ်ခဲသုံးရေဒီယိုမှ ကြားလိုက်ရသည့် ညကဖြစ်ကြောင်းကိုတော့ ကျွန်တော် ကောင်းစွာ မှတ်မိနေပါသည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းက ဖြစ်ပါသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင် ကျေးလက်ဒေသရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ရှေ့တန်းစစ်ဌာနချုပ် လျှို့ဝှက်စခန်းတွင် နိုင်ငံတကာ စစ်ရေး၊ နိုင်ငံရေး၊ သတင်းများသိရန်အတွက် ထားရှိသော ဓာတ်ခဲသုံးရေဒီယိုမှ အထက်ဖော်ပြပါ အမေရိကန် သမ္မတကြီး ကွယ်လွန်ကြောင်း သတင်းကြားရပြီးနောက် ဗိုလ်ချုပ်က

'သမ္မတ ရုစ်ဗဲ့ ကွယ်လွန်သွားတာဟာ စစ်ပြီးခေတ် ကမ္ဘာကြီးအဖို့ ဒီမိုကရေစီ ဘက်တော်သားကြီး တစ်ယောက် လျော့နည်း ဆုံးရှုံးသွားတာပဲကွ'

ဟု မှတ်ချက် ချလိုက်ပါသည်။

ထို့နောက် ခါတိုင်းကဲ့သို့ ညစာစားပြီး အိပ်ရာ မဝင်မီ ကျွန်တော်တို့ လူငယ် ရဲဘော်များအား သူ၏သဘောထား အာဘော်များ ပြောလေ့ရှိသည့် အတိုင်း ထိုညကလည်း ပြောပါသည်။ ကျွန်တော့်အနေဖြင့် ထိုညက ဗိုလ်ချုပ် ပြောသော အချက်များကို ယနေ့အထိ မမေ့နိုင်ခြင်းမှာ နောက်ပိုင်း စစ်ပြီးခေတ် သူ၏လုပ်ကိုင်ဆောင်ရွက်မှု၊ လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ လှုပ်ရှားကြိုးစား



မှုတို့နှင့် ကွက်တိ အံဝင်ခွင်ကျ ဖြစ်ရုံမက ၁၉၄၅ ခုနှစ် တော်လှန်ရေးမတိုင်မီ ကာလက သူ့လုပ်ရပ်များနှင့်လည်း ကိုက်ညီနေသောကြောင့်ပင်တည်း။

'ငါတို့ရဲ့ ဖက်ဆစ်တော်လှန်ရေး အောင်မြင်နေတာဟာ တို့ တပ်မတော် တစ်ခုတည်းရဲ့ အစွမ်းကြောင့်လို့ မင်းတို့ အထင်မကြီးကြနဲ့၊ မင်းတို့သိတဲ့အတိုင်း ဂျပန်တပ်တွေနဲ့ ငါတို့တပ်မတော် နှိုင်းယှဉ်လိုက်ရင်လူအင်အား၊ လက်နက် အင်အားမှာ အဘက်ဘက်က ဂျပန်က ငါတို့ထက်အများကြီးသာတယ်၊ ငါတို့ရဲ့ တပ်မတော် တစ်ခုတည်းနဲ့ ဂျပန်ကို တော်လှန်ရင် ငါတို့ မရှုမလှ အရေးနိမ့်မှာ သေချာတယ်၊ အခုတော့ ပြည်သူတစ်ရပ်လုံး လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ဆိုတာလို ငါတို့ဘက်ကို ဝိုင်းဝန်းကူညီ အားပေးကြလို့သာ အောင်မြင်ခြင်း ဖြစ်တယ်၊ ပြည်သူလူထုတစ်ရပ်လုံး အားပေးအောင်လည်း ငါတို့က အစွမ်းကုန် ကြိုးစားစည်းရုံးခဲ့တဲ့ ရလဒ်ပဲ ဖြစ်တယ်၊ အဲဒါ မင်းတို့ မြဲမြဲ မှတ်ထားကြပါ၊ မကြာခင် ငါတို့ရဲ့ တော်လှန်ရေး ပြီးတော့မယ်၊ ဂျပန်တပ် အကြွင်းအကျန်တွေ လည်း အရေးနိမ့်လို့ ပြေးကုန်ကြမှာပဲ၊ ဒါပေမဲ့ ဂျပန်ပြေးတာနဲ့ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာပြီး တို့နိုင်ငံဟာ မူလကအတိုင်း ကျွန်ဘဝပြန်ရောက် ဦးမယ်၊ အဲဒီ ကျွန်ဘဝက လွတ်မြောက်ပြီး လုံးဝလွတ်လပ်ရေးရတဲ့အထိ ငါတို့ ဆက်ကြိုးစား ကြရမယ်၊ ဒါကြောင့် ငါတို့ရဲ့တော်လှန်ရေးဟာ မပြီးသေးဘူးလို့ မှတ်ထားကြ၊ ဗြိတိသျှနယ်ချဲ့ လက်အောက်က လွတ်မြောက်ပြီး လုံးဝ လွတ်လပ်ရေး ရဖို့က ငါတို့ဟာ စစ်ရေးအရ ဗြိတိသျှ အင်ပိုင်ယာကြီးကို နိုင်အောင် မတိုက်နိုင်ဘူး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနဲ့မှ ဘိုက်လို့ရမယ်၊ မင်းတို့ မြဲမြဲ မှတ်ထားဖို့က ငါတို့ရဲ့အဓိကလက်နက်၊ အထိရောက်ဆုံး လက်နက်ဟာ စက် သေနတ်တွေ၊ အမြောက်တွေ မဟုတ်ဘူး (Unity)ယူနီတီ ဆိုတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသာ ဖြစ်တယ်'

ဤသို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့ခြင်းကြောင့် ကျွန်တော်၏စိတ်ထဲမှ ဖက်ဆစ်တော်လှန်ရေး မတိုင်မီက ဗိုလ်ချုပ်၏ လုပ်ရပ်များနှင့်တကွ ဒုတိယ ကမ္ဘာစစ် ပြီးပြီးချင်း သူ၏လှုပ်ရှားဆောင်ရွက်မှုများသည် တော်လှန်ရေးအတွင်း က သူပြောခဲ့သည့်စကားအတိုင်း ကိုက်ညီနေသည်ပါတကားဟု ဆင်ခြင်သုံးသပ် မိခြင်း ဖြစ်ပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ ခုနှစ်၊ မတ်လ။

၁၂ လရာသီတွင် သဘာဝ မိခင် အထူး လှပ နုယဉ် ကြည်လင် တင့်တယ်စွာသော အခါကာလ။

မြဝတီမင်းကြီး၏ 'ခါနွေဆန်း'ယိုးဒယားနဲ့သွား သီချင်းတွင် ဖွဲ့နွဲ့သီကုံးထားပုံကို သတိရဖွယ် ကြည်နူးဖွယ်ကောင်းသော နွေဦးရာသီအခါသမယ။

ဤသို့လျှင် သဘာဝမိခင် သာယာကြည်နူးဖွယ်ကောင်းအောင် ခြယ်မှုန်းပေးထားလင့်ကစား မြန်မာနိုင်ငံ၏အခြေအနေမှာ သာယာလှပမနေဘဲ စစ်မက်ဖြစ်ပွားခြင်းကြောင့် ယမ်းခိုးယမ်းငွေ့တွေ၊ လက်နက်ခဲယမ်းတို့၏ ပစ်ခတ်ပေါက်ကွဲသံတွေက သဘာဝအလှကို ဖျက်ဆီးလျက် ရှိပါသည်။

ဤသို့ ကျွန်တော်တို့ လူငယ် စာပေဝါသနာရှင်များ၏ နှလုံးသားဝယ်ဖြစ်ပေါ် ခံစားနေကြရသည့်ကြားမှပင် သမိုင်း၏ စက်ယန္တရားကြီးက ရပ်မနေ၊ ဆက်လက်လည်ပတ် လှုပ်ရှားလျက် ရှိနေပါသည်။

ထိုအချိန်က ရန်ကုန်မြို့တော်ကို ခုခံကာကွယ်ရန် အင်္ဂလိပ်တို့က တာဝန်ချထားသော ဗြိတိသျှ-အိန္ဒိယ အမှတ် ၁၇ တပ်မ (British-India 17 Division) သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူးကြီး ဆူဇူကီး ဦးစီးကွပ်ကဲသော ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)နှင့် ဂျပန်ဘုရင့်တပ်မတော် တပ်မဟာ ၃၃ တို့၏ ပူးတွဲ စစ်ကြောင်းက တရကြမ်း ထိုးစစ်ဆင် တိုက်ခိုက်လာသည့် ဒဏ်ကို မခံနိုင်တော့သဖြင့် ဗြိတိသျှတပ်မ ၁၇ သည် အကျအဆုံးများစွာနှင့် ရန်ကုန်မှ အထက်မြန်မာပြည်သို့ ကစဉ့်ကလျား ဆုတ်ခွာ ပြေးလေတော့သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဘီအိုင်အေတပ်မတော်နှင့် ဂျပန်ဘုရင့်တပ်မဟာ (၃၃) တို့က ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အောင်မြင်စွာ ဝင်ရောက်သိမ်းပိုက်မိလေသည်။

ထိုနေ့မှာပင် အလုံလမ်းရှိ ဗြိတိသျှ ဘုရင်ခံ အိမ်တော်တိုင်ထိပ်၌ လွှင့်ထူထားသော ဗြိတိသျှ (ယူနီယံဂျက်)အလံကို ဆွဲဖြုတ်ချ၍ သုံးရောင်ခြယ်နှင့် အလယ်တွင် ခေါင်းတံဆိပ်ပါသော ဗမာ့လွတ်လပ်ရေး အလံတော်ကြီးကို ကြွားဝင့်စွာ လွှင့်ထူနိုင်ခဲ့လေရာ ရန်ကုန် မြို့သူမြို့သား အားလုံးက ဝမ်းသာအားရ ဂုဏ်ယူနေမိကြပါသည်။

သို့ရာတွင် နောက်တစ်လခန့်အကြာ ဧပြီလတွင် စိတ်မချမ်းမြေ့ဖွယ်ရာ



ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာပုံမှာ မြစ်ဝကျွန်းပေါ်ဒေသမှ ကရင် တိုင်းရင်းသား ခေါင်းဆောင်အချို့နှင့် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်အချို့ အထင်အမြင်များကာ သဘောထား ကွဲလွဲရာမှ ကရင်-ဗမာ ပဋိပက္ခ အရေးအခင်း ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။ တစ်ဖက်နှင့် တစ်ဖက် ပုတ်ခတ် ပြောဆိုရုံမက ရွာတွေ မီးရှို့၊ လူတွေပါ သတ်ဖြတ်ကြသည်အထိ အခြေအနေ ဆိုးလာလေရာ ထိုသတင်းကို ကြားကြားချင်း ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏နှလုံးသားထဲ၌ ရှိသော ရည်မှန်းချက်ကို အကြီးအကျယ်ဟန့်တား နှောင့်ယှက်သည့် ဖြစ်ရပ်ဟု ချက်ချင်း သုံးသပ်မိလေသည်။

'ဟ တို့တိုင်းပြည် တကယ့် လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအင်အားနဲ့ တိုက်ယူရမယ့် အချိန်မှာ အခုလို တိုင်းရင်းသားညီနောင် ကရင်နဲ့ဗမာ ပဋိပက္ခဖြစ်နေတာမျိုးကို ဘယ်နည်းနဲ့မှ ကြာရှည် အဖြစ်မခံနိုင်ဘူး'

ဤသို့ သူ၏ အာဘော်ကို ဖွင့်ပြောပြီးနောက် သူ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ကရင်-ဗမာ အရေးအခင်းကို အမြန်ဆုံးပြေလည်ပြီးဆုံးပြီး ငြိမ်းချမ်းရေးရရှိအောင် ဈေးစပ်ညှိနှိုင်းမှုများ ပြုလုပ်စေခဲ့ပါသည်။ ကရင်ခေါင်း ဆောင်များနှင့် တကွ လူငယ်များကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ စေတနာနှင့် သဘောထားကို လက်ခံယုံကြည်သဖြင့် လက်နက်ချကြသဖြင့် မြစ်ဝကျွန်းပေါ်ဒေသသည်ပြန်လည်ငြိမ်းချမ်း သာယာလာပါတော့သည်။ အဆိုပါ ၁၉၄၂ခုနှစ် ကရင်-ဗမာအရေးအခင်းတွင် ပါဝင်ခဲ့သည့် ကရင်ခေါင်းဆောင်တစ်ဦးမှာ 'စောစံ ဘိုးသင်'ဆိုသူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် 'စောစံဘိုးသင်' ကဲ့သို့ကရင် ခေါင်းဆောင်များနှင့် ကရင်လူငယ်များက မိမိအား ယုံကြည်စိတ်ချ၍ ငြိမ်းချမ်းရေးကမ်းလှမ်းချက် ချက်ချင်းလက်ခံခဲ့သည်ကို မမေ့ကြောင်း နောက်ပိုင်းသူ၏ လုပ်ရပ်များက ထင်ရှားစေပါသည်။

ဂျပန်စစ်ဘက် အာဏာပိုင်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မှ 'လွတ်လပ်ရေး' ဟူသောစကားလုံးကို သဘောမကျဖြစ်လာသည်။ အင်္ဂလိပ်လို Independence ဂျပန်လို 'ဒိုးကူးရစ်ဆု' ဟူသော ဝေါဟာရကို ဆက်မထားလိုသဖြင့် တစ်နေ့တစ်ခြား အင်အားတိုးလျက်ရှိသော ဘီအိုင်အေတပ်ကို ဖျက်သိမ်းကာ စစ်သည်အင်အား သုံးထောင်မျှ

www.burmeseclassic.com



နှင့် ဘီဒီအေ(BDA) ခေါ် 'ဗမာကာကွယ်ရေး တပ်မတော်'အမည်ဖြင့် အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည်။ [၁၉၄၂ ဇူလိုင်လ ၂၈ နေ့]

ဗိုလ်ချုပ်အောင်ဆန်းကိုလည်း 'ဗိုလ်ချုပ် (မေဂျာဂျင်နရယ်လ်)အဆင့် မပေးဘဲ 'ကာနယ်' (ဗိုလ်မှူးကြီး)ရာထူး အဆင့်ဖြင့်သာ ဘီဒီအေ တပ်မတော်ကို တပ်မှူးအဖြစ် ဦးစီးကွပ်ကဲစေခဲ့သည်။

နောက်ပိုင်းကျမှ ဘီဒီအေ တပ်ကို အင်အား တိုးချဲ့ရန် အခြေအနေ ဖြစ်လာသောအခါ ဗိုလ်ချုပ်သည် ကရင်လူငယ်တွေချည်း ပါဝင်သော ကရင် တပ်ရင်းတစ်ရင်းကို ဖွဲ့စည်းလိုက်သည်။ ထိုကရင်တပ်ရင်း၏ တပ်ရင်းမှူး နေရာကိုလည်း ၁၉၄၂ ခုနှစ် ကရင်–မြန်မာ ပဋိပက္ခအတွင်းက ကရင်ခေါင်းဆောင် တစ်ဦးဖြစ်သူ 'စောစံဘိုးသင်'ကိုပင် မေဂျာ (ဗိုလ်မှူး)အဆင့်ဖြင့် ခန့်အပ်လိုက်သည်။

ကရင်တပ်ရင်းမှ တရင်လူငယ် စစ်သည်များအား လက်နက်တပ်ဆင် ပေးစဉ်က မြန်မာနိုင်ငံရေးသမား (တို့ဗမာအစည်းအရုံးဝင် 'သခင်')အချို့က ဗိုလ်ချုပ်အား ကန့်ကွက်ခဲ့ကြသည်။ 'မကြာသေးခင်က ဗမာရွာတွေ မီးရှို့ လူတွေ သတ်ဖြတ်တဲ့ ကရင် လူငယ်တွေကို စိတ်ချရပါ့မလား၊ လက်နက် တပ်ဆင်ပေးလိုက်ရင် အန္တရာယ် ဖြစ်မလာနိုင်ဘူးလား'ဟု ဝိုင်းပြောကြသော အခါ ဗိုလ်ချုပ်က

'မြစ်ဝကျွန်းပေါ် အရေးအခင်းတုန်းက ကျုပ်ရဲ့ စေတနာကို အကြွင်းမဲ့ ယုံကြည်လက်ခံပြီး လက်နက်ချခဲ့တဲ့ ကရင်လူငယ်တွေကို ကျုပ်ကလည်း တုံ့ပြန်ပြီး ယုံကြည်မှုရှိမှ ဖြစ်မယ်၊ ဒါကြောင့် ပြန်ချကာမှ ချရော ကျုပ်တော့ ကရင်တပ်ရင်းကို လက်နက် တပ်ဆင်ပေးမှာပဲ'

ဤသို့ ပြောပြီး သခင်ခေါင်းဆောင်များ၏ ကန့်ကွက်ချက်ကို ပယ်ချကာ ဖွတ်ပင် ကရင်တပ်ရင်းကို လက်နက်အပြည့်အစုံ တပ်ဆင်ခဲ့သည်။ တပ်ရင်းမှူး 'ဧောစံဘိုးသင်'နှင့်တကွ ကရင် လူငယ် စစ်သည်တို့ကလည်း ဗိုလ်ချုပ်အပေါ် ပို၍ပင် လေးစား ကြည်ညိုလာကြတော့သည်။

[မှတ်ချက်။ ။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က ဂျပန်က လွတ်လပ်ရေး 'အတု'ပေးချိန်တွင် ဗိုလ်မှူးကြီး အောင်ဆန်းအား မေဂျာဂျင်နရယ်လ် သို့မဟုတ် ဗိုလ်ချုပ်အဆင့် သို့ရာထူးတိုးမြှင့်ပေးပြီး ဗမာတပ်မတော်၏ သေနာပတိနှင့် အစိုးရအဖွဲ့တွင် စစ်ဝန်ကြီး War Minister ရာထူးပါ ပေးခဲ့ပါသည်။ စာရေးသူ]



စစ်အတွင်း (ဂျပန်ခေတ်)က ရန်ကုန်မြို့ ဦးဝိစာရလမ်း အရှေ့ဘက်ခြမ်း တွင် တည်ရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဝန်ကြီးရုံး၌ လုပ်ငန်းအလိုက် ဌာနများ ခွဲထားရာ ယင်းဌာနများကို တစ်ခုစီ 'ဌာနကြီး'ဟု ခေါ်ခဲ့ပါသည်။ ဖွဲ့စည်းထားပုံက ယခု မျက်မှောက်ခေတ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် မတူပါ။ ဥပမာ ယခု QMG(Quarter-master General) 'စစ်ထောက်ချုပ်'ရုံးလို ဌာနကို ထိုခေတ်က 'ထောက်ပံ့ရေးဌာနကြီး'ဟု ခေါ်ခဲ့၏။ ဌာန၏ အကြီးအကဲ နေရာတွင် ရာထူးအဆင့်မြင့် အရာရှိတစ်ဦး ခန့်ထားပြီး ထောက်ပံ့ရေးဌာန ကြီးမှူးဟု ခေါ်သည်။ အလားတူပင်'စီအမ်အေ' CMAခေါ် ကာကွယ်ရေးဝန်ကြီး ဌာန (ငွေစာရင်း)ရုံးကို ဂျပန်ခေတ် စစ်ဝန်ကြီးရုံးတွင် 'စာရင်းနှင့် စာရင်းစစ် ဌာနကြီး'ဟု ခေါ်ခဲ့သည်။

စစ်ဝန်ကြီးရုံးတွင် အထူးအရေးပါသော ဌာနကြီးတစ်ခုအား 'စစ်ဖွဲ့စည်းရေးဌာနကြီး'ဟု ခေါ်၏။ တပ်မတော်တစ်ခုလုံး၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု များကို ကြီးကြပ်ကွပ်ကဲရသော ဌာနကြီးလည်းဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း သည် ယင်းဌာန၏ ဌာနကြီးမှူးရာထူးကို မြန်မာအရာရှိများ၊ ရဲဘော်သုံးကျိပ်ဝင် အရာရှိများအားမပေးဘဲ ကရင်တပ်ရင်းမှူး ဗိုလ်မှူး စောစံဘိုးသင်၏ ထောက်ခံ ချက်ဖြင့် (ယနေ့ အထွေထွေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဖြစ်နေသူ) ဦးစောကြာဒိုးအား ဗိုလ်မှူးကြီး Colonel အဆင့်ဖြင့် ခန့်အပ်တာဝန်ပေးခဲ့သည်။

ဗိုလ်မှူးကြီး စောကြာဒိုးကား အင်္ဂလိပ်ခေတ်တွင် ကမ္ဘာကျော် ဗြိတိသျှ 'ဆင်းဟတ်စ်'(Sandhurst)စစ်တက္ကသိုလ် သင်တန်းဆင်းတစ်ဦးဖြစ်၍ ခေတ်မီ စစ်ပညာကို အလွန်ကျွမ်းကျင်နားလည်သူ ဖြစ်သည်။ မြန်မာ တိုင်းရင်းသား ထဲမှ ထိုခေတ်က 'ဆင်းဟတ်စ်' စစ်တက္ကသိုလ်သို့ တက်ဖူးသူဆို၍ ကွယ်လွန်သူ ရဲမင်းကြီး ဦးထွန်းလှအောင်နှင့် ဦးစောကြာဒိုးတို့ နှစ်ဦးသာ ရှိခဲ့သည်။

ဤကား ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် သူ အလွန် လိုလားတောင့်တ သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ၁၉၄၂ ခုနှစ်က အထင် အမြင်လွဲပြီး ပြဿနာဖြစ်ခဲ့ရသော ကရင်တိုင်းရင်းသားများ၏ ယုံကြည်ကိုးစားမှု ရအောင် လက်တွေ့ လုပ်ပြလိုက်ခြင်းပင် ဖြစ်သည်။

*

၁၉၄၇၊ ဇူလိုင်လ (၂၉)ရက်။
ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ အာဇာနည်ဝန်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



မသမာသူတို့ လက်ချက်ဖြင့် ကျဆုံးခဲ့ပြီး ဆယ်ရက်မြောက်သောနေ့ပင်ဖြစ်သည်။

ထိုနေ့က ကျင်းပဆဲ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးသူ အာဇာနည်ခေါင်းဆောင်များအတွက် လွှတ်တော်က အထူးနမြောတသ ဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်ရင်း ဗိုလ်ချုပ်အောင်ဆန်း၏အရည်အချင်းများအကြောင်းကို သိကျွမ်းရင်းနှီးသူများက ဂုဏ်ပြုသည့်အနေဖြင့် ထပြောကြရာ တိုင်းပြည်ပြု ကရင်ခေါင်းဆောင် ဦးစောဘိုးသင်ကလည်း ပြောခဲ့ပါသည်။

'ကျွန်တော်ဟာ ၁၉၄၂ ခုနှစ် ကရင်-ဗမာ အရေးအခင်းတုန်းက ကရင်ဘက်က ခေါင်းဆောင်တစ်ဦးပါ၊ တစ်နည်းအားဖြင့် ကျွန်တော်ဟာ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးကွပ်ကဲတဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်ရဲ့ ရန်သူတစ်ယောက် ဖြစ်ခဲ့ပါတယ်။

'သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းဟာ နာကြည်းမှု ပြင်းထန်တဲ့ ရန်သူတွေကို အလွန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်လာအောင် သိမ်းသွင်းဆွဲဆောင်နိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ပါတယ်။ အဲဒါကို သူနဲ့ကျွန်တော် စတွေ့တွေ့ချင်းပဲ ကိုယ်တွေ့ သိခဲ့ရပါတယ်။ ဗိုလ်ချုပ်ကို ကျွန်တော်ဟာ မြစ်ဝကျွန်းပေါ် အရေးအခင်းမှာ ကရင်ဘက်က တိုက်ခိုက်ခဲ့တဲ့ ခေါင်းဆောင်ဖြစ်တာမို့ ဗိုလ်ချုပ်တို့ရဲ့ရန်သူတစ်ဦး ဖြစ်ပါတယ်လို့ ပြောလိုက်တော့ ဗိုလ်ချုပ်က ပြုံးပြီး သတ္တိရှိတဲ့ ရန်သူဟာ မိတ်ဆွေစစ် မိတ်ဆွေကောင်း ဖြစ်လာနိုင်တယ်လို့ ပြန်ဖြေပါတယ်။

'ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ဆုံဖို့ရာ ကျွန်တော် မြစ်ဝကျွန်းပေါ်က ရန်ကုန်သွားဖို့ပြင်ဆင်နေစဉ် ကျွန်တော်တို့ ကရင်တွေက ရန်ကုန်ရောက်ရင် ဘီအိုင်အေတပ်နဲ့ ဗမာလူမျိုးတွေက ကျွန်တော့်ကိုသတ်ပစ်လိမ့်မယ်လို့ သတိပေးကြပါတယ်၊ တကယ်တမ်းကျတော့ ရန်ကုန်ရောက်တဲ့အခါ ကျွန်တော့်ကို တကယ် လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ ကြိုဆိုကြတဲ့အတွက် စောစောက ကျွန်တော့်စိတ်ထဲရှိခဲ့တဲ့ သံသယတို့ စိုးရိမ်ပူပန်မှုတွေဟာ လုံးဝ ပပျောက်သွားကုန်ပါတော့တယ်၊ ဗိုလ်ချုပ်က ကျွန်တော့်ကို သူ့ရဲ့ ဘီဒီအေတပ်ထဲဝင် အမှုထမ်းရင်း သူတို့တွေနဲ့အတူ ကရင်-ဗမာ ချစ်ကြည်ရေး ပြန်လည် ခိုင်မာတိုးတက်လာအောင် လုပ်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒါနဲ့ ကျွန်တော်လည်း သူတို့တပ်ထဲ ဝင်လိုက်ပါတယ်၊ ကျွန်တော်က ကျုပ်ထက်ပိုပြီး အရည်အချင်းပြည့်စုံတဲ့



စစ်ခေါင်းဆောင် ဖြစ်နိုင်သူဟာ စောကြာဒိုး ဖြစ်ပါတယ်လို့ ပြောလိုက်တယ်၊ ဗိုလ်ချုပ်ကလည်း စောကြာဒိုးကိုပါ သူ့တပ်ထဲဝင်ဖို့ ပြောပေးပါလို့ မေတ္တာရပ်ခံပါတယ်၊ ကျွန်တော်လည်း ကြိုးစားလိုက်တော့ စောကြာဒိုးကိုယ်တိုင်က ဗိုလ်ချုပ်နဲ့တွေ့ဆုံမိတာနဲ့ ချက်ချင်း ယုံကြည်စိတ်ချပြီး ဘီဒီအေတပ်ထဲ ဝင်လိုက်ပါတယ်၊ ဗိုလ်ချုပ်ရဲ့တပ်မတော်မှာ ဖွဲ့ထားတဲ့ ကရင်တပ်ရင်းက လူငယ်တွေကို အစစအရာရာ လိုလေသေးမရှိအောင် သူကိုယ်တိုင် ကြီးကြပ်ညွှန်ကြားပြီး စီစဉ်ပေးတယ်၊ ကျွန်တော့်အမြင်မှာ ကရင်လူငယ်တွေကို ဗိုလ်ချုပ်ဟာ ဗမာရဲဘော်တွေထက်တောင် ပိုပြီး ဂရုစိုက်တယ်လို့ ထင်မိပါတယ်။

'ဗိုလ်ချုပ်အောင်ဆန်းဟာ လူတစ်ဖက်သားက သူ့ကို ကြည်ညိုလေးစားလာအောင်ဆွဲဆောင်နိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်တာ သေချာပါတယ်'

ဤသို့လျှင် တစ်ချိန်က မြစ်ဝကျွန်းပေါ် အရေးအခင်းတုန်းက ရန်သူခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစောဘိုးသင်သည် လွှတ်တော်ထဲ၌ လှိုက်လှဲစွာ ပြောခဲ့ပါသည်။

*

'ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော် ကရင်တပ်ရင်းမှ ရဲဘော်တွေ စိတ်ချမ်းသာ ပျော်ရွှင်အောင် အထူးဂရုစိုက်ခဲ့ပါသည်။

သာမန်အားဖြင့် သူသည် ညှိခံပွဲများ၊ ပါတီများ၊ မိတ်ဆုံပွဲများကို သွားလေ့မရှိ။ သို့ရာတွင် ၁၉၄၄ ခုနှစ်(စစ်အတွင်းကာလ) ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ညစာစားပွဲ မီးပုံပွဲ ပြုလုပ်ရာသို့ ကြွရောက်အားပေးပါရန် ကရင်တပ်ရင်းမှ ရဲဘော်များက ဖိတ်ကြားသောအခါ ဗိုလ်ချုပ်သည် တိုင်းရင်းသား စည်းလုံးရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ယူဆလျက် ဖနီးဒေါ်ခင်ကြည်နှင့်အတူ ကရင်တပ်ရင်း၏ နှစ်သစ်ကူးပွဲသို့ သွားရောက်ခဲ့ပါသည်။

တပ်ရင်းမှူး ဗိုလ်မှူး စောစံဘိုးသင်နှင့်တကွ ကရင် လူငယ် ရဲဘော်များသည် ဗိုလ်ချုပ်တို့ ဇနီးမောင်နှံ ကြွရောက်လာသည်ကို အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူကာ ပျော်ရွှင်နေကြတော့သည်။

လိုလေသေးမရှိ အထူး ဂရုစိုက်ကာ ညှိခံကျွေးမွေးရုံမက ဗိုလ်ချုပ်တို့အား တေးဂီတဖြင့်လည်း ဖျော်ဖြေကြသည်။ ယနေ့ စတီရီယိုတီးဝိုင်းများတွင်

www.burmeseclassic.com

www.burmeseclassic.com



တီးခတ်နေသော လျှပ်စစ်ဂီတာကဲ့သို့ လီဒ် Lead၊ ရစ်သင် Rhythm နှင့် ဘေ့စ် Bassဂီတာသုံးလက်ဖြင့် စပိန်လူမျိုးတို့ စတင်တီးခဲ့သော ဂီတာ (Spanish Guitar) ကို စစ်ကြိုခေတ်က မြန်မာလူငယ်များ တီးလေ့မရှိကြသော်လည်း ကရင်လူငယ်များက တီးခဲ့ကြသည်။

[မှတ်ချက်။ ခေတ်ဟောင်းက ကိုလံဘီယာ ဓာတ်ပြားတွင် မကြည်အောင် သီဆိုသော နန်းကြာညိုကြော့ သီချင်းကို ဂီတာဦးစိန်သောင်းက တီးပေးခဲ့သလို လက်ဝဲလက်ဖြင့် ကြိုးများကို သံမဏိပြားပြင့်ဖိ၍ လက်ယာလက်မနှင့် လက်ညှိုးတွင် လက်ပတ်များ စွပ်တီးရသည့်တီးနည်းမှာ ယာဝေယံကျွန်းသားများ တီထွင်တီးခဲ့သောကြောင့် 'ဟာဝေယံ ဂီတာ'ဟု ခေါ်ပါသည်။ စာရေးသူ]

ကရင်နှစ်သစ်ကူးနေ့ည ကရင် ရဲဘော်များက စပိန် (Spanish) ဂီတာဖြင့် တီးလျက် ကဗျာစာပေဝါသနာပါသူ ကရင်ရဲဘော်တစ်ဦးက စစ်ကြိုခေတ်က မကြည်အောင် သီဆိုခဲ့သော 'ရာသီတော်ဦး' သီချင်းအလိုက် (ဂီတသံစဉ်)ကို ယူ၍ ထိုညအတွက် အထူးတလည် ရေးစပ်ထားသော

*'ရိုးရိုးနဲ့ မှန်တာကိုပြောမည်*
*တကယ် စိတ်ချအတည်*
*ဘယ်မိန်းမမှ မချစ်ခဲ့သည်*
*သဒ္ဒါက ပိုသည်*
*ဆရာမကိုပဲ အသည်းစွဲ*
*အမြဲပဲ ချစ်မိသည်'*

စသည်ဖြင့် သီချင်းကို ကရင်ရဲဘော်များက သီဆိုကြရာ အလွန်မြိုင်ဆိုင်ပြီး နားထောင်ကောင်းနေပါသည်။

ယင်းသီချင်းကို ကရင်ရဲဘော်များက အထူးရေးစပ် သီဆိုကြခြင်းမှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် သူနာပြုဆရာမတစ်ဦး ဖြစ်ခဲ့ဖူးသဖြင့် ဂုဏ်ပြုလိုက်ခြင်းပင်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း သဘောကျဟန်ဖြင့် ပြုံးလျက် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်အား အဓိပ္ပာယ်ပါပါလှည့်ကြည့်လိုက်သည်။

ဒေါ်ခင်ကြည်ကတော့ မိန်းမသားပီပီ ရှက်သယောင်ပြုံး၍ ခေါင်းငုံ့နေရှာပါသည်။



လွန်ခဲ့သော ၁၆ နှစ်ခန့် စတီရီယို တီးဝိုင်းတွေ (ပလေးဘွိုင်း၊ အေးစေ်၊ အယ်လ်ပီဂျေ စသည်ဖြင့်) ခေတ်စားလာကာစက တေးသံရှင် 'ဘိုဘိုဟန်'က အထက်ပါ 'ဆရာမ'သီချင်းကို သီဆိုလေ့ရှိပါသည်။

ပွဲတစ်ပွဲတွင် ကျွန်တော်က ဘိုဘိုဟန်အား

'ဟေ့ တိုနီ၊ အဲဒီသီချင်း ဘယ်လို ဖြစ်ပေါ်လာတယ်ဆိုတာ မင်းသိရဲ့လား'ဟု မေးကြည့်ရာ 'ဘိုဘိုဟန်'က ခေါင်းခါသဖြင့် ကျွန်တော်ကပင် အထက်ပါအကြောင်းကို ပြောပြလိုက်ရပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၄ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပွဲသို့ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံ သွားရောက်ခဲ့ခြင်းသည် တိုင်းရင်းသား လူမျိုးစုများနှင့် စည်းလုံး ညီညွတ်ရေးအတွက် အထူးတလည် အထောက်အကူ ဖြစ်စေခဲ့သည်။ မှတ်တမ်းတင်ရမည့် ဖြစ်ပါသည်။

*

၁၉၄၄ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ မီးပုံပွဲနှင့် မိတ်ဆုံစားပွဲ၌

*'သဒ္ဒါက ပိုသည်*
*ဆရာမကိုပဲ အသည်းစွဲ*
*အမြဲ ချစ်မိသည်'*

သီချင်းကို နားထောင်ရင်း ကြည်နူးပီတိ ဖြစ်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ယခု ပြန်စဉ်းစားကြည့်သော် ထိုစဉ်က သူ့ခများ နောက်သုံးနှစ်ခန့်အကြာ (၁၉-၇-၄၇) နေ့တွင် သူချစ်သော ဇနီး 'ဆရာမ'နှင့်တကွ ရင်သွေးငယ်များကိုပါ ခွဲခွာသွားရတော့မည်ဟု လုံးဝ သိမသွားရှာပါတကားဟုတွေးမိကာ အထူးပင် ကြေကွဲ ရင်နာမိပါတော့သည်။

*

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် 'ဘီဒီအေ' (ဗမာ့ကာကွယ်ရေးတပ်မတော်)ကို 'ဗမာ့တပ်မတော်'ဟု အမည်ပြောင်းလိုက်ပြီးနောက် စစ်သည်အင်အား တိုးချဲ့ရန် အခွင့်ကောင်းရလာသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံအနှံ့အပြား၌ စစ်သားစုဆောင်းရေး အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရင်းရှိပြီးသား ကရင် တပ်ရင်းအပြင် အခြားတပ်ရင်းများကိုပါ စစ်သည်အင်အားဖြည့်တင်းခဲ့ပါသည်။ ယင်းသို့ ဖြည့်တင်းရာတွင် တိုင်းရင်းသား လူမျိုးစုလူငယ်များထဲမှ ကျန်းမာသန်စွမ်းပြီး မျိုးချစ်စိတ် ထက်သန်သူများအား ဗမာ့

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သို့ ဝင်ရောက် အမှုထမ်းရန် စည်းရုံးသိမ်းသွင်းပြီး အင်အားဖြည့်တင်းခဲ့သည်။ ထို့ကြောင့်လည်း ၁၉၄၅ ခုနှစ်၊ မတ်လ ဖက်ဆစ်တော်လှန်ရေးအချိန်ကာလ ရောက်သောအခါ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ မွန်စသော တိုင်းရင်းသား လူမျိုးစု လူငယ်စစ်သည်များ တပ်မတော်၏ စစ်တိုင်းကြီးခုနစ်ကိုင်း၌ တပ်ရင်းအသီးသီးတွင် ရောက်ရှိနေကြပြီ ဖြစ်သည်။

ယင်းအခြေအနေအရ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေးအပြီး ပြန်ရောက်လာမည့် ဗြိတိသျှ နယ်ချဲ့အစိုးရလက်အောက်မှ လွတ်မြောက်ရန် ဆက်လက် ကြိုးပမ်းရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အင်အားကို အဓိက အားကိုး၍ လွတ်လပ်ရေးကို ရယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

*

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံး၍ ဗိုလ်ချုပ်သည် ပြန်လည် ဖွဲ့စည်းသည့် ဗမာ့တပ်မတော်ကိုကွပ်ကဲရန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာအား တာဝန်ပေးလိုက်ပြီး သူကိုယ်တိုင်က ဖဆပလ အဖွဲ့ချုပ်ခေါ် အမျိုးသား တပ်ဦးကြီးကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်နေချိန်တွင်လည်း တိုင်းရင်းသား စည်းလုံးရေးကို ပို၍ခိုင်မာအောင် ဆက်လက် ကြိုးပမ်း တည်ဆောက်ခဲ့ပါသည်။ ကချင် တိုင်းရင်းသားတို့ ခေါင်းဆောင်ကြီး 'ဆမားဒူးဝါးဆင်ဝါးနောင်'ကို ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (ရွှေတိဂုံ ညီလာခံ မတိုင်မီ)ကပင် လျှို့ဝှက်စွာ ဆက်သွယ် စည်းရုံးသိမ်းသွင်းခဲ့သည်။

[မှတ်ချက်။ ယင်းသို့ လျှို့ဝှက်ဆက်သွယ် စည်းရုံးခဲ့ပုံကို နောင်တွင် ဆက်လက်၍ အသေးစိတ် ရေးသားတင်ပြပါဦးမည်။ စာရေးသူ]

၁၉၄၆ ခုနှစ်၊ မတ်လတွင် အစိုးရအဖွဲ့ အာဏာ မရသေးမီ အစစအရာရာ ချို့တဲ့ချိန်မှာပင် သခင်မြ၊ ဟသ်ာတဦးမြ၊ ဦးအောင်ဇံဝေ၊ သခင်ဝတင်စသော ဖဆပလ ခေါင်းဆောင်များနှင့်အတူ အလွန် ဆင်းရဲပင်ပန်းခံကာ ရခိုင်ပြည်နယ်သို့ စည်းရုံးရေးခရီး ထွက်ခဲ့ပါသည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗြိတိသျှ ဘုရင်ခံထံမှ အစိုးရအဖွဲ့ အာဏာ လက်ခံရယူပြီးနောက်တွင်လည်း ဗိုလ်ချုပ်သည် ထိုအချိန်မှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ဗြိတိန်နိုင်ငံသို့ မသွားမီကာလအတွင်း ရန်ကုန်မြို့တွင် အနေနည်းပြီး တောင်တန်းဒေသ တိုင်းရင်းသား လူမျိုးစုများထံသို့ ဆက်တိုက် ခရီးထွက်၍ စည်းရုံးခဲ့သည်။



ကချင်တိုင်းရင်းသားများရှိရာ မြစ်ကြီးနားသို့လည်းကောင်း၊ ရှမ်းပြည်နယ်သို့လည်းကောင်း၊ စည်းရုံးရေးခရီး သွားခဲ့သည့်ပြင် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့က (ယခု ကယားပြည်နယ်မြို့တော် ယခင်က ကရင်နီဒေသဟုခေါ်ခဲ့သည့်) လွိုင်ကော်မြို့၌ ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ပါရန် ဖိတ်ကြားခြင်းခံရသဖြင့် ဗိုလ်ချုပ်သည် လွိုင်ကော်မြို့သို့ရောက်အောင် သွားခဲ့ပါသည်။

ထို့နောက် လွိုင်ကော်မှ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့သို့ပြန်လာပြီး ထိုအချိန်က ရှမ်းလူထုအပေါ် ဩဇာရှိနေသေးသော နယ်ရှင်စော်ဘွားများအား နားလည်သဘောပေါက်အောင် ဆွေးနွေးစည်းရုံးခဲ့သည်။

တောင်ကြီးမြို့ရှိ ညောင်ရွှေစော်ဘွားကြီးဟော်၌ ကျင်းပသော ဗိုလ်ချုပ်နှင့်စော်ဘွားများ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်က သူသည် မကြာမီ ရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၏ အနာဂတ် ကံကြမ္မာကိစ္စ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန်အတွက် အင်္ဂလိပ်သို့ သွားရတော့မည်ဖြစ်ကြောင်း၊ အင်္ဂလိပ်တွေ အနေနဲ့ မြန်မာပြည်ကို လွတ်လပ်ရေး မပေးဘဲ မနေနိုင်တော့ရာ သူ့အနေဖြင့် ရှမ်းပြည်နယ်ကိုလည်း တစ်ပြိုင်တည်း လွတ်လပ်စေလိုကြောင်း၊ ထို့ကြောင့် လန်ဒန်ရောက်သည့်အခါတွင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကို ကိုယ်စားပြုအရေးဆိုချင်ပါကြောင်း ပြောလေသည်။ နယ်ရှင်စော်ဘွားကြီးများကလည်း ဗိုလ်ချုပ်၏ စေတနာကို ယုံကြည်စိတ်ချပါကြောင်း ပြန်လည် ပြောကြားခဲ့ကြပါသည်။

၁၉၄၇ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက်ကလည်း ညောင်ရွှေမြို့ လူထု စည်းဝေးပွဲကြီးတွင် ဗိုလ်ချုပ်သည် ရှမ်းတိုင်းရင်းသား ပြည်သူများအား မြန်မာပြည်မနှင့်အတူ ရှမ်းပြည်နယ်ပါ တစ်ပြိုင်တည်း လွတ်လပ်ရန်အတွက် ကြိုးစားမည့်အကြောင်းကို အကျယ်တဝင့် စည်းရုံး ဟောပြောခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့က လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ ဝန်ကြီးချုပ် နေအိမ်၌ စတင်ဆွေးနွေးသောအခါ ဗိုလ်ချုပ်က သူသည် မြန်မာပြည်မအတွက်သာ မဟုတ်၊ တောင်တန်းဒေသ တိုင်းရင်းသား လူမျိုးများအတွက်ပါ ကိုယ်စားပြုလာရောက်ခြင်း ဖြစ်ကြောင်း ရဲဝံ့စွာ ပြောခဲ့ခြင်း ဖြစ်ပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေး ကြိုးပမ်းမှု

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးခါစ ၁၉၄၅ ခုနှစ်က ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု (S.E.A.C)သေနာပတိချုပ် ရေတပ် ဗိုလ်ချုပ်ကြီး 'လော့ဒ်မောင့်ဘက်တန်'က စစ်ပြီးခေတ် ပြန်လည် ဖွဲ့စည်းမည့် 'ဘားမားအာမီ' Burma Army ခေါ် မြန်မာနိုင်ငံစစ်တပ် (ယခု မြန်မာ့တပ်မတော်)ကို ဗိုလ်ချုပ်ကပင် Brigadier General (ဗိုလ်မှူးချုပ်)ရာထူးဖြင့် ဦးစီးကွပ်ကဲပါရန် စာရေး၍ မေတ္တာရပ်ခံသည်ကို ဗိုလ်ချုပ်က ယဉ်ကျေးရည်မွန်စွာ စာပြန်ကြား၍ ငြင်းပယ်လိုက်ပြီး စစ်ပြီးခေတ် တပ်မတော်ကို သူ့ကိုယ်စား ဦးစီးကွပ်ကဲရန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၏ အမည်ကို ထောက်ခံ တင်ပြခဲ့ပါသည်။

[မှတ်ချက်။ ၁၉၄၅ ခုနှစ်က ပြန်လည် ဖွဲ့စည်းသော တပ်မတော်ကို ဗိုလ်လက်ျာက ဗိုလ်မှူးကြီးအဆင့်ဖြင့် ဗြိတိသျှဗိုလ်ချုပ် သောမတ်စ် General Thomas နှင့်အတူ ပူးတွဲ အုပ်ချုပ်ခဲ့ပါသည်။ စာရေးသူ]

*

ဗိုလ်ချုပ်ကိုယ်တိုင်ကမူ 'ဘီအိုင်အေ'ခေတ် (၁၉၄၂) ကပင် သူရည်ရွယ်ထားသည့်အတိုင်း ဗြိတိသျှနယ်ချဲ့သမားထံမှ လွတ်လပ်ရေးကို 'စည်းလုံးညီညွတ်ရေး' အင်အားဖြင့်ရယူရန်အတွက် 'ဖဆပလ အဖွဲ့ချုပ်' အ[illegible]းသားတပ်ဦးကို ဥက္ကဋ္ဌအဖြစ် ဦးစီးခေါင်းဆောင်၍ ကြိုးစားခဲ့ပါသည်။

ယင်း ဗိုလ်ချုပ်၏ လွတ်လပ်ရေး ရယူရေး မဟာဗျူဟာကို ကောင်းစွာ ရိပ်မိ သဘောပေါက်ခဲ့သူတစ်ဦးက မန္တလေးမြို့ ဖဆပလအဖွဲ့ဥက္ကဋ္ဌ လူထု ဦးလှပင်တည်း။



တစ်နေ့သ၌ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၈)ရှိ ဖဆပလ အဖွဲ့ချုပ်၌ ဗိုလ်ချုပ်ရှိနေစဉ် မန္တလေးမှ ဖဆပလခေါင်းဆောင် လူထုဦးလှ ရောက်လာပြီး ဥက္ကဋ္ဌရုံးခန်းသို့ဝင်၍ ဗိုလ်ချုပ်နှင့် ခေတ္တ စကားပြောပါသည်။

ထိုနေ့က လူထုဦးလှ ပြောသွားသည့် အဓိကအချက်မှာ ဗိုလ်ချုပ်ကြိုးစားတည်ဆောက်နေသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်လောက်အောင် အားကိုးရမည့် လူမျိုးစုခေါင်းဆောင် တစ်ဦးအကြောင်းပင် ဖြစ်ပါသည်။ ယင်း ခေါင်းဆောင်ကား မြစ်ကြီးနားမြို့ရှိ ကချင်ခေါင်းဆောင် 'ဆမားဒူးဝါးဆင်ဝါးနောင်'ဆိုသူပင်တည်း။

ဦးလှ၏ပြောပြချက်ရ အဆိုပါ 'ဆမားဒူဝါးဆင်ဝါးနောင်'သည် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် အလွန်တက်ကြွပြင်းထန်ပြီး ၁၉၄၁–၄၂ ခုနှစ်က ဗြိတိသျှ နယ်ချဲ့တို့အား ကချင်အမျိုးသားများကို စည်းရုံးသိမ်းသွင်း၍ သူကိုယ်တိုင် ဦးဆောင်ကာ တိုက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၁၉၄၅ ခုနှစ် ဗြိတိသျှတို့ ပြန်ရောက်လာသောအခါ ဆမားကြီးအား ရန်သူသဖွယ် သတ်မှတ်လျက် ဖမ်းဆီးအရေးယူရန် ကြံနေကြောင်း ကြိုတင် သတင်းရသဖြင့် ဆမားကြီးသည် မြစ်ကြီးနားမြို့ပေါ်တွင် မနေဘဲ ကျေးလက်ဒေသ တစ်နေရာတွင် လျှို့ဝှက်စခန်းပြု၍ ကိမ်းရှောင်နေသည်ဟု ကြားသိရကြောင်း၊ မည်သို့ပင် ဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် ကချင်လူထု၏ လေးစားထောက်ခံမှု ရှိနေသူ 'ဆမားဒူးဝါးဆင်ဝါးနောင်'အား စည်းရုံး သိမ်းသွင်းထားလိုက်ပါက ဗိုလ်ချုပ်ကြိုးစားနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အထူးပင်အထောက်အကူရနိုင်ဖွယ်ရှိကြောင်း စသည်ဖြင့် ဦးလှက အကျယ်တဝင့် အကြံပေးတင်ပြသွားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လူထုဦးလှ၏ အကြံပေးတင်ပြချက်ကို လေးနက်စွာ စဉ်းစားသုံးသပ်ပြီးနောက် အရေးကိစ္စ ကြုံလာလျှင် အချိန်မဆွဲဘဲ လျင်မြန် သွက်လက်စွာ ဆုံးဖြတ်တတ်သော သူ၏ဝါသနာအတိုင်း ခဏချင်းပင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်သည်။

ထိုနေ့ မွန်းလွဲပိုင်း ဖဆပလအဖွဲ့ချုပ်မှ ဗဟန်း တာဝါလိန်းလမ်း (နတ်မောက်လမ်း)ရှိ သူ၏နေအိမ် (ယနေ့ ဗိုလ်ချုပ်ပြတိုက်)သို့ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ချင်းပင် ဗိုလ်ချုပ်၏ ဆုံးဖြတ်ချက်ကို ကျွန်တော်ကိုယ်တိုင် သိရပါတော့သည်။

ဗိုလ်ချုပ်သည် ကချင်ခေါင်းဆောင် 'ဆမားဒူးဝါးဆင်ဝါးနောင်'ထံသို့ သူ့ကိုယ်သူ မိတ်ဆက်သည့် စာတစ်စောင်ရေး၍ တိုင်းပြည်လွတ်လပ်ရေး ရရှိရန်အတွက် သူနှင့်အတူ လာရောက်ပူးပေါင်းလုပ်ကိုင်စေလိုကြောင်း၊ တိုင်းရင်းသား လူမျိုးစုများအားစည်းရုံးရေးအတွက် 'ဆမားကြီး'အား အထူးအားကိုးပါကြောင်း ထို့ကြောင့် ရန်ကုန် လာရောက်ပါရန် ဖိတ်မန္တကပြုပါကြောင်း စသည်ဖြင့် ရေးသားကာ စာကို ကျွန်တော့်အား ပေးပါသည်။

'မင်း ဒီစာယူပြီး မြစ်ကြီးနားကို ဖြစ်တဲ့နည်းနဲ့ သွားရမယ်၊ ဟိုရောက်တော့ ကချင်ခေါင်းဆောင် 'ဆမားဒူးဝါးဆင်ဝါနောင်'ကို မတွေ့တွေ့အောင်ရှာပြီး ဒီစာကို မင်းကိုယ်တိုင် ပေးပါ၊ ပြီးတော့ မင်းကလည်း ဆမားကြီးကို ငါ့အနေနဲ့ တိုင်းရင်းသား စည်းရုံးရေးအတွက် အထူးအားကိုးပါတယ်လို့ပြောပါ၊ ဒီကိစ္စက အရေးကြီးတယ်၊ အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ဒါကြောင့် မင်း ဒီနေ့ပဲ ခရီးစထွက်ရင် ကောင်းမယ်'

ဤသို့ ဗိုလ်ချုပ်က တိကျစွာ ညွှန်ကြားနေချိန်တွင် ကျွန်တော်သည် စိတ်ထဲမှ မည်သို့မည်ပုံ ဆက်လုပ်ရမည်ကို အကြံထုတ်နေမိပါသည်။

'ဗိုလ်ချုပ် မြစ်ကြီးနားကို ကျွန်တော်က ဘယ်လို သွားရမှာလဲ၊ သွားဖို့ ခရီးစရိတ်ငွေကို ဘယ်သူက ပေးမှာလဲ'

စသည်ဖြင့် သူ့အား ပြန်မေး၍ မဖြစ်။ သူ အမိန့်ပေးပြီး ခိုင်းခြင်းကို ပြန်လည် မေးခွန်းထုတ်ခြင်းကို လုံးဝ မကြိုက်ကြောင်း ကျွန်တော်ကသိထားပြီး ဖြစ်သောကြောင့်ပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းအား ငွေရေးကြေးရေးနှင့် ပတ်သက်၍ မည်သို့မျှ ပြောဆို မေးမြန်းရန် မဖြစ်နိုင်ပါ။ သူသည် ငွေကိုလည်း မကိုင်။ ငွေကြေး အကြောင်းလည်း စဉ်းစားသူ မဟုတ်။ တိုင်းပြည် လွတ်လပ်ရေးအတွက် နိုင်ငံရေး မဟာဗျူဟာ၊ နည်းဗျူဟာများကိုသာ အချိန်ပြည့် အာရုံစိုက် စဉ်းစား နေသူဖြစ်သည် မဟုတ်လော။

သူက တစ်ခုခု ခိုင်းသည်ကို ဘယ်လို လုပ်ရမည်နည်းဟု ပြန်မေးလျှင် စိတ်တိုပြီး အော်ငေါက်ပစ်တတ်သည်။ သူသည် ခိုင်းရုံသာ ခိုင်းတတ်သည်။



အခိုင်းခံရသူကသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မဖြစ်ဖြစ်အောင် လုပ်ရမည်ဟု ဗိုလ်ချုပ်က တစ်ထစ်ချ ယူဆထားပေသည်။

ယင်းသို့ ကောင်းစွာ သိထားသူ ကျွန်တော်သည်ဗိုလ်ချုပ်ပေးသောစာကို လှမ်းယူပြီးနောက်

'ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ကျွန်တော် ဒီနေ့ပဲ ခရီးထွက်နိုင်အောင် ကြိုးစားပါမယ်'

ဟုသာ ပြန်ပြောလိုက်သည်။

ထို့နောက် ကျွန်တော်သည် လူထုဦးလှထံသို့ အမြန် ပြေးသွားခဲ့ပါသည်။ ဦးလှနှင့် ကျွန်တော်သည် စစ်မဖြစ်မီကပင် သူထုတ်ဝေသော ကြီးပွားရေး မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားခဲ့စဉ်က သိကျွမ်းရင်းနှီးသူ ဖြစ်ပါသည်။ ထိုအချိန် (စစ်ကြိုခေတ်)က သူ့အား 'ကြီးပွားရေးဦးလှ'ဟု လူသိများခဲ့ပါသည်။ စစ်ပြီးခေတ် လူထုဂျာနယ်နှင့် လူထုသတင်းစာ မန္တလေးတွင် ထုတ်ဝေတော့မှသာ 'လူထု ဦးလှ'ဟု တွင်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်က ဦးလှအား ဗိုလ်ချုပ်က တာဝန်ပေးလိုက်ကြောင်းပြောရင်း မြစ်ကြီးနားသို့ သွားရမည့်အကြောင်း တင်ပြ ဆွေးနွေးသောအခါ သူတတ်နိုင် သလောက် ကူညီပါမည်ဟု ကတိပေးပါသည်။ ထိုနေ့တွင်ပင် ကျွန်တော့်အား စရိတ်အဖြစ် ငွေသုံးရာကျပ်ပေးပြီး မြစ်ကြီးနားရောက်လျှင် အကူအညီရနိုင်ရန် သူနှင့်ရင်းနှီးသော မြစ်ကြီးနားဇာတိဖြစ်သူ 'ရဲဘော်လှသိန်း'ဆိုသူကိုပါ ကျွန်တော်နှင့် အဖော်ထည့်ပေးပါသည်။ ရဲဘော်လှသိန်းမှာ နောက်ပိုင်း တပ်မတော်ထဲ ဝင်သွားပြီး အရာရှိဖြစ်ပြီးကာမှ မော်တော်ယာဉ် မတော်တဆ ထိခိုက်မှုဖြင့် ကွယ်လွန်သွားရှာပါသည်။

'ကိုင်း ခင်ဗျားတို့ နှစ်ယောက် မန္တလေးကိုတော့ ကောင်းကောင်း ရောက်သွားမှာပဲ၊ မန္တလေးကနေပြီး လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ် လမ်းက တစ်ဆင့် မြစ်ကြီးနားအရောက် သွားဖို့ကတော့ ကိုနေဝင်းပဲ ဖြစ်သလိုကြံပြီးသာ သွားပေတော့"

ဤသို့ လူထုဦးလှက ငွေသုံးရာပေးပြီး ပြောသည့်အတိုင်း ကျွန်တော်နှင့် ရဲဘော်လှသိန်းတို့သည် မန္တလေးသို့ မီးရထားဖြင့် အမြန်ဆုံး ထွက်ခဲ့ပါသည်။ ကျွန်တော်သည် ရန်ကုန်မှ မထွက်မီကပင် မန္တလေးမှ ခရီးဆက်ရန် အကြံထုတ် ထားပြီးဖြစ်ပါသည်။ ဖက်ဆစ်တော်လှန်ရေး ပြီးခါစ အချိန်က မဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတပ်မှ ရရှိထားသော စစ်ယူနီဖောင်းများအပြင် ဗြိတိသျှတပ်မှ အရာရှိကပ္ပတိန် (ဗိုလ်ကြီး) ပခုံးရာထူးတံဆိပ်ပါ ရှိနေရာ မန္တလေးရောက်ချိန်မှစ၍ ကျွန်တော်သည် ဗြိတိသျှစစ်တပ်မှ ကပ္ပတိန်တစ်ဦးကဲ့သို့ ယူနီဖောင်း ဝတ်လိုက်ပြီး ကိုလှသိန်းကိုတော့ သာမန် ရဲဘော်စစ်သည် တစ်ဦးအသွင် ယူနီဖောင်း ဝတ်စေလိုက်ပါသည်။

ထိုအချိန်က မြန်မာနိုင်ငံ အနှံ့တွင် ချထားသော ဗြိတိသျှတပ်များမှ တပ်ရင်းမှူး၊ တပ်မဟာမှူးအဆင့် အထက်သာ မျက်နှာဖြူ အင်္ဂလိပ်များဖြစ်ပြီး ကျန်အခြားအဆင့်များက အိန္ဒိယလူမျိုးများ ဖြစ်ပါသည်။

ကျွန်တော်သည် ကုလားစစ်ဗိုလ်တပ်သားတွေများသော တပ်တစ်တပ်သို့ ဝင်၍ ရန်ကုန်'ဘားမားကွန်မန်း' Burma Commandခေါ် မြန်မာနိုင်ငံစစ်ဘက်ဌာနချုပ်မှ ဦးစီးဗိုလ်ကြီး Staff Captain ဖြစ်ကြောင်းပြောရင်း မန္တလေးမှ လားရှိုးသို့ အထူးအရေးပေါ်တာဝန်ဖြင့် အမြန်သွားရမည်ဖြစ်၍ မော်တော်ယာဉ်လိုကြောင်း ပြောပါသည်။ ထိုအခါ ကုလားစစ်ဗိုလ်က စာရွက်တစ်ရွက်တွင် လက်မှတ်ထိုးနိုင်းပြီးနောက် ကုလားစစ်သည်တစ်ဦး မောင်းသော ဂျစ်ကားတစ်စီးပေးလိုက်ပါသည်။ ဤနည်းအားဖြင့် မန္တလေးမှ လားရှိုးသို့ အင်္ဂလိပ်စစ်တပ်မှ ကပ္ပတိန်ဟန်ဆောင်လျက် ရောက်သွားပြီး ဂျစ်ကားကို ပြန်လွှတ်လိုက်ပါသည်။

တစ်ဖန် လားရှိုးရှိဗြိတိသျှတပ်သို့ ဝင်ပြီး 'မူဆယ်'သို့သွားရန် မော်တော်ယာဉ် အကူအညီတောင်းပြီး ခပ်တည်တည် ခရီးဆက်သွားပါသည်။

သို့နှင့်ပင် ကျွန်တော်နှင့် ရဲဘော်လှသိန်းတို့သည် မြစ်ကြီးနားမြို့သို့ ချောမောစွာ ရောက်ရှိသွားပါတော့သည်။

မြစ်ကြီးနားတွင်ကား မြို့ခံဖြစ်သော ကိုလှသိန်း ရှိနေ၍ အခက်အခဲမရှိတော့ပါ။ အခြားမြို့ခံ ရဲဘော်များက ဗိုလ်ချုပ်အောင်ဆန်း စေလွှတ်သည့်ကိစ္စကို အားလုံးဝိုင်း၍ ကူညီကြပါသည်။

မြစ်ကြီးနားရှိ ရဲဘော်ဟောင်းများအား ကျွန်တော်နှင့် ကိုလှသိန်းတို့ ရန်ကုန်မှ ငွေသုံးရာမျှနှင့် ထွက်လာခဲ့ပြီး မန္တလေးနှင့် လားရှိုးရှိ ဗြိတိသျှတပ်မှ ကုလားစစ်ဗိုလ်များထံ ကျွန်တော်က ရန်ကုန်ဌာနချုပ်မှ ကပ္ပတိန်ဟန်ဆောင်ပြီး မော်တော်ယာဉ် ချောဆွဲခဲ့ပုံများ ပြောပြရာ ရဲဘော်များက သဘောကျပြီး ဝိုင်းရယ်မောကြပြီးနောက်



'ဒါတော့ ကိုနေဝင်း ခပ်တည်တည်နဲ့ ဗြိတိသျှတပ်က ဗိုလ်ကြီးဟန်ဆောင်ပုံက ပီရိုပြီး အင်္ဂလိပ်စကားကိုလည်းလေသံ (Accent)မှန်မှန်နဲ့ ကျွမ်းကျင်စွာ ပြောနိုင်လို့ အောင်မြင်ခဲ့တာပါ၊ ဒီကုလားတွေက လွယ်လွယ်နဲ့ မယုံတတ်ပေမယ့် ခင်ဗျား ခပ်တည်တည်နဲ့ ပုံမှားရိုက်သွားတာ ပီရိုလို့ မရိပ်မိတာဖြစ်ရမယ်'

ဟု ပြောကြပါသည်။

လူထုဦးလှက ဗိုလ်ချုပ်အား ပြောပြသည့်အတိုင်း ကချင်ခေါင်းဆောင် 'ဆမားဒူးဝါးဆင်ဝါးနောင်'သည် အင်္ဂလိပ်အစိုးရ ဖမ်းဆီးခံရမည့် အန္တရာယ်ကြောင့် ကချင်ပြည်နယ် ကျေးလက်ဒေသ တစ်နေရာတွင် တိမ်းရှောင်နေပါသည်။ ကျွန်တော်လည်း မြို့ခံရဲဘော်များ၏ အကူအညီဖြင့် 'ဆမားကြီး'၏ လျှို့ဝှက်စခန်းသို့ ညဘက် မှောင်ရိပ်ခို သွားရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ စာကိုပေးရင်း သူ့အား ဗိုလ်ချုပ်က အတူလာရောက် အလုပ်လုပ်ပါရန် ဖိတ်မန္တကပြုလိုက်ကြောင်းပြောပြရာ 'ဆမားကြီး'သည် သူလုံးဝ မမျှော်လင့်ဘဲ သူ အထူးကြည်ညိုလေးစားသူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စာရေး ဆက်သွယ်သည်ကို အလွန်အံ့သြဝမ်းမြောက်သွားပါတော့သည်။ ထို့နောက် ချက်ချင်းပင် ဗိုလ်ချုပ်ထံသို့ ပြန်စာတစ်စောင်ရေးပြီး ကျွန်တော့်ကိုလည်း သူ မကြာမီ ရန်ကုန်သို့ ဆက်ဆက်လာ၍ ဗိုလ်ချုပ်နှင့်အတူ လွတ်လပ်ရေး ကြိုးပမ်းပါမည်ဟု ဗိုလ်ချုပ်အား ထပ်ဆင့်ပြောရန် မှာကြားပါသည်။

ကျွန်တော်နှင့် ကိုလှသိန်းတို့လည်း ညတွင်းချင်း မြစ်ကြီးနား မြို့ပေါ်သို့ ရောက်အောင် ပြန်ပြီး တစ်ရက်နား၍ ဗန်းမော်သို့ နောက်တစ်နေ့ ထွက်ခဲ့ပါသည်။ ဗန်းမော်မြို့ရှိ ဖဆပလခေါင်းဆောင်များ၏ အကူအညီဖြင့် မန္တလေးနှင့် ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ ကျွန်တော်သည် ရန်ကုန်ပြန်ရောက်ရောက်ချင်း ကချင်ခေါင်းဆောင် ဆမာဒူးဝါးဆင်ဝါးနောင် ပေးလိုက်သော စာကို ဗိုလ်ချုပ်ထံပေးပြီး နှုတ်ဖြင့်လည်း ဆမာကြီး မှာလိုက်ပုံများကို သတင်းပို့ အစီရင်ခံလိုက်ပါသည်။ ဗိုလ်ချုပ်သည် သူ တာဝန်ပေးနိုင်းသော ကိစ္စတစ်ခုကို ဖြစ်သည့်နည်းဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်ကို ကျေနပ်သဘောကျသွားပုံရလျက်

'ဟေ့ ဒီအတိုင်းဆိုရင် ကချင်ခေါင်းဆောင် ဆမားကြီးဟာ မကြာခင် ရန်ကုန် ရောက်လာမှာပဲ၊ မင်းက သူနဲ့ တွေ့ဆုံပြီးသားဆိုတော့ သူရောက်လာရင် မင်းကပဲ ငါ့ကို ဆမားကြီးနဲ့ မိတ်ဆက်ပေးပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပါသည်။

တကယ်လည်း နောက်နှစ်လကျော်ကျော်ခန့်တွင် ကချင်ခေါင်းဆော… 'ဆံမာဒူးဝါးဆင်ဝါးနောင်' သည် မြစ်ကြီးနား အရေးပိုင် 'အိုင်စီအက်' ဦးအုန်း… (ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးသွားရှာသူ)၏ အကူအညီဖြင့် ရန်ကုန်မြို့… ရောက်ရှိလာပါသည်။ ဦးအုန်းမောင်ကိုယ်တိုင် ဆမားကြီးအား ဗိုလ်ချုပ်နေ… လာပို့ပေးသဖြင့် ကျွန်တော်လည်း ဗိုလ်ချုပ်နှင့် မိတ်ဆက်ပေးပြီး… ဗိုလ်ချုပ်၏ ညွှန်ကြားချက်အရ ကချင်ခေါင်းဆောင်ကြီး နေထိုင်စားသောက်… ကိစ္စများကို စီစဉ်ပေးခဲ့ရပါသည်။

ကချင်ခေါင်းဆောင် ဆမားကြီးသည် ဗိုလ်ချုပ်အောင်ဆန်းကို မြင်ပြီး… အရွယ်နှင့် မလိုက်အောင် ထူးချွန်ထက်မြက်သော နိုင်ငံရေးခေါင်းဆောင်အဖြစ်… အလွန်လေးစားကြည်ညိုသဖြင့် ရန်ကုန်ရောက်ချိန်မှစ၍ ဗိုလ်ချုပ်၏ တိုင်းရင်းသား… စည်းလုံးညီညွတ်ရေး တည်ဆောက်မှုတွင် အထူးစိတ်ပါတက်ကြွစွာ ကြိုးပမ်း… ဆောင်ရွက်ခဲ့ပါသည်။

*

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ကျင်းပခဲ့သော လွတ်လပ်ရေးသမိုင်းဝင် ပြည်လုံးကျွတ် ဖဆပလညီလာခံကြီးအပြီးတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ မူလရည်မှန်းချက်ဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရန် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။

ရွှေတိဂုံညီလာခံအပြီး ၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်၏ ပထမဆုံးခြေလှမ်းမှာ ရခိုင်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ရန်ပင် ဖြစ်သည်။

[မှတ်ချက်။ ထိုအချိန်က ရခိုင်ပြည်နယ်ဟူ၍ ပြည်နယ်အဆင့်မဖြစ်သေး။ ဗြိတိသျှတို့၏ စစ်ကြိုခေတ်က အုပ်ချုပ်ရေး ဖွဲ့စည်းပုံအရ ရခိုင်တိုင်းအဖြစ်သာ ရှိနေပါသေးသည်။ စာရေးသူ]

ရခိုင်ဘက်သို့ ခရီးထွက်ရန် အချိန်ကာလအဖြစ် ၁၉၄၆ ခုနှစ် မတ်လပထမပတ်တွင် စတင် ထွက်ကြရန် သတ်မှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဖဆပလဌာနချုပ်မှ ဟသ်ာတဦးမြ၊ သခင်မြ၊ ဦးအောင်ဇေယျ၊ သခင်ဝတင်၊ ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်ထွန်းလင်း၊ ဗိုလ်အောင်မင်းနှင့် နောက်ပိုင်း စာဆေဗိမာန်



စာတည်းနှင့် ပဲခူးတိုင်း ဥပဒေဝန်ထမ်း အကြီးအကဲဖြစ်လာသူ ဦးသာညွန့်တို့ လိုက်ပါကြရန်လည်း စီစဉ်ခဲ့ကြပါသည်။

ထိုအချိန်က ဗိုလ်ချုပ်မှာ အစိုးရအဖွဲ့ အာဏာမရရှိသေး။ ဆင်းရဲနွမ်းပါးသော အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ဦးသာ ဖြစ်သည်။ ဗြိတိသျှဘုရင်ခံဆာဒေါ်မန်စမစ်ကမူ သူ၏ အမှုဆောင်ကောင်စီ သို့မဟုတ် အစိုးရအဖွဲ့ကို ဆာပေါ်ထွန်းခေါင်းဆောင်လျက် ဖွဲ့စည်းထားသည်။ ဘုရင်ခံသည် သူ့အား ပြည်သူအများစုက မထောက်ခံခြင်းမှာ နိုင်ငံရေးတက်ကြွသော 'သခင်' များကြောင့်ဟု ယူဆလျက် သူ၏ အစိုးရအဖွဲ့၌ 'သခင်ထွန်းအုပ်' အား ဝန်ကြီးတစ်နေရာ ခန့်ထားခဲ့ပါသည်။ သို့သော် သခင်ထွန်းအုပ်သည် ပြည်သူလူထု၏ ထောက်ခံချက် လုံးဝ မရရှိသောသူ တစ်ဦးဖြစ်ကြောင်း ဘုရင်ခံက မသိခဲ့ပါချေ။

အစိုးရအဖွဲ့ အာဏာမရှိသူ ဗိုလ်ချုပ်အောင်ဆန်းသည် စည်းရုံးရေးအတွက် နယ်ထွက်ခရီးသွားပါက ဝန်ကြီးများ တိုင်းခန်းလှည့်လည်သလို မော်တော်ယာဉ်၊ မီးသင်္ဘော၊ မီးရထား၊ လေယာဉ်များ မရရှိနိုင်ဘဲ အလွန် ဆင်းရဲပင်ပန်းစွာ သွားရမည်ဖြစ်ကြောင်း ကြိုတင်တွက်ထားပြီး ဖြစ်သည်။ သို့ရာတွင် တိုင်းရင်းသားပြည်သူတို့အပေါ် မိမိတို့၏ စေတနာအမှန်ကို လက်တွေ့ပြသည့်အနေဖြင့် ဆင်းရဲပင်ပန်းခံပြီး ဖြစ်သလို ခရီးထွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဗိုလ်ချုပ်၏ ရခိုင်ခရီးစဉ်မှာ ရွှေတောင်တစ်ဖက်ကမ်း ပန်းတောင်းမြို့မှ ရိုးမတောင်ကိုဖြတ်ကျော်သည့် လမ်းကြမ်းအတိုင်း မော်တော်ကားဖြင့် တောင်ကုတ်နှင့် သံတွဲမြို့များသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် ရေလမ်းခရီးဖြင့် ရခိုင်မြောက်ပိုင်း စစ်တွေမြို့သို့လည်းကောင်း သွားကြရန် ဖြစ်ပါသည်။

ယင်းခရီးစဉ်အတိုင်း သွားရာတွင် ရေလမ်းကို တံငါလှေများဖြင့်လည်းကောင်း၊ ကုန်းလမ်းခရီးဆိုလျှင် နွားလှည်းတစ်လှည့် ခြေကျင်ခရီးတစ်လှည့်ဖြင့်လည်းကောင်း ဖြစ်သလို သွားခဲ့ရပါသည်။

ပန်းတောင်း–တောင်ကုတ် ခရီးကြမ်းကို ဒေသခံ ဖဆပလခေါင်းဆောင်များ ငှားပေးသော ဘတ်စ်ကားအဟောင်း ခပ်စုတ်စုတ်တစ်စီးဖြင့် သွားရသည်မှာ ဆင်းရဲပင်ပန်းလှပါသည်။ အရေးထဲ လမ်းခုလတ်တွင် ကားက နှစ်ကြိမ်ပျက်သဖြင့် ခရီးမှာ နှောင့်နှေးခဲ့ရသည်။ မော်တော်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်လူငယ်တို့က စက်ပြင်တတ်၍သာ ကားကို ကြံဖန်ပြင်ဆင်ပြီး ခရီးဆက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ဦးဖြစ်သူ ဟသ်ာတဦးမြသည် ကားစက်ပျက်၍ ရပ်ပြီး ပြင်ဆင်နေရ ချိန်တွင်

"ပန်းတောင်းမြို့က လူတွေက ဒါထက် စုတ်တဲ့ကား ရှာမရဘူး ထင်တယ်'

ဟု ညည်းညူသလို ပြောသည်တွင် ဆရာသခင်မြက ခပ်ပြုံးပြုံးနှင့် 'ဒီလိုပေါ့ ဦးမြရယ်၊ အချိန်တန်တော့ ရောက်မှာပေါ့'

ဟု နှစ်သိမ့်ပြောရှာသည်။

ဗိုလ်ချုပ်အောင်ဆန်းကမူ ဘာတစ်ခွန်းမှမပြော။ ကားပေါ်တွင် တောက် လျှောက်ထိုင်၍ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်ချက်သား ကောင်းနေ သည်။

တစ်နေရာတွင် ကားကိုရပ်ပြီး ပြင်နေကြစဉ် ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်အောင်မင်းက ဂျပန်ခေတ်က ဂျပန်စစ်သားအချို့ ထိုလမ်းအတိုင်း တောင် ကုတ်မြို့သို့ သွားခဲ့ရာ လမ်းခုလတ်တွင် မိုးချုပ်သွား၍ လမ်းဘေး၌ ကားရပ်ပြီး ကားပေါ်မှာတင် အိပ်ခဲ့ကြကြောင်း၊ သို့သော် နံနက်လင်းသောအခါ ကားပေါ် ပါလာသော ဂျပန်စစ်သားနှစ်ဦးစလုံးမရှိတော့ဘဲ သူတို့၏ ဦးထုပ်နှင့် လက်နက် များသာ ကျန်တော့ကြောင်း၊ ထိုနေရာသို့ သစ်ဝါးခုတ်ရင်း ရောက်လာသူ များက ဂျပန်စစ်သားနှစ်ဦးအား ညအိပ်နေစဉ် ကျားဝင်ဆွဲသွားသည်မှာသေချာ ကြောင်း ပြောကြသည်ဟု သူကြားဖူးပုံကို ပြောပြရာ ကျွန်တော်တို့မှာ စိုးရိမ် မိလျက် ကား မြန်မြန် ပြင်ပြီးပါစေဟု ကျိတ်၍ ဆုတောင်းနေခဲ့ကြပါသည်။

ကံအားလျော်စွာ ကားဆရာများ၏ ကျွမ်းကျင်မှုကြောင့် မကြာမီ စက် ပြင်ပြီးသွား၍ ခရီးဆက်နိုင်ကြပြီး တောင်ကုတ်မြို့သို့ ချောမောစွာ ရောက် သွားကြပါသည်။

ကျွန်တော်တို့က တောင်ကုတ်သွားလမ်း၌ ကျားအန္တရာယ်ရှိကြောင်း ကြားပြီး စိုးရိမ်မိကြသလောက် ဗိုလ်ချုပ်အောင်ဆန်းမှာမူ ဘာမှ သိပုံမရဘဲ သူ့အတွေးနှင့်သူ ငြိမ်သက်စွာ ထိုင်နေပြီး ကားပြင်ဆင်ပြီး၍ ခရီးဆက်ထွက်တော့ မှသာ ဟသ်ာတဦးမြ၊ သခင်မြတို့နှင့် ရံဖန်ရံခါ စကားပြောခဲ့ပါသည်။

*

တောင်ကုတ်–သံတွဲဒေသ တစ်ဝိုက်တွင် ကျွန်တော်တို့အဖွဲ့အား အထူး အကူအညီပေးခဲ့သူကား ကွယ်လွန်သူ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်



ဦးကျော်ရင်ပင် ဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝမှာပင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ် အလွန်တက်ကြွ ပြင်းထန်သူဖြစ်ပြီး စစ်အတွင်း ဂျပန်ခေတ်က ဖက်ဆစ်တော်လှန်ရေးအတွက် ဗိုလ်ချုပ်တို့ လျှို့ဝှက်ပြင်ဆင်နေချိန်ကလည်း စွန့်စွန့်စားစား ကူညီခဲ့သူ သတ္တိခဲ တော်လှန်ရေးသမားတစ်ဦး ဖြစ်ပါသည်။

*

ရခိုင်ပြည်မြောက်ပိုင်း စစ်တွေမြို့သို့ ရောက်သောအခါ ဗိုလ်ချုပ်တို့အဖွဲ့ အနေဖြင့် အလွန် အားကိုးရသော ဒေသခံနှစ်ဦးမှာ စစ်တွေမှ ဦးဘစံ (ရန်ကုန် တက္ကသိုလ် သမဂ္ဂခေါင်းဆောင်ဟောင်း၊ နောက်ပိုင်း နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရပြီး ယခု ကွယ်လွန်)နှင့် ရခိုင်ခေါင်းဆောင် ဦးအောင်ဇံဝေ (ဗိုလ်ချုပ်၏ ကက်ဘိနက် အဖွဲ့ဝင်ဝန်ကြီးဖြစ်လာသူ)၊ ကိုညိုထွန်း (ရန်ကုန်တက္ကသိုလ် သပိတ်မှောက် ခေါင်းဆောင်ဟောင်း)တို့ပင် ဖြစ်ပါသည်။

စစ်တွေမြို့တွင် အခြေစိုက်ပြီး ရခိုင်မြောက်ပိုင်း မြို့နယ်များနှင့် ကျေး လက်ဒေသများထိအောင် ဗိုလ်ချုပ်နှင့်အဖွဲ့ စည်းရုံးရေးထွက်ကြရာတွင် တစ်ခါ၌ ငိုအားထက် ရယ်အားသန်သလို ဖြစ်ခဲ့ရပုံ အကြောင်းတစ်ခုကို အလျဉ်းသင့်၍ ဖော်ပြလိုပါသည်။

ယင်းဖြစ်ရပ်ကား ဤသို့ပါတည်း။

ဗိုလ်ချုပ်အောင်ဆန်းက စစ်တွေမြို့ပေါ်သာမက နယ်မြို့ကလေးများ နှင့် ကျေးရွာများသို့တိုင်အောင် ဆင်းပြီး ရခိုင်လူထုအား စည်းရုံးရေး ဟောပြော လိုကြောင်း ပြောသဖြင့် ဒေသခံခေါင်းဆောင်များကလည်း ဗိုလ်ချုပ်၏ဆန္ဒအတိုင်း နယ်များ၌ ဟောပြောနိုင်ရန် စီစဉ်ကြပါသည်။

သို့နှင့်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရန်ကုန်ဖဆပလဌာနချုပ်မှ ခေါင်းဆောင်များအဖွဲ့သည် စစ်တွေမြို့မှတဆင့် မင်းပြား၊ မြေပုံစသောနယ်များ သို့ စည်းရုံးရေး ခရီးထွက်၍ ဟောပြောခဲ့ကြပါသည်။

ယင်းသို့ နယ်ထွက်ရာတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရ အာဏာမရရှိသေးသည့် ဗိုလ်ချုပ်တို့မှာ အစိုးရပိုင်ယာဉ်များ အသုံးမပြုနိုင်ဘဲ ဖြစ်သလို ဆင်းရဲပင်ပန်းစွာ ခရီးသွားခဲ့ရပါသည်။

တစ်ချိန်တွင် ကျေးရွာကြီးတစ်ရွာ၌ လူထုစည်းဝေးပွဲကျင်းပပြီး ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဦးဆောင်ဟောပြောရန်နှင့် သခင်မြ၊ ဟသ်ာတဦးမြ၊ ဦးအောင်ဇေယျ တို့ပါ ဟောပြောကြရန် စီစဉ်ခဲ့ပါသည်။

အခက်အခဲတစ်ခုကား ယင်းရွာကြီးသို့သွားရန် မော်တော်ကား (မြေလမ်း) ရှိပါသော်လည်း စီးစရာကားမရှိသဖြင့် ဒေသခံပုဂ္ဂိုလ်များက ရန်ကုန်မှခေါင်းဆောင်ကြီးများအတွက် စက်ဘီးတစ်စီးစီ ငှားပေးကြပါသည်။ အစီအစဉ်ကတော့ ကားမရှိသည့်အတူတူ ခြေကျင်လျှောက်သွားရန်ကလည်း ခရီးအလှမ်းဝေးသောကြောင့် လူကြီးများအားလုံး စက်ဘီးကိုယ်စီ စီးသွားကြရန် ဖြစ်ပါသည်။ လူကြီးများအတွက်သာမက ကျွန်တော်တို့ လူငယ်များအတွက်ပါ စက်ဘီးတစ်စီးစီ ငှားပေးထားပါသည်။

သို့နှင့်ပင် ဟသ်ာတဦးမြ၊ ဦးအောင်ဇေယျ စသော ပုဂ္ဂိုလ်များသည် လျင်မြန် သွက်လက်စွာပင် စက်ဘီးကို ကျင်လည်စွာ စီးနင်းသွားကြပါသည်။

နောက်ဆုံး ဗိုလ်ချုပ်၊ သခင်မြနှင့် ကျွန်တော်တို့ သုံးဦးသာ ကျန်နေပါသည်။ ကျွန်တော်သည် ဗိုလ်ချုပ်အရိပ်အကဲကို တာဝန်အရ ကြည့်နေရာသူသည် စက်ဘီးကိုကိုင်ပြီး တစ်စုံတစ်ခု စဉ်စားနေသလို ငေးနေသဖြင့် ကျွန်တော်က ဆော်ဩမှ ဖြစ်ချေမည်ဟု တွေးမိပြီး

'ဗိုလ်ချုပ် စက်ဘီးနင်းပြီး ထွက်ဖို့တော်ပြီ၊ ဟိုမှာ အစည်းအဝေးလုပ်ဖို့ ချိန်းထားတဲ့ အချိန်လည်း နီးနေပြီ'ဟု သတိပေးသလို ပြောလိုက်ပါသည်။

သည်တော့မှ ဗိုလ်ချုပ်သည် ငေးပြီး စဉ်းစားနေရာမှ သတိရသလိုဟန်မျိုးဖြစ်သွားလျက်

'ဟေ့ကောင် လာစမ်းပါဦးကွ'ဟု လှမ်းခေါ်သဖြင့် ကျွန်တော်လည်း လျင်မြန်စွာ သူ၏အနီးသို့ ချဉ်းကပ်သွားလိုက်ပါသည်။

သခင်မြကတော့ မလှမ်းမကမ်းမှ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးအား လှမ်း၍ အကဲခတ်ကြည့်နေပါသည်။

'ဘာများလဲ ဗိုလ်ချုပ်'

ကျွန်တော်က စမေးလိုက်တော့မှ ဗိုလ်ချုပ်၏ပြဿနာအမှန် ပေါ်လာပါတော့သည်။

'ဟေ့ ငါတော့ ခက်နေပြီကွ၊ ဘာလုပ်ရမှန်း မသိဘူး'

'ဘာခက်တာလဲ ဗိုလ်ချုပ်၊ ဘာဖြစ်နေလို့လဲ'

'ဒီမယ် ငါမှ စက်ဘီး မစီးတတ်ဘဲ၊ ဘယ်လိုလုပ်ပြီး သွားနိုင်မှာလဲ'



ကျွန်တော်သည် ချက်ချင်း သဘောပေါက်သွားမိပါသည်။ ဗိုလ်ချုပ်သည် ကျောင်းသားဘဝတွင် တောက်လျှောက် တိုင်းပြည်လွတ်လပ်ရေး ရရှိရေးနှင့် နိုင်ငံရေးကိုသာ အာရုံစူးစိုက်နေခဲ့သူဖြစ်၍ အခြားလူငယ်များလို အားကစားလုပ်ရှားမှု လုံးဝမလုပ်ခဲ့။ လုပ်ရန်လည်း အချိန်မပေးနိုင်သောကြောင့် ယောကျ်ားကလေး အများစု တတ်သလို သူ့ခမျာ စက်ဘီးပင် မစီးတတ်ရှာချေ။ ယင်းအဖြစ်ကို ရခိုင်ဒေသခံ ပုဂ္ဂိုလ်များက မသိကြသဖြင့် ကျွန်တော်တို့အားလုံးအတွက် စက်ဘီးကိုယ်စီ စီးသွားနိုင်အောင် လုံလောက်စွာ ငှားပေးခဲ့ကြပါသည်။

ကျွန်တော်လည်း ဗိုလ်ချုပ်၏ အခက်အခဲပြဿနာကို လူအများ မသိစေလိုသဖြင့် ချက်ချင်းပင် ပြဿနာ၏ အဖြေကို စဉ်းစားဆုံးဖြတ်လိုက်ပါသည်။

'ဩ ဘာမှ မခက်ပါဘူး ဗိုလ်ချုပ်၊ ကျွန်တော်နင်းတဲ့ စက်ဘီးရဲ့ (ကယ်ရီယာ) နောက်ထိုင်ခုံမှာ ဗိုလ်ချုပ်က ထိုင်လိုက်ရုံပါပဲ၊ ကျွန်တော်က ရှေ့က နင်းသွားမယ်၊ ဗိုလ်ချုပ်က လူကြီး မဟုတ်လား၊ ကျွန်တော်က လူငယ်တပည့်တစ်ယောက်အနေနဲ့ ကိုယ့်ဆရာသမားတရားပွဲကို မပင်ပန်းဘဲ ရောက်သွားနိုင်အောင် ကျွန်တော့်စက်ဘီးနဲ့ တင်ခေါ်သွားမယ်ဆိုရင် အများအမြင်မှာလည်း ကြည့်ကောင်းမယ်'

ကျွန်တော်က သွက်လက်စွာပြောနေစဉ် သခင်မြသည် ပြုံး၍ ကျွန်တော်တို့နှစ်ယောက်ရှိရာသို့ လျှောက်လာပါသည်။

'ဟုတ်သားပဲ ဗိုလ်ချုပ်၊ ကိုယ် စက်ဘီး မစီးတတ်တာကို လူတကာသိအောင် ကြော်ငြာဖို့ မလိုပါဘူး၊ ဘာမှလဲ ပြောမနေနဲ့၊ ကိုယ့်တပည့်ရဲ့ စက်ဘီးနောက်ထိုင်ခုံက အသာထိုင်လိုက်သွားပါ'

သခင်မြက ဤသို့ပြောလိုက်မှ ဗိုလ်ချုပ်ကလည်း

'ဟုတ်ကဲ့ ဆရာ'

ဟု ပြောလိုက်ပါသည်။

ကျွန်တော်သည် ခပ်လှမ်းလှမ်းတွင် ရှိနေသူ ဒေသခံလူငယ်တစ်ဦးကို ခေါ်၍ ဗိုလ်ချုပ်၏စက်ဘီးကို သက်ဆိုင်ရာပိုင်ရှင် ပြန်ပေးရန် ပြော၍ပေးလိုက်ပါသည်။

ထို့နောက် သခင်မြက စက်ဘီးတစ်စီးစီး၍ ကျွန်တော်က စက်ဘီးနောက်ထိုင်ခုံ (ကယ်ရီယာ)တွင် ဗိုလ်ချုပ်အားထိုင်စေ၍ စက်ဘီးကို ခပ်သွက်သွက်နင်းကာ ထွက်ခဲ့ပါသည်။ ကျွန်တော်သည် စက်ဘီး နင်းသွားရင်း စိတ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အကြောင်း စဉ်းစားနေမိပါသည်။ ဆရာသခင်မြက‘ကိုယ်စက်ဘီး မစီးတတ်တာ လူတကာသိအောင် ကြော်ငြာဖို့ မလိုပါဘူး’ဟု ပြောခဲ့သော်လည်း ဗိုလ်ချုပ်သည် စက်ဘီး မစီးတတ်သည်ကို မရှက်ဘဲ ကျွန်တော့်အား ပြောခဲ့သည်။ ဤသည်မှာ သူ၏သဘာဝ ပင်ကိုစရိုက်နှင့် ကိုက်ညီနေသည်ဟု ဆိုရပါမည်။ ဗိုလ်ချုပ်သည် ကျွန်တော်တို့တပည့် ရဲဘော်များအား

‘လူမှာ အရေးကြီးဆုံးနှစ်ခုပဲ ရှိတယ်၊ အဲဒါက ကိုယ်ကျင့်တရားရယ်၊ အမှန်တရားကို မြတ်နိုးမှု Love of Truth ရယ်၊ ဒါပဲ ဖြစ်တယ်၊ ဘယ်နေရာမှာမဆို အမှန်ကို အမှန်အတိုင်း ပြောရမယ်၊ ပြောဝံ့တဲ့ သတ္တိရှိရမယ်’

ဟု မကြာခဏ ပြောလေ့ရှိပါသည်။ သူ့ ဝါသနာအတိုင်း Love of Truth ‘အမှန်တရား မြတ်နိုးမှု’ကို အင်္ဂလိပ်လို ပြောခဲ့သည်။ ထူးခြားချက်ကား သူကိုယ်တိုင်လည်း သူပြောသည့်အတိုင်း လုပ်သည်။ ယောကျ်ားတန်မဲ့နှင့် စက်ဘီး မစီးတတ်သည်ကို လူသိမှာ မရှက်ဘဲ အမှန်အတိုင်း ဖွင့်ပြောခဲ့ပါသည်။

‘I practise what I preach ငါဟာ ငါပြောသလို ငါကိုယ်တိုင်လဲ ကျင့်သုံးတယ်ကွ’ဟု သူပြောခဲ့သလို ယခု ရနိုင် ခရီးစဉ်မှ စက်ဘီး မစီးတတ်ကြောင်း အသေးအဖွဲကိစ္စကလေးကိုပင် အမှန်အတိုင်း ဖွင့်ပြောသွားရှာသည်ပါတကားဟု ဆင်ခြင် သုံးသပ်မိပါသည်။

ဤသည်တို့ကား အစိုးရအဖွဲ့ အာဏာ မရရှိသေးစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေး ကြိုးပမ်းမှုအချို့ပင် ဖြစ်ပါသတည်း။

❒



## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်စစ်ဘက်အကြီးအကဲများ

‘ဗိုလ်ချုပ်အောင်ဆန်းအပေါ် နိုင်ငံခြားသားများအမြင်နှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ ဗိုလ်ချုပ်များအကြောင်း’ဆောင်းပါးများ ဖတ်ရှုပြီးသူ စာဖတ်ပရိသတ်အချို့က ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန် စစ်ဘက်အကြီးအကဲများက မြင်ပုံနှင့်သဘောထားအကြောင်း ရေးပါဦးဟု တောင်းဆို တိုက်တွန်းချက်အရ ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့် ဂျပန်တို့အကြောင်း မရေးသားမီ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် သခင်အောင်ဆန်း ဂျပန်ပြည်သို့ စတင် ရောက်ရှိသွားပုံအကြောင်းကို နိဒါန်းပျိုးသည့်အနေဖြင့် အကျဉ်းမျှ ဖော်ထုတ်တင်ပြရန် လိုပါမည်။

ယင်း နိဒါန်းအကျဉ်းကား ဤသို့ပါတည်း။

*

သခင်အောင်ဆန်းအနေဖြင့် ဂျပန်ပြည် တိုကျိုမြို့သို့ ပထမဆုံးအကြိမ် ရောက်သွားသောနေ့ကား ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ ဖြစ်ပါသည်။

ယင်းသို့ ဂျပန်ပြည်သို့ရောက်သွားရခြင်း၏ ဇာတ်လမ်းကတော့ ၁၉၃၉ ခုနှစ်က စတင်ခဲ့သည်ဟု ဆိုရပါမည်။ အကြောင်းမှုကား ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က ဂျာမနီမှ နာဇီအာဏာရှင် ဟစ်တလာက ဗြိတိန်နိုင်ငံအား စစ်ကြေညာရာမှ (ယခုအချိန်အထိ) ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံး စစ်ပွဲဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့သောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀–၃၁ ခုနှစ် ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံအပြီးတွင် မြန်မာနိုင်ငံရေးဇာတ်ခုံပေါ်တွင် စတင်ပေါ်ပေါက်လာသော 'တို့ဗမာအစည်းအရုံး' (သခင်အသင်း)သည် ၁၉၂၀ပြည့်နှစ် နောက်ပိုင်း အတက်ကြွဆုံး၊ အတိုးတက်ဆုံး နိုင်ငံရေးအဖွဲ့အစည်း ဖြစ်ပါသည်။ တို့ဗမာ အစည်းအရုံး၏ ခေါင်းဆောင်များကလည်း နိုင်ငံရေးသိပ္ပံပညာကို ကောင်းစွာလေ့လာထားသော ခေတ်ပညာတတ်လူငယ်များဖြစ်ရာ ဗြိတိသျှ နယ်ချဲ့သမားထံမှ မြန်မာ့လွတ်လပ်ရေးကို လက်နက်စွဲကိုင် တိုက်ခိုက်မှသာ ရနိုင်မည်ဟု သိမြင်လာခဲ့ကြသည်။ အထူးသဖြင့် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ (၁၉၃၈) နောက်ပိုင်းကာလ၌ မြန်မာလူငယ်ခေါင်းဆောင်များသည် လက်နက်စွဲကိုင် တိုက်ပွဲဝင်ရန် အထူးပင် စိတ်အားထက်သန်လာခဲ့ကြသည်။ ယင်းအခြေအနေတွင် (၃–၉–၃၉)နေ့က ဥရောပတွင် ဒုတိယကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံများ စတင်တောက်လောင်လာလေရာ ဗြိတိသျှအစိုးရအနေဖြင့် ယင်းစစ်ပွဲကြောင့် အကျပ်အတည်းဖြစ်နေခြင်းကို အခွင့်ကောင်းယူကာ မြန်မာ့လွတ်လပ်ရေးကို လက်နက်ကိုင် တိုက်ယူရန် အချိန်သင့်အခါသင့် ဖြစ်လာချေပြီဟု တက်ကြွသော လူငယ်ခေါင်းဆောင်များက သုံးသပ်မိခဲ့ကြပေသည်။

ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် ရန်ကုန်တက္ကသိုလ် ၁၉၃၆ ခုနှစ် သပိတ်ခေါင်းဆောင် ကိုအောင်ဆန်းသည် အချိန်ပြည့် နိုင်ငံရေးလုပ်ရန် ဆုံးဖြတ်လျက် တို့ဗမာအစည်းအရုံးသို့ ဝင်၍ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းဖြစ်နေပေပြီ။

သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးမှ အရေးပါသော ခေါင်းဆောင်များ၊ ရန်ကုန်တက္ကသိုလ်သမဂ္ဂမှ ခေါင်းဆောင်များနှင့် တိုင်ပင် ဆွေးနွေးပြီး နိုင်ငံရေးအင်အားစုများကို စည်းရုံး၍ လွတ်လပ်ရေးတိုက်ပွဲဝင်ရန်အတွက် ဝါရင့် နိုင်ငံရေးသမား လူကြီးများထံမှ ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင် (မြန်မာပိုင် နယူးဘားမား အင်္ဂလိပ်သတင်းစာ ထုတ်ဝေသူ) စသော ပုဂ္ဂိုလ်များ ပါဝင်လျက် All Burma Freedom Blocခေါ် 'ဗမာ့ထွက်ရပ်ဂိုဏ်း'ကို ဖွဲ့စည်းတည်ထောင် လိုက်ကြလေသည်။

ထိုအချိန်က မြန်မာပြည်ဘုရင်ခံဖြစ်သူ ဆာဒေါ်မန်စမစ်နှင့် သူ၏ဩဇာခံ ရုပ်သေးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းအား တောင့်တင်းကြီးမားပုံကို သတိပြုမိလျက် စိုးရိမ်စ ပြုလာပါသည်။ ထွက်ရပ်ဂိုဏ်း



ခေါင်းဆောင်များကလည်း အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ခိုက်ရန် ခေတ်မီလက်နက်ကိုင် တပ်မတော် ဖြစ်မြောက်လာရေး၊ လက်နက်ခဲယမ်း ရရှိရေး၊ နိုင်ငံခြားအကူအညီ ရရှိရေးအတွက် နိုင်ငံခြားအကူအညီ ရရှိမည့် နည်းလမ်းများကို လျှို့ဝှက်စွာ စတင် ရှာဖွေနေကြပြီ ဖြစ်သည်။

ထိုအတောအတွင်း ထွက်ရပ်ဂိုဏ်း၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းအား ဟင်္သာတခရိုင် ရာဇဝတ်ဝန်(ခရိုင်ရဲဝန်) ဖေးဗီးယား ဆိုသူက ဖမ်းဆီးရန်ဝရမ်းထုတ်သည့်ပြင် သိက္ခာကျအောင်'နှိမ်'သည့်အနေဖြင့် 'အောင်ဆန်းကို ဖမ်းမိလျှင် ဆုငွေ ငါးကျပ်ချီးမြှင့်မည်'ဟုလည်း ကြေညာလိုက်သောကြောင့် သခင် အောင်ဆန်းလည်း အင်္ဂလိပ်အစိုးရ စုံထောက်များ မျက်စိအောက်မှ ကိုယ်ယောင်ဖျောက်ကာ 'မြေလျှိုး'နေလိုက်ရတော့သည်။ ထို့နောက် သူ့အား လေးစားကြည်ညိုသော ပြည်သူများ၏အကူအညီဖြင့် ဟင်္သာတမှ ရန်ကုန်မြို့သို့ လျှို့ဝှက်စွာပြန်လာနိုင်ခဲ့သည်။ သို့သော် ဗြိတိသျှအစိုးရ စုံထောက်များခြေချင်းလိမ်အောင် သူ့အား လိုက်လံရှာဖွေနေသဖြင့် ကြာရှည် လျှို့ဝှက်စွာ 'မြေလျှိုး'နေရန် ခက်ခဲလာချိန်တွင် ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များက ဘာပဲဖြစ်ဖြစ် သခင်အောင်ဆန်းအား ဖြစ်သည့်နည်းဖြင့် နိုင်ငံခြားသို့ထွက်သွားစေရန် ဆုံးဖြတ်လိုက်ကြတော့သည်။ မည်သည့်နိုင်ငံခြား အဆက်အသွယ်မှ မရရှိသေးလင့်ကစား ပြည်ပရောက်မှ 'မီးစင်ကြည့်က'ဆိုသလို နိုင်ငံခြား အကူအညီရအောင် ကြံဖန်ရှာယူရန် ဆုံးဖြတ်လိုက်ကြခြင်းသာ ဖြစ်သည်။ အရေးအကြီးဆုံးမှာ ဗြိတိသျှအစိုးရ ပိုင်နက်အတွင်းမှ အပြင်ဘက်ရောက်သွားရန်ပင် ဖြစ်သည်။

သို့နှင့်ပင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် သခင်အောင်ဆန်းနှင့် ရေနံမြေအလုပ်သမားခေါင်းဆောင် သခင်လှမြိုင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင် ဖြစ်လာမည့်သူ)တို့သည် 'ဟိုင်လီ'အမည်ရှိ မထင်မရှားသော တရုတ်ကုန်သင်္ဘောဖြင့် လျှို့ဝှက်စွာ လိုက်ပါသွားကြရာ တရုတ်ပြည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော အမွိုင်မြို့သို့ ရောက်ရှိသွားကြတော့သည်။

သူတို့နှစ်ဦးမှာ ဘာအစီအစဉ် ဘာအဆက်အသွယ်မှ မရှိဘဲ ဖွတ်ထွက်လာခဲ့ကြခြင်းကြောင့် အမွိုင်မြို့တွင် ယောင်လည်လည် ဖြစ်နေကြရာ တရုတ်ပြည်မကြီးအတွင်းသို့ ကြံဖန်ဝင်ရောက်ပြီး အကူအညီ သို့မဟုတ် အဆက်အသွယ်ရှာရန် စိတ်ကူးမိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကံကြမ္မာကတစ်မျိုးတစ်ဖုံ လှည့်ပြောင်းလာမှုကြောင့် သူတို့နှစ်ဦး တရုတ်ပြည်မကြီးအတွင်း ဝင်ရန် စိတ်ကူးမိလင့်ကစား ကာယကံမြောက်အားဖြင့် မဝင်ရောက် ဖြစ်ခဲ့ကြပါချေ။

အကြောင်းကတော့ သူတို့နှစ်ဦးထံသို့ ဂျပန်စစ်ဘက်ထောက်လှမ်းရေးမှ လာရောက်၍ မြန်မာနိုင်ငံမှ ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ကြောင်း ပြောဆိုကာ ဂျပန်ပြည်သို့ ခေါ်အောင်သွားခဲ့သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် မကြာမီ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် ဗမာထွက်ရပ်ဂိုဏ်း အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ် နိုင်ဘာလ ၁၂ ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့တော်သို့ ရောက်ရှိသွားခဲ့လေသည်။

တိုကျိုလေဆိပ်တွင် သခင်အောင်ဆန်းအား ဂျပန်ပြည်တွင် သူ့အား အိမ်ရှင်အဖြစ် လက်ခံပြုစုမည့် ဂျပန် အမျိုးသားကြီးတစ်ဦးနှင့် မိတ်ဆက်ပေးကြရာ ထိုသူသည် တိုကျိုမြို့ရှိ ဂျပန်-မြန်မာအသင်း၏ အတွင်းရေးမှူးချုပ် 'မစ္စတာ မီနာမိ'ဟု ပြော၍ မိတ်ဆက်ပေးခဲ့သည်။

အမှန်တော့ ယင်း'မီနာမိ'ဆိုသူ အရပ်သား အဝတ်အစားနှင့် ပုဂ္ဂိုလ်မှာ နောက်ပိုင်း ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) စတင် ဖွဲ့စည်းသော အခါ သခင်အောင်ဆန်း(ဗိုလ်တေဇ) အပါအဝင် ရဲဘော်သုံးကျိပ်တို့ နာမည်ဝှက် အသီးသီး ယူကြချိန်တွင် 'ဗိုလ်မိုးကြိုး'ဟူ၍ မြန်မာနာမည် ထင်ရှားလာမည့် 'မီနာမိကီကန်' ဂျပန်စစ်ဘက် လျှို့ဝှက်အဖွဲ့ အကြီးအကဲကာနယ် (ဗိုလ်မှူးကြီး) ဆူဇူကီးပင် ဖြစ်ပါသတည်း။

*

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ ရန်ကုန်မှတရုတ်ပြည်သို့ သင်္ဘောဖြင့် သို့ဝှက်စွာထွက်သွားပြီးချိန်တွင် ဗိုလ်မှူးကြီးဆူဇူကီးသည် ဂျပန် စစ်အာဏာပိုင်တို့၏ တာဝန်ပေးချက်အရ ဂျပန်သတင်းစာ 'ယိုမိယူရီ'၏ နိုင်ငံခြားသတင်းထောက် ဟန်ဆောင်ကာ ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ သူ၏တာဝန်ကတော့ မြန်မာပြည်တွင်းမှ ဗြိတိသျှအစိုးရအား တော်လှန်တိုက်ခိုက်မည့် တက်ကြွသော လူငယ်အင်အားစုများအား ရှာဖွေ စည်းရုံးရန်ပင် ဖြစ်သည်။

ကံအားလျော်စွာ ဗိုလ်မှူးကြီး ဆူဇူကီးသည် ရန်ကုန်ရောက်ပြီး မကြာမီမှာပင် ထွက်ရပ်ဂိုဏ်းမှ ဒေါက်တာသိမ်းမောင်၊ ဒေါက်တာဘမော်တို့နှင့် လျှို့ဝှက်စွာ ဆက်သွယ်မိသဖြင့် သခင်အောင်ဆန်းတို့ တရုတ်ပြည်သို့ ထွက်သွားနှင့်ပြီဖြစ်ကြောင်း သိရလေသည်။ ထိုအခါ ဂျပန်ဗိုလ်မှူးကြီးက ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များအား မိမိတို့က မြန်မာလူငယ်များအား စစ်ပညာ လေ့ကျင့်သင်ကြားပေးပြီး လက်နက်ခဲယမ်းပါ အကူအညီပေးမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မှ မြန်မာလူငယ်နှစ်ယောက်အပြင် နောက်ထပ်လူငယ်အချို့ ထပ်မံစည်းရုံးထားပြီး မိမိတို့က လျှို့ဝှက်စွာ ဂျပန်သို့ ခေါ်ယူမည်ဖြစ်ကြောင်း၊ အမွိုင်မြို့ရှိ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကိုလည်း တိုကျိုမြို့သို့ခေါ်ယူရန် စီစဉ်မည့်အကြောင်း ပြောဆိုကာ မြန်မာနိုင်ငံမှ ပြန်ထွက်သွားလေသည်။



ထို့ကြောင့် ဂျပန်စစ်ထောက်လှမ်းရေး၏ အစီအစဉ်ဖြင့် အမွိုင်မြို့ရောက် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ဂျပန်ပြည် တိုကျိုမြို့သို့(၁၂-၁၁-၄၀) နေ့တွင် ရောက်ရှိသွားခဲ့ကြခြင်း ဖြစ်ပါသည်။

*

မစ္စတာ မီနာမိ အမည်ခံ ဗိုလ်မှူးကြီး ဆူဇူကီးသည် ရန်ကုန်မြို့တွင် ရှိစဉ်က ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် ဒေါက်တာဘမော်နှင့် ဒေါက်တာ သိမ်းမောင်တို့ထံမှ 'အောင်ဆန်း'အမည်ရှိ မြန်မာလူငယ်အကြောင်း သိသင့်သလောက် သိခဲ့ရပြီးဖြစ်သည်။ အထူးသဖြင့် အောင်ဆန်းသည် အသက်အရွယ်နှင့် မလိုက်အောင်နိုင်ငံရေး သိပ္ပံပညာကို လေ့လာလိုက်စားရာမှ ကောင်းစွာ ကျွမ်းကျင်နားလည်ပြီး နိုင်ငံရေးအတွေးအခေါ် အမြော်အမြင် ထက်မြက်ကြောင်း၊ လူငယ်များအား ခေါင်းဆောင်မှု ပေးနိုင်သော အရည်အချင်းနှင့် ပြည့်စုံသူလည်း ဖြစ်ကြောင်း ကြားသိရခဲ့ရာ တိုကျိုမြို့တွင် လူချင်းတွေ့ရချိန်မှစ၍ အောင်ဆန်းအား စိတ်ဝင်စားမိလေသည်။ လူချင်း ရင်းနှီးအောင် ပေါင်းပြီး လေ့လာအကဲခတ်ကြည့်ချင်လာသည်။ ထို့ကြောင့် သူ၏အမည် မီနာမိသည် နာမည်ဝှက်သာ ဖြစ်ကြောင်း ဖွင့်ပြောကာ သူမည်သူမည်ဝါဖြစ်ကြောင်းကိုပါ ပြော၍ 'အောင်ဆန်း' နှင့် ရင်းနှီးပွင့်လင်းစွာ စကားပြောဆို ဆွေးနွေးကြလေတော့သည်။

ဗိုလ်မှူးကြီး ဆူဇူကီး (ဗိုလ်မိုးကြိုး)သည် အင်္ဂလိပ်ဘာသာစကားကို ဗိုလ်ချုပ်အောင်ဆန်းလို မကျွမ်းကျင်လင့်ကစား အထိုက်အလျောက် ပြောဆိုနိုင်အောင် တတ်မြောက်သဖြင့် နှစ်ယောက်သား ရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အားဖြင့် သူ၏ သားအရွယ်ခန့်သာ ရှိသေးသူ လူငယ် အောင်ဆန်းအကြောင်း ကောင်းစွာသိလို၍လည်း ဗိုလ်မှူးကြီးသည် လူပုဂ္ဂိုလ် အနေဖြင့် အောင်ဆန်းကို မှတ်ကျောက်တင် စမ်းသလို စမ်းကြည့်ခဲ့သည်။

ဥပမာ – တိုကျိုမြို့ ဟိုတယ်တစ်ခု၌ ခေတ္တတည်းခိုနေကြစဉ် ဗိုလ်မှူး ကြီး ဆူဇူကီးက သခင်အောင်ဆန်းအား လူငယ်ဘာဝ ပျော်ပါးရန် အမျိုးသမီး ယူမလားဟု မေးစမ်းကြည့်သည်။ သခင်အောင်ဆန်းက 'နေပါစေ၊ ကျွန်တော် မလိုချင်ပါဘူး'ဟု ငြင်းပယ်ခဲ့သည်။

သူ၏ စိတ်ထဲတွင်ကား

'အင်း ဒီဂျပန်တွေက ငါ့ကို စိတ်ဓာတ်ပျက်ပြားအောင် လုပ်နေတာပါ ကလား'ဟု တွေးလိုက်မိသည်။

နောက်ထပ်တစ်ကြိမ်လည်း သခင်အောင်ဆန်းအား ပြည့်တန်ဆာအိမ်သို့ သွားရအောင် ဂျပန်ထောက်လှမ်းရေး အရာရှိအချို့က ခေါ်ကြည့်ကြပြန်သည်။ ဤတွင်လည်း သခင်အောင်ဆန်းက 'ခရီးပန်းနေ၍ မလိုက်လိုပါ၊ ကျေးဇူးတင် ပါသည်၊ ဟိုတယ်သို့သာ ပြန်အိပ်ပါရစေ'ဟု ယဉ်ကျေးစွာပင် ပြောဆို ငြင်းပယ်ပြီး ဟိုတယ်သို့ ပြန်အိပ်ခဲ့သည်။

နောက်ပိုင်းတွင်ကား သခင်အောင်ဆန်း မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ တစ်ခေါက်ပြန်၍ ကျန် ရဲဘော်သုံးကျိပ်ဝင်များအား ခေါ်သည့်အချိန်အထိ ဂျပန်တို့က သူ့အား အပျော်အပါး လိုက်စားရန် စကားမခေါ်တော့ချေ။

ဤနည်းအားဖြင့် ရဲဘော်သုံးကျိပ်အား စစ်ပညာ လေ့ကျင့်သင်ကြားပေး ခဲ့သည့် 'မိနာမိကိကန်'အဖွဲ့၏အကြီးအကဲ ဗိုလ်မှူးကြီး ဆူဇူကီးခေါ် ဗိုလ်မိုးကြိုး သည် 'အောင်ဆန်း'အမည်ရှိ လူငယ်ကား သာမန်သူလိုငါလို လူငယ်တစ်ယောက် မဟုတ်ကြောင်း၊ စိတ်ဓာတ်ခိုင်မာ ပြင်းထန်သူဖြစ်၍ ခေါင်းဆောင်ကောင်း ဖြစ်လာနိုင်ကြောင်းကို ကောင်းစွာ ရိပ်မိ သံရှိသွားလေတော့သည်။

ဗိုလ်မှူးကြီး ဆူဇူကီးက ဂျပန်သတင်းစာ 'ယိုမိယိုရီ'၏ သတင်းထောက် ဟန်ဆောင်လျက် မြန်မာနိုင်ငံသို့ လာရောက်ပြီး ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် များနှင့် လျှို့ဝှက်ဆက်သွယ်မိချိန်နှင့် မရှေးမနှောင်းမှာပင် တို့ဗမာ အစည်းအရုံး တစ်ခြမ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ထွန်းအုပ်သည်လည်း ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်နှင့် လျှို့ဝှက် ဆက်သွယ်မိခဲ့သည်။ ဂျပန် ကောင်စစ်ဝန်သည် တိုကျိုမြို့တော်မှ အာဏာပိုင်တို့၏ တာဝန်ပေးချက်အရ မြန်မာပြည်၌ အင်္ဂလိပ်



အစိုးရအား တော်လှန်ပုန်ကန်မည့် မျိုးချစ်လူငယ်များအား စည်းရုံးသိမ်းသွင်းရန် ကြိုးစားနေခိုက်ဖြစ်၍ သခင်ထွန်းအုပ်နှင့် ဆက်သွယ်မိခြင်းက အဆင်ပြေခဲ့ လေသည်။

ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များနှင့် သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ ခေါင်းဆောင်သော 'တို့ဗမာ အစည်းအရုံး' တစ်ခြမ်းက ဗိုလ်မှူးကြီး ဆူဇူကီး နှင့် ဆက်သွယ်မိသလို တစ်ဖက်က သခင်ထွန်းအုပ်တို့ အုပ်စုကလည်း ဂျပန် ကောင်စစ်ဝန်နှင့် ဆက်သွယ်မိခြင်းဖြစ်သည်။ စင်စစ်အားဖြင့် အုပ်စုနှစ်ခုလုံး သည် ရည်ရွယ်ချက်ချင်း တူညီနေသည်။ ဗြိတိသျှနယ်ချဲ့အား လက်နက်စွဲကိုင် တော်လှန်တိုက်ခိုက်ရန် စစ်ပညာ လေ့ကျင့်သင်ကြားရေးနှင့် လက်နက်ခဲယမ်း ရရှိရန် နိုင်ငံခြား အကူအညီအတွက် အဆက်အသွယ် ရှာနေကြခြင်းပင်ဖြစ်သည်။

ဂျပန် စစ်ဘက်အာဏာပိုင်တို့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ 'သခင် အုပ်စု' နှစ်ခုလုံးမှ လူငယ်များကို ဂျပန်ပြည်သို့ခေါ်ယူပြီး လျှို့ဝှက်စွာ စစ်သင်တန်း များပေးရန် စီစဉ်ခဲ့ကြပါသည်။

*

နောက်ပိုင်း ဗိုလ်မိုးကြိုး ဖြစ်လာမည့် ဗိုလ်မှူးကြီး ဆူဇူကီးအနေဖြင့် သခင်အောင်ဆန်းအပေါ် စိတ်ဝင်စားခဲ့ခြင်းနှင့် ပတ်သက်၍ စစ်အတွင်းက ဗိုလ်ချုပ်ကို ကိုယ်တိုင်ပြောပြချက်အရ 'အောင်ဆန်း'ဆိုသူသည်

၁။ မည်သည့် နိုင်ငံခြား အဆက်အသွယ်မှ မရှိသေးဘဲ ဘာကြောင့် တရုတ်ပြည်သို့ စွန့်စားပြီး ထွက်ခွာလာခဲ့လေသနည်း။

၂။ အောင်ဆန်းသည် ကွန်မြူနစ်တစ်ယောက် ဖြစ်သလော။

၃။ ဂျပန်နှင့် တရုတ် ဖြစ်ပွားနေသည့် အရေးအခင်းနှင့် ပတ်သက်၍ အောင်ဆန်း၏ သဘောထား ယူဆချက်များကား မည်သို့ပေနည်း။

ဟူသောအချက်များကို ဂျပန်တို့က အထူးသိချင်နေခဲ့သည်ဟု ဆိုပါသည်။

အထက်ပါအချက်များနှင့် ပတ်သက်၍ ဗိုလ်ချုပ်သည် ဂျပန်တို့အား တတ်နိုင်သလောက် ဖြေကြားရာ၌ မုသားပြောရလည်း မရောက်၊ ဘာမှလည်း ထူးထူးထွေထွေ ထုတ်ဖော်ပြောရလည်း မရောက်အောင် လိမ္မာပါးနပ်စွာ ကြိုးစား၍ ဖြေကြားခဲ့သည်ဟု ဆိုပါသည်။

သူသည် ကွန်မြူနစ်တစ်ယောက် ဟုတ်မဟုတ် ဟူသော မေးခွန်းကို ဖြေကြားရာ၌ နိုင်ငံတစ်ခုမှ နည်းစနစ်ပုံစံကို အခြားနိုင်ငံတစ်ခုတွင် တိုက်ရိုက် ကူးယူ လိုက်နာကျင့်သုံးခြင်းကို မယုံကြည်ကြောင်း၊ နိုင်ငံတကာမှ နည်းစနစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံကို သေချာစွာလေ့လာသုံးသပ်ပြီးမှ မိမိတို့နိုင်ငံ၏အခြေအနေနှင့် သင့်လျော်ကိုက်ညီမည့် စနစ်မျိုးဖြစ်အောင် ပြုပြင်ရေးဆွဲ အသုံးပြုခြင်းသာလျှင် ကောင်းမည်ဟု ယူဆကြောင်း ဖြေကြားခဲ့သည်။

ဂျပန်တို့အနေဖြင့် အောင်ဆန်း၏ဖြေကြားချက်များကို ကောင်းစွာကျေနပ် သဘောကျပုံမရ။ ထို့ကြောင့် ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ကာလတစ်လျှောက်လုံး ဂျပန်တို့သည် သူ့အားစိတ်မချဘဲ သံသယ ရှိခဲ့သည်ဟု ဗိုလ်ချုပ်က ပြောပြခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံမှရဲဘော်သုံးကျိပ်ဝင် ဖြစ်လာမည့် ကျန်လူငယ်များအား လျှို့ဝှက်စွာ သွားရောက် ခေါ်ယူရန် သခင်အောင်ဆန်းကိုပင် တာဝန်ပေးခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံသို့ ရုပ်ဖျက်၍ တိတ်တဆိတ် ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် လျှို့ဝှက် စစ်ပညာ လေ့ကျင့်သင်ကြားမည့် (သခင်အုပ်စု နှစ်ခုလုံးမှ) လူငယ်များကို ဂျပန်ဘုရင့် ရေတပ်မတော် သင်္ဘောတစ်စင်း၏ အကူအညီဖြင့် ခေါ်ထုတ်သွားခဲ့ပါသည်။

သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ဂျပန်ပြည်သို့ ဒုတိယအကြိမ် ရောက်သွားခဲ့သည့်နေ့ကား ၁၉၄၁ ခု၊ မတ်လ ၂၇ ရက်နေ့ ဖြစ်ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးကွပ်ကဲသော ဗမာ့လွတ်လပ်ရေး (ဘီအိုင်အေ) တပ်မတော်နှင့် ဂျပန်ဘုရင့် တပ်မတော်တပ်မဟာ ၃၃ တို့ ပူးတွဲစစ်ကြောင်းသည် ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်တို့အပေါ် သံယောဇဉ်ရှိနေသူ ဗိုလ်မိုးကြိုး(ကာနယ်ဆူဇူကီး)အား မြန်မာနိုင်ငံတွင် ကြာရှည်မထားဘဲ ဂျပန်ပြည်သို့ ပြန်ခေါ်ယူလိုက်ပြီး ရန်ကုန်မြို့ ဌာနချုပ်ရုံး စိုက်ထားသော ဂျပန်ဘုရင့် တပ်မတော်၏သေနာပတိ လက်ဖတင် ဂျင်နရယ် (ဒုတိယဗိုလ်ချုပ်ကြီး) 'အီးဒါး'သည် နိုင်ငံရေး ပေါ်လစီအရ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းပြီး လူအင်အားအမြောက်အမြား လျှော့ချလျက် 'ဘီဒီအေ' ဗမာ့ကာကွယ်ရေး တပ်မတော်ကို အသစ်ဖွဲ့စည်းကာ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ကာနယ် (ဗိုလ်မှူးကြီး)ရာထူးအဆင့်သာ ပေးခဲ့သော်လည်း သူ၏ပုဂ္ဂိုလ်ရေး



သဘောထားအရ 'အောင်ဆန်း'ဆိုသူအား ကျိတ်၍ လေးစားမိခဲ့သည်။ အထူးသဖြင့် 'အောင်ဆန်း'ဆိုသူသည်

၁။ ငွေကြေးဥစ္စာ မတပ်မက်ခြင်း။

၂။ တန်ခိုးအာဏာ မမက်မောခြင်း။

၃။ ကိုယ်ရေးကိုယ်တာကိစ္စများကို ဦးစားပေးလိုသော တစ်ကိုယ်ကောင်းဝါဒ မနှစ်သက်ခြင်း။

စသည်တို့ကြောင့် ဗိုလ်ချုပ်ကြီး 'အီးဒါး'က လေးစားခဲ့ခြင်း ဖြစ်ပါသည်။

ယင်းအကြောင်းကို စစ်အတွင်း 'လွတ်လပ်ရေးအတု'ပေးပြီး နိုင်ငံအကြီးအကဲ (အဓိပတိ)ဖြစ်သူ ဒေါက်တာဘမော်က ပြောပြ၍ သိခဲ့ရကြောင်း ဗိုလ်ချုပ်ကိုယ်တိုင်က ၁၉၄၅ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမတွင် သူ ဟောပြောခဲ့သည့် အင်္ဂလိပ်ဘာသာ မိန့်ခွန်းရေးသားနေစဉ်က ကျွန်တော့်အား ပြောပြဖူးပါသည်။

ထို့ပြင်စစ်အတွင်းက ဂျပန်လူကြီးပိုင်းထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် သူနှင့်ရင်းနှီးသော မြန်မာနိုင်ငံရေး ခေါင်းဆောင်တစ်ဦးအား

'အောင်ဆန်းဟာ သိပ်ဖြောင့်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဂျပန်တွေကသာ ဖြောင့်မယ်ဆိုရင် သူဟာ လူကောင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ ဂျပန်က မဖြောင့်ဘူးဆိုရင်တော့ အောင်ဆန်းဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်၊ အခုတော့ ကျုပ်တို့ ဂျပန်ရဲ့ ဝါဒ ပေါ်လစီက သိပ်မဖြောင့်တာ ခက်တယ်'

ဟု ပြောခဲ့ဖူးကြောင်းကို မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးထံမှ တစ်ဆင့် နောက်ပိုင်းကျမှ သိခဲ့ရသည်ဟု ဗိုလ်ချုပ်က ပြောပြပါသည်။

*

၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူကီးတို့ ဦးဆောင်ကွပ်ကဲသည့် ဗမာ့လွတ်လပ်ရေး (ဘီအိုင်အေ)တပ်မတော်သည် ရန်ကုန်မြို့ကို အောင်မြင်စွာ သိမ်းပိုက်ခဲ့ပြီးနောက် ဗိုလ်မိုးကြိုးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်အပေါ် လိုသည်ထက်ပို၍ သံယောဇဉ် ရှိလာပြီဟု ရန်ကုန်ရောက်လာသော ဂျပန်ဘုရင့်တပ်မတော် အကြီးအကဲများက ယူဆလာသဖြင့် ဗိုလ်မိုးကြိုးအား ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်ချုပ် (မေဂျာဂျင်နရယ်)အဆင့်သို့ ရာထူးတိုးမြှင့်ပေးပြီး ဂျပန်ပြည်သို့ ပြန်ပို့လိုက်လေသည်။ ဂျပန်ရောက်တော့လည်း တိုကျိုမြို့ရှိ စစ်ဦးစီး ဌာနချုပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ သာမန်အညတရ တာဝန်ဖြစ်သည့် 'ဟွန်ရှူး'ဒေသဆိုင်ရာ တပ်မှူးအဖြစ် တာဝန်ချထားလိုက်သည်။

၁၉၇၉ ခုနှစ် ဒီဇင်ဘာလက (ကွယ်လွန်သူ)နိုင်ငံတော် သမ္မတဟောင်း ဒေါက်တာမောင်မောင်သည် ဂျပန်ပြည်သို့ ရောက်သွားနိုက် ဗိုလ်မိုးကြိုးခေါ် အငြိမ်းစား ဗိုလ်ချုပ်ဆူဇူကီးအား သူ၏ဇာတိနေရပ်ဖြစ်သော ဟာမာမတ်ဆူးမြို့တွင် သွားရောက် တွေ့ဆုံခဲ့ပါသည်။

ဗိုလ်မိုးကြိုးသည် အသက်အရွယ် အိုမင်းနေပြီဖြစ်သော်လည်း သူ သံယောဇဉ်ကြီးခဲ့သော မြန်မာပြည်မှ ဧည့်သည်တစ်ဦး လာရောက်သည်ကို အထူးဝမ်းမြောက် ပျော်ရွှင်လျက် ဧည့်ဝတ်ပျူငှာစွာ ဧည့်ခံခဲ့၏။ ဒေါက်တာမောင်မောင်က သူ အမိအ သိချင်နေသည့်ကိစ္စကို မေးမြန်းရာ ဗိုလ်မိုးကြိုးကလည်း သူ တတ်သလောက် အင်္ဂလိပ်ဘာသာစကားဖြင့် ကြိုးစားပြီး ပြောပြခဲ့သည်။

ယင်းကိစ္စအား ဗိုလ်မိုးကြိုးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် မည်သို့မြင်ခဲ့ပါသနည်း၊ မည်သို့ သဘောထားပါသနည်းဟူ၍ပင် ဖြစ်သည်။

ဗိုလ်မိုးကြိုးသည် စစ်အတွင်း (၁၉၄၁–၄၂) အတိတ်ကာလကို ပြန်ပြောင်းသတိရ အောက်မေ့သလို ပြောပြရာ ဒေါက်တာမောင်မောင်သည် အင်္ဂလိပ်လိုပင် လိုက်၍ ရေးမှတ်ခဲ့ပါသည်။

ယင်းသို့ ရေးခဲ့သော မှတ်တမ်းမှ အောက်ဖော်ပြပါ ဗိုလ်မိုးကြိုး၏ ပြောပြချက်မှာ စိတ်ဝင်စားဖွယ် ကောင်းသဖြင့် ကောက်နုတ်၍ ဘာသာပြန်တင်ပြလိုက်ရပါသည်။

"အောင်ဆန်းသည် အထူးရိုးသား ဖြောင့်မတ်တည်ကြည်သူတစ်ယောက်ဖြစ်သည်။ စစ်ခေါင်းဆောင်တစ်ဦး အနေဖြင့်လည်း သူသည် သတ္တိကောင်းသလောက် စစ်မှုရေးရာ ကျွမ်းကျင်သူဖြစ်သည်။ အောင်ဆန်းသည် မျိုးချစ်စိတ်အပြည့်အဝ ရှိသူတစ်ဦးဖြစ်၍ ကျွန်ုပ်တို့အားလုံးက ဂျပန်ပြည်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဘီအိုင်အေတပ်ဖြင့် ချီတက်ဝင်ရောက်ခဲ့ချိန်ကလည်းကောင်း သူ့အပေါ် အထူးပင် လေးစားမိခဲ့ကြသည်"

*

ဤသည်တို့ကား ဗိုလ်ချုပ်အောင်ဆန်းအပေါ် ဂျပန်စစ်ဘက် အကြီးအကဲများ၏ အမြင်နှင့် သဘောထား တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသတည်း။

❑



## ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလိပ်စာ

'စစ်မဖြစ်ခင်က မင်းဟာ ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ လုပ်ခဲ့တယ် မဟုတ်လား၊ အဲဒီတုန်းက တက္ကသိုလ်မဂ္ဂဇင်းမှာ မင်းက အယ်ဒီတာအနေနဲ့ The Medium ဆိုတဲ့ ခေါင်းစဉ်နဲ့ အင်္ဂလိပ်လို ခေါင်းကြီးရေးခဲ့တယ်လေ၊ အကြောင်းကတော့ မင်းက အင်္ဂလိပ်စာ ကျွမ်းကျင်အောင် လေ့လာသင့်ကြောင်း ရေးထားတယ်၊ မဂ္ဂဇင်းထွက်တဲ့အချိန်က ငါဟာ နိုင်ငံခြားရောက်နေလို့ မဖတ်လိုက်ရဘဲ ၁၉၄၂ ခု ဘီအိုင်အေ ခေတ်ကျမှ မိတ်ဆွေတစ်ယောက်က အဲဒီမဂ္ဂဇင်း ပေးလို့ ဖတ်ရတယ်၊ မင်း ရေးခဲ့တဲ့ ခေါင်းကြီးကို ငါ သဘောကျတယ်၊ မင်းက အင်္ဂလိပ်စာ လေ့လာဖို့ အရေးကြီးပုံ ရေးတာကို ငါ ထောက်ခံတယ်၊ အခုမှ ဒီမှာ ကြုံကြိုက်တုန်း သတိရလို့ ငါ ပြောတာပါ'

ဤသို့ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်အား ပြောခဲ့သည်မှာ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းက ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က စတင် ပေါ်ပေါက်ခဲ့သော ဖက်ဆစ်တော်လှန်ရေး ကာလက ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့တပ်မတော် ရှေ့တန်းစစ်ဌာနချုပ် လှိုဏ်ဂုက်စခန်းကို ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင်၏ ချောင်ကျကျ ကျေးလက်ဒေသတွင်ထားရှိစဉ် ဗိုလ်ချုပ်သည် သူ၏ ဝါသနာအတိုင်း ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်မှောက် ကျောင်းသားဟောင်းထဲမှ တပ်ထဲရောက်နေသူ ကျွန်တော်တို့အုပ်စုနှင့် အားလပ်ချိန်များတွင် စကားစမြည်ပြောဆို ဆွေးနွေးလေ့ရှိရာမှ စစ်ကြိုခေတ်က ကျွန်တော်တာဝန်ခံ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့သည့် တက္ကသိုလ်မဂ္ဂဇင်း၌ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော 'ခေါင်းကြီး' အကြောင်း စကားစပ်ပြောလိုက်ခြင်း ဖြစ်ပါသည်။

*

ဤနေရာတွင် ဗိုလ်ချုပ်က စကားစပ်ပြောသောတက္ကသိုလ်မဂ္ဂဇင်း အကြောင်း အနည်းငယ် ဖော်ပြလိုပါသည်။

တက္ကသိုလ်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအနေဖြင့် ကျွန်တော်က မဂ္ဂဇင်း၏ 'ခေါင်းကြီး' သို့မဟုတ် 'အယ်ဒီတာအာဘော်'ကဏ္ဍကို ရေးရပါသည်။ ထိုနှစ်က ကျွန်တော်သည် ဗိုလ်ချုပ်ပြောသည့်အတိုင်း The Medium ခေါင်းစဉ်ဖြင့် ခေါင်းကြီးပိုင်းရေးရာတွင် မြန်မာလူငယ်များ အနေဖြင့် အင်္ဂလိပ်စာကို အထူးကျွမ်းကျင်နိုင်နင်းအောင် လေ့လာဆည်းပူးသင့်ကြောင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုကျွန်တော်တို့ လိုချင်သော သိပ္ပံဆိုင်ရာ နည်းပညာများ၊ နိုင်ငံရေးသိပ္ပံပညာဆိုင်ရာများ၊ စီးပွားရေး ဘောဂဗေဒ၊ တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဒဿနများကို လေ့လာတတ်မြောက်နိုင်မည် ဖြစ်သည့်ပြင် နိုင်ငံတကာဆက်သွယ်မှု ဘာသာရပ်အနေဖြင့်လည်း အင်္ဂလိပ်စာပေ၏အရေးပါမှု တစ်နေ့တခြား တိုးတက်နေသဖြင့် အင်္ဂလိပ်စာကို ကြိုးစားလေ့လာသင့်ကြကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့ပါသည်။

ယင်း မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိပြီး ရက်ပိုင်းအတွင်းမှာပင် ကျွန်တော့်အား အကြီးအကျယ် ဝေဖန်ပြစ်တင် တိုက်ခိုက်သည့် အရေးအသားများ မြန်မာသတင်းစာများတွင် ပါလာပါတော့သည်။

'မျိုးချစ်စိတ် မရှိသော တက္ကသိုလ် မဂ္ဂဇင်း အယ်ဒီတာ'၊ 'အမေကျော် ဒွေးတော်လွမ်းသူ အယ်ဒီတာကြီး'၊ 'အယ်ဒီတာလော ဘိုမယားပါ သားလော' စသည့် ခေါင်းစဉ်များဖြင့် ကျွန်တော့်အား အပြင်းအထန် ဝေဖန်ရှုတ်ချချက်များကို နေ့စဉ်ထုတ် မြန်မာသတင်းစာများတွင် ဖတ်ရပါသည်။

သို့ရာတွင် ကျွန်တော်က မတုန်လှုပ်မိပါ။ တစ်နေ့ကျလျှင် ကျွန်တော်၏ တက္ကသိုလ် မဂ္ဂဇင်း'ခေါင်းကြီး'တွင် ရေးသားချက်ကို နားလည်သဘောပေါက် လက်ခံလာလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် 'အရေးထူထူ'ပင် နေခဲ့ပါသည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ကာလကျမှ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော် စစ်ကြိုခေတ်က ရေးခဲ့သော တက္ကသိုလ် မဂ္ဂဇင်း



'ခေါင်းကြီး'ပိုင်းကို ထောက်ခံကြောင်း ပြောလိုက်သောအခါ စိတ်ထဲဝယ် ဝမ်းမြောက် ကြည်နူးပီတိ ဖြစ်မိပါသည်။

'ဗိုလ်ချုပ်ကသာ အဲဒီစစ်ကြိုခေတ်က ကျွန်တော် ရေးခဲ့တာကို သဘောကျပြီး ထောက်ခံတယ်လို့ပြောတယ်၊ ဟိုတစ်ချိန်ကတော့ ကျွန်တော့်မှာ အလူးအလဲ ဝေဖန် တိုက်ခိုက်ခံလိုက်ရတာ မသက်သာပါဘူး ဗိုလ်ချုပ်၊ ကျွန်တော့်ကို ဘိုမယားပါ သားမို့ နယ်ချဲ့သမားဘာသာကို အားပေးတယ်လို့တောင် အပြစ်တင် ခံခဲ့ရပါတယ်'

ကျွန်တော်က ပြန်ပြောလိုက်ရာ ဗိုလ်ချုပ်သည် ပြုံးပြီး ခေါင်းခါပြပါသည်။

'ဘာဆိုင်လို့လဲကွ၊ မင်းတို့ ငါတို့ဟာ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် ဘယ်လောက် ပြင်းထန်တက်ကြွတယ်ဆိုတာ တို့ဟာတို့ အသိဆုံးပဲ၊ ငါကိုယ်တိုင် အင်္ဂလိပ်စာကို အထူးလိုက်စားလေ့လာခဲ့တယ်၊ အင်္ဂလိပ်လို အရေးအသား ကျွမ်းကျင်နိုင်နင်းအောင်လည်း လေ့ကျင့်ခဲ့တယ်၊ ဒီမယ် ဟောကောင်၊ ငါ ရှင်းရှင်းပဲ ပြောမယ်၊ ငါတို့က နယ်ချဲ့သမားဆီက လွတ်လပ်ရေးပြန်ရအောင် ကြိုးစားရာမှာ သူတို့ ဘာသာစကားနဲ့ စာပေကို ကျွမ်းကျင်အောင်လေ့လာထားရမယ်၊ ဒါမှသာ ငါတို့က သူတို့နဲ့ လွတ်လပ်ရေးကိစ္စအကြောင်း ရေရေလည်လည် ဆွေးနွေးနိုင်မယ်၊ အရေးဆိုနိုင်မယ်၊ ကုန်ကုန်ပြောမယ်ကွာ၊ လိုအပ်ရင် နယ်ချဲ့သမားကို သူတို့ဘာသာစကားနဲ့ ရန်ဖြစ်နိုင်မယ်၊ ရေရေလည်လည် ဆဲနိုင်မယ် မဟုတ်လား၊ ဒါကြောင့် ငါတို့ အင်္ဂလိပ်စာကျွမ်းကျင်အောင် ကြိုးစားလေ့လာထားရမယ်၊ စစ်မဖြစ်ခင်က တက္ကသိုလ် မဂ္ဂဇင်းမှာ မင်း ရေးခဲ့တဲ့ ခေါင်းကြီးပိုင်းကို ငါ ဘာဖြစ်လို့ ထောက်ခံတယ်ဆိုတာ ဒါလောက်ဆိုရင်မင်း သဘောပေါက်လောက်ရောပေါ့'

ဤသို့လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် စိတ်ပါ တက်ကြွစွာ ပြောခဲ့ပါသည်။

ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်စာ လေ့လာသင်ကြားရေး အပေါ် ထားရှိသည့် သဘောထားအမှန်ပင်ဘည်း။

*

သူ ပြောသည့်အတိုင်း ဗိုလ်ချုပ်သည် အင်္ဂလိပ်စာကို အထူးကျွမ်းကျင် နိုင်နင်းအောင် ကြိုးစားလေ့လာခဲ့ပုံမှာ အလွန်အံ့ဩချီးကျူးဖွယ် ကောင်းကြောင်းကို ကျွန်တော်တို့လို သူနှင့် နီးစပ်ခဲ့သူ မှန်သမျှ ကောင်းစွာ သိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြိုခေတ်က ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသူ ကျောင်းသားများ အနက် အင်္ဂလိပ်စာနှင့် စကားပြောကျွမ်းကျင်သူ အများစုမှာ အင်္ဂလိပ်စာကို ဦးစားပေး သင်ကြားသည့် (European Code) 'ယူရိုပီယန်'ကျောင်း (ခရစ်ယာန် သာသနာပြုကျောင်းများ)မှဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်လာသူများ ဖြစ်ကြပါသည်။ သို့သော် ထိုကျောင်းသားများသည် အင်္ဂလိပ်စာ တော်သလောက် မြန်မာစာကို 'ခေတ်စမ်းပုံပြင်' စာအုပ်တစ်အုပ်သာ ပြဋ္ဌာန်းစာအုပ်အဖြစ် သင်ခဲ့ရ၍ မြန်မာစာ အလွန်ညံ့ဖျင်းတတ်ကြပါသည်။

အံ့သြဖွယ်ကောင်းသည်ကား ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် ကျောင်းသားကိုအောင်ဆန်းသည် ကျွန်တော်တို့နေခဲ့သော ရန်ကုန်စိန်ပေါလ်လို သာသနာပြုကျောင်း လုံးဝမနေရဘဲ မြန်မာစာကိုသာ အထူးဦးစားပေး သင်ကြားသည့် ရေနံချောင်း 'နေရှင်နယ်' (အမျိုးသား)အထက်တန်းကျောင်းတွင် ပညာသင်ကြား ခဲ့ရပြီး ထိုကျောင်းမှ ဆယ်တန်းအောင်တော့မှ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာ ခဲ့သူဖြစ်ပါလျက် နောက်ပိုင်းတွင် ခရစ်ယာန် သာသနာပြု ကျောင်းထွက်များထက် အင်္ဂလိပ်စာ ပိုမိုကျွမ်းကျင်ကာ အရေးအသားရော အင်္ဂလိပ် စကားပြောပါ ထူးချွန်လာခြင်းပင် ဖြစ်ပါသည်။

*

၁၉၆၁ ခုနှစ်က ကျွန်တော်သည် နေးရှင်း (အင်္ဂလိပ်)သတင်းစာနှင့် နိုင်ငံသစ် ညနေသတင်းစာတွင် နိုင်ငံခြားသတင်းအယ်ဒီတာအဖြစ် တာဝန် ယူနေစဉ် အမေရိကန်မှ နာမည်ကြီး စီဘီအက်စ် (CBS) ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန သတင်းထောက်တစ်ဦး ရောက်လာပါသည်။ ထို သတင်းထောက် သည် မြန်မာနိုင်ငံသို့ ရောက်လာခိုက် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း လေ့လာလိုသဖြင့် ယူပီအိုင် (UPI)နိုင်ငံခြားကြေးနန်း သတင်းဌာန၏ မြန်မာနိုင်ငံ ကိုယ်စားလှယ် သတင်းစာဆရာကြီး ဦးဘသန်း၏ ဆက်သွယ် ထောက်ခံချက်ဖြင့် ကျွန်တော့်ထံသို့ ရောက်လာခြင်းပင် ဖြစ်သည်။

အမေရိကန်သတင်းထောက်၏ မေးမြန်းချက်ကို ကျွန်တော်လည်းအတတ် နိုင်ဆုံး ပြည့်စုံအောင်ကြိုးစား ရှင်းပြပြီးနောက် ထိုလူက ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သော မိန့်ခွန်းများ ရှိပါက လေ့လာလိုကြောင်း ပြောပါသည်။ ကျွန်တော် သည် ထိုသတင်းထောက်အား နောက်တစ်နေ့ ပြန်လာရန် ပြောလိုက်ပြီးနောက် သူရောက်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ (၂၀-၁-၄၆)နေ့က ပြောကြား



ခဲ့သော ဖ-ဆ-ပ-လ ရွှေတိဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ်ညီလာခံကြီးမှ သဘာပတိ မိန့်ခွန်း (အင်္ဂလိပ်ဘာသာမူရင်း) မိတ္တူတစ်စောင်ကို ထုတ်ပေး လိုက်ပါသည်။

အမေရိကန်သတင်းထောက်သည် မိန့်ခွန်းကို နာရီဝက်ခန့် ဖတ်ကြည့်ပြီး နောက် ကျွန်တော့်အား မေးခွန်း ထုတ်ပါသည်။

'ဒီ မိန့်ခွန်းက အင်္ဂလိပ်လို ဖြစ်နေတယ်၊ ဂျင်နရယ် အောင်ဆန်းဟာ ခင်များပြောတဲ့ ညီလာခံမှာ အင်္ဂလိပ်ဘာသာနဲ့ မိန့်ခွန်းပြောပါသလား'

'မဟုတ်ပါဘူး၊ ဗိုလ်ချုပ်အောင်ဆန်းက အဲဒီ အင်္ဂလိပ်ဘာသာ မိန့်ခွန်း ရှည်ကြီး လက်မှာကိုင်ထားပြီး ဖတ်ကြည့်ရင်း မြန်မာလို လက်တန်း ပြောသွား ပါတယ်'

'ဒီအင်္ဂလိပ်ဘာသာ မိန့်ခွန်းကို ဘယ်သူက ရေးပေးတာလဲ'

ဤသို့ အမေရိကန် သတင်းထောက်က မေးလိုက်ခြင်းမှာ မထူးဆန်းပါ။ သူတို့ အမေရိကန်မှ ကွန်ဂရက်နှင့် ဆီးနိတ်လွှတ်တော် သဘာပတိများ၊ အမေရိကန်သမ္မတများဆိုလျှင် အရေးကြီးသော မိန့်ခွန်းများကို စာရေးသားခြင်း ကျွမ်းကျင်သူများ ရေးပေးပြီးမှ ကာယကံရှင် ပုဂ္ဂိုလ်က ဖတ်၍ပြောလေ့ရှိကြရာ Speech Writer ခေါ် ဟောပြောချက် မိန့်ခွန်းရေးရန် တာဝန်ယူရသော ကျွမ်းကျင်သူများ ရှိသောကြောင့် မေးလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူ]

'ဘယ်သူကမှ ရေးပေးတာ မဟုတ်ပါဘူး၊ သူကိုယ်တိုင် သူ့ဟာသူ ရေးခဲ့တာပါ'

ကျွန်တော်က ပြောလိုက်လျှင် အမေရိကန်သတင်းထောက်သည် အလွန် အံ့သြသွားပုံ ရပါသည်။

'ဟုတ်ရဲ့လား၊ ဘယ်သူမှ ရေးမပေးဘဲ ဂျင်နရယ်အောင်ဆန်းကိုယ်တိုင် ရေးခဲ့တာ အမှန်ပဲလား'

နောက်တစ်ကြိမ် ထပ်မေးပြန်သဖြင့် ကျွန်တော်လည်း

'အမှန်ပါပဲ၊ ဂျင်နရယ် အောင်ဆန်းဟာ အဲဒီညီလာခံ မိန့်ခွန်းတင်မကဘူး၊ သူရဲ့ တခြားမိန့်ခွန်းတွေကိုလည်း သူကိုယ်တိုင် အင်္ဂလိပ်လို ရေးလေ့ ရှိပါ တယ်'

ဟု ပြောလိုက်သောအခါ အမေရိကန် စီဘီအက်စ် သတင်းထောက်သည် မယုံကြည်နိုင်လောက်အောင် အံ့သြဟန်ဖြင့် ဗိုလ်ချုပ်၏ မိန့်ခွန်းကို ဆေ့တ္တုပြန်၍ ဖတ်ကြည့်နေပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းကို ဖတ်ပြီး၍ စားပွဲပေါ်သို့ ချလိုက်တော့မှ ကျွန်တော်သည် စိတ်ထဲမှ သိချင်နေသောအချက်ကို မေးကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။

'ခင်ဗျားကို ကြည့်ရတာ အံ့သြနေပုံ ရပါတယ်၊ ဘာဖြစ်လို့ပါလဲ'

'ဟုတ်ပါတယ်၊ ကျွန်တော် အထူးပဲ အံ့သြနေမိပါတယ်၊ ခင်ဗျားကို ထပ်ပြီးမေးပါရစေ၊ မစ္စတာအောင်ဆန်းဟာ ငယ်စဉ်က အင်္ဂလိပ်စာကို အထူး ဦးစားပေးသင်ကြားတဲ့ သာသနာပြုကျောင်းမှာ ပညာသင်ကြားခဲ့ပါသလား'

'မသင်ဖူးခဲ့ပါဘူး၊ ရန်ကုန် တက္ကသိုလ် မရောက်မီ သူနေခဲ့တဲ့ကျောင်းက ရေနံချောင်းမြို့ နေရှင်နယ် (အမျိုးသား)ကျောင်းဖြစ်ပါတယ်၊ အဲဒီကျောင်းမှာက တခြားအစိုးရ ဟိုက်စကူး(အထက်တန်း)ကျောင်းတွေ လောက်တောင် အင်္ဂလိပ်စာကို ဦးစားပေးမသင်ဘဲ မြန်မာစာကိုသာ အဓိက ဦးစားပေးသင်ခဲ့ပါတယ်၊ ဘာဖြစ်လို့ ဒါကို ခင်ဗျားက မေးတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ဒီမိန့်ခွန်းဟာ ဂျင်နရယ်အောင်ဆန်းရဲ့ အင်္ဂလိပ်စာ အရေးအသား ဝါကျတည်ဆောက်ပုံ၊ ဝေါဟာရကြွယ်ပုံတွေက အလွန်အံ့သြစရာ ကောင်းနေလို့ပါပဲ၊ ဘွင်းဘွင်းပြောရရင် အင်္ဂလန်နိုင်ငံသား အင်္ဂလိပ်လူမျိုး စစ်စစ်တွေတောင် ဒီလို အင်္ဂလိပ်စာ အရေးအသားကောင်းတဲ့ လူဆိုလို့ တော်တော်ရှားလိမ့်မယ်လဲ ကျွန်တော် ပြောနိုင်ပါတယ်'

ဤသို့လျှင် အမေရိကန် သတင်းထောက်က ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်ပုံကို ...ဖော်ချီးကျူးသွားသည့်အတွက် ကျွန်တော်၏စိတ်ထဲတွင် ကွယ်လွန်သူ မိမိ၏ဆရာ ဗိုလ်ချုပ်အတွက် ကျိတ်၍ ဝမ်းမြောက် ဂုဏ်ယူမိခဲ့ပါသည်။

ထို့ကြောင့် သူ မပြန်မီ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လက ဗိုလ်ချုပ်ရေးသားခဲ့သော ဖက်ဆစ်တော်လှန်ရေး စစ်တမ်း (The Resistance Movement) အင်္ဂလိပ်ဘာသာ စာတမ်း၏ မိတ္တူတစ်စောင်ကိုပါ အမေရိကန် သတင်းထောက်အား ပေးလိုက်ပါသည်။

*

ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်စာ ကျွမ်းကျင်ထူးချွန်မှုကို ကျွန်တော် အနေဖြင့်သူ ဓို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း မဖြစ်မီ ရန်ကုန်တက္ကသိုလ်မှာ ရှိစဉ်ကပင် သိရှိနေခဲ့ပါသည်။



၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်သည် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ် အောင်ဆန်း ဖြစ်လာမည့် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းအား မွေးထုတ်ပေးလိုက်သည့် အရေးတော်ပုံဟူ၍ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မှတ်တမ်းထားရမည် ဖြစ်ပါသည်။ အကြောင်းမူကား အဆိုပါ တက္ကသိုလ်သပိတ် ဖြစ်ပေါ်လာရသည့် အကြောင်းတစ်ခုက နတ်မောက်မြို့သား ကိုအောင်ဆန်း နှင့် ပတ်သက်နေသောကြောင့်ပင်တည်း။

ထိုနှစ်က ကိုအောင်ဆန်းသည် တက္ကသိုလ်သမဂ္ဂအမှုဆောင် အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး သမဂ္ဂ၏ကြေးကြော်သံ အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန် ယူခဲ့ရပါသည်။ စစ်ကြိုခေတ်က အိုးဝေမဂ္ဂဇင်းနှင့် ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း များတွင် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် စာမူများကို ကဏ္ဍခွဲပြီး ရိုက်နှိပ်ဖော်ပြ လေ့ရှိပါသည်။ အိုးဝေ မဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍတွင် 'ငရဲခွေးကြီး လွတ်လာပြီ' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ပါလာရာ ယင်းဆောင်းပါးမှာ တက္ကသိုလ်အာဏာပိုင်အဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ဝေဖန်ပြစ်တင်သည့် သရော်စာသဘောမျိုး အထူးပြောင်မြောက်စွာ ရေးထားသဖြင့် မဂ္ဂဇင်းထွက်ထွက်ချင်း ဟိုးလေးတကျော် ဖြစ်သွားတော့သည်။

ထိုအခါ တက္ကသိုလ်ကျောင်းအုပ်ဆရာကြီး (ယခုခေတ်အခေါ် ပါမောက္ခ ချုပ်) မျက်နှာဖြူ လူမျိုးမစ္စတာ 'ဆလော့စ်'က အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းအား ဆင့်ခေါ်၍ အထက်ဖော်ပြပါ ဆောင်းပါးရေးသူ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ထုတ်ပြောရမည်ဟု အမိန့်ပေးတောင်းဆိုပါသည်။ ကိုအောင်ဆန်း ကလည်း အယ်ဒီတာတို့ ကျင့်ဝတ်စည်းကမ်းအရ စာရေးသူအမည်ကို မဖော်ပြော နိုင်ပါဟု ခပ်တည်တည်ပင် ငြင်းဆိုခဲ့သည်။ ကျောင်းအုပ်ကြီးသည် ဒေါသထွက် လာပြီး

'အောင်ဆန်း မင်း ငါမေးတာမပြောရင် မင်းကို အရေးယူမယ်၊ ကျောင်း ထုတ်ပစ်မယ်'ဟု ခြိမ်းခြောက်ရာ ကိုအောင်ဆန်းကလည်း သတ္တိရှိသော အယ်ဒီတာ ပီပီ

'ကြိုက်သလိုသာလုပ်၊ ကျွန်တော်တော့ အယ်ဒီတာအနေနဲ့ ထုတ်ဖော် မပြောနိုင်ဘူး'

ခပ်တည်တည် ပြန်ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မျက်နှာဖြူ ကျောင်းအုပ်ကြီးသည်အိုးဝေ အယ်ဒီတာ ကိုအောင်ဆန်းအား တက္ကသိုလ်ကျောင်းမှ ထုတ်ပစ်လိုက်ရာ ယင်းအချက်သည်ပင်လျှင် ၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ် သပိတ်ကြီး ဖြစ်ပေါ်လာအောင် မီးမွှေးပေးလိုက်သော 'လောင်စာ' တစ်ခုဖြစ်ခဲ့လေသည်။ ယင်းကိစ္စကို နေ့စဉ် သတင်းစာများ (သူရိယ၊ မြန်မာ့အလင်း)က အကျယ်တဝင့် ရေးသားဖော်ပြကြသဖြင့် ကိုအောင်ဆန်းသည်လည်း၊ နိုင်ငံနှင့်အဝန်း နာမည်ကျော်ကြား လာခဲ့ပါတော့သည်။

အိုးဝေ မဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ယူစဉ် ကိုအောင်ဆန်းသည် အင်္ဂလိပ်ဘာသာ စာမူများကို တည်းဖြတ်ခြင်း၊ လိုအပ်လျှင် ပြင်ဆင်ပေးခြင်း၊ အယ်ဒီတာအဖြစ် ကိုယ်တိုင်ရေးရသည့် ကဏ္ဍများတွင် အထူးပြောင်မြောက်ထိမိစွာ ရေးသားနိုင်ခြင်းတို့ကြောင့် သူ၏အင်္ဂလိပ်စာ ကျွမ်းကျင်နိုင်နင်းမှုကို ရန်ကုန်တက္ကသိုလ် နယ်မြေတွင် ကျော်ကြား လူသိများလာခဲ့ပါသည်။

[မှတ်ချက်။ မျက်နှာဖြူ ကျောင်းအုပ်ကြီးက ကိုအောင်ဆန်းအား အကျပ်ကိုင်ခြိမ်းခြောက်၍စစ်ဆေးခဲ့သော အိုးဝေမဂ္ဂဇင်းမှ ဆောင်းပါးရေးခဲ့သူကား နောက်ပိုင်း သတင်းစာဆရာကြီးဖြစ်လာသူ (ယခုကွယ်လွန်) အိုးဝေဦးညိုမြပင် ဖြစ်ပါသည်။ ကျောင်းသားဘဝက သူ၏နာမည်မှာ ကိုသိန်းတင့် ဖြစ်သည်။ ကိုအောင်ဆန်းသည် အယ်ဒီတာတို့ စောင့်စည်းရသော ကျင့်ဝတ်စည်းကမ်းအရ စာရေးသူအမည်ကို ထုတ်ဖော်ပြောရန် သတ္တိရှိစွာဖြင့် ငြင်းပယ်လျက် ဆောင်းပါးရှင် ကိုသိန်းတင် (ဦးညိုမြ)အား ကာကွယ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ စာရေးသူ]

*

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာ အရေးအသားသာမက အင်္ဂလိပ်စကားပြောရာတွင်လည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်အောင် တက္ကသိုလ်ကျောင်းသားဘဝကပင် အလေ့အကျင့် ရခဲ့ပါသည်။

ကိုလိုနီ နယ်ချဲ့ခေတ်က အင်္ဂလိပ်ဘာသာသည် ရုံးသုံးဘာသာရပ်ဖြစ်ကြောင်း ယနေ့လူကြီးပိုင်းက မှတ်မိကြပါလိမ့်မည်။

ထို့မျှမကသေး။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာမှလွဲ၍ ဘာသာတိုင်းကို ဆရာများ၊ ကထိက၊ ပါမောက္ခများ အင်္ဂလိပ်လိုသာ သင်ကြားပို့ချခဲ့သည့်ပြင် တက္ကသိုလ်ကျောင်းဆောင်များရှိ Social Clubခေါ် သဟာယအသင်း အစည်းအဝေးများတွင် အင်္ဂလိပ်ဘာသာဖြင့်သာ ပြောဆို စည်းဝေးကြရပါသည်။ စစ်ကြိုခေတ် တက္ကသိုလ်၏ အသင်းအဖွဲ့တစ်ခုဖြစ်သော ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်း (R.U.S.U) တွင်လည်း အစည်းအဝေးများ ကျင်းပသည့်အခါ



အင်္ဂလိပ်ဘာသာဖြင့် ပြောဆို စည်းဝေးကြရသည်။ တက္ကသိုလ်သမဂ္ဂမှ ကြီးမှူးကျင်းပသော ပညာပေးဟောပြောပွဲများတွင် ပြင်ပမှ ပုဂ္ဂိုလ်ကြီးများ လာရောက်ဟောပြောသည့်အခါ ကာယကံရှင်ပုဂ္ဂိုလ်များသည် မြန်မာလူမျိုးစစ်စစ် ဖြစ်သော်လည်း အင်္ဂလိပ်ဘာသာဖြင့်ပင် လာရောက်ဟောပြောပို့ချကြရပါသည်။ ထို့ကြောင့် ခေတ်ဟောင်းက နာမည်ကြီး ပုဂ္ဂိုလ်များ(ဒေါက်တာဘမော်၊ ဝတ်လုံဦးချန်ထွန်း၊ အမျိုးသမီးခေါင်းဆောင် ဒေါ်မြစိန်၊ တရားသူကြီး ဦးပါစိမြမောင် စသည်တို့)သည် တက္ကသိုလ် သမဂ္ဂသို့ လာရောက်ပြီး အင်္ဂလိပ်ဘာသာဖြင့်ပင် ဟောပြောခဲ့ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် သမဂ္ဂအစည်းအဝေးများ၌ အင်္ဂလိပ်လို ပြောဆိုဆွေးနွေးရာတွင် အလေ့အကျင့်ကောင်းစွာရခဲ့သဖြင့် သူ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း မဖြစ်မီကပင် အင်္ဂလိပ်စကားကို ကျွမ်းကျင်နိုင်နင်းစွာ ပြောနိုင်နေပြီ ဖြစ်ပါသည်။

*

အလျဉ်းသင့်၍ ၁၉၄၆ ခုနှစ်က ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသေးသည်။

စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခမစ္စတာရို့ဒ်စ် ((Professor Rhodes)သည် စစ်အတွင်းက သူ၏ ဇာတိဌာနေ 'နယူးဇီလန်နိုင်ငံ' တွင် ရောက်ရှိနေပြီးနောက် စစ်ပြီးသောအခါ ရန်ကုန်မြို့သို့ ခေတ္တပြန်ရောက်လာခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်နှင့်တကွ သူ၏တပည့် ကျောင်းသားဟောင်းများအပေါ် သံယောဇဉ် ရှိနေသူဖြစ်၍ ပါမောက္ခကြီးသည် လက်လှမ်းမီရာ တပည့်ကျောင်းသားများနှင့် တွေ့ဆုံကာ ရင်းနှီးစွာ စကားပြောဆိုဆွေးနွေးရင်း သူနှင့် စစ်ကြိုခေတ်ကပင် သိကျွမ်းရင်းနှီးခဲ့သူ ပန်းတနော်ဦးခန့်နှင့် တွေ့ဆုံခဲ့ပါသည်။ ထိုအခါ ပါမောက္ခရို့ဒ်စ်က စစ်ဖြစ်ခါနီးနှင့် စစ်အတွင်းက အထူးနာမည်ကျော်ကြားလာသူ တက္ကသိုလ်ကျောင်းသားဟောင်း 'အောင်ဆန်း'ကို စိတ်ဝင်စားမိသဖြင့် ဖြစ်နိုင်ပါက လူချင်းတွေ့ဆုံစကားပြောလိုကြောင်း ပြောပါသည်။ ဦးခန့်ကလည်း ဖြစ်အောင် စီစဉ်ပေးပါမည်ဟုဆိုပြီး ချက်ချင်းပင် ဗဟန်းတာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့ လာ၍ ပြောပါသည်။ ဦးခန့်သည် အင်္ဂလိပ်စာပါမောက္ခကြီးအား အထူးခင်မင်လေးစားသဖြင့်လာရောက်ကြိုးစားခြင်း ဖြစ်သော်လည်း ဗိုလ်ချုပ်က အင်္ဂလိပ်ပါမောက္ခကြီးအား လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရန် ငြင်းဆန်ပြီး ဘုကျကျ ပြောလွှတ်မည်ကိုလည်းစိုးရိမ်စွာ မရဲတရဲ လာရောက်ကြိုးစားရခြင်းဖြစ်ကြောင်း ကျွန်တော့်အား နောက်မှ ပြောပြရှာပါသည်။

သို့ရာတွင် သူ စိုးရိမ်သလို လုံးဝ မဖြစ်ဘဲ ဗိုလ်ချုပ်က အင်္ဂလိပ်ပါမောက္ခကြီးအား လက်ခံတွေ့ဆုံရန် သဘောတူ လက်ခံရုံမက နောက်တစ်နေ့ညဘက် သူ၏နေအိမ်သို့ ညစာလာရောက်စားရန် ကြွပါဟု ဦးခန့်မှတစ်ဆင့် ဖိတ်ကြားနိုင်းလိုက်ပါသည်။ ထို့ပြင် ကျွန်တော့်ကိုလည်း မြန်မာပိုင် 'ဆန်းကဖိး' စားသောက်ဆိုင်မှ အကောင်းဆုံး အနောက်တိုင်းညစာကို ဆိုင်မှ စားပွဲထိုးများနှင့်တကွ နောက်တစ်နေ့ည သူ၏နေအိမ်တွင် လာရောက်တည်ခင်းစေရန် စီစဉ်ခိုင်းပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သူကြီးတစ်ဦးအနေဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ကို ဆန့်ကျင်ပြီး မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့လင့်ကစား ပုဂ္ဂိုလ်ရေးအရ အင်္ဂလိပ်လူမျိုးများကို မုန်းတီးခြင်းမရှိကြောင်း၊ အင်္ဂလိပ်စာပေကိုလည်း ဝါသနာပါ၍ ကြိုးစားလေ့လာခဲ့ကြောင်း စသည်တို့ကို ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ ပါမောက္ခကြီးအား ယဉ်ကျေးရည်မွန်စွာ ပြောပြလိုသောကြောင့် သူ၏နေအိမ်သို့ ဖိတ်ကြားကာ ညစာစားပွဲ တည်ခင်းဧည့်ခံခဲ့ခြင်းဖြစ်ပါသည်။ သူကိုယ်တိုင်ကလည်း ဤအတိုင်းပင် ကျွန်တော့်အား နောက်တစ်နေ့နံနက်တွင် ပြောပြပါသည်၊

ပါမောက္ခကြီးကလည်း ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၏အင်္ဂလိပ်စာကျွမ်းကျင်မှုကို တက္ကသိုလ် သမဂ္ဂထုတ် 'အိုးဝေ'မဂ္ဂဇင်း ဖတ်ရ၍ သိသင့်သလောက် သိထားပြီး ဖြစ်ပါသည်။ ထို့ပြင် သူသည် ပန်းတနော် ဦးခန့်ထံမှ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လကရေးသားခဲ့သော 'ဖက်ဆစ်တော်လှန်ရေး စစ်တမ်း' The Resistance Movementနှင့် (၂၀-၁-၄၆) နေ့ ရွှေတိဂုံ အလယ်ပစ္စယံ ပြည်လုံးကျွတ်ညီလာခံ သဘာပတိ မိန့်ခွန်းများ၏ အင်္ဂလိပ်ဘာသာမူရင်းများကို လေ့လာဖတ်ရှုရသဖြင့် ဗိုလ်ချုပ်၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှု အဆင့်အတန်းကို သိရှိထားပြီးဖြစ်ပသည်။

နောက်တစ်နေ့ည ဗိုလ်ချုပ်အိမ်သို့ ညစာစားရန်လာသောအခါ ပါမောက္ခကြီးသည် သူထင်မိသလို စိတ်ကြမ်းလူကြမ်းစစ်သူကြီးတစ်ဦးနှင့် လုံးဝမတူဘဲ ပြုံးရွှင်ဖော်ရွေစွာ ခရီးဦးကြိုနေသူ 'အောင်ဆန်း'ခေါ် တက္ကသိုလ်ကျောင်းသား



တစ်ဦးနှင့်သာတူနေသဖြင့် အံ့သြမိကြောင်း ညစာစားပွဲအပြီး ပြန်ခါနီးတွင် ကျွန်တော့်အား ရယ်ကာမောကာဖြင့် ပြောသွားပါသည်။

စစ်ကြိုခေတ်က အင်္ဂလိပ်စာ ဂုဏ်ထူးသင်တန်းတက်နေစဉ် ကျွန်တော်တို့အား ရှေးဟောင်းအင်္ဂလိပ်စကား (Anglosaxon) ဘာသာရပ်သင်ကြားပို့ချခဲ့စဉ် ကျောင်းသားတစ်ဦးအဖြစ် ပါမောက္ခကြီးက ကျွန်တော့်အား သိခဲ့ဖူး၍ ရင်းနှီးစွာ စကားပြောခဲ့ပါသည်။

ညစာ စားနေကြစဉ်က ဗိုလ်ချုပ်အောင်ဆန်းက အထူးယဉ်ကျေးရည်မွန်စွာ စကားပြောရင်း သူ၏နိုင်ငံရေးအယူအဆ၊ မြန်မာနိုင်ငံ၏အနာဂတ်အတွက် မျှော်ခေါ်တောင့်တချက်၊ စစ်ပြီးခေတ် ကမ္ဘာကြီးတွင် အင်္ဂလိပ်ဘာသာ၏ အရေးပါ အသုံးဝင်မှု အထူးတိုးတက်လာမည်မှာ ဧကန်မုချဟု သူ ယုံကြည်ကြောင်း စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောဆိုခဲ့ရာ အင်္ဂလိပ်စာ ပါမောက္ခကြီးသည် အထူးဝမ်းမြောက်ဟန် တူပါသည်။

တက္ကသိုလ်တုန်းက သူ၏တပည့်တစ်ဦး မဖြစ်ခဲ့သော်လည်း သူ့အနေဖြင့် ထူးချွန်ထက်မြက်သော ကျောင်းသားခေါင်းဆောင်အဖြစ် စိတ်ဝင်စားခဲ့မိသော 'အောင်ဆန်း' ဆိုသူအကြောင်း ပါမောက္ခ ရို့ဒ်စ်သည် ကောင်းစွာ သိရှိသွားပြီဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ဂလိပ်ဘာသာအပေါ် သဘောထားယူဆချက်ကိုလည်း သဘောကျသွားပုံ ရပါသည်။

ထို့ကြောင့်ပင်လျှင် ညစာစားပွဲအပြီး အပြန်တွင် ကျွန်တော်က ပါမောက္ခကြီးအား မော်တော်ကား ရှိရာသို့ လိုက်ပို့စဉ် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားဟောင်းတစ်ဦး အနေဖြင့် ပါမောက္ခရို့ဒ်စ်သည် ကျွန်တော့်အား ရင်းနှီးပွင့်လင်းစွာ ပြောပါသည်။

'မင်းရဲ့ဆရာ အောင်ဆန်းကတော့ တကယ့်ထူးချွန်တဲ့ လူတစ်ယောက်ပဲကွယ်'

ဤနေရာတွင် ပါမောက္ခကြီးသည်

'Your boss is truly a remakable man.'

ဟူသော အင်္ဂလိပ်စကားကို သုံးသွားပါသည်။

'သူ့အသက်အရွယ်နဲ့ မလိုက်အောင် ထူးချွန်ထက်မြက်ပြီး အမြော်အမြင်ရှိတယ်၊ အခုလိုအချိန်မှာ အောင်ဆန်းလို ခေါင်းဆောင်တစ်ဦးရှိနေတဲ့အတွက် မင်းတို့ မြန်မာပြည်အဖို့ အထူးကံကောင်းတယ်လို့ ငါဆိုချင်တယ်၊ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရိုးသား တည်ကြည်မှု ပွင့်လင်းမှုတို့က သူ့ရဲ့ ကြိုးပမ်းမှုတွေ အောင်မြင်ဖို့ရာ အထောက်အကူဖြစ်စေမှာ သေချာတယ်၊ အင်္ဂလိပ်စာလည်း အံ့သြစရာကောင်းလောက်အောင် တော်တယ်'

ဤသို့လျှင် ပါမောက္ခကြီးက ဗိုလ်ချုပ်အပေါ် သူ၏အကဲဖြတ်ချက်ကို ကျွန်တော့်အား ပြောသွားရာ မိမိဆရာသမားအတွက် ကျွန်တော်သည် ဝမ်းမြောက်ဂုဏ်ယူ[illegible] ဖြစ်ခဲ့မိပါသည်။

*

ယခုနှစ် ပြည်ထောင်စုနေ့ အကြိုကာလ ၄၈ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်တစ်ရပ်အနေဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလက ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော အင်္ဂလိပ်ဘာသာ မိန့်ခွန်းကို Pathe News 'ပါသီ'သတင်း ရုပ်ရှင်ဌာနက သတင်းကားအဖြစ် ရိုက်ကူးခဲ့သော ဖလင်မှ တစ်စိတ်တစ်ဒေသကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ရာ သွားလေသူ ဗိုလ်ချုပ်အား အထူးသတိရမိသဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါသတည်း။

❑



## ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုသဘာဝစရိုက်

'ကြည်
ပဲပြုတ်နဲ့ နံပြား စားချင်တယ်
**အောင်ဆန်း'**

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးဖြင့် သူကိုယ်တိုင်ရေးပြီး အောက်တွင်လည်း 'အောင်ဆန်း'ဟု သူ၏နာမည်လက်မှတ် ရေးထိုးထားသော စာတိုကလေးပင် ဖြစ်သည်။

တစ်ခါက ဗိုလ်ချုပ်က သူ၏ချစ်ဇနီးဒေါ်ခင်ကြည်အား သူကြိုက်သော 'ပဲပြုတ်နံပြား'စားချင်ကြောင်းပူဆာလိုက်သည့် စာပင် ဖြစ်သည်။

'ပူဆာ'သည်ဟု ဆိုရခြင်းမှာ 'ဟော့ ငါ ပဲပြုတ်နဲ့နံပြား စားချင်တယ်၊ မနက်စောစော'အသင့် ဝယ်ထားလိုလ်'ဟု စစ်သူကြီးတစ်ဦးက စစ်သည်ရဲဘော်ကလေးအား အမိန့်ပေးလိုက်ပုံမျိုးမဟုတ်။ သားငယ်တစ်ဦးက သူ့ကို အလွန်ချစ်မြတ်နိုးသူ မိခင်အား ကလေးငယ်သဖွယ် ပူဆာလိုက်သည့်လေသံမျိုး ဖြစ်နေသောကြောင့်ပင်တည်း။

အထက်ဖော်ပြပါ စာတိုကလေးကို ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စိတ်ဝင်စားသူ၊ လေ့လာသူ၊ သူ့အကြောင်းဟောပြောရေးသားသူ မှန်သမျှ ကောင်းစွာ သိကြပါသည်။

သို့သော် ယင်းစာတိုကလေးနှင့် ပတ်သက်၍ သဘောထား ကွဲလွဲမှု အငြင်းပွားမှုများလည်း ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘောထား ကွဲလွဲမှု၊ အငြင်းပွားမှု ဖြစ်စေမည့် အထက်ပါ ဗိုလ်ချုပ်အောင်ဆန်း၏လက်ရေးဖြင့် စာတိုကလေးသည် ယနေ့တိုင်အောင် တက္ကသိုလ်သမိုင်းသုတေသနဌာန(သို့မဟုတ်) တပ်မတော်မော်ကွန်းတိုက်တွင် ရှိနေမည်ဟု ထင်ရပါသည်။

ယင်း စာတိုကလေးနှင့် ပတ်သက်၍ အငြင်းပွားမှုအကြောင်း အနည်းငယ်မျှ ရှင်းပြလိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးဖြင့် ရေးထားသော စာတိုကလေးတွင် ဗိုလ်ချုပ်လက်မှတ် ရေးထိုးထားသည်မှာ မှန်သော်လည်း စာပါ အကြောင်းအရာက နိုင်ငံရေး၊ စစ်ရေးနှင့် ဘာမျှမဆိုင်။ သူ၏အတွေးအခေါ် မြော်မြင်ရေးဒဿနဆိုင်ရာ သုံးသပ်ချက်လည်းမဟုတ်။ ကိုယ်ရေးကိုယ်တာကိစ္စသာ ဖြစ်သည်။ ထို့ကြောင့် သည်လို ကိုယ်ရေးကိုယ်တာ ကိစ္စမျိုးတွေကို ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားပြုစုခြင်း၊ ဟောပြောခြင်းများ မလုပ်သင့်။ နိုင်ငံရေး၊ စစ်ရေး သို့မဟုတ် အတွေးအခေါ်ပိုင်းဆိုင်ရာ သဘောတရားမျိုးသာလျှင် မှတ်တမ်းတင် ရေးသားသင့်သည်။ ဟောပြောသင့်သည်။

ဥပမာ ဇူလိုင်၊ ၉၄ ထုတ် 'နွယ်နီ'မဂ္ဂဇင်းမှ ကျွန်တော်၏ 'ငါးမူးတန်းမှ ရုပ်ရှင်ကြည့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း'ဆောင်းပါးဆိုလျှင်လည်း အထက်ပါ ယူဆချက်အရ ကိုယ်ရေးကိုယ်တာကိစ္စသာဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားဟောပြောရာ၌ အသုံးမပြုသင့်ဟု အဓိပ္ပာယ်သက်ရောက်နေပါသည်။

ဝါရင့် သမိုင်းပညာရှင်ကြီး တစ်ဦးကမူ ယင်းအယူအဆကို လက်မခံပါ။

'ဒီလိုလည်း ဘယ်ဟုတ်မလဲဗျ၊ ကိုယ်ရေးကိုယ်တာကိစ္စ အသေးအဖွဲကလေးတွေဆိုပြီး ပစ်ပယ်လို့ မရဘူး၊ ဒါမျိုးတွေက ကာယကံရှင် ပုဂ္ဂိုလ်ရဲ့ ပင်ကိုသဘာဝစရိုက် Characterကို ပေါ်လွင်စေတယ်၊ သူ့ရဲ့စိတ်ဓာတ် အတွေးအခေါ်တွေ၊ အမြော်အမြင် အယူအဆတွေကို ခန့်မှန်းလို့ရတယ်၊ သူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ရုပ်လုံးဖော်ရာမှာ အထောက်အကူဖြစ်စေနိုင်တယ်၊ ကျုပ် သဘောထားကိုပြောရရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်လို့ နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်လူငယ်တွေ လေ့လာမှတ်သားနိုင်အောင် စောစောက ပြောတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ အသေးအဖွဲကလေးတွေကအစ မှတ်တမ်းတင် ရေးသားသင့်တယ်လို့ ယူဆတယ်'



ဤသို့ သမိုင်းပညာရှင်ကြီးက ထုတ်ဖော်ပြောခဲ့ပုံကို ကြားနာမှတ်သားရဖူးပါသည်။

ထို့ကြောင့် ဤဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သဘာဝစရိုက်ကို ခန့်မှန်း၍ ရနိုင်မည့် ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ် အချို့ကို ဖော်ထုတ်တင်ပြလိုက်ရပါသည်။

ဥပမာဆိုလျှင်

*

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ ဘုရင်ခံထံမှ အစိုးရအဖွဲ့အာဏာကို လွှဲပြောင်း လက်ခံယူပြီးနောက် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အတွင်းဝန်ရုံး (ယခု ဝန်ကြီးများရုံး)သို့ နေ့စဉ် ရုံးတက်ခဲ့ရပါသည်။

သူ၏ရာထူး (တရားဝင် အခေါ်အဝေါ်)မှာဘုရင်ခံ၏ အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌဖြစ်ပါသည်။ (ဥက္ကဋ္ဌက ဘုရင်ခံဖြစ်သော်လည်း အစည်းအဝေးလုပ်လျှင် ဘုရင်ခံမတက်ပါ။ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကပင် သဘာပတိအဖြစ် ဦးဆောင်စည်းဝေးရပါသည်။ လွတ်လပ်ရေး မရသေးမီ ကာလဖြစ်၍ 'ဘုရင်ခံ၏ အမှုဆောင်ကောင်စီ'ဟု ခေါ်သော်လည်း စင်စစ်အားဖြင့် အစိုးရအဖွဲ့(ကက်ဘိနက်)ပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်၏တာဝန်က ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဝန်ကြီးဌာနသုံးခုကို တာဝန်ယူရသဖြင့် အလွန် အလုပ်များလှပါသည်။

တစ်နေ့သ၌ ဗိုလ်ချုပ်သည် မွန်းလွဲသုံးနာရီခန့်တွင် ကျွန်တော့်အား လျှပ်စစ်ခေါင်းလောင်းတီး၍ ခေါ်သဖြင့် ကျွန်တော်လည်း ချက်ချင်းပင် သူ၏ရုံးခန်းတွင်းသို့ လျင်မြန်သွက်လက်စွာ ဝင်သွားလိုက်ပါသည်။

ထိုနေ့အဖို့ မျက်နှာဖြူအတွင်းဝန်က သူ့ထံ တင်ပြဆုံးဖြတ်ချက် ရယူသည့် ဖိုင်တွဲများ အားလုံး လေ့လာ၍ ဆုံးဖြတ်ချက် ချပေးပြီး သူ၏စားပွဲတွင် စာရွက်စာတမ်းများ၊ ဖိုင်တွဲများရှင်းနေပြီ ဖြစ်သည်။

'ဘာများလဲ ဗိုလ်ချုပ်'

ကျွန်တော်က ထုံးစံအတိုင်း သတင်း့ရင်း မေးလိုက်ရာ ဗိုလ်ချုပ်သည် ဝန်ကြီးတစ်ဦးက သူ့ပီအေ (အပါးတော်မြဲ)ကို ပြောသည့် ဟန်မျိုးမဟုတ်ဘဲ ရင်[illegible]သော ကျောင်းနေဖက်သူငယ်ချင်းအား ရင်ဖွင့်ပြောသလို ဟန်မျိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



'ငါ အခု ဗိုက်ဆာလို့ တစ်ခုခု စားချင်တယ်ကွာ'ဟု ပြောပါသည်။

ဗိုလ်ချုပ်က ဘာကြောင့် ဤသို့ ပြောသည်ကို ကျွန်တော် ချက်ချင်း ရိပ်မိလိုက်ပါပြီ။

ထိုနေ့နံနက်က ရုံးသို့မလာမီ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးအား နံနက်စာ ထမင်းကျွေးရာတွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က (ထိုအချိန်က ဈေးအပေါဆုံး ဟင်းလျာတစ်ခုဖြစ်သည့်) ဘဲဥဟင်းနှင့် ကျွေးခဲ့ပါသည်။ ဗိုလ်ချုပ်သည်ဘဲဥဟင်းကို မကြိုက်၍ဘဲလားမသိ၊ ထမင်းမြိန်ပုံမရဘဲ တစ်ပန်းကန်သာစားပြီး စားပွဲမှ ထလိုက်သဖြင့် ကျွန်တော်လည်း ကပျာကယာ လက်ဆေး၍ ရုံးသွားရန် ပြင်ဆင်ခဲ့ရပါသည်။ နံနက်ဆယ်နာရီခန့် အတွင်းဝန်ရုံးသို့ရောက်ပြီးနောက် ဗိုလ်ချုပ်သည် တစ်နေကုန်နီးပါး ဆက်တိုက်အလုပ်လုပ်နေရချိန်တွင် ဘာမျှမစားမသောက်ရသောကြောင့် ဆာလောင်လာပြီး ကျွန်တော့်အား တစ်ခုခု စားချင်ကြောင်း ပြောခြင်းဖြစ်ပါသည်။

[မှတ်ချက်။ ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် ဝန်ကြီးလစာ ရသည်မှန်သော်လည်း ယင်းလစာငွေကိုကိုင်ပြီး ဝင်ငွေထွက်ငွေ မျှတအောင် သို့မဟုတ် 'ဘတ်ဂျက်'မအောက်အောင် စိစစ် သုံးစွဲရရှာသူ ဒေါ်ခင်ကြည်အဖို့ မလွယ်လှပါ။ နေ့စဉ်နှင့်အမျှ လာရောက်သော ဧည့်သည်များ၊ ရဲဘော်များအားလည်း ဧည့်ခံကျွေးမွေးရသောကြောင့် လကုန်ခါနီးရက်များ ဆိုလျှင် အထူး မြိုးမြိုးမျှမျှတာရရှာပါသည်။ ထို့ကြောင့် ကျွန်တော်တို့အား ဘဲဥဟင်းတစ်မယ်တည် ချက်ကျွေးသည်ကိုလည်း မည်သို့မျှ အပြစ်မဆိုသာပါချေ။ စာရေးသူ]

ကျွန်တော်သည် ဗိုလ်ချုပ်ကို ကြည့်ပြီး စိတ်ထဲမှ သနားသွားမိပါသည်။ သူ့ခမျာ တကယ်ပင် ဆာလောင်၍ ပြောမှန်းသိ၍လည်း တစ်ခုခုဝယ်ကျွေးချင်စိတ် ပြင်းပြလာမိပါသည်။

'ဗိုလ်ချုပ် ဘာများ စားချင်လို့လဲ'

ကျွန်တော်က မေးလိုက်ရာ ဗိုလ်ချုပ်သည် ဝမ်းသာသလို ဖြစ်သွားပြီးမှ တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ပြန်မေးခွန်းထုတ်ပြန်ပါသည်။

'ဘာလဲ၊ မင်းက ငါ့ကို ဝယ်ကျွေးမလို့လား၊ ဝယ်ကျွေးရအောင် မင်းမှာ ပိုက်ဆံကော ရှိလို့လား'

သာမန်အားဖြင့် ကျွန်တော်သည် ဗိုလ်ချုပ်အား လိမ်ပြောလေ့ မရှိပါ။ သူသည် လိမ်ပြောခြင်းကို လုံးဝမကြိုက်။ မှန်ရာကိုသာ ပြောမှ သဘောကျသူဖြစ်၍ ကျွန်တော်တို့ လူငယ်တွေကလည်း သူ့အား လိမ်မပြောဝံ့ကြပါ။ သို့ရာ



တွင် ထိုနေ့ကတော့ သူဗိုက်ဆာ၍ တစ်ခုခု စားချင်ကြောင်းကို ကလေးငယ်တစ်ယောက်လို ပြောသဖြင့် ကျွန်တော်သည် ဘာပဲဖြစ်ဖြစ် သည်တစ်ခါတော့ အမှန်ကို မပြောမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

'ကျွန်တော့်မှာ ပိုက်ဆံ ပါပါတယ်၊ ဗိုလ်ချုပ် ဘာစားချင်တယ်ဆိုတာသာ ပြောပါ'

ကျွန်တော်က ခပ်တည်တည်နှင့် အင်္ကျီအိတ်ကို လက်ဖြင့် ပုတ်ပြရင်း ပြောလိုက်ပါသည်။ အမှန်က ကျွန်တော်၏ အင်္ကျီအိတ်ထဲတွင် ငွေ ငါးကျပ်တန် တစ်ရွက်နှင့် ကျပ်တန်နှစ်ရွက်၊ စုစုပေါင်း ငွေ ခုနစ်ကျပ်သာ ရှိပါသည်။ သို့သော် ကျွန်တော်က မှင်သေသေနှင့် ပြောလိုက်သောကြောင့် ဗိုလ်ချုပ်လည်း ယုံကြည်သွားပုံရပါသည်။

'ဟုတ်လား၊ မင်းတတ်နိုင်ရင်တော့ မဂိုလမ်း (ရွှေဘုံသာလမ်း)က ပလာတာနဲ့ ခပတ် စားချင်တယ်ကွာ'

'ဟုတ်ကဲ့၊ ဒါဆိုရင် ရပါတယ်၊ ကျွန်တော့်မှာ ပါတဲ့ ငွေနဲ့ လုံလောက်ပါတယ်၊ ရုံးကနေ မဂိုလမ်း (ရွှေဘုံသာလမ်း)သွားစားပြီးမှ အိမ်ပြန်ကြတာပေါ့၊ ကိုင်း လာပါ ဗိုလ်ချုပ်'

ပြောပြောဆိုဆို ကျွန်တော်သည် ဗိုလ်ချုပ်၏ရုံးခန်းဝတွင် စောင့်နေသူ ရုံးလုလင်အား

'ဟေ့ ငါတို့ ရုံးဆင်းတော့မယ်၊ လေးနာရီထိုးရင် တံခါးတွေ ပိတ်လိုက်တော့'

ဟု ညွှန်ကြားပြီး ဗိုလ်ချုပ်အားခေါ်၍ ရုံးအောက်သို့ ဆင်းခဲ့ပါသည်။

ထိုနေ့က ဗိုလ်ချုပ်ကားမောင်းသူ ရဲဘော်ကျော်စိန် နေမကောင်းသဖြင့် အိမ်မှ ရုံးသို့ အလာတွင် ကျွန်တော်ကပင် ကားမောင်းခဲ့ရပါသည်။ ထို့ကြောင့် အပြန်လည်း ကျွန်တော်ကပင် ဗိုလ်ချုပ်ကို ကားပေါ်တင်၍ မဂိုလမ်း (ရွှေဘုံသာလမ်း)၊ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)ထိပ် အနီး ဗလီကြီးအောက်ရှိ ပလာတာဆိုင်သို့ တိုက်ရိုက်မောင်းသွားလိုက်ပါသည်။

ကျွန်တော်သည် ကားမောင်းသွားရင်း စိတ်ထဲမှာ ဗိုလ်ချုပ်အား သူစားချင်သော ပလာတာနှင့် ခပတ်ကို ကျွေးရန် မည်သို့မည်ပုံ ပရိယာယ်ဆင်ရမည်ကို ကြိုတင် အကွက်ချထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂိုလမ်း (ရွှေဘုံသာလမ်း) ဗလီကြီးအောက်ရှိ ပလာတာနှင့် ဒံပေါက်ဆိုင်မှာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက မကြာခဏ ဝင်စားလေ့ရှိသောဆိုင်ဖြစ်ပြီး ဆိုင်ရှင်များနှင့်လည်း သိကျွမ်းနေခဲ့ပါသည်။ ယင်းအချက်ကို အားကိုးပြီး ကျွန်တော်က ထိုဆိုင်သို့ ရဲဝံ့စွာ လာခဲ့ခြင်း ဖြစ်ပါသည်။

သုံးစအတိုင်း ဆိုင်ရှိ လူငယ်စားပွဲထိုးများသည် အလွန်ဖော်ရွေစွာဖြင့် ခရီးဦးကြိုပြုကာ နေရာထိုင်ခင်း ပေးကြရာ ကျွန်တော်တို့လည်း စားပွဲတစ်လုံးတွင်ဝင်ထိုင်ပြီး တစ်ယောက်လျှင် ပလာတာနှစ်ချပ်နှင့် ဆိတ်သားခပတ်တစ်ပွဲစီ နှစ်ယောက်ခွက်နှစ်ပွဲမှာလိုက်ပါသည်။ ပြီးတော့မှ ကျွန်တော်သည် ဆေးလိပ်မီးညှိလိုဟန်ဖြင့် ငွေသိမ်းကောင်တာတွင် ထိုင်နေသူဆိုင်ရှင် အနီးသို့ ကပ်သွားပြီး ခပ်တိုးတိုးပြောလိုက်ပါသည်။

'ဒီမယ် ခင်ဗျား ကျုပ်ကို သိတယ်မဟုတ်လား၊ ဒီဆိုင်မှာ စားနေကျဖောက်သည်တစ်ယောက်ပဲ၊ ဟိုမှာ ထိုင်နေတဲ့ လူက ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ခင်ဗျား သိမှာပေါ့၊ အခု သူက ပလာတာနဲ့ ခပတ် စားချင်တယ်ဆိုလို့ ခေါ်လာခဲ့တယ်၊ ခက်တာက ကျုပ်မှာ ပိုက်ဆံအလုံအလောက်မပါဘူး၊ ဒါကြောင့် ကျုပ်တို့ အခု စားလို့ ကျသင့်ဖှဲ့ ငွေကို နက်ဖြန်ကျမှ ကျုပ် လာပေးပါရစေ၊ နောက်ပြီး ကျုပ်တို့ ပြန်ခါနီး ဗိုလ်ချုပ်က မေးရင် ပိုက်ဆံရှင်းပြီးပါပြီလို့လည်း ပြောပေးပါ၊ ကျုပ်မှာ ပိုက်ဆံမပါတာကို သူ မသိစေချင်ဘူး'

ကျွန်တော်က ခပ်တိုးတိုးပြောလိုက်ရာ ဆိုင်ရှင်ကုလားသည် ဗိုလ်ချုပ်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြပါသည်။

'စိတ်ချပါ ဆပ်၊ ကျသင့်တဲ့ ငွေကို ဆပ်တို့ ကြုံတော့မှ ဝင်ပေးပါ၊ ရပါတယ်၊ ဗိုလ်ချုပ်မေးရင်လည်း ငွေရှင်းပြီးပါပြီလို့ ဖြေပါ့မယ်'

ဤသို့ပြောတော့မှ ကျွန်တော်လည်း သက်ပြင်းချနိုင်ပြီး ဗိုလ်ချုပ်ရှိရာသို့ ပြန်လာခဲ့ပါသည်။

ပလာတာနှင့် ခပတ်နှစ်ပွဲရောက်လာသောအခါ ဗိုလ်ချုပ်သည် ဆာလောင်နေဟန်ဖြင့် စကားတစ်ခွန်းမှ မပြောဘဲ အားရပါးရ စားပါတော့သည်၊ ကျွန်တော်လည်း ကိုယ့်ပန်းကန်မှ နှိုက်စားရင်း ဗိုလ်ချုပ်ကို ကြည့်ပြီး ဝမ်းသာမိသည်နှင့်အမျှ မြန်မာ့လွတ်လပ်ရေးကို မရရအောင် ကြိုးပမ်းယူရန် အားမာန်အပြည့်နှင့် ဆုံးဖြတ်ထားသော ကျွန်တော်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်



အောင်ဆန်းသည် လူသားတစ်ယောက်အနေဖြင့် သနားစရာ ကောင်းလှသည်ပါတကားဟု စိတ်ထဲမှ ကျိတ်၍ မှတ်ချက်ချမိပါသည်။

သူ စားပြီးသွားသည်နှင့် ကျွန်တော်လည်း ခပ်မြန်မြန်ပင် စားလိုက်ရပါသည်။ ကျွန်တော် စားပြီးသည်ကို မြင်လျှင် ဗိုလ်ချုပ်သည်

'ဟေ့ကောင် ပိုက်ဆံ ရှင်းပေးလိုက်လေကွာ၊ ငါတို့ သွားကြမယ်'

ဟု ပြောရာ ကျွန်တော်လည်း

'ရှင်းပြီးပါပြီ ဗိုလ်ချုပ်၊ စောစောက စားစရာမှာရင်းတစ်ခါတည်း ငွေရှင်းပေးခဲ့ပါတယ်'

ဟု ပြောပြောဆိုဆို ဆိုင်ရှင်ကုလားနှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း အချက်ပြ ခေါ်လိုက်ရာ ဆိုင်ရှင်သည် ခပ်သွက်သွက်လျှောက်လာပြီး ဗိုလ်ချုပ်အားရိုသေစွာ ဆလံပေး အလေးပြုရင်း

'ပိုက်ဆံ ရှင်းပြီးပါပြီ'ဟု ပြုံး၍ ပြောပါသည်။

သည်တော့မှ ဗိုလ်ချုပ်သည် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်ပြီး ထိုင်ရာမှ ထလိုက်ပါသည်။

'ဘယ့်နှယ်လဲ ဗိုလ်ချုပ်၊ စားလို့ကောင်းပါရဲ့လား'

ကျွန်တော်က ဆိုင်ရှင်ရှေ့တွင်ပင် မေးလိုက်သောအခါ ဗိုလ်ချုပ်လည်း

'အေးကွ၊ မစားရတာကြာလို့လားမသိဘူး၊ အလွန် စားလို့ကောင်းတယ်'

ဟု ပြုံး၍ ပြောသည်ကို ဆိုင်ရှင် ကုလားသည် သဘောကျသွားပုံရပါသည်။

ထို့နောက် ဆရာတပည့်နှစ်ဦး ကားပေါ်တက်ကြပြီး ကျွန်တော်သည် ဗဟန်း တာပါလိန်းလမ်း (နတ်မောက်လမ်း)နေအိမ်သို့ မောင်းပြန်လာခဲ့ပါသည်။

နောက်တစ်နေ့ နံနက်ကျမှ ကျွန်တော်သည် ရုံးချိန်မတိုင်မီ မဂိုလမ်း (ရွှေဘုံသာလမ်း) ပလာတာဆိုင်သို့ အမြန်သွားပြီး ဗိုလ်ချုပ်နှင့် ကျွန်တော်တို့စားခဲ့သော ပလာတာနှင့် ခပတ်ဖိုး ကျသင့်ငွေကို ရှင်းပေးလိုက်ရပါသည်။

*

၁၉၄၆ ခုနှစ်၊ မတ်လက ဗိုလ်ချုပ်အောင်ဆန်းသည် သခင်မြ၊ ဟသ်ာတ ဦးမြ၊ ဦးအောင်ဇံဝေ စသော ဖဆပလအဖွဲ့ချုပ်မှ ခေါင်းဆောင်များနှင့်အတူစည်းရုံးရေး ခရီးထွက်ခဲ့စဉ်က အတွေ့အကြုံတစ်ခုကို အလျဉ်းသင့်၍ ပြန်လည်ဖော်ထုတ်တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုအချိန်က ဗိုလ်ချုပ်သည် အမိုးရအဖွဲ့ အာဏာ မရရှိသေးဘဲ ဆင်းရဲနွမ်းပါးသော ဘဝိုက်အခံနိုင်ငံရေးခေါင်းဆောင်တစ်ဦးသာ ဖြစ်နေရာ အမိုးရအဖွဲ့ဝင် ဝန်ကြီးများ တိုင်းခန်းလှည့်လည်သလို လေယာဉ်၊ မော်တော်ယာဉ်၊ မီးရထား၊ မီးသင်္ဘော စသည့် အဆောင်အယောင်များ မရရှိသဖြင့် ဖြစ်သလို ဆင်းရဲပင်ပန်းစွာ သွားခဲ့ရပါသည်။ သို့သော် ဗိုလ်ချုပ်သည် အလွန်ပင်ပန်းစွာ ခရီးသွားရသည်ကို လုံးဝ မညည်းညူဘဲ ရွှင်လန်း တက်ကြွစွာပင် သွားခဲ့သည်မှာ အံ့သြ ချီးကျူးဖွယ် ကောင်းလှပါသည်။ စစ်အတွင်း ဂျပန်ခေတ်က သူသည် တပ်မတော် သေနာပတိနှင့် စစ်ဝန်ကြီးအဖြစ် 'မောရစ် ၂၅' အမျိုးအစား အနက်ရောင် ဆလွန်းကားကြီးကို အလံသုံးခု ဆင့်လွှင့်လျက် စီးနင်းသွားလာခဲ့ရသည်ဟုိလည်း ပြန်လည်သတိမရ၊ မတောင့်တဘဲ ပန်းတောင်းမှ တောင်ကုတ်သို့ ဘတ်စ်ကားအစုတ် တစ်စီးဖြင့် သွားရခြင်း၊ ရခိုင်ဖက်တွင်လည်း နွား လှည်းတစ်လှည့်၊ ခြေကျင်တစ်ခါသွားလာပြီး စည်းရုံးဟောပြောရခြင်းကို လုံးဝ စိတ်ဓာတ်မကျဘဲ ပျော်ရွှင်ကြည်လင်စွာပင် သွားလာ ဟောပြော စည်းရုံးခဲ့ပါသည်။

[မှတ်ချက်။ အလံသုံးဆင့် ဆိုသည်မှာ ဂျပန်စစ်ဘက် အကြီးအကဲများ မိမိတို့၏ သပ်တော်ကားတွင် ရာထူးအလိုက် အလံများ တပ်ဆင် လွှင့်ထူ၍ သွားလေ့ရှိသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ ကားတွင်လည်း စစ်ဖက်ရာထူး ဗိုလ်ချုပ်ကြီး (ဗိုလ်ချုပ်)အလံ၊ တပ်မတော် သေနာပတိအလံနှင့် အစိုးရအဖွဲ့ဝင် စစ်ဝန်ကြီး အလံဟူ၍ အလံသုံးခုဆင့်၍ လွှင့်ထူသွားခဲ့ရခြင်းကို ဆိုလိုပါသည်။ စာရေးသူ]

ရခိုင်ပြည်မြောက်ပိုင်း စစ်တွေမြို့ ပတ်ဝန်းကျင်ကစပိုက် နေရာအနှံ့ အပြားသို့ လှည့်လည်ဟောပြော စည်းရုံးကြပြီးနောက် ရန်ကုန်သို့မပြန်မီ တောင်ဘက် သံတွဲ တောင်ကုတ်မြို့နယ်များဆီသို့ ဆက်လက်သွားရောက် ဟောပြောရန် ယင်းဒေသ၌ ကျွန်တော်တို့ ဗိုလ်ချုပ်တို့၏ အမာခံတော်လှန်ရေး ရဲဘော်ကြီး ကွယ်လွန်သူ ပါမောက္ခ ဦးကျော်ရင်က စီစဉ်ထားပါသည်။ ဗိုလ်ချုပ်အနေဖြင့် တောင်ကုတ်၊ သံတွဲဒေသတွင် ရေလမ်းမှ ခရီးသွားရခြင်းကို သဘောမကျသော်လည်း အလွန်ရင်းနှီးပြီး အားကိုးရသူ ဦးကျော်ရင်က ကြိုတင်စီစဉ်ထားခြင်းကို မငြင်းဆန်လိုသဖြင့် လှည့်လည်ဟောပြောရန် သဘောတူလိုက်ပါသည်။

သို့နှင့်ပင် နယ်လှည့်ခရီးထွက်ကြရမည့်နေ့ နံနက်ပိုင်းတွင် ဒေသခံ ပုဂ္ဂိုလ်တို့က ရေလမ်းဖြင့် သွားရန်အတွက် တံငါလှေကြီးများ ပြင်ဆင်နေကြစဉ်



ဗိုလ်ချုပ်သည် ရပ်စောင့်ကြည့်နေရာမှ ကျွန်တော့်အား သူ့အနီးသို့ခေါ်၍ ခပ်တိုးတိုး မေးပါသည်။

'ဟေ့ကောင် ငါတို့ အခု သွားရမယ့် ရေလမ်းက ပင်လယ်ပြင်ကို ဖြတ်သွားရမှာလား'

'ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ရေလမ်းဆိုပေမယ့် အတတ်နိုင်ဆုံး ရေတိမ်ပြီး ကမ်းနဲ့ နီးနီးနေရာက သွားမှာပါ၊ ဒါပေမဲ့ ခရီးတစ်ထောက်မှာတော့ ပင်လယ်ကို ဖြတ်သွားရပါမယ်၊ ဘေးအန္တရာယ်တော့မရှိပါဘူး၊ ရာသီဥတုကလည်း သာယာပြီး လှိုင်းလေငြိမ်တဲ့ ရာသီမို့ အဆင်ပြေမှာပါ'

ကျွန်တော်က ခရီးစဉ်ကို သိထားသည့်အတိုင်း အမှန်ကို ဖြေလိုက်ပါသည်။

'ဟာ ပင်လယ်ပြင်ကို ဖြတ်သွားရမယ်ဆိုရင် မဖြစ်ဘူး ထင်တယ်ကွ'

'ဘာဖြစ်လို့လဲ ဗိုလ်ချုပ်'

'ဘာဖြစ်ရမှာလဲ၊ ငါက ရေမကူးတတ်ဘူးကွ၊ မတော်တဆ လှေမှောက်ရင် ဘယ့်နှယ် လုပ်မလဲ'

ဗိုလ်ချုပ်က ခပ်တိုးတိုး ပြောလိုက်သဖြင့် ကျွန်တော်သည် သူ့အား ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားမိပါသည်။

ရေမကူးတတ်သူများ အနေဖြင့် ရေလမ်းခရီးသွားရမှာ ကြောက်ခြင်းသည် မဆန်းပါ။ အထူးသဖြင့် ကမ်းနှင့်ဝေးဝေး ပင်လယ်ပြင်ကို ဖြတ်သွားရမည်ကို စိုးရိမ်မည်ဆိုရင်လည်း စိုးရိမ်မိမည်မှာ သဘာဝ ကျပါသည်။

သို့သော် ခရီးက မသွား၍မဖြစ်။ ဦးကျော်ရင်နှင့် ဒေသခံ ပုဂ္ဂိုလ်များက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လာရောက်ဟောပြောမည်ဟု ကြေညာထားပြီး နေပေပြီ။ ကျွန်တော်လည်း စဉ်းစားရင်း အကြံတစ်ခု ရမိသဖြင့်

'ဗိုလ်ချုပ် ဒီမှာပဲ ခဏစောင့်ပါ၊ ခရီးစဉ် ပြောင်းလို့ရရင် ပြောင်းပြီးသွားဖို့ ကိုကျော်ရင်တို့နဲ့ တိုင်ပင်ကြည့်ပါဦးမယ်'

ဟုပြောပြီး ကျွန်တော်သည် တော်လှန်ရေး ရဲဘော်ကြီး ဦးကျော်ရင်တို့ လူစုရှိရာသို့ လျှောက်သွားလိုက်ပါသည်။ အမှန်တော့ ဦးကျော်ရင်က ဘာမှ မပြော။ ကျွန်တော်၍သာ စိတ်ကူးရသည့် အကြံကို ခပ်တိုးတိုးပြောပြပြီးနောက် ဦးကျော်ရင်ကလည်း နားလည်ဟန်ဖြင့် ပြုံး၍ ခေါင်းညိတ်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်သည် ဗိုလ်ချုပ်ထံသို့ ခပ်သုတ်သုတ် ပြန်လျှောက်သွားလိုက်ပါသည်။

'ဗိုလ်ချုပ် ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ကိုကျော်ရင်တို့ အဖွဲ့နဲ့ တိုင်ပင်ပြီးပါပြီ၊ သွားမယ့် ခရီးစဉ်ကို လမ်းပြောင်းပြီး သွားကြမယ်၊ အတွင်းဘက်ချောင်းငယ်တစ်ခုကတစ်ဆင့် ဖြတ်သွားမှာမို့ နည်းနည်းတော့ပိုဝေးလို့ အချိန်ပိုကြာမယ်၊ ဒါပေမဲ့ ပင်လယ်ပြင် ဖြတ်စရာမလိုတော့ဘူး၊ ကျွန်တော်တို့ စိတ်ချလက်ချ သွားနိုင်ကြပါမယ်၊ ကဲ လှေတွေလည်း အသင့် ဖြစ်နေပြီ၊ သွားကြရအောင်'

ဤသို့ပြောပြီး ဗိုလ်ချုပ်အား အသင့်ပြင်ထားသော လှေကြီးဆီသို့ ခေါ်သွားလိုက်ပါသည်။ လှေက တံငါလှေဖြစ်သော်လည်း ဒေသခံပုဂ္ဂိုလ်များက ဗိုလ်ချုပ်စီးသည့်အခါ နေပူသက်သာအောင်ဆိုပြီး 'ပေါင်းမိုး' လှေဝမ်းအပေါ်တွင် အမိုးတပ်ဆင်ထားပါသည်။ ယင်းအစီအစဉ်ကြောင့်ပင်လျှင် ကျွန်တော်၏အကြံအစည် ချောမောအဆင်ပြေသွားပါသည်။

လှေ၏အမိုးအောက်တွင် ခင်းထားသော သင်ဖျူးဖျာများရှိရာ ကျွန်တော်က လူငယ်တစ်ဦးအား ခေါင်းအုံးတစ်လုံး ရှာခိုင်းပြီး ဖျာပေါ်တွင် ချထားလိုက်ပါသည်။

လှေပေါ် တက်မိသည်နှင့် ကျွန်တော်သည် ဗိုလ်ချုပ်အား အမိုးအောက်သို့ ဝင်စေပြီးနောက်–

'ဗိုလ်ချုပ် အခု သွားရမယ့် ရေလမ်းက နည်းနည်းပိုဝေးလို့ အတော်ကြာကြာ သွားရမယ်၊ ဒီတိုင်း ထိုင်လိုက်သွားရင်လည်း ပျင်းစရာကောင်းလိမ့်မယ်၊ ဒီတော့ ဗိုလ်ချုပ် အနေနဲ့ ခရီးလည်းပန်း၊ ညတုန်းကလည်း စကားပြောနေကြတာ ညဉ့်နက်သွားလို့ အိပ်ရေးပျက်ခဲ့တယ် မဟုတ်လား၊ အခု အချိန်ရတုန်းဗိုလ်ချုပ် အေးအေးဆေးဆေး တစ်ရေးလောက် အိပ်လိုက်ပါ၊ အိပ်ပျော်သွားရင် သွားယောပြောရမယ့် ရွာရောက်တော့ ဗိုလ်ချုပ် အိပ်ဝေးဝပြီး လန်းဆန်းလာပါလိမ့်မယ်'

ဟု ပြောပြောဆိုဆို ကျွန်တော်ကိုယ်တိုင်.ဗိုလ်ချုပ်အား ဇွတ်အတင်းပင် အိပ်ခိုင်းလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ချစ်စရာကောင်းသော အချက်တစ်ခုမှာ နိုင်ငံရေး၊ စစ်ရေး ကိစ္စများတွင်သာ သူကိုယ်တိုင် အဆုံးအဖြတ်ပေးလေ့ရှိသော်လည်း အခြားအသေးအဖွဲ လူမှုရေးကိစ္စများတွင်ဆိုလျှင် ဘာတစ်ခွန်းမှ

BURMESE CLASSIC .com



မပြောဘဲ ကျွန်တော်တို့ စီစဉ်ပေးသလိုသာ လုပ်လေ့ရှိခြင်းပင် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ ခရီးသွားလာရာတွင် ဆိုလျှင်လည်း ဘယ်အခမ်းအနားမျိုးကျလျှင် ဘယ်လို ဝတ်စားရမည်ကိုပင် သူ မသိသဖြင့်

'ဟေ့ကောင် လုပ်စမ်းပါဦးကွ၊ ငါ ဘယ်လို ဝတ်ရမှာလဲ'

ဟု မေးလျှင် ကျွန်တော်က ဝတ်ရမည့် အဝတ်အစားများ ရွေးထုတ်ပေးလိုက်ရုံနှင့် ကိစ္စပြီးသည်။ ဗိုလ်ချုပ်သည် ဘာမျှမပြောဘဲ ကျွန်တော်ပေးသော အဝတ်အစားများကိုသာ ဝတ်လေ့ရှိပါသည်။ တစ်ခါတစ်ရံ 'နက်ကတိုင်' လည်စည်း စည်းရာတွင် ပုံပန်းမကျ ဖြစ်နေလျှင် ကျွန်တော်ကပင် ပုံကျအောင် စည်းပေးရပါသည်။ ဆိုလိုသည်မှာ ဗိုလ်ချုပ်သည် နိုင်ငံရေးကိစ္စက လွဲလျှင် လူမှုရေးကိစ္စများတွင် ဘယ်တော့မှ ဆရာမလုပ်။ ကျွန်တော့်ကိုသာ မေးပြီး စီစဉ်ပေးသည့်အတိုင်း လိုက်လုပ်တတ်ပါသည်။

ထို့ကြောင့်ပင်လျှင် လှေပေါ်ရောက်ပြီး ကျွန်တော်က တစ်ရေးတမော အိပ်ရင်း အနားယူပါဟု ပြောတော့လည်း သူသည် ဘာမှမပြောဘဲ လှဲအိပ်ချလိုက်ရာ ပင်ပန်း၍လား မပြောတတ်၊ ချက်ချင်းလိုပင် အိပ်ပျော်သွားရှာပါသည်။

သည်တော့မှ လှေကို ပဲ့ကိုင်ထိန်းသူ၊ လှော်ခတ်သူ လူငယ်များအား မထွက်ရန် ပြောပြီး ပင်လယ်ပြင်ကို ဖြတ်၍ လှော်ခတ်သွားကြရပါတော့သည်။

ဗိုလ်ချုပ်ခမျာ ဘာမျှ မသိ။ ကျွန်တော်ပြောသလို ရေတိမ်တိမ် ချောင်းကျဉ်းကျဉ်းထဲက ဖြတ်လှော်သွားသည်ဟုသာ ထင်လျက် စိတ်ချလက်ချ အိပ်ပျော်သွားရှာပါသည်။

မြစ်ဝကျွန်းပေါ်ဒေသလို နေရာမှ လူများဆိုလျှင် ကလေးဘဝကပင် ရေထဲဆင်းဆော့ကစားရာမှ ရေကူးတတ်ရုံမက ကျင်လည်စွာ ကူးနိုင်ကြပါသည်။ သို့သော် မိုးခေါင်ရေရှား၊ အင်းအိုင်မြစ်ချောင်း မရှိသလောက် ရှားပါးသော မကွေးတိုင်း၊ နတ်မောက်မြို့သား ဇာတိ ဗိုလ်ချုပ်အောင်ဆန်းအဖို့ ရေမကူးတတ်ခြင်းမှာ မဆန်းပါ။ တက္ကသိုလ်ရောက်တော့ ရေကူးကန်၊ ရေကူးအသင်း (Swimming Club) လည်း ရှိသဖြင့် အသင်းဝင်ပြီး ရေကူးသင်လျှင် ဖြစ်နိုင်ပါ၏။ သို့ရာတွင် တက္ကသိုလ်သမဂ္ဂနှင့်နိုင်ငံရေးကိုသာ စိတ်ဝင်စားပြီး အချိန်ပြည့် လှုပ်ရှားနေသူ ကောလိပ်ကျောင်းသား ကိုအောင်ဆန်းအနေဖြင့် ရေကူးအသင်းဝင်ပြီး ရေကူးသင်ရန်အတွက် အချိန် မပေးနိုင်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင်လျှင် ပင်လယ်ပြင်ဖြတ်၍ ရေလမ်းခရီး သွားခြင်းမျိုးကို မသွားချင်သည်မှာလည်း သဘာဝကျသည်ဟု ဆိုရပါမည်။

တပ်မတော် သေနာပတိ စစ်သူကြီးတစ်ဦး ဖြစ်ခြင်းကြောင့် ရေမကူးတတ်ဘဲ ရေလမ်းခရီးသွားရမှာ ဝန်မလေးသင့်ဟု ဝေဖန်အပြစ်တင်၍ မရပါ။ ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော် သုံးသပ်ရရှိသည့် အဓိက အချက်ကတော့ ဗိုလ်ချုပ်သည် ကျွန်တော်တို့အား ထပ်တလဲလဲပြောလေ့ရှိသော

'လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားနဲ့ အမှန်တရားကို မြတ်နိုးမှုပဲ ဖြစ်တယ်၊ အခြေအနေ အချိန်အခါ နေရာဌာန မရွေး မှန်တာကိုသာ ပြောဝံ့တဲ့ သတ္တိ ရှိရမယ်'

ဟူသော သွန်သင်ဆုံးမချက်၊ အကူးသဖြင့် သူ၏ဝါသနာအရ အင်္ဂလိပ်ဘာသာဖြင့် (Character and love of Truth) ဟု ပြောခဲ့သည့်အတိုင်း ယခုလည်း သူ သွန်သင်ဆုံးမသလို ကိုယ်တိုင် လက်တွေ့လုပ်ပြသွားခြင်းဖြစ်သည်ပါတကား ဟူ၍ပင် ဖြစ်ပါသည်။

*

ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း သမိုင်းပညာရှင်ကြီး ပြောသလို အသေးအဖွဲ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေကလည်း ကာယကံရှင်ပုဂ္ဂိုလ်၏ ပင်ကိုသဘာဝစရိုက်ကို ပေါ်လွင်စေသည် ဟူသောအဆိုအမိန့်ကို ဤဆောင်းပါးဖြင့် အလေးအနက် ထောက်ခံလိုက်ရပါသတည်း။

▢

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ဗိုလ်ချုပ်အောင်ဆန်း နှင့် လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်း

**တက္ကသိုလ် နေဝင်း**

မျက်နှာဖုံး – ဇော်မောင်

www.burmeseclassic.com